နန္ဒမေဓာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ
ထန်းတပင် သာသနာပိုင်ဆရာတော်
အရှင်နန္ဒမေဓာ
စီရင်တော်မူအပ်သော

# ပဋ္ဌာန်းအာရကောက်

နှင့်

## အနုဂဏ္ဍိ

---

မန္တလေးမြို့ မစိုးရိမ် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆဋ္ဌသံဂါယနာ
သံဃနာယက ဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ "အဂ္ဂမဟာပဏ္ဍိတ"
"အဘိဓဇမဟာရဋ္ဌဂုရု" ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး
ကြီးကြပ် သုတ်သင် ပြင်ဆင်တော်မူသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၈ ကောဇာ ၁၃၃၆ ၁၉၇၄

နန္ဒမေဓာဘိ သိရီသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ
ထန်းတပင် သာသနာပိုင်ဆရာတော်

## အရှင်နန္ဒမေဓာ

စီရင်တော်မူအပ်သော

# ပဋ္ဌာန်းအရကောက်

နှင့်

# အနုဂဏ္ဌိ

မန္တလေးမြို့ မစိုးရိမ် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆဋ္ဌသံဂါယနာ သံဃနာယက ဝန်ဆောင်သံဃအဖွဲ့ဥက္ကဋ္ဌ "အဂ္ဂမဟာပဏ္ဍိတ" "အဘိဓဇမဟာရဋ္ဌဂုရု" ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး ကြီးကြပ် သုတ်သင် ပြင်ဆင်တော်မူသည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၇ ကောဇာ ၁၃၃၅ ၁၉၇၃

# ပဋ္ဌာန်းအရကောက်


၁။ စတင်ရိုက်နှိပ်ခြင်း .... .... .... .... ၁၉၅၈-ခု

၂။ ပဌမအကြိမ်(ပြန်လည်) ရိုက်နှိပ်ခြင်း .... .... ၁၉၆၂-ခု

၃။ ဒုတိယအကြိမ်(ပြန်လည်) ရိုက်နှိပ်ခြင်း .... .... ၁၉၆၃-ခု

၄။ တတိယအကြိမ် (ပြန်လည်)ရိုက်နှိပ်ခြင်း .... .... ၁၉၆၅-ခု

၅။ စတုတ္ထအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း .... .... ၁၉၆၇-ခု

၆။ ပဥ္စမအကြိမ်(ပြန်လည်) ရိုက်နှိပ်ခြင်း .... .... ၁၉၇၀-ခု

၇။ ဆဋ္ဌမနှိပ်ခြင်း .... ... ၁၉၇၃-ခု



ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီ၊ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင်
အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M.A.,M.S.,B.L.
(မှတ်ပုံတင်အမှတ် ၀၇၉/၀၅၂၂) က ပုံနှိပ်ထုတ်ဝေသည်။

# မဟာပကရဏ မဟာနိဒါန်း

## သိရီရတနံ

ပဋ္ဌာနံ သမ္ဗုဒ္ဓဿ၊
သန္တဿ ဒေဟရံသိယော။
ရံသိယော အာဝဟသန္တာ၊
သန္တာ ဇလန္တိ တာဝဒေ။ ။
[အညောညာပေက္ခပစ္စယ]

တာဝဒေ၊ ပျော်မွေ့စံငြိမ်၊ ရတနာအိမ်ထက်၊ လေးကြိမ်မြောက်သတ္တာဟ၊ သီတင်းသုံးတော်မူစဉ်ကာလ၌။ သန္တဿ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ (ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်)။ ပဋ္ဌာနံ၊ အနုပ္ပကမ်း၊ နည်းစုံပြွမ်းသည့်၊ ကမ်းမမြင်ကျယ်၊ ကျမ်းပင်လယ်မို့၊ နုနယ်သူ-ဉာဏ်မှီသမျှပင်၊ ကြံစည်၍-မရနိုင်လောက်အောင်၊ ဂမ္ဘီရအရာပဋ္ဌမတန်း၊ ဤမဟာပဋ္ဌာန်း ကျမ်းတော်ကြီးကို။ သမ္ဗုဒ္ဓဿ၊ ဂမ္ဘီရ ခက်အခဲကို၊ ဉာဏ်ဝဇီရ လက်စွဲဖြင့်၊ ဖျက်ခွဲဆုံးဖြတ်၍၊ သုံးသပ်ဆင်ခြင်တော်မူစဉ်။ ဒေဟရံသိယော၊ ကိုယ်တော်စိတ်ပိုင်း၊ နေရာတိုင်းမှ အံ့လိုင်းလောက်စဖွယ်၊ ရောင်ခြည်တော်ခြောက်သွယ်တို့သည်။ သန္တာ ရံသိယော၊ ကမ္ဘာ့တန်းဆာ၊ တာရာ နေ လ၊ ရှိသမျှအဖုံဖုံ၊ အလင်းရောင်မျိုးစုံတို့ကို။ အာဝဟသန္တာ၊ ပိုးရည်မြူးစုန်း၊ နေရောင်ပုန်းသို့၊ ဖုံးအုပ်ဝှက်ကွယ်၊ ရှက်စဖွယ်ဟု၊ ပြက်ရယ်ပြုကြကုန်လျက်။ (ပြက်ရယ်ပြုကြလေသယောင်)။ ဇလန္တိ၊ နဘံထက်ညာ၊ ပံ့တက်ကာနှင့်၊ စက္ကဝါ နရန်း၊ ယှက်ဖြာသန်းလျက်၊ အံ့ဘနန်း....လူးလွန့်၍၊ မြူးကွန့် စမွယ်တော်မူကြပါကုန်၏။

**တိဿဒတ်ထေရ်နှင့် ကျမ်းပင်လယ်** အနန္တနယ သမန္တမဟာပကရဏ မည်သော ဤမဟာပဋ္ဌာန်း ကျမ်းကြီး၏ နက်နဲ ကျယ်ပြောပုံကို လောကီဥဒါဟရုဏ်ပင် ပြရန်မရှိပေ။ သို့သော် အနည်းကပ်ဆုံးသော ဥပမာတခု ပေးပါဆိုလျှင် ပင်လယ်ပြင်ကိုသာ ညွှန်ပြရပေမည်။ မှန်သည်။ ပင်လယ်သည် ထောက်တည်ရန် ခက်ခဲအောင် နက်ရှိုင်း၏။ ကမ်းမမြင်အောင်လည်း ကျယ်ပြောလှဘိသည်။ ထို့ကြောင့် ဤကျမ်းသည် ပင်လယ်ဖြစ်၍ ပင်လယ်သည် ဤကျမ်းလောက် နက်ဝှမ်း ကျယ်ပြောနိုင်ရာသည်။

ပင်လယ်နှင့်ပဋ္ဌာန်း ပဋ္ဌာန်းနှင့်ပင်လယ်သည် ဘယ်သင်းကပို၍ နက်ရှိုင်းသနည်း? ကျယ်ပြောသနည်း?။

ဤအမေးအတွက် အဖြေကို **မဟာဂတိ ဂမိယ တိဿဒတ္တထေရ်**သည် ဖွေနည်း ဖြေကြားခဲ့ဘူးလေသည်။ တခါန်သောအခါတွင် ထိုမထေရ်သည် မဟာဗောဓိကို ဖူးမျှော်ရန် ကျွန်းသီဟိုဠ်မှ ဇမ္ဗူဒိပ်သို့ စီလွှမည်သော ပင်လယ်ခရီးဖြင့် သင်္ဘောစီး၍ ကြွတော်မူခဲ့သည်။ သင်္ဘောပေါ်မှနေ၍ ရေပြင်၏အဆုံးကို မျှော်ကြည့်၏။ သို့သော် ဤမှာဘက်ကမ်းလည်း လှမ်း၍ပင် မမြင်တော့ချေ။ ထိုမှာဘက်ကမ်းလည်း ရမ်းဆ၍ပင် မမြင်နိုင်လေ။ မျှော်လေတိုင်း ရေလှိုင်းတို့သာ ထင်တော့သည်။ ထို့ကြောင့် မထေရ်သည် အဆိုပါအမေးကို **စိ**တ်ထည်းမှာ တွေးကြည့်မိလေသည်။ နောက်ဆုံး ထိုသို့တွေးလျက် နေစဉ်မှာပင် ဆိပ်ကမ်းကို မြင်ရလေတော့သည်။

အမှန်အားဖြင့် ပင်လယ်ဟူသည် အောက်ခြေတွင် မြေပြင်ဖြင့် ပိုင်းခြား၍ အထက်အဖို့တွင် လဟာပြင်ဖြင့် အနားကွပ်သည်။ တဘက်တွင် စက္ကဝါ တောင်တန်းဖြင့် ခါးပန်းသတ်၍ တဘက်တွင်မူ ဆိပ်ကမ်းဖြင့် နခမ်းသတ်ရမြဲသာ ဖြစ်လေသည်။

ပဋ္ဌာန်းကျမ်းကြီးသည်ကား ထက်,အောက်,ဝဲ,ယာ, ဘယ်မှာမှ ဆုံးကမ်း ပိုင်းခြား ကလနားသတ်မှတ်ချက်ဟူ၍ မရှိ။ နက်နဲ,ကျယ်ပြောလှဘိသည်။

ဤသို့ တွေးတောယင်း တရားသဘောကို ဆင်ခြင်သုံးသပ်၍ တထိုင်ခြင်းဖြင့် အရဟတ္တဖိုလ်ကို ရရှိတော်မူလေသည်။ (အောက်ပါ) ဂါထာဖြင့်လည်း ပဋ္ဌာန်း ကျမ်းကြီးကို အကြောင်းပြု၍ ဝမ်းမြောက်ဆုံးသောစိတ်ဖြင့် ဥဒါန်းကျူးရင့်တော် မူလေသည်။

**အတ္ထေ-ဝ ဂမ္ဘီရဂတံ သုဒုဗ္ဗုဓံ၊**
**သယံ အဘိညာယ သဟေတုသမ္ဘဝံ။**
**ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊**
**မဟေသိနာ ရူပဂတံ-ဝ ပဿတိ [၁]။ ။**

**ဥာဏ်ဝဇီရနှင့် ဂမ္ဘီရ ရတနာကျမ်း**

ဘုရားရှင်သည် ဤမဟာပဋ္ဌာန အဝင်အပါ အဘိဓမ္မာ ရတနာခုနှစ်ကျမ်းကို စတုတ္ထမြောက် ရတနဃရသတ္တာဟ၌ ဖံနေတော်မူစဉ် ဦးစွာပဋ္ဌမ သုံးသပ်ဆင်ခြင်တော်မူသည်။ (အဘိဓမ္မာ တည်းဟူသော ရတနာခုနစ်ရပ်ကို သုံးသပ်ဆင်ခြင်ရာဌာနဖြစ်၍ "ရတနဃရ" ဟု ခေါ်သည်) ဓမ္မသင်္ဂဏီမှသည် (အစဉ်အတိုင်း) ယမိုက်ကျမ်းထိ သုံးသပ် ဆင်ခြင်တော်မူရာတွင် ခြောက်ဖြာသော ရောင်ခြည်တော်တို့သည် ထွက်ပေါ်ကွန့်မြူးတော်မမူကြသေး။ ခုနစ်ကျမ်းမြောက်ဖြစ်သော ဤမဟာ

---

၁။ ဓမ္မသင်္ဂဏီ အဋ္ဌကထာ (နိဒါန်းအဖွင့်—၁၃)။

ပဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသော အခါမှသာ ထွက်ပေါ်ကွန့်မြူး လာကုန်၏။ ကမ္ဘာလောကဓာတ်တခုလုံး မြေ, ရေ,လေထု တခုမကျန် သတ္တဝါနှင့် အရာဝတ္ထုမှန်သမျှသည် ရွှေစင်ဖြင့် သွန်းလုပ်သော ရွှေရုပ်ကဲ့အဟန် ရွှေရောင်ခြည် တို့ဖြင့် လိမ်းကျံလျက်ရှိခဲ့လေသည်။ [၁]ထိုအခါ တာရာ, နေ,လတို့သည် ကြည်ညိုရန် ခွင့်မရ, တောက်ပ, ခွင့်မရှိကြလေကုန်။

ယင်းသို့ မဟာပဌာန်း ကျမ်းကြီးကို သုံးသပ်ဆင်ခြင် ဉာဏ်သက်ဝင်သော အခါမှသာ ခြောက်ဖြာသော ရောင်ခြည်ညွန့်တို့ မြူးကွန့်လာရခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ပေ။ အခက်ဆုံး နယသာဂရဖြစ်သော ဤမဟာပဌာန်းကျမ်း ကြီးသည် အထက်မြက်ဆုံး ဉာဏသာဂရဖြစ်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး အတွက် စံချိန်ကိုက်လိုက်၍ ခက်ခဲနက်နဲသော သုဒ္ဒဒ္ဒသ,ဒုဗ္ဗိညေယျ,ဂမ္ဘီရသဘာဝ ကြောင့်ပင် ဖြစ်သည်။ သဗ္ဗညုတရွှေဉာဏ်တော်ကြီးသည်လည်း ဤကျမ်းကြီး သို့ ဝင်ရောက်ကျက်စားသော အခါမှသာ စွမ်းရည်နှင့်တရား တသားတည်း ကိုက်ညီကာ လူးလာလှုပ်ရှား၍ စွမ်းအားရှိသမျှ ကျက်စားခွင့်ရပေတော့သည်။

ဥပမာအားဖြင့် တိမိရ, တိပိင်္ဂလ[၂] ခေါ်သော ငါးကြီးများသည် ယူဇနာ ပေါင်း ရှစ်သောင်းလေးထောင် ဗောင်ဗင်နက်စောက် မဟာသမုဒ္ဒရာသို့ ရောက်မှ သာလျှင် စိတ်နှောက်ကိုယ်ပါ ကျက်စားခွင့်ရလာကြသကဲ့သို့ ဖြစ်၏။ တနည်း အားဖြင့်•သားတို့သနင်း ခြင်္သေ့မင်းသည် ကျဉ်းကျပ်သော ပတ္တမြားဂူလိုဏ်တွင် မလှုပ်နိုင် မရှားနိုင်အောင်ရှိခဲ့ရာမှ တောသုံးထောင် မြိုင်နက်သို့ ထွက်လာသော အခါတွင် လွတ်လပ်စွာ ဖြတ်သန်းပြေးလွှား၍ ကျက်စားနိုင် သကဲ့သို့လည်း ဖြစ်ပေသည်။

---

၁။ တသ္မိံ ဒိဝသေ အပရိမာဏေသု စက္ကဝါဠေသု အပရိမာဏာ သတ္တာ သဗ္ဗေ သုဝဏ္ဏဝဏ္ဏာ ဝ အဟေသုံ။ ။ (မူလပဏ္ဏာသဋ္ဌ၊ ပါသရာသိသုတ္တ၊ ၉၀)

၂။ သမုဒ္ဒရာ၊ အဏ္ဏဝါဝယ်၊ မဟာတိမိလ၊ မစ္ဆရာဇာ၊ ငါးကြီးစွာကား၊ ယူဇနာ တွက်ဖွဲ့၊ ခုနစ်ဆဲ့ငါး၊ အလျားသချာ၊ ၊ပ။ မြူ သောခါမူ၊ သမုဒ္ဒရာ၊ ရှေ့မျက်နှာဝယ်၊ ယူဇနာအပြား၊ ငါးဆယ်တရာ၊ ရေပန်းဖွာ၍၊ ချာချာဖြိုးမောက်၊ မြစ်လုံးနှောက်၏၊ ခြောက် ထောင်လေးရာ၊ မဟာတိမိလ၊ မစ္ဆအရိုး၊ ငါးအမျိုးလည်း၊ တန်ခိုးတေဇာ၊ ကြီးမားစွာ နှင့်၊ ကမ္ဘာပတ်လုံးတည်လေသည်။

တိပိင်္ဂလ၊ မစ္ဆရာဇာ၊ ငါးကြီးစွာကား၊ ယူဇနာကိုးဆယ်၊ ရှည်သွယ်အလျား၊ ပ။ ထိုငါး မြူးခါ၊ ရှေ့မျက်နှာလျှင်၊ ယူဇနာပေါင်း၊ ရှစ်သောင်းလေးထောင်၊ ကုန်အောင်ရုတ်ရုတ်၊ သဲသဲလှုပ်၏၊ သမုဒ်မြစ်ရိုး၊ ဘုန်းတန်ခိုးနှင့်၊ အမျိုးငါးရာ၊ လေးထောင်သာ၍၊ ကမ္ဘာပတ်လုံး တည်လေသည်။

(ရေစကြိုဆရာတော်ကြီး "အရှင်ဝရသမ္ဗောဓိ"သည် အာဒိကပ္ပ ကမ္ဘာဦးကျမ်းကို မှီငြမ်းပြု ရေးသားသော ၁၂၆၇-ခုနှစ်ရိုက် "လောကဓာတ်ပုံ ရွှေကြေးမုံကျမ်း" ၃၄-မှ)

သဏ္ဍာန် သူ့ခုမဖြစ်သော အဘိဓမ္မာသဘာဝကို ကြံဆတော်မူရသဖြင့် စိတ်ဓာတ်လည်း ကြည်လင် သန့်စင်သော ရုပ်ဓာတ်ကြောင့် တဖျတ်ဖျတ် လွန့်လူး၍ ကွန့်မြူးသော ရောင်ခြည်တော် ခြောက်စိုင်တို့သည် လောကဓာတ်, တခရိုင်လုံး ယခုတိုင် မရပ်မနားဘဲ ဖြစ်သွားလျက် ရှိသေးကြောင်း **[မူလပဏ္ဏာသအဋ္ဌကထာ, ပါသရာသိသုတ္တဝဏ္ဏနာ ၂၉-၃]** ဤသို့ မိန့်ဆိုထားပေသည်။

**တံဒိဝသံ စ ပန ဘဂဝတော သရီရာ နိက္ခန္တာ ယာဝဇ္ဇဒိဝသာပိ တာ ရသ္မိယော အနန္တာ လောကဓာတုယော ဂစ္ဆန္တိယေဝ''**

ဤနှင့်အလားတူပင် မယ်တော်မိနတ် နို့ဖိုးဆပ်တရား ဟောကြားရန်အကြွ ကဏ္ဍသရက်ဥယျာဉ်၌ ယမိုက်ပြာဋိဟာ ရောင်ခြည်တော် ခြောက်ဖြာတို့သည်လည်း စကြဝါလောကဓာတ် ပတ်ကုံးဝန်းကျင် ယခုပင်မက သာသနာနှစ်သက္ကရာဇ်ကုန်ဆုံးသည်အထိ တည်ရှိဦးမည်ဖြစ်ကြောင်းကို **[ဗောဓိဝံသအဋ္ဌကထာ အာနန္ဒာဗောဓိအခန်း စာမျက်နှာ ၁၁၁-နှင့် အနာဂတဝံသအဋ္ဌကထာ နိဒါနဝဏ္ဏနာ၃]** အဆိုရှိသည်မှာ—

''အာပရိယန္တာသု လောကဓာတူသု ယာဝ သာသနန္တရဓာနာ ပဝတ္တန္တိ''[၁]။

**''အစ္ဆရိယံ ဝတ ဘော? အဗ္ဘုတံ ဝတ ဘော?၊ အဟောဝတာ-ယံ အစိန္တေယျာ ဂုဏော အစိန္တေယျော''** ဟု အံ့မော၍လည်းမပြီး ချီးကျူး၍ပင် မကုန်နိုင်ပါတကား။

**ရက်ပေါင်းကိုးဆယ် နတ်ပြည်ဝယ်** ဤအဘိဓမ္မာဒေသနာကို နတ်တော်တွတ်တွတ် ရှတ်ဆိုကာ စ,တင် ဟောကြားတော်မူရာကား တာဝတိံသာ နတ်ပြည် ဖြစ်၏။ ''မယ်တော်မိနတ် နို့ဖိုးဆပ်တရား'' ဟူ၍ပင် ဆိုစမှတ်ပြုကြလေသည်။ ထိုသို့ ဟောကြားရာ ကာလချိန်တာကို စိစစ်မည်ဆိုလျှင် လူတို့၏ အရေအတွက်အားဖြင့် ဝါတွင်းသုံးလ (ရက်ပေါင်းကိုးဆယ်) **ဟု** ဆိုနိုင်သော်လည်း တာဝတိံသာနတ်တို့၏ သတ်မှတ်ချက် ချိန်တာနှင့်ဆိုလျှင် ဘာမျှပင် မကြာပေ။မိနစ်ပိုင်းမျှသာရှိလေသည်။အကယ်တိ တွက်ချက်ကြည့်လျှင် **လေးမိနစ်နှင့် သုံးပြန်မျှသာ** ကြာကြောင်း တွေ့နိုင်ပေသည်။

**ခုနစ်ဝါကား၊ နတ်ရွာကျော်ရှိန်၊ တာဝတိံသာ၊ မုနိန်ဘုန်းထွတ်၊ ဝါဆိုလတ်၍၊ မိနတ်သားမင်း၊ မည်ရင်းခေါ်ညီ၊ သန္တုသိတ၊ အစတည်မူ၊ အမှူးပြု၍၊ ချင်းစုအပေါင်း၊တသောင်းလောကဓာတ်၊သိကြားနတ်က၊**

---

၁။ ဤရောင်ခြည်တော်နှင့် ပတ်သက်၍ စောဒကတက်လိုမူ မန်လည်နှင့် မင်းကွန်း ဆရာတော်တို့၏ ''သတပဒိကာပုစ္ဆာ''ကို ဦးစွာကြည့်ပါလေ။ ။

**မိုးထွတ်ဖြဟ္မာ၊ စည်းဝေးရာတွင်၊ တဝါပတ်လုံး၊ ခန့်ချုံးစင်ကြယ်၊ ရက်ကိုးဆယ်ဟု၊ လူဝယ်နေကျ၊ မှတ်သားကြ၏၊ တာဝတိံနှတ်၊အမှတ်တူညီ၊ လေးဗီဇနာ၊ သုံးပြန်သာဟု၊ မကြာလျင်ထွေ၊ မှတ်ကြလေ၏"။**

**(ဓမ္မရာသိပျို)**[၁]

ထိုမှတဖန် လူသားတို့၏ သတ်မှတ်ချက်ချိန်တာအားဖြင့် တဝါတွင်း (ရက်ပေါင်းကိုးဆယ်)တွင် အဘယ်ကျမ်းကို အဘယ်နှစ်ရက်ကြာမျှ ဟောကြားရသနည်း?

အဖြေကား ခိုင်လုံသော ကျမ်းဂန်တွင် မတွေ့ရှိရပေ။

သို့ရာတွင် ဆရာစဉ် သမားအဆက်ဆက် ရှေးသူဟောင်းတို့၏ မှတ်သားချက်ကိုကား တွေ့ရှိ ကြားဘူးသသူများလေသည်။ စာရေးသူတို့လည်း ထိုသည့်မှတ်သားချက်ကို နှုတ်တက်လွယ်ကူစေရန် ကဗျာဖြင့် မှတ်တမ်းပြုခဲ့ဘူးသည်မှာ—

**ဓမ္မသင်္ဂဏိ၊ဘင်္ဂ၊ဒွါဒသရက်စီ။ ။ခြောက်ရက်ကြာ-ကျမ်းဓာတုကံ၊ ရယ်နှင့်၊ပုဂ္ဂလာ၊ခုနစ်ရက်၊ဟောမြွက်ခဲ့သည်။ ။ကထာဝတ်၊ရက်ရှစ်ညီ ဝီသာပ ယမိုက်ကျမ်း။ ။ပဋ္ဌာန်၊ပဋ္ဌာန၊ရယ်လို့၊ လ၊သုံးလီမယ်တော်မိကို၊ဟောသည့်ရက်တမ်း။**

**အထက်ဆုံး ဥာဏ်သော်မှ တသက်လုံး ပြန်၍မကုန်နိုင်** လေးဗီဇနာနှင့် သုံးပြန် (သို့မဟုတ်) ရက်ပေါင်းကိုးဆယ် ကာလပတ်လုံး ဟောကြားတော်မူသော အဘိဓမ္မာကို သချ်ာအားဖြင့် ခုနစ်ကျမ်းဟု ဂဏန်းတပ်၍ နခမ်းသတ်ထားသော်လည်း ဒေသနာတော်အားဖြင့် အလွန်တရာမှများပြားလှပေသည်။ သမုဒ္ဒရာရှိ ရေစက်ကိုမူ ချင့်တွက်၍ ရနိုင်စရာရှိပေသေးသည်။ ဤ အဘိဓမ္မာ ဒေသနာတော်ကိုကား ရေတွက်ဖော်ပြရန်ပင် ဂဏန်းမရှိတော့ချေ။ အဘဲ့ကြောင့်ဆိုသော် ဘုရားရှင်တို့မည်သည် ဘတ္တာနုမောဒနကာလ အချိန်တိုကလေးအတွင်းမှာပင် ဆွမ်းနုမော်တရားသည် ဒီဃနိကာယ်၊မဇ္ဈိမနိကာယ်ကျမ်းကြီးများ ပမာဏရှည်ရှည်လျားလျား များပြားကုံလုံပြည့်စုံလှပေသည်။ ပစ္ဆာဘတ္တ ဆွမ်းတရားသည်လည်း သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်ကြီးများလောက်ပင် ရှည်လျား များပြားလှဘိသည်။ ဆောလျင်တမှုတ် ချက်တဖြုတ် လျှပ်တပြက် ရုတ်တရက်သုတ်သုတ် ဖြုတ်ချည်းရှုတ်ခြည်း တထိုင်တည်း တာတိုအချိန်တွင်း၌ ဟောကြားတော်မူသော ဒေသနာသည်ပင် သို့စင်လောက် ဂဏန်းကြီးနေလျှင် ရက်ပေါင်းကိုးဆယ်

---

၁။ ပုခန်းကြီးဆရာတော်"**အရှင်ကုမာရကဿပ**"ရေးသားသော "**ဓမ္မရာသိပျို**" ပုဒ်ရေ ၂၉-ဘွင်ရှု။

မယ်တော်မိနတ် နို့ဖိုးဆပ်တရားကို မည်မျှရှည်လျား များပြားနိုင်ကြောင်း ရိပ်စားနိုင်စကောင်းရာပြီ။

အကျဉ်းအားဖြင့်ဆိုရသော်.... "**ခြောက်သောင်းတိုက်တိုက်၊ ခံ့သည့်ပိုက်ကို၊ ရပ်ကြိုက်သင်ကြူး၊ ပန်းနှယ်ဖူးလျက်၊ နွယ်ခြူးရင်းကိုင်၊ စင်လုံးယိုင်သို့**"ဟု **ရှင်မဟာသီလဝံသ** ချီးကျူးတော်မူသကဲ့သို့ ရပ်သော ခြေဖြင့်ပင် ဂါထာ တသောင်း ငါးထောင်, ပုဒ် ခြောက်သောင်းတို့ကို စင်လျက် သင်ယူ့ပို့ချ, ဟောပြနိုင်စွမ်းတော်မူသော, မိုးသီး မိုးပေါက်ကိုပင် ရေတွက်နိုင်သည့် ဉာဏ် ရှိတော်မူသော, တိပိဋကဓရ ဖြစ်တော်မူသော,အဘိမတ္တာသတိမာ-အဘိမတ္တာဂတိမာ-အဘိမတ္တာဓိတိမာ ဖြစ်တော်မူသော ဗဟုသုတတေဒဂ် ရရှိတော်မူသော ရှင်အာနန္ဒာ မထေရ်မြတ်ကြီးသော်မှ ဤအဘိဓမ္မာ ရက်ကိုးဆယ် ဒေသနာကို ဘဝပေါင်း အရာအထောင်ပတ်လုံးပင် ပြီးဆုံးအောင် သရဇ္ဈာယ်ရွတ်ဖတ်ခြင်းငှါ မတတ်နိုင်ချေ။ ဤမျှပင် ကျယ်ဝန်းလှပေသည်တကား[၁]။

**ဤကျမ်းမဟာကို ပထျာဖြန့်၍ကြည့်လျှင်**

ဤပြဆိုပြီး ဝတ္ထု,ဥပမာ,သာဓက အတန်တန်တို့ဖြင့်ပင် အဘိဓမ္မာ၏ ဂမ္ဘီရသရုပ်သည် ပြည့်စုံလောက်ပြီဖြစ်၍ ထပ်မံ ဖော်ထုတ်ဖွယ်လိုတော့မည်မဟုတ်ပေ။ သို့ရာတွင် **ကျမ်းကြီးပဋ္ဌာန်း, ကျမ်းငယ်ဆန်း, ကျမ်းလတ် ဓာတုကထာ**"ဟု ဆရာစဉ်ဆက် မြွက်ခဲ့သော ဥဒါန်းအရ မဟာတပ်ရသော ဤပဋ္ဌာန်းကျမ်းကြီး၏ နက်နဲပုံကို အတန်ငယ် ဖော်ပြလိုပေသေးသည်။

ယခုရှိနေသောပါဠိတော်သည် သင်ရိုးမျှသာဖြစ်ပေသေးသည်။မြတ်စွာဘုရားရှင် တာဝတိံသာဓမ္မသဘင်တွင်ဟောကြားတော်မူခဲ့သော ဒေသနာစဉ်ကား အလွန်ပင် ကျယ်ဝန်းများပြားလှပေသည်။ထိုကျယ်ဝန်းသော ဒေသနာအစဉ်ကို ဂဏန်းတင်၍ကြည့်မည်ဆိုလျှင် လက်ဖျစ်တီး၍ အံ့ချီးလောက်အောင်ပင်တွေ့ရပေမည်။ **မဟာပကရဏအဋ္ဌကထာကြီး၌** ဖွင့်ပြသော နည်းအတိုင်း စည်းစံနစ်တကျစွာတွက်ချက်၍ ကြည့်ပါမူ....ကုဋေလေးသောင်းပင် ကျော်နေပေသည်။ **အတိအကျဖော်ပြရသော်** (၄၀၄,၈၄၇,၅၃၃,၂၄၇) **ကုဋေပေါင်း လေးသောင်း လေးရာ့ကိုးဆဲ့ လေးကုဋေနှင့် ရှစ်သန်း ငါးသိန်း သုံးသောင်း သုံးထောင့် နှစ်ရာ့ လေးဆဲ့ရှစ်တိတိ** ရှိလေသည်[၂]။ သို့သော်- ဤဂဏန်းကြီးများတွင် ဝိဿဇ္ဇနာအတွက် ဂဏန်းများမပါရှိသေးချေ။ ပုစ္ဆာအတွက် သက်သက်မျှသာ

---

၁-အဋ္ဌသာလိနီ-နိဒါနကထာ

၂။ ဤမဟာပဋ္ဌာန်းကျမ်းကြီး၏ ဆန်းကြယ်များပြားပုံကို စေ့စုံစွာ ပထျာဖြန့်တွက်၍ ဇယားကွက်ချ,ပြီးပြထားသည်ကိုလည်း ဤနိဒါန်း၏နောက်ဆက်တွဲတွင် ကြည့်ရှုတော်မူကြပါရန်—

ဖြစ်လေသည်။ အဋ္ဌကထာ၌ဖွင့်ပြသောအတိုင်း ဇာတ်, ကာလ,ဘုံ, သန္တာန်, ခန္ဓာ,သမ္ပယုတ္တဓမ္မများဖြင့် ထပ်ဆင့်ဝေဖန်ရသော် အနန္တနယ အဖြစ် သာ၍ ထင်ရှားနိုင်ပေမည်။

ဤသို့ ပထျာဖြန့်ခင်း၍ ရှိရင်းစွဲပဋ္ဌာန်းပါဠိတော်ကို ပုံကြီးချဲ့ရိုက်နှိပ်ပြရလျှင် ယခုလက်ရှိ စာအုပ်မျိုးပေါင်း သောင်းသိန်းသန်းမက ကုဋေအထိရောက်ရှိနိုင်လေသည်။

သို့သော်- ယင်းသို့အကျယ်တဝင့် ဖွင့်ဆိုဟောကြားတော်မူသော ဝိတ္ထာရဒေသနာ မြွက်များသည်ကား နတ်နားတည်းဟူသော ခွက်သိဂီအတွက်သာ သက်သက်လောင်းထည့်ခဲ့သော ဓမ္မစက်ခြင်္သေ့ဆီများသာဖြစ်ခဲ့လေသည်။

ဓမ္မသေနာပတိ ရှင်သာရိပုတြာသည်ပင် ဤမျှများပြားစွာ မနာယူခဲ့ရပေ။ ဘုရားရှင်သည် သူ့အား နတ်ပြည်တွင် ဟောကြားပြီးသမျှ နေ့စဉ်ပင်ပြန်ကြ၍ ဟောပြသည်မှာ "ငါယနေ့အတွက် ဤရွေ့ဤမျှ ဟောပြခဲ့ပြီးပြီ"ဟု (အရိပ်ပြ အကောင်ထင် တထွာပြတတောင်မြင်သော) ဉာဏ်ကြီးရှင် ရှင်သာရိပုတြာအား ချုံး၍သာ အမြွက်မျှဟောပြခဲ့ပေသည်။ တဖန်...ရှင်သာရိပုတြာက သူ၏တပည့်သား ငါးရာသော ရဟန်းတို့အား ချုံးပြီးကိုတဖန်ချဥ်း၍ အကျဉ်းမျှသာ ဟောပြတော်မူပြန်သည်။ ယခုပါဠိတော်ကိုလည်း ဤဝါစနာမဂ္ဂအတိုင်းသာ သံဂါယနာတင် အတည်ပြုထားခဲ့ကြပေသည်။

> **"တထာဂတေန ဟိ သဗ္ဗမ္ပေတံ ပဘေဒံ ဒဿေတ္ဝာဝ ဒေသေရိသာယ ဓမ္မော ဒေသိတော။ ဓမ္မသေနာပတိဿ ပန တေန ဣဒ္ဓိဒဥ္ဓ ဒေသိတန္တိ သင်္ဂဟိတ္ဝာ နယဒဿနမတ္တေနေဝ ဒေသနာ အက္ခာတာ။ ထေရေနာပိ သံခိပိတွာဝ ဝါစနာမဂ္ဂေါ ပဝတ္တိတော။သော ထေရေန ပဝတ္တိတနယေနေဝ သင်္ဂီတိကာလေ သင်္ဂဟံ အာရောပိတော"။**

[ပဋ္ဌာနပ္ပကရဏအဋ္ဌကထာ-၄၀၆]

ယခုအခါတွင် သင်ပြနေကြသည်မှာ ချုံးပြီးသားကိုတခါချဥ်း၍ အကျဉ်းမျှသာဖြစ်သော ဤပါဠိတော်ကိုပင် ထပ်၍တဖန်လျှော့နေကြရပြန်ချေပြီ။သို့ဖြစ်ရာ ပရိယတ္တိ သာသနာကွယ်ပုံကို ပြသော [**ပါထိကဝဂ္ဂအဋ္ဌကထာ သမ္ပသာဒနိယသုတ် ၇၂-လာ**]

> **"တဒါ ပဋ္ဌမံ အဘိဓမ္မပိဋကံ နဿတိ။တတ္ထ ပဋ္ဌာနံ သဗ္ဗပဋ္ဌမံ အန္တရဓာယတိ"**

ဆိုသည့်စကားနှင့် ထောက်ထားကြည့်ရှုလျှင် များစွာရင်နင့်ဖွယ်ဖြစ်ပေသည်။ ထို့ကြောင့် ဝိတ္ထာရအားဖြင့် သင်ကြားပို့ချမှု မပြုနိုင်ကြစေကာ ခေတ်ကာလ

အခြေအနေအရ ဝါစနာမဂ္ဂသင်ရိုးပါဠိတော်မျှကိုမူ မဟုသာဟ ဝီရိယသဒ္ဓါခေတ် ဖြင့်တတ်စွမ်းသောအလျောက် မပျောက် မပျက်မယိုမယွင်းရအောင် ကြိုးစား၍ သင်ယူ ပို့ချသင့်ပေသည်။

**ဘုရားရှင်၏ စကားတော်လျှင်မြန်ပုံ**

ယင်းသို့ ဂဏန်းချ၍ပင် မရနိုင်လောက်သော တရားစကားတော်များကို တိုတောင်းလှသော အချိန်တွင်း ဝယ် အဘယ်ပုံ ဖြစ်နိုင်ပါမလဲ....ဟု မေးခွန်းထွက်လာစရာ ရှိပေသည်။ ဒေသနာနှင့် အချိန်အခါသည် လွန်စွာ ကွာခြားနေသဖြင့် မေးလည်းမေးသင့်လှ၏။ အဖြေကား ဤသို့ ဘုရားရှင်၌ သာမန် လူသားထက် ထူးခြားချက်သည် အဖက်ဖက်မှာပင် တည်ရှိနေသည်ကို လက်ခံကြည်ညိုနိုင်ပြီဟု ဆိုလျှင် ဤနေရာ၌ စကားနှင့်ပတ်သက်သော ထူးခြားချက်ကိုပါ ဆက်လက် ကြည်ညိုစေချင်ပါသေးသည်။

ဘုရားရှင်သည် တရားစကား ဟောကြားတော်မူရာ၌ အသံတော်ရှစ်ပါး[၁] မျှသာ ထူးခြားနေသည်မဟုတ်။ လျှင်မြန်သွက်လက်သော ထူးခြားချက်ဂုဏ်နှင့် လည်း ပြည့်စုံတော်မူလေသည်။

ကျေး (ကျည်းကုလား?) တို့၏ စကားတခွန်းသည် သာမန်လူတို့၏ စကား လေးခွန်းနှင့် အချိန်ညီမျှလေသည်။ ရှင်အာနန္ဒာ၏ စကားတခွန်း ဆိုချိန်သည် ကျေးတို့၏ ရှစ်ခွန်းနှင့် ညီမျှ၏။ ဘုရားရှင်၏ စကားတော် တခွန်းသည်ကား ရှင်အာနန္ဒာ၏ တဆဲ့ခြောက်ခွန်းသောစကားနှင့် ညီမျှပြန်သည်။ဤနည်းအားဖြင့် သာမန်လူသားတို့၏ စကားတခွန်း ပြောဆိုနေချိန်မှာပင် ဘုရားရှင်သည် စကား ခွန်းပေါင်း ငါးရာ့တဆဲ့နှစ် (၅၁၂) ခွန်း မိန့်ကြားပြီး ဖြစ်လေသည်။

> "ပရမေဘုန်းကျော်၊ ဟောလှစ်ဖော်သည့်၊ နှုတ်တော်မြန်ထက်၊ လျှင်ခြင်းတွက်မူ၊ အသက်ရှိဆန်း၊ လူဗိုလ်ဝန်းတို့၊ တခွန်းဟခါ၊ ကျေးတို့မှာမူ၊ လျှင်စွာလေးဆ၊ ရွရွပီထွေ၊ ဆိုနိုင်လေ၏၊ဖြစ်ပြေလျှင်ထန်၊ ရှင်အာနန်ကား၊ အမှန်ရှစ်ချက်၊ ကျေးထက်တက်၏၊ အဖက်မရှိ၊ မြတ်မုနိကား၊ လျှင်ဘိတုံစွာ၊ အာနန္ဒာထက်၊ သိသာလှထွန်း၊ ဆဲ့ခြောက်ခွန်းဖြင့်၊ ဖြန်းဖြန်းမိန့်နိုင်၊ လျှင်ခေါင်တိုင်၏၊ ဖြိုးလှိုင်များထွေ၊ လျှင်ခြင်းရေမူ၊ ဗိုလ်ခြေအဝန်း၊ လူမည်ဆန်းထက်၊ အစွန်းဆဲ့နှစ်၊ ငါးရာဖြစ်၏၊ သစ်သစ် ညှာ့်နွေ့၊ ဟောသရွေ့ကို၊ ဘုန်းဟေ့မှုနိန်၊ ဆွမ်းခံချိန်ဝယ်၊ အစိန္တေယျ၊ နိမ္မိတဟု၊ ဗုဒ္ဓဘုန်းရှင့်၊ ဟောပေလင့်၏" ။ ။(ခမ္မရာသိပျို)

---

၁။ သန့်ရှင်း, သာယာ,၊ လွန်သိသာ,၊ နာဖွယ်, မပြန့်ပေါ်,။ လုံး, နက်, ပဲ့တင်,အဌအင်၊ မြဲဘုရှင်အသံတော်။ ။ [မောင်းထောင်ဆရာတော် အရှင်ပညာသာမိ(ရာဇဂုရု)၏ အဘိဓာန်ဋီကာနိဿယ]။

သို့ရာတွင် ဤပျို့ဆရာ (ပုခန်းကြီး အရှင်ကုမာရကဿပ)၏ သာဓကပြုရာ အဋ္ဌကထာ, ဋီကာကိုကား မတွေ့မိသေးချေ[၁]။ လောကီပုဂ္ဂိုလ်(ပကတိလူ)များ၏ စကားတခွန်းလျှင် ရှင်အာနန္ဒာကရှစ်ခွန်း, ရှင်အာနန္ဒာတခွန်းလျှင် ဘုရားရှင်က တဆဲ့ခြောက်ခွန်း။ တဖန် လူသာမန်တို့တခွန်းလျှင် ဘုရားရှင်က တရာ့နှစ်ဆဲ့ရှစ် (၁၂၈) ခွန်းလျှင်မြန်ကြောင်းကိုကား **သာရတ္ထဒီပနီဋီကာ** (ပထမပါရာဇိက, သုဒိန္နဘာဏဝါရ, ပဉ္စမပညတ္တိ စာမျက်နှာ-၃၀) တွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

> **"ယထာ ဟိ လောကိယမဟာဇနာ ကေံ ပဒံ ကထေန္တိ တာဝ အာနန္ဒတ္ထေရော အဋ္ဌ ပဒါနိ ကထေတိ။ အာနန္ဒတ္ထေရေန ပန ဧကံ ပဒံ ကထေန္တေယေဝ ဘဂဝါ သောဠသပဒါနိ ကထေတိ၊ ဣမိနာ နယေန လောကိယဇနေဿ ဧကပဒုစ္စာရဏက္ခဏေ ဘဂဝါ အဋ္ဌဝီသာသတပဒါနိ ကထေတိ။ ကသ္မာ? ဇိဝှါမုဒုတ္တ ဒန္တာဝရဏာံ သုဖုသိတာံ ဝစနံ အဂဠိတံ ဘဝင်္ဂပရိဝါသော လဟုကော"**

ဤသို့ ထူးခြားချက်ရှိနေခြင်းမှာလည်း "တန်ခိုးတော်ရှင်ဖြစ်သောကြောင့်" ဟု ဝေးဝေးလံလံ ရှာကြံအကြောင်းပြုရမည့် ထူးခြားချက်များ မဟုတ်ပေ။ အမှန်အားဖြင့် နူးညံ့သောလျှာ, ကောင်းစွာကျစ်လစ်သော နှုတ်ခမ်း စသည်ဖြင့် လက္ခဏာတော်ထူးခြားနေသည့်ပြင် စကားတော်လည်း မထစ်ငေါ့ခြင်း, သော့ လျှင်မြန်သော ဘဝင်စိတ်အယဉ်ဖြစ်ခြင်း စသည်ဖြင့် နီးကပ်သော ထူးခြားချက် အကြောင်းများ, များစွာပင် တည်ရှိနေပေသည်။ ယုတ်စွအဆုံး သုံးဆဲ့ခုနစ် ယောက်သော ပုဂ္ဂိုလ်များသည် သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားကို အသီးအသီး တခုစီ, တခုစီ မရည်ရွယ်ဘဲ တိုက်ဆိုင်၍ မေးခွန်းပြုလှာငြားအံ့....၊ မည်သူ၏ အမေးကို ပဌမ ဖြေ၍ မည်သူ၏အမေးကို ဒုတိယဖြေသည် စသည်ဖြင့် မသိရ, မသိနိုင်လောက်အောင် ဘုရားရှင်သည် ရုတ်တရက်ပင် အဖြေစကား မိန့်ကြားတော်မူနိုင် လေသည်။

(ရုတ်တရက်ဆိုရာ၌ အတတ်ကျွမ်းဆုံးသော လေးသမား၏ ပစ်ခတ်သောမြှားသည် ထန်းရိပ်သို့ တထွာလေးသစ်မျှ မဖြတ်ဝင်မီပင် အကျယ်တဝင့် ဖြေနှင့်ပြီးဖြစ်သည်ဟု ဆိုလိုသည်)။

---

၁။ (ရာဇဂုရု) မုံတိုင်ပင်ဆရာတော်ကြီး၏ "သုံးပုံအိတ်ထောင့်, သုံးပုံတံချူကျမ်း' တွင်လည်း လက်ာစပ်ဆိုလျက် ရှိသည်။ နိုင်လုံသော သာဓကမရှိလျှင်ကား ဤ ဆရာတော်ကြီးများသည် စပ်ဆိုတော်မူမည်မဟုတ်၊ စာရေးသူတို့၏ မန့်စပ်ခြင်းမျှ သာဖြစ်ရာ၏။ ။

ဤမျှ စကားအရာတွင် လျှင်မြန်သွက်လက်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၌ "ရက်ပေါင်းကိုးဆယ်နှင့် မယ်တော်မိနတ် နို့ဖိုးဆပ်တရားသည် ဤမျှ များပြားနိုင်ရာသလော"ဟု စောကြောရန် လိုမည်မထင်ပေ။ တွေးတောရန်လည်း မလိုအပ်တော့။

နယသာဂရဖြစ်သော မဟာပကရဏပဋ္ဌာန်းကျမ်းကြီးနှင့် ဉာဏသာဂရဖြစ်သော သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အံ့ချီး၍ပင် မကုန်နိုင်သော အနန္တဂုဏ်တော်ကို သရုပ်ဖေါ်ရန် အသုံး, စာလုံးပင် ရှာမရနိုင်တော့ပြီဖြစ်ရကား "ဗုဒ္ဓေါပိဗုဒ္ဓဿဘဏေယျ ဝဏ္ဏံ" ဂါထာကိုရွတ်အံ၍—

> "တကမ္ဘာလျှင်၊ မဟာမြဲဟူ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာသိ၍၊ ကျူးချီမြွက်ဖော်၊ ဆိုလှည့်သော်လည်း၊ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်"[၁] ဟူသော (ရှင်ပုညာဘိဝံသ၏) စကားရပ်ဖြင့်ပင် အနားကွပ်လိုက်ပါ၏။

**အဘိဓမ္မာ၏ လက်ရှိအခြေအနေ**

ဤပဋ္ဌာန်း အရကောက် ကျမ်းကြီးသည်လည်း ပဋ္ဌာန်း၏ ခံရပ်ကို ပြတ်သားစွာ ဖြေရှင်းနေသော "ပဋ္ဌာန်းမြန်မာ အဋ္ဌကထာကြီး"ဟုပင် ဆိုစလောက်သည်။ အဋ္ဌကထာနှင့် ဋီကာ,အနုကျမ်းများမှ ဆန်းပြားသောအဓိပ္ပါယ် ဆစ်ဖုအမြုတေရတနာမှန်သမျှကို တခုပင်မကျန်ရအောင် မြုပ်နှံထည့်သွင်း ထားပြန်သောကြောင့် "အဘိဓမ္မာရတနာတံတင်းကြီး" ဟုလည်း ခေါ်သင့်ပေသည်။ အခေတ်ခေတ်တိုင်းတွင် ဤမျှ ဆစ်ပိုင်းကျသော "မြန်မာအဋ္ဌကထာကြီး" ကား ဌာနနှင့်လည်းကိုက်ညီတော်၍ ကာလအလိုက် အကြိုက်နှင့်လည်း ဆိလျော်၍သာ နေဦးမည်ပင်။ ပဋ္ဌာန်း သာသနာဝင် တခေတ်မှာ အစားထိုးပြောင်း၍ မဖြစ်နိုင်သေးရကား ဟောင်းလျက်ပင် သစ်လွင်နေဦးတော့မည်။

အဘိဓမ္မာရတနာသေတ္တာကြီးမှာ အနှစ် နှစ်ရာ တိုင်တိုင်ပင် ဆရာတပည့် အဆက်ဆက် လက်အဆင့်ဆင့် အဆင်သင့် လွှဲပြောင်းယူဆောင်ကာ ခေတ်အမျိုးမျိုးကို ဖြတ်ကျော်လာခဲ့ကြစေပြီ။ သို့ကြောင့်လည်း အနှစ်နှစ်မှ တင်ရှိလာခဲ့သော အညစ်အကြေးများနှင့်လည်း ရောထွေးယှက်တင်လျက် ရှိခဲ့ပေသည်။ ထိုသည့် ကြေးညှော်များကို ဆေးလျှော်တိုက်ချွတ်ရန် အခွင့်ကား သင့်နိုင်ခဲဘိတောင်း။

ယခုမူ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ဦးစီးကြိုးကိုင် မဏ္ဍိုင်သဖွယ် ဖြစ်ကြသော ပဌမဥက္ကဋ္ဌကြီး **သတိုးသီရိသုဓမ္မ ဆာဦးသွင်**, ၎င်းပြင် ဒုတိယဥက္ကဋ္ဌ

---

၁–"ရှင်ပုညာဘိဝံသ-စလေဦးပုည"ရေး "ရတနာနဒီမော်ကွန်း"

**သတိုးသီရိသုဓမ္မ, အဂ္ဂမဟာသရေစည်သူ** တရားဝန်ကြီးချုပ်ဟောင်း **ဦးသိမ်းမောင်**နှင့် အကျိုးတော်ဆောင်စာချီ တရားဝန်ကြီး **သတိုးမဟာသရေစည်သူ ဦးချန်ထွန်း** စသော သာသနာ့ပြု ပုဂ္ဂိုလ်ကြီးများ၏ ကြီးမားသော စေတနာကို အခြေခံအကြောင်းသင့်၍ သုတ်သင် ပြင်ဆင်ခွင့် ကြုံကြိုက်ရပေသည်။ သို့ဖြစ်ရာ အဘိဓမ္မာ စာသင်သားတို့အတွက် လာဘ်ကောင်းတကွက်, ချက်ကောင်းတခု ဟူ၍ပင် ဆိုရပေမည်။

ထိုထက်ပင် ပို၍ဝမ်းမြောက်ဖွယ်ကောင်းသည်မှာ ဤကျမ်းစာ ပြင်ဆင်ရေးကို **ကျေးဇူးတော်ရှင် "အဘိဓဇမဟာရဋ္ဌဂုရု" မစိုးရိမ်ဆရာတော်ဘုရားကြီး**အား လျှောက်ထား တောင်းပန်၍ သုတ်သင်ပြင်ဆင်ရန် လွှဲအပ်ကြခြင်းပင် ဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ရှင်ငယ်ရဟန်းငယ်ဘဝမှ စ,ကာ အဘိဓမ္မာကန္တာရခရီးကို ဦးစီးရှေ့ဆောင်၍ လျှောက်ခဲ့သည်မှာ အကြိမ်အခေါက်ပေါင်းပင် မရေတွက်နိုင်အောင် ရှိခဲ့ပေပြီ။ ထို့ကြောင့်လည်း အဘိဓမ္မာကန္တာရခရီးလမ်းဝယ် ဖြတ်သန်းသွားလာရာ၌ "ဘယ်နေရာတွင် ဘာရှိသည်၊ ဤဟာသည် လမ်းမှန်, ဤဟာသည် လမ်းမှား" ဟု အများဆုံးတွေ့ရှိညွှန်ကြားတော်မူနိုင်ခဲ့သော အဘိဓမ္မ ကန္တာရမဂ္ဂဒေသက အဘိဓမ္မပါရဂူ ဖြစ်တော်မူခဲ့လေသည်။ လမ်းမှန်နှင့်လမ်းမှားကို စမ်းတဝါးဝါး လျှောက်ရန်ပင်မလိုလောက်အောင် အချိန်ရှိသမျှ ညွှန်ပြခဲ့, ညွှန်ပြနေဆဲ, ညွှန်ပြလတ္တံ့ ဖြစ်တော်မူသည်။

အထူးသဖြင့် အဘိဓမ္မာကို သာမန်အရပ်သားများပင် နားဝင် နိုင်လောက်သော နယူပဒေသ သင်ပြနည်းစံနစ်သစ်များကို ခေတ်ဉာဏ်သို့ သက်ဝင်အောင် တစတစတီထွင်၍ တနေ့လျှင် သုံးဝါရ် (သုံးကြိမ်)အနည်းဆုံးသင်ပြတော်မူဆဲပင် ဖြစ်ပေသည်။

ရှင်သာရိပုတြာလျှင် အမွန်အစ ပဘဝဖြစ်သော အဘိဓမ္မာဒေသနာကို ရှင်သာရိပုတြာ၏ သိဿာနုသိဿ တပည့်သားအဆက်ဆက်တို့သည် အဆင့်ဆင့်လက်ကမ်းကာ အဘိဓမ္မာသာသနာကို ပြုစုတော်မူခဲ့ကြသည့်နည်းတူ ယနေ့ဗမာပြည်၏ အဘိဓမ္မာ သာသနာဝင်တွင်လည်း များစွာသော အဘိဓမ္မာ လေ့လာသူတို့သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏သင်ပြနည်းနယူပဒေသကိုဥပနိဿယအခြေခံကာ အဘိဓမ္မာ ပြန့်ပွါးရေးအတွက် လက်ဆင့်ကမ်း သင်ယူပို့ချတော်မူခဲ့ကြလေ

သည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို အကြောင်းပြု၍ ယခုအခါတွင် အဘိဓမ္မာ ဒေသနာတော်သံသည် ပဲ့တင်ထပ်မျှ လွှင့်ပျံ့နေဆဲပင် ဖြစ်ပေသည် [၁] ။

အဘိဓမ္မာသာသနာအတွက် သင်ကြားပို့ချမှုနှင့် ပတ်သက်၍ကား ယနေ့ အခြေအနေမှာ များစွာအားတက်ဖွယ်ရာရှိသည်ကို တွေ့နိုင်ပေသေးသည်။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ကြိုးစားချက်အရ ဖြစ်ပေါ်လာသော အဘိဓမ္မာစာမေးပွဲများတွင်လည်း အမျိုးသမီးများပင် တခဲနက်ဖြေဆိုအောင်မြင်နေကြသည်ကို တွေ့ရပေသည်။(အားတက်ဖွယ်ရှိလေစွ)။

**အဘိဓမ္မာကို ကောင်းစွာသတ်ကြလေပြီ**

သို့ရာတွင် ဟောပြောမှုနှင့် ပတ်သက်၍ ရှေးက ထက်ပင် ယုတ်လျော့နေသည်ဟု ဆိုနိုင်လေသည်။ အဘယ့်ကြောင့်ဆိုသော်ရှေးမြန်မာဘုရင်များ လက်ထက်တော်တွင် ပဋ္ဌာန်းဇရပ်များ ဆောက်လုပ်ကာ ပဋ္ဌာန်းတရားကို သီးသန့် ဟောကြားနာယူခဲ့ကြသော အလေ့ကို တွေ့နိုင်ပေသည်။ အထူးသဖြင့် "**ဝမ်းဘဲ အင်းစံမင်းတရား**"ဟု ထင်ရှားသော ရမည်းသင်းမင်းကြီး မင်းရဲကျော်ထင် လက်ထက် သက္ကရာဇ် (၁၀၃၈) ခုနှစ်တွင် **ငရန်နတ်စက်ရောင် ဆရာတော်** (သိရီသဒ္ဓမ္မဃောသမဟာရာဇဂုရု) အရှင်၏ စီရင်ညွှန်ပြချက်အရ ဂူတော်သစ် ပဋ္ဌာန်းဇရပ်တွင် ပဋ္ဌာန်းတရားဟောကြားနာယူကြရသည်။ ထိုနှစ်ကဆုန်လပြည့် ကျော် ရှစ်ရက်နေ့မှစ၍ မြန်မာဘုန်းတော်ကြီးများက ဦးစွာဟောကြားရသည်။ ထို့နောက် နယုန်လဆန်းတရက်နေ့မှစ၍ မွန်ဘုန်းတော်ကြီးများက ဟောကြား ရသည်။ ပဋ္ဌာန်းဓမ္မသဘင်ပွဲကြီးကို ဝံ့ချီးဆင်ယင်၍ ပြည်ခွင်အလုံး စုရုံးနာယူ ပူဇော်ခဲ့ကြသည်ကို တွေ့ရပေသည် [၂]။

ယခုကာလ ဓမ္မကထိကလောကတွင် "အဘိဓမ္မာမှမပါလျှင် တရားပင်မမည်ရာ သောကြောင့်" တရားဟောအပြီး (ဤသည်ကား သုတ္တန်ဒေသနာတော်မြတ် ဖြစ်ချေသည်။ အလွန်တရာ ကြားနာရခဲလှစွာသော အဘိဓမ္မာဒေသနာတော် မြတ်သည်ကား-ဟု စကားချီးကာ) "ကုသလာဓမ္မာ အကုသလာဓမ္မာ"မျှလောက် ကိုသာ တရားနားကွပ်၍ အဘိဓမ္မာတပ်ကြသည့် မကောင်းသောအကျင့်သည်

---

၁။ "ပညာရှိသူတော်ကောင်းတို့၏ ကြောင်းရာထိန်မြိုး ဂုဏ်ကျေးဇူးကို ကြားဘူးရုံ မျှနှင့် တခါတခဏ ဖြစ်ပေါ်ရသော သောမနဿ ပီတိသည် လူမင်း၏ဘဝခုနစ် ကြိမ်, နတ်မင်း၏ ဘဝခုနစ်ကြိမ် ခံစားရသည်" ဆိုသော "အရုဏဝတီသုတ် ဒေသနာ" သည် ဤဖြစ်ရပ်မှန်ကို ဖော်ပြရသော စေတနာ၏ အကြောင်းရင်း အခြေခံရာ ပဒဋ္ဌာန်ဖြစ်ပါသည်။

၂။ မောင်းထောင်မဟာဓမ္မသင်္ကြံ (မင်းတိုင်ပင်အမတ်ကြီး)၏ သာသနာလင်္ကာရ (၁၇၀),မောင်းထောင်အရှင်ပညာသာမိ(ရာဇဂုရု)၏"သာသနဝံသပ္ပဒီပိကာ" (ပါဠိရေး)နှင့် ဘုရားဖြူ ဆရာတော် အရှင်ရာဇိန္ဒ၏ "သာသနဗဟုဿုတပ္ပ ကာသနီကျမ်း" (၉၅)၌ ရှုကြပါကုန်။

အတော်ပင် သန့်ရှင်းလာခဲ့ပြီ။ "အဘိဓမ္မာသတ်"ဆိုသော စကား၌ ပညတ်သွားရာ ဓာတ်သက်မပါစေသင့်။ (အချိန်မီ ပြုပြင်နိုင်ကြပါစေသတည်း)။

အမှန်အားဖြင့် ဓမ္မကထိကဟူသည် အဘိဓမ္မာကို မဟောကြားနိုင်, မဟောကြားပါက ဓမ္မကထိကအတုမျှသာ ဖြစ်၏။ အဘိဓမ္မာတတ် ပညာရှင်သည်ကား ဟောပင် မဟောကြားစေကာမူ ("ဥက္ကဋ္ဌေ သူရမိစ္ဆန္တိ" ဟူသကဲ့သို့) ပြဿနာပေါ်လာလျှင် ဖြေရှင်းရန် အသင့်ရှိနေသောကြောင့် တကယ့်ဓမ္မကထိက အစစ်ဖြစ်သည်ဟု ဓမ္မသင်္ဂဏီအဋ္ဌကထာ နိဒါနကထာ (၃၀)၌ အောက်ပါအတိုင်း ပြဆိုထားပေသည်။ (ဓမ္မကထိကစစ်စစ်များ ဖြစ်ထွန်းပေါ်ပေါက်လာကြ ပါစေသတည်း)။

"အာဘိဓမ္မိကဘိက္ခူယေဝ ကိရ ဓမ္မကထိကာ နာမ၊ အဝသေသာ ဓမ္မကထံ ကထေန္တာပိ န ဓမ္မကထိကာ။ ကသ္မာ။ တေ ဟိ ဓမ္မကထံ ကထေန္တာ ကမ္မန္တရံ ဝိပါကန္တရံ ရူပါရူပပရိစ္ဆေဒံ ဓမ္မန္တရံ အာလောဠေတွာ ကထေန္တိ။အာဘိဓမ္မိကာ ပန ဓမ္မန္တရံ န အာလောဠေန္တိ။တသ္မာ အာဘိဓမ္မိကော ဘိက္ခု ဓမ္မံ ကထေတု ဝါ မာ ဝါ၊ ပုစ္ဆိတကာလေ ပန ပဉှံ ကထေဿတီတိ အယမေဝ ဧကန္တဓမ္မကထိကော နာမ ဟောတိ"။ ။

**အဖွဲ့၏ကိုယ်စား ကြိုတင်ပန်ကြားချက်**

အဘိဓမ္မာပညာရှင်တို့ သန့်စင်ပေါက်ဖွားလာစေရန်အခြေခံလက်နက်ကောင်းကြီးကား အခြားမဟုတ်။ ဤပဋ္ဌာန်းအရကောက်နှင့်တကွသော "အဘိဓမ္မာ မြန်မာအဋ္ဌကထာကြီးများ"ပင်ဖြစ်၏။ အဘိဓမ္မာ သာသနာတွင် ဤကျမ်းစာကြီးများသည် အချက်အချာဖြစ်သည့်အတိုင်း ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးသည် ဦးစီးကြပ်မှုကာ ပွတ်သစ်စ ခရုသင်းကဲ့သို့ သန့်ရှင်းသော စာတော်မူဖြစ်စေရန် အောက်ပါတပည့်များဖြင့် ကြိုးစားပြင်ဆင်တော်မူခဲ့လေသည်။

၁။ ဦးကောသလ္လ (မစိုးရိမ်ကထိက ဓမ္မာစရိယ)။
၂။ ဦးဥတ္တမာနန္ဒာစရိယ (မစိုးရိမ်ကထိက ဓမ္မာစရိယ)။
၃။ ဦးတေဇောသာရ (မစိုးရိမ်ကထိက သက်ျ, ဓမ္မာစရိယ)။
၄။ ဦးကောလိနိယ (မစိုးရိမ်ကထိက ဓမ္မာစရိယ)။

ယင်းသို့ပြင်ဆင်ကြရာ၌(စာရေးသူအပါအဝင်ဖြစ်သော)ဖော်ပြပါ ပဋိဝိသောဓက နှင့် သြသာနသောဝေယျပတ္တာပါဌက အဖွဲ့ဝင်များသည် ဆရာတော်ဘုရားကြီး၏ ဉာဏ်သွားရှထက် မိန့်ကြားချက်များကို အက္ခရာတင် သရုပ်ဖော်သူများပင်ဖြစ်ကြပေသည်။

သို့ရာတွင် (**"ရဟန္တာမှ၊ ပမာဒဖြင့်၊ ယွင်းခွသိမ်းယို၊ ရှိသကိုမို့" ဟူသကဲ့သို့**) ချွတ်ယွင်းချက်များအားလုံးကား စင်ကောင်းမှစင်ပေမည်။ အကယ်၍တွေ့ရှိပါမူ စာပြင်ရာ၌ စာအုပ်နှင့်မျက်နှာ, အက္ခရာနှင့်မျက်စိ ကြည့်ရှုပေါင်းဆုံရန်မတတ်နိုင်လောက်အောင် သက်ရွယ်တော်ကြီးမားလှပြီဖြစ်သော သက်တော်ရှည် ဆရာတော်ဘုရားကြီး၌ အပြစ်ရှုတော်မမူဘဲ စာရေးသူ အဝင်အပါဖြစ်သောပုဂ္ဂိုလ်များ၏ ချွတ်ယွင်းချက်မျှသာဖြစ်သည်ဟု ယူဆကြစေလိုပါသည်။

ယင်းသို့ပြင်ဆင်, ပုံရိုက်ကြရာ၌လည်း ပြင်ဆင်မှုနှင့် ပုံနှိပ်ဆိုင်ရာ တာဝန်ခံများသည် အတတ်နိုင်ဆုံးသော ဝီရိယစံချိန်ကို အမြင့်ဆုံးနံပါတ်ဂဏန်းအထိ မြှင့်တင်ကာ ကြိုးစားခဲ့ကြသည်ကို အထူးဖော်ပြရန်မလိုပေ။ သို့ရာတွင် ဤကျမ်းစာများသည် ပဋ္ဌမပြန်အောင်ပန်းဆင် အရှင်မြတ်တို့၏ အောင်ပွဲသဘင်သို့ တက်သုတ်နှင်ပြေးလွှားနေချိန်ဖြစ်သောကြောင့် အချိန်၏ခွင့်ပြုချက်ကို များများမရရှိကြသဖြင့် အတော်ပင် ကသီလင်တဖြစ်ကာ အချိန်မီကြိုးစားခဲ့ကြရပေသည်။ ဤသည်ကိုထောက်ဆခြင်းအားဖြင့် စန္ဒမဏ္ဍလင် လဝန်းပြင်၌ ထင်ကျန်သော အမဲစက်ကဲ့သို့ စွဲကွက်ထင်ကျန်မှုများရှိနေပါမူ ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယူဆယုံကြည်ပါကြောင်း။

**ဤကျမ်းစာနှင့် အနာဂတ်ရေးမြှော်လင့်ချက်**

နိဂုံးချုပ်အားဖြင့် ပဋ္ဌိသမ္ဘိဒါဉာဏ်၏ အခြေခံဖြစ်၍ ဉာဏ်ပြဋ္ဌာန်းသောဤအဘိဓမ္မာဒေသနာများကို လေ့လာလိုက်စားကြရသဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်, နာမရူပပရိစ္ဆေဒဉာဏ်များရင့်သန်ကြစေရာသည်။ ကဿပဘုရားရှင်လက်ထက်တော်အခါ၌ ကောင်းကျိုးဆိုးပြစ် (သုက္က, ကဏှ) ကိုမျှ မသိကြဘဲလျက် အဘိဓမ္မာတရားသံကို နာခံဝင်စား ကြားခဲ့မိသော လင်းနို့ သားငါးရာသည်။ ထိုဘဝမှစုတေကာ တာဝတိံသာ၌ နတ်အဖြစ်ခံယူခွင့်ရကြလေသည်။ ထိုမှတဖန် ငါတို့ဘုရားရှင်လက်ထက်တော်အခါတွင် ရှင်သာရိပုတြာ၏တပည့်များဖြစ်လှာ၍ အဘိဓမ္မာကို ဦးစွာသင်ယူကာ ဥပနိဿယ, နာနာက္ခဏိကကမ္မစေတနာဖြင့် အဘိဓမ္မာအရသာကို ကောင်းစွာခံစားခွင့်ရခဲ့ကြပါလေသည်။ ယနေ့အဘိဓမ္မာသုတေသီများလည်း ဤအရကောက်သင်းဘောကြီးဖြင့် ကျယ်ပြောနက်ဝှမ်းသည့် ပဋ္ဌာန်းအဏ္ဏဝါပြင်၌ လျင်စွာဖြတ်သန်း၍ **ကမ်းတဖက်ရောက်** ပါရဂူ မြောက်သည်အထိ အဘိဓမ္မာ မြိုက်ရည်ကို ရှင်ကြည်စွာသောက်သုံးနိုင်ကြပါစေသတည်း။

**မောင်းထောင် အရှင်ကောလိနိယ**

**သီရိမင်္ဂလာ ကမ္ဘာအေး**

**အဘိဓမ္မာနေ့ ၁၃၂၀-ပြည့်နှစ်။**

**ပုစ္ဆာဝါရ** ယခုဖော်ပြတ္တံ့သော ပုစ္ဆာရေတွက်ပုံ ဂဏန်းများမှာ ပဋ္ဌာန်း **မြောက်ပွါးပုံ အဋ္ဌကထာပုစ္ဆာဝါရ၌** ဖွင့်ပြသော နည်းအရ ပါဠိတော်ကိုမှီး၍ **ရည်ညွှန်းချက်** အသီးအသီးခွဲခြားကာတွက်ပြထားသောမြောက်ပွါးပုံများဖြစ်ပါ သည်။ ပါဠိတော်ဟောစဉ် ဒေသနာက္ကမကို ဦးစွာစောက်ချပြီးနောက်ပဋ္ဌာန်း အသီးအသီး၌ပင် နည်းပေါင်းစုံ ရနိုင်သမျှသော ဂဏန်းများကို အားလုံးစုံ တွက်ချက်ဖော်ပြထားပါသည်။ ပဋ္ဌာန်း (၂၄) ကျမ်းစလုံး၌ အရနိုင်ဆုံးသော ဂဏန်းများကိုလည်း နောက်ဆုံးအကွက်ပုံစံ၏ အောက်ခြေအဘန့်တွင် သီးသန့် သွင်ပြင်ဖြင့် ဖော်ပြထားသည်ကိုတွေ့ရှိရပါမည်။

သို့သော် ယခုဖော်ပြပါ ပုစ္ဆာရေတွက်ပုံမှာ အဋ္ဌကထာနည်းသက်သက်မျှသာ တွက်ချက်ထားခြင်းဖြစ်ပါသည်။ **ပဋ္ဌာန်းမူလဋီကာ** (၁၈၉-မှ-၁၉၂ အထိ စာ မျက်နှာ)၌မူ အဋ္ဌကထာနှင့်မတူလှဘဲ တမူတွက်ချက်၍ဖော်ပြထားသည်ကို တွေ့ရှိ ရပါသည်။ ဋီကာနည်းအရ ပဋ္ဌာန်း(၂၄) ကျမ်းလုံးအတွက် နောက်ဆုံးရပုစ္ဆာ ပေါင်း ဂဏန်းမှာ (၃၈၈၇၇၈၇၃၁၃၃၄၄) ကုဋေပေါင်း **သုံးသောင်း ရှစ်ထောင့် ရှစ်ရာ့ခုနစ်ဆဲ့ခုနစ်ကုဋေ ရှစ်သန်း ခုနစ်သိန်း တသောင်း သုံးထောင့် သုံးရာ့ လေးဆဲ့ လေး တိတိ** ရရှိကြောင်း အောက်ဖော်ပြပါ ဂါထာဖြင့် သိရှိရပါသည်။

(၁) တာ စတုဂုဏိတာ ပုစ္ဆာ၊ စတုပ္ပဘေဒေ သမန္တပဋ္ဌာနေ။
စတုစတ္တာလီသ သတတ္တယံ၊ သဟဿာနိ တေရသ စ။ ။

(၂) သတ္တာသီတိ စ လက္ခာနံ၊ ကောဋီနဥ္စ သတ္တ သတ္တတိယော။
ဟောန္တိ့ဋ္ဌသတာနိ့ဋ္ဌ၊ တိံ သသဟဿာနိ ဣတိ ဂဏနာ။ ။

[ပဋ္ဌာန်းကျမ်း အသီးအသီး၌ နည်းပေါင်းများစွာဖြင့် ရနိုင်သမျှသော ပုစ္ဆာ ဂဏန်းများကို ယခုကဲ့သို့တိကျစွာ ဖော်ပြနိုင်စွမ်းရန် အဋ္ဌကထာ ဖွင့်ချက်နှင့် ဒေသနာက္ကမပါဠိတော်အသွားကို အထူးစိတ်ဝင်စားစွာဖြင့် ကြိုးစား အချိန်ယူ ကာ အကွက်ပုံစံပြုလုပ်ပြီးလျှင် တွက်ချက်၍ ကူညီပေးတော်မူသော (**မစိုးရိမ် ကထိက ဓမ္မာစရိယ) ဦးကောသလ္လ (လေး)** ကား အထူးကျေးဇူး ဥပကာရ ကြီးမားလှပါကြောင်းဖော်ပြအပ်ပါသည်]။

# အဋ္ဌကထာနည်းအရ ပဋ္ဌာန်းပုစ္ဆာဝါရရေတွက်ပုံ

## ( ၁ ) တိက ပဋ္ဌာန်းပုစ္ဆာဝါရ မြွောက်ပွါးနည်း အကွက်ပုံစံ

ဟေတုပစ္စည်း

| | | | | | | | | | | ပဒ | ပဒါဝသာန | ပေါင်း | ပစ္စည်း | ဒုကမှ သဗ္ဗမူလကထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | | | | | | ၁ | ၁ | ၇ | ၆ | =၇ | ×၇ | =၄၉ | ×၂၄ | |
| ဒုမူလကာဒ် | | | | | ၁ | ၃ | ၅ | ၂ | ၄ | =၇ | ×၇ | =၄၉ | | ×၂၇၆ |
| ကေမူလကာဒ် | | | | | ၁ | ၄ | ၇ | ၀ | ၀ | = ၁,၁၇၆+၁၃,၅၂၄ | | | | |
| ကုသလတ်ိက် အနုလုံ | | | | ၃ | ၅ | ၂ | ၈ | ၀ | ၀ | = ၁၄,၇၀၀ × ၂၄ | | | | |
| ၂၂,တိက် အနုလုံ | | | ၇ | ၇ | ၆ | ၁ | ၆ | ၀ | ၀ | = ၃၅၂,၈၀၀ × ၂၂ | | | | |
| ။ ။ ချုပ် | | ၅ | ၄ | ၃ | ၃ | ၁ | ၂ | ၀ | ၀ | = ၇,၇၆၁,၆၀၁ × ၇(ဝါရကြီး ၇) | | | | |
| ။ ပစ္စနိက် ။ | | ၅ | ၄ | ၃ | ၃ | ၁ | ၂ | ၀ | ၀ | = ၇,၇၆၁,၆၀၀ × ၇ ။ | | | | |
| အနုလောမ ပစ္စနိက် | | | | ၃ | ၂ | ၄ | ၅ | ၇ | ၆ | = ၁၃,၅၂၄ × ၂၄ | | | | |
| ၂၂,တိက် အနုလောမ ပစ္စနိက်ချုပ် | | ၄ | ၉ | ၉ | ၈ | ၄ | ၇ | ၀ | ၄ | = ၃၂၄,၅၇၆ × ၂၂ = ၇,၁၄၀,၆၇၂ × ၇ | | | | |
| ။ ပစ္စနိယာနုလောမချုပ် | | ၄ | ၉ | ၉ | ၈ | ၄ | ၇ | ၀ | ၄ | = ။ | | | | |
| ဓမ္မာနုလုံ | ၂ | ၀ | ၈ | ၆ | ၃ | ၁ | ၈ | ၀ | ၈ | = ၅၄,၃၃၁,၂၀၀+၅၄,၃၃၁,၂၀၀+<br>၄၉,၉၈၄,၇၀၄+၄၉,၉၈၄,၇၀၄ | | | | |
| တိက ပဋ္ဌာန်း ပုစ္ဆာပေါင်း | ၈ | ၃ | ၄ | ၅ | ၂ | ၇ | ၂ | ၃ | ၂ | = ၂၀၈,၆၃၁,၈၀၈ × ၄ (ဓမ္မာဒိ ၄) | | | | |

[ပဋ္ဌာန်းအဋ္ဌကထာ ၃၉၄-မှ ၄၀၄-နှင့် ၄၀၆-မှ ၄၁၀-ထိရှု]

# ( ၂ )　ဒုကပဋ္ဌာန်း ပုစ္ဆာဝါရ မြောက်ပွါးနည်း,အကွက်ပုံစံ

| | | | | | | | | | | ဟေတုဒုက် ပုစ္ဆာ / ပစ္စည်း — ဒုကမှ သဗ္ဗမူလကထိ |
|---|---|---|---|---|---|---|---|---|---|---|
| ဟေတုဒုက် ကေမ္ဗုလက | | | | | | | ၂ | ၁ | ၆ | = ၉ × ၂၄ |
| ။ ဒုမ္ဗုလကာဒိ | | | | | | ၂ | ၄ | ၈ | ၄ | = ၉ × ၂၇၆ |
| ။ ကေမ္ဗုလကာဒိ | | | | | | ၂ | ၇ | ၀ | ၀ | = ၂၁၆+၂,၄၈၄ |
| ။ အနုလုံ | | | | | ၆ | ၄ | ၈ | ၀ | ၀ | = ၂,၇၀၀ × ၂၄ |
| ဒုက်တရာဠ္ဌ ။ | | | ၆ | ၄ | ၈ | ၀ | ၀ | ၀ | ၀ | = ၆၄,၈၀၀ × ၁၀၀ |
| ။ ။ ချုပ် | | ၄ | ၅ | ၃ | ၆ | ၀ | ၀ | ၀ | ၀ | = ၆,၄၈၀,၀၀၀ × ၇(ဝါရကြီး ၇) |
| ။ ပစ္စနိက် ။ | | ၄ | ၅ | ၃ | ၆ | ၀ | ၀ | ၀ | ၀ | = ။ |
| အနုလောမပစ္စနိက် | | | | | ၅ | ၉ | ၆ | ၁ | ၆ | = ၂,၄၈၄ × ၂၄ |
| ဒုက်တရာဠ္ဌ ။ | | | ၅ | ၉ | ၆ | ၁ | ၆ | ၀ | ၀ | = ၅၉,၆၁၆ × ၁၀၀ |
| ။ ။ ချုပ် | | ၄ | ၁ | ၇ | ၃ | ၁ | ၂ | ၀ | ၀ | = ၅,၉၆၁,၆၀၀ × ၇ |
| ။ ပစ္စနီယာနုလောမ ။ | | ၄ | ၁ | ၇ | ၃ | ၁ | ၂ | ၀ | ၀ | = ။ |
| ဓမ္မာနုလုံ | ၁ | ၇ | ၄ | ၁ | ၈ | ၂ | ၄ | ၀ | ၀ | = ၄၅,၃၆၀,၀၀၀+၄၅,၃၆၀,၀၀၀+၄၁,၇၃၁,၂၀၀+၄၁,၇၃၁,၂၀၀ |
| ဒုက ပဋ္ဌာန်း ပုစ္ဆာပေါင်း | ၆ | ၉ | ၆ | ၇ | ၂ | ၉ | ၆ | ၀ | ၀ | = ၁၇၄,၁၈၂,၄၀၀ × ၄(ဓမ္မာဒိ ၄) |

[ပဋ္ဌာန်းအဋ္ဌကထာ ၄၀၄-မှ ၄၀၅-ထိရှု]

## ( ၃ ) ဒုက တိကပဋ္ဌာန်းပုစ္ဆာဝါရ မြောက်ပွါးနည်း အကျက်ပုံစံ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဒုက ပဋ္ဌာန်း ဓမ္မာနုလုံ တတိကအတွက် | | | ၅ | ၂ | ၂ | ၅ | ၄ | ၇ | ၂ | ၀ | ၀ | = ၁၇၄,၁၈၂,၄၀၀ × ၃ |
| ဒုကပဋ္ဌာန်း ဓမ္မာနုလုံ ၂၂တိကအတွက် | ၁ | ၁ | ၄ | ၉ | ၆ | ၀ | ၃ | ၈ | ၄ | ၀ | ၀ | = ၅၂၂,၅၄၇,၂၀၀ × ၂၂ |
| ဒုက တိကပဋ္ဌာန်း ပုစ္ဆာပေါင်း | ၄ | ၅ | ၉ | ၈ | ၄ | ၁ | ၅ | ၃ | ၆ | ၀ | ၀ | = ၁၁,၄၉၆,၀၃၈,၄၀၀ × ၄ |

[ပဋ္ဌာန်းအဋ္ဌကထာ ၄၀၅-ဌ်ရှု]

## ( ၄ ) တိက ဒုက ပဋ္ဌာန်းပုစ္ဆာဝါရ မြောက်ပွါးနည်း အကျက်ပုံစံ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တိက ပဋ္ဌာန်း ဓမ္မာနုလုံ တဒုကအတွက် | | | | ၄ | ၁ | ၇ | ၂ | ၆ | ၃ | ၆ | ၁ | ၆ | = ၂၀၈,၆၃၁,၈၀၈ × ၂ |
| တိက ပဋ္ဌာန်း ဓမ္မာနုလုံ ဒုကတရာအတွက် | | ၄ | ၁ | ၇ | ၂ | ၆ | ၃ | ၆ | ၁ | ၆ | ၀ | ၀ | = ၄၁၇,၂၆၃,၆၁၆ × ၁၀၀ |
| တိက ဒုက ပဋ္ဌာန်း ပုစ္ဆာပေါင်း | ၁ | ၆ | ၆ | ၉ | ၀ | ၅ | ၄ | ၄ | ၆ | ၄ | ၀ | ၀ | = ၄၁,၇၂၆,၃၆၁,၆၀၀ × ၄ |

[ပဋ္ဌာန်းအဋ္ဌကထာ ၄၀၅- ၄၀၆- ဌ်ရှု]

## ( ၅ ) တိက တိက ပဋ္ဌာန်းဝါရ မြောက်ပွါးနည်း အကျက်ပုံစံ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တိက ပဋ္ဌာန်း ဓမ္မာနုလုံ တတိကအတွက် | | | ၆ | ၂ | ၅ | ၈ | ၉ | ၅ | ၄ | ၂ | ၄ | = ၂၀၈,၆၃၁,၈၀၈ × ၃ |
| တိကပဋ္ဌာန်း ဓမ္မာနုလုံ ၂၁,တိကအတွက် | ၁ | ၃ | ၁ | ၄ | ၃ | ၈ | ၀ | ၃ | ၉ | ၀ | ၄ | = ၆၂၅,၈၉၅,၄၂၄ × ၂၁ |
| တိက တိက ပဋ္ဌာန်း ပုစ္ဆာပေါင်း | ၅ | ၂ | ၅ | ၇ | ၅ | ၂ | ၁ | ၅ | ၆ | ၁ | ၆ | = ၁၃,၁၄၃,၈၀၃,၉၀၄ × ၄ |

[ပဋ္ဌာန်းအဋ္ဌကထာ ၄၀၆-ဌ်ရှု]

## ( ၆ ) ဒုက ဒုက ပဋ္ဌာန်း ပုစ္ဆာဝါရ မြှောက်ပွါးနည်း,အကွက်ပုံစံ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဒုက ပဋ္ဌာန်း ဓမ္မာနုလုံ တဒုက်အတွက် | | | | ၃ | ၄ | ၈ | ၃ | ၆ | ၄ | ၈ | ၀ | ၀ | = ၁၇၄,၁၈၂,၄၀၀ × ၂ |
| ဒုကပဋ္ဌာန်းဓမ္မာနုလုံ ၉၉,ဒုက်အတွက် | | ၃ | ၄ | ၄ | ၈ | ၈ | ၁ | ၁ | ၅ | ၂ | ၀ | ၀ | = ၃၄၈,၃၆၄,၈၀၀ × ၉၉ |
| ဒုက ဒုက ပဋ္ဌာန်း ပုစ္ဆာပေါင်း | ၁ | ၃ | ၇ | ၉ | ၅ | ၂ | ၄ | ၆ | ၀ | ၈ | ၀ | ၀ | = ၃၄,၄၈၈,၁၁၅,၂၀၀ × ၄ |

[ပဋ္ဌာန်းအဋ္ဌကထာ ၄၀၆-ဥ်ရှု]

## ပဋ္ဌာန်း ၂၄-ကျမ်း ပုစ္ဆာပေါင်းချုပ် အကွက်ပုံစံ

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | တိက ပဋ္ဌာန်း | | | | | ၈ | ၃ | ၄ | ၅ | ၂ | ၇ | ၂ | ၃ | ၂ |
| ၂ | ဒုက " | | | | | ၆ | ၉ | ၆ | ၇ | ၂ | ၉ | ၆ | ၀ | ၀ |
| ၃ | ဒုက တိက " | | ၄ | ၅ | ၉ | ၈ | ၄ | ၁ | ၅ | ၃ | ၆ | ၀ | ၀ |
| ၄ | တိက ဒုက " | ၁ | ၆ | ၆ | ၉ | ၀ | ၅ | ၄ | ၄ | ၆ | ၄ | ၀ | ၀ |
| ၅ | တိက တိက " | | ၅ | ၂ | ၅ | ၇ | ၅ | ၂ | ၁ | ၅ | ၆ | ၁ | ၆ |
| ၆ | ဒုက ဒုက " | ၁ | ၃ | ၇ | ၉ | ၅ | ၂ | ၄ | ၆ | ၀ | ၈ | ၀ | ၀ |
| ၁၈ပ။၆ | ပဋ္ဌာန်း(၂၄)ကျမ်း ပုစ္ဆာပေါင်းချုပ် | ၄ | ၀ | ၄ | ၉ | ၄ | ၈ | ၅ | ၃ | ၃ | ၂ | ၄ | ၈ |

# ပဋ္ဌာန်းအရကောက် မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁။ | ပဏာမပဋိညာဉ် | ၁ |
| ၂။ | ပစ္စယနိဒ္ဒေသ | ၃ |
| ၃။ | ပုစ္ဆာဝါရ | ၅၇ |
| | **၁-ပဋိစ္စဝိဿဇ္ဇနာဝါရ** | |
| ၄။ | အနုလောမ ဝိဘင်္ဂဝါရ | ၆၃ |
| ၅။ | အနုလောမ သုဒ္ဓသင်္ချာဝါရ | ၁၁၇ |
| ၆။ | အနုလောမ ဒုကာဒိသင်္ချာဝါရ | ၁၂၀ |
| ၇။ | ပစ္စနီက ဝိဘင်္ဂဝါရ | ၂၁၉ |
| ၈။ | ပစ္စနီက သုဒ္ဓသင်္ချာဝါရ | ၂၃၄ |
| ၉။ | ပစ္စနီက ဒုကာဒိသင်္ချာဝါရ | ၂၃၈ |
| ၁၀။ | အနုလောမ ပစ္စနီက ဒုကသင်္ချာဝါရ | ၂၄၄ |
| ၁၁။ | ပစ္စနီယာနုလောမ ဒုကသင်္ချာဝါရ | ၂၅၁ |
| | **၂-သဟဇာတဝိဿဇ္ဇနာဝါရ** | |
| ၁၂။ | အနုလောမာဒိ | ၂၅၉ |
| | **၃-ပစ္စယဝိဿဇ္ဇနာဝါရ** | |
| ၁၃။ | အနုလောမ ဝိဘင်္ဂဝါရ | ၂၆၃ |
| ၁၄။ | အနုလောမ သုဒ္ဓသင်္ချာဝါရ | ၂၇၄ |
| ၁၅။ | အနုလောမ ဒုကာဒိသင်္ချာဝါရ | ၂၇၅ |
| ၁၆။ | ပစ္စနီက ဝိဘင်္ဂဝါရ | ၂၈၃ |
| ၁၇။ | ပစ္စနီက သုဒ္ဓသင်္ချာဝါရ | ၂၉၀ |
| ၁၈။ | ပစ္စနီက ဒုကာဒိသင်္ချာဝါရ | ၂၉၀ |
| ၁၉။ | အနုလောမ ပစ္စနီက | ၂၉၂ |
| ၂၀။ | ပစ္စနီယာနုလောမ | ၂၉၄ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၄-နိဿယဝိသဇ္ဇနာဝါရ** | |
| ၂၁။ | အနုလောမာဒိ | ၂၉၇ |
| | **၅-သံသဋ္ဌဝိသဇ္ဇနာဝါရ** | |
| ၂၂။ | အနုလောမ ဝိဘင်္ဂဝါရ | ၂၉၉ |
| ၂၃။ | အနုလောမ သုဒ္ဓသင်္ချာဝါရ | ၃၀၁ |
| ၂၄။ | အနုလောမ ဒုကာဒိသင်္ချာဝါရ | ၃၀၁ |
| ၂၅။ | ပစ္စနိက ဝိဘင်္ဂဝါရ | ၃၁၀ |
| ၂၆။ | ပစ္စနိက သုဒ္ဓသင်္ချာဝါရ | ၃၁၃ |
| ၂၇။ | ပစ္စနိက ဒုကာဒိသင်္ချာဝါရ | ၃၁၄ |
| ၂၈။ | အနုလောမ ပစ္စနိက | ၃၁၉ |
| ၂၉။ | ပစ္စနိယာနုလောမ | ၃၂၀ |
| | **၆-သမ္ပယုတ္တဝိသဇ္ဇနာဝါရ** | |
| ၃၀။ | အနုလောမာဒိ | ၃၂၁ |
| | **၇-ပဉှာဝိသဇ္ဇနာဝါရ** | |
| ၃၁။ | အနုလောမ ဝိဘင်္ဂဝါရ | ၃၂၃ |
| ၃၂။ | အနုလောမ သုဒ္ဓသင်္ချာဝါရ | ၄၄၂ |
| ၃၃။ | အနုလောမ မိဿကသင်္ချာဝါရ | ၄၄၈ |
| ၃၄။ | ပစ္စယုဒ္ဓါရ | ၅၂၇ |
| ၃၅။ | ပစ္စနိက သုဒ္ဓသင်္ချာဝါရ | ၅၃၄ |
| ၃၆။ | ပစ္စနိက ဒုကာဒိသင်္ချာဝါရ | ၅၄၄ |
| ၃၇။ | အနုလောမ ပစ္စနိက | ၅၇၁ |
| ၃၈။ | ပစ္စနိယာနုလောမ | ၆၀၀ |
| ၃၉။ | ကျမ်းပြီးနိဂုံးဂါထာများ | ၆၁၃ |
| ၄၀။ | ဆုတောင်းဂါထာများ | ၆၁၇ |
| ၄၁။ | ပစ္စယာကာရဒီပနီသံပေါက် | ၆၁၉ |
| ၄၂။ | အနုဂဏ္ဌိ | ၆၂၃ |


မာတိကာ ပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

# ပဏာမ

အနန္တဉာဏသမ္ဗုဒ္ဓံ၊ ဓမ္မံ မောဟဝိဓံသကံ။
ဝန္ဒိတွာ ပဝရဂဏံ၊ အာစရိယဉ္စ မေ ဂုရုံ။ ။
(တတိယ နှ, ကာရ ဝိပုလာပထျာဝတ္တ)

ပေါရာဏေဟိ ကတာနေကာ၊ ကိဉ္စာပိ သန္တိ နိဿယာ။
သင်္ခေပတ္တာ စ ဝိညာတုံ၊ န သက္ကာ ဝရသတ္ထမံ။ ။
(ပထျာဝတ္တ)

တသ္မာဝိပဟံ ကရိဿာမိ၊ အနန္တနယနိဿယံ။
သိဿာနုသိဿ သိက္ခာတုံ၊ ကာမော ဇောတိံဝ သာသနံ။ ။
(ပထျာဝတ္တ)

အဟံ၊ ငါသည်။ အနန္တဉာဏံ၊ အဆုံးမရှိသော သဗ္ဗညုတဉာဏ်ရှိတော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ မောဟဝိဓံသကံ၊ မောဟကို ဖျက်ဆီးတတ်ထသော။ ဓမ္မဉ္စ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိဟုဆိုအပ် ဆယ်ပါးသောတရားတော်မြတ်ကိုလည်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ပဝရံ၊ မြတ်ထသော။ ဂဏဉ္စ၊ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထသံဃာတော်အပေါင်းကိုလည်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဂုရုံ၊ အရိုအသေအလေးအမြတ် ပြုအပ်သော။ မေ၊ ငါ၏။ အာစရိယဉ္စ၊ ဆရာကိုလည်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

[ပဝရဂဏံ၌ "အရိယသစ္စာနဒဿနံ"ကဲ့သို့ ဆန္ဒာနုရက္ခဏာ အလို့ငှါ နိဂ္ဂဟိတလောပတည်း]။

ပေါရာဏေဟိ၊ ရှေးဆရာမြတ်တို့သည်။ ကတာ၊ ပြုအပ်ကုန်သော။ အနေကာ၊ များစွာကုန်သော။ နိဿယာ၊ နိဿယတို့သည်။ ကိဉ္စာပိ သန္တိ၊ အကယ်၍ကား

---

[မှတ်ချက်။ ။ဤပဏာမဂါထာများကား ဤအရကောက် ဆရာတော်ဘုရားကြီးပင် ရေးသားတော်မူခဲ့သော ပါဠိတော်နိဿျမှ ကူးယူထည့်သွင်းလိုက်သည်။ ယခုအရကောက် များတွင် နိဂုံး သာပ၊ါလျက် ပဏာမ, မပါရှိခြင်းကား အဆက်ဆက်ရေးကူးရာ၌ ကျ, ပျောက်ဟန်တူသည်]။

ရှိကုန်၏ရှင့်။ ပနတထာပိ၊ ထိုသို့ပင်ရှိငြားသော်လည်း။ တေသံ နိဿယာနံ၊ ထိုနိဿယတို့၏။ (တ္တာသမ္ဗန်ထည့်၊) သခေ်ပတ္တာစ၊ ကျဉ်းသောကြောင့်ရှင်း။ ပမာဒလေခတ္တာစ၊ မေ့လျော့၍ ရေးမှားသောကြောင့်ရှင်း။ သတ္တမံ-သတ္တမဿ၊ ခုနစ်ကျမ်းမြောက်သော။ ပဋ္ဌာနဝရံ-ပဋ္ဌာနဝရဿ၊ ပဋ္ဌာန်းကျမ်းမြတ်၏။

["ပဒမတော"ကဲ့သို့ ပဋ္ဌာနသဒ္ဒါ ကြေသတည်း။ "ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ"ဖြင့် ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ်သက်။ "အရိယသစ္စာန ဒဿနံ"ကဲ့သို့ ဆန္ဒာနုရက္ခဏအလို့ငှါ နိဂ္ဂဟိတ်ကြေသတည်း]။

သိဿာနုသိဿာ၊ တပည့်အဆက်ဆက်တို့သည်။ အတ္ထံ၊ အနက်ကို။ ဝိညာတုံစ၊ သိအံ့သောငှါရှင်း။ သိက္ခာတုံစ၊ သင်အံ့သောငှါရှင်း။ သိက္ခာပေတုံစ၊ သူတပါးကို သင်စေခြင်းငှါရှင်း။ ယသ္မာ၊ အကြင့်ကြောင့်။ နသက္ကာ၊ မတတ်နိုင်။ တသ္မာ၊ ထိုကြောင့်။ သာသနံ-သာသနဿ၊ သာသနာ တော်၏။ ဇောတိံ၊ ထွန်းလင်း တောက်ပခြင်းကို။ ကာမောဝ-ကာမော ဧဝ၊ အလိုရှိသည်ဖြစ်၍သာလျှင်။

[ဧဝသဒ္ဒါဖြင့် အတ္တုက္ကံသန, ပရဝမ္ဘနအစရှိသော အညစ်အကြေးကိုကန့်] အနန္တနယနိဿယံ၊ အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်း နိဿယကို။ ကရိဿာမိ၊ စီရင်ပေအံ့။

[သခေ်ပတ္တာနောင် စ သဒ္ဒါကား သခေ်ပတ္တာ နောင်သာယှဉ်သော် အယောဂတည်း။ "နိပါတော ဟိ အနေကတ္ထော"ဟု ဆရာတို့ ဆိုသော ကြောင့် ပမာဒလေခ, အက္ခရဝိပတ္တိလေခ အစရှိသည်ကို ဆည်းသတည်း။ "သခေ်ပတ္တာ"နောင် မယှဉ်မူ၍ ဝိညာတုံ နောင်သာ ယှဉ်သော် အညယောဂတည်း။ ထိုစသဒ္ဒါဖြင့် "သိက္ခာတုံ-သိက္ခာပေတုံ"အစရှိသည် ကို ဆည်းသတည်း။ "သခေ်ပတ္တာ" နောင်၌ရှင်း ဝိညာတုံ နောင်၌ရှင်း ယှဉ်သော် အစ္စန္တ သံယောဂတည်း။ ထိုစ-သဒ္ဒါဖြင့် ယခင်ဆိုခဲ့ပြီးသော အနက်နှစ်ပါးကို ဆည်းသတည်း။ ။ပဏာမပြီး၏။

# ပဋ္ဌာန်းအရကောက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပစ္စယနိဒ္ဒေသ

### ဟေတုပစ္စည်း

ပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထို ပစ္စယနိဒ္ဒေသ၌တံသော်လည်း ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသ, အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသ,အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထိုနှစ်ဆဲ့လေးပါးတို့တွင် ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌တံသော်လည်း နိဒ္ဒိသိတဗ္ဗ, နိဒဿနာကာရ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထို နှစ်ပါးတွင် နိဒ္ဒိသိတဗ္ဗကို ရှေးဦးစွာဟောတော်မူ၏။ **ဟောဟန်ကား** "ဟေတုပစ္စယောတိ"ဟူသည်တည်း။ ထို့နောင် နိဒဿနာကာရကို ဟောတော်မူ၏။ **ဟောဟန်ကား** "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"ဟူသည်တည်း။

ပစ္စယုဒ္ဒေသေ၊ ပစ္စည်းတို့ကို အကျဉ်းပြရာ၌။ ယော-ယာဒိသော၊ အကြင်သို့ သဘောရှိသော။ ပစ္စယော၊ ပစ္စည်းကို။ ဟေတုပစ္စယောတိ၊ ဟေတုပစ္စယောဟူ၍။ ဘဂဝတာ၊ သည်။ ဥဒ္ဒိဋ္ဌော၊ အကျဉ်းပြတော်မူအပ်ပြီ။ သော-တာဒိသော၊ ထိုသို့ သဘောရှိသော။ပစ္စယော၊ကို။ပစ္စယနိဒ္ဒေသေ၊ပစ္စည်းတို့ကို မကျဉ်းမကျယ်ပြရာ၌ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောတိ၊ဟေတူ။ပ။ပစ္စယော"ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌော၊ မကျဉ်းမကျယ် ပြတော်မူအပ်ပြီ။ ဟေတူ၊ ဟိတ်ခြောက်ပါးတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သဟိတ်စိတ် စေတသိက်တတိ, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထို ဟိတ်,ဟိတ်နှင့်ယှဉ်သောစိတ်, စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း။ ဟေတုပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

ထိုပါဠိတို့တွင် "ဟေတုပစ္စယော"ဟူသော ပါဠိဖြင့် နိဒ္ဒိသိတဗ္ဗဓမ္မကို ပြတော်မူ၏။ ။"ဟေတူ ဟေတုသမ္ပယုတ္တကာနံ။ပ။ ပစ္စယော"ဟူသောပါဠိဖြင့် နိဒဿနာကာရကို ပြတော်မူ၏။ ။ထို နိဒဿနာကာရပါဠိတို့တွင်"ဟေတူ" ဟူသော ကတ္တားပါဠိဖြင့် ဟိတ်ခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။"ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော သမ္ပဒါန်ပါဠိဖြင့် သဟိတ်စိတ်စေတသိက်, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။"ဟေတုပစ္စယေန" ဟူသော ကရိုဏ်းပါဠိဖြင့် တပိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ဣန္ဒြိယ၊မဂ္ဂ၊သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊အဝိဂတ ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ (သဘာဂအတိုင်း)။

တနည်းကား "ဟေတုပစ္စယေန"ဟူသော ကရိုဏ်းပါဠိဖြင့်—

(၁) သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့။ ဟေတု၊ သဟဇာတ၊ နိဿယ၊အတ္ထိ၊အဝိဂတ၊ ဤငါးပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၂) သမ္ပယုတ္တခန္ဓာ, ဟဒယဝတ္ထုအား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၃) သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၄) သဟိတ်စိတ္တဇရုပ်,သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့။ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဂဝိတ၊ဤခြောက်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကိုပြတော်မူ၏။ (**အဝိပါကလေးချက်**)။

(၁) သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်,သဟိတ်ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ဝိပါက်ဟိတ်သုံးပါးဖြစ်အံ့။ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ။

(၂) သမ္ပယုတ္တခန္ဓာ, ဟဒယဝတ္ထုအားတပ်သော ဝိပါက်ဟိတ်သုံးပါးဖြစ်အံ့။ (အညမညထည့်၍) ခုနစ်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။ ။

(၃) သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဝိပါက်ဟိတ်သုံးပါးဖြစ်အံ့။ (အညမည၊ သမ္ပယုတ္တထည့်၍) ရှစ်ပစ္စယ။ပ။သ။

(၄) စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ်သုံးပါးဖြစ်အံ့။ (ဝိပ္ပယုတ္တထည့်၍) ခုနစ်ပစ္စယ။ ပ။သ။

(၅) ဟဒယဝတ္ထုအား တပ်သော သဟိတ်ပဋိသန္ဓေဝါကာရ ပဋိသန္ဓေ ဟိတ် သုံးပါးဖြစ်အံ့။ (အညမည၊ ဝိပ္ပယုတ္တ ထည့်၍) ရှစ်ပစ္စယ။ပ။ သ,ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ (**သဝိပါကငါးချက်**) ပေါင်း သာမည ဃဋနာ ကိုးချက်။ (ဤနည်းတူ သဗ္ဗဣန္ဒြိယမဂ္ဂ၌ ကိုးချက်။ ။သာဓိပတိ ဣန္ဒြိယမဂ္ဂ၌ ခြောက်ချက်။ ပစ္စည်းပြိုင် ရာသိစုအတိုင်း အလေ့အလာပြု၍ဆိုလေ။ သို့မှ ဃဋနာ၌ လွယ်မည်)။

["ဟေတုသမ္ပယုတ္တကာနံ"ဟူ၍မဟောမူ၍ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ"ဟု ဟောတော်မူခြင်းသည်ကား အဟိတ် စိတ္တုပ္ပါဒ်သည်လည်း သမ္ပယုတ္တပစ္စည်း သာမညဖြစ်ရကား ထိုအဟိတ်စိတ္တုပ္ပါဒ်ကို စင်စေလို၍ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ" ဟု ဟောတော်မူသည်။ ထို့ကြောင့် အဋ္ဌကထာ (၃၅၄)၌"အထာပိ ဟေတုနာ သမ္ပယုတ္တကာနံ ဟေတုသမ္ပယုတ္တကာနန္တိ အတ္ထံ အဂ္ဂဟေတွာဝ ယေသံ ကေသဉ္စိ သမ္ပယုတ္တကာနံ ဟေတူ ဟေတုပစ္စယေန ပစ္စယောတိ အတ္ထော ဘဝေယျ၊ ဧဝံ သန္တေ ဟေတုနာ ဝိပ္ပယုတ္တာ စက္ခုဝိညာဏာဒယောပိ သမ္ပယုတ္တကာယေဝ ဟေတုနာ သမ္ပယုတ္တာ ကုသလာဒယောပိ။ တတ္ထ အယံ ဟေတု အသုကဿနာမ သမ္ပယုတ္တကဓမ္မဿ ပစ္စယောတိ ပစ္စယုပ္ပန္နဝဝတ္ထာနံ နပညာယေယျ။တသ္မာ ပစ္စယဉ္စေဝ ပစ္စယုပ္ပန္နဉ္စ ဝဝတ္ထာပေန္တော ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ အာဟ"ဟု မိန့်အပ်၏။ ။"တေ ဟေတူစေဝ ဟေတုသမ္ပယုတ္တကာစ ဓမ္မာ သမုဋ္ဌာနံ တေသန္တိ တံသမုဋ္ဌာနာနိ"။ ။တေသံ၊ ထိုသဟိတ် စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ တေ ဟေတူစေဝ၊ ထိုဟိတ်ခြောက်ခုတို့သည်၎င်း။ ဟေတုသမ္ပယုတ္တကာ ဓမ္မာစ၊ ဟိတ်နှင့်ယှဉ်သော စိတ် စေတသိက်တို့သည်၎င်း။သမုဋ္ဌာနာ၊ ဖြစ်ကြောင်းတို့သည်။အတ္ထိ၊ ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။တေ၊ ထိုသဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့သည်။ တံသမုဋ္ဌာနာနိ၊ တံသမုဋ္ဌာန မည်ကုန်၏။ ထို့ကြောင့် အဋ္ဌကထာ (၃၅၄)၌ "တေ ဟေတူ စေဝ ဟေတုသမ္ပယုတ္တကာ စ ဓမ္မာ သမုဋ္ဌာနာ တေသန္တိ တံသမုဋ္ဌာနာနိ။ တေသံ တံသမုဋ္ဌာနာနံ၊ ဟေတုတောစေဝ ဟေတုသမ္ပယုတ္တဓမ္မေဟိစ နိဗ္ဗတ္တာနန္တိ အတ္ထော"ဟုမိန့်ဆိုတော်မူ၏။ ။

စိတ္တဇရုပ်ဆိုလျှက် အဘဲ့ကြောင့် စေတသိက်ကြောင့် ဖြစ်သောရုပ်ကို
စိတ္တဇရုပ် ဆိုအပ်သနည်း။ "သဗ္ဗေပိဟိ စိတ္တစေတသိကာ စေတော
ဟုတွာ ရူပံ သမုဋ္ဌာပေန္တိ။ လောကိယမ္မဒေသနာယံ ပန စိတ္တဿ
အဓိကဘာဝတော တထာဝိမံ ရူပံ စိတ္တသမုဋ္ဌာနန္တိ ဝုစ္စတိ" (အဋ္ဌကထာ
၃၅၅)။

တသမုဋ္ဌာနာနံဟု မဟောမူ၍ တံသမုဋ္ဌာနာနံဟု တဉ် နိဂ္ဂဟိတ်နှင့်
ဟောတော်မူခြင်းသည် ယသဒ္ဒါ၊ တသဒ္ဒါနှင့် သမာသ်တွဲရာ၌ နိဂ္ဂဟိတ်
သော်လည်း ရှေး၌လာရာ၏။ ဒွေးဘော်သော်လည်း နောက်၌ရောက်ရာ
၏ဟုမှတ်ရာ၏။ ။ထို့ကြောင့် ဆရာတို့လည်း-

"ယ တ သဒ္ဒသမာသမှိ၊ သဒ္ဒိံ ပရပဒေန စေ။
နိဂ္ဂဟိတာဂမော ပုဗ္ဗေ၊ ဒွေဘာဝေါ ဝါ ပရေ သိယာ"
ဟု ဆိုကုန်။ ။

သဟဇာတရုပ် ဟူသည်ကား ပဝတ္တိအခါ စိတ္တဇရုပ် ပဋိသန္ဓေအခါ
ကမ္မဇရုပ်တည်း။ အဘဲ့ကြောင့် ပဝတ္တိအခါ ကမ္မဇရုပ်အား သဟဇာတ
ပစ္စည်း မတပ်သနည်းဟူမူကား ကမ္မဇရုပ်တို့သည် ပဋိသန္ဓေအခါ စိတ်နှင့်
စပ်၍သာဖြစ်ကုန်၏။ စိတ်နှင့်ကင်း၍မဖြစ်။ ပဝတ္တိအခါမူကား စိတ်နှင့်ကင်း
သော်လည်း နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်တို့အား ကမ္မဇရုပ်
တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ပဋိသန္ဓေကမ္မဇရုပ်အားသာ သဟဇာ
တပစ္စည်းတပ်၏။ ။ပဝတ္တိကမ္မဇရုပ်တို့အား သဟဇာတပစ္စည်းမတပ်။ ။
ထို့ကြောင့် အဋ္ဌကထာ(၃၅၅)၌ "ပဋိသန္ဓိယံ ကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓဝုတ္တိ
တာယ၊ ပဋိသန္ဓိယံ ဟိ ကမ္မဇရူပါနံ စိတ္တပဋိဗဒ္ဓပဝတ္တိ၊ စိတ္တဝသေန ဥပ္ပဇ္ဇန္တိ
စေဝ တိဋ္ဌန္တိစ။ ပ။ ပဝတ္တိယံ ပန တေသံ စိတ္တေ ဝိဇ္ဇမာနေပိ ကမ္မပဋိဗဒ္ဓါဝ
ပဝတ္တိ၊ န စိတ္တပဋိဗဒ္ဓါ။ အဝိဇ္ဇမာနေစာပိ စိတ္တေ နိရောဓသမာပန္နာနံ ဥပ္ပဇ္ဇန္တိ
ယေဝ"ဟု မိန့်အပ်၏။

ပဋိသန္ဓေ အခါ ကံ၏အဟုန်ဖြင့် ပစ်ချအပ်သောကြောင့်ရင်း မိမိနှင့်
အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီရသောကြောင့်ရင်း အားနည်းသည်
ဖြစ်၍ စိတ္တဇရုပ်ကို မဖြစ်စေနိုင်သောကြောင့် ပဝတ္တိအခါ၌သာ စိတ္တ
ဇရုပ်ကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် အဋ္ဌကထာ၌ "ကသ္မာ ပန ပဋိ
သန္ဓိက္ခဏေ စိတ္တံ စိတ္တဇရူပံ ဇနေတုံ နသက္ကောတီတိ၊ ကမ္မဝေဂက္ခိတ္တတ္တာ
ယစေဝ အပ္ပတိဋ္ဌိတဝတ္ထုတာယစ ဒုဗ္ဗလတ္တာ။ တံ ဟိ တဒါ ကမ္မဝေ
ဂက္ခိတ္တံ အပုရေဇာတဝတ္ထုကတ္တာ စ၊ အပ္ပတိဋ္ဌိတဝတ္ထုကန္တိ ဒုဗ္ဗလံ
ဟောတိ၊ တသ္မာ ပပါတေ ပတိတမတ္တော ပုရိသော ကိဉ္စိသိပ္ပံ ကာတုံ
ဝိယ ရူပံ ဇနေတုံ နသက္ကောတိ၊ ကမ္မဇရူပမေဝ ပနဿ စိတ္တသမုဋ္ဌာန

ရူပဋ္ဌာနေ တိဋ္ဌတိ။တဥ္စ ကမ္မဇရူပသော ဗီဇဋ္ဌာနေ တိဋ္ဌတိ၊ ကမ္မံ ပနဿ ခေတ္တာသဒိသံ၊ ကိလေသာ အာပသဒိသာ။ တသ္မာ သန္တေပိ ခေတ္တေ အာပေစ ပဋ္ဌမုပ္ပတ္တိယံ ဗီဇာနုဘာဝေန ရုက္ခုပ္ပတ္တိဝိယ ပဋိသန္ဓိက္ခဏေ စိတ္တာနုဘာဝေန ရူပကာယဿ ဥပ္ပတ္တိ၊ ဗီဇေပန ဝိဂတေပိ ပထဝိအာပါ နုဘာဝေန ရုက္ခဿ ဥပရူပရိ ပဝတ္တိဝိယ ဝိနာ စိတ္တေန ကမ္မတော ဝ ကဋတ္တာရူပါနံ ပဝတ္တိ ဟောတိတိ ဝေဒိတဗ္ဗာ”ဟု မိန့်အပ်၏။ အဋ္ဌကထာ(၃၅၅-၃၅၆)မှာ [ကြပ်ကြပ်ကြည့်၍ ကြံလေ]။

ဟေတုပစ္စယနိဒ္ဒေသ ပြီး၏။

---

## အာရမ္မဏပစ္စည်း

ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏ ပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုအာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသ ၌ တုံသော်လည်း နိဒ္ဒိသိတဗ္ဗ, နိဒဿနာကာရ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် နိဒ္ဒိသိတဗ္ဗကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** “အာရမ္မဏ ပစ္စယောတိ” ဟူသည်တည်း။ ထို့နောင် နိဒဿနာကာရကို ဟောတော်မူ၏။ **ဟောဟန်ကား** “ရူပါယတနံ စက္ခုဝိညာဏဓာတုယာ ပ။ အာရမ္မဏပစ္စယေန ပစ္စယော” ဟူသည်တည်း။

ပစ္စယုဒ္ဒေသေ၊ ပစ္စည်းတို့ကို အကျဉ်းပြရာ၌။ ယော-ယာဒိသော၊ အကြင်သို့ သဘောရှိသော။ ပစ္စယော၊ ပစ္စည်းကို။ အာရမ္မဏပစ္စယောတိ၊ အာရမ္မဏ ပစ္စယောဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဥဒ္ဒိဋ္ဌော၊ အကျဉ်းပြတော်မူ အပ်ပြီ။ သော-တာဒိသော၊ ထိုသို့ သဘောရှိသော။ ပစ္စယော၊ ကို။ ပစ္စယနိဒ္ဒေ သတော၊ ပစ္စည်းတို့ကို မကျဉ်းမကျယ် ပြတော်မူသော အားဖြင့်။ (**အဋ္ဌကထာ နည်း**) ပစ္စယနိဒ္ဒေသေ၊ ၌။(**ဆရာနည်း**)“ရူပါယတနံ စက္ခု ဝိညာဏ ဓာတုယာ။ပ။ အာရမ္မဏပစ္စယေန ပစ္စယောတိ။ပ။ ပစ္စယော” ဟူ၍။ ဘဂဝတာ၊ သည်။ နိဒ္ဒိဋ္ဌော၊ မကျဉ်းမကျယ် ပြတော်မူအပ်ပြီ။ ရူပါယတနံ၊ ပစ္စုပ္ပန် ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာ စ၊ စက္ခုဝိညာဏ ဓာတ်အားလည်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ သဗ္ဗစိတ္တသာဓာရဏ စေတ သိက် ခုနစ်ခုတို့အားလည်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏ ပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။ (သဒ္ဒါယတနံ၊ ပေးမြဲ။ပ။) ရူပါယတနံ ပစ္စုပ္ပန်ရူပါရုံသည်လည်း။ပ။ ဖောဋ္ဌဗ္ဗာယတနံ၊ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ သည်လည်း။ မနောဓာတုယာစ၊ မနောဓာတ် သုံးခုအားလည်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်သုံးခုနှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်သော

အညသမာန်းစေတသိက် တဆယ်တို့အားရင်း။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ အာရုံခြောက်ပါး ပစ္စည်းတရား တို့သည်။ မနောဝိညာဏဓာတုယာစ၊ မနောဝိညာဏဓာတ် ခုနစ်ဆဲ့ခြောက်ခုအားရင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် ဒွေပညာသတို့အားရင်း။ အာရမ္မဏ။ပ။ ဟောတိ၊ ၏။

ယံယံဝမ္မံ၊ အကြင်အကြင်သို့ သဘောရှိသော အာရုံခြောက်ပါး ပစ္စည်း တရားကို။ အာရဗ္ဘ၊ အာရုံပြုကုန်၍၊ ယေယေ ဓမ္မာ၊ အကြင်အကြင်သို့ သဘော ရှိကုန်သော အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ စိတ္တစေတ သိကာ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့ သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုသို့ သဘောရှိကုန်သော အာရုံ ခြောက်ပါး ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုသို့ သဘောရှိ ကုန်သော အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့အား။ အာရမ္မဏ။ပ။ ဟောတိ၊ ၏။

"အာရမ္မဏ။ပ။ပစ္စယော" ဟူသော ပါဠိတော်ပါဌ်၌ "အာရမ္မဏပစ္စယောတိ" ဟူသောပါဌ်ဖြင့် နိဒ္ဒိသိတဗ္ဗဓမ္မကို ပြတော်မူ၏။ ။"ရူပါယတနံ။ပ။ပစ္စယော" ဟူသောပါဌ်ဖြင့် နိဒ္ဒေသနာကာရကို ပြတော်မူ၏။ ။ထို နိဒ္ဒေသနာကာရပါဌ်တို့ တွင် "ရူပါယတနံ" ဟူသော **ကတ္တားပါဌ်ဖြင့်** ပစ္စုပ္ပန် ရူပါရုံ ပစ္စည်းတရားကို ပြတော်မူ၏။ "စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဌ်ဖြင့်** စက္ခုဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခု ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။ ။"အာရမ္မဏပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်ဖြင့်** တပြိုင်နက် တပ်ကောင်းသော အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ၊ ဤလေးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ (သဒ္ဒါယတနံ စသည်တူ၏)။

"ရူပါယတနံ။ပ။ ဖောဋ္ဌဗ္ဗာယတနံ" ဟူသော **ကတ္တားပါဌ်ဖြင့်** ပစ္စုပ္ပန်ပဉ္စာရုံ ပစ္စည်းတရားကို ပြတော်မူ၏။"မနောဓာတုယာ။ပ။ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်** ဖြင့် မနောဓာတ်သုံးခု၊ ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်သော အညသမာန်းစေတသိက် တဆယ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "အာရမ္မဏပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်ဖြင့်** တပြိုင်နက် တပ်ကောင်းသော အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ၊ ဤလေးပစ္စယ။ပ။ ၏။ ။"သဗ္ဗေ ဓမ္မာ"ဟူသော **ကတ္တားပါဌ်ဖြင့်** စိတ်ကခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ။"မနော ဝိညာဏ။ပ။ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဌ်ဖြင့်** မနောဝိညာဏဓာတ် ခုနစ်ဆဲ့ ခြောက်ခု၊ စေတသိက်ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

## ကာမစိတ် အာရုံပစ္စည်း

**တနည်းကား** တဒါရုံကောဒသ, ဟသိတုပ္ပါဒ်အား တပ်သော ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော အာရုံ ခြောက်ပါး။ အကုသိုလ် ဒွါဒသ, မဟာကုသိုလ်, မဟာကြိယာဉာဏဝိပ္ပယုတ် ရှစ်ခုအား တပ်သော လောကီစိတ်ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ မဟာကုသိုလ် ဉာဏ-သမ္ပယုတ်လေးခုအား တပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သောစိတ် ရှစ်ဆဲ့ခုနစ်ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ် သော အာရုံခြောက်ပါး။ မဟာကြိယာဉာဏသမ္ပယုတ်လေးခု, ပဋေ္ဌာဒွါရာဝဇ္ဇန်း အား တပ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။

## အဘိညာဉ်ခုနစ်ပါး အာရုံပစ္စည်း

ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ပစ္စုပ္ပန်ရုပါရုံ။ ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ။ ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်အား တပ်သော ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်, သတသဟဿ စသော နိမ္မိတရုပ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ စေတောပရိယ ကုသိုလ် အဘိညာဉ်အား တပ်သော လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော သူတပါးတို့၏ စိတ် ရှစ်ဆဲ့ခုနစ်ခုဟု ဆိုအပ်သော ဓမ္မာရုံ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်အား တပ်သော ပုဗ္ဗေနိဝုဋ္ဌ ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သောစိတ် ရှစ်ဆဲ့ခုနစ်ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ် သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှလျှောက်၍သိအပ်သော နိဗ္ဗာန် အမည်အမျိုး စသော ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ ယထာကမ္မုပဂ ကုသိုလ် အဘိ ညာဉ်အား တပ်သော အတိတ်ဖြစ်သော လောကီကုသိုလ်, အကုသိုလ်ကံဟု ဆိုအပ်သော ဓမ္မာရုံ။ အနာဂတံသ ကုသိုလ်အဘိညာဉ်အား တပ်သော အနာဂတ်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာ ငါးပါးမှလျှောက်၍သိအပ်သော နိဗ္ဗာန် အမည်အမျိုးစသော ပညတ်ဟု ဆိုအပ် သော အာရုံခြောက်ပါး။

[ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတကြိယာအဘိညာဉ်သည် ကုသိုလ်နှင့် အာရုံ တူ၏။ ဣဒ္ဓိဝိဓကြိယာ အဘိညာဉ်မှာ ပါဒကဖြစ်သော ရူပါဝစရကြိယာ

ပဥ္စမဈာန်။ ဤမျှသာထူးသည်။ စေတောပရိယကြိယာအဘိညာဉ်မှာ စိတ်တခုယုတ်ကိုးဆယ်ယူ။ ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်မှာ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်တခုယုတ်ကိုးဆယ်။ ယထာကမ္မုပဂ ကြိယာအဘိညာဉ်တူ၏။ အနာဂတံသ ကြိယာအဘိညာဉ်မှာ အနာဂတ်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်။ ဤမျှသာ ထူးသည်]။

## ရူပစိတ် အာရုံပစ္စည်း

ရူပါဝစရပဌမဈာန်စိတ် သုံးခုအားတပ်သော ကသိုဏ်းပညတ်ဆယ်ပါး၊အသုဘပညတ်ဆယ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊မေတ္တာ, ကရုဏာ, မုဒိတာဟူသော ဗြဟ္မဝိဟာရ တရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်။ ဤနှစ်ဆဲ့ငါးပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။ ရူပါဝစရ ဒုတိယဈာန်စိတ် သုံးခု၊ တတိယဈာန်စိတ် သုံးခု၊ စတုတ္ထဈာန်စိတ်သုံးခုအား တပ်သော ကသိုဏ်းပညတ်ဆယ်ပါး။ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်။ မေတ္တာ,ကရုဏာ,မုဒိတာ ဟူသော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်။ ဤတဆဲ့လေးပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ရူပါဝစရပဥ္စမဈာန်စိတ် သုံးခုအား တပ်သော ကသိုဏ်းပညတ်ဆယ်ပါး။ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်။ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားတပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်။ ဤ တဆဲ့နှစ်ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။

## အရူပစိတ် အာရုံပစ္စည်း

အာကာသာနဉ္စာယတနစိတ် သုံးခုအားတပ်သော အာကာသကြဉ်အပ်သော ကသိုဏ်းကိုးပါး တို့တွင် တပါးပါးကိုခွါ၍ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဉ္စာယတန ကုသိုလ်အားတပ်သော ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဉ္စာယတန ဝိပါက်အား တပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဉ္စာယတန ကြိယာအားတပ်သော ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာ။ ဤဘဝ,ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ် ဟု ဆိုအပ်သော ဓမ္မာရုံ။ အာကိဉ္စညာယတနစိတ်သုံးခုအား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်,

ကြိယာ၏ မရှိခြင်းဟု ဆိုအပ်သော နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ နေဝသညာနာသညာယတနကုသိုလ်အား တပ်သော ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ် ဟု ဆိုအပ်သော ဓမ္မာရုံ။ နေဝသညာနာသညာယတနဝိပါက်အား တပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စာယတန ကုသိုလ် ဟု ဆိုအပ်သော ဓမ္မာရုံ။ နေဝသညာနာသညာယတနကြိယာအား တပ်သော ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကြိယာ။ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ။

## လောကုတ္တရာစိတ် အာရုံပစ္စည်း

လောကုတ္တရာစိတ်ရှစ်ခုအားတပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဤ အာရုံ ခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ။

"မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် မနောဝိညာဏဓာတ် ခုနစ်ဆဲ့ခြောက်ခု၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။"အာရမ္မဏပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်**ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ ရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ။(အကျယ်တနည်းကို နောက်၌ ဆိုလတ္တံ့)။

**"ယံ ယံ ဓမ္မံ"** ဟူသောပါဌ်ဖြင့် အနိယမအားဖြင့် အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ။**"ယေ ယေ ဓမ္မာ"** ဟူသော ပါဌ်ဖြင့် အနိယမ အားဖြင့် အာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။**"စိတ္တစေတသိကာ ဓမ္မာ"** ဟူသောပါဌ်ဖြင့် အာရမ္မဏိက ပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။ ။"တေ တေ ဓမ္မာ" ဟူသော **ကတ္တားပါဌ်**ဖြင့် နိယမအားဖြင့် ယံယံဓမ္မံ ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ။"တေသံ တေသံ ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် နိယမအားဖြင့် ယေယေ ဓမ္မာ ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိကပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။"အာရမ္မဏပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်** ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယ။ ပ။ သ။ ၏။

**တနည်းကား—**

(၁) အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခု၊ မဟာကုသိုလ်ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်လေးခု၊ လောကုတ္တရာစိတ်ရှစ်ခုအား တပ်သော

အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု။ နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်းဖြစ်အံ့။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ဤသုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသ။

(၂) ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေးအား တပ်သော ပစ္စုပ္ပန်နိပ္ဖန္န ရုပ်အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတပစ္စည်းဖြစ်အံ့။ အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ၊ ဤလေးပစ္စယ။ပ။သ။

(၃) မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ငါးချက်၊ တဒါရုံအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့။ (နိဿယ၊ ဝိပ္ပယုတ္တထည့်၍) ခြောက်ပစ္စယ။ပ။ တွင်။သ။

(၄) အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေး အမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏပုရေဇာတပစ္စည်းဖြစ်အံ့။ (အဓိပတိ၊ဥပနိဿယထည့်၍)ခြောက်ပစ္စယ။ ပ။တွင်။သ။

(၅) အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္န ဇောငါးချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ဝတ္ထာရမ္မဏ ဖြစ်အံ့။ (အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ဝိပ္ပယုတ္တထည့်၍) ရှစ်ပစ္စယ။ပ။တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ (ပစ္စည်းပြိုင်အတိုင်း)။

["ရူပါယတနံ စက္ခုဝိညာဏဓာတုယာ"မှစ၍ "သဗ္ဗေ ဓမ္မာ မနော ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ။ပ။ ပစ္စယော" တိုင်အောင်သော ပါဠိတို့ဖြင့် အာရုံ,အာရမ္မဏိက အဖြစ်သည် ပြီးပြီးလျက် "ယံယံဓမ္မံ"အစ ရှိသည်ကို ဟောတော်မူပြန်ခြင်းသည်ကား အာရုံပြု၍ဖြစ်သောခဏ၌ သာလျှင် ထိုအာရုံခြောက်ပါးတို့သည် ခုနစ်ပါးသော ဝိညာဏဓာတ် တို့အား အာရမ္မဏပစ္စည်းဖြစ်ကုန်၏။ ထိုသို့ဖြစ်သော်လည်း တက္ခနက် မဖြစ်ကုန်။ အသီး အသီး အာရုံခြောက်ပါးတို့သည် သတ္တဝိညာဏ

ခေတ်အား အာရမ္မဏပစ္စည်း ဖြစ်ကုန်၏ဟု ပြတော်မူ၏။ ။ထို့ကြောင့် အဋ္ဌကထာ(၃၅၈)၌ "ယံယံဓမ္မံ အာရဗ္ဘာတိဣမိနာ ယေ ယေ ဓမ္မေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇနကဓမ္မာ အာရမ္မဏဓမ္မာ ဝုတ္တာ။ တေ တာသံ ခေတ္တုနံ သတ္တန္နံ ဝိညာဏဓာတူနံ အာရမ္မဏဓမ္မာ ဝုတ္တာ။ တေ တာသံ ဓာတူနံ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇနကဓမ္မာနံ အာရမ္မဏပစ္စယော ဟောန္တီတိ ဒီပေတိ။ ဧဝံ ဟောန္တာပိစ န ကေနစိ ဟောန္တိ။ ယံယံ အာရဗ္ဘ ယေယေ ဥပ္ပဇ္ဇန္တိ တေသံ တေသံ တေတေ ဝိသုံ ဝိသုံ အာရမ္မဏပစ္စယာ ဟောန္တီတိပိ ဒီပေတိ"ဟု ဆိုအပ်၏]။

အာရမ္မဏပစ္စယနိဒ္ဒေသ ပြီး၏။

---

## အဓိပတိပစ္စည်း

အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ အဓိပတိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ (နိဒ္ဒိသိတဗ္ဗ, နိဒ္ဒေသနာကာရ အစ ရှိသည်ကို စစ်မြဲ။ ။ပစ္စယုဒ္ဒေသေ၊ ၌။ပ။ပြီ)။

**ဆန္ဒာဓိပတိ၊** ဆန္ဒဟုဆိုအပ်သော အဓိပတိသည်။ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သာဓိပတိ ဇောငါးဆဲ့နှစ်ခု၊ ဆန္ဒ,ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ပညာသတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထိုဆန္ဒ-ဆန္ဒနှင့် ယှဉ်ကုန်သော စိတ်,စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ သာဓိပတိစိတ္တဇရုပ်တို့ အားရင်း။ အဓိပတိပစ္စယေန၊ သဟဇာတာဓိပတိသတ္တိဖြင့်။ ပစ္စယော-ဥပကာရ ကော၊ သည်။ ဟောတိ၊ ၏။

**ဝီရိယာဓိပတိ၊** သည်။ ဝီရိယသမ္ပယုတ္တကာနံ၊ ဝီရိယနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သာဓိပတိဇောငါးဆဲ့နှစ်ခု၊ ဝီရိယ,ဝိစိကိစ္ဆာကြဉ်သော စေတသိက် ငါးဆယ် တို့အားရင်း။ တံသမုဋ္ဌာနာနံ၊ထိုဝီရိယ-ဝီရိယနှင့်ယှဉ်ကုန်သော စိတ်,စေတသိက် လျှင်ဖြစ်ကြောင်းရှိကုန်သော။ရူပါနဉ္စ၊သာဓိပတိ စိတ္တဇရုပ်တို့အားရင်း။ အဓိပတိ ပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။

**စိတ္တာဓိပတိ၊** သည်။ စိတ္တသမ္ပယုတ္တကာနံ၊ စိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ကေပညာသတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထိုစိတ္တာဓိပတိနှင့် ယှဉ်ကုန်သော စေတသိက်လျှင် ဖြစ်ကြောင်း ရှိကုန်သော။ ရူပါနဉ္စ၊ **သာဓိပတိ စိတ္တဇရုပ်တို့အားရင်း။ အဓိပတိပစ္စယေန၊** ဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။

**ဝိမံသာဓိပတိ၊** သည်။ ဝီမံသသမ္ပယုတ္တကာနံ၊ ဝီမံသနှင့်ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ သာဓိပတိ တိဟိတ်ဇောသုံးဆဲ့လေးခု၊ ဝီမံသကြဉ်သော စေတသိက် သတ္တတိံ သတို့အားငင်း။ တံ သမုဋ္ဌာနာနံ၊ထိုဝီမံသ-ဝီမံသနှင့်ယှဉ်ကုန်သော စိတ်,စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဥ္စ၊ သာဓိပတ်စိတ္တဇရုပ်တို့အားငင်း။ အဓိပတိပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။

ယံယံဓမ္မံ၊အကြင်အကြင်သို့သဘောရှိသော အာရုံခြောက်ပါးပစ္စည်းတရားကို။ ဂရုံကတွာ၊ အလေးအမြတ်ပြုကုန်၍။ ယေယေဓမ္မာ၊ အကြင်အကြင်သို့ သဘောရှိကုန်သော အာရမ္မဏိကပစ္စယုပ္ပန် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ စိတ္တစေတသိကာ၊ကုန်သော။ဓမ္မာ၊ တို့သည်။ဟောန္တိ၊ ကုန်၏။တေတေဓမ္မာ၊ ထိုထိုသို့သဘောရှိကုန်သောအာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။တေသံတေသံ ဓမ္မာနံ၊ ထိုထိုသို့သဘောရှိကုန်သော အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့အား။ အဓိပတိပစ္စယေန၊ အာရမ္မဏာဓိပတိ သတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊၏။

ထိုပါဠိတို့တွင် "အဓိပတိပစ္စယောတိ"ဟူသော ပါဠ်ဖြင့် နိဒ္ဒိသိတဗ္ဗဓမ္မကို ပြတော်မူ၏။ "ဆန္ဒာဓိပတိ။ပ။ ပစ္စယော"ဟူသော ပါဠ်ဖြင့် နိဒ္ဒေသနာကာရကို ပြတော်မူ၏။ ။

## ဆန္ဒာဓိပတိ

ထို နိဒ္ဒေသနာကာရပါဠ်တို့တွင် "ဆန္ဒာဓိပတိ"ဟူသော **ကတ္တားပါဠ်**ဖြင့် သာဓိပတိဇော ငါးဆဲ့နှစ်ခု၌ရှိသော ဆန္ဒာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏။ ။ "ဆန္ဒသမ္ပယုတ္တကာနံ။ပ။ရူပါနံ"ဟူသော **သမ္ပဒါန်ပါဠ်** ဖြင့် သာဓိပတိဇော ငါးဆဲ့နှစ်ခု၊ဆန္ဒ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်ဘရားကိုပြတော်မူ၏။ ။"အဓိပတိပစ္စယေန"ဟူသော **ကရိုဏ်းပါဠ်**ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ ကိုးပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံဟန်ကို ပြတော်မူ၏။

တနည်းကား —

(၁) သမ္ပယုတ္တခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား တပ်သော ဆန္ဒာဓိပတိ ဖြစ်အံ့။ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤငါးပစ္စယ သတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။

(၂) သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဆန္ဒာဓိပတိ ဖြစ်အံ့။ (အညမည၊ သမ္ပယုတ္တ ထည့်၍)ခုနစ်ပစ္စယ။ပ။သ။

(၃) သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဆန္ဒာဓိပတိ ဖြစ်အံ့။ (ဝိပ္ပယုတ္တ ထည့်၍) ခြောက်ပစ္စယ။တွင်။ပ။သ။ **(အဝိပါကသုံးချက်)**။

(၁) သမ္ပယုတ္တခန္ဓာ,သာဓိပတိစိတ္တဇရုပ်အား တပ်သော ဖိုလ်လေးခု၌ရှိသော ဆန္ဒာဓိပတိဖြစ်အံ့။ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့တွင် အဓိပတိ။ပ။သ။

(၂) သမ္ပယုတ္တခန္ဓာအားသာတပ်သော ဖိုလ်လေးခု၌ရှိသော ဆန္ဒာဓိပတိ ဖြစ်အံ့။(အညမည၊ သမ္ပယုတ္တထည့်၍) ရှစ်ပစ္စယ။ပ။သ။

(၃) သာဓိပတိစိတ္တဇရုပ်အား တပ်သော ဖိုလ်လေးခု၌ရှိသော ဆန္ဒာဓိပတိ ဖြစ်အံ့။ (ဝိပ္ပယုတ္တထည့်၍) ခုနစ်ပစ္စယ။ပ။သ,ဖြင့် ကျေးဇူး ပြုဟန်ကိုပြတော်မူ၏။ ။**(သဝိပါကသုံးချက်**။ ပေါင်းခြောက်ချက်)။

## ဝီရိယာဓိပတိ

"ဝီရိယာဓိပတိ"ဟူသော **ကတ္တားပါဌ်**ဖြင့် ဝီရိယာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။"ဝီရိယသမ္ပယုတ္တကာနံ။ပ။ရူပါနံ"ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် သာဓိပတိဇောငါးဆဲ့နှစ်ခု၊ ဝီရိယ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ငါးဆယ်၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်။ပ။၏။ ။"အဓိပတိပစ္စယေန" **ကရိုဏ်းပါဌ်**ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ဤတဆဲ့တပစ္စယ။ပ။သ,ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ။

**တနည်းကား** သမ္ပယုတ္တခန္ဓာ,သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီရိယာဓိပတိဖြစ်အံ့။ အဓိပတိ၊သဟဇာတ၊နိဿယ၊ဣန္ဒြိယ၊မဂ္ဂ၊အတ္ထိ၊အဝိဂတ၊ ဤခုနစ်ပစ္စယ။ပ။ သ။ ။(အဝိပါကသုံးချက်။ သဝိပါကသုံးချက်။ ပစ္စည်းပြိုင်က အတိုင်း။ ခြောက်ချက်ဆိုလေ)။

## စိတ္တာဓိပတိ

"စိတ္တာဓိပတိ"ဟူသော **ကတ္တားပါဌ်**ဖြင့် သာဓိပတိဇော ငါးဆဲ့နှစ်ခုဟုဆိုအပ်သော စိတ္တာဓိပတိပစ္စည်းတရားကိုပြတော်မူ၏။ ။"စိတ္တသမ္ပ။ပ။ရူပါနံ" ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် ဝိစိကိစ္ဆာကြဉ်သော စေတသိက် ကေပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။"အဓိပတိပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်**ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊သဟဇာတ၊အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ **ဤတဆဲ့ တပစ္စယသတ္တိတို့တွင်။ပ။ သ, ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။** ။

**တနည်းကား—**

(၁) သမ္ပယုတ္တခန္ဓာ,သာဓိပတိစိတ္တဇရုပ်အား တပ်သော စိတ္တာဓိပတိဖြစ်အံ့။ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ၊ ဤခုနစ် ပစ္စယ။ပ။သ။

(၂) သမ္ပယုတ္တခန္ဓာအားသာ တပ်သော **စိတ္တာဓိပတိ** ဖြစ်အံ့။ (အညမည သမ္ပယုတ္တထည့်၍) ကိုးပစ္စယ။ပ။သ။

(၃) သာဓိပတိစိတ္တဇရုပ်အား တပ်သောစိတ္တာဓိပတိဖြစ်အံ့။ (ဝိပ္ပယုတ္တထည့် ၍) ရှစ်ပစ္စယ။ပ။သ။ ။**(အဝိပါကသုံးချက်)**။

(၁) သမ္ပယုတ္တခန္ဓာ,သာဓိပတိစိတ္တဇရုပ်အား တပ်သော ဖိုလ်လေးခုဟုဆို အပ်သော စိတ္တာဓိပတိဖြစ်အံ့။ အဓိပတိ၊သဟဇာတ၊နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊အတ္ထိ၊အဝိဂတ၊ဤရှစ်ပစ္စယ။ပ။သ။

(၂) သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဖိုလ် လေးခုဟု ဆိုအပ်သော စိတ္တာဓိပတိဖြစ်အံ့။ (အညမည၊ သမ္ပယုတ္တထည့်၍) ဆယ်ပစ္စယ။ပ။သ။

(၃) သာဓိပတိစိတ္တဇရုပ်အား တပ်သော ဖိုလ်လေးခုဟုဆိုအပ်သော စိတ္တာ ဓိပတိဖြစ်အံ့။ (ဝိပ္ပယုတ္တထည့်၍) ပေါင်းကိုးပစ္စယ။ပ။သ,ဖြင့် ကျေးဇူးပြု။ပ။၏။ **(သဝိပါကသုံးချက်**။ပေါင်းခြောက်ချက်)။

## ဝီမံသာဓိပတိ

"ဝီမံသာဓိပတိ" ဟူသော **ကတ္တားပါဠ်**ဖြင့် ဝိမံသာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။ ။"ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ။ပ။ရူပါနံ" ဟူသော **သမ္ပဒါန်ပါဠ်** ဖြင့် သာဓိပတိ တိဟိတ်ဇော သုံးဆဲ့လေးခု ဝီမံသကြဉ်သောစေတသိက် သတ္တတိံ သ၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။"အဓိပတိပစ္စယေန" **ကရိုဏ်းပါဠ်**ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့နှစ်ပစ္စယ။ပ။ သ, ဖြင့် ကျေးဇူးပြုပုံဟန်ကို ပြတော်မူ၏။ **တနည်းကား** သမ္ပယုတ္တခန္ဓာ, သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝီမံသာ ဓိပတိဖြစ်အံ့။ အဓိပတိ၊ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယ။ပ။သ။ ။(အဝိပါကသုံးချက်။ သဝိပါကသုံးချက်။ ။ ပေါင်း ခြောက်ချက်။ ပစ္စည်းပြိုင်က အတိုင်းလေ့လာ၍ ဆိုလေ)။

## အာရမ္မဏာဓိပတိ

**"ယံ ယံ ဓမ္မံ"**ဟူသောပါဠ်ဖြင့် အနိယမအားဖြင့် အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ၊ဒေါသမူဒွေး၊မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယ

ဝိညာဉ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု ဒေါသ၊ ဠဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု။ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏။

**"ယေ ယေ ဓမ္မာ"** ဟူသောပါဌ်ဖြင့် အနိယမအားဖြင့် အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခု၊ မဟာကုသိုလ်ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု၊ လောကုတ္တရာစိတ်ရှစ်ခု၊ ဒေါသ၊ ဠဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာ ကြဉ်သော စေတသိက် လေးဆဲ့ငါးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ **"စိတ္တစေတသိကာ ဓမ္မာ"** ဟူသောပါဌ်ဖြင့် အလေးအမြတ် ပြုတတ်သော အာရမ္မဏိက ပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။

"တေတေဓမ္မာ" ဟူသော **ကတ္တားပါဌ်ဖြင့်** နိယမအားဖြင့် ယံယံဓမ္မံ ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော အလေးအမြတ်ပြုအပ်သော အာရုံခြောက်ပါး **ပစ္စည်း**တရားကို ပြတော်မူ၏။

**"တေသံ တေသံ** ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် နိယမအားဖြင့် ယေယေ ဓမ္မာ ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။"အဓိပတိပစ္စယေန" ဟူသော **ကရိဏ်းပါဌ်**ဖြင့် တပ္ပိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ အာရမ္မဏ၊ နိဿယ၊ ဥပနိဿယ၊ **ပု**ရေဇာတ၊ ဝိပ္ပယုတ္တ ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယ။ပ။သ။ ၏။ ။

**တနည်းကား—**

(၁) အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်း ဖြစ်အံ့။ အဓိပတိ၊ အာရမ္မဏ၊ ဥပနိဿယ ဤသုံးပစ္စယသတ္တိတို့တွင်။ပ။ သ။

(၂) အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဠဌဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏပုရေဇာတပစ္စည်း ဖြစ်အံ့။ (ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ထည့်၍) ခြောက်ပစ္စယ။ပ။ သ။

(၃) အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့။ (နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတထည့်၍) ရှစ်ပစ္စယတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

[“ဟေတူ ဟေတုသမ္ပယုတ္တကာနံ”ဟု ဟောတော်မူသကဲ့သို့ “အဓိပ တိ အဓိပတိသမ္ပယုတ္တကာနံ”ဟု ဟောတော်မမူဘဲ၊ ဆန္ဒာဓိပတိ အစရှိ သည်ဖြင့် အသီးအသီး ဟောတော်မူခြင်းသည်ကား အဓိပတိ တရား လေးပါးတို့သည် တပြိုင်နက် ပစ္စည်းမတပ်ကုန်၊ အသီးအသီး တပ်ကုန် ၏ဟု ပြတော်မူလို၍ ဟောတော်မူသည်။ ။ထို့ကြောင့် အဋ္ဌကထာ ၃၆၀-၌ “ကသ္မာ ပန ယထာ ဟေတုပစ္စယနိဒ္ဒေသေ ဟေတူ ဟေတု သမ္ပယုတ္တကာနန္တိ ဝုတ္တံ ဧဝမိဓ အဓိပတိ အဓိပတိသမ္ပယုတ္တကာနန္တိ အဝတွာ ဆန္ဒာဓိပတိဆန္ဒသမ္ပယုတ္တကာနန္တိအာဒိနာ နယေန ဒေသနာ ကတာတိ-ကေကဒ္ဓဏေ အဘာဝတော” အစရှိသည်ကို မိန့်အပ်ပြီ]။ ။

အဓိပတိ ပြီး၏။

---

## အနန္တရပစ္စည်း

အဓိပတိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရ ပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ (စစ်မြဲ)။ စက္ခုဝိညာဏဓာတု စက္ခုဝိညာဏ ဓာတ်သည်၎င်း။ တံသမ္ပယုတ္တကာ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ် ကုန်သော။ ဓမ္မာစ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့သည်၎င်း။ မနောဓာတုယာစ၊ သမ္ပဋိစ္ဆိုင်းဒွေးဟု ဆိုအပ်သော မနောဓာတ်အား၎င်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် တဆယ်တို့အား၎င်း။ အနန္တရ။ပ။ သည်။ ဟောတိ၊ ၏။ မနောဓာတုစ၊ သမ္ပဋိစ္ဆိုင်းဒွေးဟု ဆိုအပ်သော မနော ဓာတ်သည်၎င်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာစ၊ ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် တဆယ်တို့သည်၎င်း။ မနောဝိညာဏဓာတုယာစ၊ သန္တီရဏသုံးခုဟု ဆိုအပ်သော မနောဝိညာဏ ဓာတ်အား၎င်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ ဆန္ဒ,ဝီရိယကြဉ်သော အညသမာန်း စေတသိက် တဆဲ့တခုတို့အား၎င်း။ အနန္တရ။ပ။ သည်။ ဟောတိ၊ ၏။

**ပုရိမာ ပုရိမာ**၊ ရှေးရှေး၌ ဖြစ်ကုန်သော။ **ကုသလာ**၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ အဆုံးဇော ကြဉ်သော လောကီကုသိုလ်သတ္တရသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်၌ ဖြစ်ကုန်သော။ကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ ပဌမဇောကြဉ်သော ကုသိုလ် ဇေဝီသနာမက္ခန္ဓာတို့အား။ အနန္တရ။ပ။ သည်။ ဟောတိ၊ ၏။ ။ပုရိမာ ပုရိမာ၊ ကုန်သော။ ကုသလာ၊ ဖြစ်ကုန်သော။ ဓမ္မာ၊ လောကီကုသိုလ်သတ္တရသ အဆုံးဇော, မဂ်လေးခု နာမက္ခန္ဓာတို့သည်။

**ပစ္ဆိမာနံ** ပစ္ဆိမာနံ၊ ကုန်သော။ အဗျာကတာနံ၊ ကုန်သော။ ဓမ္မာနံ၊ သန္တီရဏ **သုံး**ခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ဖိုလ်လေးခု နာမက္ခန္ဓာတို့အား။ အနန္တရပစ္စယေန။ပ။ ၏။

**ပုရိမာ ပုရိမာ**၊ ကုန်သော။ **အကုသလာ**၊ ကုန်သော။ ဓမ္မာ၊ အဆုံးဇော ကြဉ်သော အကုသိုလ်ဒွါဒသနာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ ပဌမဇောကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့အား။ အနန္တရ။ပ။ ၏။ ။ပုရိမာ ပုရိမာ၊ ကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ အကုသိုလ်ဒွါဒသအဆုံးဇော နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အဗျာကတာနံ၊ ကုန်သော။ ဓမ္မာနံ၊ သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု နာမက္ခန္ဓာတို့အား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

**ပုရိမာ ပုရိမာ**၊ ကုန်သော။ **အဗျာကတာ**၊ ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက် နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ၊ ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့ စုတိနှင့်တကွ ဝိပါက်ဆတ္တိံသ, ကြိယာဝီသ နာမက္ခန္ဓာတို့အား။ အနန္တရပစ္စယေန၊ဖြင့်။ပစ္စယော၊ သည်။ဟောတိ၊၏။ ။ပုရိမာ ပုရိမာ၊ ကုန်သော။ အဗျာကတာ၊ ကုန်သော။ ဓမ္မာ၊ ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ မဟာကုသိုလ် ပဌမဇော နာမက္ခန္ဓာတို့အား။ အနန္တရ။ပ။ ၏။ ။ပုရိမာ ပုရိမာ၊ ကုန်သော။ အဗျာကတာ၊ ကုန်သော။ ဓမ္မာ၊ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ အကုသိုလ်ဒွါဒသ ပဌမဇော နာမက္ခန္ဓာတို့အား။ အနန္တရ။ပ။ ၏။

ယေသံ ယေသံ၊ အကြင်အကြင်သို့ သဘောရှိကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏။ အနန္တရာ၊ အခြားမဲ့၌။ ယေယေဓမ္မာ၊ အကြင်အကြင်သို့သဘောရှိကုန်သော ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာတို့သည်။ ဉပ္ပဇ္ဇန္တိ၊ ကုန်၏။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရားတို့သည်။ ဉပ္ပဇ္ဇန္တိ၊ ကုန်၏။ တေတေဓမ္မာ၊ ထိုထိုသို့သဘောရှိကုန်သော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုသို့ သဘောရှိကုန်သော ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာတို့အား။ အနန္တရ။ပ။ ၏။

"အနန္တရပစ္စယော"ဟူသောပါဌ်ဖြင့် နိဒ္ဒိသိ။ပ။၏။ ။"စက္ခုဝိညာဏဓာတု။ပ။ [illegible]

"**စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစ** ဓမ္မာ"ဟူသော **ကတ္တားပါဋ္ဌ်ဖြင့် စက္ခုဝိညာဉ် ဒွေး၊သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခု ပစ္စည်းတရားကို ပြတော်မူ၏။** "မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဋ္ဌ်ဖြင့် သမ္ပဋိစ္ဆိုင်းဒွေးဟု ဆိုအပ်သော မနောဓာတ်၊ ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်သော အညသမာန်း စေတသိက်တဆယ် ပစ္စယုပ္ပန်။ ၏။ ။"အနန္တရပစ္စယေန"ဟူသော ကရိဏ်းပါဋ္ဌ်ဖြင့် တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤငါးပစ္စယ။ပ။ သ,ဖြင့်။ ၏။ ။**

"မနောဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ"ဟူသော **ကတ္တားပါဋ္ဌ်ဖြင့်** သမ္ပဋိစ္ဆိုင်း **ဒွေး**ဟု ဆိုအပ်သော မနောဓာတ်၊ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်း စေတသိက်တဆယ် ပစ္စည်း။ပ။ ၏။ ။"မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဋ္ဌ်ဖြင့်** သန္တိရဏသုံးခုဟုဆိုအပ်သော မနောဝိညာဏဓာတ်၊ ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်း စေတသိက်တဆဲ့တခု ပစ္စယုပ္ပန်။ ၏။ ။"အနန္တရ ပစ္စယေန"ဟူသော **ကရိဏ်းပါဋ္ဌ်ဖြင့်** တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤငါးပစ္စ။ပ။ သ,ဖြင့်။ ၏။ ။(သောတဝိညာဏဓာတ် စသည် တူ၏)။

## **ကုသလပဒ**

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ဟူသော **ကတ္တားပါဋ္ဌ်ဖြင့်** အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားကို ပြတော်မူ၏။ ။ "ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဋ္ဌ်ဖြင့်** ပဌမဇော ကြဉ်သော နောက်နောက်သော ကုသိုလ်ဇော ဧကဝီသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

**တနည်းကား—**

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ" **ကတ္တားပါဋ္ဌ်ဖြင့်** မဟာကုသိုလ်ဒုတိယဇော အား တပ်သော ပဌမဇော။ပ။ သတ္တမဇောအားတပ်သော ဆဋ္ဌဇော။ မဟဂ္ဂုတ် ကုသိုလ် သောမနဿသဟဂုတ်လေးခု၊ မဂ်သောမနဿသဟဂုတ် တဆဲ့ခြောက်ခု အားတပ်သော ဂေါတြဘု, ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ်ပဌမဒွေး။ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ငါးခု၊မဂ်ဥပေက္ခာသဟဂုတ်လေးခုအား တပ်သော ဂေါတြဘု,ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်တတိယဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်အားတပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ် ပစ္စည်းတရားကိုပြတော်မူ၏။ "ပစ္ဆိမာနံ ပစ္ဆိမာနံ ကုလလာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဋ္ဌ်ဖြင့်** မဟာကုသိုလ်ဒုတိယာဒိဇော၊ **မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ ပစ္စယုပ္ပန်။၏။ (အနက်အတိုင်းသော်လည်း**

ဆို)။ ။"အနန္တရပစ္စယေန"ဟူသော **ကရိဏ်းပါဌ်**ဖြင့် တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤခြောက်ပစ္စယ။ပ။၏။ ။

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ဟူသော **ကတ္တားပါဌ်**ဖြင့် လောကီကုသိုလ်သတ္တရသ အဆုံးဇော, မဂ်လေးခု ပစ္စည်းတရားကိုပြတော်၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် သန္တီရဏသုံးခု၊ မဟာဝိပါက်ရှစ်ခု၊ မဟဂ္ဂုတ် ဝိပါက် **ကိုးခု**၊ဖိုလ်လေးခု၊ ပစ္စယုပ္ပန်တရားကိုပြတော်မူ၏။

**တနည်းကား—**

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ဟူသော **ကတ္တားပါဌ်**ဖြင့် မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ တဒါရုံ ကောဒသ။ မကျသည်ဖြစ်အံ့၊ ဘဝင်ကျေနဝိသအား တပ်သော မဟာကုသိုလ် အဆုံးဇော။ အောက်ဖိုလ်သောမနဿ သဟဂုတ်တဆဲ့နှစ်ခုအား တပ်သော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပဌမဒွေး။ အောက်ဖိုလ် ဥပေက္ခာသဟဂုတ် သုံးခုအားတပ်သော အနုလုံကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး။ ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုအား တပ်သော ရူပါဝစရကုသိုလ် အဆုံးဇော။ ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု။ အာကာသာနဉ္စာယတနဘဝင်အား တပ်သော အာကာသာနဉ္စာယတနကုသိုလ် အဆုံးဇော။ပ။ တိဟိတ်ဘဝင်တေရသ။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်အား တပ်သော နေဝသညာနာသညာယတနကုသိုလ်အဆုံးဇော။ သောတာပတ္တိဖိုလ်အားတပ်သော သောတာပတ္တိမဂ်။ပ။ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ်ပစ္စည်းတရားကို ပြတော်မူ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် သန္တီရဏသုံးခု၊ မဟာဝိပါက်ရှစ်ခု။ မဟဂ္ဂုတ် ဝိပါက် ကိုးခု၊ ဖိုလ်လေးခု ပစ္စယုပ္ပန်တရားကိုပြတော်မူ၏။ "အနန္တရပစ္စယေန" ဟူသော **ကရိဏ်းပါဌ်**ဖြင့် တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤငါးပစ္စယ။ပ။သ။ ။မဂ္ဂါနန္တရ ဖိုလ်လေးခုအား တပ်သော မဂ်လေးခုစေတနာဖြစ်အံ့။ (ကမ္မထည့်၍)ခြောက်ပစ္စယ။ပ။သ,ဖြင့်။၏။

## အကုသလပဒ

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ"ဟူသော **ကတ္တားပါဌ်**ဖြင့် အဆုံးဇောကြည်သော အကုသိုလ်ဒွါဒသ ပစ္စည်းတရားကိုပြတော်မူ၏။ "ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် ပဌမဇောကြည်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။

**တနည်းကား—**

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ"ဟူသော **ကတ္တားပါဋ်ဖြင့်** ဒုတိယဇောအား တပ်သော ပဌမဇော။ပ။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော ပစ္စည်းတရားကို ပြတော်၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** အကုသိုလ် ဒွါဒသ၊ ဒုတိယာဒိဇော၊ ပစ္စယုပ္ပန်။၏။ ။"အနန္တရပစ္စယေန" ဟူသော **ကရိုဏ်းပါဋ်ဖြင့်** တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ ဤခြောက် ပစ္စယ။ပ။သ,ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ။

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ"ဟူသော **ကတ္တားပါဋ်ဖြင့်**။ အကုသိုလ် ဒွါဒသ အဆုံးဇော ပစ္စည်းတရားကိုပြတော်မူ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဋ်** ဖြင့် သန္တီရဏသုံးခု၊ မဟာဝိပါက် ရှစ်ခု၊ မဟဂ္ဂုတ်ဝိပါက်ကိုးခု ပစ္စယုပ္ပန်။၏။ ။

**တနည်းကား—**

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ"ဟူသော **ကတ္တားပါဋ်ဖြင့်** လောဘမူ, မောဟမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့။ တဒါရုံ ကောဒသ။မကျသည်ဖြစ်အံ့။ ဘဝင်ကျေနဝီသအားတပ်သော လောဘမူ, မောဟမူ အဆုံးဇော။ ဒေါသမူ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့။ ဥပေက္ခာတဒါရုံ ခြောက်ခု၊ မကျသည်ဖြစ်အံ့။ ကာမဥပေက္ခာဘဝင် ခြောက်ခုအား တပ်သော ဒေါသမူအဆုံးဇောပစ္စည်း။ပ။ ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** **သန္တီရဏသုံးခု၊** မဟာဝိပါက်ရှစ်ခု၊ မဟဂ္ဂုတ် ဝိပါက်ကိုးခု၊ ပစ္စယုပ္ပန်။၏။ ။ "အနန္တရပစ္စယေန" ဟူသော **ကရိုဏ်းပါဋ်ဖြင့်** တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ဝိဂတ၊ဤငါးပစ္စယ။ပ။သ,ဖြင့်။ ကျေးဇူးပြုဟန်ကိုပြတော်မူ၏။

## အဗျာကတပဒ

"ပုရိမာပုရိမာ အဗျာကတာ ဓမ္မာ"ဟူသော **ကတ္တားပါဋ်ဖြင့်** ရဟန္တာတို့ စုတိ ကြဉ်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသ၊ကြိယာဝီသ ပစ္စည်းတရားကိုပြတော်မူ ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ **နာမက္ခန္ဓာပစ္စယုပ္ပန်။၏။** ။

**တနည်းကား—**

"ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ"ဟူသော **ကတ္တားပါဋ်ဖြင့်** ပဌမဘဝင် **နာမက္ခန္ဓာ**အား တပ်သော ပဋိသန္ဓေ **နာမက္ခန္ဓာ**။ ဒုတိယအစရှိသော နောက်

နောက်သော ဘဝင်နာမက္ခန္ဓာအား တပ်သော ပဌမ အစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာ။ အာဝဇ္ဇန်းဒွေး အား တပ်သော ပဋ္ဌဝေါကာရ ဘဝင်္ဂုပစ္ဆေဒ တဆဲ့ငါးခု။ မနောဒွါရာဝဇ္ဇန်းအား တပ်သော အရူပဘဝင်္ဂုပစ္ဆေဒ လေးခု။ ပဥ္စ ဝိညာဉ်အား တပ်သော ပဥ္စဒွါရာဝဇ္ဇန်း။ သမ္ပဋိစ္ဆိုင်းအား တပ်သော ပဥ္စဝိညာဉ်။ သန္တီရဏအား တပ်သော သမ္ပဋိစ္ဆိုင်း။ ဝုဋ္ဌောအား တပ်သော သန္တီရဏ။ ပရိတ္တာရုံ ဝီထိဖြစ်အံ့။ ဒုတိယဝုဋ္ဌောအား တပ်သော ပဌမဝုဋ္ဌော။ ပဥ္စဝေါကာရဘဝင်တဆဲ့ ငါးခုအား တပ်သော ဒုတိယဝုဋ္ဌော။ အတိမဟန္တာရုံ,မဟန္တာရုံ, ဝိဘူတာရုံ,အဝိ ဘူတာရုံဝီထိ ဖြစ်အံ့။ ဟသိတုပ္ပါဒ်, မဟာကြိယာ ပဌမဇောအား တပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။ ဒုတိယဇောအား တပ်သော ပဌမဇော။ပ။ သတ္တမ ဇောအား တပ်သော ဆဋ္ဌဇော။ ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည် ဖြစ် အံ့။ သောမနဿတဒါရုံ ငါးခု။ မကျသည်ဖြစ်အံ့။ ပဥ္စဝေါကာရ တိဟိတ်ဘဝင် ကိုးခုအားတပ်သော ဟသိတုပ္ပါဒ်အဆုံးဇော။မဟာကြိယာ သောမနဿသဟဂုတ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့။ သောမနဿတဒါရုံငါးခု။ မကျသည်ဖြစ်အံ့။ တိဟိတ်ဘဝင်တေရသအား တပ်သော မဟာကြိယာသောမနဿသဟဂုတ်အဆုံး ဇော။ မဟာကြိယာဥပေက္ခာသဟဂုတ် ဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့။ ဥပေက္ခာတဒါရုံခြောက်ခု။ မကျသည်ဖြစ်အံ့။ တိဟိတ်ဘဝင်တေရသအား တပ် သော မဟာကြိယာ ဥပေက္ခာသဟဂုတ် အဆုံးဇော။ ဒုတိယတဒါရုံအား တပ်သော ပဌမတဒါရုံ။ ကာမဘဝင်တဆယ်အား တပ်သော ဒုတိယတဒါရုံ။ မဟဂ္ဂုတ်ကြိယာသောမနဿ သဟဂုတ် လေးခု, အရဟတ္တဖိုလ် သောမနဿ သဟဂုတ်လေးခုအား တပ်သော ဂေါတြဘု အနုလုံကိစ္စ တပ်သော မဟာ ကြိယာပဌမဒွေး။ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ သဟဂုတ်ငါးခု, အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်တခုအား တပ်သော ဂေါတြဘု, အနုလုံကိစ္စတပ်သော မဟာ ကြိယာတတိယဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာ အား တပ်သော ရှေးရှေးသော ဇောတူမဟဂ္ဂုတ် ကြိယာ။ ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုအား တပ်သော ရူပါဝစရကြိယာ အဆုံးဇော။ ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု, အာကာသာနဉ္စာယတနဘဝင်အား တပ်သော အာကာသာ နဉ္စာယတနကြိယာ အဆုံးဇော။ ပဥ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု။ အာကာသာ နဉ္စာယတနဝိညာဏဉ္စာယတနဘဝင်အား တပ်သော ဝိညာဏဉ္စာယတနကြိယာ အဆုံးဇော, ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု။ အာကာသာနဉ္စာယတန,ဝိညာ ဏဉ္စာယတန, အာကိဉ္စညာယတန ဘဝင်အား တပ်သော အာကိဉ္စညာယတန ကြိယာ အဆုံးဇော။ တိဟိတ်ဘဝင်တေရသ။ နိရောဓသမာပတ်မှ ထသောအခါ အရဟတ္တဖိုလ်အား တပ်သော နေဝသညာနာသညာယတနကြိယာ အဆုံးဇော။ နောက်နောက်သော ဖိုလ်လေးခုအား တပ်သော ရှေးရှေးသောဇောတူ ဖိုလ် လေးခု။ တိဟိတ်ဘဝင်တေရသအား တပ်သော ဖိုလ်လေးခု အဆုံးဇော။ မရ

ဏာသန္နအခါ တဒါရုံနှောင် စုတိကျသည်ဖြစ်အံ့။ ကာမစုတိတဆယ်အား တပ်သော ဒုတိယတဒါရုံ။ ဇောနှောင်စုတိကျသည်ဖြစ်အံ့။ တိဟိတ်စုတိတေရသအား တပ်သော မဟာကြိယာပဌမဇော။ ဘဝင်နှောင် စုတိကျသည်ဖြစ်အံ့။ စုတိကျေနုဝိသအား တပ်သော ဘဝင်ကျေနုဝိသ။ ကာမပဋိသန္ဓေ တဆယ်အား တပ်သော ဒွိဟိတ် အဟိတ်စုတိ။ ပဋိသန္ဓေကျေနုဝိသအား တပ်သော ကာမတိဟိတ်စုတိလေးခု။ သဟိတ်ပဋိသန္ဓေသတ္တရသအား တပ်သော ရူပါဝစရစုတိငါးခု။ ကာမတိဟိတ်ပဋိသန္ဓေလေးမုံ၊ အရူပပဋိသန္ဓေ လေးခုအား တပ်သော အာကာသာနဉ္စာယတန စုတိ။ ကာမတိဟိတ်ပဋိသန္ဓေလေးခု၊ ဝိညာဏဉ္စာယတန,အာကိဉ္စညာယတန, နေဝသညာနာသညာယတန ပဋိသန္ဓေအား တပ်သော ဝိညာဏဉ္စာယတနစုတိ။ ကာမတိဟိတ်ပဋိသန္ဓေလေးခု၊ အာကိဉ္စညာယတန,နေဝသညာနာသညာယတနပဋိသန္ဓေအား တပ်သော အာကိဉ္စညာယတနစုတိ။ ကာမတိဟိတ်ပဋိသန္ဓေလေးခု၊ နေဝသညာနာသညာယတနပဋိသန္ဓေအား တပ်သော နေဝသညာနာသညာယတနစုတိ ပစ္စည်းတရားကို ပြတော်မူ၏။

"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်** ဖြင့် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"အနန္တရပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်** ဖြင့် နောက်နောက်သော ဝိပါက်, ကြိယာအား တပ်သော ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော ဝိပါက်, ကြိယာဖြစ်အံ့။ တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤငါးပစ္စယ။ပ။သ။ ။နောက်နောက်သော ကြိယာဇောအဋ္ဌာရသအား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇောအဋ္ဌာရသ, ဖြစ်အံ့။ (အာသေဝနထည့်၍) ခြောက်ပစ္စယ။ပ။သ, ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ"ဟူသော **ကတ္တားပါဌ်**ဖြင့် ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်းပစ္စည်းတရားကိုပြတော်မူ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် မဟာကုသိုလ်ပဌမဇော ပစ္စယုပ္ပန်။ပ။၏။ ။"အနန္တရပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်**ဖြင့် တပြိုင်နက် တပ်ကောင်းသော **အနန္တရ**၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ ငါးပစ္စယ။ပ။ **သ**, ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ"ဟူသော **ကတ္တားပါဌ်**ဖြင့် ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းပစ္စည်း တရားကို ပြတော်မူ၏။"ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် အကုသိုလ်ဒွါဒသ ပဌမဇော ပစ္စယုပ္ပန်။ပ။

၏။ "အနန္တရပစ္စယေန"ဟူသော **ကရိဏ်းပါဌ်ဖြင့်** တပြိုင်နက် တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤ ငါးပစ္စယ။ပ။၏။

**"ယေသံ ယေသံ ဓမ္မာနံ"**ဟူသော ပါဌ်ဖြင့် **အနိယမအားဖြင့်** ရဟန္တာတို့ စုတိ ကြည်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ့်, စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ **"ယေ ယေ ဓမ္မာ"** ဟူသော ပါဌ်ဖြင့် အနိယမ အားဖြင့် ရဟန္တာတို့ စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ်တခုယုတ် ကိုးဆယ့်, စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ **"စိတ္တ စေတသိကာ ဓမ္မာ"**ဟူသော ပါဌ်ဖြင့် **အနန္တရ** ပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။ ။"တေတေ ဓမ္မာ"ဟူသော **ကတ္တားပါဌ်ဖြင့်** နိယမအားဖြင့် ယေသံ ယေသံ ဓမ္မာနံ ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့ စုတိ ကြည် သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ့်, စေတသိက် ဒွေပညာသ ပစ္စည်း တရားကို ပြတော်မူ၏။ "တေသံ တေသံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်ဖြင့်** နိယမ အားဖြင့် ယေယေဓမ္မာ ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့ စုတိစိတ် နှင့်တကွ နောက်နောက်သော စိတ်တခုယုတ်ကိုးဆယ့် စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "အနန္တရပစ္စယေန" ဟူသော **ကရိဏ်းပါဌ်ဖြင့်** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေဝန၊** ကမ္မ၊ နတ္ထိ၊ ဝိဂတ ဤခုစ်ပစ္စယ။ပ။ သ,ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

**တနည်းကား—**

(၁) "အနန္တရပစ္စယေန"ဟူသော **ကရိဏ်းပါဌ်ဖြင့်** ရဟန္တာတို့ စုတိစိတ်နှင့် တကွ နောက်နောက်သော နာမက္ခန္ဓာအား တပ်သော ရဟန္တာတို့ စုတိကြည် သော ရှေးရှေးသော နာမက္ခန္ဓာ ဖြစ်အံ့။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤငါးပစ္စယ။ပ။သ။

(၂) ပဌမဇော, ဖိုလ်ဇောကြည်သော နောက်နောက်သော ဇော ဇေ ပညာသအား တပ်သော အဆုံးဇောကြည်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ ဖြစ်အံ့။ (အာသေဝနထည့်၍)ခြောက်ပစ္စယ။ပ။ သ။

(၃) မဂ္ဂါနန္တရဖိုလ်အား တပ်သော မဂ်စေတနာဖြစ်အံ့။ (ကမ္မထည့်၍) ခြောက်ပစ္စယ။ပ။ သ, ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ"အစရှိသော ပါဌ် တို့ဖြင့် စက္ခုဝိညာဉ်သည် သမ္ပဋိစ္ဆိုင်းအား။ သမ္ပဋိစ္ဆိုင်းသည် **သန္တီရဏ အား** ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

**ထိုမှ** နောင်၌ သန္တိရဏသည် ဝုဋ္ဌောအား၊ ဝုဋ္ဌောသည် ဇောအား၊ ဇောသည် တဒါရုံအား....ဤသို့ အစရှိသည်တို့ကို ဆိုအပ်လျက် မဆိုသော်လည်း ဤနောက်က ဆိုအပ်ပြီးသော နည်းဖြင့် သိအပ်ကုန်၏ ဟူ၍ ဒေသနာကို ချုံးတော်မူ၏။ တနည်းလည်း ပုရိမာပုရိမာ အစရှိသောနည်း၌ သင်္ဂြိုဟ်အပ်၏ ဟူ၍ မဟောအပ်။ ။ထိုကြောင့် အဋ္ဌကထာ ၃၆၂-၌ "တတော ပရံ ပန ဝေါဋ္ဌဗ္ဗန ဇဝန တဒါရမ္မဏ ဘဝင်္ဂကိစ္စာ မနောဝိညာဏဓာတုယော ဝတ္တဗ္ဗာ သိယုံ။ တာ အဝုတ္တာပိ ဣမိနာဝ နယေန ဝေဒိတဗ္ဗာတိ နယံ ဒဿေတွာ ဒေသနာ သံခိတ္တာ။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာတိ အာဒိကေစ ဆဋ္ဌနယေ တာ သင်္ဂဟိတာတိပိ ဣမ န ဝုတ္တာတိ ဝေဒိတဗ္ဗာ"ဟု မိန့်အပ်ပြီ။ ။ ခပ်သိမ်းသော အနန္တရ ပစ္စည်းတို့၏ သခေ်ပလက္ခဏာကို ပြအံ့သောငှါ "ယေသံ ယေသံ ဓမ္မာနံ" အစရှိသောပါဌ်ကို မိန့်အပ်၏။ ထိုကြောင့် အဋ္ဌကထာ ၃၆၃-၌ "ယေသံ ယေသန္တိ ဣဒံ သဗ္ဗေသမ္ပိ အနန္တရပစ္စယ ဓမ္မာနံ သခေ်ပလက္ခဏန္တိ"ဟု မိန့်အပ်ပြီ။ ။အနန္တရ ပြီး၏။ ။ (သမနန္တရလည်း တူပြီ)။

---

### သဟဇာတပစ္စည်း

**သမနန္တရပစ္စည်း၏** ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ (**စစ်မြဲ**)။ ။စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ အညမညံ-အညမညဿ၊ အချင်းချင်းအား။ **တနည်းကား**။ အညောအညဿ၊ တပါးသည် တပါးအား။ သဟဇာတပစ္စယေန၊ ဖြင့်၊ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ဖြစ်၏။ စတ္တာရော၊ ကုန်သော။ မဟာဘူတာ၊ တို့သည်။ အညမညံ-အညမညဿ၊ အား။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုသည်။ အညမညံ-အညမညဿ၊ အား။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ စိတ္တစေတသိကာ၊ ကုန်သော။ ဓမ္မာ၊ အရူပဝိပါက်လေးခု၊ ဒွေးပဉ္စဝိညာဉ် တဆယ်, ရဟန္တာတို့ စုတိကြဉ်သော စိတ်ခုနစ်ဆဲ့ငါးခု၊ စေတသိက် ဒွေးပညာသ နာမက္ခန္ဓာတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင်ဖြစ်ကြောင်း ရှိကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်တို့အား။ (**အဋ္ဌကထာနည်း**) **တနည်းကား** ရူပါနံ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ (**ဆရာနည်း**) သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ မဟာဘူတာ၊ မဟာဘုတ်တို့သည်။ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ပ။ ၏။ ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုတို့သည်။ အရူပီနံ၊ ကုန်သော။ ဓမ္မာနံ၊ ပဋိသန္ဓေနာမ

ပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ ကိဋ္ဌိကာလေ၊ ပဋိသန္ဓေကာလ၌။ သဟဇာတ ပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ကိဋ္ဌိကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ နဟောတိ၊ မဖြစ်။

ထို နိဒ္ဒေသနာကာရ ပါဠ်တို့တွင် "စတ္တာရော ခန္ဓာ အရူပိနော" ဟူသော **ကတ္တားပါဋ်ဖြင့်** သုံးပါးသုံးပါးသော နာမက္ခန္ဓာတို့အား တပ်သော တပါးတပါး သော နာမက္ခန္ဓာ။ တပါးတပါးသော နာမက္ခန္ဓာအား တပ်သော သုံးပါးသုံးပါး သော နာမက္ခန္ဓာ။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအား တပ်သော နှစ်ပါးနှစ်ပါး သော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ ။"အညမညံ" ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။"သဟဇာတပစ္စယေန" ဟူသော **ကရိုဏ်းပါဋ်ဖြင့်** အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဖြစ်အံ့။ သဟဇာတ၊ အညမည၊နိဿယ၊သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယ။ တွင် သဟဇာတ သတ္တိ။ပ။ သ။ ။အချင်း ချင်းအား တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဖြစ်အံ့။ (ဝိပါကထည့်၍) ခုနစ်ပစ္စယ။ပ။ သ, ဖြင့်။ ၏။

"စတ္တာရော မဟာဘူတာ" ဟူသော **ကတ္တားပါဋ်ဖြင့်** သုံးပါးသုံးပါးသော မဟာဘုတ်အား တပ်သော တပါးတပါးသော မဟာဘုတ်၊ တပါးတပါးသော မဟာဘုတ်အား တပ်သော သုံးပါးသုံးပါးသော မဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ်အား တပ်သော နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စည်းတရားကို ပြတော်မူ၏။ ။"အညမညံ"ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** သုံးပါးသုံးပါးသော မဟာ ဘုတ်၊ တပါးတပါးသော မဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်။ ၏။ ။"သဟဇာတ ပစ္စယေန"ဟူသော **ကရိုဏ်းပါဋ်ဖြင့်** တပြိုင်နက် တပ်ကောင်း သော သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤငါးပစ္စယ။ပ။ သဖြင့်။ ၏။

"ဩက္ကန္တိက္ခဏေ နာမရူပံ" ဟူသော **ကတ္တားပါဋ်ဖြင့်** ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုပစ္စည်း။ပ။ ၏။ ။အညမညံ ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စယုပ္ပန်။ ၏။ ။"သဟဇာတ ပစ္စယေန"ဟူသော **ကရိုဏ်းပါဋ်ဖြင့်** တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယ။ပ။ သ။ ။ ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်အံ့။ (ဝိပါကထည့်၍) ခုနစ် ပစ္စယ။ပ။ သ,ဖြင့်။၏။

“စိတ္တစေတသိကာ ဓမ္မာ” ဟူသော **ကတ္တားပါဋ်ဖြင့်** ပစ္စဝေါကာရဘုံ၌ အရူပဝိပါက် လေးခု၊ ဒွေးပဉ္စဝိညာဉ် တဆယ်၊ ရဟန္တာတို့ စုတိကြည်သော စိတ် ခုနစ်ဆဲ့ငါးခု စေတသိက် ဒွေပညာသ ပစ္စည်းတရား။ ၏။ ။“စိတ္တသမုဋ္ဌာနာနံ ရူပါနံ” ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** စိတ္တဇရုပ်ပစ္စယုပ္ပန်။ ၏။ ။**တနည်းကား** စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်။ ၏။ ။“သဟဇာတပစ္စယေန” ဟူသော **ကရိုဏ်းပါဋ်ဖြင့်** စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော အရူပဝိပါက်လေးခု၊ ဒွေးပဉ္စဝိညာဉ် တဆယ်၊ ရဟန္တာတို့ စုတိကြည်သော ပဉ္စဝေါကာရပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး ဖြစ်အံ့။ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ကျငါး ပစ္စယ။ပ။ သ။ ။စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော အရူပဝိပါက်လေးခု၊ ဒွေးပဉ္စဝိညာဉ် တဆယ်၊ ရဟန္တာတို့ စုတိကြည်သော ပဉ္စဝေါကာရဝိပါက်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဖြစ်အံ့။ (ဝိပါကထည့်၍) ခြောက်ပစ္စယ။ပ။ သ,ဖြင့်။ ၏။

“မဟာဘူတာ” ဟူသော **ကတ္တားပါဋ်ဖြင့်** မဟာဘုတ်လေးပါး ပစ္စည်း။ ၏။ **“ဥပါဒါရူပါနံ”** ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** ဥပါဒါရုပ် ပစ္စယုပ္ပန်။ ၏။ ။“သဟဇာတပစ္စယေန” ဟူသော **ကရိုဏ်းပါဋ်ဖြင့်** တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ကျလေးပစ္စယ။ပ။၏။

“ရူပိနော ဓမ္မာ”ဟူသော **ကတ္တားပါဋ်ဖြင့်** ဟဒယဝတ္ထုပစ္စည်း။၏။ ။“အရူပိနံ ဓမ္မာနံ” ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်။ ၏။ ။“ကိဉ္စိကာလေ သဟဇာတပစ္စယေန” ဟူသော **ကရိုဏ်းပါဋ်ဖြင့်** ပဋိသန္ဓေ ကာလ၌ သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ။“ကိဉ္စိကာလေ န သဟဇာတပစ္စယေန” ဟူသော **ကရိုဏ်းပါဋ်ဖြင့်** ပဝတ္တိကာလ၌ သဟဇာတ သတ္တိဖြင့် ကျေးဇူးမပြုဟန်ကို ပြတော်မူ၏။

[စိတ္တစေတသိကာတိ ပဝတ္တိယံ စတ္တာရော ခန္ဓာ။ ။အဋ္ဌကထာပါဠိ ၃၆၅-]။

သဟဇာတ ပြီး၏။

---

## အညမညပစ္စည်း

သဟဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ (စစ်မြဲ)။ စတ္တာရော၊ ကုန်သော။ အရူပိနော၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ အညမညံ-အညမညဿ၊ အား။ (သမ္ပဒါန်ထည့်၍) အညမညပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ စတ္တာရော၊ ကုန်သော။ မဟာဘူတာ၊ တို့သည်။ အညမညံ၊ အား။ အညမညပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေဝါကာရပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုသည်။ အညမညံ၊ အချင်းချင်းအား။ အညမညပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ထိုနိဒ္ဒေသနာကာရပါဠိတို့တွင် "စတ္တာရော ခန္ဓာ အရူပိနော" ဟူသော **ကတ္တားပါဠိ**ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာအား တပ်သော တပါးတပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာအား တပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအား တပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ ။"အညမညံ"ဟူသော **သမ္ပဒါန်ပါဠိ**ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်။ ၏။ ။"အညမညပစ္စယေန" ဟူသော**ကရိုဏ်းပါဠိ**ဖြင့် (သဟဇာတအတိုင်း နှစ်ချက်ဆို။ ။"စတ္တာရော မဟာဘူတာ"၌လည်း သဟဇာတ အတိုင်းဆို။ "ဩက္ကန္တိက္ခဏေ"၌လည်း သဟဇာတ အတိုင်း)။ ။

အညမညပြီး၏။

---

## နိဿယပစ္စည်း

အညမညပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ (စစ်မြဲ)။ နိဿယ ပစ္စယနိဒ္ဒေသ၌ (သဟဇာတ နိဿယသည် သဟဇာတနှင့် တူ၏)။ ။ပုရေဇာတနိဿယ၌ စက္ခာယတနံ၊ မဇ္ဈိမာယုကဖြစ်၍ အတီတ ဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခာယတနသည်။ စက္ခုဝိညာဏဓာတုယာစ၊ စက္ခုဝိညာဏဓာတ်အားငှင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့အားငှင်း။ နိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော။ပ။ ယံရူပံ၊ အကြင် ဟဒယဝတ္ထုကို။ နိဿာယ၊ ၍။ မနောဓာတုစ၊ မနောဓာတ်သည်ငှင်း။ မနောဝိညာဏဓာတုစ၊ အရူပ ဝိပါက်လေးခုကြဉ်သော မနောဝိညာဏဓာတ် ခုနစ်ဆဲ့နှစ်ခုသည်ငှင်း။ ဝတ္တမေ၊ ဤမနောဓာတ်, မနောဝိညာဏဓာတ်တို့သည်။ ဝတ္တန္တိ၊ ကုန်၏။ တံရူပံ၊ ထို ဟဒယဝတ္ထုသည်။ မနောဓာတုယာစ၊ အားငှင်း။ မနောဝိညာဏဓာတုယာစ၊ အားငှင်း။ နိဿယပစ္စယေန၊ ပုရေဇာတနိဿယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊၏။ ။(သဟဇာတနိဿယ ပြမြဲ)။

ထိုနိဒ္ဒေသနာကာရပါဠိတို့တွင် "စက္ခာယတနံ" ဟူသော **ကတ္တားပါဠိ**ဖြင့် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။ ။"စက္ခုဝိညာဏဓာတုယာ။ပ။ ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဠိ**ဖြင့် **စက္ခုဝိညာဉ်ဒွေး၊သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခု** ပစ္စယုပ္ပန်။၏။ ။"နိဿယ

ပစ္စယေန” ဟူသော **ကရိုဏ်းပါဠိ**ဖြင့် တပ်ပြိုင်နက် တပ်ကောင်းသော နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယ။ပ။ ၏။ ။ (သောတစသည် တူ၏)။

**“ယံရူပံ”** ဟူသောပါဠိဖြင့် အနိယမအားဖြင့် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။**“နိဿာယ မနောဓာတုစ။ပ။ ဝတ္တန္တိ”** ဟူသော ပါဠိဖြင့် မနောဓာတ်သုံးခု အရူပဝိပါက်လေးခု ကြဉ်သော မနောဝိညာဏဓာတ်ခုနစ်ဆဲ့နှစ်ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။“တံရူပံ” ဟူသော **ကတ္တားပါဠိ**ဖြင့် နိယမအားဖြင့် ယံရူပံဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကိုပြတော်မူ၏။ ။“မနောဓာတုယာစ။ပ။ ဓမ္မာနံ” ဟူသော **သမ္ပဒါန်ပါဠိ**ဖြင့် မနောဓာတ်သုံးခု၊ အရူပဝိပါက်လေးခု ကြဉ်သော မနောဝိညာဏဓာတ် ခုနစ်ဆဲ့နှစ်ခု, စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်။ပ။၏။ “နိဿယပစ္စယေန” ဟူသော **ကရိုဏ်းပါဠိ**ဖြင့် တပ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော နိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယ။ပ။သ,ဖြင့်။ ၏။

**တနည်းကား—**

(၁) ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော မနောဓာတ်, မနောဝိညာဏဓာတ် ခုနစ်ဆဲ့နှစ်ခုအား တပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသောအခါ ရှေးစိတ္တက္ခဏ တချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ပုရေဇာတနိဿယပစ္စည်းဖြစ်အံ့။ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤငါးပစ္စယ။ပ။ နိဿယ။ပ။သ။

(၂) မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇောငါးချက်, တဒါရုံအား တပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့။(အာရမ္မဏ ထည့်၍) ခြောက်ပစ္စယ။ပ။သ။

(၃) အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဟဒယဝတ္ထုဟုဆိုအပ်

သော ဝတ္ထာရမ္မဏဖြစ်အံ့။ (အာရမ္မဏ၊ အဓိပတိ။ ဥပနိဿယထည့်၍) ရှစ်ပစ္စယ။ပ။သ,ဖြင့်ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

[“ထေရောစ ဒဟရောစ ပိဏ္ဍာယ စရန္တိ”ကဲ့သို့ “မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ”ပုဒ်သည် အင်္ဂါသိတ ဖြစ်၍ ဗဟုဝုစ်ရှိသည်။ ။ထို့ကြောင့် ဆရာတို့လည်း....

သမုစ္စယေ ကတေ ဒွိန္နံ၊ ဗဟုန္နံ ဝါ ပတီယတော။
စယင်္ဂါနုဂတာ သင်္ချာ၊ ဝါကျေ ဒွန္ဒာနုသာရိနာ။ ။
သတ္တာစ သာရိပုတ္တောစ၊ ဓမ္မံ ဒေသေတိ ကေဝလံ။
ထေရောစေဝ ဒဟရောစ၊ ပိဏ္ဍာယ စရန္တီတိ စ။ ။
ဟု ဆိုကုန်၏]။ ။

နိဿယ ပြီး၏။

---

## ဥပနိဿယပစ္စည်း

နိဿယ ပစ္စည်း၏။ပ။ ဥပနိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ (စစ်မြဲ)။ ။ပစ္စယုဒ္ဒေသေ၊ ဌ။ ယော-ယာဒိသော၊ သော။ ပစ္စယော၊ ကို။ ဥပနိဿယပစ္စယောတိ၊ ဟူ၍။ပ။ပုရိမာ ပုရိမာ၊ ကုန်သော။ကုသလာ၊ ကုန်သော။ ဓမ္မာ၊အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ နာမက္ခန္ဓာတို့သည်။ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ ကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ ကုသိုလ်ကေဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန အာရမ္မဏူ၊ အနန္တရူ၊ ပကတူပနိဿယ သတ္တိဖြင့်။ ပစ္စယော၊ သည်။ **ဟော**တိ၊ ၏။ ပုရိမာ ပုရိမာ၊ ကုန်သော။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ လောကီကုသိုလ် သတ္တရသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ အကုသိုလ် ဒွါဒသ နာမက္ခန္ဓာတို့အား။ ကေသဥ္စိ၊ အချို့သော အကုသိုလ်တို့အား။ ဥပနိဿယပစ္စယေန၊ အာရမ္မဏူ, ပကတူပနိဿယသတ္တိဖြင့်။ တနည်းကား။ ကေသဥ္စိ ဥပနိဿယပစ္စယေန၊ အချို့သော အာရမ္မဏူ, ပကတူပနိဿယသတ္တိဖြင့်၊ ပစ္စယော။ပ။ ၏။

[“ကေသဥ္စိ”ပါဌ်ဖြင့် အနန္တရူပနိဿယကို စင်စေ၏။ ။ထို့ကြောင့် “ကုသလေန ပန အကုသလေ သမနန္တရတိတာ နလဗ္ဘန္တိ၊ တေနေဝ ဝုတ္တံ အကုသလာနံ ဓမ္မာနံ ကေသဥ္စိ ဥပနိဿယပစ္စယေန ပစ္စယောတိ”ဟူ၍ အဋ္ဌကထာ ၃၆၈-၌ မိန့်အပ်ပြီ]။

ပုရိမာ ပုရိမာ၊ ကုန်သော။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ ကုသိုလ်ကေဝီသ **နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အဗျာကတာနံ၊ ကုန်သော။**

ဓမ္မာနံ၊ ဝိပါက်ဆတ္တိံသ, ကြိယာဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန၊ အာရမ္မဏူ၊ အနန္တရူ၊ ပကတပနိဿယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ပုရိမာ ပုရိမာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန၊ အာရမ္မဏူ၊ အနန္တရူ၊ ပကတူပနိဿယဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ပုရိမာ ပုရိမာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ ကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ ကုသိုလ်ကေဝီသ နာမက္ခန္ဓာတို့အား။ ကေသဉ္စိ၊ အချို့သော ကုသိုလ်တို့အား။ ဥပနိဿယပစ္စယေန၊ ပကတူပနိဿယသတ္တိဖြင့်။ တနည်းကား၊ ကေသဉ္စိ ဥပနိဿယပစ္စယေန၊ အချို့သော ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ။ပုရိမာ ပုရိမာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အဗျာကတာနံ၊ ကုန်သော။ ဓမ္မာနံ၊ ဝိပါက်ဆတ္တိံသ, ကြိယာဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန၊ အနန္တရူ၊ ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

[ဤ၌ အနန္တရူပနိဿယကိုရသောကြောင့် "ကေသဉ္စိ"ဟူ၍ မဆိုအပ်။ ။ထိုကြောင့် အဋ္ဌကထာ ၃၆၉-၌ "ယသ္မာ ပန အနန္တရတာ လဗ္ဘတိ။ တသ္မာ တတ္ထ ကေသဉ္စီတိ န ဝုတ္တံ"ဟု မိန့်အပ်ပြီ]။

ပုရိမာ ပုရိမာ၊ ကုန်သော။ အဗျာကတာ၊ ကုန်သော။ ဓမ္မာ၊ ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အဗျာကတာနံ၊ ကုန်သော။ ဓမ္မာနံ၊ ဝိပါက်ဆတ္တိံသ, ကြိယာဝီသ နာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန၊ အာရမ္မဏူ, အနန္တရူ, ပကတူပနိဿယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ။ပုရိမာ ပုရိမာ၊ ကုန်သော။ အဗျာကတာ၊ ကုန်သော။ ဓမ္မာ၊ အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်ပဉ္စတိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့သည်။

[မိမိသန္တာန်၌ ဖြစ်သောတရားကို ရည်၍ အရဟတ္တဖိုလ်ကို ကြဉ်သည်။ ထိုကြောင့် ပဋ္ဌာဝါရ၌ "သေက္ခာ ဖလံ ဥပနိဿာယ"အစရှိသည်ကို ဟောတော်မူ၏။ သူတပါးသန္တာန်၌ ပစ္စည်းကိုယူသော် ဝိပါက်ဆတ္တိံသပင် သင့်မည်ထင်၏]။

ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ ကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ ကုသိုလ်ကေဝီသနာမက္ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန၊ အာရမ္မဏူ၊ အနန္တရူ၊ ပကတူပ

နိဿယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ။ပုရိမာ ပုရိမာ၊ ကုန်သော။ အဗျာကတာ၊ ကုန်သော။ ဓမ္မာ၊ လောကီဝိပါက် ဗာတ္တံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ အကုသလာနံ၊ ကုန်သော။ ဓမ္မာနံ၊ အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့အား၊ ဥပနိဿယပစ္စယေန၊ အာရမ္မဏူ၊ အနန္တရူ၊ ပကတူပနိဿယသတ္တိဖြင့်၊ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ပုဂ္ဂလောပိ၊ ကလျာဏမိတ္တစသော ပုဂ္ဂိုလ်သည်လည်း၊ ဥပနိဿယ။ပ။ ၏။ ဥတုပိ၊ လျော်ကပ်သည်စသော အချမ်းအပူဟူသော ဥတုသည်လည်း။ ဘောဇနမ္ပိ၊ လျော်ကပ်သည်စသော ဘောဇဉ်သည်လည်း။ပ။ သေနာသနမ္ပိ၊ လျော်ကပ်သည်စသော ကျောင်းစသော အိပ်ရာနေရာသည်လည်း။ဥပနိဿယ ပစ္စယေန၊ ပကတူပနိဿယ သတ္တိဖြင့်။ပ။၏။

[ဥတု, ဘောဇန, သေနာသနကိုကား ပရမတ်။ ပုဂ္ဂလကိုကား ပညတ် ဟု သိအပ်၏။ ပုဂ္ဂလောပိ သေနာသနမ္ပိ၌ ပိ,သဒ္ဒါဖြင့်ကား သက်နိုး၊ တောင်, သစ်ပင်, တောချုံ အစရှိသော ပကတူပ တပ်ကောင်းသမျှကို သင်္ဂြိုဟ်တော်မူ၏။ ပုဂ္ဂလ, သေနာသန၊ ဤနှစ်ပါးကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း။အရည, ပဗ္ဗတ အစရှိသည်တို့ကို ဟောကောင်း ပါ၏တကားဟူမူကား။ ပုဂ္ဂလ, သေနာသန၊ ဤနှစ်ပါးသည် ကုသိုလ် အကုသိုလ်တို့၏ဖြစ်ခြင်း၌ အားကြီးသော အကြောင်း ဖြစ်သောကြောင့် ဦးတည်၍ ဟောတော်မူသည်။ ။ထိုကြောင့် အဋ္ဌကထာ ၃၆၉-၌ "ပုဂ္ဂလောပိ သေနာသနမ္ပီတိ ဣဒံ ဒွယံ ပကတူပနိဿယဝသေန ဝုတ္တံ။ ဣဒံ ဟိ ဒွယံ ကုသလာကုသလပဝတ္တိယာ ဗလဝပစ္စယော ဟောတိ" ဟု မိန့်အပ်ပြီ။ ။ဣဒံ ဟိ ၌ ဟိ, ကား ကာရဏတည်း]။

ထိုနိဒ္ဒေသနာကာရပါဠ်တို့တွင် **အာရမ္မဏူပနိဿယ ဖြစ်အံ့။** "ပုရိမာ ပုရိမာ ကုသလာဓမ္မာ" ဟူသော **ကတ္တားပါဠ်ဖြင့်** အလေးအမြတ် ပြုတတ်သော မဟာ ကုသိုလ်ဉာဏဝိပ္ပယုတ် လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသ။ အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသ ပစ္စည်းတရားကို ပြတော်မူ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဠ်ဖြင့်** မဟာကုသိုလ်ရှစ်ခု ပစ္စယုပ္ပန်။၏။ "ဥပနိဿယပစ္စယေန" ဟူသော **ကရိုဏ်းပါဠ်ဖြင့်** ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ ဤသုံး ပစ္စယ။ပ။သ။၏။

**အနန္တရူပနိဿယဖြစ်အံ့။ ကတ္တားပါဠ်ဖြင့်** အဆုံးဇောကြဉ်သော ရှေးရှေး သော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားကို ပြတော်မူ၏။ ။**သမ္ပဒါန်ပါဠ်ဖြင့်**

မဟာကုသိုလ် ဒုတိယာဒိဇော၊ မဟာဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။ ။**ကရိုဏ်းပါဌ်**ဖြင့် ဥပနိဿယ၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ဤခြောက်ပစ္စယ။ပ။ ဖြင့်။ ၏။

**ပကတူပနိဿယဖြစ်အံ့။ ကတ္တာ**း**ပါဌ်**ဖြင့် ဗလဝ ဖြစ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသ ပစ္စည်းတရား။၏။ ။**သမ္ဗဒါန်ပါဌ်**ဖြင့် နောက်နောက် သော ကုသိုလ်ကေဝီသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။**ကရိုဏ်းပါဌ်**ဖြင့် ပကတူပနိဿယသတ္တိဖြင့်။၏။

### ကုသလော အကုသလဿ

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ **ဓမ္မာနံ**"၌ **အာရမ္မဏူပနိဿယ ဖြစ်အံ့**။ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ဟူသော **ကတ္တာ**း**ပါဌ်**ဖြင့် အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသပစ္စည်း။ ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော **သမ္ဗဒါန်ပါဌ်**ဖြင့် **အလေးအမြတ်** ပြုတတ်သော လောဘမူရှစ်ခု ပစ္စယုပ္ပန်။၏။ ။"ဥပနိဿယပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်**ဖြင့် ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ ဤသုံးပစ္စယ။သ။၏။

**ပကတူပနိဿယဖြစ်အံ့။ ကတ္တာ**း**ပါဌ်**ဖြင့် ဗလဝဖြစ်သော လောကီကုသိုလ် သတ္တရသ ပစ္စည်း။၏။ ။**သမ္ဗဒါန်ပါဌ်**ဖြင့် နောက်နောက်သော အကုသိုလ် ဒွါဒသ ပစ္စယုပ္ပန်။ ၏။ ။**ကရိုဏ်းပါဌ်**ဖြင့် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူး ပြုဟန်ကို ပြတော်မူ၏။

### ကုသလော အဗျာကတဿ

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"၌ **အာရမ္မဏူပနိဿယ**ဖြစ်အံ့။ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ဟူသော **ကတ္တာ**း**ပါဌ် ဖြင့်** အလေးအမြတ် ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခုအား တပ်သော အရဟတ္တမဂ်ပစ္စည်း။ ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္ဗဒါန်ပါဌ်**ဖြင့် အလေးအမြတ် ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု ပစ္စယုပ္ပန်။ ၏။ ။"ဥပနိဿယပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်ဖြင့်** ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ သုံးပစ္စယ။ သ။ ၏။ ။ **(အနန္တရူပနိဿယ အနန္တရအတိုင်း)**။

**ပကတူပနိဿယဖြစ်အံ့။ ကတ္တာ**း**ပါဌ်**ဖြင့် ဗလဝဖြစ်သော ကုသိုလ်ကေဝီသ။ ပစ္စည်း။ ၏။ ။**သမ္ဗဒါန်ပါဌ်**ဖြင့် ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ ပစ္စယုပ္ပန်။၏။ ။

**ကရိုဏ်းပါဠ်ဖြင့်** တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဥပနိဿယ၊ အနန္တရ၊ သမနန္တရ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ၊ခြောက်ပစ္စယတို့တွင်။ပ။သ။၏။

**အကုသလော အကုသလဿ**

"ပုရိမ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ" ၌ **အာရမ္မဏူပနိဿယဖြစ်အံ့။** "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ" ဟူသော **ကတ္တားပါဠ်ဖြင့်** အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော လောဘမူရှစ်ခု ပစ္စည်း။ ၏။ "ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဠ်ဖြင့်** အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခု ပစ္စယုပ္ပန်။၏။ ။"ဥပနိဿယပစ္စယေန"ဟူသော **ကရိုဏ်းပါဠ်ဖြင့်** ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ။သ။၏။ ။(**အနန္တရူပနိဿယ၊** အနန္တရ အတိုင်းဆိုလေ)။

**ပကတူပနိဿယဖြစ်အံ့။ ကတ္တားပါဠ်ဖြင့်** ဗလဝဖြစ်သော အကုသိုလ်ဒွါဒသ ပစ္စည်း။၏။ ။**သမ္ပဒါန်ပါဠ်ဖြင့်** နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်။၏။ ။**ကရိုဏ်းပါဠ်ဖြင့်** ပကတူပနိဿယ။၏။ (အကုသိုလ်ချင်း)။

**အကုသလော ကုသလဿ**

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"၌ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ" ဟူသော **ကတ္တားပါဠ်ဖြင့်** ဗလဝဖြစ်သော အကုသိုလ်ဒွါဒသ ပစ္စည်း။၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဠ်ဖြင့်** နောက်နောက်သော ကုသိုလ်ကေဝီသ ပစ္စယုပ္ပန်။ ၏။ ။"ဥပနိဿယပစ္စယေန"ဟူသော **ကရိုဏ်းပါဠ်ဖြင့်** ပကတူပနိဿယသတ္တိဖြင့်။ ၏။ ။(အကုသိုလ်သည် ကုသိုလ်အား ပကတူပသာ။ အာရမ္မဏူ၊ အနန္တရူ နှစ်ပါး မရ)။

**အကုသလော အဗျာကတဿ**

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"၌ **အနန္တရူပနိဿယဖြစ်အံ့။ ကတ္တားပါဠ်ဖြင့်**(အနန္တရအတိုင်းဆိုလေ)။ ။**ပကတူပနိဿယဖြစ်အံ့။** "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ"သော **ကတ္တားပါဠ်ဖြင့်** ဗလဝဖြစ်သော အကုသိုလ်ဒွါဒသ ပစ္စည်း။ ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဠ်ဖြင့်** နောက်နောက်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ ပစ္စယုပ္ပန်။၏။ "ဥပနိဿပစ္စယေန"ဟူသော **ကရိုဏ်းပါဠ်ဖြင့်** တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဥပနိဿယ၊ **ကမ္မနှစ်ပစ္စယ။**သ။၏။

### အဗျာကတော အဗျာကတဿ

"ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ" ၌ **အာရမ္မဏူပနိဿယဖြစ်အံ့**။ "ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ" ဟူသော **ကတ္တာ:ပါဋ်ဖြင့်** အလေးအမြတ် ပြုတတ်သော မဟာကြိယာဉာဏ သမ္ပယုတ် လေးခုအား:တပ်သော အရဟတ္တဖိုလ်, နိဗ္ဗာန်၊ ဖိုလ်လေးခုအား: တပ်သော နိဗ္ဗာန် ပစ္စည်း:တရား။၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ"ဟူသော**သမ္ပဒါန်ပါဋ်ဖြင့်** အလေးအမြတ်ပြုတတ်သောမဟာကြိယာဉာဏ သမ္ပယုတ်လေးခု၊ ဖိုလ်လေးခု ပစ္စယုပ္ပန်။၏။ ။"ဥပနိဿယပစ္စယေန" ဟူသော **ကရိုဏ်း:ပါဋ်ဖြင့်** ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ **သုံး:ပစ္စယ**။၏။ ။(**အနန္တ ရူပနိဿယ**မှာ အနန္တရအတိုင်:ဆိုလေ)။ ။

**ပကတူပနိဿယဖြစ်အံ့**။ **ကတ္တာ:ပါဋ်ဖြင့်** ဗလဝဖြစ်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသ ပစ္စည်း။၏။ ။**သမ္ပဒါန်ပါဋ်ဖြင့်** နောက်နောက်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ ပစ္စယုပ္ပန်။ ၏။ ။**ကရိုဏ်း:ပါဋ်ဖြင့်** ပကတူပနိဿယ။ ၏။ ။

### အဗျာကတော ကုသလဿ

အဗျာကတနှင့်ကုသိုလ်၌ **အာရမ္မဏူပနိဿယဖြစ်အံ့**။ "ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ"ဟူသော **ကတ္တာ:ပါဋ်ဖြင့်** အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခုအား: တပ်သော အောက်ဖိုလ်သုံးခု, နိဗ္ဗာန်၊ မဂ်လေးခုအား:တပ်သောနိဗ္ဗာန် ပစ္စည်း။ ၏။ ။"ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ"ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု၊ မဂ်လေးခု ပစ္စယုပ္ပန်။၏။ ။"ဥပနိဿယပစ္စယေန" ဟူသော **ကရိုဏ်း:ပါဋ်ဖြင့်**ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ **သုံး:ပစ္စယ**။ပ။၏။ ။

**အနန္တရူပနိဿယဖြစ်အံ့**။ 'ကတ္တာ:ပါဋ်ဖြင့်ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း။၏။ ။**သမ္ပဒါန်ပါဋ်ဖြင့်** မဟာကုသိုလ်ပဌမဇော။၏။ ။**ကရိုဏ်း:ပါဋ်ဖြင့်** ဥပနိဿယ၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ဝိဂတ၊ ဤငါး:ပစ္စယ။၏။ ။

**ပကတူပနိဿယဖြစ်အံ့**။ **ကတ္တာ:ပါဋ်ဖြင့်** ဗလဝဖြစ်သော အရဟတ္တဖိုလ် ကြဉ်သော ဝိပါက်ပဉ္စတိံသ။ (တနည်း:ကား) ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသ ပစ္စည်း။၏။ ။**သမ္ပဒါန်ပါဋ်ဖြင့်** ကုသိုလ် ဧကဝီသပစ္စယုပ္ပန်တရား။ ၏။ ။**ကရိုဏ်း:ပါဋ်ဖြင့်** ပကတူပနိဿယ။ ၏။(**ကုသိုလ်ကား:ပြီး၏**)။

## အဗျာကတော အကုသလဿ

အဗျာကတနှင့် အကုသိုလ်၌ **အာရမ္မဏူပနိဿယဖြစ်အံ့။** “ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ”ဟူသော **ကတ္တားပါဠ်ဖြင့်** အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဖလဌ်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော လောကီဝိပါက် ကေတိ°သ, ကြိယာဝီသ ပစ္စည်း။၏။ ။“ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ”ဟူသော **သမ္ပဒါန်ပါဠ်ဖြင့်** အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခု ပစ္စယုပ္ပန်။၏။ ။“ဥပနိဿယပစ္စယေန”ဟူသော **ကရိုဏ်းပါဠ်ဖြင့်** တပြိုင်နက် ယထာရဟာတပ်ကောင်းသော ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤရှစ်ပစ္စယ။ပ။သ။၏။ ။

**တနည်းကား—**

၁။ အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခုအားတပ်သော အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်းဖြစ်အံ့။ ဥပနိဿယ၊အာရမ္မဏ၊ အဓိပတိ သုံးပစ္စယ။ ။

၂။ အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဖလဌ်ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတပစ္စည်းဖြစ်အံ့။ (ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ထည့်၍)ခြောက်ပစ္စယ။သ။

၃။ အလေးအမြတ်ပြုတတ်သော လောဘမူမရဏာသန္နဇော ငါးချက်အား တပ်သောစုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့် အတူ ဥပါဒ်သောအလေးအမြတ် ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့။ (နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတထည့်၍) ရှစ်ပစ္စယ။ပ။ ၏။ ။[**အနန္တရူပနိဿယ** အနန္တရ အတိုင်းဆိုလေ]

**ပကတူပနိဿယဖြစ်အံ့။** **ကတ္တားပါဠ်ဖြင့်** ဗလဝဖြစ်သော လောကီဝိပါက် ဗာတ္တိ°သ,ကြိယာဝီသ, ရုပ်အဋ္ဌဝီသပစ္စည်း။၏။ ။**သမ္ပဒါန်ပါဠ်ဖြင့်** အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်။၏။ ။**ကရိုဏ်းပါဠ်ဖြင့်** ပကတူပနိဿယ သတ္တိဖြင့်။ ပ။၏။ ။ဥပနိဿယ ပြီး၏။

## ပုရေဇာတပစ္စည်း

ဥပနိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ပုရေဇာတ (စစ်မြဲ။ ။စက္ခာယတနံ စသည်ကို အနက်ပေးမြဲ)။ ကိဉ္စိကာလေ၊

ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊၏။ ကိဉ္စိ ကာလေ၊ပဋိသန္ဓေကာလ၌။ပုရေဇာတပစ္စယေန၊ဖြင့်။ပစ္စယော၊သည်။နဟောတိ၊ မဖြစ်။ (ထိုနိဒ္ဒေသနာကာရပါဠ်တို့တွင် စက္ခာယတနံ စသည်ကို ပုရေဇာတ နိဿယ အတိုင်းပြလေ။ ရူပါယတနံ စသည်ကို အာရမ္မဏအတိုင်းပြလေ။ ယံ ရူပံ စသည်ကိုလည်း ပုရေဇာတနိဿယအတိုင်းပြလေ)။

[“ရူပါယတနံ စက္ခုဝိညာဏဓာတုယာ” အစရှိသောပါဠ်တို့ဖြင့် ပဉ္စ ဒွါရ၌ အာရမ္မဏပုရေဇာတကိုပြတော်မူသည်။ မနောဒွါရ၌ပြတော်မမူ။ ထိုသို့မပြသော်လည်း မနောဒွါရ၌ “စက္ခုံ အနိစ္စတော” အစရှိသည်ကို ဟောတော်မူသောကြောင့် ရသင့်၏။ရသင့်လျက်အဘယ့်ကြောင့်ပြတော် မမူသနည်းဟူမူကား။ ။ဤအရာ၌ **သာဝသေသ**အားဖြင့် ဒေသနာကို ဟောတော်မူသည်ဟုမှတ်။ ။ထို့ကြောင့် အဋ္ဌကထာ(၃၇၁)၌ “မနော ဒွါရေပိ အာရမ္မဏပုရေဇာတံ လဗ္ဘတေဝ။ ဣမ ပန သာဝသေသဝသေန ဒေသနာ ကတာတိ”ဟု မိန့်အပ်ပြီ။ ။အဘယ့်ကြောင့် သာဝသေသ အားဖြင့် ဟောတော်မူသနည်း။ပစ္စယနိဒ္ဒေသ၏ မကျဉ်းမကျယ် ဖြစ်သော ကြောင့်တည်း။ ။ဆရာနည်း]။ ။ပုရေဇာတပြီး၏။

---

## ပစ္ဆာဇာတပစ္စည်း

ပုရေဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္ဆာ ဇာတပစ္စည်း၏ (စစ်မြဲ)။ ။ပစ္ဆာ၊ နောက်၌။ ဇာတာ၊ ဖြစ်ကုန်သော။ စိတ္တ စေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ပဉ္စဝေါကာရဘုံ၌ အရူပ ဝိပါက်လေးခု ကြဉ်သော စိတ်ရှစ်ဆဲ့ငါးခု၊ စေတသိက်ဒွေပညာသ နာမက္ခန္ဓာ တို့သည်။ ပုရေပစ္စည်းတရားဖြစ်သည်မှ ရှေး၌။ ဇာတဿ၊ဖြစ်ထသော။ ဣမဿ၊ ဤသို့သဘောရှိသော။ ကာယဿ၊ ကေဇ,ဒွိဇ, တိဇ, စတုဇကာယအား။ ပစ္ဆာ- ဇာတပစ္စယေန၊ဖြင့်။ပစ္စယော၊ သည်။ဟောတိ၊၏။ ။

ထို နိဒ္ဒေသနာကာရ ပါဠ်တို့တွင် “ပစ္ဆာဇာတာ စိတ္တ စေတသိကာ ဓမ္မာ” ဟူသော **ကတ္တား**ပါဠ်ဖြင့် ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခုကြဉ်သော ပဋ္ဌမဘဝင်အစရှိသော နောက်ဖြစ်သော စိတ်ရှစ်ဆဲ့ငါးခု၊ စေတသိက်ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ ။“ပုရေဇာတဿ ဣမဿ ကာယဿ” ဟူသော **သမ္ပဒါန်**ပါဠ်ဖြင့် ပဋိသန္ဓေအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ဌီသို့ရောက်သော ကေဇ,ဒွိဇ,တိဇ,စတုဇကာယ ပစ္စယုပ္ပန်တရားကို ပြတော် မူ၏။

**အကျယ်တနည်းကား—**

ပဋိသန္ဓေနာမက္ခန္ဓာနှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ကမ္မဇရုပ်ဟု ဆိုအပ်သော ကေဇကာယအား တပ်သော ပဌမဘဝင် နာမက္ခန္ဓာ။ **တနည်းကား** ကမ္မဇရုပ်၊ ဥတုဇရုပ်ဟုဆိုအပ်သော ဒွိဇကာယအား တပ်သော ပထမဘဝင် နာမက္ခန္ဓာ။ ပဌမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာနှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော တိဇကာယအားတပ်သော ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာ၊ အာဟာရဇရုပ်ဥပါဒ် သောအခါ ရှေးဖြစ်သော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော စတုဇကာယအား တပ်သော အမှတ်မဲ့နောက်ဖြစ်သော နာမက္ခန္ဓာ၊ ပဉ္စဝေါကာရ ဘဝင် တဆဲ့ငါးခုနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော တိဇ,စတုဇကာယအားတပ်သော အာဝဇ္ဇန်းဒွေး (ရူပါဝစရကိုရည်၍ တိဇ၊ ကာမာဝစရကို ရည်၍ စတုဇဆိုသည်)။ ပဉ္စဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော တိဇ,စတုဇကာယအား တပ်သော ပဉ္စဝိညာဉ်နာမက္ခန္ဓာ၊ ပဉ္စဝိညာဉ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သောဒွိဇ, တိဇ ကာယအားတပ်သော သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ။ (စိတ္တဇရုပ်ကျသည်)။ ။ (ရာသီစု အတိုင်း၌နည်းကိုမှီ၍ ဝိထိစဉ်အတိုင်း နောက်ကစ၍ ဆိုလေ)။ ။

"ပစ္ဆာဇာတပစ္စယေန"ဟူသောကရိုဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော ပစ္ဆာဇာတ၊ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ၊၌လေးပစ္စယ။ပစ္ဆာဇာတ။သ,ဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ။

> ["ပုရေဇာတဿာတိ တေသံ ဥပ္ပါဒတော ပဌမတရံ ဇာတဿ ဇာတိက္ခဏံ အတိက္ကမိတွာ ဌိတိပ္ပတ္တဿ"ဟု အဋ္ဌကထာ(၃၇၂)၌ဆိုသောကြောင့် ဥပါဒ်ခဏ၌ကျေးဇူးမပြု၊ ဌီတိက္ခဏ၌ ကျေးဇူးပြုသည်ဟု မှတ်လေ]။ ။

ပစ္ဆာဇာတပြီး၏။

---

## အာသေဝနပစ္စည်း

အာသေဝနန္တိ (အထက်ကကဲ့သို့ ဆိုမြဲ။ ။ပုရိမာ ပုရိမာ ကုသလာ·ဓမ္မာ၊ အကုသလာ ဓမ္မာ၊၌နှစ်ပုဒ်သည်အနန္တရနှင့်တူ၏)။ ။ပုရိမာ ပုရိမာ၊ရှေးရှေး၌ ဖြစ်ကုန်သော။ကြိယာဗျာကတာ၊ကုန်သော။ ဓမ္မာ၊အဆုံးဇောကြဉ်သောကြိယာဇော အဋ္ဌာရသ နာမက္ခန္ဓာတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ ကြိယာဗျာကတာနံ၊ ကုန်သော။ဓမ္မာနံ၊ ပဌမဇောကြဉ်သော ကြိယာဇောအဋ္ဌာရသ တို့အား။ အာသေဝနပစ္စယေန၊ ဖြင့်။ပစ္စယော၊သည်။ဟောတိ၊၏။ ။

"ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ" ဟူသော **ကတ္တားပါဌ်ဖြင့်** အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော အဋ္ဌာရသပစ္စည်း။ ၏။

"ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ"ဟူသော **သမ္ပဒါန်ပါဌ်ဖြင့်** ပဌမဇောကြဉ်သော ကြိယာဇော အဋ္ဌာရသပစ္စယုပ္ပန်။ ၏။

**ဟနည်ကား—**

ဟသိတုပ္ပါဒ်၊ မဟာကြိယာ ဒုတိယဇောအား တပ်သောပဌမဇော။ပ။ သတ္တမဇောအားတပ်သော ဆဋ္ဌဇော၊ မဟာဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် လေးခုအား တပ်သော ဂေါတြဘုကိစ္စတပ်သော မဟာကြိယာပဌမဒွေး၊ မဟာဂ္ဂုတ် ကြိယာ ဥပေက္ခာသဟဂုတ် ငါးခုအား တပ်သော ဂေါတြဘုကိစ္စတပ်သော မဟာ ကြိယာ တတိယဒွေး၊ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟာဂ္ဂုတ် ကြိယာ အား တပ်သော ရှေးရှေးသောဇောတူ မဟာဂ္ဂုတ်ကြိယာ ပစ္စည်းတရား။၏။ ။ **သမ္ပဒါန်ပါဌ်ဖြင့်** ဟသိတုပ္ပါဒ်, မဟာကြိယာဒုတိယာဒိဇော, မဟာဂ္ဂုတ်ကြိယာကိုးခု ပစ္စယုပ္ပန်။၏။ ။

"အာသေဝနပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်ဖြင့်** တပြိုင်နက် တပ်ကောင်း သော အာသေဝန၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ ခြောက် ပစ္စယ။ပ။သ, ဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

[ကုသိုလ်, အကုသိုလ်သည် ဝိပါက်ကြိယာအား အဘဲ့ကြောင့် အာ သေဝနပစ္စည်း မတပ်သနည်း။ "အတ္တနော ဂတိံ ဂါဟာပေတုံ အသ မတ္ထတာယ"။ (အဋ္ဌကထာဟိတ်) "ဘိန္နဇာတိကာ ဟိ ဘိန္နဇာတိကာနံ အရူပဓမ္မာနံ အာသေဝနဂုဏေန ပဂုဏဗလဝဘာဝံ သာဓယမာနာ အတ္တနော ကုသလာဒိဘာဝသင်္ခါတံ ဂတိံ ဂါဟာပေတုံ နသက္ကောန္တိ။ တသ္မာ တေဟိ သဒ္ဓိံ နိဒ္ဒေသံ အကတွာ" အစရှိသည်ဖြင့် များစွာ ဆို၏။ ။ဝိပါက်သည် ဝိပါက်ချင်း မတပ်ရာ၌ "အထ ဝိပါကာဗျာ ကတံ ကသ္မာ န ဂဟိတန္တိ အာသေဝနာဘာဝေန။ ဝိပါကံ ဟိ ကမ္မ ဝသေန ဝိပါကဘာဝပ္ပတ္တံ ကမ္မပရိဏာမိတံ ဟုတွာ ဝတ္တတိ။ နိရုဿာဟံ ဒုဗ္ဗလန္တိ တံ အာသေဝနဂုဏေန အတ္တနော သဘာဝံ ဂါဟာပေတွာ ပရိဘာဝေတွာ နေဝ အညံ ဝိပါကံ ဥပ္ပါဒေတုံ သက္ကောတိ၊ န ပုရိမ ဝိပါကာနုဘာဝံ ဂဟေတွာ ဥပ္ပဇ္ဇိတုန္တိ။ ကမ္မဝေဂက္ခိတ္တံ ပန ပတိတံဝိယ ဟုတွာ ဥပ္ပဇ္ဇတီတိ။ သဗ္ဗထာပိ ဝိပါကေ အာသေဝနံ နတ္ထီတိ အာသေ ဝနာဘာဝေန ဝိပါကံ နဂဟိတံ"။ ။အဋ္ဌကထာ-၃၇၃]။ ။အာသေဝန ပြီး၏။

---

## ကမ္မပစ္စည်း

(ကမ္မ ၌ အတက်ဆိုမြဲ)။ ။ကုသလာကုသလံ၊ ကုသိုလ်အကုသိုလ်ဖြစ်သော။ ကမ္မံ၊ နာနက္ခဏိကစေတနာသည်။ ဝိပါကာနံ၊ အကျိုးဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊

ဝိပါက်ဆတ္တိံသ, စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့အားငှ်း။ ကဋတ္တာရူပါနဉ္စ၊ ပဋိသန္ဓေ ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အသညသတ် ကမ္မဇရုပ်တို့အားငှ်း။ ကမ္မပစ္စယေန၊ နာနက္ခဏိက ကမ္မသတ္တိ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ စေတနာ၊ စေတနာသည်။ သမ္ပယုတ္တကာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ် တခုယုတ်ကိုးဆယ် စေတနာကြဉ်သော စေတသိက် ၈၅ပညာသတို့အား ငှ်း။ တံသမုဋ္ဌာနာနံ၊ ထိုစေတနာ-စေတနာနှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားငှ်း။ ကမ္မပစ္စယေန၊ သဟဇာတကမ္မသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

## နာနာက္ခဏိကကမ္မ

ထို နိဒ္ဒေသနာကာရပါဠ်တို့တွင် "ကုသလာကုသလံ ကမ္မံ"ဟူသော **ကတ္တား ပါဠ်** ဖြင့် အကုသိုလ်ဒွါဒသ, ကုသိုလ် ကေဝီသဋ္ဌ်ရှိသော နာနာက္ခဏိကစေတနာ ပစ္စည်းတရားကို ပြတော်မူ၏။

**တနည်းကား—**

အကုသလဝိပါက် ခုနစ်ခု နာမက္ခန္ဓာ။ ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် အား တပ်သော အကုသိုလ် ဒွါဒသ စေတနာ။ အဟိတ်ကုသလဝိပါက် ရှစ်ခု, မဟာဝိပါက်ရှစ်ခု နာမက္ခန္ဓာ။ပဋိသန္ဓေကမ္မဇရုပ်,ပဝတ္တိ ကမ္မဇရုပ်အား တပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခု နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်အား တပ်သော တိဟိတ်ဩမက, ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ။ အဟိတ် ကုသလဝိပါက် ရှစ်ခု နာမက္ခန္ဓာ။ ပဋိသန္ဓေ ကမ္မဇရုပ်၊ပဝတ္တိကမ္မဇရုပ်အား တပ်သော ဒွိဟိတ်ဩမကမဟာကုသိုလ် စေတနာ။ ရူပါဝစရ ပဉ္စမဈာန်ဝိပါက် နာမက္ခန္ဓာ။ ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ်အား တပ်သော ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်စေတနာ။ပ။ပဉ္စမဈာန် ဝိပါက်နာမက္ခန္ဓာ။ ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်အား တပ်သော ပဉ္စမဈာန်ကုသိုလ် စေတနာ။ အာကာသာနဉ္စာယတနဝိပါက် နာမက္ခန္ဓာအား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်စေတနာ။ပ။ နေဝသညာနာသညာယတန ဝိပါက် နာမက္ခန္ဓာအား တပ်သော နေဝသညာနာသညာယတန ကုသိုလ် စေတနာ။ သောတာပတ္တိဖိုလ်အား တပ်သော သောတာပတ္တိမဂ်စေတနာ။ပ။ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ်စေတနာ ပစ္စည်း။၏။ ။

"ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ"ဟူသော **သမ္ပဒါန်ပါဠ်** ဖြင့် ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာ။ ပဋိသန္ဓေ ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ် ကမ္မဇရုပ် ပစ္စယုပ္ပန်။၏။ ။"ကမ္မပစ္စယေန"ဟူသော **ကရိုဏ်းပါဠ်**ဖြင့် တပ္ပိုင်နက်

ယထာရဟ တပ်ကောင်းသော ကမ္မ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤခြောက်ပစ္စယ။ပ။သ။၏။

## ပကတူပနာနာက္ခဏိကကမ္မ

**တနည်းကား—**

ဝိပါက်ဆတ္တိံသအား တပ်သော ဗလဝဖြစ်သော ကုသိုလ်အကုသိုလ်စေတနာဖြစ်အံ့။ ကမ္မ၊ ဥပနိဿယ ဤနှစ်ပစ္စယ။ပ။သ။

## အနန္တရကမ္မ

မဂ္ဂါနန္တရဖိုလ်လေးခုအား တပ်သော မဂ်စေတနာဖြစ်အံ့။ ကမ္မ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤခြောက်ပစ္စ။ပ။သ, ဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

## သဟဇာတကမ္မ

"စေတနာ" ဟူသော **ကတ္တားပါဌ်ဖြင့်** စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော စေတနာပစ္စည်း။ပ။ ၏။ ။"သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ" ဟူသော **သမ္ပဒါန်ပါဌ်ဖြင့်** စိတ်တခုယုတ်ကိုးဆယ်, စေတနာကြဉ်သော စေတသိက် ကေပညာသဟု ဆိုအပ်သော သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။"ကမ္မပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်ဖြင့်** တပြိုင်နက် ယထာရဟတပ်ကောင်းသော ကမ္မ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယ။ပ။သ။ ၏။

**တနည်းကား-ကရိုဏ်းပါဌ်ဖြင့်—**

(၁) သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော စေတနာဖြစ်အံ့။ ကမ္မ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယ။ပ။သ။

(၂) သမ္ပယုတ္တခန္ဓာ၊ ဟဒယဝတ္ထုအား တပ်သော စေတနာဖြစ်အံ့။ (အညမညထည့်၍) ခုနစ်ပစ္စယ။ပ။သ။

(၃) သမ္ပယုတ္တခန္ဓာအားသာ တပ်သော စေတနာဖြစ်အံ့။ (အညမည၊ သမ္ပယုတ္တထည့်၍) ရှစ်ပစ္စယ။ပ။သ။

(၄) စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော စေတနာဖြစ်အံ့။ (ဝိပ္ပယုတ္တထည့်၍) ခုနစ်ပစ္စယ။ပ။သ။ ။**(အဝိပါကလေးချက်)**။

(၁) သမ္ပယုတ္တခန္ဓာ၊စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားး တပ်သော ဝိပါက်၌ ရှိသော စေတနာဖြစ်အံ့၊ ကမ္မ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ၊ ဤခုနစ်ပစ္စယ။ပ။သ။

(၂) သမ္ပယုတ္တခန္ဓာ၊ ဟဒယဝတ္ထုအားး တပ်သော ဝိပါက်၌ ရှိသော စေတနာ ဖြစ်အံ့။ (အညမညထည့်၍) ရှစ်ပစ္စယ။ပ။သ။

(၃) သမ္ပယုတ္တခန္ဓာအားးသာ တပ်သော ဝိပါက်၌ရှိသော စေတနာဖြစ်အံ့။ (အညမည၊သမ္ပယုတ္တထည့်၍) ကိုးပစ္စယ။ပ။သ။

(၄) စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားး တပ်သော ဝိပါက်၌ရှိသော စေတနာဖြစ်အံ့။ (ဝိပ္ပယုတ္တထည့်၍) ရှစ်ပစ္စယ။ပ။သ။

(၅) ဟဒယဝတ္ထုအားး တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ၌ရှိသော စေတနာ ဖြစ်အံ့။ (အညမည၊ဝိပ္ပယုတ္တထည့်၍) ကိုးပစ္စယ။ပ။သ, ဖြင့်။ပ။ ပြတော်မူ၏။ ။(**သဝိပါကငါးချက်**။ ပေါင်းကိုးချက်။ ပစ္စည်းပြိုင်အတိုင်း)။

[နာနာက္ခဏိကကမ္မသည် မိမိဖြစ်ဆဲကာလ၌ အကျိုးမပေး၊ ချုပ်ပြီး နောက်၌သာ အကျိုးပေးသည်။ ။ထို့ကြောင့် အဋ္ဌကထာ ၃၇၄-၌ "ကမ္မပစ္စယေနာတိ အနေကာနမ္ပိ ကပ္ပကောဋီနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိကကမ္မပစ္စယေနာတိ အတ္ထော။ ကုသလာကုသလဉှိ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ နဒေတိ၊ ယဒိ ဒဒေယျ၊ ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ၊ တဿာနုဘာဝေန တသ္မိံယေဝ ခဏေ ဒေဝေါ ဘဝေယျ။ ယသ္မိံ ပန ခဏေ တံ ကတံ၊ တတော အညသ္မိံ ခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေဝဓမ္မေ ဥပပဇ္ဇေဝါ အပရေဝါ ပရိယာယေ။ အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ။ နိရုဒ္ဓါပိ ပုရိမသိပ္ပါဒိကြိယာ ဝိယ ကာလန္တရေ ပစ္ဆိမသိပ္ပါဒိကြိယာယ။ တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ" ဟု ဆိုအပ်ပြီ]။

ကမ္မ ပြီး၏။

---

## ဝိပါကပစ္စည်း

ဝိပါက၌ (တက်မြဲ)။ ။ဝိပါကာ၊ ဝိပါက်ဖြစ်ကုန်သော။ စတ္တာရော၊ ကုန်သော။ အရူပိနော၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ အညမညံ-အညမညဿ၊ အားး။ (တနည်း)။ အညောအညဿ၊ အားး။ ဝိပါကပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ထိုနိဒ္ဒေသနာကာရ ပါဠိတို့တွင် "ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော" ဟူသော **ကတ္တားပါဠိ**ဖြင့် သုံးပါးသုံးပါးသော ဝိပါက်နာမက္ခန္ဓာအား တပ်သော တပါးတပါးသော ဝိပါက်နာမက္ခန္ဓာ၊ တပါးတပါးသော ဝိပါက်နာမက္ခန္ဓာအား တပ်သော သုံးပါးသုံးပါးသော ဝိပါက်နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော ဝိပါက် နာမက္ခန္ဓာအား တပ်သော နှစ်ပါးနှစ်ပါးသော ဝိပါက်နာမက္ခန္ဓာ ပစ္စည်းတရား ကို ပြတော်မူ၏။ ။"အညမညံ" ဟူသော **သမ္ပဒါန်ပါဠိ**ဖြင့် သုံးပါးသုံးပါးသော ဝိပါက်နာမက္ခန္ဓာ၊ တပါးတပါးသော ဝိပါက်နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော ဝိပါက်နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။"ဝိပါကပစ္စယေန" ဟူသော **ကရိုဏ်းပါဠိ**ဖြင့် တပြိုင်နက် တပ်ကောင်းသော ဝိပါက၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ **အဝိဂတ** ဤခုနစ်ပစ္စယ။ပ။သ, ဖြင့်။၏။

[ဤပစ္စယနိဒ္ဒေသ၌ ဝိပါက်နာမက္ခန္ဓာချင်းအား ဝိပါကပစ္စည်းတပ် ဟန်ကို ပြတော်မူ၏။ စိတ္တဇရုပ်, ကမ္မဇရုပ်အား ပစ္စည်းတပ်ဟန်ကို ပြတော်မမူ။ မကျဉ်းမကျယ် ပြတော်မူသော အရာဖြစ်သောကြောင့် **သာဝသေသ** အားဖြင့် ပြတော်မူသည်။ ။ထို့ကြောင့် အဋ္ဌကထာ (၃၇၆)၌ "သာဝသေသဝသေန ဒေသနာ ကတာ"ဟု မိန့်အပ်ပြီ]။

ဝိပါကပစ္စည်း ပြီး၏။

---

## အာဟာရပစ္စည်း

(အတက်ဆိုမြဲ)။ ။အာဟာရပစ္စည်း၌ ကဗဠီကာရော၊ အလုပ်အလွေ့ကို မပြုတတ်သော်လည်း ပြုတတ်သကဲ့သို့သော။ အာဟာရော၊ အာဟာရသည်။ ဣမဿ ၊ ဤသို့သဘောရှိသော။ ကာယဿ၊ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကကာယအား။ အာဟာရပစ္စယေန ရုပ်အာဟာရသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရာ၊ ဖဿ, စေတနာ,ဝိညာဉ်ဟုဆိုအပ်သော အာဟာရတို့သည်။သမ္ပယုတ္တကာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ တို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထိုအာဟာရ, အာဟာရနှင့်ယှဉ်သော စိတ်,စေတ သိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့ အားရင်း။ အာဟာရပစ္စယေန၊ နာမ်အာဟာရသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊၏။

## ရုပ်အာဟာရ

ထိုနိဒ္ဒေသနာကာရပါဠိတို့တွင် "ကဗဠီကာရော အာဟာရော" ဟူသော **ကတ္တားပါဠိ**ဖြင့်ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အားတပ်

သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားကို ပြတော်မူ၏။ ။"ဣမဿ ကာယဿ" ဟူသော **သမ္ဗန္ဓပါဠ်ဖြင့်** စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

**တနည်း အကျယ်ကား—**

**ကမ္မဇကလာပ်ကိုးစည်းတို့တွင်** စက္ခုဒသကကလာပ်၌ ဩဇာကြည်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု၊ ကလာပ်ပြားနှစ်ဆယ်သော ရုပ်ကလာပ်တို့အား တပ်သောစက္ခုဒသက ကလာပ်၌ရှိသော ဩဇာ။ ။သောတဒသက ကလာပ်၌ ဩဇာကြည်သောကလာပ်တူ ကမ္မဇရုပ်ကိုးခု။ ကလာပ်ပြားနှစ်ဆယ်သော ရုပ်ကလာပ်တို့အား တပ်သော သောတဒသက ကလာပ်၌ရှိသောဩဇာ။ (ဃာနဒသက အစရှိသည်ကို ဤနည်းအတူဆို)။ ။ဇီဝိတနဝကကလာပ်၌ ဩဇာကြည်သော ကမ္မဇရုပ်ရှစ်ခု။ ကလာပ်ပြား နှစ်ဆယ်သော ရုပ်ကလာပ်တို့အား တပ်သော ဇီဝိတနဝကကလာပ်၌ရှိသော ဩဇာ။ ။စိတ္တဇကလာပ်ခြောက်စည်းတို့တွင် သက်သက်သော အဋ္ဌကလာပ်၌ ဩဇာကြည်သော ကလာပ်တူ စိတ္တဇရုပ် ခုနစ်ခု။ ကလာပ်ပြား နှစ်ဆယ်သော ရုပ်ကလာပ်တို့အား တပ်သော သက်သက်သော အဋ္ဌကလာပ်၌ ရှိသောဩဇာ။ (ကာယဝိညတ္တိနဝက အစရှိသည်ကို ဤနည်းအတူဆိုလေ။ ။ဥတုဇကလာပ်လေးစည်း။ **အာဟာရဇကလာပ်** နှစ်စည်းတို့ကိုလည်း ဤနည်းကိုမှီ၍ဆိုလေ)ပစ္စည်းတရားကို ပြတော်မူ၏။ ။**သမ္ဗန္ဓပါဠ်ဖြင့်** ကလာပ်တူ ဩဇာကြည်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။

"အာဟာရပစ္စယေန" ဟူသော **ကရိဏ်းပါဠ်ဖြင့်** အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤသုံးပစ္စယ။ သ။၏။

## နာမ် (သဟဇာတ) အာဟာရ

"အရူပိနော အာဟာရာ" ဟူသော **ကတ္တားပါဠ်ဖြင့်** ဖဿ၊စေတနာ၊ ဝိညာဉ် နာမ်အာဟာရသုံးပါးပစ္စည်း။၏။ ။"သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော **သမ္ဗန္ဓပါဠ်ဖြင့်** စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပဉ္စာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်။၏။ ။"အာဟာရပစ္စယေန"ဟူသော **ကရိဏ်းပါဠ်ဖြင့်** တပြိုင်နက် ယထာရဟာ တပ်ကောင်းသော အာဟာရ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆယ့်နှစ်ပစ္စယ။ပ။သ။၏။

**တနည်းကား—**

(၁) သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဖဿ၊ စေတနာ၊ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရသုံးပါးဖြစ်အံ့။ အာ

ဟာရ၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤငါးပစ္စယ။ပ။သ။ (ဤသာမည၌ အဝိပါကလေးချက်၊ သဝိပါကငါးချက် ပစ္စည်းပြိုင်က အတိုင်း ဆိုလေ)။

(၂) သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော စေတနာ အာဟာရဖြစ်အံ့။ အာဟာရ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယ။ပ။သ။ ။(ဤ၌လည်း အဝိပါကလေး ချက်၊ သဝိပါကငါးချက်။ ပေါင်း ကိုးချက်။ ပစ္စည်းပြိုင်က အတိုင်း ဆိုလေ)။

(၃) သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိညာ-ဏာဟာရဖြစ်အံ့။ အာဟာရ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤခြောက် ပစ္စယ။ပ။သ။ ။(ဤ၌လည်း အဝိပါကလေး ချက်၊ သဝိပါကငါးချက်၊ ပေါင်းကိုးချက်။ ပစ္စည်းပြိုင်က အတိုင်း ဆိုလေ)။

(၄) သမ္ပယုတ္တခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်အား တပ်သော စိတ္တာဓိပတိဖြစ် အံ့။ အာဟာရ၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိ ဂတ ဤခုနစ်ပစ္စယ။ပ။သ။၏။(ဤ၌ အဝိပါကသုံးချက်၊ သဝိပါက သုံးချက် ပစ္စည်းပြိုင်အတိုင်းခြောက်ချက်စေ့အောင် ဆိုလေ)။

[ကဗဠီကာရအာဟာရပင်ဆိုသော်လည်း စတုသမုဋ္ဌာနိက သြဇာကို ယူ၍ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ဥတုဇ သြဇာကိုသာ မယူလင့်။ ။ ထို့ကြောင့် အဋ္ဌကထာ၌ "ကဗဠီကာရော အာဟာရောတိ စတုသန္တတိ သမုဋ္ဌာနေ ရူပေ သြဇာ အာဟာရောနာမ။ သော ပန ယသ္မာ ကဗဠီ ကရိတွာ အဇ္ဈောဟရိတောဝ အာဟာရကိစ္စံ ကရောတိ။ န ဗဟိဋ္ဌိတော။ တသ္မာ အာဟာရောတိ အဝတွာ ကဗဠီကာရော အာဟာရောတိ ဝုတ္တံ" **ဟု** မိန့်အပ်ပြီ]။ ။

ဤရုပ်အာဟာရ ပစ္စည်းသည် ဇနကသတ္တိ၊ ဥပထမ္ဘက သတ္တိနှစ်ပါး တပ်၏။ ဗဟိဒ္ဓသန္တာန်၌ ဥတုဇသြဇာသည် အာဟာရဇရုပ်အား ဇနက။ ကြွင်းသော တိဇရုပ်အား ဥပထမ္ဘက။ တိဇ သြဇာသည် စတုသမုဋ္ဌာနိက ရုပ်အား ဥပထမ္ဘက။ (တနည်းကား....ကလာပ်တူအား ဇနက။ကလာပ် ပြားအား ဥပထမ္ဘကတည်း)။ ။**အာဟာရ ပြီး၏။**

## ဣန္ဒြိယပစ္စည်း

ဣန္ဒြိယဉ္စ (အတက်ဆိုမြဲ)။ ။စက္ခုန္ဒြိယံ၊မဇ္ဈိမာယုက ဖြစ်၍ အတိတဘဝင်နှင့်ဥပါဒ်ပြိုင်သော စက္ခုပြန္ဒြေသည်။ စက္ခုဝိညာဏဓာတုယာစ၊(ပေးမြဲ)။ ။ ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ကဋတ္တာရူပါနံ၊ မိမိကြဉ်သော ကလာပ်တူကမ္မဇရုပ်ကိုးခုတို့အား။ ဣန္ဒြိယပစ္စယေန၊ ရူပဇီဝိတိန္ဒြိယ သတ္တိဖြင့်။ ပစ္စယော၊ သည်။ဟောတိ၊၏။ အရူပိနော၊ ကုန်သော။ ဣန္ဒြိယာ၊တို့သည်။ သမ္ပယုတ္တကာနံ၊ ကုန်သော။ ဓမ္မာနံ၊ စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပဉ္စသတို့အားငှင်း။ တံသမုဋ္ဌာနာနံ၊ ထိုဣန္ဒြေ,ဣန္ဒြေနှင့်ယှဉ်သော စိတ်,စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားငှင်း။ ဣန္ဒြိယပစ္စယေန၊ သဟဇာတိန္ဒြိယသတ္တိဖြင့်။ပ။၏။

## ဝတ္ထုပုရေဇာတိန္ဒြိယ

ထို နိဒ္ဒေသနာကာရပါဠ်တို့တွင်"စက္ခုန္ဒြိယံ"ဟူသော **ကတ္တားပါဌ်**ဖြင့် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေပစ္စည်း။၏။(ပုရေဇာတနိဿယက အတိုင်းပြလေ)။ ။

## ရူပဇီဝိတန္ဒြိယ

"ရူပဇီဝိတိန္ဒြိယံ"ဟူသော **ကတ္တားပါဌ်**ဖြင့် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေပစ္စည်း။၏။ ။"ကဋတ္တာရူပါနံ" ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ။

**တနည်းကား—**

ကမ္မဇကလာပ်ကိုးစည်းတို့တွင် စက္ခုဒသက ကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇကလာပ်ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ။ (သောတဒသက,စသည်နည်းတူ)။ဇီဝိတနဝက ကလာပ်၌ ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ်ရှစ်ခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားကို ပြတော်မူ၏။ ။"ကဋတ္တာရူပါနံ"ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု ပစ္စယုပ္ပန်တရား။၏။ ။

"ဣန္ဒြိယပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်**ဖြင့် ဣန္ဒြိယ၊အတ္ထိ၊ အဝိဂတ ဤသုံးပစ္စယ။ပ။သ။၏။

## သဟဇာတိန္ဒြိယ

"အရူပိနော ဇွိန္ဒြိယာ"ဟူသော **ကတ္တားပါဋ်ဖြင့်** နာမ်ဇွိန္ဒြေတရားကိုယ် ရှစ်ပါးပစ္စည်း။၏။ ။"သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော **သမ္ပဒါန်ပါဋ်ဖြင့်** စိတ်တခုယုတ်ကိုးဆယ်။ စေတသိက် ဒွေ ပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်။၏။ ။"ဇွိန္ဒြိယပစ္စယေန"ဟူသော **ကရိုဏ်းပါဋ်ဖြင့်** တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဇွိန္ဒြိယ၊ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဈာန၊မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤတဆဲ့လေးပစ္စယ။ပ။သ။၏။ ။

**တနည်းကား—**

(၁) သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော နာမ်ဇွိန္ဒြေရှစ်ပါးဖြစ်အံ့။ဇွိန္ဒြိယ၊သဟဇာတ၊နိဿယ၊အတ္ထိ၊ အဝိဂတ ဤငါးပစ္စယ။ပ။သ။ ။(အဝိပါကလေးချက်၊သဝိပါကငါးချက်၊ ပေါင်းကိုးချက်ထည့်လေ)။

(၂) သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဖြစ်အံ့။ဇွိန္ဒြိယ၊သဟဇာတ၊ နိဿယ၊ မဂ္ဂ၊အတ္ထိ၊အဝိဂတ ဤခြောက်ပစ္စယ။ပ။သ။ ။(ဤဥ္စလည်း အဝိပါကလေးချက်၊ သဝိပါက ငါး ချက်။ ပေါင်းကိုးချက် ထည့်လေ)။ ။

(၃) သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝေဒနာ၊ ဧကဂ္ဂတာဖြစ်အံ့။ ဇွိန္ဒြိယ၊သဟဇာတ၊နိဿယ၊ ဈာန၊ အတ္ထိ၊ အဝိဂတဤခြောက် ပစ္စယ။ပ။သ။ ။(ဤဥ္စလည်း အဝိပါကလေးချက်၊ သဝိပါကငါးချက်၊ ပေါင်းကိုးချက်ထည့်လေ)။ ။

(၄) သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဧကဂ္ဂတာဖြစ်အံ့။ ဇွိန္ဒြိယ၊ သဟဇာတ၊ နိဿယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊အဝိဂတ ဤခုနစ်ပစ္စယ။ပ။သ။ ။(ဤဥ္စလည်း အဝိပါကလေးချက်၊ သဝိပါကငါးချက်၊ပေါင်းကိုးချက်ထည့်မြဲ)။ ။

(၅) သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော မနိန္ဒြေဖြစ်အံ့။ ဇွိန္ဒြိယ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤခြောက် ပစ္စယ။ပ။သ။ ။(ဤဥ္စလည်း အဝိပါက လေးချက်၊ သဝိပါကငါးချက်၊ ပေါင်းကိုးချက်ထည့်မြဲ)။ ။

(၆) သမ္ပယုတ္တခန္ဓာ၊ သာဓိပတိ စိတ္တဇရုပ်အား တပ်သော စိတ္တာဓိပတိဖြစ်အံ့။ ဇွိန္ဒြိယ၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ အတ္ထိ၊အဝိဂတ ခုနစ်ပစ္စယ။ပ။သ။ ။(ဤဥ္စ အဝိပါက သုံးချက်၊သဝိပါကသုံးချက်ထည့်မြဲ)။ ။

(၇) သမ္ပယုတ္တခန္ဓာ၊ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝီရိယာဓိပတိ ဖြစ်အံ့။ ဣန္ဒြိယ၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ခုနစ်ပစ္စယ။ပ။ သ။ ။(ဤ၌လည်း အဝိပါကသုံးချက်၊ သဝိပါကသုံးချက် ထည့်မြဲ)။

(၈) သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော အမောဟဖြစ်အံ့။ ဣန္ဒြိယ၊ ဟေတု၊ သဟဇာတ၊ နိဿယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤခုနစ်ပစ္စယ။ပ။ သ။ ။(ဤ၌လည်း အဝိပါကလေးချက်၊ သဝိပါက ငါးချက်၊ ပေါင်းကိုးချက်ထည့်မြဲ)။

(၉) သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိဖြစ်အံ့။ ဣန္ဒြိယ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤရှစ်ပစ္စယ။ပ။သ။၏။ ။(ဤ၌လည်း အဝိပါက သုံးချက်၊ သဝိပါကသုံးချက်၊ ပေါင်းခြောက်ချက်ထည့်မြဲ)။

> [ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့သည် ဣန္ဒြေဖြစ်လျက် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်သနည်းဟူမူကား။ ။"ဣတ္ထိန္ဒြိယပုရိသိန္ဒြိယာနိ ဟိ ကိဉ္စာပိ ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ ဗီဇဘူတာနိ။ ကလလာဒိကာလေ ပန ဝိဇ္ဇမာနေသုပိ တေသု ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ အဘာဝါ တာနိ နေဝ တေသံ န အညေသံ ဣန္ဒြိယပစ္စယတံ ဖရန္တိ။ ဣန္ဒြိယပစ္စယော ဟိ အတ္တနော ဝိဇ္ဇမာနက္ခဏေ အဝိနိဗ္ဘုတ္တဓမ္မာနံ ဣန္ဒြိယပစ္စယတံ အဖရန္တော နာမ နတ္ထိ။ တသ္မာ တာနိ ဣန္ဒြိယပစ္စယာ န ဟောန္တိ"ဟု အဋ္ဌကထာ (၃၇၈)၌ ဆိုသောကြောင့် ကလလအခါ အစရှိသည်တို့၌ ဣတ္ထိလိင် အစ ရှိသည်တို့သည် မရှိသည်ဖြစ်၍ ဣန္ဒြိယပစ္စည်းမတပ်]။ ။ဣန္ဒြိယ ပြီး၏။

---

## ဈာနပစ္စည်း

ဈာန၌(တက်မြဲ)။ ။ဈာနင်္ဂါနိ၊ ဈာနင်တို့သည်။ ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်၊ စေတသိက်ငါးဆဲ့နှစ်ခုတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထိုဈာနင်, ဈာနင်နှင့် ယှဉ်ကုန်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အားရင်း။ ဈာနပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ထိုနိဒ္ဒေသနာကာရပါဠိတို့တွင် "ဈာနင်္ဂါနိ"ဟူသော ကတ္တားပါဠိဖြင့် ဈာနင် တရားကိုယ်ငါးပါး ပစ္စည်း။၏။ ။"ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော သမ္ပဒါန်ပါဠိဖြင့် ဒွေပဉ္စဝိညာဉ်တဆယ် ကြဉ်သော စိတ်တခု

ယုတ်ရှစ်ဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်။၏။ ။"ဈာနပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်ဖြင့်တပြိုင်နက်ယထာရဟ** တပ်ကောင်းသော ဈာန၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤတဆဲ့တပစ္စယ။ပ။သ။၏။

**တနည်းကား—**

(၁) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဈာနင် တရားကိုယ်ငါးပါးဖြစ်အံ့။ ဈာန၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤငါးပစ္စယ။ပ။သ။ (အဝိပါကလေးချက်၊ သဝိပါကငါးချက်၊ ပစ္စည်း ပြိုင်ကအတိုင်း ကိုးချက် ထည့်မြဲ)။

(၂) သမ္ပယုတ္တခန္ဓာ **စိတ္တဇရုပ်**, ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝေဒနာ, ကေဂ္ဂတာဖြစ်အံ့၊ ဈာန၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယ။ပ။သ။ ။(ဤ၌လည်း ကိုးချက် ထည့်မြဲ)။

(၃) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိတက်, ကေဂ္ဂတာဖြစ်အံ့။ ဈာန၊ သဟဇာတ၊ နိဿယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယ။ပ။သ။၏။ ။(ဤ၌လည်း ကိုးချက် ထည့်မြဲ)။

(၄) သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ကေဂ္ဂတာ ဖြစ်အံ့။ ဈာန၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤခုနစ်ပစ္စယ။ပ။သ။၏။ ။(ဤ၌လည်း ကိုးချက်ထည့်မြဲ)။

[ဒွေပဉ္စဝိညာဉ် တဆယ်၌ ဥပေက္ခာ ဝေဒနာ၊ သုခဝေဒနာ၊ ဒုက္ခ ဝေဒနာတို့သည် အဘယ့်ကြောင့် ဈာနပစ္စည်းမတပ်သနည်း။ အာရုံသို့ ကပ်၍ ရှုခြင်းသဘောမရှိ။ အာရုံ၌ ကျကာမတ္တသဘောမျှသာရှိသော ကြောင့် ဈာနပစ္စည်း မတပ်သတည်း။ ။ထိုကြောင့် အဋ္ဌကထာ (၃၇၉)၌ "ပဉ္စန္နံ ပန ဝိညာဏကာယာနံ အဘိနိပါတမတ္တတ္တာ တေသု ဝိဇ္ဇမာနာနိပိ ဥပေက္ခာ သုခ ဒုက္ခာနိ ဥပနိဇ္ဈာနာကာရဿ အဘာဝတော ဈာနင်္ဂါနီတိ န ဥဒ္ဓဋာနိ၊ တတ္ထ ပစ္စိန္နတ္တာ ပန သေသာဟေတုကေသုပိ ဈာနင်္ဂံ န ဥဒ္ဓဋမေဝ"ဟု မိန့်အပ်ပြီ]။ ။ဈာနပစ္စည်း ပြီး၏။

---

## မဂ္ဂပစ္စည်း

မဂ္ဂပစ္စည်း၌ (တက်မြဲ)။ ။မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့သည်။ မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့် ယှဉ်ကုန်သော။ **ဓမ္မာနဥ္စ၊** သဟိတ်စိတ်၊ **ကေသတ္တတိ စေတသိက်**

ဒွေပညာသတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ္ဂင်၊ မဂ္ဂင်နှင့် ယှဉ်ကုန်သောစိတ် စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဥ္စ၊ သဟိတ် စိတ္တဇရုပ်,သဟိတ် ပဋိသန္ဓေကမ္မဇရုပ် တို့အားရင်း။မဂ္ဂပစ္စယေန၊ဖြင့်။ပစ္စယော၊ သည်။ဟောတိ၊၏။

ထိုနိဒ္ဒေသနာကာရပါဠ်တို့တွင် "မဂ္ဂင်္ဂါနိ"ဟူသော **ကတ္တားပါဠ်**ဖြင့် မဂ္ဂင်တရား ကိုယ် ကိုးပါး ပစ္စည်း။၏။ ။"မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ" ဟူသော **သမ္ပဒါန်ပါဠ်**ဖြင့် သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်,သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ပစ္စယုပ္ပန်။ပ။၏။ ။ "မဂ္ဂပစ္စယေန" ဟူသော **ကရိုဏ်းပါဠ်**ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်း သော မဂ္ဂ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ဤတဆဲ့သုံးပစ္စယ။ပ။သ။၏။

**တနည်းကား—**

(၁) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော မဂ္ဂင်တရားကိုယ်ကိုးပါးဖြစ်အံ့။မဂ္ဂ၊သဟဇာတ၊နိဿယ၊အတ္ထိ၊အဝိဂတ ဤငါးပစ္စယ။ပ။သ။ ။(အဓိပါကလေးချက်၊ သဝိပါက ငါးချက်၊ ပေါင်းကိုးချက် ထည့်မြဲ)။

(၂) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဖြစ်အံ့။ မဂ္ဂ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယ။ပ။သ။ ။(ဤဥ္စလည်း ကိုးချက်)။

(၃) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သောဝိတက်, ဧကဂ္ဂတာဖြစ်အံ့။ မဂ္ဂ၊ သဟဇာတ၊ နိဿယ၊ ဈာန၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယ။ပ။သ။ ။(ဤဥ္စလည်း ကိုးချက်)။

(၄) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဧကဂ္ဂတာဖြစ်အံ့။ မဂ္ဂ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ အတ္ထိ၊ အဝိဂတ ဤခုနစ်ပစ္စယ။ပ။သ။ ။(ဤဥ္စလည်း ကိုးချက်)။

(၅) သမ္ပယုတ္တခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဝီရိယာဓိပတိ ဖြစ်အံ့။ မဂ္ဂ၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤခုနစ် ပစ္စယ။ပ။သ။ ။(ဤဥ္စ ခြောက်ချက်)။

(၆) သမ္ပယုတ္တခန္ဓာ၊ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော အမောဟဖြစ်အံ့။ မဂ္ဂ၊ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ-ဤခုနစ်ပစ္စယ။ပ။သ။ ။(ဤဥ္စလည်း ကိုးချက်)။

(၇) သမ္ပယုတ္တာခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိ ဖြစ်အံ့။ မဂ္ဂ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤရှစ်ပစ္စယ။ပ။သ။ ။(ဤ၌ခြောက်ချက်ထည့်မြဲ)။

[အဟိတ်စိတ်အင်္ဂါရသ၌ မဂ္ဂပစ္စည်း အဘယ့်ကြောင့် မတပ်သနည်း ဟူမူကား။ ။ဟိတ်မရှိသောကြောင့် မတပ်သတည်း။ ။ထို့ကြောင့် အဋ္ဌကထာ(၃၇၀)၌ "မဂ္ဂဿ ပန ဟေတုပစ္ဆိမကတ္တာ အဟေတုကစိတ္တေသု မဂ္ဂင်္ဂါနိ န ဥဒ္ဓဋ္ဌာနိ"ဟု မိန့်ဆိုအပ်၏။]။ ။မဂ္ဂပစ္စည်း ပြီး၏။

---

## သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တ၌(တက်မြဲ)။ ။စတ္တာရော၊ ကုန်သော။ အရူပိနော၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ အညမညံ၊ အချင်းချင်းအား။ သမ္ပယုတ္တပစ္စယေန၊ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ထို နိဒ္ဒေသနာကာရပါဠိတို့တွင် "စတ္တာရော ခန္ဓာ အရူပိနော"ဟူသော **ကတ္တားပါဌ်ဖြင့်** သုံးပါးသုံးပါးသော နာမက္ခန္ဓာအား တပ်သော တပါးတပါးသော နာမက္ခန္ဓာ။ တပါးတပါးသော နာမက္ခန္ဓာအား တပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာအား တပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်း။၏။ ။"အညမညံ" ဟူသော **သမ္ပဒါန်ပါဌ်ဖြင့်** သုံးပါး သုံးပါးသော နာမက္ခန္ဓာ။ တပါးတပါးသော နာမက္ခန္ဓာ။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာပစ္စယုပ္ပန်။၏။ ။"သမ္ပယုတ္တပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်ဖြင့်** အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး ဖြစ်အံ့။သမ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊အဝိဂတ ဤခြောက် ပစ္စယ။ပ။သ။

အချင်းချင်းအား တပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ လေးပါးဖြစ်အံ့။ (ဝိပါကထည့်၍) ခုနစ်ပစ္စယ။ပ။သ။၏။ ။သမ္ပယုတ္တ ပြီး၏။

---

## ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တ၌။ ။ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဆဝတ္ထုတရားတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်တို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ သဟဇာတဝိပ္ပယုတ္တ, ပုရေဇာတဝိပ္ပယုတ္တ သတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ အရူပိနော၊ နာမ် ဖြစ်ကုန်သော။ ဓမ္မာ၊ အရူပဝိပါက် လေးခုကြဉ်သော စိတ်ရှစ်ဆဲ့ငါးခု၊ စေတသိက်

ဒွေပညာသ နာမက္ခန္ဓာတို့သည်။ ရူပိနံ၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ စေတုသမုဋ္ဌာနိက ရုပ်တို့အား။ဝိပ္ပယုတ္တပစ္စယေန၊သဟဇာတဝိပ္ပယုတ္တ,ပစ္ဆာဇာတဝိပ္ပယုတ္တ သတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

## ရူပံ နာမဿ

ထို နိဒ္ဒေသနာကာရ ပါဠ်တို့တွင် **သဟဇာတဝိပ္ပယုတ္တ** ဖြစ်အံ့။ "ရူပိနော ဓမ္မာ" ဟူသော **ကတ္တားပါဠ်**ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်း။၏။ ။"အရူပီနံ ဓမ္မာနံ" ဟူသော **သမ္ပဒါန်ပါဠ်**ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။"ဝိပ္ပယုတ္တပစ္စယေန" ဟူသော **ကရိုဏ်းပါဠ်**ဖြင့် တပြိုင်နက် တပ်ကောင်းသော ဝိပ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယ။ပ။သ။၏။

**ပုရေဇာတဝိပ္ပယုတ္တ**ဖြစ်အံ့။ **ကတ္တားပါဠ်**ဖြင့် ဆဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။ ။**သမ္ပဒါန်ပါဠ်**ဖြင့် အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ် ပစ္စယုပ္ပန်။၏။ ။(အကျယ်ကား ပုရေဇာတဟ္ဝ် ယံ ရူပံ နိဿာယ အတိုင်း ပြလေ)။ ။**ကရိုဏ်းပါဠ်**ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဝိပ္ပယုတ္တ, အာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ ဤကိုးပစ္စယ။ပ။ ၏။ ။

**တနည်းကား—**

(၁) အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တပ်သော ဆဝတ္ထုဖြစ်အံ့။ ဝိပ္ပယုတ္တ၊ နိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤငါး ပစ္စယ။ပ။သ။ ။

(၂) မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇောငါးချက်၊ တဒါရုံအားတပ်သော စုတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့။ (အာရမ္မဏ ထည့်၍) ခြောက်ပစ္စယ။ပ။သ။ ။

(၃) အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော အလေးအမြတ် ပြုအပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ပုရေဇာတ ဖြစ်အံ့။ (အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ထည့်၍) ရှစ် ပစ္စယ။ပ။ သ။ ။

(၄) ပဉ္စဝိညာဉ်အား တပ်သော ပဉ္စဝတ္ထုဟု ဆိုအပ်သော ပုရေဇာတိန္ဒြိယ ပစ္စည်းဖြစ်အံ့။ (ဣန္ဒြိယထည့်၍) ခြောက်ပစ္စယ။ပ။ သ။၏။ ။

## နာမံ ရူပဿ

**သဟဇာတဝိပ္ပယုတ္တဖြစ်အံ့။** "အရူပိနော ခန္ဓာ" ဟူသော **ကတ္တားပါဒ်ဖြင့်** ပဋိသန္ဓေ အခိုက်ဝယ်ရှိသော ဝတ္ထုနှင့် ဥပါဒ်ခိုက်တွင် အရူပဝိပါက်လေးခု၊ ဒွေပဥ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော စိတ်ခုနစ်ဆဲ့ငါးခု၊ စေတသိက် ဒွေပညာသ, ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ ။"ရူပိနံ ခန္ဓာနံ" ဟူသော **သမ္ပဒါန်ပါဒ်ဖြင့်** စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်။၏။ ။"ဝိပ္ပယုတ္တပစ္စယေန" ဟူသော **ကရိုဏ်းပါဒ်ဖြင့်** တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဝိပ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ ဤခုနစ်ပစ္စယ။ပ။ သ, ဖြင့်။၏။ ။

**ပစ္ဆာဇာတဝိပ္ပယုတ္တဖြစ်အံ့။ ကတ္တားပါဒ်ဖြင့်** ပဋိသန္ဓေ အစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ကေဇ၊ ဒွိဇ၊ တိဇ၊ စတုဇ ကာယအား တပ်သော ပဥ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်ဖြစ်သော စိတ်ရှစ်ဆဲ့ငါးခု၊ စေတသိက်ဒွေပညာသ နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ ။**သမ္ပဒါန်ပါဒ်ဖြင့်** ပဋိသန္ဓေ အစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ကေဇ၊ ဒွိဇ၊ တိဇ၊ စတုဇကာယ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။ ။**ကရိုဏ်းပါဒ်ဖြင့်** ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ၊ အတ္ထိ၊ အဝိဂတ ဤလေးပစ္စယ။ပ။ သ။၏။

[ရူပါရုံ အစရှိသော အာရုံတရားတို့သည် အာရမ္မဏိက တရားတို့နှင့် ဝိပ္ပယုတ္တတရားဖြစ်လျက် အဘယ့်ကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ မဟောသနည်းဟူမူကား။ ။ထို အာရုံတို့သည် အာရမ္မဏိက တရားတို့နှင့် ဝိပ္ပယုတ်ကေန်။ သမ္ပယုတ် ယုံမှားဘွယ် မရှိသောကြောင့် ဟောတော်မမူ။ နာမက္ခန္ဓာလေးပါးတို့သည် စက္ခုအစရှိသော ဝတ္ထုတို့၏ အတွင်းမှ ထွက်သကဲ့သို့ ဖြစ်ကုန်၏။ ထိုကြောင့် ဝတ္ထုပုရေဇာတ၌ သမ္ပယုတ်ဖြစ်သလော, ဝိပ္ပယုတ်ဖြစ်သလောဟု ယုံမှားဘွယ်ရှိသောကြောင့် ဝတ္ထုပုရေဇာတကို ဟောတော်မူသည်။ ။

ထိုကြောင့် အဋ္ဌကထာ (၃၈၁)၌ "ရူပါယတနာဒယော ပန အာရမ္မဏဓမ္မာ ကိဉ္စာပိ ဝိပ္ပယုတ္တဓမ္မာ။ ဝိပ္ပယုတ္တပစ္စယာ ပန န ဟောန္တိ။ ကိံကာရဏာ။သမ္ပယောဂါသင်္ကာယ အဘာဝတော။ အရူပိနော ဟိ ခန္ဓာ စက္ခာဒီနံ ဝတ္ထုနံ အဗ္ဘန္တရတော နိက္ခမန္တာ ဝိယ ဥပ္ပဇ္ဇန္တိ။ တတ္ထ အာသင်္ကာ ဟောတိ ကိံ နု ခေါ ဧတေ ဧတေဟိ သမ္ပယုတ္တာ ဥဒါဟု ဝိပ္ပယုတ္တာတိ။ အာရမ္မဏဓမ္မာ ပန ဝတ္ထုနိဿယေန ဥပ္ပဇ္ဇမာနာနံ

အာရမ္မဏမတ္တာ ဟောန္တီတိ။ နတ္ထိ တေသု သမ္ပယောဂါသင်္ကာ။ ဣတိ သမ္ပယောဂါ သင်္ကာယ အဘာဝတော န တေ ဝိပ္ပယုတ္တပစ္စယာ။ ဟဒယ ဝတ္ထုအာဒီသု ဝေ ပနာယံ ဝိပ္ပယုတ္တပစ္စယတာ ဝေဒိတဗ္ဗာ'' ဟု မိန့်အပ်ပြီ။

ဝိပ္ပယုတ္တပစ္စည်း ပြီး၏။

---

## အတ္ထိပစ္စည်းစသည်

[ အတ္ထိပစ္စည်း၌ သဟဇာတတ္ထိ၊ သဟဇာတအတိုင်း။ ပုရေဇာတတ္ထိလည်း ပုရေဇာတအတိုင်း ပြလေ။ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိ ဤသုံးပါးကို **သာဝသေသ** အကြွင်းထား၍ ဟောတော်မူ၏။ ထို့ကြောင့် အဋ္ဌကထာ(၃၇၃)၌ ''ပစ္ဆာဇာတ အာဟာရ ဣန္ဒြိယ ဝသေနာပိ အတ္ထိပစ္စယော လဗ္ဘတိ။ ဣဓ ပန သာဝသေသဝသေန ဒေသနာ ကတာတိ'' ဟု မိန့်အပ်ပြီ ]။

နတ္ထိ၌။ ။သမနန္တရနိရုဒ္ဓါ၊ မိမိ၏အခြားမဲ့၌ ကောင်းစွာ ချုပ်ကုန်ပြီးသော။ **စိတ္တစေတသိကာ**၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့ စုတိ ကြဉ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့သည်။ ပဋ္ဌုပ္ပန္နာနံ၊ မိမိနှင့်အတူဖြစ်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်, စေတသိက် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့ စုတိနှင့်တကွ စိတ်တခုယုတ်ကိုးဆယ်၊ **စေတသိက်**ဒွေပညာသ နာမက္ခန္ဓာတို့အား။ နတ္ထိပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

''သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ'' ဟူသော **ကတ္တားပါဌ်ဖြင့်** ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ ။''ပဋ္ဌုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ'' ဟူသော **သမ္ပဒါန်ပါဌ်**ဖြင့် ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်။၏။ ။''နတ္ထိ ပစ္စယေန'' ဟူသော **ကရိုဏ်းပါဌ်**ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော နတ္ထိ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ **အာသေဝန**၊ ကမ္မ၊ဝိဂတ ဤခုနစ် ပစ္စယ။ပ။သ, ဖြင့်။၏။ ။(အကျယ်သုံးချက်။ အနန္တရက အတိုင်း ဆိုလေ)။ ။

နတ္ထိပစ္စည်း ပြီး၏။

ဝိဂတ၌လည်း။ ။သမနန္တရဝိဂတာ၊ ကောင်းစွာ မိမိအခြားမဲ့၌ ကင်းကုန်သော။ (နည်းတူ)။ ။ဝိဂတ ပြီး၏။ (အဝိဂတလည်း အတ္ထိနှင့် တူပြီ)။ ။ အဝိဂတ ပြီး၏။

ပစ္စယနိဒ္ဒေသဝါရ ပြီး၏။

# ပဋိစ္စဝါရ

## ပစ္စယဝါရ

နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယဝါရကို ဟောတော်မူ၏။ ထိုပစ္စယဝါရ၌ တုံသော်လည်း ဓမ္မအနုလုံ, ဓမ္မပစ္စနီက်, ဓမ္မအနုလောမပစ္စနီက်, ဓမ္မပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားရှိ၏။ ထို....တွင် ဓမ္မအနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ထို ဓမ္မအနုလုံ၌ တုံသော်လည်း **တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်း** အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထို....တွင် တိကပဋ္ဌာန်းကို ရှေးဦးစွာ ဟောတော်မူ၏။ ထို တိကပဋ္ဌာန်း၌ တုံသော်လည်း ကုသလတိက်-ဝေဒနာတိက် အစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါးအပြားရှိ၏။ ထိုနှစ်ဆဲ့နှစ်ပါးတို့တွင် ကုသလ-တိက်ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလတိက်၌ တုံသော်လည်း **ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ပဉှာဝါရ** အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထို....တွင် ပဋိစ္စဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပဋိစ္စဝါရ၌ တုံသော်လည်း ပစ္စည်း အနုလုံ, ပစ္စည်း ပစ္စနီက်, ပစ္စည်း အနုလောမ ပစ္စနီက်, ပစ္စည်း ပစ္စနီယာနုလောမ အားဖြင့် လေးပါးအပြားရှိ၏။ ထို....တွင် ပစ္စည်း အနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပစ္စည်း အနုလုံ၌ တုံသော်လည်း သုဒ္ဓ, ဒုကာဒိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို...တွင် သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသုဒ္ဓ၌ တုံသော်လည်း ဟေတုပစ္စည်း၏ သုဒ္ဓ, အာရမ္မဏပစ္စည်း၏ သုဒ္ဓ အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထိုနှစ်ဆဲ့လေးပါးတို့တွင် ဟေတုပစ္စည်း၏ သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဟေတုပစ္စည်း၏ သုဒ္ဓ၌ တုံသော်လည်း ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ၊ ကုသလာဗျာကတပဒ၊ အကုသလာဗျာကတပဒ၊ ကုသလာကုသလပဒ၊ ကုသလာကုသလာဗျာကတပဒအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုခုနစ်ပါးတို့တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒ၌ တုံသော်လည်း ကုသလပဒါဝသာန၊ အကုသလပဒါဝသာန အစရှိသောအားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား** "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" ဟူသည်တည်း။ ။ယော-ယာဒိသော၊ အကြင်သို့ သဘော ရှိသော။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ-ပဋိစ္စဂန္တွာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်

သော တသောအဖြစ်ဖြင့်ရောက်၍။ သိယာ၊ ဖြစ်ရာသလော။ သော-တာဒိသော၊ ထိုသို့သဘောရှိသော။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ဥပ္ပဇ္ဇေယျ ကိံ၊ ဖြစ်ရာသလော။ ကုသလံ၊ သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ။ပ။၍။ ကုသလော၊ သော။ ဓမ္မော၊ သည်။ ဟေတုပစ္စယာ၊ ကြောင့်။ သိယာ ဥပ္ပဇ္ဇေယျ ကိံ၊ ဖြစ်ရာသလော။ ။ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒါဝသာနကို ဟောကော်မူ၏။ **ဟောဟန်ကား** "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော။ပ။ ဟေတုပစ္စယာ" ဟူသည်တည်း။ ။(အနက်တူ၏)။ ။အကုသလပဒါဝသာနကို ဟောတော်မူသည်၏အခြားမဲ့၌ အဗျာကတပဒါဝသာနကို ဟောတော်မူ၏။ **ဟောဟန်ကား** "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော။ပ။ ဟေတုပစ္စယာ" ဟူသည်တည်း။ ။အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလာဗျာကတပဒါဝသာနကို ဟောတော်မူ၏။ **ဟောဟန်ကား** "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ" ဟူသည်တည်း။ ။ကုသလောစ၊ ကုသိုလ်၎င်း။ အဗျာကတောစ၊ အဗျာကတ၎င်း။ဣတိ၊ ဤသို့။ ယေ-ယာဒိသာ၊ အကြင်သို့ သဘောရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သိယာ-သိယုံ၊ ဖြစ်ကုန်ရာသလော။ တေ-တာဒိသာ၊ ထိုသို့ သဘောရှိကုန်သော။ ဓမ္မာ၊ တို့သည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇေယျုံ ကိံ၊ ဖြစ်ကုန်ရာသလော။ ။(ဤနည်းအတူ အကုသလာဗျာကတပဒါဝသာန၊ ကုသလာကုသလပဒါဝသာန၊ ကုသလာကုသလာဗျာကတပဒါဝသာန **သုံးချက်ကို** ဟောလေ)။ ။ကုသလပဒ **ခုနစ်ချက်** ပြီး၏။

ကု**သလပဒကို ဟောတော်မူသည်၏** အခြားမဲ့၌ အကုသလပဒကို ဟောတော်မူ၏။ **ထိုအကုသလပဒ၌ တုံသော်လည်း** အကုသလပဒါဝသာန အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏၊ ထို....တွင် အကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" ဟူသည်တည်း။ ။[အနက်ပေးမြဲ။ ကုသလပဒ အစရှိသည်ကို သွတ်မြဲ။ ။အကုသလပဒ ခုနစ်ချက် ပြီး၏။ ။ဤနည်းအတူ အဗျာကတပဒ **ခုနစ်ချက်**။ ။ကုသလာဗျာကတပဒ ခုနစ်ချက်။ ။အကုသလာဗျာကတပဒ ခုနစ်ချက်။ ။ကုသလာကုသလပဒ ခုနစ်ချက်။ ။ကုသလာကုသလာဗျာကတပဒ ခုနစ်ချက်။ ဟောမြဲ။ ဤသို့လျှင် ခုနစ်ချက် ခုနစ်လီသော် **ဟေတုပစ္စည်း၌** သုဒ္ဓလေးဆဲ့ကိုးချက် ဖြစ်သတည်း]။

ဟေတုပစ္စည်း၏ သုဒ္ဓကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏပစ္စည်း၏ **သုဒ္ဓကိုဟောတော်မူ၏။ ထိုအာရမ္မဏပစ္စည်း၏** သုဒ္ဓ၌တုံသော်လည်း ကုသလပဒ၊ အကုသလပဒအစရှိသောအားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ။(**ဟေတုပစ္စည်းအတိုင်း**

လေးဆဲ့ကိုးချက် ဟောလေ။ ။တပစ္စည်းကို လေးဆဲ့ကိုးချက်စီ။ အဝိဂတတိုင်အောင် ဟောလေ)။

## သုဒ္ဓပြီး၏။

---

သုဒ္ဓကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိကို ဟောတော်မူ၏။ ထိုဒုကာဒိ၌ တံသော်လည်း ဟေတုပစ္စည်း၏ ဒုကာဒိ၊ အာရမ္မဏပစ္စည်း၏ ဒုကာဒိအစရှိသော အားဖြင့် နှစ်ဆဲ့လေးပါးအပြား ရှိ၏။ ထို....တွင် ဟေတုပစ္စည်း၏ဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တံသော်လည်း ဒုက၊ တိက။ပ။ တေဝီသက အားဖြင့် နှစ်ဆဲ့သုံးပါးအပြား ရှိ၏။ ထို....တွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တံသော်လည်း အာရမ္မဏဒုက အစရှိသော အားဖြင့် နှစ်ဆဲ့သုံးပါးအပြား ရှိ၏။ ထို....တွင် အာရမ္မဏ ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တံသော်လည်း ကုသလပဒ, အကုသလပဒ အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒ၌ တံသော်လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ"။ ။(ဤနည်းအတူ လေးဆဲ့ကိုးချက်။ ။အဓိပတိမှစ၍ အဝိဂတပစ္စည်း တိုင်အောင် ဒုကတို့၌လည်း လေးဆဲ့ကိုးချက်စီ ဖြစ်၏)။

## ဒုကပြီး၏။

---

ဒုကကို ဟောတော်မူသည်၏ အခြားမဲ့၌ တိကကို ဟောတော်မူ၏။ ထိုတိက၌ တံသော်လည်း ဟေတု, အာရမ္မဏ, အဓိပတိ တိက အစရှိသော အားဖြင့် နှစ်ဆဲ့နှစ်ပါးအပြား ရှိ၏။ ထို....တွင် အဓိပတိ တိကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တံသော်လည်း ကုသလပဒ အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တံသော်လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထိုခုနစ်ပါးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ" ဟူသည်တည်း။ (ဤနည်းအတူ လေးဆဲ့ကိုးချက်။ ။ဤနည်းအတူ ဟေတု, အာရမ္မဏတည်၍ အနန္တရ အစ၊ အဝိဂတ အဆုံးတိုင်အောင် လေးဆဲ့ကိုးချက်စီ ဟောလေ။ ။**တိကပြီး၏**။ ။ဤနည်းအတူ

ဟေတု, အာရမ္မဏ, အဓိပတိ တည်၍ အနန္တရ ထည့်၍ လေးဆဲ့ကိုးချက်။ပ။ အဝိဂတ, ထည့်၍ လေးဆဲ့ကိုးချက် ဟောလေ)။

**စတုက္ကပြီး၏။**

---

ဤနည်းအတူ ဟေတု, အာရမ္မဏ, အဓိပတိ, အနန္တရ တည်၍ သမနန္တရ ထည့်၍ လေးဆဲ့ကိုးချက်။ပ။ ဟေတု၊ အာရမ္မဏ၊ အဓိပတိ၊ အနန္တရ တည်၍ အဝိဂတ ထည့်၍ လေးဆဲ့ကိုးချက် ဟောလေ။ ။**ပဉ္စကပြီး၏။** ။ဆက္က၊ သတ္တက။ပ။ တေဝီသကတို့၌လည်း လေးဆဲ့ကိုးချက်စီဖြစ်၏။ **ဟေတုဒုကာဒိ ပြီး၏။** ။ဤအတူ အာရမ္မဏပစ္စည်းကို အရင်းတည်၍ အာရမ္မဏပစ္စယာ။ ဟေတုပစ္စယာ။ပ။ အာရမ္မဏပစ္စယာ အဝိဂတပစ္စယာ အစရှိသော အာရမ္မဏ ဒုကာဒိ၌လည်း လေးဆဲ့ကိုးချက်စီ ဖြစ်၏။ ။**အာရမ္မဏဒုကာဒိ ပြီး၏။**

ဤနည်းအတူ၊ အဓိပတိပစ္စည်းကို အရင်းတည်၍ အဓိပတိပစ္စယာ ဟေတုပစ္စယာ။ပ။ အဓိပတိပစ္စယာ အဝိဂတပစ္စယာ အစရှိသော အဓိပတိဒုကာဒိ၌လည်း လေးဆဲ့ကိုးချက်စီ ဖြစ်၏။ ။**အဓိပတိဒုကာဒိ ပြီး၏။** ။ဤနည်းအတူ အနန္တရဒုကာဒိ။ပ။ အဝိဂတဒုကာဒိ၌လည်း ဟေတုပစ္စည်း အစရှိသည်ကို ထည့်၍ လေးဆဲ့ကိုးချက်စီ ဖြစ်သတည်း။ ပစ္စည်း အနုလုံ ပြီး၏။

ဤနည်းအတူ ပစ္စည်း ပစ္စနိက်, ပစ္စည်း အနုလောမ ပစ္စနိက်, ပစ္စည်း ပစ္စနိယာနုလောမတို့ကိုလည်း သိအပ်ကုန်၏။ (ပဋိစ္စဝါရ)။ ။ဤနည်းအတူ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ပဉှာဝါရ တို့ကိုလည်း ဟောအပ်ကုန်၏။ ။(ကုသလတိက်)။ ။ဤနည်းအတူ ဝေဒနာ-တိက် အစရှိသည် တို့ကိုလည်း ဟောအပ်ကုန်၏။ ။တိကပဋ္ဌာန်း ပြီး၏။ ။ ဤနည်းအတူ ဒုကပဋ္ဌာန်း၊ ဒုက တိက ပဋ္ဌာန်း၊ တိက ဒုက ပဋ္ဌာန်း၊ တိက တိကပဋ္ဌာန်း၊ ဒုက ဒုကပဋ္ဌာန်းတို့ကို ဟောအပ်ကုန်၏။ ။ဓမ္မအနုလုံ ပြီး၏။

ဤနည်းအတူ ဓမ္မပစ္စနိက်, ဓမ္မအနုလောမ ပစ္စနိက်, ဓမ္မပစ္စနိယာနုလောမ တို့ကိုလည်း ဟောအပ်ကုန်၏။ ။ဤသို့လျှင် ဓမ္မအနုလုံ၌ တိကပဋ္ဌာန်း အစရှိသည် ခြောက်ကျမ်း။ ဓမ္မပစ္စနိက်၌ ခြောက်ကျမ်း။ ဓမ္မအနုလောမပစ္စနိက်၌ ခြောက်ကျမ်း။ ဓမ္မပစ္စနိယာနုလောမ၌ ခြောက်ကျမ်း။ ပေါင်း ပဋ္ဌာန်း နှစ်ဆဲ့လေးကျမ်း ဖြစ်၏။ ပုစ္ဆာကို အကုန်ထုတ်၍ ဟောလေ။ ပါဠိတော် ပေမူ၌ကား အကျဉ်းထားသည်။ ။အသမ္ပယုဇ္ဇန္တေန၊ မတွေ့ဝေသဖြင့်။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့အပ်၏။

[**တနည်း အတက်ကား**] နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပုစ္ဆာဝါရကို ဟောတော်မူ၏။ပ။....(ပစ္စည်းအနုလုံကို ဟောတော်မူသည်တိုင်

အောင် တူ၏)။ ထိုပစ္စည်း အနုလုံ၌ တုံသော်လည်း ကေမူလက၊ ဒုမူလက၊ တိမူလက၊ စတုမူလက။ပ။ သဗ္ဗမူလကအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထို....တွင် ကေမူလကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဟေတုပစ္စည်း၏ ကေမူလက အစရှိသော အားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထို....တွင် ဟေတုပစ္စည်း။ပ။၏။ ထိုဟေတုပစ္စည်း၏ ကေမူလက၌ တုံသော်လည်း ကုသလပဒ အစရှိသော အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ။၏။ **ဟောဟန်ကား** "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" ဟူသည်တည်း။ (အနက်ပေးမြဲ။ ။လေးဆဲ့ကိုးချက် ထည့်မြဲ။ ။ဤအတူ အကုသလပဒ အစရှိသည်၌လည်း ခုနစ်ချက်စီ ဖြစ်သတည်း)။ ။ဟေတုပစ္စယ ကေမူလက ပြီး၏။

ဟေတုပစ္စယ ကေမူလကကို ဟောတော်မူသည်၏အခြားမဲ့၌ အာရမ္မဏပစ္စယ ကေမူလကကို ဟောတော်မူ၏။ ထို....၌ တုံသော်လည်း (ကုသလပဒ အစရှိသည် စစ်မြဲ။ ။အဓိပတိအစ အဝိဂတတိုင်အောင် နည်းတူစစ်၍ လေးဆဲ့ကိုးချက်စီ ဟောလေ)။ ။ကေမူလက ပြီး၏။

ကေမူလကကို ဟောတော်မူသည်၏အခြားမဲ့၌ ဒုမူလကာဒိကို ဟောတော်မူ၏။ ထိုဒုမူလကာဒိ၌ တုံသော်လည်း ဟေတုပစ္စယ ဒုမူလကာဒိ အစရှိသော အားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထို....တွင် ဟေတုပစ္စည်း၏ ဒုမူလကာဒိကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဒုမူ၊ တိမူ၊ စတုမူ။ပ။ သဗ္ဗမူလကအားဖြင့် နှစ်ဆဲ့သုံးပါးအပြားရှိ၏။ ထို....တွင် ဒုမူကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ဒုမူ၌ တုံသော်လည်း အာရမ္မဏဒုက အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါးအပြားရှိ၏။ ထို....တွင် အာရမ္မဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒ အစရှိသောအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ။၏။ ထိုကုသလပဒ၌ တုံသော်လည်း ကုသလပဒါဝသာန အစရှိသောအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ။၏။ ။**ဟောဟန်ကား** သိယာ ကုသလံ။ပ။ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ ဟူသည်တည်း။ ။(ဤနည်းအတူ ခုနစ်ချက် ဟောလေ။ ။အကုသလပဒ အစရှိသည်၌ခုနစ်ချက်စီ၊ ပေါင်း အာရမ္မဏဒုက လေးဆဲ့ကိုးချက်။ ။ဤနည်းအတူ အဓိပတိ အစရှိသည်၌လည်း လေးဆဲ့ကိုးချက်စီ ဟောလေ)။ ။ဒုမူ ပြီး၏။

ဒုမူကို ဟောတော်မူသည်၏အခြားမဲ့၌ တိမူကို ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဟေတုအာရမ္မဏမူ အဓိပတိတိက အစရှိသော အားဖြင့်

နှစ်ဆဲ့နှစ်ပါး အပြားရှိ၏။ ထို....တွင် ဟေတု အာရမ္မဏမူ အဓိပတိ တိကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုသော်လည်း ကုသလပဒ။ပ။ ခုနစ်ပါး အပြားရှိ၏။ ထို....တွင် ကုသလပဒကို။၏။ ထို....၌ တုံသော်လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ။**ဟောဟန်ကား** "သိယာ ကုသလံ။ပ။ ဟေတုပစ္စယာ၊ အာရမ္မဏပစ္စယာ၊ အဓိပတိပစ္စယာ"ဟူသည်တည်း။ ။(ဤနည်း အတူ ခုနစ်ချက် ဟောလေ။ အကုသလပဒ အစရှိသည်၌လည်း ခုနစ်ချက်စီ။ ပေါင်းအဓိပတိ တိက၌ လေးဆဲ့ကိုးချက်။ ။ဤနည်းအတူ။ အနန္တရ တိက အစရှိ သည်၌ လေးဆဲ့ကိုးချက်စီ ဟောလေ)။ ။တိမူ ပြီး၏။

တိမူကို ဟောတော်မူသည်၏ အခြားမဲ့၌ စတုမူကို ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဟေတု၊ အာရမ္မဏ၊ အဓိပတိမူ၊ အနန္တရ စတုက္က အစရှိသော အားဖြင့် နှစ်ဆဲ့တပါးအပြား ရှိ၏။ ထို....တွင် အနန္တရ စတုက္ကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒ အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒကို။ ၏။ ထိုကုသလပဒ၌ တုံသော် လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ။**ဟောဟန်ကား** "သိယာ ကုသလံ။ပ။ ဟေတုပစ္စယာ၊အာရမ္မဏပစ္စယာ၊ အဓိပတိပစ္စယာ၊အနန္တရပစ္စယာ" ဟူသည်တည်း။ (ဤနည်းအတူ ခုနစ်ချက် ဟောလေ။ ။အကုသလပဒ အစရှိ သည်၌လည်း ခုနစ်ချက်စီ ဟောလေ။ ပေါင်းအနန္တရ စတုက္က၌ လေးဆဲ့ကိုးချက်။ ဤနည်းအတူ သမနန္တရ စတုက္က အစရှိသည်၌ လေးဆဲ့ကိုးချက်စီ ဟောလေ။ ။ စတုမူ ပြီး၏။

(ပဉ္စမူ။ ဆမူ။ပ။ ဗာဝီသမူ,သဗ္ဗမူတို့၌လည်း ဤနည်းအတူ ဟောလေ)။ ။ ဟေတုဒုကာဒိ ပြီး၏။

ဟေတုဒုကာဒိကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏ ဒုကာဒိကို ဟောတော်မူ၏။ ထိုအာရမ္မဏဒုကာဒိ၌ တုံသော်လည်း ဒုမူလက၊ တိမူလက၊ စတုမူလက။ပ။ သဗ္ဗမူလက အားဖြင့် နှစ်ဆဲ့သုံးပါးအပြား ရှိ၏။ ထို....တွင် ဒုမူလကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဟေတု ဒုက အစရှိသော အားဖြင့် နှစ်ဆဲ့သုံးပါးအပြား ရှိ၏။ ထို....တွင် ဟေတုဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒ အစရှိသော အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော် မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ။

**ဟောဟန်ကား** "သိယာ ကုသလံ။ပ။ အာရမ္မဏပစ္စယာ၊ ဟေတုပစ္စယာ" **ဟူ**သည်တည်း။ ။ဤအတူ အကုသလပဒ အစရှိသည်၌ ခုနစ်ချက်စီ။ ပေါင်း **လေးဆဲ့ကိုးချက်** ဟောလေ။ ။ဟေတုဒုက ပြီး၏။

ဤအတူ အဓိပတိဒုက၊ အနန္တရဒုက၊ အစရှိသည်၌လည်း လေးဆဲ့ကိုးချက်စီ ဖြစ်၏။ ။ဒုမူလက ပြီး၏။

ဤနည်းအတူ တိမူလက၌လည်း အာရမ္မဏ ဟေတု တည်၍ အဓိပတိ အစရှိ **သော နှစ်ဆဲ့နှစ်ပစ္စည်း** အသီးအသီးထည့်။ ။စတုမူလက၌လည်း အာရမ္မဏ၊ ဟေတု၊ အဓိပတိ တည်၍ အနန္တရ အစရှိသော နှစ်ဆဲ့တပစ္စည်း အသီးအသီး ထည့်။ပ။ သဗ္ဗမူလက၌ အာရမ္မဏ၊ ဟေတု၊ အဓိပတိ၊ အနန္တရ၊ သမနန္တရ။ပ။ အဝိဂတထည့်၍ ဟောလေ။ ။အာရမ္မဏဒုကာဒိ ပြီး၏။

အဓိပတိ ဒုကာဒိ၊ အနန္တရ ဒုကာဒိ။ပ။ အဝိဂတ ဒုကာဒိတို့၌လည်း ဒုမူလက၊ တိမူလက၊ စတုမူလက။ပ။ သဗ္ဗမူလက။ အသီးအသီးနည်းတူ ဟောလေ။ ။ပစ္စည်းအနုလုံ ပြီး၏။

ဤအတူ ပစ္စည်း ပစ္စနိက်, ပစ္စည်း အနုလောမပစ္စနိက်, ပစ္စည်း ပစ္စနိယာနုလောမတို့ကိုလည်း သိအပ်ကုန်၏။ ။(ပဋ္ဌိစ္စဝါရ)။ ။ဤနည်းအတူ သဟဇာတဝါရ အစရှိသည်တို့ကိုလည်း ဟောအပ်ကုန်၏။ ။(ကုသလတိက်)။ ။ ဤအတူ ဝေဒနာတိက် အစရှိသည်တို့ကိုလည်း ဟောအပ်ကုန်၏။ ။(တိကပဋ္ဌာန်း)။ ။ဤအတူ ဒုကပဋ္ဌာန်း အစရှိသည်တို့ကိုလည်း ဟောအပ်ကုန်၏။ ။ ဓမ္မအနုလုံ ပြီး၏။

ဤအတူ ဓမ္မပစ္စနိက် အစရှိသည်တို့ကိုလည်း ဟောအပ်ကုန်၏။ ။ဓမ္မအနုလုံ၌ တိကပဋ္ဌာန်း အစရှိသည် ခြောက်ကျမ်း။ ။ဓမ္မပစ္စနိက်၌လည်း ခြောက်ကျမ်း။ ။ဓမ္မအနုလောမ ပစ္စနိက်၌လည်း ခြောက်ကျမ်း။ ။ဓမ္မပစ္စနိယာနုလောမ၌လည်း ခြောက်ကျမ်း။ ပေါင်းသော် ပဋ္ဌာန်းနှစ်ဆဲ့လေးကျမ်း။ (ပုစ္ဆာဝါရ) ဤနောက်နည်း အတက်ကား ပါဠိတော်အမှာနှင့် ညီ၏။ နှစ်သက်ရာ တက်လေ။

ပုစ္ဆာဝါရ ပြီး၏။

---

## ပဋိစ္စ ဝိဿဇ္ဇနာဝါရ ဟေတုပစ္စည်း

ပုစ္ဆာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိဿဇ္ဇနာဝါရကို ဟောတော်မူ၏။ ထိုဝိဿဇ္ဇနာဝါရ၌ တုံသော်လည်း ဓမ္မအနုလုံ,ဓမ္မပစ္စနိက်, ဓမ္မအနုလောမ

ပစ္စနိက်,ဓမ္မပစ္စနိယာနုလောမအားဖြင့် လေးပါးအပြားရှိ၏။ ထို...တွင် ဓမ္မအနုလုံကို ရှေးဦးစွာ။ ၏။ ထိုဓမ္မအနုလုံ၌တုံသော်လည်း တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထို...တွင် တိကပဋ္ဌာန်းကို ရှေးဦးစွာ ဟောတော်မူ၏။ ထို...၌ တုံသော်သည်း ကုသလတိက်၊ ဝေဒနာတိက်အစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါးအပြားရှိ၏။ ထိုနှစ်ဆဲ့နှစ်ပါးတို့တွင် ကုသလတိက်ကိုရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလတိက်၌ တုံသော်လည်း ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ ပဥှာဝါရအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထို...တွင် ပဋိစ္စဝါရကိုရှေးဦးစွာ ဟောတော်မူ၏။ ထိုပဋိစ္စဝါရ၌ တုံသော်လည်း ပစ္စည်းအနုလုံ,ပစ္စည်းပစ္စနိက်,ပစ္စည်းအနုလောမပစ္စနိက်,ပစ္စည်း ပစ္စနိယာနုလောမအားဖြင့် လေးပါးအပြားရှိ၏။ ထို...တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ထိုပစ္စည်းအနုလုံ၌တုံသော်လည်း ဝိဘင်္ဂဝါရ သင်္ချာဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုဝိဘင်္ဂဝါရ၌တုံသော်လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ,အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါးအပြားရှိ၏။ ထိုနှစ်ဆဲ့သုံးပါးတို့တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၌ တုံသော်လည်း ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ၊ ကုသလာဗျာကတပဒ၊ အကုသလာဗျာကတပဒ အားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒ၌ တုံသော်လည်း ကုသလပဒါဝသာန၊ အဗျာကတပဒါဝသာန၊ ကုသလာဗျာကတ ပဒါဝသာနအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒါဝသာန၌ တုံသော်လည်း ဝိဓိ,အနုဝါဒအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝိဓိ,ကို ရှေးဦးစွာ ဟောတော်မူ၏။

## ကုသလေန ကုသလံ

**ဟောဟန်ကား** ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ ဟူသည်တည်း။ ။ဝိဓိကိုဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ **ဟောဟန်ကား** "ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ" ဟူသည်တည်း။

ကုသလံ၊ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ပဋိစ္စ၊စွဲ၍။**တနည်းကား** ပဋိစ္စ-ပဋိဂန္တွာ၊တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသော အဖြစ်ဖြင့်ရောက်၍။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။

ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ကုသလံ၊ ကုသိုလ်ဖြစ်သော။**ဧကံ**၊တပါးတပါးသော။ခန္ဓံ၊ဝေဒနာ အစရှိသော ခန္ဓာကို။ ပဋိစ္စ၊ စွဲ၍။ ။**တနည်းကား** ပဋိစ္စ-ပဋိဂန္တွာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသောအဖြစ်ဖြင့်ရောက်၍။ တယော၊ သုံးပါးသုံးပါးကုန်သော။ ခန္ဓာ၊ သညာအစရှိကုန်သောခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တယော၊သုံးပါး သုံးပါးကုန်သော။ခန္ဓေ၊ဝေဒနာအစရှိကုန်သော ခန္ဓာတို့ကို။ ပဋိစ္စ၊ စွဲ၍။ **တနည်း ကား** ပဋိစ္စ-ပဋိဂန္တွာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသော အဖြစ်ဖြင့် **ရောက်**၍။ **ဧကော**၊တပါးတပါးသော။ ခန္ဓော၊ ဝိညာဉ် အစရှိသော ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဒွေ၊ နှစ်ပါးနှစ်ပါးကုန်သော။ ခန္ဓေ၊ ဝေဒနာ သညာ အစရှိသော **ခန္ဓာ**တို့ကို။ ပဋိစ္စ၊ စွဲ၍။ **တနည်းကား** ပဋိစ္စ-ပဋိဂန္တွာ၊ ၍။ ဒွေ၊ နှစ်ပါးနှစ်ပါး **ကုန်သော**။ ခန္ဓာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ"ဟူ၍ ဟောတော်မူအပ်သော ဝိဘင်္ဂပါဠိတော်ပါဌ်၌ ကုသလော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ကုသိုလ်ကေဝိသ၊ စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ် ကေဝိသ၊ စေတသိက်အဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ဟေတုပစ္စယာဟူသော **ဟိတ်ပါဌ်၏ အရကား** သမ္ပယုတ္တ ခန္ဓာအားတပ်သော ကုသိုလ်ကေဝိသ၊စေတသိက်အဌတိံသ စိတ္တက္ခဏတခုတခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ၊ တိဟိတ် ဖြစ်အံ့။ အလောဘ၊ အဒေါသ၊ အမောဟ။ ဤဟိတ်နှစ်ပါးသုံးပါး ပစ္စည်းတရား တို့၏ ဟေတုသတ္တိ ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တား သာတည်း။

ခန္ဓာဝါရကား တဆဲ့လေးဝါရဖြစ်သတည်း။ တဆဲ့လေးဝါရဟူသော်ကား ကေက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ ဤသို့အားဖြင့် တဆဲ့ လေးဝါရ ဖြစ်သတည်း။ ။**ကေက လေးဝါရဟူသော်ကား** "ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ဧကံ ခန္ဓ၏ အရကို ဝေဒနာယူ၍,တယောခန္ဓာ၏ အရကို သညာ,သင်္ခါရ,ဝိညာဉ်ယူ၍-တဝါရ။ ဧကံခန္ဓ၏အရကို သညာယူ၍, တယော ခန္ဓာ၏ အရကို သင်္ခါရ,ဝိညာဉ်,ဝေဒနာ ယူ၍-တဝါရ။ ဧကံခန္ဓ၏ အရကို သင်္ခါရယူ၍, တယောခန္ဓာ၏အရကို ဝိညာဉ်, ဝေဒနာ, သညာယူ၍-တဝါရ။ ဧကံခန္ဓ၏အရကို ဝိညာဉ်ယူ၍, တယောခန္ဓာ၏ အရကို ဝေဒနာ, သညာ, သင်္ခါရယူ၍-တဝါရ။ ဤသို့အားဖြင့် ကေက-လေးဝါရ ဖြစ်သတည်း။

**တိက-လေးဝါရဟူသော်ကား** "တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော"ဟူ၍။ပ။ ပါဌ်၌ တယောခန္ဓေ၏ အရကို ဝေဒနာ, သညာ, သင်္ခါရယူ၍, ဧကောခန္ဓော၏ အရကို ဝိညာဉ်ယူ၍ တဝါရ။ တယောခန္ဓေ၏အရကို သညာ, သင်္ခါရ, ဝိညာဉ်

ယူ၍, ကောဝခန္ဓော၏ အရကို ဝေဒနာ ယူ၍-တဝါရ။ တယောခန္ဓေ၏ အရကို သင်္ခါရ, ဝိညာဉ်, ဝေဒနာယူ၍, ကောဝခန္ဓော၏ အရကို သညာယူ၍-တဝါရ။ တယောခန္ဓေ၏ အရကို ဝိညာဉ်, ဝေဒနာ, သညာယူ၍ ကောဝခန္ဓော၏ အရကို သင်္ခါရယူ၍ တဝါရ ဤသို့တိက-လေးဝါရဖြစ်သတည်း။

**ဒုက-ခြောက်ဝါရ ဟူသော်ကား** "ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဋ်၌ ဒွေခန္ဓေ၏အရကို ဝေဒနာ, သညာယူ၍, ဒွေခန္ဓာ၏အရကို သင်္ခါရ,ဝိညာဉ်ယူ၍ တဝါရ။ဒွေ ခန္ဓေ၏အရကို ပေဒနာ,သင်္ခါရ ယူ၍,ဒွေခန္ဓာ၏ အရကို သညာ,ဝိညာဉ်ယူ၍ တဝါရ။ဒွေခန္ဓေ၏အရကို ဝေဒနာ, ဝိညာဉ်ယူ၍, ဒွေခန္ဓာ၏အရကို သညာ, သင်္ခါရယူ၍ တဝါရ။ ဒွေခန္ဓေ၏ အရကို သညာ, သင်္ခါရယူ၍, ဒွေခန္ဓာ၏ အရကို ဝိညာဉ်, ဝေဒနာယူ၍ တဝါရ။ ဒွေခန္ဓေ၏ အရကို သညာ, ဝိညာဉ်ယူ၍, ဒွေခန္ဓာ၏ အရကို ဝေဒနာ, သင်္ခါရယူ၍ တဝါရ။ ဒွေခန္ဓေ၏ အရကို သင်္ခါရ, ဝိညာဉ်ယူ၍, ဒွေခန္ဓာ၏ အရကို ဝေဒနာ, သညာယူ၍ တဝါရ။ ဤသို့ ဒုက-ခြောက်ဝါရ ဖြစ်သတည်း။ ဤသို့လျှင် ကေက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရအားဖြင့် ခန္ဓာဝါရကား တဆဲ့ လေးဝါရ ဖြစ်သတည်း။

## ကုသလေန အဗျာကတံ

ကုသလပဒါဝသာနကို။၌ အဗျာကတပဒါဝသာနကို။၏။ ထိုအဗျာကတ ပဒါဝသာန၌ တံသော်လည်း ဝိဓိ အနုဝါဒအားဖြင့် နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ ဟူသည်တည်း။ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ **ဟောဟန်ကား** "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ" ဟူသည်တည်း။ ။ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ **တနည်းကား** ပဋိစ္စ-ပဋိဂန္တွာ၊ တကွ ဖြစ်ခြင်းဟုဆိုအပ်သော တူသောအဖြစ်ဖြင့် ရောက်၍။ အဗျာကတော၊ အဗျာကတ ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကုသလေ၊ကုသိုလ်ဖြစ်ကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ ပဋိစ္စ၊ စွဲ၍။ စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော။ ရူပံ၊ ရုပ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

"ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ" ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဋ်၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရား ရ၏။ ။ဟေတုပစ္စသော ဟူသော

**ဟိတ်ပါင်၏အရကား** စိတ္တဇရုပ်အားတပ်သော ပစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝိသ၊ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ။ တိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

ခန္ဓာဝါရကား နှစ်ရာ့နှစ်ဆဲ့ငါးဝါရဖြစ်သတည်း။ နှစ်ရာ့နှစ်ဆဲ့ငါးဝါရ ဟူသော်ကား ပထဝီမဟာဘုတ်စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ အာပေါမဟာဘုတ်စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ တေဇောမဟာဘုတ်စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ ဝါယောမဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ ။ပထဝီ, အာပေါ, တေဇော မဟာဘုတ်စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ အာပေါ, တေဇော, ဝါယော မဟာဘုတ်စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ တေဇော, ဝါယော, ပထဝီ မဟာဘုတ်စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ ဝါယော, ပထဝီ အာပေါ။ မဟာဘုတ်။ပ။ ၌ တဆဲ့ငါးဝါရ။ ။ပထဝီ, အာပေါ မဟာဘုတ်။ပ။ ၌။ တဆဲ့ငါးဝါရ။ ပထဝီ, တေဇော မဟာဘုတ်စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ ပထဝီ, ဝါယော။ပ။ ၌။ တဆဲ့ငါးဝါရ။ အာပေါ, တေဇော။ပ။ ၌။ တဆဲ့ငါးဝါရ။ အာပေါ, ဝါယော။ပ။ ၌။ တဆဲ့ငါးဝါရ။ တေဇော, ဝါယော။ပ။ ၌။ တဆဲ့ငါးဝါရ။ ပထဝီ, အာပေါ, တေဇော, ဝါယောမဟာဘုတ်စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ ဤသို့အားဖြင့် တဆဲ့ငါးဝါရ တဆဲ့ငါးကြိမ်ဖြစ်ကောင်းသောကြောင့် နှစ်ရာ့နှစ်ဆဲ့ငါးဝါရ ဖြစ်သတည်း။

ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ ဟူသော်ကား ဧကကလေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ စတုက္က တဝါရ။ ဤသို့အားဖြင့် တဆဲ့ငါးဝါရ ဖြစ်သတည်း။ ။**ဧကက လေးဝါရ ဟူသော်ကား** "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါင်၌ ကုသလေ ခန္ဓေ၏ အရကို ဝေဒနာယူ၍, စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ကုသလေ ခန္ဓေ၏အရကို သညာယူ၍, စိတ္တသမုဋ္ဌာနံ ရူပံ၏ အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ကုသလေခန္ဓေ၏ အရကို သင်္ခါရယူ၍, စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍, တဝါရ။ ကုလလေခန္ဓေ၏အရကို ဝိညာဉ်ယူ၍, စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီမဟာ ဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဤသို့ ဧကက လေးဝါရ ဖြစ်သတည်း။

**တိက လေးဝါရဟူသော်ကား** ကုသလေခန္ဓေ၏အရကို ဝေဒနာ၊ သညာ၊ သင်္ခါရယူ၍, စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍, တဝါရ။ ကုသလေ ခန္ဓေ၏အရကို သညာ သင်္ခါရ၊ ဝိညာဉ်ယူ၍, စိတ္တသမုဋ္ဌာနံ

ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ကုသလေ ခန္ဓေ၏အရကို သင်္ခါရ၊ ဝိညာဉ်၊ ဝေဒနာယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏အရကို ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ကုသလေ ခန္ဓေ၏အရကို ဝိညာဉ်၊ ဝေဒနာ၊ သညာယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏အရကို ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဤသို့ တိက လေးဝါရဖြစ်သသည်း။ ။

**ဒုကခြောက်ဝါရဟူသော်ကား** ကုသလေခန္ဓေ၏အရကို ဝေဒနာ၊သညာယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏အရကို ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ကုသလေ ခန္ဓေ၏အရကို ဝေဒနာ၊ သင်္ခါရယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ကုသလေခန္ဓေ၏အရကို ဝေဒနာ ဝိညာဉ်ယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ကုသလေ ခန္ဓေ၏အရကို သညာ၊ သင်္ခါရယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏အရကို ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ကုသလေ ခန္ဓေ၏ အရကို သညာ၊ ဝိညာဉ်ယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏အရကိုပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ကုသလေ ခန္ဓေ၏အရကို သင်္ခါရ၊ ဝိညာဉ်ယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏အရကို ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဤသို့လျှင် ဒုက ခြောက်ဝါရ ဖြစ်သတည်း။

**စတုက္က တဝါရဟူသော်ကား** ကုသလေ ခန္ဓေ၏ အရကို ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ယူ၍၊ စိတ္တသမုဋ္ဌာန် ရူပံ၏ အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဤသို့ စတုက္က တဝါရ ဖြစ်သတည်း။ ဤသို့လျှင် ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ စတုက္က တဝါရ အားဖြင့် ပထဝီမဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ ဖြစ်သတည်း။ ထို့အတူ အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ ပထဝီ, အာပေါ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ တေဇော, ဝါယော, ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ ဝါယော, ပထဝီ, အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ ။ပထဝီ, အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ ပထဝီ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ ပထဝီ, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ အာပေါ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ အာပေါ, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ။ ။ပထဝီ, အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့ငါးဝါရ၊ ဤသို့ တဆဲ့ငါးဝါရ တဆဲ့ငါးကြိမ် ဖြစ်ကောင်းသောကြောင့် ခန္ဓာဝါရကား နှစ်ရာ့နှစ်ဆဲ့ငါးဝါရ ဖြစ်သတည်း။

## ကုသလေန ကုသလာဗျာကတံ

အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလာ**ဗျာကတ**တပဒါဝသာနကို ဟောတော်မူ၏။ (ဝိဓိ အနုဝါဒ စစ်မြဲ)။ **ဟောဟန်ကား** "ကုသလံ ဓမ္မံ ပဋိစ္စ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ပ။ စိတ္တသမုဋ္ဌာနဉ္စ ရူပံ" ဟူသည်တည်း။ ။ကုသလံ၊ သော။ ဓမ္မံ၊ ကို။ ပဋိစ္စ၊ စွဲ၍။ **တနည်းကား** ပဋိစ္စ-ပဋိဂန္တွာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသောအဖြစ်ဖြင့် ရောက်၍။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မောစ၊ တရားသည်၎င်း။ အဗျာ**က**တော၊ အဗျာကတဖြစ်သော။ ဓမ္မောစ၊ တရားသည်၎င်း။ ဣတိ၊ သို့။ ဧတေ ဓမ္မာ၊ ထိုတရားတို့သည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဧကံ၊ တပါးတပါးသော။ ခန္ဓံ၊ ခန္ဓာကို။ ပဋိစ္စ၊ စွဲ၍။ တယော၊ **သုံး**ပါး **သုံး**ပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်၎င်း။ စိတ္တသမုဋ္ဌာနံ၊ **စိ**တ်လျှင် ဖြစ်ကြောင်းရှိသော။ ရူပဉ္စ၊ စိတ္တဇရုပ်သည်၎င်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (နောက်ကတ္တားကို ပဌာနပြု၍ ကေဝုစ်ကြိယာ ထားသည်)။ **တနည်းကား** ဣတိ၊ သို့။ ဧတေ ဓမ္မာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တယော၊ သုံးပါး သုံးပါးကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ ပဋိစ္စ၊ ၍။ ဧကော၊ တပါး တပါးသော။ ခန္ဓောစ၊ သည်၎င်း။ စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော။ ရူပဉ္စ၊ စိတ္တဇရုပ်သည်၎င်း။ ဥပ္ပဇ္ဇတိ၊ ၏။ **တနည်းကား** ဣတိ၊ သို့။ ဧတေ ဓမ္မာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဒွေ၊ နှစ်ပါး နှစ်ပါးကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ ပဋိစ္စ၊ ၍။ ဒွေ၊ ကုန်သော။ ခန္ဓာစ၊ တို့သည်၎င်း။ စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော။ ရူပဉ္စ၊ စိတ္တဇရုပ်သည်၎င်း။ ဥပ္ပဇ္ဇတိ၊ ၏။ **တနည်းကား** ဣတိ၊ သို့။ ဧတေ ဓမ္မာ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ" ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဌ်၌ ကုသလောစ အဗျာကတောစ ဓမ္မာဟူသော **ကတ္တားပုဒ်၏အရကား** ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ ကုသိုလ်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော ကုသိုလ်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရား ရ၏။ ။ဟေတုပစ္စယာ ဟူသော **ဟိတ်ပါဌ်၏အရကား** သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ **စိ**တ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ။ တိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ၊ အမောဟ! ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရား

တို့၏ ပဟတုသတ္တိ ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တား သာတည်း။

ခန္ဓာဝါရကား နှစ်ရာ့တဆယ်ဖြစ်သတည်း။ နှစ်ရာ့တဆယ် ဟူသော်ကား ပထဝီမဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ အာပေါမဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ တေဇောမဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ ။ပထဝီ, အာပေါ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ တေဇော, ဝါယော, ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ ဝါယော, ပထဝီ, အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ ။ပထဝီ, အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ ပထဝီ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ ပထဝီ, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ အာပေါ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ အာပေါ, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ ။ပထဝီ, အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ။ ဤသို့အားဖြင့် နှစ်ရာ့တဆယ် ဖြစ်သတည်း။

ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ ဟူသော်ကား ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ။ ဤသို့အားဖြင့် တဆဲ့လေးဝါရ ဖြစ်သတည်း။

**ဧကက လေးဝါရဟူသော်ကား** "ဧကံ ခန္ဓံ ပဋိစ္စ။ပ။ရူပံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ ဧကံခန္ဓ၏အရကို ဝေဒနာယူ၍, တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၏ အရကို သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဧကံခန္ဓ၏ အရကိုသညာယူ၍, တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၏အရကို သင်္ခါရ၊ ဝိညာဉ်၊ ဝေဒနာ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဧကံခန္ဓ၏ အရကို သင်္ခါရယူ၍, တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၏အရကို ဝိညာဉ်၊ ဝေဒနာ၊ သညာ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဧကံခန္ဓ၏အရကို ဝိညာဉ်ယူ၍, တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၏ အရကို ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဤသို့ ဧကက လေးဝါရ ဖြစ်သတည်း။

**တိက လေးဝါရဟူသော်ကား** "တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စ ရူပံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ တယော ခန္ဓေ၏အရကို ဝေဒနာ၊ သညာ သင်္ခါရယူ၍, ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စ

ရူပ်၏အရကို ဝိညာဉ်၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ တယော ခန္ဓေ၏အရကို သညာ၊ သင်္ခါရ ဝိညာဉ်ယူ၍, ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၏အရကို ဝေဒနာ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ တယော ခန္ဓေ၏အရကို သင်္ခါရ၊ ဝိညာဉ်၊ ဝေဒနာယူ၍, ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၏အရကို သညာ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ တယော ခန္ဓေ၏အရကို ဝိညာဉ်၊ ဝေဒနာ၊ သညာယူ၍, ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၏အရကို သင်္ခါရ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ ဤသို့ တိက လေးဝါရ ဖြစ်သတည်း။

**ဒုက ခြောက်ဝါရဟူသော်ကား** "ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ၊ သညာ ယူ၍, ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၏အရကို သင်္ခါရ၊ ဝိညာဉ်၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ် ယူ၍ တဝါရ။ ဒွေခန္ဓေ၏ အရကို ဝေဒနာ၊ သင်္ခါရ ယူ၍, ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၏အရကို ဝိညာဉ်၊ သညာ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ် ယူ၍ တဝါရ။ ဒွေခန္ဓေ၏အရကို ဝေဒနာ၊ ဝိညာဉ် ယူ၍, ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၏ အရကို သညာ၊ သင်္ခါရ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ် ယူ၍ တဝါရ။ ဒွေခန္ဓေ၏အရကို သညာ၊ သင်္ခါရ ယူ၍, ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၏အရကို ဝေဒနာ၊ ဝိညာဉ်၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ် ယူ၍ တဝါရ။ ဒွေခန္ဓေ၏အရကို သညာ၊ ဝိညာဉ် ယူ၍, ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၏အရကို ဝေဒနာ၊ သင်္ခါရ၊ ပထဝီ မဟာဘုတ် စိတ္တဇရုပ် ယူ၍ တဝါရ။ ဒွေခန္ဓေ၏အရကို သင်္ခါရ၊ ဝိညာဉ် ယူ၍, ဒွေခန္ဓာစိတ္တသမုဋ္ဌာနဉ္စ ရူပံ၏အရကို ဝေဒနာ၊ သညာ ပထဝီ မဟာဘုတ် စိတ္တဇရုပ် ယူ၍ တဝါရ။ ဤသို့ ဒုကခြောက်ဝါရ ဖြစ်သတည်း။ ဤသို့လျှင် ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ အားဖြင့် ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ ဖြစ်သတည်း။

ဤအတူ အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ ပထဝီ, အာပေါ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ တေဇော, ဝါယော, ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ ဝါယော, ပထဝီ, အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ ပထဝီ, အာပေါ မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ ပထဝီ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ ပထဝီ, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ အာပေါ, တေဇော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ အာပေါ, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆယ့်လေးဝါရ၊ ပထဝီ

အာပေါ်, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်၌ တဆဲ့လေးဝါရ၊ ဤသို့ တဆဲ့လေးဂါရ၊ တဆဲ့ငါးကြိမ် ဖြစ်ကောင်းသောကြောင့် ခန္ဓာဝါရကား နှစ်ရာ့ တဆယ် ဖြစ်သတည်း။

## အကုသလေန အကုသလံ

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒကို ဟောတော်မူ၏။ ထိုအကုသလပဒ၌ တုံသော်လည်း အကုသလပဒါဝသာန၊ အဗျာကတပဒါဝသာန၊ အကုသလာဗျာကတပဒါဝသာနအားဖြင့် သုံးပါးအပြားရှိ၏။ ထို....တွင် အကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအကုသလပဒါဝသာန၌ တုံသော်လည်း ဝိဓိ, အနုဝါဒ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ" ဟူသည်တည်း။ ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ **ဟောဟန်ကား** "အကုသလံ ဧကံ ခန္ဓံ။ပ။ ခန္ဓာ" ဟူသည်တည်း။ ။(အနက်ပေးမြဲ)။ ။

"အကုသလံ။ပ။ ပစ္စယာ"ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဋ္ဌ၌ အကုသလော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အကုသိုလ်ဒွါဒသ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ဟေတုပစ္စယာ ဟူသော **ဟိတ်ပါဋ်၏ အရကား** သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ ရှိသော လောဘမူဖြစ်အံ့။ လောဘ၊ မောဟ။ ဒေါသမူ ဖြစ်အံ့။ဒေါသ၊ မောဟ။မောဟမူ ဖြစ်အံ့။မောဟ။ ဤဟိတ် တပါး နှစ်ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။ ခန္ဓာဝါရကား တဆဲ့လေးဝါရ ဖြစ်သတည်း။တဆဲ့လေးဝါရ ဟူသော်ကား(ကုသလပဒ, ကုသလပဒါဝသာနအတိုင်း ခဲ့လေ)။

## အကုသလေန အဗျာကတံ

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒါဝသာနကို ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဝိဓိ-အနုဝါဒ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် ဝိဓိကို။ ၏။ **ဟောဟန်ကား** "အကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ။ပ။ ဟေတုပစ္စယာ" ဟူသည်တည်း။ ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ **ဟောဟန်ကား** "**အကုသလေ** ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ" ဟူသည်တည်း။ (အနက်အတူ)။ ။

"အကုသလံ။ပ။ ဟေတုပစ္စယာ" ဟူ၍။ပ။ ပါဠ်၌ အဗျာကတော ဓမ္မောဟူသော **ကတ္တားပါဌ်၏ အရကား** ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ ဖြစ်သော အကုသိုလ် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ဟေတုပစ္စယာ ဟူသော **ဟိတ်ပါဌ်၏ အရကား** စိတ္တဇရုပ်အား တပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ စေတသိက်သတ္တဝီသ၊ စိတ္တက္ခဏ တခုတခု၌ ရှိသော လောဘမူဖြစ်အံ့။ လောဘ၊ မောဟ။ ဒေါသမူဖြစ်အံ့။ ဒေါသ၊ မောဟ။ မောဟမူဖြစ်အံ့။ မောဟ၊ ဤဟိတ်တပါး နှစ်ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဌာနအားဖြင့် ကတ္တားသာတည်း။ ခန္ဓာဝါရကား နှစ်ရာ့နှစ်ဆဲ့ငါးဝါရ ဖြစ်သတည်း။ နှစ်ရာ့နှစ်ဆဲ့ငါးဝါရ ဟူသော်ကား (ကုသလပဒ, အဗျာကတပဒါ ဝသာနနှင့် အတူဆိုလေ)။

## အကုသလေန အကုသလာဗျာကတံ

အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလာဗျာကတပဒါဝသာနကို ဟောတော်မူ၏။ **ဟောဟန်ကား** (ဝိဓိ အနုဝါဒစစ်မြဲ)။ "အကုသလံ ဓမ္မံ ပဋ္စိစ္စ အကုသလောစ အဗျာကတောစ ဓမ္မာ။ပ။ ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ" ဟူသည်တည်း။ (အနက်ပေးမြဲ)။

"အကုသလံ။ပ။ ဟေတုပစ္စယာ" ဟူ၍။ပ။ ပါဠ်၌ အကုသလော စ အဗျာကတောစ ဓမ္မာ ဟူသော **ကတ္တားပုဒ်၏အရကား** ပဋ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသအစိတ်အစိတ်နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။ ဟေတုပစ္စယာဟူသော **ဟိတ်ပါဌ်၏ အရကား** သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်အား တပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက်သတ္တဝီသ စိတ္တက္ခဏတခုတခု၌ရှိသော လောဘမူဖြစ်အံ့။ လောဘ၊ မောဟ။ ဒေါသမူဖြစ်အံ့။ ဒေါသ၊ မောဟ။ မောဟမူဖြစ်အံ့။ မောဟ၊ ဤဟိတ် တပါး နှစ်ပါး ပစ္စည်း တရားတို့၏ ဟေတုသတ္တိ ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဌာနအားဖြင့် ကတ္တားသာတည်း။ ။ခန္ဓာဝါရကား နှစ်ရာ့တဆယ် ဖြစ်သတည်း။ နှစ်ရာ့တဆယ် ဟူသော်ကား (ကုသလပဒ ကုသလာဗျာကတပဒါဝသာန အတိုင်း)။

## အဗျာကတေန အဗျာကတံ

အကုသလပဒကို။ ဥ အဗျာကတပဒကို ဟောတော်မူ၏။ ထိုအဗျာကတ-ပဒသည် အဗျာကတပဒါဝသာနအားဖြင့်တပါးသာ။ ဝိဓိ အနုဝါဒအားဖြင့်ကား

နှစ်ပါးအပြားရှိ၏။ ထို....တွင် ဝိဓိကို။၏။ ။**ဟောဟန်ကား** "အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ"ဟူသည်တည်း။ ဝိဓိကို။ပ။ **ဟောဟန်ကား** ဝိပါကာဗျာကတံ ကြိယာဗျာကတံ ကေ ခန္ဓံ ပဋိစ္စ။ပ။ ဥပါဒါရူပံ ဟူသည်တည်း။

"အဗျာကတံဓမ္မံ။ပ။ ဟေတုပစ္စယာ" ဟူ၍။ပ။ ပါဠ်၌ အဗျာကတသည် ပဝတ္တိ၊ ပဋိသန္ဓေ၊ ရုပ်သက်သက်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် **ပဝတ္တိအခါ** အဗျာကတော ဓမ္မောဟူသော **ကတ္တားပုဒ်၏ အရကား** သဟိတ် ဝိပါက် ကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော သဟိတ်ဝိပါက် ကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ဟေတုပစ္စယာဟူသော **ဟိတ်ပါဌ်၏ အရကား** သမ္ပယုတ္တခန္ဓာ အားဧင်း, သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားဧင်း တပ်သော သဟိတ်ဝိပါက် ကေဝီသ, သဟိတ်ကြိယာသတ္တရသ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ။ **တိဟိတ်** ဖြစ်အံ့။ အလောဘ၊ အဒေါသ၊ အမောဟ။ ဤဟိတ်နှစ်ပါး, **သုံးပါးပစ္စည်းတရား** တို့၏ ဟေတုသတ္တိ ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာ တည်း။ ခန္ဓာဝါရကား နှစ်ရာ့တဆယ် ဖြစ်သတည်း။ နှစ်ရာ့တဆယ် ဟူသော်**ကား** (နောက်ကနည်းအတိုင်း ဆိုလေ)။

**ပဋိသန္ဓေအခါ** အဗျာကတော ဓမ္မောဟူသော **ကတ္တားပုဒ်၏ အရကား** သဟိတ် ပဋိသန္ဓေ သတ္တရသ၊ စေတသိက်ပဉ္စတိံသ၊ အစိတ်အစိတ်-အစိတ် အပေါင်းနာမက္ခန္ဓာ, ဟဒယဝတ္ထုကိုစွဲ၍ ဖြစ်သော သဟိတ်ပဋိသန္ဓေ သတ္တရသ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ဟေတုပစ္စယာဟူသော **ဟိတ်ပါဌ်၏အရကား သမ္ပယုတ္တ** ခန္ဓာအားဧင်း (စတုဝေါကာရကို ရည်သည်)။ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် အားဧင်း တပ်သော (ပဉ္စဝေါကာရကိုရည်သည်) သဟိတ်ပဋိသန္ဓေ သတ္တရသ၊ စေတသိက်ပဉ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ။ တိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ၊ အမောဟ။ ဤဟိတ်နှစ်ပါး, သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

ထိုနှစ်ပါးတို့တွင်။ပ။ ခန္ဓာဝါရကား နှစ်ရာ့လေးဆယ် ဖြစ်သတည်း။ နှစ်ရာ့လေးဆယ်ဟူသော်ကား အစိတ်အစိတ် နာမက္ခန္ဓာ၌ နှစ်ရာ့တဆယ်။ အစိတ်အပေါင်း နာမက္ခန္ဓာ၌ တဆဲ့ငါးဝါရ။ ဟဒယဝတ္ထု၌ တဆဲ့ငါးဝါရ။ဤသို့။ပ။ တည်း။ ။အစိတ်အစိတ် နာမက္ခန္ဓာ၌ နှစ်ရာ့တဆယ် ဟူသော်ကား ပထဝီ မဟာဘုတ် ကဋတ္တာရုပ်၌ တဆဲ့လေးဝါရ။ (ဆိုမြဲ)။ **ကေကလေး**

ချက်၊ တိကလေးချက်၊ ဒုက ခြောက်ချက်။ စတုက္က တချက်။ (အစဉ်အတိုင်း ဆို)။ ဤသို့အားဖြင့် နှစ်ရာ့တဆယ် ဖြစ်သတည်း။ ။ပထဝီ မဟာဘုတ် ကဋတ္တာရုပ်၌ တဆဲ့လေးဝါရ ဟူသော်ကား ကေကလေးဝါရ၊ တိကလေးဝါရ၊ ဒုကခြောက်ဝါရ ဤသို့အားဖြင့် တဆဲ့လေးဝါရ ဖြစ်သတည်း။ ကေက လေးဝါရ ဟူသော်ကား "ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ ကော် ခန္ဓ၏အရကို ဝေဒနာ ယူ၍, တယော ခန္ဓာ ကဋတ္တာစရူပံ ၏ အရကို သညာ, သင်္ခါရ, ဝိညာဉ် ပထဝီ မဟာဘုတ် ကဋတ္တာရုပ်ယူ၍ တဝါရ။ ကော်ခန္ဓ၏အရကို သညာယူ၍, ။ပ။တဝါရ။ သင်္ခါရယူ၍။ပ။ တဝါရ။ ဝိညာဉ်ယူ၍။ပ။ တဝါရ။ ဤသို့ ကေက လေးဝါရ ဖြစ် သတည်း။ ။(ကုသလပဒက နှစ်ရာ့တဆယ် အတိုင်းယူလေ။ ကဋတ္တာရုပ် ဆို သည်သာ ထူးသည်)။

အစိတ်အပေါင်း နာမက္ခန္ဓာ၌ တဆဲ့ငါးဝါရဟူသော်ကား ကေက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ စတုက္က တဝါရတည်း။ ။**ကေက လေးဝါရဟူ သော်ကား** "ခန္ဓေ ပဋိစ္စ ဝတ္ထု" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော် ပါဠ်၌ ခန္ဓေ၏အရကို ဝေဒနာယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ခန္ဓေ၏အရကို သညာယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ခန္ဓေ၏ အရကို သင်္ခါရယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ခန္ဓေ၏အရကို ဝိညာဉ်ယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ဤသို့ ကေက လေးဝါရ ဖြစ်သတည်း။

**တိကလေးဝါရဟူသော်ကား** ခန္ဓေ၏အရကို ဝေဒနာ,သညာ,သင်္ခါရယူ၍,ဝတ္ထု ၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ခန္ဓေ။ပ။ ကို သညာ,သင်္ခါရ, ဝိညာဉ်ယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ခန္ဓေ။ပ။ ကို သင်္ခါရ, ဝိညာဉ်,ဝေဒနာ ယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍တဝါရ။ ခန္ဓေ၏ အရကို ဝိညာဉ်,ဝေဒနာ, သညာယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ဤသို့ တိက လေးဝါရ ဖြစ်သတည်း။

**ဒုကခြောက်ဝါရ ဟူသော်ကား** ခန္ဓေ၏ အရကို ဝေဒနာ,သညာ,ယူ၍ ဝတ္ထု ၏အရကို ဟဒယဝတ္ထု ယူ၍ တဝါရ။ ခန္ဓေ၏အရကို ဝေဒနာ,သင်္ခါရယူ၍။ပ။ တဝါရ။ ခန္ဓေ၏အရကို ဝေဒနာ,ဝိညာဉ်ယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ခန္ဓေ၏အရကို သညာ,သင်္ခါရယူ၍။ပ။ တဝါရ။ ခန္ဓေ၏အရကို သညာ, ဝိညာဉ်ယူ၍,ဝတ္ထု၏။ပ။ တဝါရ။ ခန္ဓေ၏အရကို သင်္ခါရ,ဝိညာဉ်ယူ၍။ဝတ္ထု။ပ။ တဝါရ။ ဤသို့လျှင် ဒုကခြောက်ဝါရ ဖြစ်သတည်း။

**စတုက္က တဝါရ ဟူသော်ကား** ခန္ဓေ၏အရကို ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ် ယူ၍, ဝတ္ထု၏အရကို ဟဒယဝတ္ထုယူ၍ တဝါရ။ ဤသို့ စတုက္ကတဝါရ ဖြစ်သ

တည်း။ ဤသို့လျှင် ကေက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ စတုက္က တဝါရအားဖြင့် အစိတ်အပေါင်း နာမက္ခန္ဓာ၌ ဟဆဲ့ငါးဝါရဖြစ်သတည်း။

ဟဒယဝတ္ထု၌ တဆဲ့ငါးဝါရဟူသော်ကား ကေက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ စတုက္က တဝါရတည်း။ ။**ကေက လေးဝါရ ဟူသော်ကား** "ဝတ္ထုံ ပဋိစ္စ ခန္ဓာ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ ဝတ္ထုံ၏အရကို ဟဒယဝတ္ထု ယူ၍, ခန္ဓာ၏ အရကို ဝေဒနာယူ၍ တဝါရ။ပ။ သညာ ယူ၍ တဝါရ။ပ။ သင်္ခါရ ယူ၍ တဝါရ။ပ။ ဝိညာဉ်ယူ၍ တဝါရ ဤသို့ ကေက လေးဝါရ ဖြစ်သတည်း။ ။

**တိက လေးဝါရ ဟူသော်ကား** ဝတ္ထုံ၏အရကို ဟဒယဝတ္ထုယူ၍, ခန္ဓာ၏ အရကို ဝေဒနာ, သညာ, သင်္ခါရယူ၍ တဝါရ။ပ။ သညာ, သင်္ခါရ, ဝိညာဉ်ယူ၍ တဝါရ။ပ။ သင်္ခါရ,ဝိညာဉ်,ဝေဒနာယူ၍ တဝါရ။ပ။ ဝိညာဉ်,ဝေဒနာ,သညာယူ၍ တဝါရ။ ဤသို့ တိက လေးဝါရ ဖြစ်သတည်း။ ။

**ဒုက ခြောက်ဝါရ ဟူသော်ကား** ဝတ္ထုံ၏အရကို ဟဒယဝတ္ထုယူ၍, ခန္ဓာ၏အရကို ဝေဒနာ,သညာယူ၍ တဝါရ။ပ။ ဝေဒနာ,သင်္ခါရယူ၍ တဝါရ။ပ။ ဝေဒနာ, ဝိညာဉ်ယူ၍ တဝါရ။ပ။ သညာ,သင်္ခါရယူ၍ တဝါရ။ပ။ သညာ,ဝိညာဉ်ယူ၍ တဝါရ။ပ။ သင်္ခါရ,ဝိညာဉ်ယူ၍ တဝါရ။ ဤသို့ ဒုကခြောက်ဝါရ ဖြစ်သတည်း။ ။

**စတုက္က တဝါရဟူသော်ကား** ဝတ္ထုံ၏အရကို ဟဒယဝတ္ထုယူ၍, ခန္ဓာ၏အရကို ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဉ် ယူ၍ တဝါရ။ ဤသို့ စတုက္ကတဝါရ ဖြစ်သတည်း။ ။ဤသို့လျှင် ကေက လေးဝါရ။ တိက လေးဝါရ၊ ဒုကခြောက်ဝါရ၊ စတုက္က တဝါရ အားဖြင့် ဟဒယဝတ္ထု၌ တဆဲ့ငါးဝါရ ဖြစ်သတည်း။

ဤသို့လျှင် အစိတ်အစိတ် နာမက္ခန္ဓာ၌ နှစ်ရာ့တဆယ်၊ အစိတ်အပေါင်း နာမက္ခန္ဓာ၌ တဆဲ့ငါးဝါရ၊ ဟဒယဝတ္ထု၌ တဆဲ့ငါးဝါရ အားဖြင့် ပဋိသန္ဓေအခါ၌ ခန္ဓာဝါရကား နှစ်ရာ့လေးဆယ်ဖြစ်သတည်း။

**ရုပ်သက်သက်**၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ပဋ္ဌဝါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်,သဟိတ်ဝိပါက်, သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ်စိတ္တဇ မဟာဘုတ်၊ သဟိတ်ပဋ္ဌဝါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟာအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ်ကိုစွဲ၍ ဖြစ်သော ဘုတ်နှင့်တကွသော သဟိတ်စိတ္တဇ ဥပါဒါရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ဟေတုပစ္စယာဟူသော **ဟိတ်ပါဌ်၏ အရကား** သဟိတ် စိတ္တဇရုပ်,သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဋ္ဌဝါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု, ရဟန္တာတို့စုတိကြဉ်သော

ကုသိုလ်,အကုသိုလ်, သဟိတ်ဝိပါက်, သဟိတ်ကြိယာ, နာမက္ခန္ဓာ,စိတ္တဇရုပ် တခု တခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ။တိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ၊ အမောဟ။ လောဘမူဖြစ်အံ့။လောဘ၊မောဟ။ဒေါသမူဖြစ်အံ့။ ဒေါသ၊ မောဟ။ မောဟမူဖြစ်အံ့။ မောဟ။ ဤဟိတ်တပါး, နှစ်ပါး, သုံးပါးပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာန အားဖြင့် ကတ္တားသာတည်း။ ။ခန္ဓာဝါရကား သုံးဆယ်ဖြစ်သတည်း။ သုံးဆယ်ဟူသော်ကား စိတ္တဇ မဟာဘုတ်၌ တဆဲ့ငါးဝါရ။ ကမ္မဇမဟာဘုတ်၌ တဆဲ့ငါးဝါရ ဤသို့အားဖြင့် သုံးဆယ် ဖြစ်သတည်း။

စိတ္တဇ မဟာဘုတ်၌ တဆဲ့ငါးဝါရ ဟူသော်ကား ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ စတုက္က တဝါရ အားဖြင့် တဆဲ့ငါးဝါရ ဖြစ်သတည်း။ **ဧကက လေးဝါရ ဟူသော်ကား**"ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ ဧကံ မဟာဘူတံ၏ အရကို ပထဝီ မဟာဘုတ်ယူ၍,တယောမဟာဘူတာ၏အရကို အာပေါ်,တေဇော,ဝါယော မဟာဘုတ်ယူ၍ တဝါရ။ ဧကံ မဟာဘူတံ၏ အရကို အာပေါ် မဟာဘုတ်ယူ၍, တယောမဟာဘူတာ၏ အရကို တေဇော,ဝါယော,ပထဝီမဟာဘုတ်ယူ၍ တဝါရ။ ဧကံ မဟာဘူတံ၏ အရကို တေဇော မဟာဘုတ်ယူ၍, တယော မဟာဘူတာ၏ အရကို ဝါယော,ပထဝီ,အာပေါ် မဟာဘုတ်ယူ၍ တဝါရ။ ဧကံ မဟာဘူတံ၏ အရကို ဝါယော မဟာဘုတ်ယူ၍, တယော မဟာဘူတာ၏ အရကို ပထဝီ, အာပေါ်,တေဇော မဟာဘုတ်ယူ၍ တဝါရ။ ဤသို့ ဧကက လေးဝါရဖြစ်သတည်း။ ။

**တိကလေးဝါရဟူသော်ကား** "တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ"ဟူ၍။ ပ ။၌။ တယော မဟာဘူတေ၏ အရကို ပထဝီ,အာပေါ်,တေဇော မဟာဘုတ်ယူ၍,ဧကံမဟာဘူတံ၏ အရကို ဝါယော မဟာဘုတ်ယူ၍ တဝါရ။ တယော။ပ။ ကို။ အာပေါ်,တေဇော,ဝါယော မဟာဘုတ်ယူ၍,ဧကံမဟာဘူတံ၏ အရကို ပထဝီ မဟာဘုတ်ယူ၍ တဝါရ။ တယော။ပ။ကို။ တေဇော, ဝါယော, ပထဝီ မဟာဘုတ်ယူ၍, ဧကံ မဟာဘူတံ၏ အရကို အာပေါ် မဟာဘုတ်ယူ၍ တဝါရ။ တယော မဟာဘူတေ၏ အရကို ဝါယော,ပထဝီ,အာပေါ် မဟာဘုတ်ယူ၍, ဧကံ မဟာဘူတံ၏ အရကို တေဇော မဟာဘုတ်ယူ၍ တဝါရ။ ဤသို့တိက လေးဝါရ ဖြစ်သတည်း။ ။

**ဒုက ခြောက်ဝါရ ဟူသော်ကား** ဒွေမဟာဘူတေ ပဋိစ္စ။ပ။ ပါဌ်၌။ ဒွေမဟာဘူတေ၏ အရကို ပထဝီ,အာပေါ် မဟာဘုတ်ယူ၍, ဒွေမဟာဘူတာ၏ အရကို တေဇော,ဝါယော မဟာဘုတ်ယူ၍ တဝါရ။ ဒွေမဟာဘူတေ၏ အရကို ပထဝီ, တေဇော မဟာဘုတ်ယူ၍,ဒွေမဟာဘူတာ၏ အရကို အာပေါ်, ဝါယော မဟာဘုတ်ယူ၍ တဝါရ။ ဒွေမဟာဘူတေ၏ အရကို ပထဝီ,ဝါယော မဟာဘုတ်ယူ၍

ဒွေ။ပ။ကို။ အာပေါ့တေဇော မဟာဘုတ်ယူ၍ တဝါရ။ ဒွေမဟာဘူတေ၏ အရကို အာပေါ့တေဇော မဟာဘုတ်ယူ၍ ဒွေ။ပ။ကို။ ပထဝီ့ဝါယော မဟာဘုတ်ယူ၍ တဝါရ။ ဒွေမဟာ။ပ။ကို။ အာပေါ့ဝါယောမဟာဘုတ်ယူ၍ ဒွေ။ ပ။ကို။ ပထဝီ့တေဇော မဟာဘုတ်ယူ၍ တဝါရ။ ဒွေမဟာ။ပ။ကို။ တေဇော့ ဝါယော မဟာဘုတ်ယူ၍ ဒွေမဟာ။ ပ ။ကို။ ပထဝီ့အာပေါ မဟာဘုတ်ယူ၍ တဝါရ။ ဤသို့ ဒုက ခြောက်ဝါရဖြစ်သတည်း။ ။

**စတုက္က တဝါရ ဟူသော်ကား**"မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါရူပံ" ဟူ၍ ဟောတော်မူအပ်သော။ပ။၌။ မဟာဘူတေ၏ အရကို မဟာဘုတ်လေးပါး ယူ၍ စိတ္တသမု။ပ။ ရူပံ၏ အရကို စိတ္တဇ ဥပါဒါရုပ်ယူ၍ တဝါရ။ ဤသို့စတုက္က တဝါရဖြစ်သတည်း။ ဤသို့လျှင် ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုကခြောက် ဝါရ၊ စတုက္က တဝါရ အားဖြင့် စိတ္တဇမဟာဘုတ်၌ တဆဲ့ငါးဝါရ ဖြစ်သတည်း။ ။ ကမ္မဇမဟာဘုတ်၌ တဆဲ့ငါးဝါရ ဟူသော်ကား။ (ဧကက လေးဝါရ အစရှိသည် ကိုခွဲမြဲ။ စတုက္ကတွင် ကမ္မဇဥပါဒါ ဆိုသည် သာထူးသည်)။ ။ဤသို့လျှင် စိတ္တဇ မဟာဘုတ်၌ တဆဲ့ငါးဝါရ။ ကမ္မဇမဟာဘုတ်၌ တဆဲ့ငါးဝါရ အားဖြင့် ရုပ်သက် သက်၌ သုံးဆယ် ဖြစ်သတည်း။ ဤသို့လျှင် ပဝတ္တိအခါ နှစ်ရာ့တဆယ်၊ ပဋိသန္ဓေ အခါ နှစ်ရာ့လေးဆယ်။ ရုပ်သက်သက်၌ သုံးဆယ်အားဖြင့် အဗျာကတ၌ ခန္ဓာ ဝါရကား လေးရာ့ရှစ်ဆယ် ဖြစ်သတည်း။ ။

## ကုသလာဗျာကတေန အဗျာကတံ

အဗျာကတပဒကို....၌။ကုသလာဗျာကတပဒကို ဟောတော်မူ၏။ ထိုကုသလာ ဗျာကတပဒသည် အဗျာကတပဒါသာနအားဖြင့် တပါးသာ၊ ဝိဓိ အနုဝါဒ အား ဖြင့်သော်ကား နှစ်ပါးအပြားရှိ၏ ထို....တွင် ဝိဓိကို။၏။ ။**ဟောဟန်ကား** "ကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စ ယာ" ဟူသည်တည်း။ ဝိဓိကို။ပ။၏။ **ဟောဟန်ကား** "ကုသလေ ခန္ဓေစ မဟာ ဘူတေစ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ"ဟူသည်တည်း။ ။ကုသလေ၊ ကုန်သော။ ခန္ဓေစ၊ ခန္ဓာတို့ကိုငင်း၊ မဟာဘူတေစ၊ မဟာဘုတ်တို့ကိုငင်း။ ပဋိစ္စ စွဲ၍။ စိတ္တ သမုဋ္ဌာနံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော။ ရူပံ၊ စိတ္တဇရုပ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။

"ကုသလဥ္စ အဗျာကတဥ္စ။ပ။ ဟေတုပစ္စယာ"ဟူ၍။ပ။ပါဌ်၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ကောဌ်သ၊ စေတသိက် အဌတိ ံသ အစိတ် အပေါင်း နာမက္ခန္ဓာ အစိတ်အပေါင်း မဟာဘုတ်ကိုစွဲ၍ဖြစ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။ဟေတုပစ္စယာ ဟူသော **ဟိတ်ပါဌ်၏အရကား** စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရ ဘုံ၌ဖြစ် သောအခါ ကုသိုလ်ကောဌ်သ၊ စေတသိက်အဌတိ ံသ စိတ္တက္ခဏ တခုတခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ။တိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ၊

အမောဟ။ ဤဟိတ် နှစ်ပါး,သုံးပါးပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။ ထို....တွင်။ပ။ကား နှစ်ရာ့နှစ်ဆဲ့ငါးဝါရ ဖြစ်သတည်း။ ....ကား။ [ကုသလပဒ၌ အဗျာကတပဒါဝသာန ကဲ့သို့ ယူလေ။ ကံပုဒ်အရတွင် ခန္ဓာနှင့် မဟာဘုတ်ကို ယူသည်သာ ထူးသည်]။

## အကုသလာဗျာကတေန အဗျာကတံ

ကုသလာဗျာကတပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလာဗျာကတပဒကို ဟောတော်မူ၏။ (စစ်မြဲ)။ **ဟောဟန်ကား** အကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ ဟူသည်တည်း။ ဝိဓိကို။ပ။၏။ **ဟောဟန်ကား** "အကုသလေ ခန္ဓေစ မဟာဘူတေစ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ" ဟူသည်တည်း။ (အနက်ပေးမြဲ)။

"အကုသလဥ္စ အဗျာကတဥ္စ။ပ။ ဟေတုပစ္စယာ" ဟူ၍။ပ။ ပါဌ်၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ အစိတ်အပေါင်း မဟာဘုတ်ကိုစွဲ၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ဟေတုပစ္စယာ ဟူသော **ဟိတ်ပါဌ်၏အရကား** စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့။ လောဘ၊ မောဟ။ ဒေါသမူဖြစ်အံ့။ ဒေါသ၊ မောဟ။ မောဟမူဖြစ်အံ့။ မောဟ၊ ဤဟိတ် တပါး,နှစ်ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။ထို....တွင်။ပ။နှစ်ရာ့နှစ်ဆဲ့ငါးဝါရ ဖြစ်သတည်း။ (နည်းတူ)။ ။ ဟေတုဝိဘင်္ဂဝါရ ပြီး၏။

---

## အာရမ္မဏပစ္စည်း

ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူ၏။ ထို အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရ၌ တုံသော်လည်း ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒအားဖြင့် သုံးပါးအပြားရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒသည် ကုသလပဒါဝသာနအားဖြင့် တပါးသာ။ ဝိဓိ အနုဝါဒအားဖြင့်ကား နှစ်ပါးအပြားရှိ၏။ ထို....တွင် ဝိဓိကို။၏။

## ကုသလေန ကုသလံ

**ဟောဟန်ကား** "ကုသလံ ဓမ္မံ ပဋိစ္စ။ပ။ အာရမ္မဏပစ္စယာ" ဟူသည်တည်း။ ဝိဓိကို။ပ။၏။ **ဟောဟန်ကား** "ကုသလံ ဧကံ။ပ။ ခန္ဓာ" ဟူသည်တည်း။ (အနက်

ပေးမြဲ)။ "ကုသလံ။ပ။ အာရမ္မဏပစ္စယာ" ဟူ၍။ပ။ ပါဠ်၌။ ကုသလော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** ကုသိုလ် ဇောဝီသ၊ စေတသိက် အဋ္ဌတိံသ၊ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော ကုသိုလ် ဇောဝီသ၊ စေတသိက် အဋ္ဌတိံသ၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်။၏။ ။**အာရမ္မဏပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား** ကုသိုလ် ဇောဝီသအား တပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု၊ စေတသိက် ဒွေပညာသ၊ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ပညတ် ဤအာရုံ ခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိရ၏။

**တနည်းကား** မဟာကုသိုလ် ဉာဏ ဝိပ္ပယုတ် လေးခုအား တပ်သော လောကီ စိတ် ဇောသီတိ။ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုအား တပ်သော အရ ဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ ဒိဗ္ဗစက္ခု ကုသိုလ် အဘိညာဉ်အား တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်ရူပါရုံ။ ဒိဗ္ဗသောတ ကုသိုလ် အဘိညာဉ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ။ဣဒ္ဓိ ဝိဓကုသိုလ် အဘိညာဉ်အား တပ်သော ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမ ဈာန်, သတသဟဿ စသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံခြောက်ပါး။ စေတောပရိယကုသိုလ် အဘိညာဉ်အား တပ်သော လွန်လေပြီးသော ခုနစ်ရက်မှ စ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တ မဂ်, အရဟတ္တဖိုလ်ကြဉ်သော သူတပါးတို့စိတ် ရှစ်ဆဲ့ခုနစ်ခုဟုဆိုအပ်သော ဓမ္မာရုံ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်အား တပ်သော ပုဗ္ဗေနိဝုဋ္ဌ ဖြစ်သောအရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု။ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ လျှောက်၍ သိအပ်သောနိဗ္ဗာန်၊အမည်အမျိုးစသောပညတ်ဟုဆိုအပ်သောအာရုံခြောက်ပါး။ ယထာကမ္မူပဂကုသိုလ်အဘိညာဉ်အား တပ်သော အတိတ်ဖြစ်သော လောကီ ကုသိုလ်,အကုသိုလ်ကံဟုဆိုအပ်သောဓမ္မာရုံ။အနာဂတံသကုသိုလ်အဘိညာဉ်အား တပ်သော အနာဂတ်ဖြစ်သော အရဟတ္တမဂ်,အရဟတ္တဖိုလ် ကြဉ်သော စိတ်ရှစ်ဆဲ့ ခုနစ်ခု။ပ။ (ပုဗ္ဗေနိဝါသ အတိုင်းဆို) ရူပါဝစရ ပဌမဈာန် ကုသိုလ်အား တပ်သော ကသိုဏ်းပညတ်ဆယ်ပါး၊ အသုဘပညတ် ဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံ ဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ အစရှိသော ကာယအစု ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာဟူသော ဗြဟ္မဝိဟာရ တရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤနှစ်ဆဲ့ ငါးပါးသော ပညတ်ဟု ဆိုအပ်သေ ဓမ္မာရုံ။ ရူပါဝစရ ဒုတိယဈာန်၊ တတိယ ဈာန်၊ စတုတ္ထဈာန် ကုသိုလ်အား တပ်သော ကသိုဏ်းပညတ်ဆယ်ပါး။ အာနာ

ပါန။ပ။ ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ။ပ။ ပညတ်။ ဤတဆဲ့လေးပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်။ပ။ သော။ ကသိုဏ်းပညတ်ဆယ်ပါး။ အာနာပါန။ပ။ ပညတ်။ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ တရားတပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤတဆဲ့နှစ်ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ အာကာသာနဉ္စာယတနကုသိုလ်အား တပ်သော အာကာသ ကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဉ္စာယတနကုသိုလ်အား တပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ။ အာကိဉ္စညာယတန ကုသိုလ်အား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်၏ မရှိခြင်းဟု ဆိုအပ်သော နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ နေဝသညာနာသညာယတန ကုသိုလ်အားတပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ။ မဂ်လေးခုအား တပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဤအာရုံခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။ ထို...တွင် အရကား။ပ။ တည်း။ ခန္ဓာဝါရကား တဆဲ့လေးဝါရ ဖြစ်သတည်း။ ။(ဟေတုက အတိုင်း)။

## အကုသလေန အကုသလံ

ကုသလပဒကို။ပ။ အကုသလပဒကို ဟောတော်မူ၏။ (စစ်မြဲ)။ **ဟောဟန်ကား** "အကုသလံ။ပ။ ခန္ဓာ"။ ။(အနက်ပေးမြဲ)။ ။"အကုသလံ။ပ။ အာရမ္မဏပစ္စယာ" ဟူ၍။ပ။ ပါဠ်၌ အကုသလော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၊အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၊ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။အာရမ္မဏပစ္စယာ ဟူသော **ဟိတ်ပါဌ်၏ အရကား** အကုသိုလ်ဒွါဒသအား တပ်သော လောကီစိတ် ကောသီတိ။စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။ ထို....တွင်။ပ။ ခန္ဓာဝါရကား တဆဲ့လေး ဝါရ ဖြစ်သတည်း။

## အဗျာကတေန အဗျာကတံ

အကုသလပဒကို။ပ။ အဗျာကတပဒကို ဟောတော် မူ၏။ (စစ်မြဲ)။ **ဟောဟန်ကား** "အဗျာကတံ။ပ။ ခန္ဓာ" ဟူသည်တည်း။ (အနက် ပေးမြဲ) **ပဝတ္တိအခါ** အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ဝိပါက် ဆတ္တိံသ၊ ကြိယာဝီသ၊ စေတသိက် အဋ္ဌတိံသ၊ အစိတ်အစိတ်

နာမက္ခန္ဓာကို စွဲ၍ ဖြစ်သော ဝိပါက်ဆတ္တ်ိသ၊ ကြိယာဝီသ။**စေတသိက်** အဋ္ဌတိံသ။ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ အာရမ္မဏပစ္စယာ ဟူသော **ဟိတ်ပါဠ်၏ အရကား** ဝိပါက် ဆတ္တိံသ၊ ကြိယာဝီသအား တပ်သော စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ပညာတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။ ။ **တနည်းကား** စက္ခုဝိညာဉ်ဒွေးအား တပ်သော ပစ္စုပ္ပန်ရူပါရုံ။ပ။ မနောဓာတ် သုံးခုအား တပ်သော ပစ္စုပ္ပန်ပဥ္စာရုံ။ တဒါရုံ ကောဒသ၊ ဟသိတုပ္ပါဒ်အား တပ်သော ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အာရုံခြောက်ပါး။ မဟာကြိယာ ဉာဏဝိပ္ပယုတ် လေးခုအား တပ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ။ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု။ မနောဒွါရာဝဇ္ဇန်းအား တပ်သော စိတ်တခုယုတ်ကိုးဆယ်။စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါး။[ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ၊ အတူ။ ဣဒ္ဓိဝိဓမှာ ပါဒကဖြစ်သော ရူပါဝစရ ကြိယာပဥ္စမစျာန်သာ ထူးသည်။ စေတောပရိယမှာ စိတ်တခုယုတ်ကိုးဆယ်။ ပုဗ္ဗေနိဝါသမှာ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်တခုယုတ်ကိုးဆယ်။ ယထာကမ္မုပဂအတူ။ အနာဂတံသမှာ အနာဂတ် ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်] ရူပါဝစရ ပဉ္စမစျာန်ဝိပါက်, ကြိယာ**အား** တပ်သော ကသိုဏ်းပညတ်ဆယ်ပါး။ပ။ ဤနှစ်ဆဲ့ငါးပါး။ပ။ ဓမ္မာရုံ။ ရူပါဝစ**ရ** ဒုတိယစျာန်,တတိယစျာန်,စတုတ္ထစျာန်ဝိပါက်, ကြိယာအားတပ်သော ကသိုဏ်း ပညတ်ဆယ်ပါး။ပ။ ဤတဆဲ့လေးပါး။ပ။ ဓမ္မာရုံ။ ရူပါဝစရ ပဥ္စမစျာန်ဝိပါက် ကြိယာအားတပ်သော ကသိုဏ်း။ပ။ ဤတဆဲ့နှစ်ပါး။ပ။ ဓမ္မာရုံ။ အာကာသာ နဉ္စာယတန ဝိပါက်,ကြိယာအား တပ်သော အာကာသ ကြဉ်အပ်သော။ပ။ ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဉ္စာယတနဝိပါက်အား တပ်သော ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်။ပ။ ဓမ္မာရုံ။ ဝိညာဏဉ္စာယတနကြိယာအား တပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကြိယာဟု ဆိုအပ် သော ဓမ္မာရုံ။ အာကိဉ္စညာယတန ဝိပါက်ကြိယာအား တပ်သော အာကာသာ နဉ္စာယတနကုသိုလ်, ကြိယာ၏ မရှိခြင်းဟု ဆိုအပ်သော နတ္ထိဘာဝပညတ်၊ ဓမ္မာရုံ။ နေဝသညာနာသညာယတန ဝိပါက်အား တပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စ။ပ။ ကုသိုလ်။ပ။ ဓမ္မာရုံ။ နေဝသညာ နာသညာယတန ကြိယာအား တပ်သော ဤဘဝ ရှေးဘဝ။ အဇ္ဈတ္တ။ပ။ အာကိဉ္စညာယတနကုသိုလ်၊ ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စ ညာယတနကြိယာဟု ဆိုအပ်သော ဓမ္မာရုံ။ ဖိုလ်လေးခုအား တပ်သောနိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဤခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။

ထို...**တွင်** အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။ ခန္ဓာဝါရကား တဆဲ့လေးဝါရ ဖြစ်သတည်း။

**ပဋိသန္ဓေအခါ** အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ပဋိသန္ဓေစိတ် ကျေနဝီသ။ စေတသိက် ပဉ္စတိံသ၊ အစိတ်အစိတ် နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော ပဋိသန္ဓေစိတ် ကျေနဝီသ၊ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။အာရမ္မဏပစ္စယာ ဟူသော **ဟိတ်ပါဌ်၏ အရကား** ပဋိသန္ဓေ ကျေနဝီသအား တပ်သော ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။

**တနည်းကား—**

**ကာမပဋိသန္ဓေ** တဆယ်အား တပ်သော မရဏာသန္နဇောသည် ဒွါရခြောက်ပါးတို့ဘွင် တပါးပါးဖြင့် ယူအပ်သော ပစ္စုပ္ပန် အတိတ်ဖြစ်သော ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ရူပါဝစရ ပဋိသန္ဓေငါးခုအား တပ်သော ကသိုဏ်း အစရှိသော ပညတ်၊ အာကာသာနဉ္စာယတန ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော အာကာသ ကြဉ်သော ကသိုဏ်းကိုးပါး။ပ။ ပညတ်၊ **ဝိညာ**ဏဉ္စာယတန ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ရှေးဘဝ အဇ္ဈတ္တ **သန္တာ**န်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်၊ အာကိဉ္စညာယတန ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်၏ မရှိခြင်းဟုဆိုအပ်သော နတ္ထိဘာဝပညတ်။ နေဝသညာနာသညာယတန ပဋိသန္ဓေ **နာ**မက္ခန္ဓာအားတပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်။ဤ ကံ၊ ကမ္မနိမိတ်၊ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံခြောက်ပါးပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။ ။ထို...တွင်။ပ။ ခန္ဓာဝါရကားနှစ်ဆဲ့**ကိုး**ဝါရ ဖြစ်သတည်း။ နှစ်ဆဲ့ကိုးဝါရဟူသော်ကား အစိတ်အစိတ် နာမက္ခန္ဓာ၌ တဆဲ့လေးဝါရ။ ဟဒယဝတ္ထု၌ တဆဲ့ငါးဝါရတည်း။ ခွဲမြဲ။ ။အာရမ္မဏ ပြီး၏။

---

## အဓိပတိပစ္စည်း

### ကုသလေန ကုသလံ

အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ (စစ်မြဲ) "ကုသလံ။ပ။ အဓိပတိပစ္စယာ။ပ။ ခန္ဓာ" ဟူသည်တည်း။ ။ကုသလော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ရှစ်ခု၊ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိက် အဋ္ဌတိံသ၊

အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိ တရားကိုယ်ကြဉ်သော မဟာကုသိုလ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ် ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။အဓိပတိပစ္စယာဟူသော **ဟိတ်ပါဠ်၏ အရကား** အလေးအမြတ် ပြုတတ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်လေးခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ။ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။အောက်ဖိုလ် သုံးခု၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ။ မဂ်လေးခုအား တပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ။ပစ္စည်းတရားတို့၏ **အာရမ္မဏာဓိပတိသတ္တိ**။

သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိ ပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခု တခု၌ ရှိသော အဓိပတိတရားကိုယ်သုံးပါး,လေးပါးတို့တွင် တပါး တပါး ပစ္စည်းတရားတို့၏ **သဟဇာတာဓိပတိသတ္တိ ရ၏**။ ။ထို....တွင်။ပ။ တဆဲ့လေးဝါရ ဖြစ်သတည်း။ (ခွဲမြဲ)။

## ကုသလေန အဗျာကတံ

ကုသလေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ပဋ္ဌဝါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ **ဟိတ်ပါဠ်၏ အရကား** သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဋ္ဌဝါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု။ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခု တခု၌ ရှိသော အဓိပတိ တရားကိုယ်သုံးပါး,လေးပါးတို့တွင် တပါးတပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိရ၏။ ထို....တွင်။ပ။ခန္ဓာဝါရကား နှစ်ရာ့ နှစ်ဆဲ့ ငါးဝါရ ဖြစ်သတည်း။(ခွဲမြဲ)။ ။

## ကုသလေန ကုသလာဗျာကတံ

ကုသလေန ကုသလာဗျာကတံ၌ "ကုသလောစ အဗျာကတောစ ဓမ္မာ"ဟူသော **ကတ္တားပုဒ်၏အရကား** ပဋ္ဌဝါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊စေတသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အဓိပတိတရားကိုယ်ကြဉ်သော မဟာကုသိုလ်ရှစ်ခု။ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ ပြုအပ်သော

သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်။ ၏။ (**ဟိတ်ပါဌ်**ကိုအာရမ္မဏာဓိပတိ, သဟဇာတာဓိပတိကောက်မြဲ။ သဟဇာတာဓိပတိ၌ သမ္ပယုတ္တခန္ဓာ, သာဓိပတိစိတ္တဇရုပ်အားတပ်သော....ဆိုရိုးသာထူးသည်)။ ထို....တွင်။ ပ။ နှစ်ရာ့တဆယ် ဖြစ်သတည်း။

## အကုသလေန အကုသလံ

အကုသလေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ်ရှစ်ခု၊ ဒေါသမူနှစ်ခု။ ဝိစိကိစ္ဆာကြဉ်သောစေတသိက်ဆဗ္ဗိသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သောအဓိပတိတရားကိုယ်ကြဉ်သော လောဘမူစိတ်ရှစ်ခု၊ ဒေါသမူနှစ်ခု။ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဗ္ဗိသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။ **ဟိတ်ပါဌ်၏ အရကား** အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူနှစ်ခု၊ မောဟမူနှစ်ခု၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော လောကီစိတ်ခုနစ်ဆဲ့ခြောက်ခု။ ဒေါသ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ-ဝိစိကိစ္ဆာကြဉ်သော စေတသိက်လေးဆဲ့ခုနစ်ခု။ ဤအာရုံခြောက်ပါး ပစ္စည်းတရားတို့၏ **အာရမ္မဏာဓိပတိသတ္တိ**။ ။

သမ္ပယုတ္တခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ်ရှစ်ခု၊ ဒေါသမူနှစ်ခု။ ဝိစိကိစ္ဆာကြဉ်သော။ စေတသိက် ဆဗ္ဗိသ စိတ္တက္ခဏတခုတခု၌ရှိသော အဓိပတိတရားကိုယ်သုံးပါးတို့တွင် တပါး တပါး ပစ္စည်းတရားတို့၏ **သဟဇာတာဓိပတိသတ္တိ**ရ၏။ ။ခန္ဓာဝါရကား တဆဲ့လေးဝါရ ဖြစ်သတည်း။

## အကုသလေန အဗျာကတံ

အကုသလေန အဗျာကတံ ၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ်ရှစ်ခု၊ ဒေါသမူနှစ်ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဗ္ဗိသ အစိတ်အပေါင်းနာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်။ ၏။ ။**ဟိတ်ပါဌ်၏ အရကား** သာဓိပတိစိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်း**ကို** ရသောအခါ လောဘမူစိတ်ရှစ်ခု။ ပ။ သဟဇာတာဓိပတိသတ္တိရ၏။ ။ခန္ဓာဝါရကား နှစ်ရာ့ နှစ်ဆဲ့ ငါးဝါရ ဖြစ်သတည်း။ ။

## အကုသလေန အကုသလာဗျာကတံ

**အကုသလေန** အကုသလာဗျာကတံ ၌ အကုသလောစ အဗျာကတောစ ဓမ္မာဟူသော **ကတ္တားပုဒ်၏အရကား** ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသော

အခါ လောဘမူစိတ် ရှစ်ခု၊ ဒေါသမူဒွေး၊ ဝိစိကိစ္ဆာကြဉ်သော **စေတသိက် ဆဗ္ဗီသ** အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အဓိပတိ တရားကိုယ်ကြဉ်သော လောဘမူစိတ်ရှစ်ခု၊ ဒေါသမူဒွေး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ်နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ ပြုအပ်သော **သာဓိပတိစိတ္တဇရုပ်** ပစ္စယုပ္ပန်။၏။ ။(**ဟိတ်ပါဌ်** ကောက်မြဲ) ။ခန္ဓာဝါရကား နှစ်ရာ့တဆယ် ဖြစ်သတည်း။

## အဗျာကတေန အဗျာကတံ

အဗျာကတေန အဗျာကတံ ၌ **ပဝတ္တိအခါ** "အဗျာကတော ဓမ္မော"ဟူသော **ကတ္တားပုဒ်၏အရကား** အဓိပတိပစ္စည်းကိုရသောအခါ မဟာကြိယာ ရှစ်ခု၊ကေန်ရသောမဟဂ္ဂုတ်ကြိယာကိုးခု၊ ဖိုလ်လေးခု။ စေတသိက် အဋ္ဌတိံသ **အစိတ်အစိတ်** **နာမက္ခန္ဓာကိုစွဲ၍** ဖြစ်သော အဓိပတိတရားကိုယ်ကြဉ်သော မဟာကြိယာရှစ်ခု၊ **ကေန်ရသော** မဟဂ္ဂုတ်ကြိယာ**ကိုး**ခု၊ ဖိုလ်လေးခု၊ စေတသိက် အဋ္ဌတိံသ **အစိတ်** အစိတ်နာမက္ခန္ဓာ။ထိုနာမက္ခန္ဓာပြုအပ်သော သာဓိပတိစိတ္တဇရုပ်ပစ္စယုပ္ပန်။၏။ ။ **အ**ဓိပတိပစ္စယာဟူသော **ဟိတ်ပါဌ်၏အရကား** အလေးအမြတ် ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခုအား တပ်သော အလေးအမြတ်ပြုအပ်သော **အ**ရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်, ဖိုလ်လေးခုအားတပ်သော နိဗ္ဗာန် ပစ္စည်း တရားတို့၏ **အာရမ္မဏာဓိပတိသတ္တိ**။

သမ္ပယုတ္တခန္ဓာအားငှင်း, သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အားငှင်း တပ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကြိယာရှစ်ခု၊ကေန်ရသော မဟဂ္ဂုတ်ကြိယာကိုးခု၊ ဖိုလ်လေးခု၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးတပါးပစ္စည်းတရားတို့၏ **သဟဇာတာဓိပတိသတ္တိ** ရ၏။(ဉာဏဝိပ္ပယုတ်ကိုရည်၍ သုံးပါး၊ဉာဏသမ္ပယုတ်ကို ရည်၍လေးပါးဆိုသည်)။ ။ခန္ဓာဝါရကား နှစ်ရာ့တဆယ်။

**ရုပ်သက်သက်**၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ သာဓိပတိကုသိုလ်, အကုသိုလ်, ဝိပါက်,ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သာဓိပတိ **စိတ္တဇ** မဟာဘုတ်ကို စွဲ၍ဖြစ်သော ဘုတ်နှင့်တကွသော **သာဓိပတိစိတ္တဇ** ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ဟိတ်ပါဌ်၏ အရကား** သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ သာဓိပတိ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမက္ခန္ဓာ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိ တရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးတပါး ပစ္စည်းတရားတို့၏ **သဟဇာတာ ဓိပတိသတ္တိ** ရ၏။ ။ခန္ဓာဝါရကား တဆဲ့ငါးဝါရ ဖြစ်သတည်း။

## ကုသလာဗျာကတေန အဗျာကတံ

ကုသလာဗျာကတေန အဗျာကတံ ၌ အဗျာကတော ဓမ္မောဟူသော **ကတ္တားပုဒ်၏ အရကား** ပဋ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ရှစ်ခု၊ ကြွင်းကြွင်း မဟာဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု စေတသိက်အဋ္ဌတိ သာဓိပတိ အပေါင်း နာမက္ခန္ဓာ, အစိတ်အပေါင်း မဟာဘုတ်ကို စွဲ၍ ဖြစ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။**ဟိတ်ပါဌ်၏ အရကား** [ကုသလေန အဗျာကတံနှင့် အတူဆို။ ။ခန္ဓာဝါရကား နှစ်ရာ့ နှစ်ဆဲ့ ငါးဝါရ]။

## အကုသလာဗျာကတေန အဗျာကတံ

အကုသလာဗျာကတေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ပဋ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ရှစ်ခု၊ ဒေါသမူ နှစ်ခု၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗိသ အစိတ်အပေါင်း နာမက္ခန္ဓာ, အစိတ်အပေါင်း မဟာဘုတ်ကို စွဲ၍ ဖြစ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။(**ဟိတ်ပါဌ်၏ အရကား** အကုသလေန အဗျာကတံနှင့် **အတူ**ဆိုလေ။ ဤဆဝါရ၌ သဟဇာတာဓိပတိကိုသာ လိုသည်။ အာရမ္မဏာ **ဓိ**ပတိကို မလိုဟု ဆရာတို့ ဆိုကုန်၏။ ဆိုကြောင်းကို ဆင်ခြင်အပ်၏)။ ။အဓိ ပတိ ပြီး၏။

---

# အနန္တရပစ္စည်း

## ကုသလေန ကုသလံ

အနန္တရ၌ ကုသလေန ကုသလံ၌ ကုသလော ဓမ္မောဟူသော **ကတ္တားပုဒ်၏ အရကား** ကုသိုလ် ကောဋ္ဌာသ။(အာရမ္မဏာအတိုင်း)။ ။အနန္တရပစ္စယာ ဟူသော **ဟိတ်ပါဌ်၏ အရကား** နောက်နောက်သော ကုသိုလ်ကောဋ္ဌာသအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း၊အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ ပစ္စည်းတရားတို့၏ အနန္တရသတ္တိ ရ၏။

**တနည်းကား—**

မဟာကုသိုလ် ပဌမဇောအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း၊ ဒုတိယဇောအား တပ်သော ပဌမဇော။ပ။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော၊ မဟာဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် လေးခု၊ မဂ်သောမနဿ သဟဂုတ် တဆဲ့ခြောက်ခုအား တပ်သော ဂေါတြဘု, ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် ပဌမဇွေး၊ မဟာဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ငါးခု, မဂ်ဥပေက္ခာ

သဟဂုတ် လေးခုအား တပ်သော ဂေါတြဘု, ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် တတိယဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်အား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ် ပစ္စည်းတရားတို့၏ အနန္တရသတ္တိ ရ၏။ ။ခန္ဓာဝါရကား တဆဲ့လေးဝါရ ဖြစ်သတည်း။

## အကုသလေန အကုသလံ

အကုသလေန အကုသလံ ၌ အကုသလော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား**အကုသိုလ်ဒွါဒသ။ (အာရမ္မဏအတိုင်းကောက်)။ ။အနန္တရပစ္စယာဟူသော **ဟိတ်ပါဌ်၏ အရကား** အကုသိုလ်ဒွါဒသ ပဌမဇောအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း၊ ပဌမဇော ကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသအား တပ်သော အဆုံးဇော ကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသ ပစ္စည်းတရားတို့၏ အနန္တရသတ္တိ ရ၏။

**တနည်းကား—**

အကုသိုလ်ဒွါဒသ ပဌမဇောအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း၊ ဒုတိယဇောအား တပ်သော ပဌမဇော။ပ။သတ္တမဇောအား တပ်သော ဆဋ္ဌဇော ပစ္စည်းတရား တို့၏ အနန္တရသတ္တိ ရ၏။ ။[ခန္ဓာဝါရကား တဆဲ့လေးဝါရ]။

## အဗျာကတေန အဗျာကတံ

အဗျာကတေန အဗျာကတံ ၌ **ပဝတ္တိအခါ** အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်**အရ (ကောက်မြဲ)။ ။**ဟိတ်ပါဌ်၏ အရကား** နောက်နောက်သော ဝိပါက်, ကြိယာ နာမက္ခန္ဓာအား တပ်သော အကုသိုလ်ဒွါဒသ, ကုသိုလ်ကေဝီသ အဆုံးဇော။ ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော ဝိပါက်, ကြိယာ နာမက္ခန္ဓာ ပစ္စည်းတရား တို့၏ အနန္တရသတ္တိ ရ၏။

**တနည်းကား—**

**ဟိတ်ပါဌ်၏ အရကား** ပဌမဘဝင် နာမက္ခန္ဓာအား တပ်သော ပဋိသန္ဓေ နာမက္ခန္ဓာ။ ဒုတိယ အစရှိသော နောက်နောက်သော ဘဝင် နာမက္ခန္ဓာအား တပ်သော ပဌမ အစရှိသော ရှေးရှေးသော ဘဝင် **နာမက္ခန္ဓာ**။ အာဝဇ္ဇန်း ဒွေးအား တပ်သော ပဉ္စဝေါကာရ ဘဝင်္ဂုပစ္ဆေဒ တဆဲ့ငါးခု။ မနောဒွါရာဝဇ္ဇန်းအား တပ်သော အရူပ ဘဝင်္ဂုပစ္ဆေဒ လေးခု။ ပဉ္စဝိညာဏ်အား တပ်သော ပဉ္စဒွါရာဝဇ္ဇန်း၊သမ္ပဋိစ္ဆိုင်းအား တပ်သော ပဉ္စဝိညာဏ်၊သန္တီရဏအား တပ်သော သမ္ပဋိစ္ဆိုင်း၊ ဝုဋ္ဌောအား တပ်သော **သန္တီရဏ**။ ပရိတ္တာရုံ ဝီထိ ဖြစ်အံ့၊

ဒုတိယ ဝုဋ္ဌောအား တပ်သော ပဌမဝုဋ္ဌော၊ ပဥ္စဝေါကာရ ဘဝင်တဆဲ့ငါးခုအား တပ်သော ဒုတိယ ဝုဋ္ဌော။ အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝီထိဖြစ်အံ့၊ ဟသိတုပ္ပါဒ်၊ မဟာကြိယာ ပဌမဇောအား တပ်သော ဝုဋ္ဌော, မနော ဒွါရာဝဇ္ဇန်း၊ ဒုတိယဇောအားတပ်သော ပဌမဇော။ပ။ သတ္တမဇောအားတပ်သော ဆဋ္ဌဇော။ လောဘမူ မောဟမူ မဟာကုသိုလ်ဇောနောင် တဒါရုံကျသည် ဖြစ်အံ့၊ တဒါရုံကောဒသ။ မကျသည်ဖြစ်အံ့၊ ဘဝင်ကျေနဝီသအား တပ်သော လောဘမူ၊ မောဟမူ၊မဟာကုသိုလ် အဆုံးဇော။ ဒေါသမူ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ ဥပေက္ခာတဒါရုံ ခြောက်ခု၊မကျသည်ဖြစ်အံ့၊ ကာမဥပေက္ခာ ဘဝင်ခြောက်ခုအား တပ်သော ဒေါသမူအဆုံးဇော။ ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည် ဖြစ်အံ့၊ သောမနဿ တဒါရုံငါးခု။မကျသည်ဖြစ်အံ့၊ပဥ္စဝေါကာရ တိဟိတ်ဘဝင် ကိုးခုအား တပ်သော ဟသိတုပ္ပါဒ် အဆုံးဇော။ မဟာကြိယာ သောမနဿသဟဂုတ် နောင် တဒါရုံကျသည်ဖြစ်အံ့၊ သောမနဿတဒါရုံ ငါးခု။ မကျသည်ဖြစ်အံ့၊ တိဟိတ်ဘဝင် တေရသအား တပ်သော မဟာကြိယာ သောမနဿသဟဂုတ် အဆုံးဇော။ မဟာကြိယာ ဥပေက္ခာသဟဂုတ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ ဥပေက္ခာတဒါရုံခြောက်ခု။ မကျသည်ဖြစ်အံ့၊ တိဟိတ်ဘဝင် တေရသအား တပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ် အဆုံးဇော။ ဒုတိယတဒါရုံအား တပ်သော ပဌမတဒါရုံ။ ကာမဘဝင်တဆယ်အား တပ်သော ဒုတိယတဒါရုံ။ အောက်ဖိုလ် သောမနဿသဟဂုတ် တဆဲ့နှစ်ခုအား တပ်သော အနုလုံကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး။ အောက်ဖိုလ် ဥပေက္ခာသဟဂုတ် သုံးခုအား တပ်သော အနုလုံကိစ္စ တပ်သော မဟာကုသိုလ်တတိယဒွေး။ မဟဂ္ဂုတ် ကြိယာ သောမနဿသဟဂုတ်လေးခု, အရဟတ္တဖိုလ် သောမနဿသဟဂုတ် လေးခုအား တပ်သော ဂေါတြဘု အနုလုံကိစ္စ တပ်သော မဟာကြိယာ ပဌမဒွေး။ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ငါးခု, အရဟတ္တဖိုလ် ဥပေက္ခာ သဟဂုတ်တခုအား တပ်သော ဂေါတြဘု အနုလုံကိစ္စ တပ်သော မဟာကြိယာ တတိယဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာအား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ။ ပဥ္စဝေါကာရ တိဟိတ် ဘဝင်ကိုးခုအား တပ်သော ရူပါဝစရကုသိုလ်,ကြိယာ အဆုံးဇော။ ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု။အာကာသာနဉ္စာယတန ဘဝင်အား တပ်သော အာကာသာ နဉ္စာယတန ကုသိုလ် ကြိယာ အဆုံးဇော။ တိဟိတ်ဘဝင် တေရသ။ နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော နေဝသညာနာသညာယတန ကုသိုလ်,ကြိယာ အဆုံးဇော။ သောတာပတ္တိဖိုလ် အား တပ်သော သောတာပတ္တိမဂ်။ပ။ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ်။ နောက်နောက်သော ဖိုလ်လေးခုအား တပ်သော ရှေးရှေးသော ဇောတူ ဖိုလ်လေးခု။ တိဟိတ်ဘဝင် တေရသအား တပ်သော ဖိုလ်လေးခု

အဆုံးဇော။ မရဏာသန္နအခါ တဒါရုံနောင် စုတိကျသည်ဖြစ်အံ့၊ **ကာမစုတိ** တဆယ်အား တပ်သော ဒုတိယတဒါရုံ။ ဇောနောင် စုတိကျသည်ဖြစ်အံ့၊ **စုတိ** ကေ့နုဝီသအား တပ်သော ပဥ္စမဇော။ ဘဝင်နောင် **စုတိကျသည်ဖြစ်အံ့၊ စုတိ** ကေ့နုဝီသအား တပ်သော ဘဝင်ကေ့နုဝီသ ပစ္စည်းတရားတို့၏ အနန္တရသတ္တိ ရ၏။ (ပတ္တိအခါဖြစ်၍ စုတိတွင် ဆုံးသည်)။ ။[ခန္ဓာဝါရကား တဆဲ့လေးဝါရ]။

**ပဋိသန္ဓေအခါ** အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** (အာရမ္မဏ က အတိုင်း ဝိဘင်း အကောက်တူ၏)။ ။အနန္တရပစ္စယာ ဟူသော **ဟိတ်ပါဌ်၏အရကား** ပဋိသန္ဓေကေ့နုဝီသအား တပ်သော စုတိကေ့နုဝီသ ပစ္စည်းတရားတို့၏ အနန္တရ သတ္တိ ရ၏။

**တနည်းကား—**

ကာမ ပဋိသန္ဓေတဆယ်အား တပ်သော ဒွိဟိတ်, အဟိတ်စုတိ။ ပဋိသန္ဓေ ကေ့နုဝီသအား တပ်သော ကာမတိဟိတ် စုတိလေးခု, သဟိတ် ပဋိသန္ဓေ သတ္တရသအား တပ်သော ရူပါဝစရစုတိငါးခု၊ ကာမတိဟိတ် ပဋိသန္ဓေ လေးခု, အရူပပဋိသန္ဓေ လေးခုအား တပ်သော အာကာသာနဉ္စာယတန**စုတိ**၊ ကာမတိဟိတ် ပဋိသန္ဓေလေးခု, ဝိညာဏဉ္စာ, အာကိဉ္စညာ, နေဝသ**ညာ** နာသညာယတန ပဋိသန္ဓေအား တပ်သော ဝိညာဏဉ္စာယတနစုတိ၊ **ကာမ** တိဟိတ် ပဋိသန္ဓေလေးခု, အာကိဉ္စညာ, နေဝသညာနာသညာယတန ပဋိ**သန္ဓေ** အား တပ်သော အာကိဉ္စညာယတနစုတိ၊ ကာမတိဟိတ် ပဋိသန္ဓေလေး**ခု,** နေဝသညာနာသညာယတန ပဋိသန္ဓေအား တပ်သော နေဝသညာနာသညာ ယတန စုတိပစ္စည်းတရားတို့၏ အနန္တရသတ္တိ ရ၏။ ။[ခန္ဓာဝါရကား နှစ်ဆဲ့ ကိုးဝါရ]။ ။အနန္တရ ပြီး၏။ ။သမနန္တရလည်း တူ၏။

---

## သဟဇာတပစ္စည်း
## ကုသလေန ကုသလံ

သဟဇာတဥ္ဇ ကုသလေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော **ကတ္တား ပုဒ်၏အရကား** (ကောက်မြဲ)။ ။သဟဇာတပစ္စယာ ဟူသော **ဟိတ်ပါဌ်၏ အရကား** အချင်းချင်းအား တပ်သော ကုသိုလ် ကေဝီသ။ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။ ။[ခန္ဓာ ဝါရ တဆဲ့လေးဝါရ။]

## ကုသလေန အဗျာကတံ

ကုသလေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တား ပုဒ်၏ အရကား** (ဟေတု က အတိုင်း ကောက်)။ ။**ဟိတ်ပါဌ်၏အရကား** စိတ္တဇ

ရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ကောဂိသ။ စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အာရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတ သတ္တိ ရ၏။ ။[ခန္ဓာဝါရ နှစ်ရာ့ နှစ်ဆဲ့ ငါးဝါရ]။

## ကုသလေန ကုသလာဗျာကတံ

ကုသလေန ကုသလာဗျာကတံ၌ **ကတ္တားပုဒ်၏အရကား** (ဟေတုက အတိုင်း ကောက်)။ ။**ဟိတ်ပါဌ်၏အရကား** အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ကေဝိသ။ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် လေးပါး ပစ္စည်းတရားတို့၏ သဟဇာတ သတ္တိ ရ၏။ ။[ခန္ဓာဝါရ နှစ်ရာ့တဆယ်]။ ။(ဤ၌ နှစ်ပါးစုံဖြစ်သော ကြောင့် ပဥ္စဝေါကာရ ဆိုသည်)။

## အကုသလေန အကုသလံ

အကုသလေန အကုသလံ၌ **ကတ္တားပုဒ်အရ**(အာရမ္မဏအတိုင်းကောက်)။ ။**ဟိတ်ပါဌ်၏အရကား** အချင်းချင်းအား တပ်သော အကုသိုလ်ဒွါဒသ။ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ **ရ၏**။ ။[ခန္ဓာဝါရ တဆဲ့လေးဝါရ]။ (အကုသလေန အဗျာကတံ ကောက်မြဲ။ **ဟိတ်ပါဌ်** နည်းတူဆို)။

## အကုသလေန အကုသလာဗျာကတံ

အကုသလေန အကုသလာဗျာကတံ၌ **ကတ္တားပုဒ်၏အရကား** ပဥ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ။ စေတသိက် သတ္တဝီသ။ပ။ အကုသိုလ် ဒွါဒသ။ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ဟိတ်ပါဌ်၏အရကား (ကောက်မြဲ)။ [ခန္ဓာဝါရ နှစ်ရာ့တဆယ်]။

## အဗျာကတေန အဗျာကတံ

အဗျာကတေန အဗျာကတံ၌ အဗျာကတသည် ပဝတ္တိ ပဋိသန္ဓေ, ရုပ် သက်သက်အားဖြင့် သုံးပါး။၏။ **ပဝတ္တိအခါ** အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** ဝိပါက်ဆတ္တိံသ, ကြိယာဝီသ။ စေတသိက် အဌတိံသ **အစိတ်**အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ။

စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ **ထိုနာမက္ခန္ဓာ** ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်။ ၏။ ။**ဟိတ်ပါဠ်၏အရကား** အချင်းချင်းအားရင်း။ (**စတု** ဝေါကာရကိုရည်သည်) အချင်းချင်းနာမက္ခန္ဓာ, စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။ ။[ခန္ဓာဝါရ နှစ်ရာ့တဆယ်]။

**ပဋိသန္ဓေအခါ ကတ္တားပုဒ်၏အရကား** ပဋိသန္ဓေ ဧကူနဝီသ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ ဖြစ်သော ပဋိသန္ဓေ ဧကူနဝီသ။ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ် အပေါင်း နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်။၏။ ။**ဟိတ်ပါဠ်၏အရကား** အချင်းချင်းအားရင်း, အချင်းချင်း နာမက္ခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော ပဋိသန္ဓေ ဧကူနဝီသ၊ စေတသိက် ပဉ္စတိံသ။ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။ ။ခန္ဓာဝါရကား နှစ်ရာ့လေးဆယ် ဖြစ်သတည်း။

**ရုပ်သက်သက်၌** အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသနှင့် ယထာရဟအဘူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာဟိရ မဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇ မဟာဘုတ်၊ အသညသတ် ကမ္မဇ မဟာဘုတ်၊ ပဝတ္တိကမ္မဇ မဟာဘုတ်ကို စွဲ၍ဖြစ်သော ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ၊ ပဋိသန္ဓေကမ္မဇဥပါဒါ၊ ဗာဟိရဥပါဒါ၊ အာဟာရဇဥပါဒါ၊ ဥတုဇ ဥပါဒါ၊ အသညသတ်ကမ္မဇဥပါဒါ၊ ပဝတ္တိကမ္မဇဥပါဒါရုပ်ပစ္စယုပ္ပန်။ ၏။ ။

**ဟိတ်ပါဠ်၏အရကား** စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ်, ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ အစိတ်အပေါင်း နာမက္ခန္ဓာ။ အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

ခန္ဓာဝါရကား တရာ့ငါးဝါရ ဖြစ်သတည်း။ တရာ့ငါးဝါရ ဟူသော်ကား စိတ္တဇမဟာဘုတ်၌ တဆဲ့ငါးဝါရ၊ ကမ္မဇ မဟာဘုတ်၌ တဆဲ့ငါးဝါရ၊ ဗာဟိရ

မဟာဘုတ်၌ တဆဲ့ငါးဝါရ၊ အာဟာရဇ မဟာဘုတ်၌ တဆဲ့ငါးဝါရ၊ ဥတုဇ မဟာဘုတ်၌ တဆဲ့ငါးဝါရ၊ အသညသတ်ကမ္မဇ မဟာဘုတ်၌ တဆဲ့ငါးဝါရ၊ ပဝတ္တိကမ္မဇ မဟာဘုတ်၌ တဆဲ့ငါးဝါရ။ ဤသို့အားဖြင့် တရာ့ငါးဝါရ ဖြစ်သတည်း။ ဤသို့လျှင် ပဝတ္တိအခါ နှစ်ရာ့တဆယ်, ပဋိသန္ဓေအခါ နှစ်ရာ့လေးဆယ်, ရုပ်သက်သက်၌ တရာ့ငါးဝါရ အားဖြင့် ခန္ဓာဝါရ ငါးရာ့ ငါးဆဲ့ ငါးဝါရ ဖြစ်သတည်း။

[ဗာဟိရ ဟူသော်ကား တော တောင် မိုဃ်း မြေ အစရှိသော အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇရုပ်တည်း။ ။ထို့ကြောင့် အဋ္ဌကထာ (၄၁၄)၌"ဗာဟိရံ ကေ မဟာဘူတန္တိ အနိန္ဒြိယဗဒ္ဓေသု ပထဝီပါသာဏာဒီသု မဟာဘူတံ သန္ဓာယ ဝုတ္တံ"ဟု မိန့်အပ်ပြီ။ ။အာဟာရဇရုပ် ဟူသော်ကား အဇ္ဈတ္တသန္တာန်၌ဖြစ်သော စတုသမုဋ္ဌာနိကဩဇာကြောင့် ဖြစ်သော အာဟာရဇ အဋ္ဌကလာပ် အစရှိသည်တည်း။ ဥတုဇရုပ် ဟူသော်ကား အဇ္ဈတ္တသန္တာန်၌ ဖြစ်သော စတုသမုဋ္ဌာနိက တေဇော ကြောင့် ဖြစ်သော ဥတုဇအဋ္ဌကလာပ် အစရှိသည်တည်း။ ။ပဝတ္တိကမ္မဇရုပ်ကား ဝိဘင်း အသီးမရှိ။ အသညသတ်ကမ္မဇရုပ်နှင့် အလားတူသောကြောင့် "အသညသတ္တာနံ" စသော ဝိဘင်း၌ သွင်းသည်။ ။ထို့ကြောင့် အဋ္ဌကထာ (၄၁၄) ၌ "အသညသတ္တာနံ ကေ မဟာဘူတံ ပဋိစ္စာတိ ဒွိသန္တတိသမုဋ္ဌာနဘူတဝသေန ဝုတ္တံ"ဟု မိန့်အပ်ပြီ]။

## ကုသလာဗျာကတေန အဗျာကတံ

ကုသလာဗျာကတပဒ၌ (ကတ္တားပုဒ်အရလည်း ဟေတု က အဝိုင်းကောက်)။ ။**ဟိတ်ပါဒ်၏ အရကား** စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ကေဝီသ။ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။ ။(အကုသလာဗျာကတပဒ၌ နည်းတူ)။ ။သဟဇာတ ပြီး၏။

---

## အညမညပစ္စည်း

### အဗျာကတေန အဗျာကတံ

အညမည၌ (ကုသလပဒ၊ အကုသလပဒ အတူ)။ ။အဗျာကတပဒ၌ **(ပဝတ္တိအခါ** နာမက္ခန္ဓာချင်းကောက်)။ ။**ပဋိသန္ဓေအခါ** အဗျာကတော ဓမ္မော ဟူသော **ကတ္တားပုဒ်၏ အရကား** ပဋိသန္ဓေကျေနဝီသ။ စေတသိက် ပဉ္စတိံသ

အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ ဖြစ်သော ပဋိသန္ဓေစိတ် ကေ့နဝီသ။ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား ရ၏။ ။အညမညပစ္စယာ ဟူသော **ဟိတ်ပါဠ်၏ အရကား** အချင်းချင်းအား တပ်သော ပဋိသန္ဓေစိတ် ကေ့နဝီသ။ စေတသိက် ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ အညမညသတ္တိ ရ၏။ ။ခန္ဓာဝါရကား လေးဆဲ့လေးဝါရ ဖြစ်သတည်း။

ရုပ်သက်သက်၌ **ကဋ္ဌားပုဒ်၏ အရကား** ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ဒွေပဉ္စဝိညာဏ်တဆယ်၊ရဟန္တာတို့ စုတိကြည်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇ မဟာဘုတ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာဟိရ မဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇ မဟာဘုတ်၊ အသညသတ် ကမ္မဇ မဟာဘုတ်၊ ပဝတ္တိ ကမ္မဇ မဟာဘုတ် ကိုစွဲ၍ ဖြစ်သော မဟာဘုတ်ရင်း ပစ္စယုပ္ပန်။ ၏။ ။**ဟိတ်ပါဠ်၏ အရကား** အချင်းချင်းအား တပ်သော မဟာဘုတ် လေးပါး။ပ။ ၏။ ။[ခန္ဓာဝါရကား ကိုးဆဲ့ရှစ်]။ ။ပဝတ္တိအခါ တဆဲ့လေးဝါရ၊ ပဋိသန္ဓေအခါ လေးဆဲ့လေးငါရ၊ ရုပ်သက်သက်၌ ကိုးဆဲ့ရှစ်ဝါရ အားဖြင့် ပေါင်း တရာ့ ငါးဆဲ့ ခြောက်ဝါရ ဖြစ်သတည်း။ ။အညမည ပြီး၏။

---

## နိဿယပစ္စည်း

### ကုသလေန ကုသလံ

နိဿယ၌ ကုသလေန ကုသလံ၌ (ကဋ္ဌား ကောက်မြဲ)။ ။နိဿယပစ္စယာ ဟူသော **ဟိတ်ပါဠ်၏ အရကား** (သဟဇာတနိဿယကို သဟဇာတ အတိုင်း ကောက်)။ ။ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ် ကေဝီသအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္န ကုသိုလ်ဇော ငါးချက်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား တို့၏ ပုရေဇာတနိဿယသတ္တိ ရ၏။ ။ ကုသလေန အဗျာကတံ၌ (သဟဇာတ အတိုင်းကောက်။ **ဟိတ်ပါဠ် အတူ**)။

### ကုသလေန ကုသလာဗျာကတံ

ကုသလေန ကုသလာဗျာကတံ၌ (သဟဇာတ အတိုင်းကောက်။ သဟဇာတ နိဿယ **ဟိတ်ပါဠ်** တူ၏)။ ။ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ နောက်

နောက်သော ကုသိုလ် ဇောဝီထိအား တပ်သော ဝုဋ္ဌာ, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္န ကုသိုလ်ဇော ငါးချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိ ရ၏။ ။[ခန္ဓာဝါရ နှစ်ရာ့တဆယ်]။

## အကုသလေန အကုသလံ

**အကုသလေန** အကုသလံ၌ (ကောက်မြဲ။ **ဟိတ်ပါဒ်** သဟဇာတနိဿယ ကောက်မြဲ)။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌာ, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္န အကုသိုလ်ဇော ငါးချက် အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတနိဿယ သတ္တိ ရ၏။ ။(အကုသလေန အဗျာကတံ၌ သဟဇာတ အတိုင်းကောက်။ **ဟိတ်ပါဒ်**အတူ။ ။အကုသလေန အကုသလာဗျာကတံလည်း နောက်နည်းကို မှီ၍ကောက်လေ)။

## အဗျာကတေန အဗျာကတံ

အဗျာကတေန **အဗျာကတံ၌ ပဝတ္တိအခါ** (အဗျာကတော ကတ္တားကား **ကောက်မြဲ**)။ ။**ဟိတ်ပါဒ်၏ အရကား** (သဟဇာတနိဿယကို သဟဇာတ အတိုင်းကောက်)။ ။စက္ခုဝိညာဉ်ဒွေးအား တပ်သော မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ပ။ ကာယဝိညာဉ် ဒွေးအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေးပဉ္စဝိညာဉ် တဆယ် ကြဉ်သော နောက်နောက်သော ဝိပါက်ဗာဝီသ, ကြိယာဝီသအားတပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အားတပ်သော ရှေးစိတ္တက္ခဏာ တချက်ခန့်ကာလ၌ ဖြစ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ ပဉ္စဝေါကာရဘဝင် တဆဲ့ငါးခု၊ အာဝဇ္ဇန်းဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏာသုံးခု၊ ဝုဋ္ဌော၊ မရဏာသန္နကြိယာ ဇောငါးချက်၊ တဒါရုံ, စုတိအားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိ ရ၏။ ။(**ပဋိသန္ဓေ, ရုပ်သက်သက် သဟဇာတအတိုင်း။** ကုသလာဗျာကတေန အဗျာကတံ။ **အကုသလာဗျာက** တေန အဗျာကတံ။ ဤနှစ်ချက်လည်း **သဟဇာတအတိုင်း ကောက်လေ**)။ ။ နိဿယပြီး၏။

## ဥပနိဿယပစ္စည်း

နဈာနဝိဘင်္ဂဝါရ၌ "အဗျာကတံ။ပ။ နဈာနပစ္စယာ။ ပဉ္စဝိညာဏသဟ ဂတံ ဧကံ ခန္ဓံ ပဋိစ္စ။ပ။ ဒွေခန္ဓာ။ ဗာဟိရံ၊ အာဟာရသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာနံ၊ အသညသတ္တာနံ။ပ။ ဥပါဒါရူပံ"။ ။ပဝတ္တိအခါ **ကတ္တားကား** ဒွေပဉ္စဝိညာဉ် တဆယ်၊ သဗ္ဗစိတ္တသာဓာရဏ။စေ။ ခုနစ်ခု။ **အစိတ်အစိတ်**။ပ။ **အစိတ်အစိတ် နာမက္ခန္ဓာ**။၏။ ။ရုပ်သက်သက်၌ **ကတ္တားကား** ဗာဟိရမဟာဘုတ်၊ အာဟာရဇ၊ ဥတုဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇမဟာဘုတ်ကိုစွဲ၍ ဖြစ်သော ဘုတ်နှင့်တကွသော ဗာဟိရဥပါဒါ။ပ။ ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်။၏။ ။ **ဟိတ်ပါဌ်ကား** သဟဇာတ၊ သဟဇာတနိဿယ၊ နာနာက္ခဏိကကမ္မ။ အာဟာရ၊ ရူပဇီဝိတိန္ဒြိယ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ ဤခုနစ်ပစ္စည်းတို့၏ ယထာ ရဟာသတ္တိ ရ၏။ ။နဈာန ပြီး၏။

## နမဂ္ဂ

နမဂ္ဂ ဝိဘင်္ဂဝါရ၌ "အဗျာကတံ။ပ။ နမဂ္ဂပစ္စယာ။ အဟေတုကံ ဝိပါကာ ဗျာကတံ ကြိယာဗျာကတံ ဧကံ။ပ။ ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ အဟေတုက

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ကေ႑ံ။ပ။ ဒွေခန္ဓာ ကဋတ္တာစရူပံ။ ကေ႑ံ မဟာဘူတံ။ပ။ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ။ ဥပါဒါရူပံ။ ဗာဟိရံ၊ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ၊ အသညသတ္တာနံ။ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ'' (ပဝတ္တိအခါ **ကတ္တားကား** နဟေတုကအတွင်းကောက်။ ။ပဋိသန္ဓေ, ရုပ်သက်သက်လည်း အတူတူပင်)။ ။နမဂ္ဂပစ္စယာ ဟူသော **ဟိတ်ပါဌ်၏ အရကား** မဂ္ဂပစ္စည်းမှ တပါးသော အာရမ္မဏ, သဟဇာတ စသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏။ နမဂ္ဂ ပြီး၏။

## နသမ္ပယုတ္တ စသည်

နသမ္ပယုတ္တဝိဘင်း၌ ငါးချက်လုံး နာရမ္မဏအတိုင်းကောက်လေ။ အတူတူပင်။ ။နဝိပ္ပယုတ္တ၌ ကုသလပဒ၊ အကုသလပဒ၊ ဤနှစ်ပုဒ်သည် နပုရေဇာတအတိုင်း ဝိဘင်း, အကောက်တူ၏။ ။''အဗျာကတံ။ပ။ အရူပေ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ကေ႑ံ ခန္ဓံ။ပ။ ဒွေခန္ဓာ။ ဗာဟိရံ။ အာဟာရသမုဋ္ဌာနံ။ ဥတုသမုဋ္ဌာနံ။ အသညသတ္တာနံ။ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ''။ ။ပဝတ္တိအခါ **ကတ္တားကား** အရူပဝိပါက်လေးခု၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ။ အရူပဘုံ၌ ဖြစ်သောအခါ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာရှစ်ခု၊ အရူပကြိယာလေးခု၊ ဖိုလ်လေးခု။စေ။ ဆတ္တိံသ အစိတ်အစိတ်။ပ။အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ဟိတ်ပါဌ်၏အရကား** ဝိပ္ပယုတ္တပစ္စည်းမှ တပါးဟေတု, အာရမ္မဏ, အဓိပတိ စသော ပစ္စည်းတရားတို့၏ ယထာရဟသတ္တိ ရ၏။ ။(ရုပ်သက်သက်၌ ဗာဟိရရုပ် စသည်ကို ကောက်မြဲ)။ ။နဝိပ္ပယုတ္တ ပြီး၏။ ။(နောနတ္ထိ, နောဝိဂတလည်း နာရမ္မဏနှင့် တူပြီ)။

ဝိဘင်္ဂဝါရ ပြီး၏။

---

## ပဋိစ္စဝါရ

## ပစ္စနိက သုဒ္ဓသင်္ချာဝါရ

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ချာဝါရကို ဟောတော်မူ၏။ ထိုသင်္ချာဝါရ၌ တုံသော်လည်း သုဒ္ဓသင်္ချာဝါရ, ဒုကာဒိသင်္ချာဝါရ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထို...တွင် သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသုဒ္ဓသင်္ချာဝါရ၌ တုံသော်လည်း နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ, နာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ အစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ထို...တွင် နဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုနဟေတု

ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ သညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နယသို့လိုက်၍ငင်း၊ ဝါရသို့လိုက်၍ငင်း၊ တိက်ပုဒ်၏အရသို့လိုက်၍ငင်း၊ကံ,ကတ္တား နေဟန်သို့ လိုက်၍ငင်း "**န ဟေတုယာ ဒွေ**"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။နဟေတုယာ၊ ဟေတုပစ္စည်းကိုကြဉ်၍ တပါးသောပစ္စည်း၌။ ဒွေ၊ နှစ်ပါးကုန်သော။ ဝိဿဇ္ဇနာနိ၊ အဖြေတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ။ဒွေဟူသော်ကား "အကုသလေန အကုသလံ, အဗျာကတေန အဗျာကတံ"ဟူသည်တည်း။ ။အကုသလေန အကုသလံ၌ **ကတ္တားကား** ဝိစိကိစ္ဆာသဟဂုတ်၊ ဥဒ္ဓစ္စသဟဂုတ်။ စေ။ စုဒ္ဒသ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟ ပစ္စယုပ္ပန်တရား ရ၏။ ထို့ကြောင့် ထိုတရားတို့၏ ပိဓိဝိဘင်းကို "အကုသလံ။ပ။ နဟေတုပစ္စယာ။ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော"ဟု ဟောအပ်၏။ ။(ဤကဲ့သို့ချည်း ဝိဘင်း ထုတ်၍ ဟောလေ။ ။အဗျာကတေန အဗျာကတံ၌ ကောက်မြဲ။ ။ဝိဘင်း ထုတ်၍ဟောမြဲ)။ ။

နာရမ္မဏ သုဒ္ဓသင်္ချာဝါရ၌ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "**နာရမ္မဏေ ပဉ္စ**"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။ပဉ္စဟူသော်ကား "ကုသလေန အဗျာကတံ, အကုသလေန အဗျာကတံ, အဗျာကတေန အဗျာကတံ, ကုသလာဗျာကတေန အဗျာကတံ, အကုသလာဗျာကတေန အဗျာကတံ"ဟူသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်း ဟောမြဲ ဟောလေ)။

နာဓိပတိ သုဒ္ဓသင်္ချာဝါရ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်။ မရသောအခါ အကုသိုလ်ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ လောကီဝိပါက် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ နိရာဓိပတိစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "**နာဓိပတိ**

**ယာ နဝ**”ဟု သချ်ာတပ်၍ ဟောအပ်ကုန်၏။ ။နဝ ဟူသော်ကား“ကုသလေန ကုသလံ,။ပ။ ကုသလာဗျာကတေန အဗျာကတံ, အကုသလာဗျာကတေန အဗျာကတံ”ဟူသည်တည်း။ ။(ဝိဘင်္ဂဝါရအတိုင်းကောက်။ ဝိဘင်းရွတ်။ ။ နာနန္တရသုဒ္ဓ၊ န သမနန္တရ သုဒ္ဓကို နာရမ္မဏ သုဒ္ဓအတိုင်းဆိုလေ)။ ။

နအညမညသုဒ္ဓ၌ နာမက္ခန္ဓာမှထောက်သော စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော စိတ္တဇဥပါဒါ၊ ပဋိသန္ဓေကမ္မဇ ဥပါဒါ၊ ဗာဟိရဥပါဒါ၊ အာဟာရဇဥပါဒါ၊ ဥတုဇဥပါဒါ၊ အသညသတ် ကမ္မဇ ဥပါဒါ၊ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ဤတရားတို့သည်။ပ။ **“နအညမညေ ပဉ္စ”**။ ၏။ ပဉ္စဟူသော်ကား “ကုသလေန အဗျာကတံ။ပ။ အကုသလာဗျာကတေန အဗျာ ကတံ” ဟူသည်တည်း။ ။(ဝိဘင်္ဂဝါရအတိုင်းကောက်။ ။ဝိဘင်းကိုလည်း ရွတ်လေ။ ။**နဥပနိဿယသုဒ္ဓ**လည်း နာရမ္မဏနှင့် တူ၏)။ ။

နပုရေဇာတ သုဒ္ဓ၌ အရူပဝိပါက်လေးခု။ အရူပဘုံ၌ ဖြစ်သောအခါ လောဘ မူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ၊ ပဋိဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နပုရေ ဇာတ။၏။ ထို့ကြောင့် **“နပုရေဇာတေ သတ္တ”**။၏။ ။(ကောက်မြဲ။ဝိဘင်း ရွတ်မြဲရွတ်)။ ။

နပစ္ဆာဇာတသုဒ္ဓ၌ အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နပစ္ဆာဇာတ။ပ။၏။ **“နပစ္ဆာဇာ တေ နဝ”**ဟု သချ်ာတပ်၍ ဟောအပ်ကုန်၏။ ။နဝ ဟူသော်ကား “ကုသလေန ကုသလံ,။ပ။ အကုသလာဗျာကတေန အဗျာကတံ” ဟူသည်တည်း။ ။ (ကောက်မြဲ။ ဝိဘင်းရွတ်မြဲ)။ ။

[ဤပစ္စနိက်၌ န ဟေတု စသည်၌ န,သည် အညအနက်ကိုဟော၏။ ထို့ကြောင့် နပစ္ဆာဇာတ၌ ပစ္ဆာဇာတပစ္စည်းမှတပါး နှစ်ဆဲ့သုံးပစ္စည်း ကို ယူရမည်]။ ။

နာသေဝနသုဒ္ဓ၌ အကုသိုလ်ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာ ကြိယာ ပဋ္ဌမဇော၊ အာဝဇ္ဇန်းဒွေး၊ ဝိပါက်ဆတ္တိံသ ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ

လေးပါး၊စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်၊ဗာဟိရရုပ်၊အာဟာရဇရုပ်၊ဥတုဇရုပ်၊အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်။ပ။ **"နာသေဝနေ နဝ"**။ ၏။ ။နဝဟူသော်ကား "ကုသလေန ကုသလံ"။ပ။ အကုသလာဗျာကတေန အဗျာကတံ" ဟူသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်း ရွတ်မြဲရွတ်လေ)။

နကမ္မသုဒ္ဓ၌ ကုသိုလ်, အကုသိုလ်, ကြိယာ စေတနာ။ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်။ပ။ **"နကမ္မေ တီဏိ"**။၏။ ။(ကောက်မြဲ။ ဝိဘင်းရွတ်မြဲ)။ ။နဝိပါက သုဒ္ဓသင်္ချာဝါရ၌ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ နာမက္ခန္ဓာ။ ကုသိုလ်,အကုသိုလ်,ကြိယာပြုအပ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊အသညသတ်ကမ္မဇရုပ်၊ပဝတ္တိကမ္မဇရုပ်။ပ။ **"နဝိပါကေ နဝ"**ဟု။၏။ ။ နဝဟူသော်ကား "ကုသလေန ကုသလံ" အစရှိသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်းဟောမြဲ)။ ။နအာဟာရသုဒ္ဓ၌ ဗာဟိရရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ပ။ **"နအာဟာရေ ဧကံ"**။၏။ ။ဧကံဟူသော်ကား "အဗျာကတေန အဗျာကတံ" ဟူသည်တည်း။ ။(ကောက်မြဲ။ဝိဘင်းရွတ်မြဲ)။ ။နဣန္ဒြိယသုဒ္ဓ၌ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ် ဇီဝိတိန္ဒြေ၊ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ပ။ **"နဣန္ဒြိယေ ဧကံ"**။၏။ ။ဧကံ ဟူသော်ကား "အဗျာကတေန အဗျာကတံ"ဟူသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်းဟောမြဲ)။

နဈာနသုဒ္ဓ၌ ဒွေပဉ္စဝိညာဉ်တဆယ် နာမက္ခန္ဓာ။ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ပဝတ္တိကမ္မဇရုပ်။ပ။ **"နဈာနေ ဧကံ"**။၏။ (ကောက်မြဲ။ ဝိဘင်းဟောမြဲ)။ ။နမဂ္ဂသုဒ္ဓသင်္ချာဝါရ၌ အဟိတ် ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ပ။ **"နမဂ္ဂေ ဧကံ"**။၏။ ။(ကောက်မြဲ။ ဝိဘင်းဟောမြဲ။ ။နသမ္ပယုတ္တသုဒ္ဓသည် နာရမ္မဏသုဒ္ဓနှင့်တူ၏)။ ။နဝိပ္ပယုတ္တသုဒ္ဓ၌အရူပဝိပါက်လေးခု ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု၊ နာမက္ခန္ဓာ၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ပ။ **"နဝိပ္ပယုတ္တေ တီဏိ"**။၏။ ။(နောနတ္ထိ၊ နောဝိဂတ၊ ဤနှစ်ပါးသည် နာရမ္မဏနှင့်တူ၏)။ ။**သုဒ္ဓသင်္ချာဝါရ ပြီး၏**။

## ပဋိစ္စဝါရ

### ပစ္စနိက ဒုကသင်္ချာဝါရ

သုဒ္ဓသင်္ချာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိသင်္ချာဝါရကို ဟောတော်မူ၏။ ထိုဒုကာဒိသင်္ချာဝါရ၌ တံသော်လည်း နဟေတုဒုကာဒိ အစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ထိုတွင် နဟေတုဒုကာဒိကို ရှေးဦးစွာဟောတော်မူ၏။ ထိုနဟေတုဒုကာဒိ၌ တံသော်လည်း ဒုက တိက အစရှိသောအားဖြင့် တဆဲ့ကိုးပါး အပြားရှိ၏။ ထို....တွင် ဒုကကိုရှေးဦးစွာ ဟောတော်မူ၏။ ထိုဒုက၌ တံသော်လည်း နဟေတုမူ နာရမ္မဏဒုကအစရှိသောအားဖြင့်တဆဲ့ကိုးပါးအပြားရှိ၏။ ထို....တွင် နဟေတုမူ နာရမ္မဏ ဒုကကို ရှေးဦးစွာဟောတော်မူ၏။

### နဟေတု နအာရမ္မဏ

ထိုနဟေတုမူ နာရမ္မဏဒုက၌ သဟိတ်စိတ္တဇရုပ်။ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွင်း၌ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာရမ္မဏေ ပဥ္စ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မမဖြစ်သောကြောင့် နာရမ္မဏပစ္စည်းတွင်း၌ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ အာရမ္မဏေ ဒွေ"ဟု သင်္ချာတပ်၍ဟောတော်မူအပ်ကုန်၏။ ။မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် နဟေတုပစ္စည်း, နာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ "ဟေတုပစ္စယာ အာရမ္မဏေ တီဏိ"။၏။ ။အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နဟေတု, နာရမ္မဏပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရား မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ "နဟေတုပစ္စယာ နာရမ္မဏေ ဧကံ"။၏။

[အနုလုံကတွန်းသည် အတိုင်း အထူးမတွန်းရပြီ။ ။အနုလုံမှာ ပစ္စနိယာနုလောမကို စ၍တွန်းသည်။ပစ္စနိက်မှာ အနုလောမ ပစ္စနိက်ကို စ၍တွန်းသည်။ အနုလောမပစ္စနိက်မှာ ပစ္စနိက်ကို စ၍တွန်းသည်။ ပစ္စနိယာနုလောမမှာ အနုလုံကိုစ၍တွန်းသည်။ ဤသည်လျှင် အထူးတည်း]။

## နဟေတု နာဓိပတိ

နဟေတုမူ နာဓိပတိ ဒုက၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်။ မရသောအခါ မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ။ မဟာကုသိုလ်။ မဟာကြိယာ။ သဟိတ် လောကီဝိပါက် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ နိရာဓိပတိ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရားတို့သည် နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ နာဓိပတိယာ နဝ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ။ ထို့ကြောင့် ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ အဓိပတိယာ" အစချည်ဖြင့် မဟောရသတည်း။ ။အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇောငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ သာဓိပတိစိတ္တဇရုပ်။ ဤတရားတို့သည် နဟေတု, နာဓိပတိပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အဓိပတိယာ နဝ"။၏။ ။မောဟမူ ဒွေး၌ မောဟ။ အဟိတ်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နဟေတု နာဓိပတိပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္န။၏။ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌"နဟေတုပစ္စယာ နာဓိပတိယာ ဒွေ"ဟု။၏။ ။(နာနန္တရ, နသမနန္တရ ဒုကသည် နာရမ္မဏဒုကနှင့် တူ၏)။

## နဟေတု နအညမည

နအညမညဒုက၌ နာမက္ခန္ဓာမှ ထောက်သော သဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး သဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော သဟိတ်စိတ္တဇဥပါဒါ၊ သဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ်။ ဤတရားတို့သည် နအညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ နအညမညေ ပဉ္စ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။မောဟမူဒွေး၌ မောဟ၊ အဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်သော အဟိတ်စိတ္တဇ မဟာဘုတ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ်ကမ္မဇမဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်။ ဤတရားတို့သည် နဟေတု

ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နအညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော ကြောင့် နအညမညပစ္စည်းတွန်း၍ စင်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာ နုလောမ၌ "နဟေတုပစ္စယာ အညမညေ ဒွေ"ဟု သချာတပ်၍ ဟောအပ်ကုန် ၏။ ။မောဟမူ ဒွေး၌ မောဟကြဉ်ယော အလုံးစုံသော သဟိတ်ပဝတ္တိ, ပဋိ သန္ဓေ နာမက္ခန္ဓာလေးပါး၊ သဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော ဟဒယ ဝတ္ထု၊ အချင်းချင်းမှထောက်သော သဟိတ်စိတ္တဇမဟာဘုတ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ်။ ဤတရားတို့သည် နဟေတု, နအညမည ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အညမညေ တီဏိ"။၏။ ။နာမက္ခန္ဓာမှထောက်သော အဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှ ထောက်သော အဟိတ်စိတ္တဇဉပါဒါ၊ အဟိတ်ပဋိသန္ဓေ ကမ္မဇဉပါဒါ၊ ဗာဟိရဉပါဒါ အာဟာရဇဉပါဒါ၊ ဥတုဇဉပါဒါ၊ အသညသတ်ကမ္မဇဉပါဒါ၊ ပဝတ္တိကမ္မဇဉပါဒါရုပ်။ ဤတရားတို့သည် နဟေတု, နအညမညပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "နဟေတုပစ္စယာ နအညမညေ ဧကံ"။၏။ ။ (နဉပနိဿယဒုကသည် နာရမ္မဏဒုကနှင့် တူ၏)။

## နဟေတု နပုရေဇာတ

**နပုရေဇာတဒုက**၌ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ မောဟမူ ဒွေး၌ မောဟကြဉ်သော လောဘမူ၊ မောဟမူ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ, သဟိတ် ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရားတို့သည် နပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ နပုရေဇာတေ သတ္တ"ဟု။၏။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိ နာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နပုရေဇာတပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိယာနုလောမ၌ "နဟေ တုပစ္စယာ ပုရေဇာတေ ဒွေ"ဟု။ ၏။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ,အရူပဝိပါက်လေးခု ကြဉ်သော သဟိတ်ပဝတ္တိ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် နဟေတု, နပုရေဇာတပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ ပုရေဇာတေ တီဏိ"။၏။ ။ အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ။ မနောဒွါရာဝဇ္ဇန်း အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။အဟိတ်စိတ္တဇရုပ်။ အဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ပ။

ပဝတ္တိကမ္မဇရုပ်။ ဤ တရားတို့သည် နဟေတု, နပုရေဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ဤ ပစ္စနိက်၌ "နဟေတု ပစ္စယာ နပုရေဇာတေ ဒွေ"။၏။ ။

## နဟေတု နပစ္ဆာဇာတ

**နပစ္ဆာဇာတဒုက**၌ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် နပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နပစ္ဆာဇာတေ နဝ"။၏။ ။ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ နပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရားကားမရှိ။ ထို့ကြောင့် ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ ပစ္ဆာဇာတေ" အစရှိသည်ဖြင့် မဟောရသတည်း။ ။နဟေတု, နပစ္ဆာဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရားကား မရှိ။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ ပစ္ဆာဇာတေ" အစရှိသည်ဖြင့် မဟောရသတည်း။ ။မောဟမူဒွေး၌ မောဟ၊ အဟိတ်ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နဟေတု,နပစ္ဆာဇာတပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားမည်ကုန်၏။ ထို့ကြောင့် ဤပစ္စနိက်၌ "နဟေတု ပစ္စယာ နပစ္ဆာဇာတေ ဒွေ"....ဟု သင်္ချာ။၏။ ။

## နဟေတု နာသေဝန

**နာသေဝနဒုက**၌ မောဟမူဒွေး၌ မောဟ ကြဉ်သော အကုသိုလ်ဒွါဒသ၊ မဟာကုသိုလ်၊ မဟာကြိယာပဌမဇော။ သဟိတ်ဝိပါက်ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊နဟေတုတွန်း။ ။အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာသေဝနေ နဝ"။ ၏။ မောဟမူ ဒုတိယာဒိဇော၌ ရှိသော မောဟ၊ ဟသိတုပ္ပါဒ် ဒုတိယာဒိဇော။ နာသေဝနတွန်း။ ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ အာသေဝနေ ဒွေ။ ၏။ ။မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ,မဟာကုသိုလ်,မဟာကြိယာ ဒုတိယာဒိဇော။ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ။ နှစ်ပါးလွတ်။ အနုလုံ၌ "တီဏိ"။၏။ ။မောဟမူ ပဌမဇော၌ရှိသောမောဟ၊ ဟသိတုပ္ပါဒ် ပဌမဇော။ ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ် စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဗာဟိရရုပ်။ အာဟာရဇရုပ်။ ဥတုဇ

ရုပ်။ အသညသတ်ကမ္မဇရုပ်။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်။ပ။ဤပစ္စနိက်၌ "နဟေတုပစ္စယာ နာသေဝနေ ဒွေ"။ ၏။ ။

## နဟေတု နကမ္မ

နဟေတုမူ နကမ္မ၌ ကုသိုလ်,အကုသိုလ်,သဟိတ်ကြိယာ စေတနာ။ နဟေတုတွန်း။ အနုလောမပစ္စနိက်၌။ "တိဏိ"။၏။ ။မောဟမူဒွေး၌ မောဟ။ ကြိယာစေတနာ ကြဉ်သော အဟိတ် ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နကမ္မတွန်း။ ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ ကမ္မေ ဒွေ"။၏။ ။ မောဟမူဒွေး၌မောဟ။ ကုသိုလ်,အကုသိုလ်,ကြိယာစေတနာ ကြဉ်သောသဟိတ် ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ အလွတ်။အနုလုံ၌။နဝ။၏။ ။အဟိတ်ကြိယာစေတနာ။ ဗာဟိရရုပ်။အာဟာရဇရုပ်။ ဥတုဇရုပ်။ ဤတရားတို့သည်။ပ။ ပစ္စနိက်၌။ ကော်။ဟုသင်္ချာတပ်၍ ဟောအပ်ကုန်၏။

[ဤပစ္စနိက်၌ ပစ္စည်းတွန်းသည် အနုလုံကတွန်းသည်နှင့်အတူပင်။ ။အနုလောမပစ္စနိက်ကိုစ၍တွန်း။မရလျှင်မရသည်အလျောက်ဆို။ နှစ်ကြိမ်မြောက် ပစ္စနိယာနုလောမကိုတွန်း။ ။သုံးကြိမ်မြောက် အနုလုံကို အလွတ်ဆို။ ။လေးကြိမ်မြောက် ပစ္စနိက်။ ဤသည်လျှင်အနုလုံနှင့်အထူးတည်း။ ။ဤနည်းကိုမှီ၍ နောက်နောက်သော ဒုက အစရှိသည်တို့ကို တွန်းလေ]။ ။

## နဟေတု နဝိပါက စသည်

"နဟေတုပစ္စယာ နဝိပါကေ ဒွေ"။ ။မောဟမူဒွေး၌ မောဟ၊အဟိတ်ကြိယာ နာမက္ခန္ဓာ။ အဟိတ်ကြိယာ ပြုအပ်သော စိတ္တဇရုပ်။ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နဟေတု နဝိပါက ပစ္စယုပ္ပန်ဖြစ်ကုန်၏။ "နဟေတုပစ္စယာ နဝိပါကေ ဒွေ"။၏။
"နဟေတုပစ္စယာ နအာဟာရေ ကော်"။၏။။ဗာဟိရရုပ်၊ဥတုဇရုပ်၊အသညသတ်ကမ္မဇရုပ်၊ပဝတ္တိကမ္မဇရုပ်။ကော်။၏။ ။"နဟေတုပစ္စယာ နဣန္ဒြိယေ ကော်"။၏။ ။ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ကော်။၏။ ။"နဟေတုပစ္စယာ နဈာနေ ကော်"။ဒွေပဉ္စဝိညာဉ်တဆယ် နာမက္ခန္ဓာ၊ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ပဝတ္တိကမ္မဇရုပ်။ကော်။၏။ ။"နဟေတုပစ္စယာ နမဂ္ဂေ ကော်"။အဟိတ်ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အဟိတ်စိတ္တဇရုပ်။ပ။ အသညသတ်ကမ္မဇရုပ်။

ပဝတ္တကမ္မဇရုပ်။ ကော်။၏။ ။"နဟေတုပစ္စယာ နသမ္ပယုတ္တေ ဧကံ"။ (နာရမ္မဏ အတိုင်း)။ ။"နဟေတုပစ္စယာ နဝိပ္ပယုတ္တေ ဒွေ"။ ။အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ။ မနောဒွါရာဝဇ္ဇန်း။ ဗာဟိရရုပ်။ အာဟာရဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ "ဒွေ"။၏။ "နောနတ္ထိယာ ကော်, နောဝိဂတေ ကော်"။(နာရမ္မဏ အတိုင်းကောက်)။

---

## ပစ္စနီက
## တိကာဒိသင်္ချာဝါရ

နဟေတုပစ္စယာ, နာရမ္မဏပစ္စယာ နာဓိပတိယာ ကော်၊ (ဒုကအတိုင်း။ နောဝိဂတေ တိုင်အောင် ဒုကအတိုင်းပင်)။ ။နဟေတုပစ္စယာ။ နာရမ္မဏ,နာဓိပတိ နာနန္တရ, နသမနန္တရ, နအညမညပစ္စယာ နဥပနိဿယေ ကော်။ ။နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး အဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော အဟိတ်စိတ္တဇဥပါဒါ။ အဟိတ်ပဋိသန္ဓေကမ္မဇ ဥပါဒါ။ ဗာဟိရဥပါဒါ။ အာဟာရဇဥပါဒါ။ အသညသတ်ကမ္မဇဥပါဒါ။ ပဝတ္တကမ္မဇဥပါဒါရုပ်။ ကော်။၏။ ။(နပုရေဇာတ။ နပစ္ဆာဇာတ။ နာသေဝနတိုင်အောင် တူ၏။)

နအညမည တိုင်အောင်တည်၍ နကမ္မထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ။ အာဟာရဇဥပါဒါ။ ဥတုဇဥပါဒါ။ ကော်။၏။ ။နဝိပါကထည့်ရာ၌ နာမက္ခန္ဓာမှထောက်သော အဟိတ်ကြိယာ ပြုအပ်သော စိတ္တဇရုပ်။မဟာဘုတ်မှ ထောက်သော အဟိတ်ကြိယာပြုအပ်သော စိတ္တဇဥပါဒါ။ဗာဟိရဥပါဒါ။ အာဟာရဇဥပါဒါ။ ဥတုဇဥပါဒါ။ အသညသတ်ကမ္မဇဥပါဒါ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ကော်။၏။ ။နအာဟာရထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ။ ဥတုဇဥပါဒါ။ အသညသတ် ကမ္မဇဥပါဒါ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ကော်။၏။ ။နဣန္ဒြိယထည့်ရာ၌ မဟာဘုတ်မှ ထောက်သော ဗာဟိရဥပါဒါ။ အာဟာရဇ ဥပါဒါ။ ဥတုဇဥပါဒါ။ အသညသတ်ကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ပဝတ္တိကမ္မဇ ရုပ်ဇီဝိတိန္ဒြေ။ ကော်။၏။ ။နဈာနထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရ ဥပါဒါ။ အာဟာရဇဥပါဒါ။ ဥတုဇဥပါဒါ။ အသညသတ်ကမ္မဇဥပါဒါ။ ပဝတ္တိကမ္မဇဥပါဒါရုပ်။ကော်။၏။ ။နမဂ္ဂ, နသမ္ပယုတ္တထည့်ရာ၌ နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှ တပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော အဟိတ်စိတ္တဇဥပါဒါ။ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါ။ ဗာဟိရ။ အာဟာရဇ။ဥတုဇ။ အသညသတ်ကမ္မဇဥပါဒါ။ ပဝတ္တိကမ္မဇ ဥပါဒါရုပ်။ကော်။ ၏။ နဝိပ္ပယုတ္တထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရ

ဥပါဒါ။ အာဟာရဇ။ ဥတုဇ။ အသညသတ်ကမ္မဇ။ပဝတ္တိကမ္မဇ ဥပါဒါရုပ်။ ကော်။၏။ ။နောနတ္ထိ နောဝိဂတ ထည့်ရာ၌ နသမ္ပယုတ္တ ထည့်သည်နှင့် တူ၏။ နကမ္မတိုင်အောင်တည်၍, နအာဟာရထည့်ရာ၌, မဟာဘုတ်မှ, ထောက်သော ဗာဟိရဥပါဒါ။ ဥတုဇဥပါဒါရုပ်။ ကော်။ ၏။ ။နဣန္ဒြိယထည့်ရာ၌ မဟာဘုတ်မှ ထောက်သော ဗာဟိရဥပါဒါ။ အာဟာရဇဥပါဒါ။ ဥတုဇဥပါဒါ။ ကော်။၏။ ။ နဈာန, နမဂ္ဂ, နသမ္ပယုတ္တ, နဝိပ္ပယုတ္တထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရ ဥပါဒါ။ အာဟာရဇဥပါဒါ။ ဥတုဇဥပါဒါရုပ်။ ကော်။ ၏။ ။နောနတ္ထိ, နောဝိဂတထည့်ရာ၌ အတူ။ ။နအာဟာရ တိုင်အောင်တည်၍ နဣန္ဒြိယ ထည့်ရာ၌ မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ။ ဥတုဇဥပါဒါရုပ်။ ကော်။ ၏။ ။နောဝိဂတတိုင်အောင် ထည့်ရာ၌လည်း ဤ အတူ။ ။နဟေတုကစ၍ နောနတ္ထိတိုင်အောင်တည်၍ နောဝိဂတ ထည့်ရာ၌လည်း မဟာဘုတ်မှ ထောက်သော ဗာဟိရဥပါဒါ။ ဥတုဇဥပါဒါ။ ဤတရားကိုပင် ရသည်။ ကော်။

## နအာရမ္မဏမူ

"နအာရမ္မဏပစ္စယာ နဟေတုယာ ဒွေ"။ န ဟေတုမူအတိုင်း။ နာဓိပတိယာ ပဉ္စ။ နိရာဓိပတိ စိတ္တဇရုပ်။ ပဋိသန္ဓေကမ္မဇရုပ်။ ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇ ရုပ်။ ပဉ္စ။၏။ ။နာနန္တရ, နသမနန္တရ၌ နာရမ္မဏသုဒ္ဓအတိုင်း။ နအညမညေ ပဉ္စ။ နအညမညသုဒ္ဓအတိုင်း။ နဥပနိဿယ, နပုရေဇာတ, နပစ္ဆာဇာတ, နာသေဝန။ နာရမ္မဏသုဒ္ဓအတိုင်း။ နကမ္မေ ကော်။ နကမ္မသုဒ္ဓအတိုင်း။ နဝိပါကေ ပဉ္စ။ ကုသိုလ်, အကုသိုလ်, ကြိယာပြုအပ်သော စိတ္တဇရုပ်။ ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ နအာဟာရေ ကော်။ သုဒ္ဓအတိုင်း။ နဈာနေ ကော်။ ဗာဟိရ ရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ။နမဂ္ဂေ ကော်။ အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ။နသမ္ပယုတ္တ၌ သုဒ္ဓအတိုင်း။ နဝိပ္ပယုတ္တ၌ ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ နောနတ္ထိ နောဝိဂတ။ သုဒ္ဓအတိုင်း။ တိက အစရှိသည်တို့၌ နဟေတုတိက အစရှိသည်နှင့် မထူးပြီ။ ။နာဓိပတိဒုကာဒိ, နာနန္တရဒုကာဒိ အစရှိသည်တို့၌လည်း အနုလုံပစ္စည်းတွန်းကို နှလုံးသွင်း၍ ဟောလေ။

ပစ္စည်းပစ္စနိက် ပြီး၏။

---

## ပဋိစ္စဝါရ

### အနုလောမပစ္စနိက ဒုကသင်္ချာဝါရ

ပစ္စည်းပစ္စနိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်းအနုလောမ ပစ္စနိက်ကို ဟောတော်မူ၏။ ထိုအနုလောမပစ္စနိက်၌ တုံသော်လည်း

ဟေတုဒုကာဒိ အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏။ (ပဉ္စဝာရတကို မရသောကြောင့် နှစ်ဆဲ့သုံးပါး)။ ။ထို....တွင် ဟေတုဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ လည်း ဒုက, တိက အစရှိသော အားဖြင့် နှစ်ဆဲ့နှစ်ပါး။ ထို....တွင် ဒုကကို။ ၏။ ထို....၌တုံသော်လည်း ဟေတုမူ နာရမ္မဏဒုက အစ ရှိသော အားဖြင့် တဆဲ့ငါးပါး။ ထို....တွင် ဟေတုမူ နာရမ္မဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏။

## ဟေတု နအာရမ္မဏ

**ဟောဟန်ကား** "ဟေတုပစ္စယာ နာရမ္မဏေ ပဋ္ဌ" ဟူသည်တည်း။ ထို ဟေတုမူ နာရမ္မဏဒုက၌ အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဗာဟိရ ရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မသာ ဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထိုကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နာရမ္မဏေ ကေ"။၏။ ။မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္န ဓမ္မသာ ဖြစ်၍ နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နာရမ္မဏ ပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အာရမ္မဏေ တိဏိ"။ ၏။ ။မောဟမူဒွေး၌ မောဟ။ အဟိတ်ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် ဟေတု, နာရမ္မဏပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ အာရမ္မဏေ ဒွေ"။ ၏။ သဟိတ်စိတ္တဇရုပ်။ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရားတို့သည် ဟေတု, နာရမ္မဏပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏။ ထိုကြောင့် ဤ အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာရမ္မဏေ ပဋ္ဌ"။ ဟု။ ၏။ ။(ဤအနု လောမပစ္စနိက်၌ ပစ္စနိက်ကို စ၍ တွန်း။ ပစ္စနီယာနုလောမ အလွတ်)။

## ဟေတု နာဓိပတိ

"ဟေတုပစ္စယာ နာဓိပတိယာ နဝ" ဟူသည်တည်း။ ထိုနာဓိပတိဒုက၌ မောဟမူဒွေး၌ မောဟ။ အဟိတ်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အဟိတ် စိတ္တဇရုပ်။အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္န။ပ။ ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နာဓိပတိယာ ဒွေ"။ ၏။ အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ သာဓိပတိ စိတ္တဇရုပ်။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ နာဓိပတိပစ္စည်း၏

ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နာဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အဓိပတိယာ နဝ"....၏။ ဟေတု, နာဓိပတိပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ အဓိပတိယာ" အစရှိသည်ဖြင့် မဟောရသတည်း။ ။ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်။ မရသောအခါ မောဟမူ ဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွိဒသ။ မဟာကုသိုလ်။ မဟာကြိယာ။ သဟိတ်လောကီဝိပါက် ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ နိရာဓိပတိ သဟိတ် စိတ္တဇရုပ်။ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည်။ ဟေတု, နာဓိပတိ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာဓိပတိယာ နဝ"။ ၏။ ။(နာနန္တရေ ပဥ္စ။ နသမနန္တရေ ပဥ္စ။ နာရမ္မဏအတိုင်း)။

## ဟေတု နအညမည

"ဟေတုပစ္စယာ နအညမညေ ပဉ္စ"။ ။န အညမည ဒုက၌ နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော အဟိတ်စိတ္တဇဥပါဒါ။ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ။ ဗာဟိရဥပါဒါ။ပ။ ပဝတ္တိကမ္မဇဥပါဒါရုပ် ဤတရားတို့သည် န အညမည ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ဟေတု ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ န အညမညေ ဧက"....၏။ ။မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော ဟဒယဝတ္ထု။ အချင်းချင်းမှ ထောက်သော သဟိတ်စိတ္တဇ မဟာဘုတ်။ သဟိတ်ပဋိသန္ဓေ ကမ္မဇ မဟာဘုတ်။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ န အညမည ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် န အညမည ပစ္စည်း တွန်း၍ စင်ကုန်၏။ ။ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အညမညေ တိဏိ"။ ၏။ ။မောဟမူဒွေး၌ မောဟ။ အဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော ဟဒယဝတ္ထု။ အချင်း ချင်းမှ ထောက်သော အဟိတ်စိတ္တဇ မဟာဘုတ်။ အဟိတ်ပဋိသန္ဓေကမ္မဇ မဟာ ဘုတ်။ ဗာဟိရ။ အာဟာရဇ။ ဥတုဇ။ အသညသတ်ကမ္မဇ။ ပဝတ္တိကမ္မဇ မဟာ ဘုတ်။ ဤတရားတို့သည် ဟေတု, န အညမညပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ အညမညေ ဒွေ"။၏။ နာမက္ခန္ဓာမှ ထောက်သော သဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော သဟိတ်စိတ္တဇ

ဥပါဒါ၊ သဟိတ် ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ်။ ဤတရားတို့သည် ဟေတုနအညမည ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်ကုန်၏။ ထို့ကြောင့် ဤအနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နအညမညေ ပဉ္စ"။ ၏။ ။(န နိဿယ မရ။ ။န ဥပနိဿယ လည်း နာရမ္မဏအတိုင်း)။

## ဟေတု နပုရေဇာတ

"ဟေတုပစ္စယာ နပုရေဇာတေ သတ္တ"။ ။နပုရေဇာတဒုကာ၌ အရူပဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ။ မနောဒွါရာဝဇ္ဇန်း။ အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ပ။ ပဝတ္တိ ကမ္မဇရုပ်။ဤတရားတို့သည် နပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် ဟေတုပစ္စည်းတွင်၌ စင်ကုန်၏။ ထို့ ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နပုရေဇာတေ ဒွေ"။၏။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ။ အရူပဝိပါက်လေးခုကြည်သော သဟိတ် ပဝတ္တိ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ သာဖြစ်၍ နပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် နပုရေဇာတ ပစ္စည်းတွင်၌ စင်ကုန်၏။ ထို့ကြောင့် ဤအနုလုံ၌ "ဟေတုပစ္စယာ ပုရေဇာ တေ တီဏိ"။၏။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌မောဟ။ အဟိတ်ပဝတ္တိနာမက္ခန္ဓာလေးပါး။ဤတရားတို့သည် ဟေတု,နပုရေဇာတပစ္စည်း နှစ်ပါး၏ပစ္စယုပ္ပန္နဓမ္မမဖြစ်ကုန်။ထို့ကြောင့်ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ ပုရေဇာတေ ဒွေ"။၏။ ။အရူပဘုံ၌ဖြစ်သောအခါ မောဟမူဒွေး၌မောဟကြည် သောလောဘမူ။ မောဟမူ။ မဟာကုသိုလ်။မဟာကြိယာ။ အရူပကုသိုလ်။အရူပ ကြိယာ။ အထက်မဂ်သုံးခု။ ဖိုလ်လေးခု။ သဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ဤတရားတို့သည် ဟေတု,နပုရေ ဇာတပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်ကုန်၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နပုရေဇာတေ သတ္တ"။၏။

## ဟေတု နပစ္ဆာဇာတ

"ဟေတုပစ္စယာ နပစ္ဆာဇာတေ နဝ"။ ။နပစ္ဆာဇာတဒုကာ၌ မောဟမူဒွေး၌ မောဟ။ အဟိတ် ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဗာဟိရရုပ်။ အာဟာရဇရုပ်။ ဥတုဇရုပ်။ အသည သတ် ကမ္မဇရုပ်။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နပစ္ဆာဇာတပစ္စည်း၏

ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နပစ္ဆာဇာတေ ဒွေ"။၏။ ။ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍နပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သော တရားကားမရှိ။ ထို့ကြောင့်အနုလုံ၌ "ဟေတုပစ္စယာ ပစ္ဆာဇာတေ" အစရှိသည်ဖြင့် မဟောရသတည်း။ ။ဟေတု, နပစ္ဆာဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သော တရားကားမရှိ။ ထို့ကြောင့် ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ ပစ္ဆာဇာတေ"အစရှိသည်ဖြင့် မဟောရသတည်း။ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ်။ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် ဟေတု, နပစ္ဆာဇာတပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ဤအနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နပစ္ဆာဇာတေ နဝ"။ ၏။ (ဤနည်းကိုမှီ၍ အနုလောမပစ္စနိက်ကို အကုန်တွန်းလေ)။

## ဟေတု နာသေဝန စသည်

"ဟေတုပစ္စယာ နာသေဝနေ နဝ"။ ။နာသေဝနဒုက၌ မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ။ မဟာကုသိုလ်။ မဟာကြိယာပဉ္စမဇော။ သဟိဘ်ဝိပါက်ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။သဟိတ် စိတ္တဇရုပ်။သဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ "ဟေတုပစ္စယာ နာသေဝနေ နဝ"။၏။ ။"ဟေတုပစ္စယာ နကမ္မေ တီဏိ"။ ။နကမ္မဒုက၌ ကုသိုလ်,အကုသိုလ်,သဟိတ်ကြိယာ စေတနာ။ "ဟေတုပစ္စယာ နကမ္မေ တဏိ"။၏။ ။"ဟေတုပစ္စယာ နဝိပါကေ နဝ။ ။ နဝိပါက ဒုက၌မောဟမူဒွေး၌ မောဟကြဉ်သော ကုသိုလ်၊ အကုသိုလ်၊ သဟိတ် ကြိယာ နာမက္ခန္ဓာ။ ကုသိုလ်၊ အကုသိုလ်၊ သဟိတ် ကြိယာပြုအပ်သော သဟိတ် စိတ္တဇရုပ်။ "ဟေတုပစ္စယာ နဝိပါကေ နဝ"။ ။(နသမ္ပယုတ္တေ ပဥ္စ။ နာရမ္မဏ အတိုင်း)။ ။"ဟေတုပစ္စယာ နဝိပ္ပယုတ္တေ တီဏိ"။ ။အရူပဝိပါက်လေးခု။ ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ။ အရူပဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟကြဉ်သော လောဘမူ၊ မောဟမူ၊ မဟာကုသိုလ်၊ မဟာကြိယာ။ အရူပကုသိုလ်။ အရူပကြိယာ။ အသက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ။ ဤတရားတို့သည် "ဟေတုပစ္စယာ နဝိပ္ပယုတ္တေ တီဏိ"။၏။

[နောနတ္ထိ,နောဝိဂတ။နာရမ္မဏအတိုင်း။ ။တဆဲ့ငါးပစ္စည်းသာရသည်။ ။သဟဇာတ၊နိဿယ၊ အာဟာရ၊ဣန္ဒြိယ၊ဈာန၊မဂ္ဂ၊ အတ္ထိ၊ အဝိဂတ။ ဤရှစ်ပစ္စည်းတို့ကို ဟေတုမူတည်၌ မရအပ်ကုန်]။

## အနုလောမပစ္စနီက
## တိကာဒိသမ်ျဒဂါ

"ဟေတုပစ္စယာ အာရမ္မဏပစ္စယာ နာဓိပတိယာ တီဏိ"။ ။အရကား အဓိပတိတရားကိုယ်၊ အဓိပတိပစ္စည်းကို မရသောအခါ မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ။ မဟာကုသိုလ်၊ မဟာကြိယာ၊ သဟိတ်လောကီဝိပါက် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ "ဟေတုပစ္စယာ အာရမ္မဏပစ္စယာ နာဓိပတိယာ တီဏိ"။၏။ ။"ဟေတုပစ္စယာ အာရမ္မဏပစ္စယာ နပုရေဇာတေ တီဏိ"။ ။အရကား အရူပဝိပါက်လေးခု။ အရူပဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟကြဉ်သော လောဘမူ၊ မောဟမူ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု။ သဟိတ် ပဋိသန္ဓေ **နာမက္ခန္ဓာ** လေးပါး။ "နပုရေဇာတေ တီဏိ"။၏။

"နပစ္ဆာဇာတေ တီဏိ"။ ။အရကား မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ တီဏိ။ ၏။ ။နာသေဝနေ တီဏိ။ ။အရကား မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ, မဟာကုသိုလ်, မဟာကြိယာ ပဉ္စမဇော။ သဟိတ်ဝိပါက် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ တီဏိ။ ၏။ ။နကမ္မေ တီဏိ။ ။အရကား ကုသိုလ်, အကုသိုလ်, သဟိတ်ကြိယာ စေတနာ။ တီဏိ။ ၏။ ။နဝိပါကေ တီဏိ။ ။အရကား မောဟမူဒွေး၌ မောဟကြဉ်သော ကုသိုလ်၊ အကုသိုလ်၊ သဟိတ်ကြိယာ နာမက္ခန္ဓာ။ တီဏိ။ ၏။ ။နဝိပ္ပယုတ္တေ တီဏိ။ ။အရကား အရူပဝိပါက် လေးခု။ ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ။ အရူပဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟကြဉ်သော လောဘမူ၊ မောဟမူ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမက္ခန္ဓာ။ တီဏိ။ ၏။

[အာရမ္မဏသို့ လိုက်၍ နာမက္ခန္ဓာသာ ရသောကြောင့် တီဏိသာ ထွက်သည်။ ဟေတု, အာရမ္မဏတည်ရာ၌ အဓိပတိ၊ ပုရေဇာတ၊ ပစ္ဆာဇာတ။ အာသေဝန၊ ကမ္မ၊ ဝိပါက၊ ဝိပ္ပယုတ္တ။ဤ ခုနစ်ပစ္စည်းကို ရအပ်၏။ ကြွင်းသော ပစ္စည်းတို့ကို မရအပ်]။

ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ နပုရေဇာတေ တီဏိ။ ။အရကား အရူပဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်ကြဉ်သော လောဘမူ၊ မဟာကုသိုလ်၊ မဟာကြိယာ။ ကေန်ရသော အရူပကုသိုလ်၊ အရူပကြိယာ။ အထက်မဂ်သုံးခု။ ဖိုလ်လေးခု နာမက္ခန္ဓာ။ တီဏိ။ ၏။ ။နပစ္ဆာဇာတေ တီဏိ။ ။အရကား အဓိပတိ တရားကိုယ်ကြဉ်သော

သာဓိပတိဇော ငါးဆဲ့နှစ်ခု နာမက္ခန္ဓာ။ တီကာ။ ၏။ ။နာသေဝနေ တီကာ။ ။အရကား အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာ ပဉ္စမဇော။ ဖိုလ်လေးခု နာမက္ခန္ဓာ။ တီကာ။ ၏။ ။နကမ္မေ တီကာ။ ။အရကား သာဓိပတိ ကုသိုလ်၊ အကုသိုလ်၊ကြိယာ စေတနာ။ တီကာ။ ၏။ ။နဝိပါကေ တီကာ။ ။အရကား အဓိပတိ တရားကိုယ် ကြဉ်သော သာဓိပတိ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ နာမက္ခန္ဓာ။ တီကာ။ ၏။

[နဝိပ္ပယုတ္တေ တီကာ။ နပုရေဇာတအတိုင်း။ ။ခြောက်ပစ္စည်းကိုသာ ရသည်။ ။ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ အနန္တရ ပစ္စယာ သမနန္တရပစ္စယာ သဟဇာတပစ္စယာ အညမညပစ္စယာ နိဿယ ပစ္စယာ ဥပနိဿယပစ္စယာ တိုင်အောင်တည်၍ နပုရေဇာတ အစရှိ သော ခြောက်ပစ္စည်း ထည့်ရာ၌လည်း စတုက္ကနှင့်အတူတူပင်။ ။ ဟေတု။ပ။ ပုရေဇာတတိုင်အောင်တည်၍ "နပစ္ဆာဇာတေ တီကာ" အစရှိ သော လေးပစ္စည်း ထည့်ရာ၌လည်း စတုက္ကနှင့် အတူတူ]။

ဟေတုပစ္စယာ။ပ။ ဥပနိဿယပစ္စယာ ပုရေဇာတပစ္စယာ နာသေဝနေ တီကာ။ ။အရကား ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ် ကြဉ်သော လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာ ပဉ္စမဇော။ ဖိုလ်လေးခု နာမက္ခန္ဓာ။ တီကာ။၏။ ။နကမ္မေ တီကာ။ ။အရကား ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ သာဓိပတိ ကုသိုလ်, အကုသိုလ်, ကြိယာ စေတနာ။ နကမ္မေ တီကာ။ ၏။

နဝိပါကေ တီကာ။ ။အရကား ပဋ္ဌဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကို ရသော အခါ အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ နာမက္ခန္ဓာ။ တီကာ။ ၏။ ။(လေးပစ္စည်းရသည်)။ ။ဟေတုပစ္စယာ။ပ။ ပုရေဇာတပစ္စယာ အာသေဝနပစ္စယာ နကမ္မေ တီကာ။ ။အရကား ပဋ္ဌဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု၌ ရှိသော စေတနာ။ တီကာ။ ၏။ ။နဝိပါကေ တီကာ။ ။အရကား ပဋ္ဌဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ် ကြဉ်သော လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာ ဒုတိယာဒိဇော။ မဟဂ္ဂုတ် ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ။ တီကာ။ ၏။ ။(ပစ္ဆာဇာတ၊ ကမ္မ၊ ဝိပါက။ သုံးပစ္စည်းသာ ရသည်)။ ။ဟေတုပစ္စယာ။ပ။ ပုရေဇာတ ပစ္စယာ အာသေဝနပစ္စယာ ကမ္မပစ္စယာ နပစ္ဆာဇာတေ တီကာ။ ။အရကား

ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်။စေတနာ ကြဉ်သော လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာ ဒုတိယာဒိဇော။ မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု နာမက္ခန္ဓာ။ တိကာ။ ၏။

[နဝိပါကေ တိကာ။ နပစ္ဆာဇာတအတိုင်း။ ။ဟေတု။ပ။ အာသေဝန၊ ကမ္မ၊ အာဟာရ တိုင်အောင်တည်၍ နပစ္ဆာဇာတ, ဝိပါကထည့်။ အတူတူပင်။ ။ဟေတု။ပ။ အဝိဂတတိုင်အောင်တည်။ နပစ္ဆာဇာတေ တိကာ။ နဝိပါကေ တိကာ။ကမ္မ တိုင်အောင် တည်သည်နှင့် အတူတူပင်။ ။ အာသေဝနကိုချ၍ ဝိပါကထည့်၍ တည်ရာ၏]။

ဟေတု၊ဒွေယာ။ပ။ ပုရေဇာတပစ္စယာ ကမ္မပစ္စယာ ဝိပါကပစ္စယာ နပစ္ဆာဇာတေ ကာ။ နာသေဝနေ ကာ။ ။အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အဓိပတိတရားကိုယ်ကြဉ်သော ဖိုလ်လေးခု။ နာမက္ခန္ဓာ။ ကာ။ ၏။ ။ ဟေတု။ပ။ အဝိဂတပစ္စယာ နပစ္ဆာဇာတေ ကာ။ နာသေဝနေ ကာ။ ။တရားကိုယ် အရ အတူတူ။ အဓိပတိတရားကိုယ်ကြဉ်သော ဖိုလ်လေးခုပင်။ ။ (အာရမ္မဏမူ၊ အဓိပတိမူအစရှိသည်တို့၌လည်း ဤနည်းကိုမှီ၍ အနုလုံပစ္စည်း တွန်းကို နှလုံးသွင်း၍ ဟောလေ)။

ပစ္စည်းအနုလောမပစ္စနိက် ပြီး၏။

---

## ပဋ္ဌာန်းစ္စဝါရ

### ပစ္စနီယာနုလောမ ဒုကသင်္ချာဝါရ

ပစ္စည်းအနုလောမပစ္စနိက်ကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္စည်းပစ္စနီယာနုလောမကို ဟောတော်မူ၏။ ထို....၌ တုံသော်လည်း နဟေတု ဒုကာဒိ အစရှိသောအားဖြင့် နှစ်ဆယ်အပြားရှိ၏။ ။

[သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤလေးပစ္စည်းတို့ကို ပစ္စနီယာနုလောမ၌ မရသောကြောင့် နှစ်ဆယ်ဖြစ်သတည်း]။ ထိုနှစ်ဆယ်တို့တွင် နဟေတု ဒုကာဒိကို ရှေးဦးစွာဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဒုက၊ တိက၊ စတုက္ကအစရှိသောအားဖြင့် တဆဲ့ကိုးပါး အပြားရှိ၏။ ထို....တွင် ဒုကကို ရှေးဦးစွာဟောတော်မူ၏။ ထို ဒုက၌ တုံသော်လည်း နဟေတုမူ အာရမ္မဏ ဒုကအစရှိသောအားဖြင့် နှစ်ဆဲ့တပါး အပြားရှိ၏။ ထို....တွင် နဟေတုမူ အာရမ္မဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏၊

## နဟေတု အာရမ္မဏ

**ဟောဟန်ကား** "နဟေတုပစ္စယာ အာရမ္မဏေ ဒွေ"ဟူသည်တည်း။ ။နဟေတုမူ အာရမ္မဏဒုက၌ မောဟမူဒွေး၌မောဟကြဉ်သော သဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အာရမ္မဏေ တီဏိ"။၏။ အဟိတ်စိတ္တဇရုပ်၊ အဟိဘ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အာရမ္မဏပစ္စည်း၏ ပစ္စယုန္နဓမ္မ မဖြစ်သောကြောင့် အာရမ္မဏပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နာရမ္မဏေ ဧကံ" ဟု။၏။ ။သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဤဘရားတို့သည် နဟေတု, အာရမ္မဏပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်ကုန်။ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာရမ္မဏေ ပဉ္စ" ဟု။၏။ မောဟမူဒွေး၌ မောဟ။ အဟိတ်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤဘရားတို့သည် နဟေတု အာရမ္မဏ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားမည်ကုန်၏။ ထို့ကြောင့်ဤပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ အာရမ္မဏေ ဒွေ"။၏။ (နဟေတုမူ အဓိပတိ မရ။ အနန္တရ၊ သမနန္တရ၊ အာရမ္မဏနှင့် တူပြီ)။

## နဟေတု သဟဇာတ

နဟေတုမူ သဟဇာတ ဒုက၌ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ သဟိတ်စိတ္တဇရုပ်။ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ သဟဇာတေ နဝ"။၏။ ။

နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ သဟဇာတ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရားကား မရှိ။ ထို့ကြောင့်ပစ္စနိက်၌ "နဟေတုပစ္စယာ နသဟဇာတေ" အစရှိသည်ဖြင့် မဟောရသတည်း။ နဟေတု, သဟဇာတပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ။ ထို့ကြောင့် အနုလောမပစ္စနိက်၌"ဟေတုပစ္စယာ နသဟဇာတေ" အစရှိသည်ဖြင့် မဟောရသတည်း။ ။ မောဟမူဒွေး၌ မောဟ။ အဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။

အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဗာဟိရရုပ်။ အာဟာရဇရုပ်။ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် နဟေတု, သဟဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္န ဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ သဟဇာတေ ဒွေ"။၏။ ။ (ဤဝါရ၌ အနုလုံကိုတည်၍တွန်း။ အနုလောမ ပစ္စနိက်ကို အလွတ်ဆို။ ။ ရလျှင် ရလျောက်။ မရလျှင် မရလျောက်ကိုဆို)။

## နဟေတု အညမည

နဟေတုမူ အညမည ဒုက၌ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်သော ဟဒယဝတ္ထု။ အချင်းချင်းမှ ထောက်သော သဟိတ်စိတ္တဇမဟာဘုတ်။ သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်။ ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတု ပစ္စည်းတွန်း၍ ငင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အညမညေ တိဏိ"။ ၏။ ။နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော အဟိတ်စိတ္တဇ ဥပါဒါ။ အဟိတ်ပဋိသန္ဓေကမ္မဇ ဥပါဒါ၊ ဗာဟိရ ဥပါဒါ။ အာဟာရဇဥပါဒါ။ ဥတုဇဥပါဒါ။ အသညသတ် ကမ္မဇဥပါဒါ။ပဝတ္တိကမ္မဇ ဥပါဒါရုပ်၊ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အညမည ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အညမည ပစ္စည်းတွန်း၍ ငင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နအညမညေ ဧကံ"။ ၏။ ။နမက္ခန္ဓာမှ ထောက်သော သဟိတ်စိတ္တဇရုပ်။ဟဒယဝတ္ထုမှတပါး သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော သဟိတ်စိတ္တဇဥပါဒါ။ သဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ်။ ဤတရားတို့သည် နဟေတု,အညမညပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ န အညမညေ ပဥ္စ"။၏။ ။ မောဟမူဒွေး၌ မောဟ။ အဟိတ်ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာမှထောက်သော ဟဒယဝတ္ထု။ အချင်းချင်းမှထောက်သော အဟိတ်စိတ္တဇမဟာဘုတ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ်။ ဗာဟိရမဟာဘုတ်။ အာဟာရဇ။ ဥတုဇ။ အသညသတ် ကမ္မဇမဟာဘုတ်။ ပဝတ္တိကမ္မဇမဟာဘုတ်။ ဤတရားတို့သည် နဟေတု,အညမညပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားမည်ကုန်၏။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ အညမညေ ဒွေ"ဟု။၏။ ။(နိဿယလည်း သဟဇာတနှင့်တူ၏။ ဥပနိဿယလည်း အာရမ္မဏနှင့် တူ၏)။

## နဟေတုပုရေဇာတ

နဟေတုမူ ပုရေဇာတဒုကဌ်၌ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ။ အရူပဝိပါက်လေးခု ကြဉ်သော သဟိတ်ပဝတ္တိ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ ပုရေဇာတေ တီဏိ"။ ၏။ ။အရူပဘုံ၌ဖြစ်သော အခါ မောဟမူဒွေး၌ မောဟ။ မနောဒွါရာဝဇ္ဇန်း။ အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အဟိတ်စိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် ပုရေဇာတပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နပုရေဇာတေ ဒွေ"။၏။ ။အရူပဝိပါက် လေးခု။ အရူပဘုံ၌ ဖြစ်သော အခါ မောဟမူဒွေး၌ မောဟ ကြဉ်သော လောဘမူ။ မောဟမူ။ မဟာကုသိုလ်။ မဟာကြိယာ။ အရူပကုသိုလ်။ အရူပကြိယာ။ အထက်မဂ်သုံးခု။ ဖိုလ်လေးခု။ သဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ်။ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရားတို့သည် နဟေတုပုရေဇာတ ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်။ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နပုရေဇာတေ သတ္တ"။၏။ ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမူဒွေး၌ မောဟ။ အဟိတ်ပဝတ္တိနာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည် နဟေတု ပုရေဇာတပစ္စည်း နှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်ကုန်၏။ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ ပုရေဇာတေ ဒွေ"။၏။

## နဟေတု အာသေဝန

နဟေတုမူအာသေဝနဒုကဌ် မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ် ဒွါဒသ။ မဟာကုသိုလ်။ မဟာကြိယာ ဒုတိယာဒိဇော။ မဟဂ္ဂုတ်ကုသိုလ်။ မဟဂ္ဂုတ်ကြိယာ။ မဂ်လေးခု။နာမက္ခန္ဓာ။ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတု ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အာသေဝနေ တီဏိ"။ ၏။ ။မောဟမူ ပဌမဇော၌ရှိသော မောဟ။ ဟသိတုပ္ပါဒ် ပဌမဇော။ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ် စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇ ရုပ်။ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အာသေဝန ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာသေဝနပစ္စည်းတွန်း၍ စင်ကုန်၏။

ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နာသေဝနေ ဒွေ"။ ၏။ ။မောဟမူဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ။ မဟာကုသိုလ်။ မဟာကြိယာ ပဌမဇော။ သဟိတ်ဝိပါက်ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ်။ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် နဟေတု,အာသေဝနပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်ကုန်၊ ထို့ကြောင့် အနုလောမပစ္စနိက်၌"ဟေတုပစ္စယာ နာသေဝနေ နဝ"။၏။ ။မောဟမူ ဒုတိယာဒိဇော၌ ရှိသော မောဟ။ ဟာသိတုပ္ပါဒ် ဒုတိယာဒိဇော။ ဤတရားတို့သည် နဟေတု,အာသေဝန ပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏။ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ အာသေဝနေ ဒွေ"။၏။ ။(ဤနည်းကိုမှီ၍ ဒုက, တိက, စတုက္က စသည်တို့၌ ရသင့်သည်အားလျော်စွာ အနုလုံက တွန်းသည်ကို နှလုံးသွင်း၍ တွန်းလေ။ ။အရကိုသာ ဆိုပေအံ့)။

## နဟေတု ကမ္မစသည်

နဟေတုပစ္စယာ ကမ္မေ ဒွေ။ ။အရကား မောမူဒွေး၌ မောဟ, ကြိယာစေတနာကြဉ်သော အဟိတ်ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ အသညသတ် ကမ္မဇရုပ်။ ပဝတ္တိကမ္မဇရုပ်။ ဒွေ။၏။ ။"နဟေတုပစ္စယာ ဝိပါကေ ဧကံ"။ ။အရကား အဟိတ်ဝိပါက် ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဝိပါက်ပြုအပ်သော အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ဧကံ။၏။ ။(အနုလုံက ရှေးဦးစွာ တွန်းသည့်တရားများပင်။ အထူးမရှိပြီ)။ "အာဟာရေ ဒွေ။ ဣန္ဒြိယေ ဒွေ။ စျာနေ ဒွေ။မဂ္ဂေ ဧကံ။ ။**မော**ဟမူဒွေး၌ မောဟ။ ဧကံ။ သမ္ပယုတ္တေ ဒွေ။ ဝိပ္ပယုတ္တေ ဒွေ။ အတ္ထိယာ ဒွေ။ နတ္ထိယာ ဒွေ။ ဝိဂတေ ဒွေ။ အဝိဂတေ ဒွေ"။

---

## ပစ္စနီယာနုလောမ
## တိကာဒိသဉ္စ္ဆဝါရ

"နဟေတုပစ္စယာ နာရမ္မဏပစ္စယာ သဟဇာတေ ဧကံ"။ ။အဟိတ် စိတ္တဇရုပ်။ပ။ အသညသတ်ကမ္မဇရုပ်။ ပဝတ္တိကမ္မဇရုပ်။ ဧကံ။ ၏။

"နဟေတုပစ္စယာ နာရမ္မဏပစ္စယာ အညမညေ ဧကံ"။ ။အရကား အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာမှထောက်သော ဟဒယဝတ္ထု။ အချင်းချင်းမှထောက်သော အဟိတ် **စိ**တ္တဇမဟာဘုတ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ်။ပ။ အသညသတ် ကမ္မဇမဟာဘုတ်။ ပဝတ္တိကမ္မဇမဟာဘုတ်။ ဧကံ။၏။ ။နဟေတုပစ္စယာ နာရမ္မဏပစ္စယာ နိဿယေ ဧကံ။ (သဟဇာတနှင့်အတူ)။ ။ကမ္မေ ဧကံ။

အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ အသညသတ် ကမ္မဇရုပ်။ ပဝတ္တိကမ္မဇရုပ်။ ကော်။ ။ဝိပါကေ ကော်။ ။ဝိပါက်ပြုအပ်သော အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ကော်။၏။ ။အာဟာရေ ကော်။ အဟိတ်စိတ္တဇရုပ်။ အဟိဘ်ပဋိသန္ဓေ ကမ္မဇရုပ်။ အာဟာရဇရုပ်။ ကော်။ ၏။ ။ဣန္ဒြိယေ ကော်။ အဟိတ်စိတ္တဇရုပ်။ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော အသညသတ်ကမ္မဇရုပ်။ ပဝတ္တိကမ္မဇရုပ်။ကော်။၏။ ။ဈာနေ ကော်။ အဟိတ်စိတ္တဇရုပ်။အဟိဘ်ပဋိသန္ဓေ ကမ္မဇရုပ်။ ကော်။၏။ ဝိပ္ပယုတ္တေ ကော်။ အတ္ထိယာ ကော်။ အဝိဂတေ ကော်။ (သဟဇာတနှင့်အတူ။ ။နဟေတု နာရမ္မဏ နာဓိပတိ နာနန္တရ နသမနန္တရဘိုင်အောင် တည်လည်း မထုးပြီ)။

"နဟေတုပစ္စယာ, နာရမ္မဏပစ္စယာ, နာဓိပတိပစ္စယာ, နာနန္တရပစ္စယာ, နသမနန္တရပစ္စယာ, နအညမညပစ္စယာ, သဟဇာတေ ကော်"။ ။အရကား နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှ တပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော အဟိတ်စိတ္တဇဥပါဒါ။ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ။ပ။ ပဝတ္တိ ကမ္မဇဥပါဒါရုပ်။ ကော်။ ၏။ ။နဟေတု။ပ။ နအညမညပစ္စယာ နိဿယေ ကော်။ (သဟဇာတအတိုင်း)။ ။ကမ္မေ ကော်။ နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော အဟိတ်စိတ္တဇဥပါဒါ။ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါ။ အသညသတ် ကမ္မဇဥပါဒါ။ ပဝတ္တိကမ္မဇ ဥပါဒါရုပ်။ကော်။ ၏။ ။နဟေတု။ပ။ နအညမညပစ္စယာ ဝိပါကေ ကော်။ ။အရကား နာမက္ခန္ဓာမှ ထောက်သော ဝိပါက်ပြုအပ်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှ တပါး အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော ဝိပါက်ပြုအပ်သော အဟိတ် စိတ္တဇဥပါဒါ။ အဟိတ် ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ်။ ကော်။ ၏။ ။

နဟေတု။ပ။ နအညမညပစ္စယာ အာဟာရေ ကော်။ ။အရကား နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်သော အဟိတ်စိတ္တဇဥပါဒါ။ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါ။ အာဟာရဇဥပါဒါ။ ကော်။ ၏။ ။ဣန္ဒြိယေ ကော်။ ။အရကား နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော အဟိတ်စိတ္တဇဥပါဒါ။ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါ။ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော အသညသတ် ကမ္မဇဥပါဒါ၊ ပဝတ္တိကမ္မဇဥပါဒါရုပ်။ ကော်။ ၏။

ဈာနေ ကော်။ ။အရကား နာမက္ခန္ဓာမှ ထောက်သော အဟိတ်စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။ မဟာဘုတ်မှထောက်သော အဟိတ်စိတ္တဇဥပါဒါ။ အဟိတ်ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ်။ ကော်။ ၏။ ။

ဝိပ္ပယုတ္တေ ကေ၊ (ဈာနနှင့်အတူ) အတ္ထိယာ ကေ၊ အဝိဂတေ ကေ။ (သဟဇာတ အတိုင်း)။ ။သဗ္ဗတ္ထ ကေ။ ။သဗ္ဗတ္ထ၊ ၃။ ကေ၊ တခုသော ခန္ဓာဝါရရှိ၏။ ။(နဟေတု။ပ။ န အညမည။ န ဥပနိဿယ။ န ပုရေဇာတ။ န ပစ္ဆာဇာတ။ နာသေဝန တိုင်အောင် တည်လည်း န အညမညတိုင်အောင် တည်သည်နှင့် အတူတူပင်)။ ။ "နဟေတုပစ္စယာ။ပ။ နပုရေဇာတပစ္စယာ နပစ္ဆာဇာတပစ္စယာ နာသေဝန ပစ္စယာ နကမ္မပစ္စယာ သဟဇာတေ ကေ"။ ။အရကား မဟာဘုတ်မှထောက်သော ဗာဟိရဥပါဒါ။ အာဟာရဇ ဥပါဒါ။ ဥတုဇဥပါဒါရုပ်။ ကေ။၏။ ။(နိဿယ အတ္ထိ အဝိဂတလည်း သဟဇာတအတိုင်း)။ ။အာဟာရေ ကေ။ ။အရကား မဟာဘုတ်မှ ထောက်သော အာဟာရဇ ဥပါဒါရုပ်။ ကေ။ ၏။ ။(ကမ္မတိုင် အောင် တည်သော် ဤပစ္စည်းကို ရသည်။ ။ထို့ကြောင့် ပေါတ္ထကာရုဠ္ဌ ဆရာ မြက်ကိုသည် "နကမ္မ ဂဏိတေ ပဉ္စ ပဉ္ဇာ ဟောန္တိ" ဟု ဆိုတော်မူကုန်၏)။

"နဟေတုပစ္စယာ။ပ။ နကမ္မပစ္စယာ နဝိပါကပစ္စယာ နအာဟာရပစ္စယာ သဟဇာတေ ကေ။ နိဿယေ ကေ။ အတ္ထိယာ ကေ။ အဝိဂတေ ကေ"။ ။အရကား မဟာဘုတ်မှ ထောက်သော ဗာဟိရဥပါဒါ။ ဥတုဇဥပါဒါရုပ်။ ကေ။ ၏။ ။နဟေတုပစ္စယာ။ပ။ နအာဟာရပစ္စယာ နဣန္ဒြိယပစ္စယာ နဈာနပစ္စယာ နမဂ္ဂပစ္စယာ နသမ္ပယုတ္တပစ္စယာ နဝိပ္ပယုတ္တပစ္စယာ နောနတ္ထိပစ္စယာ နောဝိဂတ ပစ္စယာ သဟဇာတေ ကေ။ နိဿယေ ကေ။ အတ္ထိယာ ကေ၊ အဝိဂတေ ကေ။ (အတူတူပင်)။ ။(နဟေတုဒုကာဒိ ပြီး၏)။ ။"နာရမ္မဏပစ္စယာ ဟေတုယာ ပဉ္စ"။ ။အရကား သဟိတ်စိတ္တဇရုပ်။ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ပဉ္စ။၏။ ။ "နာရမ္မဏပစ္စယာ အဓိပတိယာ ပဉ္စ"။ ။အရကား သာဓိပတိစိတ္တဇရုပ်။ ပဉ္စ။ ၏။ ။နာရမ္မဏပစ္စယာ သဟဇာတေ ပဉ္စ။ ။အရကား စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ် အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်၊ ပဉ္စ။၏။ ။(အနုလုံ ပစ္စည်းတွန်း၏ ပစ္စနီယာနုလောမ အတိုင်း နှလုံးသွင်း၍ ဒုက, တိက အစရှိသည်ကို ဟောလေ)။ ။"နာဓိပတိပစ္စယာ ဟေတုယာ နဝ"။၏။ ။အာရမ္မဏေ တိဏိ။ပ။ အဝိဂတေ နဝ။ ။(အနုလုံ သုဒ္ဓသင်္ချာအတိုင်းထွက်။ အရမှာ ပစ္စည်းတွန်း ပစ္စနီယာနုလောမ အတိုင်း ပင်။ ။တိက, စတုက္က အစရှိသည်တို့လည်း နဟေတုဒုကာဒိနှင့် တူပြီ။ ။ နာနန္တရ' နသမနန္တရ အစရှိသော ဒုကာဒိ အစရှိသည်တို့ကိုလည်း အနုလုံ ပစ္စည်းတွန်း၍ ရသင့်သည့်အလျောက် နှလုံးသွင်း၍ ဟောလေ)။ ။ပစ္စည်း ပစ္စနီယာနုလောမ ပြီး၏။

ပဋိစ္စဝါရ ပြီး၏။

# သဟဇာတဝါရ

## အနုလောမ ဝိဘင်္ဂဝါရ

ပဋိစ္စဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သဟဇာတဝါရကို ဟောဘော်မူ၏။ ထိုသဟဇာတဝါရ၌ တုံသော်လည်း ပစ္စည်းအနုလုံ၊ ပစ္စည်းပစ္စနိက်၊ ပစ္စည်းအနုလောမပစ္စနိက်၊ ပစ္စည်းပစ္စနိယာနုလောမအားဖြင့် လေးပါးအပြားရှိ၏။ **ထို**....တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဝိဘင်္ဂဝါရ၊ သင်္ချာဝါရအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသော အားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏။ ထို....တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒ အစရှိသော အားဖြင့် ငါးပါးအပြားရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် သုံးပါးအပြားရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒါဝသာန၌ တုံသော်လည်း ဝိဓိ အနုဝါဒအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို....တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား** “ကုသလံ ဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ” ဟူသည်တည်း။ ။ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ ။**ဟောဟန်ကား** “ကုသလံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ။ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော။ ဒွေ ခန္ဓေ သဟဇာတာ ဒွေခန္ဓာ” ဟူသည်တည်း။ ။ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ ပဋိစ္စ-ပဋိဂန္တွာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသောအဖြစ်ဖြင့် ရောက်၍။ တေန၊ ထိုကုသိုလ်ဓမ္မနှင့်။ သဟဇာတော၊ တကွဖြစ်သော။ ကုသလော၊ သော။ ဓမ္မော၊ သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဧကံ၊ သော။ ခန္ဓံ၊ ခန္ဓာကို။ ပဋိစ္စ၊ ၍။ တေန၊ ထိုကုသိုလ်ဓမ္မနှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ တယော၊ သုံးပါးကုန်သော။ ခန္ဓာ၊ တို့သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တယော၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ပဋိစ္စ၊ ၍။ တေန၊ နှင့်။ သဟဇာတော၊ သော။ ဧကော၊ သော။ ခန္ဓော၊ သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။ ဒွေ၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ပဋိစ္စ၊ ၍။ တေန၊ ထိုကုသိုလ်ဓမ္မနှင့်။ သဟဇာတာ၊ ကုန်သော။ ဒွေ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။

**ကတ္တားပုဒ်၏ အရကား** ကုသိုလ်ကေဝီသ။ စေ။ အဌတိံသ။ အစိတ်အစိတ် နာမက္ခန္ဓာနှင့်တကွ ဖြစ်သော ကုသိုလ်ကေဝီသ။ စေ။ အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။[ကုသိုလ် ကေဝီသ။ စေ။ အဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာကို သဟဇာတပစ္စည်းပြု၍ ဖြစ်သော ကုသိုလ်ကေဝီသ။ စေ။ အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏ သော်လည်းဆို။ ။ **ဟိတ်ပါဌ် ကောက်မြဲ**]။ ။အဗျာကတပဒါဝသာနဌ် ကုသလေ၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ပဋိစ္စ၊ ၍။ တေန၊ ထို ကုသိုလ်ဓမ္မနှင့်။ သဟဇာတံ၊ တကွဖြစ်သော။ စိတ္တသမုဋ္ဌာနံ၊ သော။ ရူပံ၊ ရုပ်သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။ ။ (ကုသလာဗျာကတပဒါဝသာန။ ။အကုသလပဒ သုံးချက် နည်းတူယော ဇနာလေ)။ ။အဗျာကတပဒဌ် ကေ၊ သော။ မဟာဘူတံ၊ ကို။ ပဋိစ္စ၊ ၍။ တေန၊ ထိုမဟာဘုတ်နှင့်။ သဟဇာတာ၊ ကုန်သော။ တယော၊ ကုန်သော။ မဟာဘူတာ၊ တို့သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ပ။ မဟာဘူတေ၊ မဟာ ဘုတ်တို့ကို။ ပဋိစ္စ၊ ၍။ တေဟိ၊ ထိုမဟာဘုတ်တို့နှင့်။ သဟဇာတံ၊ သော။ စိတ္တသမုဋ္ဌာနံ၊ သော။ ရူပံ၊ ရုပ်သည်ငှင်း။ ကဋတ္တာရူပံ၊ ငှင်း။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။

[ဤသဟဇာတဝါရသည် ပဋိစ္စဝါရနှင့် အရသဘော အတူတူပင်။ ထိုသို့ အတူတူဖြစ်လျက် အဘယ့်ကြောင့် ဟောတော်မူပြန်သနည်း ဟူမူ ကား အချင်းချင်း အနက်ကိုမှတ်အံ့သောငှါ ဟောတော်မူသည်။

အဘယ်သို့ မှတ်သနည်း ဟူမူကား "စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ" အစရှိသည်တို့၌ စွဲ၍ပင်ဖြစ်သော်လည်း သဟဇာတမဖြစ်။ ဥပါဒါရုပ် သည် ဘူတရုပ်နှင့်တကွ ဖြစ်သော်လည်း ဘူတရုပ်အား သဟဇာတ ပစ္စည်းမဖြစ်။ ထိုသို့ မဖြစ်သောကြောင့် ပဋိစ္စဝါရဖြင့် သဟဇာတပစ္စည်း အဖြစ်ကို၊ သဟဇာတဝါရဖြင့်လည်း ပဋိစ္စဟူ၍ ဆိုအပ်သော သဟဇာတ ပစ္စည်းအဖြစ်ကို မှတ်အံ့သောငှါ ဤနှစ်ပါးသောဝါရ တို့ကို ဟောတော်မူ အပ်ကုန်၏။ ။ထို့ကြောင့် အဌကထာ(၄၂၆)၌ "ပဋိစ္စတ္ထံနာမ သဟ ဇာတတ္ထံ။ သဟဇာတတ္ထံနာမ ပဋိစ္စတ္ထန္တိ ဣဒံ ဥဘိန္နမ္ပိ ဧတေသံ ဝါရာနံ အတ္ထတော နိန္နာနာကရဏဘာဝဒဿနတ္ထံ ဝုတ္တံ။ အတ္ထတော ဟိ ဧတေ ဒွေပိ နိန္နာနာကရဏာ။ ဗေ်ဉ္ဇနေပိ အညမညဿ အတ္ထနိယာမနတ္တံ ဝုတ္တာ။ စက္ခုဉ္စ ပဋိစ္စ ရူပေစာတိ အာဒီသု ဟိ အသဟဇာတမ္ပိ ပဋိစ္စ ဥပ္ပဇ္ဇတီတိ ဝုစ္စတိ။ သဟဇာတမ္ပိစ ဥပါဒါရူပံ ဘူတရူပဿ ပစ္စယော နဟောတိ။ ဣတိ ပဋိစ္စဝါရေန သဟဇာတပစ္စယဘာဝံ, သဟဇာတ ဝါရေနစ ပဋိစ္စာတိ ဝုတ္တဿ သဟဇာတဘာဝံ နိယာမေတုံ ဥဘောပေတေ ဝုတ္တာ" **ဟု** မိန့်အပ်ပြီ။

တနည်းလည်း ပစ္စနီယျာနုလောမဝိဘင်္ဂ အားဖြင့် ဟောတော်မူအပ်ကုန်၏။ ။ထို့ကြောင့် အဋ္ဌကထာ၌ "အပိစ တထာ ဗုဇ္ဈနကာနံ အဇ္ဈာသယဝသေန ဒေသနာဝိလာသေန နိရုတ္တိပဋိသမ္ဘိဒါပ္ပဘေဒဇာနနဝသေန စာပိ ဧတေ ဥဘောပိ ဝုတ္တာတိ"ဟု မိန့်အပ်ပြီ။

သဟဇာတဝါရ ပြီး၏။

# ပစ္စယဝါရ

## အနုလောမ ဟေတုဝိဘင်္ဂဝါရ

သဟဇာတဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယဝါရကို ဟောတော်မူ၏။ ထိုပစ္စယဝါရ၌ တုံသော်လည်း ပစ္စည်းအနုလုံ၊ ပစ္စည်းပစ္စနိက်၊ ပစ္စည်းအနုလောမပစ္စနိက်၊ ပစ္စည်းပစ္စနီယာနုလောမ အားဖြင့် လေးပါးအပြား ရှိ၏။ ထို....တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဝိဘင်္ဂဝါရ၊ သင်္ချာဝါရ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၊ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသော အားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏။ ထို....တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ၊ ကုသလာဗျာကတပဒ၊ အကုသလာဗျာကတပဒ အားဖြင့် ငါးပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒါဝသာန အစရှိသော အားဖြင့် သုံးပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဝိဓိ အနုဝါဒအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။

**ဟောဟန်ကား** "ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ" ဟူသည်တည်း။ ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ ။**ဟောဟန်ကား** "ကုသလံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ။ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော။ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ" ဟူသည်တည်း။ ။ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပစ္စယာ-နိဿယတ္တေန ပစ္စယံ ကတွာ၊ မှီရာဟူသောအနက်ဖြင့် အကြောင်းပြု၍။ ကုသလော၊ သော၊ ဓမ္မော၊ သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။ ကုသလံ၊ သော။ ဧကံ၊ သော။ ခန္ဓံ၊ ကို။ ပစ္စယာ-နိဿယတ္တေန ပစ္စယံ ကတွာ၊ မှီရာဟူသော အနက်ဖြင့် အကြောင်းပြုကုန်၍။ တယော၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဟေတုပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တယော၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ပစ္စယာ-နိဿယတ္တေန ပစ္စယံ ကတွာ၊ မှီရာဟူသော အနက်ဖြင့် အကြောင်းပြု၍။ ဧကော၊ သော။ ခန္ဓော၊ ခန္ဓာသည်။ ဟေတုပစ္စယာ၊ကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။ ဒွေ၊ နှစ်ပါး ကုန်သော။ ခန္ဓေ၊ တို့ကို။ ပစ္စယာ-နိဿယတ္တေန ပစ္စယံ ကတွာ၊ မှီရာ ဟူသော အနက်ဖြင့် အကြောင်းပြုကုန်၍။ ဒွေ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ။(ဤနည်းကိုမှီ၍ ကေဝစနန္တ, ဗဟုဝစနန္တ အလျောက် ယောဇနာလေ)။

ကုသလော ဓမ္မော ဟူသော **ကတ္တားပုဒ်၏အရကား** ကုသိုလ်ကေဝီသ။စေ။ အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကုသိုလ်ကေဝီသ။စေ။အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။ ။ ဟေတုပစ္စယာဟူသော **ဟိတ်ပါဌ်၏အရကား** သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်ကေဝီသ။စေ။ အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။ ခန္ဓာဝါရကား တဆဲ့လေးဝါရဖြစ်သတည်း။ ။(ပဋိစ္စဝါရက ဟိတ်ပါဌ်ခန္ဓာဝါရ အတူတူပင်။ ။ဤပစ္စယဝါရ, နိဿယဝါရနှစ်ပါးကား သဟဇာတနိဿယ, ပုရေဇာတနိဿယ နှစ်ပါးရကောင်းသည်ကို ရည်၍ ဟောတော်မူသည်)။

"ကုသလံ။ပ။အဗျာကတော။ပ။ရူပံ"။ ။ကုသလေ၊ကုန်သော။ ခန္ဓေ၊တို့ကို။ ပစ္စယာ-နိဿယတ္တေန ပစ္စယံ ကတွာ၊ ၍။ ။**ကတ္တားကား** ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝီသ။စေ။ အဋ္ဌတိံသ အစိတ်အပေါင်းနာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်။၏။ ။(ဟိတ်ပါဌ် ခန္ဓာဝါရကား ပဋိစ္စဝါရအတိုင်း။ ။ကုသလပဒ၌ သုံးချက်။ အကုသလပဒ၌ သုံးချက်။ ပဋိစ္စဝါရနှင့် မထူးပြီ)။

ကုသလော၊ အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်းလက္ခဏာရှိသော။ ဓမ္မော-နိဿတ္တ နိဇ္ဇီဝ သဘာဝေါ၊ သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘော တရားသည်။ ကုသလဿ၊ အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်းလက္ခဏာရှိသော ဓမ္မဿ-နိဿတ္တ နိဇ္ဇီဝ သဘာဝဿ၊ သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားအား။ ဟေတုပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဟေတူ၊ ဟိတ်တို့သည်။ သမ္ပယုတ္တကာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော ခန္ဓာနံ၊ ကုသိုလ် စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့အား။ ဟေတု

ပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား။ ကုသိုလ်ကောဝိသ။ စေတသိက် အဌတိံသ။ စိတ္တက္ခဏ တခုတခု၌ရှိသော အလောဘသည်၊ အဒေါသသည်၊ အမောဟသည်၊ အလောဘ, အဒေါသသည်၊ အလောဘ, အမောဟသည်၊ အဒေါသ, အမောဟသည်၊ အလောဘ, အဒေါသ, အမောဟသည် သမ္ပယုတ္တ ခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဌ်၌ "ကုသလော ဓမ္မော" ဟူသော **ကတ္တားပုဒ်၏အရကား** သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ် ကောဝိသ။ စေတသိက်အဌတိံသ။ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ။ တိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ်နှစ်ပါး, သုံးပါး ပစ္စည်းတရား ရ၏။ ။"ကုသလဿ ဓမ္မဿ" ဟူသော **သမ္ပဒါန်ပုဒ်၏ အရကား** ကုသိုလ်ကောဝိသ။ စေတသိက်အဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန် တရား ရ၏။ ။"ဟေတုပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်၏အရကား** သမ္ပယုတ္တခန္ဓာ အားတပ်သော ကုသိုလ်ဟိတ် သုံးပါးဖြစ်အံ့။တပြိုင်နက်ယထာရဟ တပ်ကောင်း **သော** ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤဆယ်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသ ရ၏။ ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

**ခန္ဓာဝါရကား—**

"ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ဒွိဟိတ်ဖြစ်အံ့။"ကုသလာ ဟေတူ"၏အရကို အလောဘယူ၍"သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရကို သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ ထို့အတူ အဒေါသ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ အလောဘ, အဒေါသ သမ္ပယုတ္တ ခန္ဓာယူ၍တဝါရ။ တိဟိတ်ဖြစ်အံ့။"ကုသလာ ဟေတူ"၏ အရကို အလောဘယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရကို သမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ ထို့အတူ အဒေါသ သမ္ပယုတ္တခန္ဓာယူ၍တဝါရ။ အမောဟ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ အလောဘ, အဒေါသ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ အလောဘ, အမောဟ သမ္ပယုတ္တခန္ဓာယူ၍တဝါရ။ အဒေါသ, အမောဟ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။

အလောဘ, အဒေါသ, အမောဟ သမ္ပယုတ္တ ခန္ဓာယူ၍တဝါရ။ ဤသို့ဒွိဟိတ်ဖြစ်အံ့၊ သုံးဝါရ။ တိဟိတ်ဖြစ်အံ့၊ ခုနစ်ဝါရလျှင် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို "ဟေတုပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူ၏။

**ပစ္စည်းတပ်ဟန်ကား—**

လောကီစိတ်ကောသိတိ။ စေတသိက်ဒွေပညာသ။ ရုပ်အဋ္ဌဝီသ။ ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍မဟာကုသိုလ်ဉာဏဝိပ္ပယုတ်ဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သင်္ခါရ, အာရုံအားဖြင့်တူသော ဘဝင်ကျနုဝီသတို့တွင် တခုခုသည် မိမိပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် သုံးပါးတွင် တပါးပါးကိုအာရုံပြု၍၊ဘဝင်စလန,ဘဝင်ုပစ္ဆေဒ ဟုဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် လောကီစိတ်ကောသိတိ။ စေတသိက်ဒွေပညာသ။ ရုပ်အဋ္ဌဝီသ။ ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့၊ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ကာမဘဝင်တဆယ်တို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။ ။အဝိဘူတာရုံဝီထိဖြစ်အံ့။ ဘဝင်ကျနုဝီသတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဂါဒပါဠိတော်ပါဠ်၌ "ကုသလာ ဟေတူ"၏ အရဖြစ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ပဌမဇော အစရှိသော စိတ္တက္ခဏ တခုခု၌ ရှိသော အလောဘကို၊ အဒေါသကို၊ အလောဘ, အဒေါသကို ပစ္စည်း၏ အဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရဖြစ်သော သမ္ပယုတ္တခန္ဓာကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍။ ဝိဓိ၌ရင်း "ကုသလဿ ဓမ္မဿ"ဟု ဤဟိတ်တပါး, နှစ်ပါးသည် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို "ဟေတုပစ္စယေန ပစ္စယော"ဟု ဟောတော်မူ၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်အံ့။ အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြည်သော စိတ်ရှစ်ဆဲ့ခုနစ်ခု။ စေတသိက် ဒွေပညာသ။ ရုပ်အဋ္ဌဝီသ။ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိ။ပ။ပဋိသန္ဓေစိတ်နှင့်။ပ။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။ ထို့နောင် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြည်သော စိတ်ရှစ်ဆဲ့ခုနစ်ခု။စေ။ ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော

အာရုံခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံ ငါထိဖြစ်အံ့။ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံ ကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံ ဝီထိဖြစ်အံ့။ ဘဝင်ကျေနပ်ီသ တို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလာ ဟေတူ"၏ အရ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ပဌမဇော အစရှိသော စိတ္တက္ခဏ တခု တခု၌ ရှိသော အလောဘကို။ အဒေါသကို၊ အမောဟကို၊ အလောဘ, အဒေါသ ကို၊ အလောဘ, အမောဟကို၊ အဒေါသ, အမောဟကို၊ အလောဘ,အဒေါသ, အမောဟကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍။ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရဖြစ်သော သမ္ပယုတ္တ ခန္ဓာကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ရင်း "ကုသလဿ ဓမ္မဿ" ဟု ဤဟိတ်တပါး, နှစ်ပါး,သုံးပါးသည် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို "ဟေတုပစ္စယေန ပစ္စယော"ဟု ဟောတော်မူ၏။

(ဤနည်းကိုမှီ၍ မဟဂ္ဂုတ်ကုသိုလ်, လောကုတ္တရာကုသိုလ်တို့ကို ရာသီစုက အတိုင်းချလေ)။

**ကုသလော အဗျာကတဿ**

ကုသလပဒါဝသာနကို ဟောတော်မူသည်၏။ အခြားမဲ့၌ အဗျာကတ ပဒါဝသာနကို ဟောတော်မူ၏။ ထို....၌လည်း ဝိဓိ,အနုဝါဒအားဖြင့် နှစ်ပါး အပြားရှိ၏။ ထို....တွင် ဝိဓိကိုရှေးဦးစွာ ဟောတော်မူ၏။ ။**ဟောဟန်ကား** "ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော" ဟူသည် တည်း။ ဝိဓိကို ဟောတော်မူသည်၏အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ ။ **ဟောဟန်ကား** "ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော" ဟူသည်တည်း။ ။

ကုသလော၊ သော။ ဓမ္မော၊သည်။ အဗျာကတဿ၊ သော။ ဓမ္မဿ၊ အား။ ဟေတုပစ္စယေန၊ဖြင့်။ ပစ္စယော-ဥပကာရကော၊သည်။ ဟောတိ၊၏။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဟေတူ၊တို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ ကုန်သော။ ရူပါနံ၊ တို့အား။ဟေတုပစ္စယေန၊ဖြင့်။ပစ္စယော-ဥပကာရကော၊သည်။ ဟောတိ၊၏။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား- ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ

ကုသိုလ်**ကေဝိသ**။ စေ။ အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အလောဘသည်၊ အဒေါသသည်၊ အမောဟသည်၊ အလောဘ, အဒေါသသည်၊ အလောဘ, အမောဟသည်၊ အဒေါသ,အမောဟသည်၊ အလောဘ, အဒေါသ, အမောဟ သည် စိတ္တဇရုပ်အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ ၏။

ဝိဓိပါဠိတော်ပါဌ်၌ "ကုသလော ဓမ္မော"ဟူသော **ကတ္တားပုဒ်၏ အရကား** စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝိသ။ **စေတသိက် အဌတိံသ**။စိတ္တက္ခဏ တခု တခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့။ **အလောဘ**, အဒေါသ။တိဟိတ်ဖြစ်အံ့။အလောဘ,အဒေါသ,အမောဟ။ ဤဟိတ်နှစ်ပါး, သုံးပါး ပစ္စည်းတရားရ၏။ ။"အဗျာကတဿ ဓမ္မဿ"ဟူသော **သမ္ပဒါန်ပုဒ်၏အရကား** ကုသိုလ်ပြုအပ်သောစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။"ဟေတုပစ္စယေန" ဟူသော**ကရိုဏ်းပါဌ်၏အရကား** စိတ္တဇရုပ်အားတပ်သော ကုသိုလ်ဟိတ်သုံးပါး ဖြစ်အံ့၊ တပ္ပိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု,အဓိပတိ, သဟ ဇာတ,နိဿယ, ဣန္ဒြိယ,မဂ္ဂ, ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတ။ ဤကိုးပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိထိကို ကုသလပဒါဝသာနက အတိုင်းချလေ။ အနုဝါဒ၌ သမ္ပဒါန်ကိုစိတ္တဇ ရုပ်ယူသည်သာထူးသည်)။

## ကုသလော ကုသလာဗျာကတဿ

အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလာ ဗျာကတပဒါဝသာနကို ဟောတော်မူ၏။ထို....၌တုံသော်လည်းဝိဓိ,အနုဝါဒအား ဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် ဝိဓိကို ရှေးဦးစွာဟောတော်မူ၏။ ။ **ဟောဟန်ကား** "ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော" ဟူသည်တည်း။ ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ ။**ဟောဟန်ကား**"ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော" ဟူသည်တည်း။

သမ္ပယုတ္တကာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ ခန္ဓာတို့အားငှင်း။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ ရုပ်တို့အားငှင်း။ ဟေတုပစ္စယေန၊ဖြင့်။ပစ္စယော-ဥပကာရကော၊သည်။ဟောတိ၊၏။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် ကုသိုလ်အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြု ပေ၏။ ။အဘယ်သို့ကျေးဇူးပြုသနည်းဟူမူကား ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သော

အခါ ကုသိုလ်ဧကဝီသ။ စေတသိက် အဋ္ဌတိံသ။ စိတ္တက္ခဏတခုတခု၌ ရှိသော အလောဘသည်။ပ။အလောဘ,အဒေါသ,အမောဟသည် သမ္ပယုတ္တခန္ဓာ, စိတ္တဇ ရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝိဓိပါဠိတော်ပါဌ်၌ "ကုသလော ဓမ္မော"ဟူသော **ကတ္တားပုဒ်၏ အရကား** သမ္ပယုတ္တခန္ဓာ,စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် ဧကဝီသ။ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ,အဒေါသ။ တိဟိတ်ဖြစ်အံ့။အလောဘ,အဒေါသ,အမောဟ၊ဤဟိတ် နှစ်ပါး,သုံးပါးပစ္စည်းတရား ရ၏။ ။"ကုသလဿ အဗျာကတဿ ဓမ္မဿ" ဟူသော **သမ္ပဒါန်ပုဒ်၏ အရကား** "ကုသိုလ်ဧကဝီသ။ စေတသိက် အဋ္ဌတိံသ။ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။"ဟေတုပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်၏အရကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဟိတ်သုံးပါးဖြစ်အံ့။ တပြိုင်နက် ယထာရဟတပ် ကောင်းသော ဟေတု,အဓိပတိ, သဟဇာတ, နိဿယ, ဣန္ဒြိယ, မဂ္ဂ, အတ္ထိ, အဝိဂတ။ ဤရှစ်ပစ္စယ သတ္တိဘို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။

[ပစ္စည်းတပ်ဟန်ဝီထိကို ကုသလပဒါဝသာနကအတိုင်း ဆိုလေ။ ကုသိုလ်လည်းဖြစ်, အဗျာကတလည်းဖြစ်၍၊ ဤနှစ်ပါးစုံသောကြောင့် ပဥ္စဝေါကာရ သာ။ စတုဝေါကာရ မရသင့်]။

**အကုသလော အကုသလဿ**

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒကို ဟောတော်မူ၏။ ထိုအကုသလပဒ၌ တံသော်လည်း အကုသလ ပဒါဝသာန, အဗျာကတပဒါဝသာန, အကုသလာဗျာကတပဒါဝသာန အားဖြင့် သုံးပါး အပြားရှိ၏။ ထို....တွင် အကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "အကုသလော ဓမ္မော အကုသလဿ။ပ။ ပစ္စယော"။

အကုသလော၊အပြစ်နှင့်တကွ မကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော။ ဓမ္မော၊ သည်။ အကုသလဿ၊ သော။ ဓမ္မဿ၊ အား။ ဟေတုပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ အကုသလာ၊ ကုန်သော။ ဟေတူ၊ တို့သည်။ သမ္ပယုတ္တကာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော။ ခန္ဓာနံ၊ အကုသိုလ်ဒွါဒသ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ နာမက္ခန္ဓာတို့အား။ ဟေတုပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။

**အစိပ္ပါယ်ကား—**

အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား အကုသိုလ်ဒွါဒသ။ စေတသိက် သတ္တဝီသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူ ဖြစ်အံ့။ လောဘ, မောဟ။ ဒေါသမူ ဖြစ်အံ့၊ ဒေါသ, မောဟ။ မောဟမူ ဖြစ်အံ့၊ မောဟ။ ဤ ဟိတ်တပါး, နှစ်ပါးသည် အကုသိုလ်ဒွါဒသ။ မောဟမူဒွေး၌ မောဟကြဉ်သော။ စေ။ သတ္တဝီသ သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝိဓိပါဠိတော်ပါဌ်၌ "အကုသလော ဓမ္မော" ဟူသော **ကတ္တားပုဒ်၏ အရကား** သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ်ဒွါဒသ။ စေတသိက် သတ္တဝီသ။ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူ ဖြစ်အံ့၊ လောဘ, မောဟ။ ဒေါသမူ ဖြစ်အံ့။ ဒေါသ, မောဟ။ မောဟမူ ဖြစ်အံ့၊ မောဟ။ ဤ ဟိတ်တပါး, နှစ်ပါး ပစ္စည်းတရား ရ၏။ ။"အကုသလဿ ဓမ္မဿ" ဟူသော **သမ္ပဒါန်ပုဒ်၏ အရကား** အကုသိုလ်ဒွါဒသ။ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ၊ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။"ဟေတုပစ္စယေန" ဟူသော **ကရိုဏ်းပါဌ်၏ အရကား** သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ်ဟိတ် သုံးပါးဖြစ်အံ့။ တပြိုင်နက် တပ်ကောင်းသော ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဤခုနစ်ပစ္စယသတ္တိ တို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

ခန္ဓာဝါရကား "အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ လောဘမူဖြစ်အံ့။ "အကုသလာ ဟေတူ"၏ အရကို လောဘယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရကို သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ ထို့အတူ မောဟ သမ္ပယုတ္တ ခန္ဓာယူ၍ တဝါရ။ လောဘ, မောဟ သမ္ပယုတ္တခန္ဓာ ယူ၍ တဝါရ။ ဒေါသမူဖြစ်အံ့၊ "အကုသလာ ဟေတူ"၏ အရကို ဒေါသယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရကို သမ္ပယုတ္တ ခန္ဓာယူ၍ တဝါရ။ ထို့အတူ မောဟ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ဒေါသ, မောဟ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ မောဟမူဖြစ်အံ့၊ "အကုသလာ ဟေတူ"၏ အရကို မောဟယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရကို သမ္ပယုတ္တခန္ဓာယူ၍ တဝါရ။ ဤသို့လောဘမူ ဖြစ်အံ့။ သုံးဝါရ။ ဒေါသမူ ဖြစ်အံ့။ သုံးဝါရ။ မောဟမူ ဖြစ်အံ့။ တဝါရ။ ဤသို့လျှင် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ဟန်ကား—**

လောကီစိတ် ကောသီတိ။ စေတသိက် ဒွေပညာသ။ ရုပ်အဋ္ဌဝီသ။ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါး တို့တွင် တပါးပါးကို အာရုံပြု၍ အကုသိုလ်

ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော ဘဝင်ကျေနုဝီသတို့တွင် တခုခုသည်။ပ။ ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် လောကီစိတ်ကောသီတိ။ပ။ အာရုံခြောက်ပါး တို့တွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် အကုသိုလ်စိတ်ဒွါဒသတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့။ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံ ဝီထိဖြစ်အံ့။ ဘဝင်ကျေနုဝီသ တို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "အကုသလာ ဟေတူ"၏ အရဖြစ်သော အကုသိုလ်ဒွါဒသ ပဋ္ဌမဇော အစရှိသော စိတ္တက္ခဏ တခုတခု၌ ရှိသော လောဘမူဖြစ်အံ့၊ လောဘ, မောဟ။ ဒေါသမူဖြစ်အံ့၊ ဒေါသ, မောဟ။ မောဟမူ ဖြစ်အံ့။ မောဟကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "အကုသလော ဓမ္မော" ဟု အနုဝါဒပါဠိတော်ပါဠ်၌ "သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရဖြစ်သော သမ္ပယုတ္တခန္ဓာကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍။ ဝိဓိ၌ရင်း။ "အကုသလဿ ဓမ္မဿ"ဟု။ ဤဟိတ်တပါး, နှစ်ပါးသည် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို "ဟေတုပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူ၏။

## အကုသလော အဗျာကတဿ

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတ ပဒါဝသာနကို ဟောတော်မူ၏။ ။**ဟောဟန်ကား** "အကုသလော ဓမ္မော အဗျာကတဿ။ပ။ ပစ္စယော" ဟူသည်တည်း။ (အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား---

အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်းဟူမူကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ။စေ။ သဟ္တဝီသ၊ စိတ္တက္ခဏ တခုတခု၌ ရှိသော လောဘမူဖြစ်အံ့။ လောဘ, မောဟ။ ဒေါသမူဖြစ်အံ့။ ဒေါသ, မောဟ။ မောဟမူဖြစ်အံ့။ မောဟ။ ဤဟိတ်တပါး, နှစ်ပါးသည် စိတ္တဇရုပ်အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝိဓိပါဠိတော်ပါဠ်၌ "အကုသလော ဓမ္မော" ဟူသော **ကတ္တားပုဒ်၏အရကား** စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ။ စေတသိက်သတ္တဝီသ။ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့၊ လောဘ, မောဟ။ ဒေါသမူဖြစ်အံ့၊ ဒေါသ, မောဟ။ မောဟမူဖြစ်အံ့၊ မောဟ၊

ဤဟိတ် တပါး, နှစ်ပါး ပစ္စည်းတရား ရ၏။ ။"အဗျာကတဿ ဓမ္မဿ" ဟူသော သမ္ပဒါန်ပုဒ်၏အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။"ဟေတုပစ္စယေန" ဟူသော ကရိုဏ်းပါဋ်၏အရကား စိတ္တဇရုပ်အား တပ်သော အကုသိုလ်ဒွါဒသဥ် ရှိသော ဟိတ်သုံးပါးဖြစ်အံ့။ တပြိုင်နက် တပ်ကောင်းသော ဟေတု, သဟဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤခြောက်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော ဟေတ္တိဂိသောသ ရ၏။ ။ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။ (ခန္ဓာဝါရ ယူမြဲ)။

## အကုသလော အကုသလာဗျာကတဿ

အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလာဗျာကတပဒါဝသာနကို ဟောတော်မူ၏။ ။ဟောဟန်ကား "အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ။ပ။ ပစ္စယော"။ ။(အနက် အဓိပ္ပါယ်လွယ်ပြီ)။

ဝိဓိပါဠိတော်ပါဋ်၌ "အကုသလော ဓမ္မော" ဟူသော ကတ္တားပုဒ်၏အရကား သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ။စေ။ သတ္တဝိသ စိတ္တက္ခဏ တခု တခု၌ရှိသော လောဘမူ ဖြစ်အံ့။ လောဘ, မောဟ။ ဒေါသမူဖြစ်အံ့။ ဒေါသ, မောဟ။ မောဟမူဖြစ်အံ့။ မောဟ။ ဤဟိတ်တပါး, နှစ်ပါး ပစ္စည်းတရား ရ၏။ ။သမ္ပဒါန်ပုဒ်၏အရကား အကုသိုလ်ဒွါဒသ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်သတ္တဝိသ။ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။"ဟေတုပစ္စယေန" ဟူသော ကရိုဏ်းပါဋ်၏အရကား သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်အား တပ်သော အကုသိုလ် ဟိတ်သုံးပါးဖြစ်အံ့။ တပြိုင်နက် တပ်ကောင်းသော ဟေတု, သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ၊ ဤငါးပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။(ခန္ဓာဝါရ ဆိုမြဲ။ ။ဝိထိကိုလည်း ချမြဲ)။

## အဗျာကတော အဗျာကတဿ

အကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒကို ဟောတော်မူ၏။ထိုအဗျာကတပဒသည် အဗျာကတပဒါဝသာနအားဖြင့် တပါးသာတည်း။ ဝိဓိ,အနုဝါဒအားဖြင့်ကား နှစ်ပါးအပြား ရှိ၏။ ထို...တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။ ။ဟောဟန်ကား "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော" ဟူသည်တည်း။ ။ဝိဓိကို

ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ **ဟောဟန်ကား** "ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော၊ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဟေတုပစ္စယေန ပစ္စယော" ဟူသည်တည်း။ ။(အနက်လွယ်ပြီ)။

**အဓိပ္ပါယ်ကား—**

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား-ပဝတ္တိအခါ သဟိတ်ဝိပါက် ကေဝီသ။ သဟိတ်ကြိယာ သတ္တရသ။ စိတ္တက္ခဏ တခု တခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ, အမောဟ သည် သမ္ပယုတ္တခန္ဓာအားရင်း သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်အားရင်း ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပဋိသန္ဓေအခါ စတုဝေါကာရ ပဋိသန္ဓေလေးခု၌ရှိသော ဟိတ်သုံးပါးသည် သမ္ပယုတ္တခန္ဓာအား၊ ပဉ္စဝေါကာရ သဟိတ်ပဋိသန္ဓေတရသ၌ ရှိသော ဟိတ်နှစ်ပါး,သုံးပါးသည် သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဝိဓိပါဠိတော်ပါဌ်၌ အဗျာကတသည်ပဝတ္တိ,ပဋိသန္ဓေအားဖြင့် နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတိတွင် **ပဝတ္တိအခါ**"အဗျာကတော" **ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရင်း, သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သော သဟိတ်ဝိပါက် ကေဝီသ။ သဟိတ်ကြိယာ သတ္တရသ။စေတသိက် အဋ္ဌတိံသ။ စိတ္တက္ခဏ တခုတခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ။ တိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ,အမောဟ။ဤဟိတ်နှစ်ပါး,သုံးပ၊းပစ္စည်းဘရားရ၏။ ။"အဗျာကတဿ ဓမ္မဿ"ဟူသော **သမ္ပဒါန်ပုဒ်၏ အရကား** သဟိတ်ဝိပါက် ကေဝီသ။ သဟိတ်ကြိယာ သတ္တရသ။ စေတသိက်အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။"ဟေတုပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်၏အရကား** သမ္ပယုတ္တခန္ဓာအားရင်း,သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်ကြိယာဟိတ်သုံးပါးဖြစ်အံ့။တပြိုင်နက် ယထာရဟတပ်ကောင်းသော ဟေတု,အဓိပတိ, သဟဇာတ,အညမည,နိဿယ,ဝိပါက, ဣန္ဒြိယ,မဂ္ဂ,သမ္ပယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ၊ ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။ ။ထိုသုံးပါးတို့တွင် **အရကား** ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။ ။(ခန္ဓာဝါရကား ဆိုမြဲ)။

**ပစ္စည်းတပ်ဟန်ကား—**

ကာမစိတ် စတုပညာသ။စေ။ဒွေပညာသ။ရုပ်အဋ္ဌဝီသဟု ဆိုအပ်သောအာရုံ ခြောက်ပါးတို့တွင် တပါးပါးကိုအာရုံပြု၍ မဟာဝိပါက် ဘဝင်ကိစ္စ, တဒါရုံကိစ္စ ဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့်တူသော မဟာဝိပါက်ဘဝင်ရှစ်ခုတို့တွင် တခုခုသည် ကံ,ကမ္မနိမိတ်, ဂတိနိမိတ် အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ကာမစိတ်စတုပညာသ။ပ။ အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ကာမဇော တခုယုတ်သုံးဆယ်တို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင်မဟာဝိပါက်ရှစ်ခုတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဝိပါက်ရှစ်ခုတို့တွင် တခုခု သည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌“ဝိပါကာဗျာကတာ ဟေတူ”၏ အရဖြစ်သော မဟာဝိပါက်ဘဝင်,တဒါရုံ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ် ဖြစ်အံ့။အလောဘ,အဒေါသ။တိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ,အမောဟ၊ ဤဟိတ်နှစ်ပါး သုံးပါးကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ “ဝိဓိဌ် အဗျာကတော ဓမ္မော”ဟု အနုဝါဒပါဠိတော်ပါဌ်၌ “သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာ နဉ္စ ရူပါနံ”၏ အရဖြစ်သော သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိဌ်ရင်း “အဗျာကတဿ ဓမ္မဿ”ဟု၊ ဤဟိတ်နှစ်ပါး, သုံးပါး သည် သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို “ဟေတုပစ္စယေန ပစ္စယော” ဟု ဟောတော်မူ၏။ ။

[စုတိကိစ္စ တပ်ဟန်ကို ရာသီစုက မရဏာသန္နဝီထိကို မှီ၍ချလေ။ ။ မဟာကြိယာ, မဟဂ္ဂုတ်ကြိယာ, မဟဂ္ဂုတ်ဝိပါက်, လောကုတ္တရာဝိပါက် တို့ကိုလည်း ရာသီစုက အတိုင်းချလေ]။

**ပဋိသန္ဓေအခါ** “အဗျာကတော” **ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရင်း, သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော သဟိတ်ပဋိသန္ဓေသတ္တရသ။ စေတသိက် ပဉ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ။ တိဟိတ်ဖြစ်အံ့။ အလောဘ,အဒေါသ, အမောဟ၊ ဤဟိတ်နှစ်ပါး သုံးပါးပစ္စည်းတရားရ၏။ ။“အဗျာကတဿ ဓမ္မဿ”ဟူသော **သမ္ပဒါန်ပုဒ်၏ အရကား** သဟိတ်ပဋိသန္ဓေသတ္တရသ။စေတသိက်ပဉ္စတိံသ သမ္ပယုတ္တခန္ဓာ,ကဋတ္တာ ရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။“ဟေတုပစ္စယေန”ဟူသော **ကရိုဏ်းပါဌ်၏အရကား** သမ္ပယုတ္တခန္ဓာအားရင်း, သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော **သဟိတ်**ပဋိသန္ဓေ သတ္တရသ၌ရှိသော ဟိတ်သုံးပါးဖြစ်အံ့၊ တပြိုင်နက် ယထာ ရဟ တပ်ကောင်းသော ဟေတု,သဟဇာတ,အညမည,နိဿယ,ဝိပါက,ဣန္ဒြိယ,

မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာန အားဖြင့် ကတ္တားသာတည်း။(ခန္ဓာဝါရကားယူမြဲ)။

**ပစ္စည်းတပ်ဟန်ကား—**

ကာမတဆဲ့တဘုံမှုစုတေ၍ကာမသုဂတိခုနစ်ဘုံ၌ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား တဒါရုံနောင်စုတိ၊ ဇောနောင်စုတိ၊ ဘဝင်နောင် စုတိအားဖြင့် သုံးပါးအပြား ရှိ၏၊ထိုသုံးပါးတို့တွင်တဒါရုံနောင်စုတိဖြစ်ဟန်ကား။ ထင်ရှားရှိသော ဘဝမှရွေ့ လျောသော အားဖြင့် ပစ္စုပ္ပန်ဘဝအဆုံး စုတိဖြစ်လိုလတ်သော် မိမိပဋိသန္ဓေ။ပ။ ကာမဘဝင်တဆယ်တို့တွင်တခုခုသည်ဘဝင်စလန,ဘဝင်ုပစ္ဆေဒ၊ထို့နောင်ကံ,ကမ္မနိမိတ်,ဂတိနိမိတ်အားဖြင့်သုံးပါးတို့တွင်တပါးပါးကို အာရုံပြု၍မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇောငါးကြိမ်,တဒါရုံ ကိစ္စနှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင်ကာမစုတိ တဆယ်တို့တွင် တခုခုသည်ကံ,ကမ္မနိမိတ်,ဂတိနိမိတ်။ပ။ စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ထို့နောင်အဝိဇ္ဇာနုသယသည်ခြံရံအပ်သောတဏှာနုသယလျှင်မူလရှိသော သင်္ခါရဟု ဆိုအပ်သော ဇနကကံသည် ဖြစ်စေအပ်သော မိမိနှင့်သမ္ပယုတ်ဖြစ်ကုန်သော တရားတို့သည် ခြံရံ၍ ယူအပ်သော ဥမိနှင့်တကွနက်ဖြစ်ကုန်သော တရားတို့၏တည်ရာဖြစ်၍ပြဋ္ဌာန်းသောရွေ့နောက်ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့သို့ စပ်တတ်သော မဟာဝိပါက် ပဋိသန္ဓေရှစ်ခုတို့တွင် တခု,ခုသည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ကံ,ကမ္မနိမိတ်,ဂတိနိမိတ် အားဖြင့်သုံးပါး တို့တွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စ တကြိမ်သာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်တဆဲ့ငါးကြိမ်, တဆဲ့ခြောက်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝသစ်ဟု ဆိုအပ်သော မဟာဝိပါက် ပဋိသန္ဓေနာမက္ခန္ဓာ, ကဋတ္တာရုပ်ကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း။ ဘဝသစ်၌ ပြင်းစွာတပ်တတ်သော ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်၊ ထို့နောင် မဟာဝိပါက်ရှစ်ခုတို့တွင် တခု,ခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက် သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌“ဝိပါကာဗျာကတာ ဟေတူ” ၏ အရဖြစ်သော မဟာဝိပါက်ပဋိသန္ဓေ စိတ္တက္ခဏ တခုတခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ။ တိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ, အမောဟ။ ဤဟိတ်နှစ်ပါး, သုံးပါးကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ “အဗျာကတော ဓမ္မော”ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ “သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ” ၏ အရဖြစ်သော သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော် မူ၍ ဝိဓိ၌ငှင်း။ “အဗျာကတဿ ဓမ္မဿ”ဟု ဤဟိတ်နှစ်ပါး,သုံးပါးသည် သမ္ပ-

ယုတ္တခန္ဓာ, ကဋတ္တာရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို "ဟေတုပစ္စယေန ပစ္စယော" ဟု ဟောတော်မူ၏။

[ရူပ, အရူပဘုံမှ စုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏ ဝီထိ။ ကာမသုဂတိ ခုနစ်ဘုံမှစုတေ၍ ရူပ, အရူပဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏ ဝီထိ။ ရူပ, အရူပဘုံအချင်းချင်း၌ ဖြစ်သော ပုဂ္ဂိုလ်၏ ဝီထိ။ ဤဝီထိတို့ကို ရာသီစုက ဆိုခဲ့ပြီးသော နည်းအတိုင်းချလေ]။

ဆဝါရ၌ ပစ္စယုပ္ပန်ကို ပဌာနအားဖြင့် ဟောတော်မူသည်။ ဤပဋ္ဌာဝါရ၌ ပစ္စည်းကို ပဌာနအားဖြင့် ဟောတော်မူသည်။ ထို့ကြောင့် "ကုသလော" ကား ပစ္စည်းတည်း။ "ကုသလဿ" ကား ပစ္စယုပ္ပန်တည်း။ ထို "ကုသလဿ" ဟူသော သမ္ပဒါန်ပုဒ်၏အရကို ဆဝါရ၌ ပဋိစ္စဝါရ, သဟဇာတဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ ဖြစ်အံ့ "ကုသလေန ကုသလံ" ၌ ဟောအပ်၏။ ပစ္စယဝါရ, နိဿယဝါရ ဖြစ်အံ့။ "ကုသလေန ကုသလံ, အဗျာကတေန ကုသလံ, အဗျာကတေန ကုသလာဗျာကတံ" ၌ တစိတ်။ "ကုသလာဗျာကတေန ကုသလံ, ကုသလာဗျာကတေန ကုသလာဗျာကတံ" ၌ တစိတ်။ ဤငါးချက်ကိုထုတ်၍ ဟောအပ်၏။ ။

"ကုသလော အဗျာကတဿ" ၌ "ကုသလော" ကားပစ္စည်း။ "အဗျာကတဿ" ကား ပစ္စယုပ္ပန်တည်း။ ထို "အဗျာကတဿ" အရဖြစ်သော ပစ္စယုပ္ပန် စိတ္တဇရုပ်ကို ဆဝါရ၌ ပဋိစ္စဝါရ, သဟဇာတဝါရ, ဖြစ်အံ့၊ "ကုသလေန အဗျာကတံ, ကုသလာဗျာကတေန အဗျာကတံ" ဤနှစ်ချက်ကိုထုတ်၍ ဟောအပ်၏။ ပစ္စယဝါရ, နိဿယဝါရဖြစ်အံ့။ "ကုသလေန အဗျာကတံ, ကုသလာဗျာကတေန အဗျာကတံ, ကုသလာဗျာကတေန ကုသလာဗျာကတံ" ၌ တစိတ်။ ဤသုံးချက်ကိုထုတ်၍ ဟောအပ်၏။ အကုသလပဒ, အဗျာကတပဒတို့၌လည်း ဤနည်းကို မှီ၍ကြံလေ။

ပစ္စယနိဒ္ဒေသဝါရ၌ကဲ့သို့ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ" ဟု ဟောတော်မမူဘဲ အဘယ့်ကြောင့် ဟေတုသမ္ပယုတ္တကာနံ ခန္ဓာနံ' ဟု ခန္ဓာသဒ္ဒါနှင့် ဟောတော်မူအပ်လေသနည်း။ ပဋိစ္စဝါရ အစရှိသော ဝါရတို့၌ ခန္ဓာ၏ အစွမ်းအားဖြင့် ပစ္စယုပ္ပန္န ဒေသနာကိုတင်တော်မူ၏။ ထိုသို့ဟောတော်မူသော အစဉ်အားဖြင့် ဤပဋ္ဌာဝါရ၌လည်း ဒေသနာကို တင်တော်မူအပ်၏။ ထို့ကြောင့် "ဓမ္မာနံ" ဟု ဟောတော်မမူဘဲ "ခန္ဓာနံ" ဟု ဟောတော်မူအပ်၏။ ပဋိစ္စ အစရှိသော ဝါရတို့၌ အဘယ့်ကြောင့် ခန္ဓာအားဖြင့် ဟောတော် မူအပ်သနည်း ဟူမူကား မရောရှက်သောအားဖြင့် ခွဲဝေခြင်းကို ပြအံ့သောငှါ ဟော

တော်မူအပ်၏။ ။"ဧကံ ခမ္မံ ပဋိစ္စ ဧေသာ ဓမ္မာ" အစရှိသည်ဖြင့် ဟောတော်မူသည်ရှိသော် ခွဲဝေခြင်းဝိသေသမဖြစ် ရောရှက်သည်။ခန္ဓာသဒ္ဒါနှင့် ဟောတော်မူမှ ခွဲဝေခြင်းဝိသေသဖြစ်သည် ဟူလိုသည်။ ။ထို့ကြောင့် အဋ္ဌကထာ(၄၃၄)၌"ပဋိစ္စဝါရာဒီသု ဝါ ခန္ဓဝသေန ပစ္စယုပ္ပန္နဒေသနာ အာရုဠှာတိ တေနေဝါနုက္ကမေန ဣဓာပိ အာရုဠှာတိ။ ကသ္မာပနေတေသု ဧဝံ အာရုဠှာတိ။ အသင်္ကရတော ဝိဘာဂဒဿနတ္ထံ" အစရှိသည်ကို မိန့်အပ်ပြီ။

ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရပြီး၏။

---

## အာရမ္မဏပစ္စည်း

ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရကိုဟောတော်မူ၏။ ထို....၌တုံသော်လည်း ကုသလပဒ, အကုသလပဒ, အဗျာကတပဒ အားဖြင့် သုံးပါးအပြားရှိ၏။ ထို....တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒါဝသာန, အကုသလပဒါဝသာန, အဗျာကတပဒါဝသာန အားဖြင့် သုံးပါးအပြား ရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ဝိဓိအနုဝါဒ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။

## ကုသလော ကုသလဿ

**ဟောဟန်ကား** "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟူသည်တည်း။ ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ **ဟောဟန်ကား** "ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ, တံ။ပ။ ပစ္စယော" ဟူသည်တည်း။

ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ သည်။ ကုသလဿ၊ သော။ ဓမ္မဿ၊ အား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။

ဒါနံ-ဒေယျဓမ္မံ၊ လှူအပ်သော ဒါနဝတ္ထုကို။ ဒတွာ-စဇိတွာ၊ စွန့်၍။ (တနည်းကား) ဒါနံ၊ လှူကြောင်းဖြစ်သော ဒါနစေတနာကို။ ဒတွာ-ပရိယောဒါပေတွာ ဝိသုဒ္ဓိကတွာ၊ စင်ကြယ်ခြင်းကိုပြု၍။ တံ၊ ထိုပရိစ္စာဂစေတနာ, ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

သီလံ--ပဉ္စင်္ဂဒသင်္ဂါဒိဝသေန နိစ္စသီလံ၊ ပဉ္စင်္ဂ, ဒသင်္ဂသီလ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော နိစ္စသီလကို။ သမာဒိယိတွာ-ဂဏှိတွာ၊ ကောင်းစွာ ယူဦးဆောက်တည်ဦး၍။ တံ၊ ထိုပဉ္စင်္ဂသီလ, ဒသင်္ဂသီလ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော နိစ္စသီလကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

ဥပေါသထကမ္မံ၊ ဥပုသ်နေ့၌ သုံးအပ်သော အင်္ဂါဥပုသ်ကို။ ကတွာ၊ ဆောက်တည်ပြီး၍။ တံ၊ ထိုအင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ ပစ္စဝေက္ခတိ၊ ၏။

ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန, သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဈာနံ၊ ဈာန်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ သေက္ခာ၊ သေက္ခဟုဆိုအပ်သော သောတာပန် ပုဂ္ဂိုလ်တို့သည်။ ဂေါတြဘုံ၊ သောတာပတ္တိမဂ်၏ ရှေးဂေါတြဘုကို။ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ [ဤ၌ ဒြပ်ကို ငဲ့၍ ဗဟုဝုစ်ထားသည်]။ သေက္ခာ၊ သေက္ခဟု ဆိုအပ်ကုန်သော သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ ဝေါဒါနံ၊ သကဒါဂါမိမဂ်, အနာဂါမိမဂ်၏ ရှေးဝေါဒါန်ကို။ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ သေက္ခာ၊သေက္ခဟု ဆိုအပ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည်။ မဂ္ဂါ၊ မဂ်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ မဂ္ဂံ၊ မဂ်တရားကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ သေက္ခာဝါ၊ သေက္ခပုဂ္ဂိုလ် တို့သည်ရင်း။ ပုထုဇ္ဇနာဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်ရင်း။ ကုသလံ၊ တေဘူမက ကုသိုလ်ကို။ အနိစ္စတော-အနိစ္စံ်ဣတိ၊ အနိစ္စဟူ၍ ရင်း။ ဒုက္ခတော-ဒုက္ခံ ဣတိ၊ ဒုက္ခဟူ၍ရင်း။ အနတ္တတော-အနတ္တံ ဣတိ၊ အနတ္တဟူ၍ရင်း။ တနည်းကား အနိစ္စတော-အနိစ္စဝသေန၊ အနိစ္စအစွမ်းအားဖြင့်ရင်း။ ဒုက္ခတော-ဒုက္ခဝသေန၊ ဒုက္ခအစွမ်းအားဖြင့် ရင်း။ အနတ္တတော-အနတ္တဝသေန၊ အနတ္တအစွမ်းအားဖြင့် ရင်း။ ဝိပဿန္တိ၊ ဝိပဿနာပြုကုန်၏။

သေက္ခာဝါ၊ တို့သည်ရင်း။ ပုထုဇ္ဇနာဝါ၊ တို့သည်ရင်း။ စေတောပရိယဉာဏေန၊ သူတပါးတို့၏စိတ်ကို ပိုင်းခြား၍ သိသော စေတောပရိယအဘိညာဉ်ဖြင့်။ ကုသလစိတ္တသမင်္ဂိဿ၊ ကုသိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ ဇာနန္တိ၊ သိကုန်၏။ အာကာသာနဉ္စာယတနကုသလံ၊ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည်။ ဝိညာဏဉ္စာယတနကုသလဿ၊ ဖြစ်ဆဲသော ဝိညာဏဉ္စာယတန ကုသိုလ်အား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။ အာကိဉ္စညာယတနကုသလံ၊ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော

အာကိဉ္စညာယတန ကုသိုလ်သည်။ နေဝသညာနာသညာယတနဿ၊ ဖြစ်ဆဲသော နေဝသညာနာသညာယတန ကုသိုလ်အား၊ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဣဒ္ဓိဝိဓဉာဏဿစ၊ ဣဒ္ဓိဝိဓဉာဏ်အား ၎င်း။ စေတောပရိယဉာဏဿစ၊ စေတောပရိယဉာဏ်အား ၎င်း။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿစ၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်အား၎င်း။ ယထာကမ္မုပဂဉာဏဿစ၊ ယထာကမ္မုပဂဉာဏ်အား၎င်း။ အနာဂတံသ ဉာဏဿစ၊ အနာဂတံသဉာဏ်အား၎င်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။

[“ဒါတဗ္ဗန္တိ ဒါနံ”။ ။ဒေယျဓမ္မဒါနဝတ္ထုရစေ။ ။“ဒီယတိ ဧတာယာ တိဒါနံ”။ ။ဒါနစေတနာရစေ။ ။“ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ” အစရှိသည်ကား ဓမ္မာဓိဋ္ဌာန်ဒေသနာ။ “စေတောပရိယဉာဏေန” အစရှိသည်ကား ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာ။ ထို့ကြောင့်အဋ္ဌကထာ (၄၃၅) ၌ “ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿာတိအာဒီဟိ ပုဂ္ဂလံ အနာမသိတွာ ဓမ္မဝသေန ဒဿေတိ။ တေနေဝေတ္ထ ဟေဋ္ဌာ ဂဟိတမ္ပိ စေတောပရိယဉာဏံ ပုန ဝုတ္တံ” ဟု ဆိုအပ်ပြီ]။

**အဝိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ အဘယ်သို့ ကျေးဇူးပြုသနည်းဟူမူကား အန္နပါနအစရှိသော ဒါနဝတ္ထုကို လှူပြီး၍ ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည်ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပဉ္စင်္ဂသီလ,ဒသင်္ဂသီလကို ဆောက်တည်ပြီး၍ ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ပဉ္စင်္ဂသီလ,ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဋ္ဌင်္ဂဥပုသ်ကိုဆောက်တည်ပြီး၍ အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သော အခါ အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန,သီလ,အင်္ဂါ ဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန,သီလ,အင်္ဂါ ဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ မဟဂ္ဂုတ် ကုသိုလ်စျာန်မှထ၍ မဟဂ္ဂုတ်ကုသိုလ်စျာန်ကို ဆင်ခြင်သောအခါ မဟဂ္ဂုတ်ကုသိုလ်စျာန်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သေက္ခ ဟုဆိုအပ်သော သောတာပန် ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်ရှေ့ ဂေါတြဘုကို ဆင်ခြင်သောအခါ ဂေါတြဘုကိစ္စတပ်သော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား။ပ။၏။ သေက္ခဟုဆိုအပ်သော သကဒါဂါမ်,အနာဂါမ်ပုဂ္ဂိုလ်တို့သည် သကဒါဂါမိမဂ်,အနာဂါမိမဂ်၏ ရှေ့ဝေါဒါန်ကို ဆင်ခြင်သောအခါ ဝေါဒါန်ကိစ္စတပ်သော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကုသိုလ်အား။ပ။၏။ သေက္ခဟုဆိုအပ်သော သောတာပန်, သကဒါဂါမ်,အနာဂါမ်ပုဂ္ဂိုလ်တို့သည် မိမိတို့ရသောမဂ်မှထ၍ မိမိရသောမဂ်ကိုဆင်ခြင်သောအခါ မိမိရသောမဂ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ သေက္ခ,ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် တေဘူမကကုသိုလ်ကိုအနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာပြုအပ်သောအခါ တေဘူမကကုသိုလ်သည် ဝိပဿနာပြုသော ကာမကုသိုလ်အား။ပ။၏။

သေက္ခ,ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်စေတောပရိယအဘိညာဉ်ဖြင့်လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးကို၏ ကုသိုလ်စိတ်ကို ပိုင်းခြား၍ သိသောအခါ သူတပါးတို့၏ကုသိုလ် စိတ်သည် စေတောပရိယအဘိညာဉ်။ ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်အား။ပ။၏။ ဤဘဝ,ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကုသိုလ်အား။ ဤဘဝ,ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်သည် ဖြစ်ဆဲသော နေဝသညာနာသညာယတန ကုသိုလ်အား။ပ။၏။ ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမစျာန်သည် ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အား။ လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်စိတ်သည် စေတောပရိယကုသိုလ်အဘိညာဉ်အား။ ပုဗ္ဗေနိဝါသဖြစ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ် စိတ်သည် ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အား။ အတိတ်ဖြစ်သောလောကီကုသိုလ်ကံသည် ယထာ

ကမ္မုပဂကုသိုလ်အဘိညာဉ်အား။ အနာဂတ်ဖြစ်သောအရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသသည် အနာဂတံသကုသိုလ်အဘိညာဉ်အား အာရမ္မဏသတ္တိ။ပ။၏။

ဝိဓိ ပါဠိတော်ပါဌ်၌ "ကုသလော ဓမ္မော" ဟူသော **ကတ္တားပုဒ်၏အရကား** အရဟတ္တမဂ်ကြဉ်သောကုသိုလ် ဝီသ။ စေတသိက် အဋ္ဌတိံသ ပစ္စည်းတရားရ၏။

"ကုသလဿ ဓမ္မဿ" ဟူသော **သမ္ပဒါန်ပုဒ်၏ အရကား** မဟာကုသိုလ်ရှစ်ခု။ ဝိညာဏဉ္စာယတန ကုသိုလ်။ နေဝသညာနာသညာယတန ကုသိုလ်။ ဣဒ္ဓိဝိဓ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မုပဂ, အနာဂတံသ ကုသိုလ်အဘိညာဉ်၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ (ဤကားအကျဉ်းတည်း)။ ။

**တနည်းကား—**

**ကတ္တားပုဒ်၏အရကား** မဟာကုသိုလ် ဉာဏဝိပ္ပယုတ်လေးခု အားတပ်သော လောကီကုသိုလ် သတ္တရသ။ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုအားတပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။ ဝိညာဏဉ္စာယတန ကုသိုလ်အားတပ်သော ဤဘဝ,ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်။ နေဝသညာနာသညာယတနကုသိုလ်အား တပ်သော ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်။ ဣဒ္ဓိဝိဓ ကုသိုလ် အဘိညာဉ်အား တပ်သော ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်။ စေတောပရိယကုသိုလ် အဘိညာဉ်အားတပ်သော လွန်လေပြီးသော ခုနစ်ရက်မှ စ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသ။ ပုဗ္ဗေနိဝါသာ နုဿတိ ကုသိုလ် အဘိညာဉ်အားတပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။ယထာကမ္မုပဂကုသိုလ်အဘိညာဉ်အားတပ်သော အတိတ်ဖြစ်သော လောကီကုသိုလ်ကံ။ အနာဂတံသ ကုသိုလ်အဘိညာဉ်အားတပ်သော အနာဂတ် ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရား ရ၏။ ။(**သမ္ပဒါန်ပုဒ်၏အရကား** ကောက်မြဲ)။ ။"အာရမ္မဏပစ္စယေန" ဟူသော **ကရိဏ်းပါဌ်၏အရကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏ,အာရမ္မဏာဓိပတိ,အာရမ္မဏူပနိဿယ၊ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

"**ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ**"ဟူ၍ဟောတော်မူအပ်သော အနုဝါဒပါဠိတော် ပါဌ်၌ "ဒါနံ"၏ အရကို အန္န,ပါနအစရှိသော ဒါနဝတ္ထု စေတနာကိုယူ၍ "ဒတွာ တံ"၏ အရကို ပရိစ္စာဂစေတနာ, ဝီသောဓနစေတနာ ပြဋ္ဌာန်းသော

ကာမကုသိုလ်ယူ၍ "ပစ္စဝေက္ခတိ"၏ အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ဟန်ကား—**

အန္န, ပါန, ဃရ, ဝတ္ထ အစရှိသော ဒါနဝတ္ထုကို လှူလိုလတ်သည်ရှိသော် ထိုဒါယကာ၏ ပဋိသန္ဓေစိတ်နှင့်တူသောစိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် အန္န,ပါန,ဃရ,ဝတ္ထ အစရှိသော ဒါနဝတ္ထုကို ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဝိဘူတာရုံ ဝီထိ ဖြစ်အံ့၊ "တဒါရုံကိစ္စ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ အဝိဘူတာရုံဝီထိဖြစ်အံ့။ ပဥ္စဝေါကာရဘဝင် တဆဲ့ငါးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အန္န,ပါန အစရှိသော ဒါနဝတ္ထုကို လှူ၏။ ထို့နောင် ထိုဒါနဝတ္ထုကိုအာရုံပြု၍ တဒနုဝတ္တကမနောဒွါရ ဝီထိ တို့သည် ဖြစ်ကုန်၏။ ။

အန္န,ပါန,ဃရ, ဝတ္ထအစရှိသော ဒါနဝတ္ထုကို လှူပြီးသောဒါယကာသည် ပရိစ္စာဂစေတနာ,ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင် လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အားဖြင့် သုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။ ထို့နောင် ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာ ကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံဝီထိ ဖြစ်အံ့။ တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့။ ပဥ္စဝေါကာရ ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ ထို့နောင် ပရိစ္စာဂစေတနာ,ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကိုအာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိ တို့သည် များစွာဖြစ်ကုန်၏။ ။

ထိုသို့ဖြစ်သောအခါ "ဒတွာ တံ"၏ အရဖြစ်သော ပရိစ္စာဂစေတနာ,ဝိသော ဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ပိဋ္ဌိ၌ "ကုသလော ဓမ္မော"ဟု အနုဝါဒပါဠိတော်ပါဌ်၌ "ပစ္စဝေက္ခတိ" အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍။ ပိဋ္ဌိ၌ရှင်း "ကုသလဿ ဓမ္မဿ" ဟု၊ ပရိစ္စာဂစေတနာ, ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမ

ကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို "အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဟောတော်မူ၏။

**"သီလံ သမာဒိယိတွာ တံပစ္စဝေက္ခတိ"** ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "သီလံ"၏ အရကို ပဉ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ပစ္စဝေက္ခတိ"၏အရကို ဆင်ခြင်သော ကာမကုသိုလ်၍ယူ၍။ ပဉ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ဟန်ကား—**

ပါဏာတိပါတ အစရှိသော ကံငါးပါးမှ ကြဉ်လိုလတ်သည်ရှိသော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည်။ပ။၏။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် **ပါဏာတပါတ**မှကြဉ်သည်ဖြစ်အံ့၊ ရုပ်ဇီဝိတိန္ဒြေကိုရင်း။ ထိုရုပ်ဇီဝိတိန္ဒြေကို အာရုံပြု၍ ဖြစ်သော အကုသိုလ်စေတနာ ပြဋ္ဌာန်းသော ဒေါသမူ, မောဟမူစိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့် ဖြစ်သော ကာယဝိညတ်ကိုရင်း အာရုံပြု၍....**အဒိန္နာဒါန**မှ ကြဉ်သည်ဖြစ်အံ့။သူ့ဥစ္စာကိုရင်း။ ထိုဥစ္စာကို အာရုံပြု၍ဖြစ်သော အကုသိုလ်စေတနာ ပြဋ္ဌာန်းသော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ်ကိုရင်း၊ အာရုံပြု၍ **ကာမေသုမိစ္ဆာစာရ**မှ ကြဉ်သည်ဖြစ်အံ့။ မာတုရက္ခိတ အစရှိသော မိန်းမကိုသော်ရင်း။ ထိုမိန်းမကို အာရုံပြု၍ဖြစ်သော အကုသိုလ်စေတနာ ပြဋ္ဌာန်းသော လောဘမူ, မောဟမူ စိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ်ကိုရင်း အာရုံပြု၍....**မုသာဝါဒ**မှ ကြဉ်သည်ဖြစ်အံ့။ မဟုတ်မမှန်သော ဝတ္ထုကိုရင်း။ ထိုမဟုတ်မမှန်သော ဝတ္ထုကို အာရုံပြု၍ ဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်။ ထို စိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ်၊ ဝစီဝိညတ်ကိုရင်း၊ အာရုံပြု၍.... **သုရာမေရယ မဇ္ဇပမာဒဋ္ဌာန**မှ ကြဉ်သည် ဖြစ်အံ့။ ယစ်မျိုးကိုရင်း။ ထိုယစ်မျိုးကို အာရုံပြု၍ ဖြစ်သော အကုသိုလ်စေတနာ ပြဋ္ဌာန်းသော လောဘမူ၊ မောဟမူ စိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ်ကိုရင်း၊ အာရုံပြု၍.... မနောဒွါရာဝဇ္ဇန်း။ မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤ ဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့် ပါဏာတိပါတ အစရှိသော အမှုမှကြဉ်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ ဝီထိ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ပါဏာတိပါတ အစရှိသော အမှုမှကြဉ်ပြီးသော ပုဂ္ဂိုလ်သည် ပဉ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လိုလတ်သော်။မိမိပဋိသန္ဓေ။ပ။ ဘဝင်စလန။ ဘဝင်ုပစ္ဆေဒဖြစ်၍ ချုပ်၏။ ထို့နောင် ပဉ္စင်္ဂသီလစေတနာ

ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့။ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံ ဝီထိဖြစ်အံ့။ ကာမဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပဉ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "သီလံ သမာဒိယိတွာ တံ"၏ အရဖြစ်သော ပဉ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ် ဖြင့် ယူတော်မူ၍။ ဝိဘတ်၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒ ပါဠိတော်ပါဠ်၌ "ပစ္စဝေက္ခတိ"၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ် ဖြင့် ယူတော်မူ၍ ဝိဘတ်၌ငင်း "ကုသလဿ ဓမ္မဿ"ဟု ပဉ္စင်္ဂသီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို "အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဟောတော်မူ၏။ ။(ဤဝီထိကား ပဉ္စင်္ဂသီလဘို့)။

**"သီလံ သမာဒိယိတွာ တံ ပစ္စဝေက္ခတိ"**ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "သီလံ သမာဒိယိတွာ တံ"၏ အရကို ဒသင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ပစ္စဝေက္ခတိ"၏ အရကို ဆင်ခြင်သော ကာမ ကုသိုလ် ယူ၍ ဒသင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင် သော ကာမကုသိုလ်အား အာရမ္မဏ။ပ။၏။

**ပစ္စည်းတပ်ဟန်ကား—**

ပါဏာတိပါတ အစရှိသော ကံဆယ်ပါးမှ ကြဉ်လိုလတ်သော် မိမိ ပဋိ သန္ဓေ။ပ။ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ပါဏာတိပါတမှ ကြဉ်သည် ဖြစ်အံ့။ (ဆိုမြဲ။ အာဒိန္နာဒါနဆိုမြဲ)။ ။အဗြဟ္မစရိယာမှ ကြဉ်သည်ဖြစ်အံ့။ သူတော်ကောင်းတို့သည် စက်ဆုပ်အပ်သော မေထုန် အကျင့်ကိုသော်ငင်း။ ထိုအကျင့်ကို အာရုံပြု၍ဖြစ်သော အကုသိုလ်စေတနာ ပြဋ္ဌာန်းသော လောဘမူ, မောဟမူ စိတ္တုပ္ပါဒ်ကို ငင်း အာရုံပြု၍....မုသာဝါဒ, ပိသုဏဝါစာ, ဖရုသ ဝါစာ, သမ္ဖပ္ပလာပမှကြဉ်သည် ဖြစ်အံ့။ လောဘမူ၊ ဒေါသမူ၊ မောဟမူစိတ္တုပ္ပါဒ်။ သဝိညတ္တိက ဝစီဘေဒသဒ္ဒဟု ဆိုအပ်သော ဝစီဝိညတ်ကိုငင်း။ ထိုဝစီဝိညတ်ကို အာရုံပြု၍ ဖြစ်သော အကုသိုလ်စေတနာ ပြဋ္ဌာန်းသော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ကိုငင်း အာရုံပြု၍....(သုရာမေရယမဇ္ဇပမာဒဋ္ဌာနာကို ဆိုမြဲ)။ ။

ဝိကာလဘောဇနမှ ကြဉ်သည်ဖြစ်အံ့။ ဘောဇဉ်၌တည်သော ရူပါရုံ အစရှိသော အစိတ်အပေါင်း ရုပ်ကိုငှင်း။ ထိုဘောဇဉ်၌ တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုငှင်း အာရုံပြု၍....နစ္စ, ဂီတ, ဝါဒိတ, ဝိသူက, ဒဿနမှ ကြဉ်သည် ဖြစ်အံ့။ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း အစရှိသောရူပါရုံ, သဒ္ဒါရုံကိုငှင်း။ ထိုအာရုံအား တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုငှင်း အာရုံပြု၍.... မာလာဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနမှ ကြဉ်သည်ဖြစ်အံ့။ နံ့သာပန်း အစရှိသည်ဖြင့် ဆင်ယင်ခြင်း အစရှိသော ရူပါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ကိုငှင်း။ ထိုအာရုံ၌ တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုသော်ငှင်း အာရုံပြု၍... ဥစ္စာသယန မဟာသယနမှ ကြဉ်သည်ဖြစ်အံ့။ မြင့်သောနေရာ မြတ်သောနေရာ၌ တည်သော ရူပါရုံ၊ ဖောဋ္ဌဗ္ဗာရုံကိုငှင်း။ ထိုအာရုံ၌ တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုသော်ငှင်း အာရုံပြု၍....ဇာတရူပ, ရဇတ ပဋိဂ္ဂဟဏမှ ကြဉ်သည်ဖြစ်အံ့။ ထိုဇာတရူပ,ရဇတ၌တည်သော ရူပါရုံ၊ ဖောဋ္ဌဗ္ဗာရုံ ကိုငှင်း။ ထိုအာရုံ၌ တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုသော်ငှင်း အာရုံပြု၍....မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့။ တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့။ ဘဝင်ဖြစ်ထိုက်ရွေ့ ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပါဏာ-တိပါတ အစရှိသောအမှုမှ ကြဉ်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိဖြစ်ထိုက်သရွေ့ ဖြစ်၏။

ပါဏာတိပါတ အစရှိသောအမှုမှ ကြဉ်ပြီးသော ပုဂ္ဂိုလ်သည် ဒသင်္သီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ။ ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟူ ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဒသင်္သီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့။ တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့။ ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဒသင်္သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိတို့သည် ဖြစ်ထိုက်သရွေ့ ဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒ ပါဠိတော်ပါဠ်၌ "သီလံ သမာဒိယိတွာ တံ" ၏ အရဖြစ်သော ဒသင်္သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်း အဖြစ်ဖြင့် ယူတော်မူ၍။ ဝိမိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်

ပါဠိ၌ "ပစ္စဝေက္ခတိ" ၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ငှင်း "ကုသလဿ ဓမ္မဿ" ဟု ဒသက် သီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ် အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို "အာရမ္မဏပစ္စယေန ပစ္စယော" ဟု ဟောတော်မူ၏။ ။(ဤဝီထိကား ဒသက်သီလဘို)။

**"ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ"** ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠိ၌ "ဥပေါသထကမ္မံ ကတွာ တံ" ၏ အရကို အဋ္ဌင် ဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ၍ "ပစ္စဝေက္ခတိ" ၏ အရ ကို ဆင်ခြင်သော ကာမကုသိုလ်ကိုယူ၍ အဋ္ဌင်ဥပေါသထစေတနာ ပြဋ္ဌာန်း သော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိ ဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ဟန်ကား—**

ပါဏာတိပါတ အစရှိသော ကံရှစ်ပါးမှ ကြဉ်လိုလတ်သည်ရှိသော် မိမိ။ပ။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။ ထို့နောင် (ပါဏာတိပါတ ဆိုမြဲ။ အဒိန္နာဒါနဆိုမြဲ။ အဗြဟ္မစရိယာဆိုမြဲ။ မုသာဝါဒါ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ သမ္ဖပ္ပလာပဆိုမြဲ။ သုရာမေရယဆိုမြဲ။ ဝိကာလဘောဇနဆိုမြဲ)။ နစ္စ, ဂီတ, ဝါဒိတ, ဝိသူက, ဒဿန, မာလာဂန္ဓ,ဝိလေပန,ဓာရဏ,မဏ္ဍန,ဝိဘူသနဋ္ဌာနမှ ကြဉ်သည်ဖြစ်အံ့။ကခြင်း။ပ။ ကိုငှင်း။ နံ့သာပန်း အစရှိသည်ဖြင့် ဆင်ယင်ခြင်း။ပ။ ကိုငှင်း။ အာရုံပြု၍.... ဥစ္စာသယန၊ မဟာသယန။ပ။ ကိုငှင်း အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ မဟာ ကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့။ တဒါရုံ, ဘဝင်။ အဝိဘူတာရုံ ဝီထိဖြစ်အံ့။ ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပါဏာတိပါတ အစရှိသော အမှုမှကြဉ်၏။ (အကြွင်းဒသက် ဆိုရိုးနှင့်တူပြီ။ ဒသက်သီလကို အဋ္ဌင်သီလဟု လည်း၍ ဆိုသည် သာ ထူးသည်။ ဤဝီထိကား အဋ္ဌင်သီလဘို)။

> [ပဉ္စင်သီလကား လူတို့၌, ဒသက်သီလကား သာမဏေတို့၌ နိစ္စသီလ တည်း။ အာဒိဝန်ကား ရဟန်းပဉ္စင်းတို့၌ စတုပါရိသုဒ္ဓိသီလ, ဝတ္တသီလ တို့ကို ယူရာ၏။ အဋ္ဌင်သီလကား ဥပုသ်နေ့၌ လူတို့ဆောက်တည်ရသော ဥပေါသထကမ္မတည်း။ စွမ်းနိုင်လျှင် နေ့တိုင်းမပြတ်ပင် ဆောက်တည် အပ်၏]။

**"ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ "**ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိ တော်ပါဠိ၌ "ပုဗ္ဗေ သုစိဏ္ဏာနိ" ၏ အရကို ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီး

သော ဒါန, သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ပစ္စဝေက္ခတိ"၏အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ရှေး၌အလေ့အကျက် ပြုအပ်ကုန်သော ဒါန, သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား။ပ။ ၏။

ပစ္စည်းတပ်ဟန်ကား—

ရှေး၌ အလေ့အကျက် ပြုအပ်ကုန်သော ဒါန, သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။ ထို့နောင် ရှေး၌ အလေ့အကျက် ပြုအပ်ကုန်သော ဒါန, သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍။ ထို့နောင် ဝိဘူတာရုံ ပိထိဖြစ်အံ့။ တဒါရုံ,ကာမဘဝင်။ အဝိဘူတာရုံ ဝိထိဖြစ်အံ့။ ဘဝင်ဖြင့်ထိုက်သရွေ့။ ဤဝီထိ စိတ္တုပ္ပါဒ်တို့ဖြင့် ရှေး၌ အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန, သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို ဆင်ခြင်၏။ ထို့နောင် ထိုအာရုံတို့ကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ ဝီထိဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌"ပုဗ္ဗေ သုစိဏ္ဏာနိ"၏ အရဖြစ်သော ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန, သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍။ ဝိဓိ၌ "ကုသလော မဗ္ဗော"ဟု၊အနုဝါဒပါဠိတော်ပါဠ်၌"ပစ္စဝေက္ခတိ"၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ရှင်း "ကုသလဿ ဓမ္မဿ"ဟု ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန,သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့်။ပ။ ၏။

[ဝိရတိကား တစုံတယောက်သော သူ၏ အထံ၌ မဆောက်တည်မူ၍ မိမိအလိုလို ပါဏာတိပါတ အစရှိသည်မှ ကြဉ်ရှောင်သော သမ္ပတ္တဝိရတိ, တစုံတယောက်သော သူ၏ အထံ၌ ဆောက်တည်၍ ကြဉ်ရှောင်သော သမာဒါနဝိရတိ, မဂ်ဖြင့် ကိလေသာကို ဖြတ်ခြင်းဟု ဆိုအပ်သော သမုစ္ဆေဒဝိရတိဟူ၍ သုံးပါးတို့တွင် "သီလံ သမာဒိယိတွာတိ ပဥ္စင်္ဂဒသင်္ဂသီလာဒိဝသေန နိစ္စသီလံ ဂဏှိတွာ။ဣမိနာ သမာဒါနဝိရတိယောဒဿိတာ"ဟု အဋ္ဌကထာ(၄၃၅)၌ ဆိုသောကြောင့် သမာဒါနဝိရတိကို ယူအပ်၏။ "သမ္ပတ္တဝိရတိ သမုစ္ဆေဒဝိရတိယော ပန လောကေ သီလန္တိ

အပါကဋ္ဌတ္တာ နဝုတ္တာ။ ကိဥ္စာပိ နဝုတ္တာ။ အာရမ္မဏပစ္စယာ ပန ဟောန္တိ ယေဝ''။ ။အဋ္ဌကထာပါဠ် (၄၃၅)။ ။အဓိပ္ပါယ်ကား သမ္မတ္တဝိရတိ, သမုစ္ဆေဒဝိရတိ တို့ကို လောကဥ္စ် သိလဟူ၍ မထင်ရှားသောကြောင့် ဤ၌မဟောအပ်ကုန်။ ထိုသို့ပင် မဟောအပ်ကုန်သော်လည်း အာရမ္မဏ ပစ္စည်း ဖြစ်ကုန်၏ ဟူလိုသည်။ ''တတ္ထ သမုစ္ဆေဒဝိရတိ သေက္ခာနံယေဝ ကုသလဿ အာရမ္မဏံ ဟောတိ နတ္ထတရေသံ''ဟု အဋ္ဌကထာ(၄၃၅)၌ ဆိုသောကြောင့် သေက္ခပုဂ္ဂိုလ်အား သမုစ္ဆေဒဝိရတိသည် အာရမ္မဏ ပစ္စည်း ဖြစ်၏]။

**''ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ''** ဟူ၍ဟောကော်မူအပ်သောအနုဝါဒ ပါဠိတော်ပါဠ်၌ ''ဈာနံ''၏ အရကို မဟဂ္ဂုတ်ကုသိုလ်ဈာန် ကိုးခုယူ၍။ ''ပစ္စဝေက္ခတိ''၏ အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ မဟဂ္ဂုတ်ကုသိုလ် ဈာန်ကိုးခုသည် ဆင်ခြင်သော ကာမကုသိုလ်အား။ အာရမ္မဏ။ပ။ ၏။

**ပစ္စည်းတပ်ဟန်ကား—**

ပဉ္စမဈာန်ကို ရလတ္တံ့သော တိဟိတ်ကာမပုဂ္ဂိုလ်သည် ပထဝီကသိုဏ်း အစရှိသော ပညတ်ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပထဝီ, ပထဝီ အစရှိသော အားဖြင့် စီးဖြန်းဘန်များ၍ ပဉ္စမဈာန်ကို ရလိုလတ်သော် မိမိပဋိသန္ဓေ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။ ၏။ ထို့နောင် ပထဝီ အစရှိသော ပညတ် ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ထို့နောင် မဟာကုသိုလ် ပဉ္စမဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု ဟု လေးကြိမ်, သုံးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် အာဒိကမ္မိက ဖြစ်၍ တကြိမ်သာ အပ္ပနာ သမာဓိဇော ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ကာမတိဟိတ် ဘဝင်လေးခု တို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ပဉ္စမဈာန်ကိုရပြီးသော တိဟိတ်ကာမ,ရူပပုဂ္ဂိုလ်သည် ပဉ္စမဈာန်၌ အကျုံး ဝင်သော ဝိတက်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။၏။ ထို့နောင် ဝိတက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ်, လေးကြိမ်, ငါးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤဝီထိဖြင့် ငါရသော ပဉ္စမဈာန်ကား ဝိတက်ဟူသော ဈာန်အင်္ဂါရှိ၏ဟု သိ၏။ ။

ထို့အတူ ဝိစာရကို ဆင်ခြင်သည် တဝီထိ, ပီတိကိုဆင်ခြင်သည် တဝီထိ, သုခကို ဆင်ခြင်သည် တဝထိ, ဧကဂ္ဂတာကိုဆင်ခြင်သည် တဝီထိ,အပေါင်းကိုဆင်ခြင်သည် တဝီထိ။ ဤသို့လျှင် ပဋ္ဌမစျာန်၌ ပစ္စဝေက္ခဏာ ခြောက်ဝီထိဖြစ်သတည်း။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဋ်၌ “စျာနံ”၏ အရဖြစ်သော ပဌမစျာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ “ကုသလော ဓမ္မော”ဟု၊ အနုဝါဒပါဠိတော်ပါဋ်၌ “ပစ္စဝေက္ခတိ”၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ရင်း “ကုသလဿ ဓမ္မဿ”ဟု ရူပါဝစရ ပဋ္ဌမစျာန် ကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့်॥ပ॥၏॥

ပဋ္ဌမစျာန်ကိုရပြီးသော တိဟိတ် ကာမ, ရူပ ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်သည် ဝသီဘော်ငါးပါးတို့ဖြင့် အလေ့အလာပြု၍ ပဋ္ဌမစျာန်ကို ဝင်စားလိုလတ်သော်မိမိ ပဋ္ဌိသန္ဓေ॥ပ॥ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ॥၏॥ ထို့နောင် ပထဝီ ကသိုဏ်း အစ ရှိသော ပညတ် ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း॥ ထို့နောင် မဟာကုသိုလ် ပဋ္ဌမဒွေးတို့တွင် တခုခုသည် မန္ဒ, တိက္ခအား လျော်စွာ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်, သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ စျာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဋ္ဌမစျာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာသမာပိဇောကိစ္စ များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ကာမတိဟိတ် ဘဝင်လေးခု၊ ရူပဘဝင်ငါးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ပဋ္ဌမစျာန်ကို ဝင်စားပြီးသော တိဟိတ်ကာမ, ရူပပုဂ္ဂိုလ်သည် ပဋ္ဌမစျာန်၌ အကျုံးဝင်သော ဝိတက်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ॥ပ॥ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ॥၏॥ ထို့နောင် ဝိတက်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း॥ မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စခုနစ်ကြိမ်, လေးကြိမ်, ငါးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ကာမတိဟိတ် ဘဝင်လေးခု၊ ရူပဘဝင်ငါးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ॥ဤဝီထိဖြင့် ငါဝင်စားသော ပဋ္ဌမစျာန်ကား ဝိတက်ဟူသော စျာန်အင်္ဂါရှိ၏ဟု သိသတည်း။ ॥ ထို့အတူ ဝိစာရကို ဆင်ခြင်သည် တဝီထိ, ပီတိကိုဆင်ခြင်သည် တဝီထိ, သုခကို ဆင်ခြင်သည် တဝီထိ, ဧကဂ္ဂတာကိုဆင်ခြင်သည် တဝီထိ, အပေါင်းကိုဆင်ခြင်သည် တဝီထိ။ဤသို့လျှင် ပဋ္ဌမစျာန်၌ ပစ္စဝေက္ခဏာ ခြောက်ဝီထိ ဖြစ်သတည်း။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဋ်၌ “စျာနံ”၏ အရဖြစ်သော ပဋ္ဌမစျာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ “ကုသလော ဓမ္မော”ဟု

အနုဝါဒပါဠိတော်ပါဌ်၌ "ပစ္စဝေက္ခတိ"၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိမိဉ်ရင်း "ကုသလဿ မမ္မဿ" ဟု ရူပါဝစရ ကုသိုလ် ပဌမဈာန်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့်။ပ။၏။

["ဈာနံ ဝုဋ္ဌဟိတွာ, ဈာနာ ဝုဋ္ဌဟိတွာ" နှစ်ချက်တွင် တချက်ချက် ရှိသင့်၏။ ထို့ကြောင့် အဋ္ဌကထာ(၄၃၅)၌ "ဈာနံ ဝုဋ္ဌဟိတွာတိ ဈာနာ ဝုဋ္ဌဟိတွာ အယမေဝဝါ ပါဠိ"ဟု မိန့်အပ်၏။[၁] ။"ဈာနံ" အရကို အာဒိကမ္မိကယူသော် "ဝုဋ္ဌဟိတွာ" အရကို ဘဝင်ယူလေ။ ထို့နောင် ပစ္စဝေက္ခဏာ။ ။တနည်း။ "ဈာနံ" အရကို သမာပဇ္ဇနယူ၍ "ဝုဋ္ဌဟိတွာ" အရကို ဘဝင်ရင်းယူ။ ထို့နောင် ပစ္စဝေက္ခဏာဝီထိ။ ဤသို့ နှစ်နည်း ယူလေ]။

ပဌမဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပပုဂ္ဂိုလ်သည် ငါရသော ပဌမဈာန်ကား နီဝရဏဟူသော နီးသောရန်သူ ရှိ၏။ ဝိတက်ဟူသော ရုန့်ရင်းသောအင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏ အားသည်နည်း၏ဟု ပဌမဈာန်၌ အပြစ်ကိုမြင်၍ ပဌမဈာန်၌ တပ်ခြင်းကိုစွန့်၍ ဒုတိယဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ ပထဝီကသိုဏ်းအစရှိသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပထဝီ, ပထဝီ အစရှိသောအားဖြင့် စီးဖြန်းဘန်များ၍ ဒုတိယဈာန်ကို ရလိုလတ်သော်....

[အဘိဓမ္မတ္ထသင်္ဂြိုဟ်, ရာသိစုတို့၌ ချသည့်အတိုင်း မဟဂ္ဂုတ် ကုသိုလ်ဈာန်ကို အကုန်ချ၍ ပစ္စဝေက္ခဏာ ဝီထိကိုလည်း ပဌမဈာန်ကိုမှီ၍ ဒုတိယဈာန်ဖြစ်အံ့ ဝိစာရ အစရှိသည်ကို ဆင်ခြင်။ တတိယဈာန်ဖြစ်အံ့၊ ပီတိအစရှိသည်ကို ဆင်ခြင်။ စတုတ္ထဈာန်ဖြစ်အံ့၊ သုခ အစရှိသည်ကို ဆင်ခြင်။ ပဉ္စမဈာန်ဖြစ်အံ့။ ဥပေက္ခာ အစရှိသည်ကို ဆင်ခြင်။ အရူပဈာန်ဖြစ်အံ့၊ ဥပေက္ခာ အစရှိသည်ကို ဆင်ခြင်။ဤသို့ အသီးအသီး ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတို့ကို ချလေ]။

**"သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ"**ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "ဂေါတြဘုံ"၏ အရကို သောတာပတ္တိမဂ်၏ရှေး ဂေါတြဘု ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ" အရကို သောတာပန် သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍

၁။ ၁၃၁၉-ခု ရိုက် ဆဋ္ဌမူ၌ ဈာနာ ဝုဋ္ဌဟိတွာတိ ဈာနာ ဝုဋ္ဌဟိတွာ၊ အယမေဝ ဝါ ပါဠိ-ဟုရှိ၏။

ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပဌမဒွေး, တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား—**

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ရလတ္တံ့သော တိဟိတ်ကာမ, ရူပ ပုဂ္ဂိုလ်သည် တေဘုမ္မက သင်္ခါရတို့ကို "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ဟူ၍၎င်း "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"ဟူ၍၎င်း "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူ၍၎င်း၊ စီးဖြန်းဘန် များ၍ သောတာပန် အဖြစ်ကို ရလိုလတ်သော်....(ဤသို့အစရှိသည်ဖြင့် ရာသီစု အတိုင်း သောတာပတ္တိ မဂ္ဂဝီထိကို ချလေ)။

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်၏ရှေး ဂေါတြဘုကို ဆင်ခြင်လို လတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည်။ပ။ ဘဝင်စလန, ဘဝင် ပစ္ဆေဒ။၏။ ထို့နောင် သောတာပတ္တိမဂ်၏။ ရှေးဂေါတြဘုကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ပဥ္စဝေါကာရ တိဟိတ် ဘဝင် ကိုးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "ဂေါတြဘုံ"၏ အရဖြစ်သော သောတာပတ္တိမဂ်၏ ရှေးဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဘဂ်၌ "ကုသလော ဓမ္မော"ဟူ၊ အနုဝါဒပါဠိတော်ပါဠ်၌ "ပစ္စဝေက္ခန္တိ"၏ အရဖြစ်သော ဆင်ခြင်သော ကာမ ကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဘဂ်၌၎င်း "ကုသလဿ ဓမ္မဿ"ဟု ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးသည် ဆင်ခြင် သော ကာမကုသိုလ်အား။ အာရမ္မဏ။၏။

**"သေက္ခာ ဝေါဒါနံ ပစ္စဝေက္ခန္တိ"**ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ "ဝေါဒါနံ"၏ အရကို သကဒါဂါမိမဂ် အနာဂါမိမဂ်၏ ရှေး ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးယူ၍။ "သေက္ခာ ပစ္စဝေက္ခန္တိ"အရကို သကဒါဂါမ်, အနာဂါမ်သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယ ဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား။ အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား—**

သကဒါဂါမိမဂ္ဂဝီထိ, အနာဂါမိမဂ္ဂဝီထိတို့ကို ရာသီစုက အတိုင်းချ။ ။ သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်, အနာဂါမိမဂ်၏ရှေး ဝေါဒါန် ကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးကို ဆင်ခြင်လိုလတ်သော် မိမိ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။ ထို့နောင် ဝေါဒါန်ကိစ္စတပ်သော မဟာ

ကုသိုလ် ပဌမဒွေး, တတိယဒွေးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင်တေရသတို့တွင် တခုခုသည် ဘဝင်ဖြစ်ထိုက် သရွေ့ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ ဝေါဒါန်၏ အရဖြစ်သော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော" ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရဖြစ်သော သကဒါဂါမ်, အနာဂါမ် သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ရင်း "ကုသလဿ ဓမ္မဿ" ဟု ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား။ အာရမ္မဏ။ပ။၏။

**"သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ"** ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "မဂ္ဂံ"၏ အရကို အောက်မဂ်သုံးခုယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို သောတာပန်, သကဒါဂါမ်,အနာဂါမ် သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်ယူ၍။ အောက်မဂ်သုံးခုသည် ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုအား။ အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား—**

သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကိုရလတ္တံ့သော တိဟိတ်ကာမ, ရူပ ပုဂ္ဂိုလ်သည် တေဘုမ္မက သင်္ခါရကို အာရုံပြု၍ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ဟူ၍ ရင်း၊ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" ဟူ၍ရင်း၊ "သဗ္ဗေ ဓမ္မာ အနတ္တာ" ဟူ၍ရင်း စီးဖြန်းဘန်များ၍ သောတာပန်အဖြစ်ကို ရလိုလတ်သော် ဘဝင်စလန, ဘဝင် ုပစ္ဆေဒ....(အစရှိသည်ဖြင့် ရာသီစုကအတိုင်း သောတာပတ္တိမဂ်ဝီထိကို ချလေ)။

သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။ ထို့နောင် သောတာပတ္တိမဂ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ပဥ္စဝေါကာရ တိဟိတ် ဘဝင် ဖြစ် ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ "မဂ္ဂံ"၏ အရဖြစ်သော သောတာပတ္တိမဂ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော" ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ "ပစ္စဝေက္ခတိ"၏ အရဖြစ်သော ဆင်ခြင်

သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိဥ္စရင်း "ကုသလဿ ဓမ္မဿ"ဟု သောတာပတ္တိမဂ်သည် ဆင်ခြင်သော ကာမကုသိုလ်အား။ အာရမ္မဏ။ ၏။

သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကို ရလတ္တံ့သော တိဟိတ်ကာမ, ရူပ, အရူပ ပုဂ္ဂိုလ်သည် တေဘူမ္မကသင်္ခါရတို့ကို အာရုံပြု၍ "သင်္ခါရေ အနိစ္စာ"ဟူ၍ ရင်း....(ဤသို့ အစရှိသည်ဖြင့် ရာသီစုအတိုင်း သကဒါဂါမိ မဂ္ဂဝီထိကိုချလေ)။

သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကို ရပြီးသော သကဒါဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ကို ဆင်ခြင်လိုလတ်သော် မိမိ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။ ၏။ ထို့နောင် သကဒါဂါမိမဂ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာ ကုသိုလ်ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ် ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင်တေရသတို့တွင် တခုခုသည် ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌....(သောတာပတ္တိမဂ် အတိုင်း ဆိုလေ။ ။အနာဂါမိမဂ်၌လည်း မဂ္ဂဝီထိကို ရာသီစုကအတိုင်း ချပြီး၍ ပစ္စဝေက္ခ ဏာဝီထိကို ချလေ။ ။"ဝုဋ္ဌာဟိတွာ" အရကား ဖိုလ်နောင်ဘဝင်ကို ယူလေ)။

**"သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ။ပ။ဝိပဿန္တိ"**ဟူ၍ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "ကုသလံ"၏အရကို တေဘူမ္မက ကုသိုလ်ယူ၍ "သေက္ခာဝါ ပုထုဇ္ဇနာဝါ ဝိပဿန္တိ"၏ အရကို သေက္ခ, ပုထုဇဉ် သန္တာန်၌ ဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်ယူ၍ တေဘူမ္မကကုသိုလ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်အား။ အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ဟန်ကား—**

သေက္ခ,ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် တေဘူမ္မကကုသိုလ်ကို အာရုံပြု၍။ အနိစ္စ, ဒုက္ခ,အနတ္တဟု ဝိပဿနာ စီးဖြန်းလိုလတ်သော် မိမိ။ပ။ ဘဝင်စလန, ဘဝင် ုပစ္ဆေဒ။ ထို့နောင် တေဘူမ္မကသင်္ခါရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဝိပဿနာဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင် တေရသတို့တွင် တခုခုသည် ဘဝင်ဖြစ် ထိုက်သရွေ့ ဖြစ်၏။ ။ဤကဲ့သို့ များစွာသော ဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဝိပဿနာ စီးဖြန်း၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလံ"၏ အရဖြစ်သော တေဘူမ္မကကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော

ဓမ္မော”ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ “သေက္ခာ ဝါ ပုထုဇ္ဇနာဝါ ဝိပဿန္တိ”၏ အရ ဖြစ်သော အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်ကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိကိုင်း “ကုသလဿ ဓမ္မဿ”ဟု တောဘုမ္မကကုသိုလ် သည် ဝိပဿနာပြုသော ကာမကုသိုလ်အား။ အာရမ္မဏ။ပ။ ၏။

**“သေက္ခာဝါ ပုထုဇ္ဇနာဝါ စေတောပရိယဉာဏေန ကုသလံ။ပ။ ဇာနန္တိ”**ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ “ကုသလစိတ္တသမင်္ဂိဿ စိတ္တံ”၏ အရကို လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက် တိုင်အောင် ကာလသုံးပါး၌ တည်သော သူတပါးတို့၏ အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသယူ၍ “သေက္ခာဝါ ပုထုဇ္ဇနာဝါ စေတောပရိယဉာဏေန ဇာနန္တိ”၏ အရကို သေက္ခ, ပုထုဇဉ်သန္တာန်၌ ဖြစ်သော စေတောပရိယကုသိုလ် အဘိညာဉ်, ထိုအဘိညာဉ် နောက်၌ဖြစ်သော ကာမကုသိုလ်ယူ၍။ အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသသည် စေတောပရိယကုသိုလ် အဘိညာဉ်, ထိုအဘိ ညာဉ် နောက်၌ဖြစ်သော ကာမကုသိုလ်အား။ အာရမ္မဏ။ ၏။

**ပစ္စည်းတပ်ဟန်ကား—**

စေတောပရိယကုသိုလ် အဘိညာဉ်နှင့် ပြည့်စုံသော သေက္ခ, ပုထုဇဉ် ပုဂ္ဂိုလ် တို့သည် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝိသ ကိုသိခြင်းငှါ အလိုရှိသည် ဖြစ်၍။ ရူပါဝစရကုသိုလ် ပဉ္စမစျာန်ကို ဝင်စားလို လတ်သော် မိမိ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။ ထို့နောင် အာလောက ကသိုဏ်းကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေး တို့တွင် တခုခုသည် မန္ဒ,တိက္ခအားလျော်စွာ လေးကြိမ်,သုံးကြိမ် ဖြစ်၍ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမ စျာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း များစွာဖြစ်၍ ချုပ်၏။

ထို့နောင် “ဣမဿ ကုသလစိတ္တံ ဇာနာမိ, ဣမဿ ကုသလစိတ္တံ ဇာနာမိ” ဟု အဓိဋ္ဌာန်သောအားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။ ထို့နောင် အဓိဋ္ဌာန်ကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇော ကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထို့နောင် စေတောပရိယကုသိုလ်အဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရ ကုသိုလ် ပဉ္စမစျာန်ကို ဝင်စားလိုလတ်သော် မိမိ။ပ။ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ။

ထို့နောင် အာလောက ကသိုဏ်းပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒ, တိက္ခအား လျော်စွာ လေးကြိမ်, သုံးကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင်တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဥ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသော အတိုင်း များစွာဖြစ်၍ချုပ်၏။ ထို့နောင်ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

ထို့နောင်လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင် အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကိုအာရုံပြု၍။ စေတောပရိယကုသိုလ် အဘိညာဉ်ဇော ဝီထိစိတ်ဥပ္ပါဒ် ဖြစ်လိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင်မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒ,တိက္ခအားလျော်စွာ လေးကြိမ်, သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါး နှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဥ္စမဈာန်သည် စေတောပရိယ အဘိညာဉ် ဇောကိစ္စ တကြိမ်သာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ထို့နောင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် စေတောပရိယ ကုသိုလ် အဘိညာဉ်၏ အာရုံဖြစ်သော အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိုလ် ဝီသကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။ ။(ဤဝီထိဖြင့် သူတပါးတို့၏ ကုသိုလ်စိတ်ကို သိ၏)။

ထိုသို့ ဖြစ်သောအခါ အနုဝါဒ ပါဠိတော်ပါဌ်၌ "ကုသလစိတ္တသမင်္ဂိဿ စိတ္တံ"၏ အရဖြစ်သော ကာလသုံးပါး၌တည်သော အရဟတ္တမဂ် ကြဉ်သော သူတပါးတို့ ကုသိုလ်ဝီသကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စေတောပရိယ-ဉာဏေန ဇာနန္တိ"၏ အရဖြစ်သော စေတောပရိယ ကုသိုလ် အဘိညဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော် မူ၍ ဝိဓိ၌ရင်း "ကုသလဿ ဓမ္မဿ"ဟု ကာလသုံးပါး၌ တည်သော အရ-ဟတ္တမဂ် ကြဉ်သော သူတ ါးတို့၏ ကုသိုလ်ဝီသသည် စေတောပရိယ ကုသိုလ် အဘိညာဉ်, ထိုအဘိညာ ်နောက်၌ ဖြစ်သော ကာမကုသိုလ်အား အာရမ္မဏ။ ပ။၏။

**"အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ"**ဟု ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "အာကာသာနဉ္စာယတနကုသလံ" ၏ အရကို ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာ-နဉ္စာယတနကုသိုလ်ယူ၍ "ဝိညာဏဉ္စာယတနကုသလဿ"၏ အရ ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကုသိုလ်ယူ၍ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကုသိုလ်အား အာရမ္မဏ။ပ။၏။

**ပစ္စည်းတပ်ဟန်ကား—**

အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပ, အာကာသာနဉ္စာယတန ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနဈာန်ကို ရလို၍ "ငါ့ရသော အာကာသာနဉ္စာယတနဈာန်သည်ကား ရူပါဝစရ ဟူသော နီးသော ရန်သူရှိ၏"ဟု အာကာသာနဉ္စာယတနဈာန်၌ အပြစ်ကိုမြင်၍၊ ထိုအာကာသာနဉ္စာယတနဈာန်၌ တပ်ခြင်းကိုစွန့်၍ "ဝိညာဏဉ္စာယတနဈာန်သည် ငြိမ်သက်၏"ဟု နှလုံးသွင်း၍ အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကို "ဝိညာဏံ အနန္တံ, ဝိညာဏံ အနန္တံ" ဟု စီးဖြန်းဘန်များ၍ ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရလိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေး တို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့။ ဥပစာ, အနုလုံ, ဂေါတြဘုဟု သုံးကြိမ်။ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်သည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင် ကိုးခု။ အာကာသာနဉ္စာယတန ဘဝင်တို့တွင် တခုခုသည် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။

ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ် ကာမ, ရူပ, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်သည် ထိုဝိညာဏဉ္စာယတနကုသိုလ်ဈာန်ကို ဝသီဘော်အားဖြင့် အလေ့အလာပြု၍ ဝင်စားလိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ။ ၏။ ထို့နောင် ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည်

မန္ဒပညာဖြစ်အံ့။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့။ ဥပစာ, အနုလုံ, ဂေါတြဘုဟု သုံးကြိမ် ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာသမာဓိဇောကိစ္စများစွာဖြစ်၍ ချုပ်၏။ ထို့နောင် ပဥ္စဝေါကာရ တိဟိတ် ဘဝင်ကိုးခု။ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန ဘဝင်တို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "အာကာသာနဉ္စာယတန ကုသလံ"၏ အရဖြစ်သော ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "ဝိညာဏဉ္စာယတနကုသလဿ"၏ အရဖြစ်သော ဖြစ်ဆဲဖြစ်သော ဝိညာဏဉ္စာယတန ကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍။ ဝိဓိ၌ရင်း "ကုသလဿ ဓမ္မဿ"ဟု ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည် ဖြစ်ဆဲသော ဝိညာဏဉ္စာယတန ကုသိုလ်အား။ အာရမ္မဏ။ပ။ ၏။

[ ဤ နှစ်ဝိထိတို့တွင် အာဒိကမ္မိက၌ ဝိညာဏဉ္စာယတန ပုဂ္ဂိုလ်ကို မရအပ်။ သမာပဇ္ဇနသာ ရအပ်သည်။ သမာပဇ္ဇနဝိထိ၌လည်း ရှေးဘဝ အောက်ဘုံကဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြုသည်။ ဤဘဝ၌မရအပ်။ အဘဲ့ကြောင့်နည်း ဟူမူကား ဝိညာဏဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနကုသိုလ် မရှိသောကြောင့်တည်း။ ။ "**အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတန ကုသလဿ**" ၌ ဤနည်းကိုမှီ၍ ဆိုလေ ]။

"**ကုသလာ ခန္ဓာ ဈာနဿ ဝိဇ္ဇာဘောဂဿ**"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလာ ခန္ဓာ"၏ အရကို ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ယူ၍ "ဈာနဿ ဝိဇ္ဇာဘောဂဿ"၏ အရကို ဈာနဝိဇ္ဇာကုသိုလ် အဘိညာဉ် ယူ၍။ ပါဒကဖြစ်သော ရူပါဝစရ ပဉ္စမဈာန်သည် ဈာနဝိဇ္ဇာကုသိုလ် အဘိညာဉ် အား။ အာရမ္မဏ။ ၏။

**ပစ္စည်းတပ်ဟန်ကား—**

သတ္တ သဟဿ စသော နိမိတ္တရုပ်ကို ဘန်ဆင်းခြင်းငှါ အလိုရှိသည်ဖြစ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုဟတ်သော် မိမိ။ပ။ ဘဝင်စလန,

ဘဝင်္ဂုပစ္ဆေဒ။ ၏။ ထို့နောင် ပထဝီကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒ, တိက္ခ အားလျော်စွာ လေးကြိမ်, သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက်၊မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင်။

ထို့နောင် "သတံ ဟောမိ, သဟဿံ ဟောမိ" အစရှိသည်ဖြင့် အဓိဋ္ဌာန်သော အားဖြင့် အဓိဋ္ဌာန်ဇောဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အဓိဋ္ဌာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင် ဘဝင်။

ထို့နောင် ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ပထဝီကသိုဏ်း ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ထို့နောင် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုသည် မန္ဒ, တိက္ခအားလျော်စွာ လေးကြိမ်, သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင်။

ထို့နောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို အာရုံပြု၍ ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်ဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ပါဒကဖြစ်သောရူပါဝစရကုသိုလ်ပဉ္စမဈာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင်မဟာကုသိုလ်တတိယဒွေးတို့တွင် တခုခုသည် မန္ဒ, တိက္ခအားလျော်စွာ လေးကြိမ်,သုံးကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်၊ မန္ဒပညာ ပုဂ္ဂိုလ်အားငါးကြိမ်မြောက် ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို အာရုံပြု၍။ သတ, သဟဿ အစရှိသော နိမ္မိတရုပ်ကိုဖြစ်စေလျက် ဣဒ္ဓိဝိဓအဘိညာဉ် ဇောကိစ္စတကြိမ်သာဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိတို့သည် ဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလာခန္ဓာ" ၏အရဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသ

**လော ဓမ္မော**”ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ “ဣဒ္ဓိဝိစေဒြာဏာဿ”၏အရဖြစ်သော ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိဥ္ရင်း “ကုသလဿဓမ္မဿ”ဟုပါဒကဖြစ်သောရူပါဝစရကုသိုလ် ပဥ္စမဈာန်သည် ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်အား။ အာရမ္မဏ။၏။

“**ကုသလာ ခန္ဓာ စေတောပရိယဉာဏဿ**”ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ “ကုသလာ ခန္ဓာ”၏အရကို လွန်လေပြီးသောခုနစ် ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကိုယူ၍ “စေတောပရိယ ဉာဏဿ”၏ အရကို စေတောပရိယကုသိုလ်အဘိညာဉ်ယူ၍။ ကာလသုံးပါး၌ တည်သော အရဟတ္တမဂ် ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသသည် စေ တောပရိယကုသိုလ်အဘိညာဉ်အား။ အာရမ္မဏ။၏။ ။ ဝီထိချမြဲ။

“**ကုသလာ ခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ**”ဟူ၍ ဟောတော်မူအပ် သော အနုဝါဒပါဠိတော်ပါဠ်၌ “ကုသလာ ခန္ဓာ”၏ အရကို ပုဗ္ဗေနိဝါသ၌ဖြစ် သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသယူ၍ “ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ”၏အရကို ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ယူ၍ ပုဗ္ဗေနိဝါသ၌ဖြစ် သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသသည် ပုဗ္ဗေနိဝါသာနုဿတိကုသိုလ် အဘိညာဉ်အား။ အာရမ္မဏ။၏။ ။(**ပစ္စည်းတပ်ဟန်ဝီထိကို** ရာသီစုက အတိုင်းချလေ)။

“**ကုသလာ ခန္ဓာ ယထာကမ္မုပဂဉာဏဿ**”ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ “ကုသလာ ခန္ဓာ”၏အရကို အတိတ်ဖြစ်သော လောကီ ကုသိုလ်ကံယူ၍ “ယထာကမ္မုပဂ ဉာဏဿ”၏ အရကို ယထာကမ္မုပဂ ကုသိုလ် အဘိညာဉ်ယူ၍ အတိတ်ဖြစ်သော လောကီကုသိုလ်ကံသည် ယထာကမ္မုပဂ ကုသိုလ် အဘိညာဉ်အား။ အာရမ္မဏ။၏။ ။(ဝီထိ ရာသီစုကအတိုင်း ချ)။

“**ကုသလာ ခန္ဓာ အနာဂတံသဉာဏဿ**”ဟူ၍ ဟောတော်မူအပ်သော အနု ဝါဒပါဠိတော်ပါဠ်၌ “ကုသလာ ခန္ဓာ”၏ အရကို အနာဂတ်ဖြစ်သော အရ ဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသယူ၍ “အနာဂတံသဉာဏဿ”၏ အရကို အနာဂတံသ ကုသိုလ် အဘိညာဉ်ယူ၍ အနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ် သော ကုသိုလ်ဝီသသည် အနာဂတံသ ကုသိုလ် အဘိညာဉ်အား **အာ**ရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။(ဝီထိ ရာသီစုကအတိုင်း ချလေ)။

## ကုသလော အကုသလဿ

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒါဝသာနကို ဟောတော်မူ၏။ ။**ဟောဟန်ကား** "ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ။ပ။ ပစ္စယော" ဟူသည်တည်း။

ကုသလော၊ သော။ ဓမ္မော၊ သည်။ အကုသလဿ၊ သော။ ဓမ္မဿ၊ အား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ဟောတိ၊၏။ ဒါနံ-ဒေယျဓမ္မံ၊ လှူအပ်သောဒါနဝတ္ထုကို။ ဒတွာ-စဇိတွာ၊ စွန့်၍။ (တနည်းကား) ဒါနံ၊လှူကြောင်းဖြစ်သောဒါနစေတနာကို။ ဒတွာ-ပရိယောဒါပေတွာ ဝိသုဒ္ဓိံ ကတွာ၊ စင်ကြယ်ခြင်းကိုပြု၍။ တံ၊ ထိုပရိစ္စာဂ စေတနာ, ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ထိုပရိစ္စာဂ စေတနာ, ဝိသောဓန စေတနာ ပြဋ္ဌာန်းသောကာမကုသိုလ်ကို။ အာရဗ္ဘ၊အာရုံပြု၍။ ရာဂေါ၊ရာဂသည်။ဥပ္ပဇ္ဇတိ၊ ၏။ ဒိဋ္ဌိ၊ဒိဋ္ဌိသည်။ဥပ္ပဇ္ဇတိ၊ ၏။ ဝိစိကိစ္ဆာ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ ဥဒ္ဓစ္စံ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ၏။ သီလံ- ပဉ္စင်္ဂဒသင်္ဂဒိဝသေန နိစ္စသီလံ၊ ပဉ္စင်္ဂသီလ,ဒသင်္ဂသီလအစရှိသော အစွမ်းအားဖြင့်ဖြစ်သော နိစ္စသီလကို။ သမာဒိယိတွာ-ဂဏှိတွာ၊ ကောင်းစွာယူဦး, ဆောက်တည်ဦး၍။ တံ၊ ထိုပဉ္စင်္ဂသီလ, ဒသင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ အဿာဒေတိ၊ ၏။ပ။ ဥပ္ပဇ္ဇတိ၊ ၏။ ဥပေါသထကမ္မံ၊ ဥပုသ်နေ့၌ သုံးအပ်သော အင်္ဂါ ဥပုသ်ကို။ ကတွာ၊ ဆောက်တည်ဦး၍။ တံ၊ ထိုအင်္ဂါ ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ အဿာဒေတိ၊၏။ပ။ ဥပ္ပဇ္ဇတိ၊၏။ ပုဗ္ဗေ၊ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန,သီလ,အင်္ဂါ ဥပေါသထ စေတနာပြဋ္ဌာန်းသောကာမကုသိုလ်တို့ကို။အဿာဒေတိ၊သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ-တာနိ၊ ထိုဒါန,သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို။ (ဝစနဝိပလ္လာသကြံ)။ ။(တနည်းလည်း) တံ၊ ထိုဒါန,သီလ, အင်္ဂါဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ (ဇာတ်ကိုင့်၍ကေဝုစ်ထားသည်)။ အာရဗ္ဘ၊၍ ။ပ။ဥပ္ပဇ္ဇတိ၊၏။ ။ဈာနာ၊ဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ဈာနံ၊ဈာန်ကို။ အဿာဒေတိ၊၏။ပ။ ဈာနေ၊ဈာန်သည် ပရိဟီနေ၊ ယုတ်သည်ရှိသော်။ ဝိပ္ပဋိသာရိဿ၊ ငါ့အားမြတ်သော တရားသည်။ ပျောက်ခဲ့ပြီဟုနှလုံးမသာရှိသောသူအား။ ဒေါမနဿံ၊ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့....ကား အန္န,ပါန, ဿရ,ဝတ္ထအစရှိသော ဒါနဝတ္ထုကို လှူပြီး၍

ပရိစ္စာဂစေတနာ,ဝိသောခနေစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ လောဘမူ သောမနဿသဟဂုတ်အား....နှစ်သက်သော အခါ၊ လောဘမူပီတိသဟဂုတ်အား....တပ်သောအခါ ရာဂ ပြဋ္ဌာန်းသော လောဘမူရှစ်ခုအား.... အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား.... မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်အား....ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ်အား နှလုံးမသာသောအခါ ဒေါမနဿသဟဂုတ်အား အာရမ္မဏ။ပ။ ၏။

ပဉ္စင်္ဂသီလ,ဒသင်္ဂသီလကို ဆောက်တည်ပြီး၍ ပဉ္စင်္ဂသီလ ဒသင်္ဂသီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ၊ လောဘမူသောမနဿသဟဂုတ်လေးခုအား....(ဆိုမြဲ)။ ။အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်ပြီး၍ အဋ္ဌင်္ဂဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ (ဆိုမြဲ)။ ။ရှေး၌ အလေ့ အကျက်ပြုအပ်ကုန်ပြီးသော ဒါန, သီလ, အဋ္ဌင်္ဂဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ.... (ဆိုမြဲ)။ ။မဟဂ္ဂုတ်ကုသိုလ်ဈာန်မှထ၍ မဟဂ္ဂုတ် ကုသိုလ်ဈာန်ကို သာယာသောအခါ....(ဆိုမြဲ)။ ။တစုံတခုမလျောက်ပတ်သော အကြောင်းကြောင့် လျှောကျသော လောကီဈာန်ကို အာရုံပြု၍ "ငါ့အား မြတ်သောတရားသည် ပြောက်ခဲ့ပြီ"ဟု နှလုံးမသာရှိသောအခါ ပရိဟီနဖြစ်သော လောကီကုသိုလ်ဈာန်သည် ဒေါသမူဒွေးအား အာရမ္မဏ။၏။

ဝိဓိပါဠိတော်ပါဠ်၌ "ကုသလော ဓမ္မော" ကတ္တားကား လောကီကုသိုလ်သတ္တရသ၊ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရား ရ၏။

"အကုသလဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏အရကား အကုသိုလ်ဒွါဒသ၊ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်။၏။

"အာရမ္မဏပစ္စယေန"ဟူသော ကရိုဏ်းပါဌ်၏အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏ,အာရမ္မဏာဓိပတိ,အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။ ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

**"ဒါနံ ဒတွာ တံ အဿာဒေတိ"** အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌"ဒါနံ"၏အရကို ဒါနဝတ္ထု, ဒါနစေတနာယူ၍"ဒတွာ တံ"၏ အရကို ပရိစ္စာဂစေတနာ, ဝိသောခနေစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍

"အဿာဒေတိ"၏ အရကို လောဘမူ သောမနဿသဟဂုတ် လေးခုတို့တွင် တခုခုယူ၍ "အဘိနန္ဒတိ"၏အရကို လောဘမူ ပီတိသဟဂုတ် လေးခုတို့တွင် တခုခုယူ၍"အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ"၏အရကို ရာဂပြဋ္ဌာန်းသော လောဘမူ ရှစ်ခုတို့တွင် တခုခုယူ၍ "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ"၏ အရကို ဒိဋ္ဌိဂတသမ္ပယုတ် လေးခု တို့တွင် တခုခုယူ၍"ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ"၏ အရကို ဝိစိကိစ္ဆာသဟဂုတ်ယူ၍ "ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ"၏ အရကို ဥဒ္ဓစ္စသဟဂုတ်ယူ၍ "ဒေါမနဿံ ဥပ္ပဇ္ဇတိ"၏အရကို ဒေါမနဿသဟဂုတ်ယူ၍ ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အကုသိုလ်ဒွါဒသအား အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား—**

ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ အဿာဒန, အဘိနန္ဒန-အစရှိသော အစွမ်းဖြင့် အကုသိုလ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိ။ပ။ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။၏။ထို့နောင် ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံ ပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် သာယာသည်ဖြစ်အံ့ လောဘမူသောမနဿ သဟဂုတ်လေးခုတို့တွင် တခုခုသည်....နှစ်သက်သည်ဖြစ်အံ့၊ သပ္ပီတိကတဏှာ ပြဋ္ဌာန်းသော လောဘမူသောမနဿသဟဂုတ်လေးခုတို့တွင် တခုခုသည်....တပ် သည်ဖြစ်အံ့၊ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုတို့တွင် တခုခုသည်....အမြင်မှား သည်ဖြစ်အံ့၊ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုတို့တွင် တခုခုသည်....မဆုံးဖြတ်နိုင်သည် ဖြစ်အံ့၊ ဝိစိကိစ္ဆာသဟဂုတ်သည်....ပျံ့လွင့်သည် ဖြစ်အံ့၊ ဥဒ္ဓစ္စသဟဂုတ် သည်....နှလုံးမသာသည်ဖြစ်အံ့၊ ဒေါသမူဒွေးတို့တွင် တခုခုသည်....ဇောကိစ္စ ခုနစ် ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့၊ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့၊ ပဉ္စဝေါကာရဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။

ထိုသို့ဖြစ်သောအခါ အနုဝါဒပဋ္ဌိတော်ပါဠိ၌ "ဒတွာ တံ"၏ အရဖြစ်သော ပရိစ္စာဂစေတနာ,ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်း အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဋ္ဌိတော်ပါဠိ၌ "အဿာဒေတိ"အစရှိသည်၏ အရဖြစ်သော အကုသိုလ်ဒွါဒသကို ပစ္စယုပ္ပန်အဖြစ် ဖြင့် ယူတော်မူ၍ ဝိဓိ၌ငင်း "အကုသလဿ ဓမ္မဿ"ဟု ပရိစ္စာဂစေတနာ,ဝိသော ဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အကုသိုလ်အား အာရမ္မဏ။၏။

**"သီလံ သမာဒိယိတွာ တံ အဿာဒေတိ"** အစရှိသည်ဖြင့် ဟောတော်မူအပ် သော အနုဝါဒပါဋ္ဌိတော်ပါဠိ၌ "သီလံ"၏အရကို ပဉ္စင်္ဂသီလ, ဒသင်္ဂသီလစေတနာ

ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "အဿာဒေတိ" ၏အရကို လောဘမူ သော-မနဿသဟဂုတ်လေးခုတို့တွင် တခုခုယူ၍ "အဘိနန္ဒတိ"အစရှိသည်၏ အရကို.... (နောက်ကယူမြဲ)။ပစ္စဂ်သီလ,ဒသင်္ဂသီလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည်အကုသိုလ်ဒွါဒသအား အာရမ္မဏ။၏။ ။(**ပစ္စည်းတပ်ဟန်ကား**"ဒါနံ ဒတွာ **တံ** အဿာဒေတိ"ကို မှီ၍ ဆိုလေ)။ ။

"**ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ**" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ဥပေါသထကမ္မံ တံ"၏အရကို အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "အဿာဒေတိ" အစရှိသည်၏ အရကို....(ယူ မြဲ။ ဝီထိကိုလည်း "ဒါနံ ဒတွာ"ကို မှီ၍ချလေ။ ။

"**ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ**" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌"ပုဗ္ဗေ သုစိဏ္ဏာနိ တံ"၏အရကို ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန,သီလ,အဋ္ဌင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "အဿာဒေတိ" အစရှိသည်၏ အရကို (နောက်ကယူမြဲ။ ။ဝီထိ ချမြဲ)။ ။

"**ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ အဿာဒေတိ**"အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ဈာနံ"၏ အရကို မဟဂ္ဂုတ်ကုသိုလ်ကိုးခုယူ၍ "အဿာဒေတိ"အစရှိသည်၏အရကို....(ယူမြဲ။ ။ဝီထိချမြဲ)။

"**ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ**"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ဈာနေ ပရိဟီနေ၏"၏အရကို ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်ယူ၍ "ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ"၏အရကို "ငါ့အား မြတ်သော တရားသည် ပျောက်ခဲ့ပြီ"ဟု နှလုံးမသာ ရှိသောသူအား ဒေါမနဿ သဟဂုတ်ယူ၍ ပရိဟီနဖြစ်သော မဟဂ္ဂုတ် ကုသိုလ်ဈာန်သည် ဒေါသမူဒွေးအား အာရမ္မဏ။၏။ ။

**ပစ္စည်းတပ်ဟန်ကား**—

တစုံတခု မလျှောက်ပတ်သောအကြောင်းကြောင့် လျှောကျသောဈာန်ကို အာရုံပြု၍ ဒေါသမူဇောဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသော ကာမတိဟိတ်ဘဝင်လေးခုတို့တွင် တခုခုသည် ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒ။၏။ ထို့နောင် ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်ကို အာရုံပြု၍ မနော

ဒွါရာဝဇ္ဇန်း။ ထိုနောင် ဒေါသမူဒွေးတို့တွင် တခုခုသည် ဒေါသဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင် ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေနေသသူဖြစ်အံ့၊ ကာမတိဟိတ် ဥပေက္ခာဘဝင်နှစ်ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်၍ချုပ်၏။ သောမနဿသဟဂုတ်ဖြင့် ပဋိသန္ဓေနေသသူဖြစ်အံ့၊ ရှေး၌လေ့ကျက်ခဲ့ဘူးသော ကာမ အာရုံကို အာရုံပြု၍ ဥပေက္ခာသန္တိရဏသည် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဥပေက္ခာသန္တိရဏဘဝင်မှ အနန္တရာဒိပစ္စည်းကိုရ၍ ကာမတိဟိတ် သောမနဿဘဝင်နှစ်ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။။ ။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ "ဈာနေ ပရိဟီနေ"၏အရ ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ "ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ"၏အရဖြစ်သော "ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီ"ဟုနှလုံးမသာရှိသောသူအား ဒေါသမူဒွေးကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ရင်း "အကုသလဿ ဓမ္မဿ"ဟု ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်သည် ဒေါသမူဒွေးအား အာရမ္မဏ။၏။ ။

## ကုသလော အဗျာကတ ဿ

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒါဝသာနကို ဟောတော်မူ၏။ ။**ဟောဟန်ကား** "ကုသလော ဓမ္မော **အဗျာက** တဿ ဓမ္မဿ အာရမ္မဏ။ပ။ အာရမ္မဏပစ္စယေန ပစ္စယော"ဟူသည်တည်း။ ။

အရဟာ၊ ရဟန္တာပုဂ္ဂိုလ်သည်။ မဂ္ဂါ၊ အရဟတ္တမဂ်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။မဂ္ဂံ၊ အရဟတ္တမဂ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ အလေ့အကျက်ပြုအပ်ကုန်သော ဒါန,သီလ,အင်္ဂါဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်တို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ။ကုသလံ၊ တေဘူမက ကုသိုလ်ကို။ အနိစ္စတော-အနိစ္စံ ဣတိ၊ အနိစ္စဟူ၍ရင်း၊ ဒုက္ခတော-ဒုက္ခံ ဣတိ၊ ဒုက္ခဟူ၍ရင်း။ အနတ္တတော အနတ္တာဣတိ၊ အနတ္တဟူ၍ရင်း၊ဝိပဿတိ၊၏။ စေတောပရိယဉာဏေန၊ သူတပါးတို့၏စိတ်ကို ပိုင်းခြား၍ သိတတ်သော စေတောပရိယ အဘိညာဉ်ဖြင့်။ ကုသလစိတ္တသမင်္ဂိဿ၊ ၏။ စိတ္တံ၊ကို။ ဇာနာတိ၊ ၏။ သေက္ခာဝါ၊ သည်ရင်း။ ပုထုဇ္ဇနာဝါ၊ သည်ရင်း။ ကုသလံ၊ တေဘူမက ကုသိုလ်ကို။ အနိစ္စတော-အနိစ္စံ ဣတိ၊ ရင်း။ပ။ ဝိပဿန္တိ၊ ဝိပဿနာပြုကုန်၏။ ကုသလေ၊ ကုသိုလ်သည်။ နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ဝိပါကော၊ ကာမာဝစရ ဝိပါက်သည်။ တဒါရမ္မဏတာ-တဒါရမ္မဏတာယ၊ တဒါရုံ၏ အဖြစ်ဖြင့်။ ဥပ္ပဇ္ဇတိ၊၏။ ကုသလံ၊ မဟာကုသိုလ်ကို။ **အဿာဒေတိ၊** ၏။ပ။ အကုသလေ၊

သည်။ နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ဝိပါကော၊ ကာမာဝစရဝိပါက်သည်။ တဒ၊ရမ္မဏတာ-တဒါရမ္မဏတာယ၊ဖြင့်။ ဥပ္ပဇ္ဇတိ၊ ၏။

အာကာသာနဉ္စာယတန ကုသလံ၊ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည်။ ဝိညာဏဉ္စာယတန ဝိပါကဿ၊ အား။ အာကာသာနဉ္စာယတန ကုသလံ၊ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည်။ ဝိညာဏဉ္စာယတနကြိယဿ၊ အား....(အာကိဉ္စညာယတနကုသလံ၌ နည်းတူပေး)။ ကုသလာ၊ ကုန်သော။ ခန္ဓာ၊တို့သည်။ စေတောပရိယဉာဏဿစ၊ စေတောပရိယဉာဏ်အားငင်း။ ပုဗ္ဗေ နိဝါသာနုဿတိဉာဏဿစ၊ ငင်း။ ယထာကမ္မုပဂဉာဏဿစ၊ ငင်း။ အနာဂတံ သဉာဏဿစ၊ငင်း။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊၏။ အာဝဇ္ဇနာယ၊ တပါးပါးသော မနောဒွါရဝီထိ၌ အကျုံးဝင်သော မနောဒွါရာ ဝဇ္ဇန်းအား။ အာရမ္မဏပစ္စယေန၊ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ။ ၏။ ။

**အဓိပ္ပါယ်ကား—**

ကုသိုလ်သည် အဗျာကတဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့....ကား၊ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်မှထ၍ အရဟတ္တမဂ်ကို ဆင်ခြင်သောအခါ အရဟတ္တမဂ်သည် ဆင်ခြင်သောမဟာကြိယာ ဉာဏသမ္ပယုတ် အား။၏။ ။ရှေး၌ အလေ့အကျက် ပြုအပ်ကုန်သော ဒါန,သီလ, အဋ္ဌင်္ဂဥပေါ သထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ရှေး၌ အလေ့အကျက်ပြုအပ်ကုန်သော ဒါန,သီလ, အဋ္ဌင်္ဂဥပေါသထ စေတနာ ပြဋ္ဌာန်း သော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကြိယာအား။၏။ ။ရဟန္တာ ပုဂ္ဂိုလ်သည် တေဘူမ္မက ကုသိုလ်ကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာ ပြုသော အခါ တေဘူမ္မက ကုသိုလ်သည် ဝိပဿနာပြုသော ကာမကြိယာအား။ ၏။ ရဟန္တာပုဂ္ဂိုလ်သည် စေတောပရိယကြိယာ အဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော သူတပါးတို့၏ ကုသိုလ်စေတသိကို ပိုင်းခြား၍ သိသောအခါ သူတပါးတို့၏ ကုသိုလ်စေတသိသည် စေတောပရိယကြိယာအဘိညာဉ်, ထိုအဘိညာဉ်နောက်၌ ဖြစ်သော ကာမကြိယာအား။ ၏။ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကာမကုသိုလ်ကို အာရုံပြု၍ အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာပြု၍ ဝိပဿနာဇောနောင် တဒါရုံ ဖြစ်သည်ရှိသော် ကာမကုသိုလ်သည် တဒါရုံကောဒသအား။၏။ သေက္ခပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ကာမကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဇောနောင် တဒါရုံ ဖြစ်သောအခါ ကာမကုသိုလ်သည် တဒါရုံ ကောဒသအား။၏။ ဝိညာဏဉ္စာ

ယတန ပဋိသန္ဓေ, ဘဝင်,စုတိဖြစ်သောအခါ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ဝိပါက်အား။ ဝိညာဏဉ္စာယတန ကြိယာဇျာန်ကို ဝင်စားသောအခါ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတနကြိယာအား။ ။("အာကိဉ္စညာယတနကုသလံ" ၌လည်း နည်းတူဆို)။ လွန်လေပြီးသော။ပ။ သုတပါး၏ ကုသိုလ် စေတီသသည် စေတောပရိယကြိယာ အဘိညာဉ်အား။ (နောက်၌ ကုသိုလ်နှင့် နည်းတူဆို)။ ကုသိုလ်စေတီသသည် တပ၊းပါးသော မနောဒွါရဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းအား။၏။

"ကုသလော" **ကတ္တားပုဒ်၏အရကား** ကုသိုလ်စေတီသ။ ပစ္စည်းတရားရ၏။ **သမ္ပဒါန်ကား** တဒါရုံကောဒသ။ ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကာမကြိယာတဆယ်။ ဝိညာဏဉ္စာယတန ဝိပါက်,ကြိယာ။နေဝသညာနာသညာယတန ဝိပါက်,ကြိယာ။ စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မုပဂ, အနာဂတံသကြိယာ အဘိညာဉ်၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ။ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။"အာရမ္မဏပစ္စယေန"ဟူသော **ကရိုဏ်းပါဌ်၏အရကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏ,အာရမ္မဏာဓိပတိ,အာ႗မ္မဏူပနိဿယ။ ဤသုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ ထိုသုံးပါးတို့တွင် အရကား ပဌာနအားဖြင့် ကတ္တာ့သာတည်း။

**"အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ"** ဟူ၍ ဟောတော် မူအပ်သော အနုဝါဒပါဠိတော်ပ၊ဌ်၌"မဂ္ဂံ"၏အရကို အရဟတ္တမဂ်ယူ၍"အရဟာ ပစ္စဝေက္ခတိ" ၏ အရကို ရဟန္တာ သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကြိယာယူ၍ အရဟတ္တမဂ်သည် ဆင်ခြင်သော ကာမကြိယာအား။၏။

**ပစ္စည်းတပ်ဟန်ကား—**

(အရဟတ္တမဂ္ဂဝီထိကို ရာသီစုက အတိုင်းချ)။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို ဆင်ခြင်လိုလတ်သော် မိမိ။ပ။ ဘဝင်စလန။ ဘဝင်ုပစ္ဆေဒ။ ထို့နောင် အရဟတ္တမဂ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။

ထိုသို့ဖြစ်သောအခါ အနုဝါဒပ၊ဠိတော်ပါဌ်၌ "မဂ္ဂံ"၏အရဖြစ်သော အရဟတ္တမဂ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ "အရဟာ ပစ္စဝေက္ခတိ"၏ အရဖြစ်သော ဆင်ခြင်သော

ကာမကြိယာကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ငင်း "အဗျာကတဿ ဓမ္မဿ"ဟု အရဟတ္တမဂ်သည် ဆင်ခြင်သော ကာမကြိယာအား အာရမ္မဏ။၍။

**"ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ"**ဟူ၍။ပ။၌။ယူမြဲ။ "ပစ္စဝေက္ခတိ" အရကို ဆင်ခြင်သော **ကာမကြိယာ**ယူ။ ဝီထိချမြဲ။ ။**"ကုသလံ အနိစ္စတော"** အစရှိသည်၏ အရကိုလည်း ယူမြဲ။ စေတောပရိယမှာလည်း ကြိယာအဘိညာဉ် ယူသည်သာ ထူးသည်။

**"သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော။ပ။တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"** ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ **"ကုသလံ"**၏အရကို ကာမ ကုသိုလ်ယူ၍ "သေက္ခာဝါ ပုထုဇ္ဇနာဝါ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၏ အရကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်ဇောနောင် တဒါရုံ **ကောဒသ**ယူ၍ ကာမကုသိုလ်သည် တဒါရုံ ကောဒသအား။ပ။၍။

**ပစ္စည်းတပ်ဟန်ကား—**

ကာမကုသိုလ်ကို အာရုံပြု၍ ဝိပဿနာဇောနောင် တဒါရုံကိစ္စ ဖြစ်လိုလတ်သော် မိမိ။ပ။ ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ၊ထို့နောင် ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဝိပဿနာ ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင် တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပ၊ဠိတော်ပ၊ဠ်၌ "ကုသလံ"၏ အရဖြစ်သော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၏ အရဖြစ်သော တဒါရုံ ကောဒသကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ငင်း "အဗျာကတဿ ဓမ္မဿ"ဟု ကာမကုသိုလ်သည် တဒါရုံ ကောဒသအား။ပ။၍။

**"ကုသလံ အဿာဒေတိ။ပ။ ဥပ္ပဇ္ဇတိ"**ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပ၊ဠ်၌ "ကုသလံ"၏အရကို ကာမကုသိုလ်ယူ၍ "အဿာဒေတိ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒ၊ရမ္မဏတာ ဥပ္ပဇ္ဇတိ"၏ အရကို လောဘမူ သောမနဿသဟဂုတ် ဇောနောင် တဒါရုံ ကောဒသယူ၍ "အဘိနန္ဒတိ အကုသလေ နိရုဒ္ဓေ ဝိပ၊ကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ" အရကို သပ္ပိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ သောမဿနသဟဂုတ် ဇောနောင် တဒါရုံ ကောဒသ ယူ၍။ "ရာဂေါ ဥပ္ပဇ္ဇတိ အကုသလေ။ပ။ ဥပ္ပဇ္ဇတိ"၏ အရကို ရာဂပြဋ္ဌာန်းသော

လောဘမူ ဇောနောင် တဒါရုံ ကောဒသ ယူ၍ "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ပ။တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၏အရကို ဒိဋ္ဌိဂတသမ္ပယုတ်ဇောနောင် တဒါရုံ ကောဒသ ယူ၍ "ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ပ။ ဥပ္ပဇ္ဇတိ"အရကို ဝိစိကိစ္ဆာသဟဂုတ် ဇောနောင် တဒါရုံ ကောဒသ ယူ၍ "ဥဒ္ဒစ္စံ ဥပ္ပဇ္ဇတိ။ပ။ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၏အရကို ဥဒ္ဒစ္စသဟဂုတ်ဇောနောင် တဒါရုံ ကောဒသယူ၍ "ဒေါမနဿံ ဥပ္ပဇ္ဇတိ။ပ။ ဥပ္ပဇ္ဇတိ"၏ အရကို ဒေါသမူဇောနောင် ဥပေက္ခာ တဒါရုံ ခြောက်ခုယူ၍ ကာမ ကုသိုလ်သည် တဒါရုံ ကောဒသအား အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား—**

ကာမကုသိုလ်ကို အာရုံပြု၍ အဿာဒန, အဘိနန္ဒန အစရှိသော အားဖြင့် အကုသိုလ်ဇောနောင် တဒါရုံကိစ္စဖြစ်လိုလတ်သော် ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ကာမကုသိုလ်ကိုအာရုံပြု၍ သာယာသည်ဖြစ်အံ့၊ လောဘမူသောမနဿ သဟဂုတ် လေးခုတို့တွင် တခုခုသည်....နှစ်သက်သည်ဖြစ်အံ့၊ သပ္ပိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူ သောမနဿ သဟဂုတ် လေးခုတို့တွင် တခုခု သည်....တပ်သည်ဖြစ်အံ့၊ ရာဂပြဋ္ဌာန်းသော လောဘမူ ရှစ်ခုတို့တွင် တခုခု သည်....အမြင်မှားသည် ဖြစ်အံ့၊ ဒိဋ္ဌိဂတသမ္ပယုတ် လေးခုတို့တွင် တခုခု သည်....မဆုံးဖြတ်နိုင်သည် ဖြစ်အံ့၊ ဝိစိကိစ္ဆာသဟဂုတ်သည်....ပျံ့လွင့်သည် ဖြစ်အံ့၊ ဥဒ္ဒစ္စသဟဂုတ်သည်....နှလုံးမသာသည် ဖြစ်အံ့၊ ဒေါသမူဒွေးတို့တွင် တခုခုသည်....ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တဒါရုံကောဒသ တို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။

ထိုသို့ဖြစ်သောအခါ၊ အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလံ"၏ အရဖြစ်သော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "အဿာဒေတိ။ပ။ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၏ အရဖြစ်သော အကုသိုလ်ဇောနောင် တဒါရုံ ကောဒသကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ရင်း "အဗျာကတဿ ဓမ္မဿ"ဟု ကာမကုသိုလ်သည် အကုသိုလ်ဇောနောင် တဒါရုံ ကောဒသအား။ ပ။၏။

"**အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ**" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "အာကာသာနဉ္စာယတန ကုသလံ"၏ အရကို ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာ ယတန ကုသိုလ်ယူ၍ "ဝိညာဏဉ္စာယတနဝိပါကဿ" ၏အရကို ဝိညာဏဉ္စာ

ယတန ပဋိသန္ဓေ, ဘဝင်, စုတိယူ၍ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည် ဝိညာဏဉ္စာယတနဝိပါက်အား။၏။

**ပစ္စည်းတပ်ဟန်ကား—**

ကာမသုဂတိ ခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ, အာကာသာနဉ္စာယတန ဘုံမှစုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဇောနောင်စုတိ, ဘဝင်နောင်စုတိအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို....တွင် ဇောနောင် စုတိဖြစ်ဟန်ကား ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝအဆုံး စုတိဖြစ်လိုလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု, အာကာသာနဉ္စာယတနဘဝင်တို့တွင် တခုခုသည် ကံ-ကမ္မနိမိတ်-ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန။ ဘဝင်ုပစ္ဆေဒ။၏။ ထို့နောင် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟူသော ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ကာမာဝစရ မဂ္ဂဏာသန္နဇော ငါးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ပဉ္စဝေါကာရ တိဟိတ်စုတိကိုးခု, အာကာသာနဉ္စာယတန စုတိတို့တွင် တခုခုသည် ကံ-ကမ္မနိမိတ်-ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဆိုအပ်ပြီးသော အခြင်းအရာရှိသော ဝိညာဏဉ္စာယတနဝိပါက်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟူသော ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် မိမိပဋိသန္ဓေ။ပ။ ဝိညာဏဉ္စာယတန ဝိပါက်သည် ဘဝင်ကိစ္စ တဆဲ့ငါးကြိမ်, တဆဲ့ခြောက်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝသစ်ဟု ဆိုအပ်သော ဝိညာဏဉ္စာယတန ပဋိသန္ဓေ နာမက္ခန္ဓာကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ဘဝသစ်၌ ပြင်းစွာတပ်သော ဘဝနိကန္တိကလောဘဇော ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိညာဏဉ္စာယတန ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၍ ချုပ်၏။

> [ဤဝီထိကား ပဋိသန္ဓေ ဘဝင်နှစ်ပါး ရသည်။ ဝိညာဏဉ္စာယတန ဘုံချင်းချင်း မရဏာသန္နဝီထိကို ချသော် ပဋိသန္ဓေ, ဘဝင်, စုတိသုံးပါးကို ရ၏။ ဤနည်းကို မှီ၍ ချလေ]။

ထိုသို့ဖြစ်သောအခါ အနုဝါဒပၢဠိတော်ပါဠ်၌ "အာကာသာနဉ္စာယတန ကုသလံ"၏ အရဖြစ်သော ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာ-သာနဉ္စာယတန ကုသိုလ်ကို ပစ္စည်း အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော

ဓမ္မော''ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ ''ဝိညာဏဉ္စာယတနဝိပါကဿ''၏ အရ ဖြစ်သော ဝိညာဏဉ္စာယတန ပဋိသန္ဓေ, ဘဝင်, စုတိကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိဠ်ရင်း ''အဗျာကတဿ ဓမ္မဿ''ဟု ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတနဝိပါက်အား အာရမ္မဏ။၈။

**''အာကာသာနဉ္စာယတန ကုသလံ ဝိညာဏဉ္စာယတန ကြိယာယ''** ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ''အာကာသာနဉ္စာယတန ကုသလံ''၏ အရကို ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ယူ၍ ''ဝိညာဏဉ္စာယတနကြိယာယ''၏ အရကို ဖြစ်ဆဲသော ဝိညာဏဉ္စာယတန ကြိယာယူ၍ ဤဘဝ, ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ကြိယာအား အာရမ္မဏ။၈။

**ပစ္စည်းတပ်ဟန်ကား—**

တိဟိတ် ကာမ,ရူပ အာကာသာနဉ္စာယတန အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ ရောက်၍ အာကာသာနဉ္စာယတန ကြိယာစျာန်ကို မဝင်စားမီ ပဋိလောမအားဖြင့် နေဝသညာနာသညာယတနကြိယာစျာန်, အာကိဉ္စညာယတနစျာန်ကို ဝင်စားပြီး၍ ဝိညာဏဉ္စာယတနကြိယာစျာန်ကို ဝင်စားလိုလတ်သော်ငင်း, ကေန္တရိကအားဖြင့် ရူပါဝစရကြိယာပဥ္စမစျာန်, တတိယစျာန်,ပဉ္စမစျာန်ကိုဝင်စားပြီး၍ ဝိညာဏဉ္စာယတနကြိယာစျာန်ကို ဝင်စားလိုလတ်သော်ငင်း။ မိမိ။ပ။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။ ထို့နောင် ဤဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ တတိယဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့၊ ပရိကံ,ဥပစာ,အနုလုံ, ဂေါတြဘုဟုလေးကြိမ်။တိက္ခပညာဖြစ်အံ့၊ ဥပစာ,အနုလုံ,ဂေါတြဘုဟုသုံးကြိမ်။ ဥပစာရ သမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အားလေးကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကြိယာသည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း များစွာဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

(ဤဝီထိကား ပုထုဇဉ် သေက္ခသန္တာန်၌ သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုရည်၍ ချသော ဝီထိတည်း)။

ပုထုဇဉ်, သေက္ခသန္တာန်၌ အာကာသာနဉ္စာယတနစျာန်ကို မရဘူးသော ကာမာဝစရ ရဟန္တာပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ရောက်မှုရ၍ ပဋိလောမအားဖြင့် နေဝသညာနာသညာယတန, အာကိဉ္စညာယတနကြိယာစျာန်ကို ဝင်စားပြီး၍ ဝိညာဏဉ္စာယတန ကြိယာစျာန်ကို ဝင်စားလိုလတ်သော်ငှါး (ကေန္တရိက ဆိုမြဲ) မိမိ။ပ။ ဘဝင်စလန။ ဘဝင် ုပစ္ဆေဒ။ ထို့နောင် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ တတိယဒွေးတို့တွင် တခုခုသည် မန္ဒ,တိက္ခအားလျော်စွာ လေးကြိမ်, သုံးကြိမ်ဖြစ်၍ချုပ်၏။ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်၊ မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ စျာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိညာဏဉ္စာယတနကြိယာစျာန်သည် ဘဝင်အယဉ် ကဲ့သို့ အလိုရှိသောအတိုင်း များစွာဖြစ်၍ချုပ်၏။ ထို့နောင်ဘဝင်။

> [ဤဝီထိကား ပုထုဇဉ်, သေက္ခသန္တာန်၌ သမာပတ်ကို မရဘူးသော, ရဟန္တာဖြစ်မှုရသော ပုဂ္ဂိုလ်ကိုရည်၍ချသော ဝီထိတည်း။ ထို့ကြောင့် ရှေးဘဝကဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြုရသည်။ ပဋိလောမ ကေန္တရိက ားဖြင့်ဝင်စားမှုလည်း ကုသိုလ်ကိုအာရုံပြုနိုင်မှ အနုလောမအားဖြင့် ဝင်စားမိသော မိမိသန္တာန်၌ အာကာသာနဉ္စာယတန ကြိယာစျာန် ဥပါဒ်တူပြီးဖြစ်သောကြောင့် အာကာသာနဉ္စာယတနကြိယာကို အာရုံပြုရသည်]။

ဝိညာဏဉ္စာယတန ရဟန္တာပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတန ကြိယာစျာန်ကို ဝင်စားလိုလတ်သော် မိမိ။ပ။ ဘဝင်စလန။ ဘဝင်ုပစ္ဆေဒ။ ထို့နောင်ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ မဟာကြိယာ တတိယဒွေးတို့တွင် တခုခုသည် မန္ဒ,တိက္ခအားလျော်စွာလေးကြိမ်,သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် စျာန်အင်္ဂါ၊ နှစ်ပါးနှင့် ပြည့်စုံသော ဝိညာဏဉ္စာယတန ကြိယာစျာန်သည် ဘဝင်အယဉ် ကဲ့သို့ အလိုရှိသောအတိုင်း များစွာဖြစ်၍ချုပ်၏။ ထို့နောင်ဘဝင်။

> [ဤဝီထိ၌လည်း မိမိဘုံ၌ အာကာသာနဉ္စာယတနကြိယာ မရှိသောကြောင့် အောက်ဘုံ၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြုရသည်]။

ထိုသို့ဖြစ်သောအခါ အနုပါဒပါဠိတော်ပါဠ်၌ "အာကာသာနဉ္စာယတန ကုသလံ"၏ အရဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓ်၌"ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "ဝိညာ

ဏာယတန ကြိယာ"၏ အရဖြစ်သော ဝိညာဏဉ္စာယတနကြိယာကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိဌ်ရင်း "အဗျာကတော ဓမ္မော"ဟု ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတန ကြိယာအား အာရမ္မဏ။၏။ ။("**အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနဝိပါကဿ ကြိယဿ**"၌လည်း ဤနည်းကိုမှီ၍ ဆိုလေ)။

["ကြိယဿာတိ အရဟတ္တံ ပတ္တာ အသမာပန္နပုဗ္ဗေ အာကာသာနဉ္စာယတနေ ပဋိလောမတော ဝါ ကေန္တရိကဝသေန ဝ၊ သမာပန္န ကြိယာယ" **အဋ္ဌကထာ**-၄၃၆။ ။ကြိယဿာတိ ပဒဿ၊ ၏။ "အရဟတ္တံ ပတ္တာ"။ပ။ သမာပန္နကြိယာယ"ဟူသော အနက်ကို။ ဝေဒိတဗ္ဗော၊၏။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တာ၊ ရောက်ပြီး၍။ အသမာပန္နပုဗ္ဗေ၊ ပုထုဇဉ်,သေက္ခဖြစ်၍ ရှေး၌ မဝင်စားဘူးသော။ (ဤကား ပုထုဇဉ်, သေက္ခသန္တာန်၌ သမာပတ်ကို မရသည်ကို ရည်သည်)။ **တနည်းကား** အသမာပန္နပုဗ္ဗေ၊ ရဟန္တာ သန္တာန်၌ မဝင်စားဘူးသော။ အာကာသာနဉ္စာယတနေ၊ အာကာသာနဉ္စာယတနစျာန်၌။ ပဋိလောမတော ဝါ ပဋိလောမအားဖြင့်ရင်း။ ကေန္တရိကဝသေန ဝါ၊ တခုခြား ဝင်စားသော အားဖြင့်ရင်း။ သမာပန္နကြိယာယ၊ ရဟန္တာသန္တာန်၌ ဝင်စားသော ဝိညာဏဉ္စာယတနကြိယာအား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊၏။ ။

"ပဋိလောမတော ဝါ ကေန္တရိကဝသေန ဝါတိ ဝဒန္တေန အနုလောမတော သမာပဇ္ဇနေ ယေဘုယျေန အာသန္နသမာပတ္တိယာ အာရမ္မဏဘာဝေါ ဒဿိတောတိ ဒဋ္ဌဗ္ဗော။ ယထာပန ပဋိလောမတော ကေန္တရိကဝသေန စ သမာပဇ္ဇန္တဿ အနာသန္နာပိ သမာပတ္တိအာရမ္မဏံ ဟောတိ။ ဧဝံ အနုလောမတော သမာပဇ္ဇန္တဿာပိ ဘဝေယျာတိ" (ဋီကာ)။ ။ပဋိလောမတော ဝါ ကေန္တရိကဝသေန ဝါတိ၊ဟူ၍။ ဝဒန္တေန၊ဆိုသော အဋ္ဌကထာဆရာသည်။ အနုလောမတော၊ အနုလောမအားဖြင့်။ သမာပဇ္ဇနေ၊ ဝင်စားသည်ရှိသော်။ ယေဘုယျေန၊အားဖြင့်။ အာသန္နသမာပတ္တိယာ၊ နီးသောသမာပတ်၏။ အာရမ္မဏဘာဝေါ၊ အာရုံ၏ အဖြစ်ကို။ ဒဿိတော၊၏။ဣတိ၊သို့။ ဒဋ္ဌဗ္ဗော၊၏။ပနဝိသေသော၊ အထူးကား။ပဋိလောမတော စ၊ ရင်း။ ကေန္တရိကဝသေန စ၊ ရင်း။ သမာပဇ္ဇန္တဿ၊ ၏။ အနာသန္နာ၊ မနီးသော။ သမာပတ္တိပိ၊ သည်လည်း။ အာရမ္မဏံ၊သည်။ ဟောတိယထာ၊သို့။ ဧဝံတထာ၊တူ။ အနုလောမတော၊ဖြင့်။သမာပဇ္ဇန္တဿာပိ၊၏။အားလည်း။ ဘဝေယျ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော။ ၏]။ ။

**"ကုသလာ ခန္ဓာ စေတောပရိယဉာဏဿ"** ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "ကုသလာ ခန္ဓာ"၏ အရကို လွန်လေပြီးသော။ပ။ ကာလသုံးပါး၌ တည်သော သူတပါးတို့၏ ကုသိုလ်စေတသိကယူ၍ "စေတော ပရိယဉာဏဿ"၏ အရကို စေတောပရိယ ကြိယာအဘိညာဉ်ယူ၍ ကာလ သုံးပါး၌ တည်သော သူတပါးတို့ ကုသိုလ် စေတသိကသည် စေတောပရိယကြိယာ အဘိညာဉ်အား အာရမ္မဏ။၏။ ။(ကုသိုလ် အဘိညာဉ်ကအတိုင်း ကြိယာ အဘိညာဉ်ကိုလည်း လှည့်၍ချလေ)။ ။

**"ကုသလာ ခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ"**ဟူ၍ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလာ ခန္ဓာ"၏အရကို ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ကုသိုလ် စေတသိကယူ၍ "ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ"၏ အရကို ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်ယူ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ကုသိုလ် စေတသိကသည် ပုဗ္ဗေနိဝါ သာနုဿတိ ကြိယာအဘိညာဉ်အား။ ၏။ ။

**"ကုသလာ ခန္ဓာ ယထာကမ္မုပဂဉာဏဿ"**ဟူ၍ ဟောတော်မူအပ်သော။ပ။ ၌"ကုသလာ ခန္ဓာ"၏အရကို အတိတ်ဖြစ်သော လောကီကုသိုလ်ကံယူ၍"ယထာ ကမ္မုပဂဉာဏဿ"၏အရကို ယထာကမ္မုပဂ ကြိယာအဘိညာဉ်ယူ၍ အတိတ် ဖြစ်သော လောကီ ကုသိုလ်ကံသည် ယထာကမ္မုပဂကြိယာ အဘိညာဉ်အား။၏။

**"ကုသလာ ခန္ဓာ အနာဂတံသဉာဏဿ"** ဟူ၍။ပ။၌။ "ကုသလာ ခန္ဓာ"၏ အရကို အနာဂတ်ဖြစ်သော ကုသိုလ်စေတသိကကိုယူ၍ "အနာဂတံသဉာဏဿ" ၏အရကို အနာဂတံသကြိယာ အဘိညာဉ်ယူ၍ အနာဂတ်ဖြစ်သော ကုသိုလ်စေ တသိကသည် အနာဂတံသ ကြိယာအဘိညာဉ်အား။၏။ ။(ဝီထိကို ရှာသိစုက အတိုင်းချလေ)။ ။

**"ကုသလာ ခန္ဓာ အာဝဇ္ဇနာယ"**ဟူ၍။ပ။၌ "ကုသလာ ခန္ဓာ"၏ အရကို ကုသိုလ် စေတသိကယူ၍ "အာဝဇ္ဇနာယ"၏ အရကို အမှတ်မဲ့ တပါးပါးသော မနောဒွါရဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းယူ၍ ကုသိုလ်စေတသိကသည် မနောဒါရာဝဇ္ဇန်းအား။၏။ ။

**ပစ္စည်းတပ်ဟန်ကား—**

အရဟတ္တမဂ် ကြည်သော ကုသိုလ်ဝီသကို အာရုံပြု၍ မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။ပ။ဘပင်စလန။ဘဝင်ုပစ္ဆေဒ။ ထို့နောင် အရဟတ္တမဂ်ကြည်သော ကုသိုလ်ဝီသကို အာရုံပြု၍ မနောဒါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင်ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။(ထိုသို့ဖြစ်သောအခါ အနုဝါဒ။ပ။ဆိုမြဲ)။ ။

[ဤနည်းအတူ အကုသိုလ်ဇော, ဉာဏဝိပ္ပယုတ် မဟာကုသိုလ်, ကြိယာဇော တို့ကိုချလေ။ ။မဟာကြိယာ ဉာဏသမ္ပယုတ်မှာ ကုသိုလ်ကောဝိသကို အာရုံယူ]။ ။

**အကုသလော အကုသလဿ**

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒကို ဟောတော်မူ၏။ထို....၌ တုံသော်လည်း အကုသလပဒါဝသာန, ကုသလပဒါဝသာန, အဗျာကတပဒါသာန အားဖြင့် **သုံးပါးအပြား**ရှိ၏။ ထို....တွင် အကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "အကုသလော ဓမ္မော အကုလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟူသည်တည်း။ ။

အကုသလော။သော။ပ။ပစ္စယော၊သည်။ဟောတိ၊၏။ရာဂံ၊ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို။ အဿာဒေတိ၊၏။အဘိနန္ဒတိ။၏။တံ၊ ထိုရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ကို။အာရဗ္ဘ၊၍။ ရာဂေါ၊သည်။ဥပ္ပဇ္ဇတိ၊၏။ဒိဋ္ဌိ၊သည်။ဥပ္ပဇ္ဇတိ၊ ၏။ ဝိစိကိစ္ဆာ၊ သည်။ ဥပ္ပဇ္ဇတိ၊၏။ဥဒ္ဓစ္စံ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ဒေါမနဿံ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ဒိဋ္ဌိံ၊ ဒိဋ္ဌိပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကို။ အဿာဒေတိ၊ ၏။ပ။ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဝိစိကိစ္ဆံ။ ဝိစိကိစ္ဆာ သဟဂုတ် စိတ္တုပ္ပါဒ်ကို။ အာရဗ္ဘ၊ ၍။ပ။ ဒေါမနဿံ၊ သည်။ ဥပ္ပဇ္ဇတိ၊၏။ ဥဒ္ဓစ္စံ။ ဥဒ္ဓစ္စ သဟဂုတ် စိတ္တုပ္ပါဒ်ကို။ပ။ ဒေါမနဿံ၊ ဒေါမနဿ သဟဂုတ်စိတ္တုပ္ပါဒ်ကို။ပ။ ဥဒ္ဓစ္စံ၊ သည်။ ဥပ္ပဇ္ဇတိ၊၏။

**အဓိပ္ပါယ်ကား**—

အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား။၏။

**အဘယ်သို့....ကား** ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ကို အာရုံပြု၍ သာယာသောအခါ လောဘမူ သောမနဿသဟဂုတ်လေးခုအား....နှစ်သက်သော အခါ လောဘမူ ပီတိသဟဂုတ် လေးခုအား....တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုအား....အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား....မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်အား....ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ် အား....နှလုံးမသာယာသောအခါ ဒေါသမူဒွေးအား....အာရမ္မဏ။ပ။ ၏။ ။ ["ဒိဋ္ဌိံ အဿာဒေတိ"အစရှိသော ပါဠ်၏အရ, အဓိပ္ပါယ်ကို ယခင်နည်းကိုမှီ၍ ဆိုလေ]။

ဝိဓိပါဠိတော်ပါဠ်၌ **ကတ္တားကား** အကုသိုလ်ဒွါဒသ။ **စေတသိက်** သတ္တဝီသ။ ပစ္စည်းတရားရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ်ဒွါဒသ။ စေတသိက်သတ္တဝီသ။

ပစ္စယုပ္ပန်။၏။ ။ကရိုဏ်းကား အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ သုံးပစ္စယသတ္တိတို့တွင် အာရမ္မဏ။ပ။ သတ္တိ ရ၏။

"ရာဂံ အဿာဒေတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒ။ပ။၌ "ရာဂံ"၏ အရကို ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ယူ၍"အဿာဒေတိ"၏ အရကို သာယာသောအခါ လောဘမူ သောမနဿသဟဂုတ်ယူ၍ "အဘိနန္ဒတိ" ၏ အရကို သပ္ပီတိကာ တဏှာပြဋ္ဌာန်းသော လောဘမူ သောမနဿသဟဂုတ်ယူ၍ ["ရာဂေါ ဥပ္ပဇ္ဇတိ"အစရှိသည်ကိုယူမြဲ]။ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ် သည် အကုသိုလ်ဒွါဒသအား။၏။ ။(ပစ္စည်းတပ်ဟန်ကား ဝီထိကို"ကုသလော အကုသလဿ"ကို မှီ၍ ဆိုလေ)။

"ဒိဋ္ဌိံ အဿာဒေတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "ဒိဋ္ဌိံ"၏အရကို ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ယူ၍"အဿာဒေတိ" အစရှိသည်၏ အရကို .. (ယူမြဲ)။ ။ဝိစိကိစ္ဆံ အာရဗ္ဘ။ပ။ ပါဌ်၌ "ဝိစိကိစ္ဆံ"၏ အရကို ဝိစိကိစ္ဆာသဟဂုတ်ယူ၍ "အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ" စသည်ကို ယူမြဲ။ ။"ဥဒ္ဓစ္စံ"၏ အရကို ဥဒ္ဓစ္စသဟဂုတ် ယူ၍ "အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ" စသည်ကို ယူမြဲ။ ။"ဒေါမနဿံ"၏ အရကို ဒေါသမူဒွေး စိတ္တုပ္ပါဒ် ယူ၍။ နောက်ကိုယူမြဲ။ ။(ဝီထိကို ကုသလော အကုသလဿကို မှီ၍ချလေ)။

## အကုသလော ကုသလဿ

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလပဒါဝသာနကို ဟောတော်မူ၏။ ဟောဟန်ကား "အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ။ပ။အာရမ္မဏပစ္စယေန ပစ္စယော"ဟူသည်တည်း။

အကုသလော၊ သော။ ဓမ္မော၊ သည်။ ကုသလဿ၊ သော။ ဓမ္မဿ၊ အား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊ ၏။၊ သေက္ခာ၊ သေက္ခဟု ဆိုအပ်ကုန်သော သောတာပန်,သကဒါဂါမ်,အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ ပဟီနေ၊ မိမိ မဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော။ ကိလေသေ၊ ကိလေသာတို့ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ ဝိက္ခမ္ဘိတေ၊ မိမိ မဂ်ဖြင့် ပယ်ခွါအပ်ကုန်သော။ ကိလေသေ၊ တို့ကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ ။("ပဟီနကိလေသေ ဝိက္ခမ္ဘိတကိလေသေ"ဟု တသမာသ်ထည်းလည်း ရှိ၏)။ ။သေက္ခာ၊ တို့သည်။ ပုဗ္ဗေ၊ ၌။ သမုဒါစိဏ္ဏေ၊ အလေ့အကျက် ပြုအပ်ကုန်ပြီးသော။ ကိလေသေ၊ တို့ကို။ ဇာနန္တိ၊ ကုန်၏။ သေက္ခာဝ၊ တို့သည်ငင်း။ ပုထုဇ္ဇနာဝ၊တို့သည်ငင်း။ အကုသလံ၊ ကို။ပ။ဝိပဿန္တိ၊ ကုန်၏။ သေက္ခာဝါ၊ တို့သည်ငင်း။ ပုထုဇ္ဇနာဝ၊ တို့သည်ငင်း။ စေတောပရိယ ဉာဏေန၊ ဖြင့်။ပ။ ဇာနန္တိ၊ ကုန်၏။ အကုသလာ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။

စေတောပရိယဉာဏဿ၊အားရင်း။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၊အားရင်း။ ယထာကမ္မုပဂဉာဏဿ၊အားရင်း။အနာဂတံသဉာဏဿ၊အားရင်း။အာရမ္မဏ ပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

**အဓိပ္ပါယ်ကား—**

အကုသိုလ် ဓမ္မသည် ကုသိုလ် ဓမ္မအား။၏။

အဘယ်သို့...ကား သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိ မဂ်သည် ပယ်အပ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ ဟူသော ကိလေသာ နှစ်ပါးကို ဆင်ခြင်သောအခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား....သကဒါဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ရုန့်ရင်းသော ရာဂ, ဒေါသ, မောဟ ဟူသော ကိလေသာ သုံးပါးကို ဆင်ခြင်သောအခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား....အနာဂါမ် ပုဂ္ဂိုလ်သည် အနာဂါမိမဂ်သည် ပယ်အပ်သော ကာမရာဂဟု ဆိုအပ်သော လောဘ တစိတ်၊ ဗျာပါဒဟု ဆိုအပ်သော ဒေါသကို ဆင်ခြင်သော အခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား....၏။ ။

သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သည် မပယ်အပ်သော လောဘ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာ ရှစ်ပါးကို ဆင်ခြင်သောအခါ ကြွင်းသော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား....။ ။သကဒါဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော ရာဂ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာ ရှစ်ပါးကို ဆင်ခြင်သောအခါ ကြွင်းသော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား....။ ။အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်သည် မပယ်အပ်သော ရူပရာဂ, အရူပရာဂဟု ဆိုအပ်သော လောဘ တစိတ်၊ မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာ ခုနစ်ပါးကို ဆင်ခြင်သောအခါ ကြွင်းသောကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား....။ ။သေက္ခ, ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် အကုသိုလ်ကို အာရုံပြု၍ အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာ ပြုသောအခါ အကုသိုလ်သည် ဝိပဿနာ ပြုသော ကာမကုသိုလ်အား....။ ။သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် စေတော ပရိယကုသိုလ် အဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်။ပ။ အကုသိုလ်ကို သိသောအခါ သူတပါးတို့ အကုသိုလ်သည် စေတောပရိယကုသိုလ် အဘိညာဉ်, ထို အဘိညာဉ်နောက်၌ ဖြစ်သော ကာမကုသိုလ်အား....။ ။လွန်လေပြီး သော။ပ။ သူတပါးတို့ အကုသိုလ်သည် စေတောပရိယကုသိုလ် အဘိညာဉ်

အား....။ ။ပုဗ္ဗေနိဝုဋ္ဌ ဖြစ်သော အကုသိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အား....။ ။အတိတ်ဖြစ်သော အကုသိုလ်ကံသည် ယထာကမ္မူပဂကုသိုလ်အဘိညာဉ်အား....။ ။အနာဂတ် ဖြစ်သော အကုသိုလ်သည် အနာဂတံသကုသိုလ် အဘိညာဉ်အား....အာရမ္မဏ။ပ။၏။

**ကတ္တာ းကား** အကုသိုလ်ဒွါဒသ။စေ။ သတ္တပီသ။ပစ္စည်းတရားရ၏။ ။**သမ္ပဒါန်ကား** မဟာကုသိုလ်ရှစ်ခု။ စေတောပရိယ။ပုဗ္ဗေနိဝါသာနုဿတိ။ ယထာကမ္မူပဂ။ အနာဂတံသကုသိုလ် အဘိညာဉ်၊ အပ္ပမညာကြဉ်သော။ စေ။ ဆတ္တိံသ။ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းပါဒ်၏အရကား** အာရမ္မဏသတ္တိ ရ၏။

''**သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ**'' ဟူ၍ ဟောတော်မူအပ်သော။ပ။ ပါဌ်၌ သောတာပန်ဖြစ်အံ့ ''ပဟီနေ ကိလေသေ''၏ အရကို ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးယူ၍ ''သေက္ခာ ပစ္စဝေက္ခန္တိ''၏ အရကို သောတာပန်သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍ ပယ်အပ်သော ကိလေသာသည် သောတာပန်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်အား.... အာရမ္မဏ။ ၏။

**ပစ္စည်းတပ်ပုံကား—**

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ကိလေသာကို ဆင်ခြင်လိုလတ်သော် မိမိ။ပ။ ဘဝင်စလန။ ဘဝင်ုပစ္ဆေဒ။ ထို့နောင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဟူသော ကိလေသာနှစ်ပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ။ထို့နောင် တဒနုဝတ္တက။ ဤဒိဋ္ဌိဖြင့် ငါရသော သောတာပတ္တိမဂ်သည် ပယ်အပ်သော ကိလေသာကား ဤရွေ့ဤမျှဟု သိသတည်း။ ထိုသို့ ဖြစ်သောအခါ....(ဆိုမြဲ)။

သကဒါဂါမ်ဖြစ်အံ့၊ သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ရုန့်ရင်းသော ရာဂ၊ ဒေါသ၊ မောဟယူ၍ ''သေက္ခာ ပစ္စဝေက္ခန္တိ''၏ အရကို သကဒါဂါမ်သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ် ယူ၍ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။ ၏။

**ပစ္စည်းတပ်ပုံကား—**

သကဒါဂါမ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ကိလေသာကို ဆင်ခြင်လိုလတ်သော် (ယခင်နည်းကိုမှီ၍ ဝီထိချ)။ ။အနာဂါမ်ဖြစ်အံ့ ''ပဟီနေ ကိလေသေ''၏ အရကို အနာဂါမိမဂ်သည် ပယ်အပ်သော

ကာမရာဂဟု ဆိုအပ်သော လောဘတစိတ်၊ ဗျာပါဒဟု ဆိုအပ်သော ဒေါသယှဉ်၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏အရကို အနာဂါမ်သန္တာန်၌ ဆင်ခြင်သော ကာမကုသိုလ်ကိုယှဉ်၍ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။ ၏။ ။[ဤ၌လည်း ဝိထိကို ယခင်နည်းကိုမှီ၍ချလေ]။ ။

**"သေက္ခာ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ"**ဟူ၍ ဟောတော်။ပ။ ပါဌ်၌ သောတာပန် ဖြစ်အံ့ "ဝိက္ခမ္ဘိတေ ကိလေသေ"၏ အရကို သောတာပတ္တိမဂ်သည် မပယ်အပ်သော လောဘ, ဒေါသ, မောဟ,မာန, ထိန,ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူသော ကိလေသာ ရှစ်ပါးယှဉ်၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို သောတာပန် သန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယှဉ်၍ ကြွင်းသော ကိလေသာသည် ဆင်ခြင် သော ကာမကုသိုလ်အား။ ၏။

**ပစ္စည်းတပ်ဟန်ကား—**

သောတာပန်ပုဂ္ဂိုလ်သည် ကြွင်းသောကိလေသာကို ဆင်ခြင် လိုလတ်သော် ဘဝင်စလန။ဘဝင်ုပစ္ဆေဒ။ ထိုနောင်သောတာပတ္တိမဂ်သည် မပယ်အပ်သော ကိလေသာရှစ်ပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စခုနစ်ကြိမ်။ ထိုနောင်ဘဝင်။ ထိုနောင် တဒနုဝတ္တက။ ဤဝိထိဖြင့်ကြွင်းသော ကိလေသာကား ဤမျှဟု သိသတည်း။ ထိုသို့ဖြစ်သောအခါ (ဆိုမြဲ)။

**သကဒါဂါမ်**ဖြစ်အံ့ "ဝိက္ခမ္ဘိတေ ကိလေသေ"၏အရကို သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော ရာဂ,ဒေါသ,မောဟ,မာန,ထိန,ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော ကိလေသာရှစ်ပါးယှဉ်၍"သေက္ခာ ပစ္စဝေက္ခန္တိ" ၏အရကို သကဒါဂါမ်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယှဉ်၍။ ။ (ဝိထိကို ရှေးနည်းကို မှီ၍ချ)။

**အနာဂါမ်**ဖြစ်အံ့ "ဝိက္ခမ္ဘိတေ ကိလေသေ"၏ အရကို အနာဂါမိမဂ်သည် မပယ်အပ်သော ရူပရာဂ, အရူပရာဂဟုဆိုအပ်သော လောဘတစိတ်။ မောဟ, မာန,ထိန, ဥဒ္ဓစ္စ,အဟိရိက, အနောတ္တပ္ပ ဟူသော ကိလေသာ ခုနစ်ပါးယှဉ်၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို အနာဂါမ်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယှဉ်၍။ (ဤ၌လည်း ဝိထိကို ရှေးနည်းကိုမှီ၍ချလေ)။

**ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ**။ပ။" ပါဠ်၌ "ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ"၏ အရကို ရှေး၌ အလေ့အကျက်ပြုအပ်ကုန်သော ကိလေသာ

ဆယ်ပါးယူ၍"ဇာနန္တိ"၏အရကို သိသော ကာမကုသိုလ်ယူ၍ ရှေး၌ အလေ့ အကျက်ပြုအပ်ကုန်သော ကိလေသာတို့သည် သိသော ကာမကုသိုလ်အား။၏။ (ဝိထိချမြဲ)။

**သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ**။ပ။ **ဝိပဿန္တိ**"ဟူ၍ ဟောတော်။ပ။ပါဌ်၌"အကုသလံ"၏အရကို အကုသိုလ်ဒွါဒသယူ၍ **သေက္ခာဝါ**။ပ။ **ဝိပဿန္တိ ၏** အရကို ဝိပဿနာ ပြုသော ကာမကုသိုလ်ယူ၍။ အကုသိုလ်သည်ဝိပဿနာ ပြုသော ကာမကုသိုလ်အား။၏။

"**သေက္ခာဝါ**။ပ။ **ဇာနန္တိ**" ဟူ၍ ဟောတော်။ပ။ ပါဌ်၌ "အကုသလ**စိတ္တ သမင်္ဂီဿ စိတ္တံ**"၏ အရကို လွန်လေပြီးသော ခုနစ်ရက်။ပ။ သူတပါးတို့၏ အကု သိုလ်ဒွါဒသယူ၍ "သေက္ခာဝါ။ပ။ ဇာနန္တိ"၏အရကို စေတောပရိယ ကုသိုလ် အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်ယူ၍ ကာလ သုံးပါး၌တည်သော သူတပါးတို့၏ အကုသိုလ်ဒွါဒသသည် စေတောပရိယကုသိုလ် အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်အား။၏။ ။(ဝိထိ ကို "ကုသလော ကုသလဿ"ကို မှီ၍ချလေ)။

"**အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ**"ဟူ၍။ပ။ပါဌ်၌"အကုသလာ ခန္ဓာ"**၏**အရကို လွန်လေပြီးသော။ပ။ ကာလသုံးပါး၌ တည်သော သူတပါး တို့အကုသိုလ်ဒွါဒသယူ၍ "စေတောပရိယဉာဏဿ"၏အရကို စေတောပရိယ ကုသိုလ်အဘိညာဉ်ယူ၍။ပ။၏။"အကုသလာခန္ဓာ"၏အရကို ပုဗ္ဗေနိဝါသ၌ဖြစ်သော အကုသိုလ်ဒွါဒသ ယူ၍ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ"၏ အရကို ပုဗ္ဗေနိဝါ သာနုဿတိကုသိုလ်အဘိညာဉ်ယူ၍။ပ။၏။ "အကုသလာ ခန္ဓာ"၏ အရကို အတိတ်ဖြစ်သော အကုသိုလ်ကံယူ၍ "ယထာကမ္မုပဂဉာဏဿ"၏ အရကို ယထာကမ္မုပဂ ကုသိုလ် အဘိညာဉ် ယူ၍ အတိတ်ဖြစ်သော အကုသိုလ်ကံသည် ယထာကမ္မုပဂ ကုသိုလ်အဘိညာဉ်အား။ ၏။ ။"အကုသလာ ခန္ဓာ"၏အရကို အနာဂတ်ဖြစ်သော အကုသိုလ်ဒွါဒသယူ၍ "အနာဂတံသဉာဏဿ"၏ အရကို အနာဂတံသကုသိုလ်အဘိညာဉ်ယူ၍။ပ။၏။ ။(ဝိထိချမြဲ)။

## အကုသလော အဗျာကတဿ

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒါ ဝသာနကိုဟောတော်မူ၏။ **ဟောဟန်ကား** "အကုသလော ဓမ္မော အဗျာ ကတဿ ဓမ္မဿ။ပ။ အာရမ္မဏပစ္စယေန ပစ္စယော"ဟူသည်တည်း။

အကုသလော၊ သော။ ဓမ္မော၊ သည်။ အဗျာကတဿ၊ သော။ ဓမ္မဿ၊ အား။ အာရမ္မဏပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။အရဟာ၊

ရဟန္တာပုဂ္ဂိုလ်သည်။ ပဟီနေ၊ ပယ်အပ်ကုန်သော။ ကိလေသေ၊ တို့ကို။ ပစ္စဝေက္ခတိ၊၏။ ပုဗ္ဗေ၊ ရှေး၌။ သမုဒါစိဏ္ဏေ၊ အလေ့အကျက် ပြုအပ် ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ဇာနာတိ၊၏။ ။အကုသလံ၊ကို။ အနိစ္စတော။ပ။ ဝိပဿတိ၊၏။ စေတောပရိယဉာဏေန။ပ။ ဇာနာတိ၊ ၏။သေက္ခာဝါ။ ငင်း။ ပုထုဇ္ဇနာဝါ၊ ငင်း။ အကုသလံ၊ ကို။ အနိစ္စတော။ပ။ ကုသလေ၊ သည်။နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ဝိပါကော၊ ဝိပါက်သည်။ တဒါရမ္မဏတာ-တဒါရမ္မဏတာယ၊ ဖြင့်။ဥပ္ပဇ္ဇတိ၊၏။အကုသလံ၊ကို။ အဿာဒေတိ၊၏။ တဒါရမ္မဏတာ-တဒါရမ္မဏတာယ၊ဖြင့်။ ဥပ္ပဇ္ဇတိ၊၏။ ။(အကုသလာ ခန္ဓာ စသည်ကို ပေးမြဲ)။

**အဓိပ္ပါယ်ကား—**

အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏ။ ၏။ ။

အဘယ်သို့....ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်သည် ပယ်အပ်သော ရူပရာဂ,အရူပရာဂဟု ဆိုအပ်သော လောဘတစိတ်၊ မောဟ, မာန,ထိန,ဥဒ္ဓစ္စ, အဟိရိက,အနောတ္တပ္ပဟူသော ကိလေသာခုနစ်ပါးကို ဆင်ခြင်သောအခါ ပယ်အပ်သောကိလေသာသည် ဆင်ခြင်သော ကာမကြိယာအား အာရမ္မဏ။ ၏။ ။ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ကိလေသာတို့ကို သိသော အခါ ရှေး၌ အလေ့အကျက်ပြုအပ်ကုန်ပြီးသော ကိလေသာတို့သည် သိသော ကာမကြိယာအား....(ကြွင်းသော အဓိပ္ပါယ် လွယ်ပြီ။ ရှေးနည်းကို မှီ၍ဆို)။

အကုသလော **ကတ္တားပုဒ်၏အရကား** အကုသိုလ်ဒွါဒသ။ စေတသိက် **သတ္တဝီသ**။ ပစ္စည်းတရား ရ၏။ ။အဗျာကတဿ ဟူသော **သမ္ပဒါန်ပုဒ်၏အရကား** တဒါရုံ **ကောဒသ**။ ပဥ္စဒွါရာဝဇ္ဇန်း ကြဉ်သော ကာမကြိယာတဆယ်။ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသ ကြိယာ အဘိညာဉ်၊ ဝိရတိ, အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ၊ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းပါဌ်၏အရကား အာရမ္မဏသတ္တိ** ရ၏။

“**အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ**” ဟူ၍။ပ။ပါဌ်၌ “ပဟီနေ ကိလေသေ”၏ အရကို အရဟတ္တမဂ်သည် ပယ်အပ်သော ရူပရာဂ, အရူပရာဂဟု ဆိုအပ်သော လောဘတစိတ်၊ မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက,အနောတ္တပ္ပ ဟု ဆိုအပ်သော ကိလေသာခုနစ်ပါး ယူ၍ “အရဟာ ပစ္စဝေက္ခတိ”၏ အရကို ရဟန္တာသန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကြိယာ ယူ၍ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော **ကာမကြိယာအား** အာရမ္မဏ။၏။

(ပစ္စည်းတပ်ဟန်ကား။ ။ရဟန္တာပုဂ္ဂိုလ်သည် ပယ်အပ်သော ကိလေသာကို ဆင်ခြင်လိုလတ်သော်....နောက်နည်းကိုမှီ၍ချလေ။ "။ပုဗ္ဗေ သမုဒါစိဏ္ဏေ" ၌လည်း ယူမြဲ။ ။ပီထိချ[မြဲ]။ "အကုသလံ အနိစ္စတော" အစရှိသည်တို့၌လည်း လွယ်ပြီ။ ။ နောက်ကနည်းနှင့် တူပြီ)။

### အဗျာကတော အဗျာကတဿ

အကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒကို ဟောတော် မူ၏။ ထို....၌ တုံသော်လည်း အဗျာကတပဒါဝသာန အစရှိသော အားဖြင့် သုံးပါးအပြား ရှိ၏။ ထို....တွင် အဗျာကတပဒါဝသာနကို ရှေးဦးစွာ ဟောတော် မူ၏။ **ဟောဟန်ကား** "အဗျာကတော ဓမ္မော အဗျာကတဿ။ပ။ အာရမ္မဏပစ္စယေန ပစ္စယော" ဟူသည်တည်း။

အရဟာ၊ သည်။ ဖလံ၊ အရဟတ္တဖိုလ်ကို။ ပစ္စဝေက္ခတိ၊ ၏။ နိဗ္ဗာနံ၊ ကို။ ပစ္စဝေက္ခတိ၊ ၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ဖလဿ၊ ဖိုလ်လေးခုအား။အာဝဇ္ဇနာယ၊ မနောဒွါရာဝဇ္ဇန်းအား။ အာရမ္မဏ။ပ။၏။ အရဟာ၊ ရဟန္တာပုဂ္ဂိုလ်သည်။စက္ခုံ၊ စက္ခုပသာဒကို။ပ။ ရူပေ၊ ရူပါရုံတို့ကို။ပ။ ဖောဋ္ဌဗ္ဗေ၊ တို့ကို။ ဝတ္ထုံ၊ ဟဒယဝတ္ထု ကို။ ဝိပဿတိ၊ ၏။ ဝိပါကာဗျာကတေ၊ ဝိပါက်အဗျာကတ ဖြစ်ကုန်သော။ ကြိယာဗျာကတေ၊ ကုန်သော။ ခန္ဓေ၊ တို့ကို။ ပ။ ဝိပဿတိ၊ ၏။ ဒိဗ္ဗေန၊ နတ်၌ ဖြစ်သော။ စက္ခုနာ၊ အဘိညာဉ်ဟူသော မျက်စိဖြင့်။ ရူပံ၊ ကို။ ပဿတိ၊ ၏။ ဒိဗ္ဗာယ၊ နတ်၌ဖြစ်သော။ သောတဓာတုယာ၊ သောတဓာတ်ဟူသော အဘိညာဉ် ဖြင့်။ သဒ္ဒံ၊ ကို။ သုဏာတိ၊ ၏။ ။စေတောပရိယဉာဏေန၊ ဖြင့်။ ဝိပါကာ ဗျာကတ, ကြိယာဗျာကတ စိတ္တသမင်္ဂိဿ၊ ဝိပါက်အဗျာကတ, ကြိယာ အဗျာကတစိတ်နှင့် ပြည့်စုံသောသူ၏။စိတ္တံ၊ ကို။ဇာနာတိ၊ သိ၏။ ။[နောက်၌ အနက်လွယ်ပြီ]။

အဓိပ္ပါယ်ကား—

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏ။ ၏။

အဘယ်သို့....ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ဆင်ခြင်သော အခါ အရဟတ္တဖိုလ်သည် ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်အား။၏။ ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ဆင်ခြင်သောအခါ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်အား....မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိ ဖြစ်သောအခါ နိဗ္ဗာန်သည် ဖိုလ်လေးခုအား....ပစ္စဝေက္ခဏာဝီထိ ဖြစ်သောအခါ နိဗ္ဗာန်သည်

မနောဒွါရာဝဇ္ဇန်းအား....ရဟန္တာပုဂ္ဂိုလ်သည် စက္ခုပသာဒကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာပြုသောအခါ စက္ခုပသာဒသည် ဝိပဿနာပြုသော ကာမကြိယာအား....သောတ, ဃာန။ပ။ ရူပါရုံ။ပ။ ဖောဋ္ဌဗ္ဗာရုံ။ ဟဒယဝတ္ထု။ လောကီဝိပါက်ကြိယာ ခန္ဓာတို့ကို။ပ။ ဝိပဿနာပြုသောအခါ သောတ,ဃာန။ ပ။ ခန္ဓာတို့သည် ဝိပဿနာပြုသော ကာမကြိယာအား....ရဟန္တာပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်ဖြင့် ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန် ရူပါရုံကို မြင်သောအခါ ဒူရ, ပဋိစ္ဆန္န, သဏှသုခုမ, ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်အား....ရဟန္တာပုဂ္ဂိုလ်သည် ဒိဗ္ဗသောတကြိယာအဘိညာဉ်ဖြင့် ဒူရ, ပဋိစ္ဆန္န, သဏှ,သုခုမ,ပစ္စုပ္ပန် သဒ္ဒါရုံကို ကြားသောအခါ ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန် သဒ္ဒါရုံသည် ဒိဗ္ဗသောတကြိယာအဘိညာဉ်အား....၏။ ရဟန္တာပုဂ္ဂိုလ်သည် စေတောပရိယ ကြိယာအဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင်။ပ။ သူတပါးတို့၏ ဝိပါက်,ကြိယာစိတ်ကိုပိုင်းခြား၍ သိသောအခါ သူတပါးတို့၏ ဝိပါက်,ကြိယာစိတ်သည် စေတောပရိယကြိယာအဘိညာဉ်, ထိုအဘိညာဉ်နောက်၌ ဖြစ်သော ကာမကြိယာအား.... ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ရသောအခါ ဝင်စားသောအခါ ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာသည် ဝိညာဏဉ္စာယတနကြိယာအား....(အာကိဉ္စညာ။ ဆိုမြဲ။ ။ရူပါယတနံ စသည်၏ အဓိပ္ပါယ် လွယ်ပြီ)။

"အဗျာကတော" ဟူသော **ကတ္တားပုဒ်၏အရကား** ဝိပါက်ဆတ္တိံသ ကြိယာဝီသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကာမဝိပါက်တေဝီသ။ ကာမကြိယာ ဧကာဒသ။ ဝိညာဏဉ္စာယတနကြိယာ။ နေဝသညာနာသညာယတနကြိယာ။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ၊ ကြိယာအဘိညာဉ်၊ ဖိုလ်လေးခု၊ အပ္ပမညာကြဉ်သော စေတသိက်ဆတ္တိံသ။ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

တနည်းကား—

**ကတ္တားကား** စက္ခုဝိညာဉ်ဒွေးအား တပ်သော ပစ္စုပ္ပန်ရူပါရုံ။ သောတဝိညာဉ်ဒွေးအား တပ်သော ပစ္စုပ္ပန်သဒ္ဒါရုံ။ပ။ မနောဓာတ်သုံးခုအား တပ်သော ပစ္စုပ္ပန်ပဉ္စာရုံ။ တဒါရုံဧကာဒသ၊ ဟသိတုပ္ပါဒ်အား တပ်သော ကာမဝိပါက်တေဝီသ။ ကာမကြိယာ ဧကာဒသ။ ရုပ်အဋ္ဌဝီသ။ မဟာကြိယာ ဉာဏဝိပ္ပယုတ် လေးခုအား တပ်သော လောကီဝိပါက် ဗာတ္တိံသ။ ကြိယာဝီသ။ ရုပ်အဋ္ဌဝီသ။ မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု။ မနောဒွါရာဝဇ္ဇန်းအား တပ်သော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။ ဝိညာဏဉ္စာယတန ကြိယာအား

တပ်သော ဤ်ဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကြိယာ။ နေဝသညာနာသညာယတနကြိယာအား တပ်သော ဤ်ဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကြိယာ။ ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန်ရူပါရုံ။ ဒိဗ္ဗသောတ ကြိယာအဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန်သဒ္ဒါရုံ။ စေတောပရိယ ကြိယာ အဘိညာဉ်အား တပ်သော လွန်လေပြီးသော။ပ။ သူတပါးတို့၏ ဝိပါက် ဆတ္တိံသ။ ကြိယာဝီသဟု ဆိုအပ်သော ဓမ္မာရုံ။ ဣဒ္ဓိဝိဓ ကြိယာအဘိညာဉ်အား တပ်သော ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန်။ သတ္တ,သဟာဿစသော နိမ္မိတရုပ်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ ပုဗ္ဗေနိဝါသာနုဿတိကြိယာ အဘိညာဉ်အား တပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှ လျှောက်၍သိသော နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ အနာဂတံသ ကြိယာ အဘိညာဉ်အား တပ်သော အနာဂတ်ဖြစ်သော ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှ လျှောက်၍သိသော နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံခြောက်ပါး။ ဖိုလ်လေးခုအား တပ်သော နိဗ္ဗာန် ပစ္စည်းတရား ရ၏။ ။[**သမ္ပဒါန် ကောက်မြဲ**]။

**ကရိုဏ်းပါဌ်၏ အရကား** အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏနိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏ ပုရေဇာတ၊ ဝတ္ထာရမ္မဏ ဝိပ္ပယုတ္တ၊ အာရမ္မဏ ပုရေဇာတတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိ။ပ။ သ, ရ၏။ (ဤ ခြောက်ပစ္စည်းကား အာရမ္မဏ တမျိုးတည်း)။

“**အရဟာ ဖလံ ပစ္စဝေက္ခတိ**”ဟူ၍ ဟောတော်။ပ။ပါဌ်၌ “ဖလံ”၏ အရကို အရဟတ္တဖိုလ် ယူ၍ “အရဟာ ပစ္စဝေက္ခတိ”၏ အရကို ရဟန္တာ သန္တာန်၌ ဖြစ်သော ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခု ယူ၍ အရဟတ္တဖိုလ်သည် ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု **အား**။ ၏။

**ပစ္စည်းတပ်ဟန်ကား—**

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ဆင်ခြင်လိုလတ်သော် ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အရဟတ္တဖိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ်။ ထို့နောင် ဘဝင်။ ထို့နောင် တဒနုဝတ္တက။ ထိုသို့ ဖြစ်သောအခါ (ဆိုမြဲ)။

"**နိဗ္ဗာနံ ပစ္စဝေက္ခတိ**"။ပ။ ပါဌ်၌ "နိဗ္ဗာနံ"၏ အရကို နိဗ္ဗာန်ယူ၍ "အရဟာ ပစ္စဝေက္ခတိ"၏ အရကို ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ် လေးခု တို့တွင် တခုခုယူ၍ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ် အား။၏။ ။[ပစ္စည်းတပ်ဟန် ဝီထိကို ယခင်နည်းကိုမှီ၍ ချလေ]။

"**နိဗ္ဗာနံ ဖလဿ**"ဟု။ပ။ ပါဌ်၌ "နိဗ္ဗာနံ"၏ အရကို နိဗ္ဗာန်ယူ၍ "ဖလဿ" ၏ အရကို ဖိုလ်လေးခု ယူ၍ နိဗ္ဗာန်သည် ဖိုလ်လေးခုအား။ ၏။

**ပစ္စည်းတပ်ဟန်ကား—**

သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ဝင်စားလိုလတ်သော် ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် တေဘူမ္မကသင်္ခါရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ပဌမဒွေးတို့တွင် တခုခုသည် တေဘူမ္မက သင်္ခါရကို အာရုံပြု၍။ မန္ဒပညာ ဖြစ်အံ့၊ အနုလုံ, အနုလုံ, ဟု လေးကြိမ်။ တိက္ခပညာ ဖြစ်အံ့၊ အနုလုံ, အနုလုံ, ဟု သုံးကြိမ် ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာအား လေးကြိမ်မြောက်၊ မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ် မြောက်၊ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော သောတာပတ္တိဖိုလ် ပဌမဈာန်သည် ၎င်း၊ လေးပါး, သုံးပါး, နှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိဖိုလ်။ ဒုတိယ, တတိယ, စတုတ္ထဈာန်စိတ်သည်၎င်း၊ အနုလုံသည် မဟာကုသိုလ် တတိယဒွေး တို့တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိဖိုလ် ပဉ္စမ ဈာန်စိတ်သည်၎င်း ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း နိဗ္ဗာန်ကိုအာရုံပြု၍ များစွာဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင်။ ထိုသို့ဖြစ်သောအခါ (ဆိုမြဲ)။ ။ [သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်လည်းနည်းတူချ။ ။အရဟတ္တဖိုလ်၌ မဟာ ကြိယာဉာဏသမ္ပယုတ်ကို အနုလုံချသည်သာ ထူးသည်]။

"**နိဗ္ဗာနံအာဝဇ္ဇနာယ**"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ။၌။ "နိဗ္ဗာနံ" ၏ အရကိုနိဗ္ဗာန်ယူ၍ "အာဝဇ္ဇနာယ"၏ အရကို မနောဒွါရာဝဇ္ဇန်းယူ၍ နိဗ္ဗာန် သည် မနောဒွါရာဝဇ္ဇန်းအား။၏။

**ပစ္စည်းတပ်ဟန်ကား—**

ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ဆင်ခြင်လိုလတ်သော် ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင်နိဗ္ဗာန်ကို အာရုံပြု၍။ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောအဖြစ် ခုနစ်ကြိမ်။ ထို့နောင် ဘဝင်။ထိုသို့ဖြစ်သောအခါ (ဆိုမြဲ)။ ။[အောက်ဖလဋ္ဌာန် ဝီထိလည်း နည်းတူချ]။

"**အရဟာစက္ခုံ။ပ။ ဝိပဿတိ**"ဟူ၍။ပ။ ပါဌ်၌"စက္ခုံ"၏အရကို စက္ခုပသာဒ ယူ၍"အရဟာ။ပ။ဝိပဿတိ"၏ အရကို ဝိပဿနာပြုသော မဟာကြိယာဇော

ယူ၍စက္ခုပသာဒသည် ဝိပဿနာပြုသောမဟာကြိယာအား [သောတံအစရှိသည်ကို နည်းတူယူ]။ ။"ရူပေ"၏ အရကိုစတုသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သောရူပါရုံယူ၍ "သဒ္ဒေ" အရကို ဒွိသမုဋ္ဌာနိကရုပ်၌ အကြုံးဝင်သော သဒ္ဒါရုံယူ၍ "ဂန္ဓေ, ရသေ, ဖောဋ္ဌဗ္ဗေ" အရကို စတုသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံယူ၍ "ဝတ္ထုံ"၏အရကို ကမ္မဇရုပ်၌ အကျုံးဝင်သော ဟဒယဝတ္ထုယူ၍။ "ဝိပါကာဗျာကတေ"၏ အရကိုလောကီဝိပါက်ဗာတ္တိံသယူ၍ "ကြိယာဗျာကတေ"၏ အရကို ကြိယာဝီသယူ၍ ("အနိစ္စတော"စသည်ကို ယူမြဲ)။

[စက္ခုအစရှိသည်ကို ကမ္မဇသာဖြစ်သောကြောင့် ကေဝုစ်ထားသည်။ ရူပအစရှိသည်ကို စတုသမုဋ္ဌာနိက, ဒွိသမုဋ္ဌာနိက ဖြစ်သောကြောင့် ဗဟုဝုစ်ထားသည်။ ဤမျှသောပါဠိဖြင့် ရုပ်သည် မကုန်တကားဟူမူကား။ နိဒဿနနည်း,နာနန္တရိကနည်းအားဖြင့် ဟောတော်မူသည်။ ထို့ကြောင့် ဗဟုဝုစ်ထားသည် ဟူ၍လည်း ယူရမည်]။

**"ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ"** ။ပ။ ပါဌ်၌။ "ရူပံ"၏ အရကို ဒူရ,ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန်ရူပါရုံယူ၍ "ဒိဗ္ဗေန စက္ခုနာ ပဿတိ"၏ အရကို ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်ယူ၍။ပ။၏။(ဝီထိကို ရာသီစုက ချခဲ့ပြီ)။

**"ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ"** ။ပ။ ပါဌ်၌။"သဒ္ဒံ"၏ အရကို ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမပစ္စုပ္ပန်သဒ္ဒါရုံယူ၍ "ဒိဗ္ဗာယ သောတဓာတုယာ သုဏာတိ"၏ အရကို ဒိဗ္ဗသောတကြိယာ အဘိညာဉ်ယူ၍။ ဒူရ,ပဋိစ္ဆန္န,သဏှ, သုခုမ, ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကြိယာ အဘိညာဉ်အား။ပ။၏။ ။ (စေတော ပရိယဉာဏေန စသည်၌ယူမြဲ)။ "ရူပါယတနံ" ၏ အရကို ပစ္စုပ္ပန်ရူပါရုံယူ၍ "စက္ခုဝိညာဏဿ"၏ အရကို စက္ခုဝိညာဉ်ဒွေးယူ၍ (စက္ခုဒွါရဝီထိချလေ။ သဒ္ဒါယတနံစသည်ကို နည်းတူယူ)။

**"အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ" ဟူ၍**။ပ။ ပါဌ်၌ "အဗျာကတာ ခန္ဓာ"၏ အရကို ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဉ္စမစျာန် သတ,သဟဿ စသော နိမ္မိတရုပ်ယူ၍ "ဣဒ္ဓိဝိဓဉာဏဿ"၏ အရကိုဣဒ္ဓိဝိဓကြိယာ အဘိညာဉ်ယူ၍(ဆိုမြဲ)။ "အဗျာကတာ ခန္ဓာ"၏ အရကို လွန်လေပြီးသော ခုနစ်ရက်။ပ။ သူတပါးတို့၏ ဝိပါက်ဆတ္တိံသ။ ကြိယာဝီသယူ၍။ပ။ ၏။ "စေတောပရိယဉာဏဿ"၏ အရကို စေတောပရိယကြိယာ အဘိညာဉ်ယူ၍။ပ။၏။ "အဗျာကတာ ခန္ဓာ"၏ အရကို ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ စေ။ အဋ္ဌတိံသ။ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး။ **ထိုခန္ဓာငါးပါးမှ** လျောက်၍ သိသောနိဗ္ဗာန်ယူ၍ "ပုဗ္ဗေနိဝါသာနုဿတိ **ဉာဏဿ**"၏ အရကို

ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်ယူ၍။ပ။ ၏။ ။(အနာဂတံသမှာလည်း နည်းတူယူ။ အနာဂတ် ဆိုသည်သာ ထူးသည်)။ ။"အဗျာကတာ ခန္ဓာ အာဝဇ္ဇနာယ"။ပ။ ပါဠိ၌ "အဗျာကတာ ခန္ဓာ"၏ အရကို ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသ ယူ၍ "အာဝဇ္ဇနာယ" ၏ အရကို မနောဒွါရာဝဇ္ဇန်း ယူ၍။ပ။ ၏။ ဝိထိချမြဲ။ ။(ပုသုဇဉ်, သေက္ခသန္တာန်ဝီထိကို ချလေ)။

## အဗျာကတော ကုသလဿ

အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလပဒါဝသာနကို ဟောတော်မူ၏။ **ဟောဟန်ကား** "အဗျာကတော ဓမ္မော ကုသလဿ။ပ။အာရမ္မဏပစ္စယေန ပစ္စယော" ဟူသည်တည်း။ ။သေက္ခာ၊သေက္ခဟု ဆိုအပ်သောသောတာပန်, သကဒါဂါမ်, အနာဂါမ်, ပုဂ္ဂိုလ်တို့သည်။ ဖလံ၊ အောက်ဖိုလ်သုံးခုကို။ပစ္စဝေက္ခန္တိ၊ကုန်၏။ (အနက်လွယ်ပြီ)။

**အဓိပ္ပါယ်ကား—**

အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား။ အာရမ္မဏ။ပ။၏။ အဘယ်....ကား သေက္ခဟု ဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို.... သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိဖိုလ်ကို....အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို ဆင်ခြင်သောအခါ အောက်ဖိုလ်သုံးခုသည် ဆင်ခြင်သော ကာမကုသိုလ်အား.... သေက္ခဟုဆိုအပ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို ဆင်ခြင်သောအခါ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်အား.... နိဗ္ဗာန်သည် ဂေါတြဘု ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်၊ မဂ်လေးခုအား.... [သေက္ခာဝါ စသည်တို့၌ အဓိပ္ပါယ်လွယ်ပြီ။ အောက်ကနည်းကို မှီ၍ဆိုလေ]။

ဝိဓိပါဋ္ဌိတော်ပါဠိ၌ **ကတ္တားကား** အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်ပဉ္စတိံသ။ ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသ။ ရုပ်အဋ္ဌဝီသ။နိဗ္ဗာန် ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** မဟာကုသိုလ်ရှစ်ခု။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်၊ မဂ်လေးခု။ အပ္ပမညာ ကြဉ်သော စေတသိက် ဆတ္တိံသ။ ပစ္စယုပ္ပန်။၏။

**တနည်းအကျယ်ကား—**

မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုအား တပ်သော လောကီဝိပါက်ဗာတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခုအား တပ်သော အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်ပဉ္စတိံသ၊ ကြိယာဝီသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်

ဒိဗ္ဗစက္ခု၊ကုသိုလ်အဘိညာဉ်အားတပ်သော ဒုရ, ပဋိစ္ဆန္န, သဏ္ဍ, သုခုမ, ပစ္စုပ္ပန် ရူပါရုံ။ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ် အားတပ်သော ဒုရ,ပဋိစ္ဆန္န, သဏ္ဍ, သုခုမ, ပစ္စုပ္ပန်သဒ္ဒါရုံ။ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အားတပ်သော သတ္တ,သယ,ဿမသော နိမိတ်ရုပ်ဟုဆိုအပ်သော အားရုံခြောက်ပါး။ စေတောပရိယ ကုသိုလ်အဘိညာဉ် အားတပ်သော လွန်လေပြီးသော။ပ။အရဟတ္တဖိုလ်ကြည်သော ဝိပါက်ပဋ္ဌတိ သ။ ကြိယာဝီသဟု ဆိုအပ်သော ဓမ္မာရုံ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ် အားတပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တဖိုလ်ကြည်သော ဝိပါက်ပဋ္ဌတိ သ။ ကြိယာဝီသ။ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး၊ထိုခန္ဓာငါးပါးမှလျောက်၍ သိသော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး (အနာဂတံသမှာ အနာဂတ် ဖြစ်သောဆို)ပစ္စည်းတရား ရ၏။ ။[ **သမ္ပဒါန်ကား ကောက်မြဲ** ]။

**ကရိုဏ်းပါဌ်၏ အရကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏမျိုး ရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

"**သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ**"ဟူ၍။ပ။ပါဌ်၌။ **သောတာပန်**ဖြစ်အံ့၊ "ဖလံ"၏ အရကို သောတာပတ္တိဖိုလ်ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏အရကို သောတာပန် သန္တာန်၌ ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုယူ ၍ သောတာပတ္တိဖိုလ်သည်။ပ။၏။**သကဒါဂါမ်**ဖြစ်အံ့၊ "ဖလံ"၏အရကို သကဒါ ဂါမိဖိုလ်ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏အရကို သကဒါဂါမ်သန္တာန်၌ ဆင်ခြင် သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုယူ၍။ပ။၏။**အနာဂါမ်** ဖြစ်အံ့ "ဖလံ"၏အရကို အနာဂါမိဖိုလ်ယူ၍ ("သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရ ကို ယူမြဲ။ ဝီထိကို ပစ္စဝေက္ခဏာဝီထိချလေ)။ "နိဗ္ဗာနံ၏" အရကို နိဗ္ဗာန်ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏အရကိုမဟာကုသိုလ်ဉာဏသမ္ပယုတ်ယူ၍။ပ။၏။ (ဤ၌ ပစ္စဝေက္ခဏာ ဝီထိချလေ)။ "နိဗ္ဗာနံ"၏ အရကို နိဗ္ဗာန်ယူ၍ "ဂေါတြဘုဿ"၏ အရကို ဂေါတြဘုကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးယူ၍ "ဝေါဒါနဿ"၏အရကို ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ်ပဌမဒွေး,တတိယ ဒွေးယူ၍ "မဂ္ဂဿ"၏ အရကို မဂ်လေးခုယူ၍ နိဗ္ဗာန်သည် ဂေါတြဘု,ဝေါဒါန်, မဂ်အား အာရမ္မဏ။၏။ ။(ပစ္စည်းတပ်ဟန်ဝီထိကို မဂ္ဂဝီထိချလေ။ ။ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ" အစရှိသည်ကို "အဗျာကတော အဗျာ ကတဿ"နှင့်နည်းတူယူလေ။ ။ကုသိုလ်ဇော ယူသည်သာ ထူးသည်)။ ။

## အဗျာကတော အကုသလဿ

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒါ ဝသာနကို ဟောတော်မူ၏ **ဟောဟန်ကား** "အဗျာကတော ဓမ္မော အကု သလဿ။ပ။ အာရမ္မဏပစ္စယေန ပစ္စယော"ဟူသည်တည်း။ ။(အနက်လွယ်ပြီ)။

**အဓိပ္ပါယ်ကား—**

အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏ။ ၏။အဘယ်သို့....ကား၊ **စက္ခုပသာဒကို** အာရုံပြု၍ သာယာသောအခါ လောဘမူ သောမနဿ သဟဂုတ် အား....နှစ်သက်သောအခါ သပ္ပီတိကတဏှာပြဋ္ဌာန်းသော လောဘမူ သောမနဿ သဟဂုတ် လေးခုအား....တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူ ရှစ်ခု **အား**....အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် လေးခုအား....မဆုံးဖြတ်နိုင်သော **အခါ** ဝိစိကိစ္ဆာ သဟဂုတ်အား....ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ်အား....နှလုံး **မသာ**သောအခါ ဒေါသမူဒွေးအား....အာရမ္မဏ။ ၏။ (အကြွင်းလွယ်ပြီ)။ ။

**ကတ္တားပုဒ်၏အရကား** လောကိဝိပါက် ဗာတ္တိံသ။ ကြိယာဝီသ။ စေတသိက် ပဉ္စတိံသ။ ရုပ်အဋ္ဌဝီသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ် ဒွါဒသ။ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ရှစ်ပစ္စယ သတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။

("စက္ခုံ အဿာဒေတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒ။ပ။ ပါဠိ၌ "စက္ခုံ"၏အရကို စက္ခုပသာဒယူ၍ "အဿာဒေတိ"အစရှိသည်၏ အရ **ကို အောက်က** ယူမြဲတိုင်းယူလေ။ ဝီထိကိုလည်း ချမြဲ)။ ။အာရမ္မဏဝိဘင်္ဂဝါရ **ပြီး၏**။

---

## အဓိပတိပစ္စည်း

### ကုသလော ကုသလဿ

အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ **အဓိပတိ ပစ္စည်း၏** ဝိဘင်္ဂဝါရကို ဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒ၊ **အကု**သလပဒ၊ **အဗျာ**ကတပဒ အားဖြင့် သုံးပါးအပြားရှိ၏။ ထို....တွင် ကုသလ ပဒကို ရှေးဦးစွာဟောတော်မူ၏။ ထို....၌ တုံသော်လည်း ကုသလပဒါဝသာန အစရှိသော**အား**ဖြင့် လေးပါး အပြားရှိ၏။ ထို....တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ **ဟောဟန်ကား** "ကုသလော ဓမ္မော။ပ။ အဓိပတိ **ပစ္စ**ယေန ပစ္စယော"ဟူသည်တည်း။

ကုသလော၊ သော။ ဓမ္မော၊ သည်။ ကုသလဿ၊ သော။ ဓမ္မဿ၊ အား။ အဓိပတိပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ အဓိပတိ၊ သည်။ **အာ**ရမ္မဏာဓိပတိ၊ အာရမ္မဏာဓိပတိရင်း။ သဟဇာတာဓိပတိ၊ သဟဇာတာ **ဓိပတိ**ရင်း။ ဣတိ၊ သို့။ ဒုဝိဓော၊ နှစ်ပါး**အ**ပြားရှိ၏။ တေသု၊ ထိုနှစ်ပါးတို့တွင်။ **အာရမ္မဏာဓိပတိ၊** အာရမ္မဏာဓိပတိကို။ ဧဝံ၊ သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ဒါန်-

ဒေယျဓမ္မ၊ လှူအပ်သော ဒါနဝတ္ထုကို။ ဒတွာ-စဇိတွာ၊ စွန့်၍။ တနည်းကား။ ဒါနံ၊ လှူကြောင်းဖြစ်သော ဒါနစေတနာကို။ ဒတွာ-ပရိယောဒါပေတွာ ဝိသုဒ္ဓိကတွာ၊ ၍။ တံ၊ ထိုပရိစ္စာဂစေတနာ,ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ ပစ္စဝေက္ခတိ၊ ၏။ ။(အကြွင်းအနက်လွယ်ပြီ)။ ။သဟဇာတာဓိပတိ၊ သဟဇာတာဓိပတိကို။ ဧဝံ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ၏။ ကုသလာဓိပတိ၊ ကုသိုလ်ဟုဆိုအပ်သော အဓိပတိသည်။ သမ္ပယုတ္တကာနံ၊ မိမိနှင့်သမ္ပယုတ်ဖြစ်ကုန်သော။ ခန္ဓာနံ၊ တို့အား။ အဓိပတိပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ။(အဓိပ္ပါယ်လွယ်ပြီ)။

## အာရမ္မဏာဓိပတိ

ကုသလော။ပ။ပါဌ်၌။**အာရမ္မဏာဓိပတိဖြစ်အံ့။**"ကုသလော ဓမ္မော"ဟူသော **ကတ္တားပုဒ်၏အရကား** အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသ။ **စေတသိက်** အဋ္ဌတိံသ။ ပစ္စည်းတရား ရ၏။

**(တနည်းကား)** အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ။ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုအားတပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ၊ စေ။ အဋ္ဌတိံသ။ ပစ္စည်းတရားရ၏။

**သမ္ပဒါန်ကား** အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ရှစ်ခု။ ဝိရတိ,အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ။ ပစ္စယုပ္ပန်။၏။ ။**ကရိုဏ်းပါဌ်၏အရကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏာဓိပတိ, **အာရမ္မဏ**, အာရမ္မဏူပနိဿယ။ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

"ဒါနံ ဒတွာ တံ ဂရုံကတွာ ပစ္စဝေက္ခတိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "ဒါနံ"၏အရကို အန္န, ပါန, ဃရ, ဝတ္ထ အစရှိသော ဒါနဝတ္ထု, ဒါနစေတနာယူ၍ "ဒတွာ တံ"၏ အရကို ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ဂရုံကတွာ ပစ္စဝေက္ခတိ"၏ အရကို အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ် ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား။ပ။၏။ ။[ပစ္စည်းတပ်ဟန် ဝိထိကို အာရမ္မဏက အတိုင်းချလေ]။

"သီလံ သမာဒိယိတွာ တံ ဂရုံကတွာ ပစ္စဝေက္ခတိ" ဟူ၍ ဟောတော်မူအပ်သော။ပ။ပါဌ်၌ "သီလံ သမာဒိယိတွာ တံ"၏ အရကို ပဉ္စင်္ဂသီလ, ဒသင်္

**သီလစေတနာ** ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ဂရုံကတွာ ပစ္စဝေက္ခတိ"၏ အရကို အလေးအမြတ် ပြု၍ ဆင်ခြင်သော ကာမကုသိုလ်ယူ၍။ ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေး အမြတ် ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား။ အာရမ္မဏာဓိပတိ။ ပ။ ၏။ ။[ ဂ ိထိအာရမ္မဏနှင့် နည်းတူ ချလေ။ ။"သီလံ သမာဒိယိတွာ တံ ဂရုံကတွာ" အစရှိသည်တို့၏ အရကို အာရမ္မဏကိုမှီ၍ဆိုလေ]။

[မဟဂ္ဂုတ် ကုသိုလ်သည် မိမိသည် မြတ်သောတရား ဖြစ်သော ကြောင့် တခုသောတရားကိုမျှ အလေးမပြု။ ထို့ကြောင့်၊ အဋ္ဌသာလိနီ၌ "အတ္တနော မဟဂ္ဂတတာယ ဂရုံ နကရောတိ"ဟု မိန့်အပ်၏။ ဥပမာကား အထွတ်အမြတ် မင်းအဖြစ်သို့ရောက်သောသူသည် တစုံတယောက်သော သူကိုမျှ အလေးအမြတ် မပြုသကဲ့သို့တည်း]။

## သဟဇာတာဓိပတိ

**သဟဇာတာဓိပတိဖြစ်အံ့။ ကတ္တားကား** သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု၊ မဂ်လေးခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု။ မဂ်လေးခု။ စေတသိက် ၃၈ ။ အဋ္ဌတိ ံ သ။ စိတ္တက္ခဏ တခုတခု ၌ရှိသော အဓိပတိတရားကိုယ် **သုံးပါး,** လေးပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။ **သမ္ပဒါန်ကား** အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ **ကရိုဏ်းကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော အဓိပတိ,ဟေတု, သဟဇာတ,အညမည,နိဿယ,အာဟာရ,ဣန္ဒြိယ,မဂ္ဂ,သမ္ပယုတ္တ, အတ္ထိ,အဝိဂတ။ ဤတဆဲ့တပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသ ရ၏။ ထိုသုံးပါတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

**ခန္ဓာဝါရကား** "သဟဇာတာဓိပတိ ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလာဓိပတိ"၏ အရကို အဓိပတိ တရားကိုယ် သုံးပါး, လေးပါးတို့တွင် တပါးပါးယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"၏ အရကို သမ္ပယုတ္တခန္ဓာယူ၍ တဝါရလျှင် သမ္ပယုတ္တခန္ဓာအား သဟဇာတာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို "အဓိပတိပစ္စယေန ပစ္စယော"ဟု ဟောတော်မူ၏။

## ကုသလော အကုသလဿ

ကုသလပဒါဝသာနကို ဟောတော်မူသည်၏အခြားမဲ့၌ အကုသလ ပဒါဝသာန ကို ဟောတော်မူ၏။ **ဟောဟန်ကား** "ကုသလော ဓမ္မော အကုသလဿ။ ပ။ အဓိပတိပစ္စယေန ပစ္စယော"ဟူသည်တည်း။ (အနက်လွယ်ပြီ)။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏာဓိပတိသတ္တိ။ ၏။ အဘယ်သို့....ကား အန္န,ပါန,ဃရ,ဝတ္ထ အစရှိသော ဒါနဝတ္ထုကို လှူပြီး၍ ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသောကာမကုသိုလ်ကို အလေးအမြတ်ပြု၍ သာယာသောအခါ ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် လောဘမူ သောမနဿသဟဂုတ် လေးခုအား....နှစ်သက်သောအခါ သပ္ပိတိကတဏှာ ပြဋ္ဌာန်းသော လောဘမူသောမနဿ သဟဂုတ် လေးခုအား.... တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူ ရှစ်ခုအား....အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ် လေးခုအား....(ဤနည်းကိုမှီ၍ ဆိုလေ)။

**ကတ္တာ:ကား** အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသ။ ပစ္စည်းတရားရ၏။ ။**သမ္ပဒါန်ကား** အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခု။ ပစ္စယုပ္ပန်တရား ရ၏။ **ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ သုံးပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

"ဒါနံ ဒတ္ဝာ တံ အဿာဒေတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော။ပ။ ပါဠ်ဌ် (ဒါနံ၏ အရယူမြဲ)"ဒတ္ဝာ တံ"၏ အရကို ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ဂရုံကတွာ အဿာဒေတိ"၏ အရကို အလေးအမြတ်ပြု၍ သာယာသော လောဘမူ သောမနဿသဟဂုတ်ယူ၍ "အဘိနန္ဒတိ"၏ အရကို အလေးအမြတ်ပြု၍ နှစ်သက်သော လောဘမူ ပတိသဟဂုတ်ယူ၍။ (အထက်ကိုယူမြဲ)။ ပရိစ္စာဂစေတနာ, ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ် ပြုတတ်သော လောဘမူ ရှစ်ခုအား။ ။၏။ ။(ဝီထိချမြဲ။ ။"သီလံ သမာဒိယိတွာ" အစရှိသည်၏ အရကို အာရမ္မဏ က"ကုသလော အကုသလဿ"ကိုမှီ၍ ဆိုလေ)။

### ကုသလော အဗျာကတဿ

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတ ပဒါဝသာနကို ဟောတော်မူ၏။ ။**ဟောဟန်ကား**"ကုသလော ဓမ္မော အဗျာကတဿ။ပ။ အဓိပတိပစ္စယေန ပစ္စယော" ဟူသည်တည်း။ ။ကုသလော၊သော။ ဓမ္မော၊ သည်။ အဗျာကတဿ၊ သော။ ဓမ္မဿ၊ အား။ (အနက်လွယ်ပြီ)။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏာဓိပတိသတ္တိ။ ၏။ အဘယ်သို့....ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်မှထ၍ အရဟတ္တမဂ်ကို

**အ**လေးအမြတ်ပြု၍ ဆင်ခြင်သောအခါ အရဟတ္တမဂ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ် လေးခုအား။ အာရမ္မဏာဓိပတိ။ ။ ။ သဟဇာတာဓိပတိ၌ ပဋ္ဌာဝါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု။ ကေန်ရသော မဟာဂ္ဂုတ်ကုသိုလ်ကိုးခု။ မဂ်လေးခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါး, လေးပါးတို့တွင် တပါးပါးသည် သာဓိပတိစိတ္တဇရုပ်အား သဟဇာတာဓိပတိသတ္တိ။ ၏။

## အာရမ္မဏာဓိပတိ

**အာရမ္မဏာဓိပတိဖြစ်အံ့။** "ကုသလော" **ကတ္တားကား** အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခုအားတပ်သော အရဟတ္တမဂ်ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အလေးအမြတ် ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခု။ ဝိရတိ, အပ္ပမညာကြဉ်သော။ စေတသိက် တေတ္တိံသ။ ပစ္စယုပ္ပန်တရားရ၏။ ။**ကရိုဏ်းကား** အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ သုံးပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

> ["အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ" အစရှိသော အနုဝါဒယူမြဲ။ ဝီထိချမြဲ။ ။ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်သော ဝီထိချလေ]။

## သဟဇာတာဓိပတိ

**သဟဇာတာဓိပတိဖြစ်အံ့။ ကတ္တားကား** သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဋ္ဌာဝါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ကေန်ရသော မဟာဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါး, လေးပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ, ဟေတု, သဟဇာတ, နိဿယ, အာဟာရ, ဣန္ဒြိယ, မဂ္ဂ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤ ဆယ်ပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

> [မဟာကြိယာ ဉာဏဝိပ္ပယုတ် လေးခုသည် ဉာဏ်ကင်းသောကြောင့် လောကုတ္တရာတရားကို အာရုံမပြုနိုင်သည်ဖြစ်၍ အာရမ္မဏာဓိပတိပစ္စယုပ္ပန်မဖြစ်။ လောကီတရားကို အဘယ့်ကြောင့်အလေးအမြတ်မပြုသနည်းဟူမူကား အထွတ်အမြတ်သို့ရောက်သော ရဟန္တာပုဂ္ဂိုလ်

သည် လောကီတရားကို အလေးအမြတ်မပြု။ လောကုတ္တရာကိုသာ အလေးအမြတ်ပြုသည်။ ။ဒေါသမူလည်း အလေးအမြတ်မပြု။အဘယ် ကြောင့်နည်းဟူမူကား ပြစ်မှားတတ်သော အမျက်ထွက်သော သူသည် တစုံတခုသော တရားကိုမျှအလေးမပြုသောကြောင့်တည်း။ ထို့ကြောင့် "န ဟိ ဒုဋ္ဌော ကိဉ္စိ ဂရုံ ကရောတိ"ဟု အဋ္ဌကထာ မိန့်အပ်၏။ ။မောဟ မူလည်းအလေးအမြတ်မပြု။အဘယ်ကြောင့်နည်းဟူမူကား မိုက်မဲတွေဝေ သောသူသည်လည်း တစုံတခုသော တရားကိုမျှ အလေးအမြတ် မပြုသော ကြောင့်တည်း]။

## ကုသလော ကုသလဗျာကတဿ

ကုသလော ကုသလာဗျာကတဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာ,သာဓိပတိ စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာ ကုသိုလ်ရှစ်ခု။ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်**ကိုး**ခု။ မဂ်လေးခု၌ရှိသော အဓိ ပတိတရားကိုယ်သုံးပါးလေးပါးတို့တွင် တပါးပါးပစ္စည်းတရား ရ၏။ **သမ္ပဒါန်ကား** အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တခန္ဓာ, သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏၊ ။**ကရိဏ်းကား** တပြိုင်နက် ယထာရဟာတပ်ကောင်းသော အဓိပတိ, ဟေတု,သဟဇာတ,နိဿယ, အာဟာရ,ဣန္ဒြိယ,မဂ္ဂ, အတ္ထိ,အဝိဂတ ဤကိုး ပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ (အနုဝါဒဆိုမြဲ)။

## အကုသလော အကုသလဿ

ကုသလပဒကို ဟောတော်မူသည်၏ အခြား၌ အကုသလပဒကိုဟောတော် မူ၏။ ထို....၌ တုံသော်လည်း အကုသလပဒါဝသာန အစရှိသောအားဖြင့်သုံးပါး အပြားရှိ၏။ ထို....တွင် အကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏၊ **ဟောဟန်ကား**"အကုသလော ဓမ္မော အကုသလဿ။ပ။ အဓိပတိပစ္စယေန ပစ္စယော"ဟူသည်တည်း။ (အနက်လွယ်ပြီ)။

**အဝိပ္ပါယ်ကား—**

အကုသိုလ်ဓမ္မသည်။ပ။ ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ကို အလေး အမြတ်ပြု၍ သာယာသောအခါ ရာဂဖြင့် ပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် အလေးအမြတ်ပြု၍ သာယာသော လောဘမူ သောမနဿသဟဂုတ်လေးခု အား....နှစ်သက်သောအခါ သပ္ပိတိကတဏှာပြဋ္ဌာန်းသော လောဘမူ သော မနဿ သဟဂုတ် လေးခုအား....အလေးအမြတ် ပြုတတ်သောအခါ ရာဂပြဋ္ဌာန်း သော လောဘမူအား....အမြင်မှားသောအခါ ဒိဋ္ဌိဂတ သမ္ပယုတ်လေးခုအား

**အာရမ္မဏာဓိပတိ**။ပ။၏။ ။သဟဇာတာဓိပတိ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု။ဒေါသမူ ဒွေး။ဝိစိကိစ္ဆာကြဉ်သော။ စေ။ ဆဗ္ဗီသ။ ။စိတ္တက္ခဏ တခုတခု၌ ရှိသောအဓိပတိတရားကိုယ်သုံးပါးတို့တွင် တပါးပါးသည် သမ္ပယုတ္တ ခန္ဓာအား သဟဇာတာဓိပတိ။၏။

## အာရမ္မဏာဓိပတိ

**အာရမ္မဏာဓိပတိဖြစ်အံ့**။ "အကုသလော **ကတ္တားကား** အလေးအမြတ် ပြုတတ်သော လောဘမူ ရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောဘမူရှစ်ခု ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခု။ စေတသိက်ဗာဝီသ။ပစ္စယုပ္ပန်။၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

> ["ရာဂံ ဂရုံကတွာ အဿာဒေတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော။ပ။ ပါဠိ၌ အာရမ္မဏက နည်းကိုမှီ၍ အနုဝါဒကိုဆိုလေ။ ဝိထိ ချလေ]။

## သဟဇာတာဓိပတိ

**သဟဇာတာဓိပတိဖြစ်အံ့**"အကုသလော"**ကတ္တားကား** သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု။ ဒေါသမူဒွေး။ ဝိစိကိစ္ဆာကြဉ်သော။စေ။ဆဗ္ဗီသ။ စိတ္တက္ခဏတခုတခု၌ ရှိသော အဓိပတိတရားကိုယ်သုံးပါးတို့တွင်တပါးပါးပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အဓိပတိတရားကိုယ်ကြဉ်သောသမ္ပယုတ္တခန္ဓာပစ္စယုပ္ပန်။၏။ **ကရိုဏ်းပါဌ်ကား**တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ,သဟဇာတ,အညမည,နိဿယ, အာဟာရ,ဣန္ဒြိယ, မဂ္ဂ,သမ္ပယုတ္တ,အတ္ထိ, အဝိဂတ ဤဆယ်ပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။(အနုဝါဒဆိုမြဲ)။

## အကုသလော အဗျာကတဿ

အကုသလော အဗျာကတဿ၌ **ကတ္တားကား** သာဓိပတိ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူရှစ်ခု။ ဒေါသမူဒွေး။ ဝိစိကိစ္ဆာကြဉ်သော။စေတသိက် ဆဗ္ဗီသ။ စိတ္တက္ခဏ တခုတခု၌ ရှိသော အဓိပတိတရားကိုယ်သုံးပါးတို့တွင် တပါးပါးပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သာဓိပတိ စိတ္တဇရုပ်။ ပစ္စယုပ္ပန်။၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော အဓိပတိ,သဟဇာတ,နိဿယ,အာဟာရ,ဣန္ဒြိယ,

မဂ္ဂ,ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတ ဤကိုးပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။(အနုဝါဒဆိုမြဲ)။

### အကုသလော အကုသလာဗျာကတဿ

အကုသလော အကုသလာဗျာကတဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာ, သာဓိပတိ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူရှစ်ခု။ ဒေါသမူနှစ်ခု။ ဝိစိကိစ္ဆာကြဉ်သော။ စေတသိက်ဆဗ္ဗိသ။ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ်သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သမ္ပယုတ္တခန္ဓာ, သာဓိပတိစိတ္တဇရုပ်။ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော အဓိပတိ,သဟဇာတ,နိဿယ,အာဟာရ,ဣန္ဒြိယ, မဂ္ဂ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင်သဟဇာတာ ဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ (အနုဝါဒဆိုမြဲ)။

### အဗျာကတော အဗျာကတဿ

အကုသလပဒကို ဟောတော်မူသည်၏။အခြားမဲ့၌ အဗျာကတပဒကိုဟောတော်မူ၏။ပ။**ဟောဟန်ကား**"အဗျာကတော ဓမ္မော အဗျာကတဿ။ပ။အဓိပတိပစ္စယေန ပစ္စယော"ဟူသည်တည်း။ ။[အနက်လွယ်ပြီ]

**အဓိပ္ပါယ်ကား—**

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား။ပ။ အဘယ်သို့...ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ် နိဗ္ဗာန်ကို အလေးအမြတ်ပြု၍ ဆင်ခြင်သောအခါ အရဟတ္တဖိုလ်, နိဗ္ဗာန်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ် လေးခုအား။ နိဗ္ဗာန်သည် ဖိုလ်လေးခုအား။ အာရမ္မဏာဓိပတိ။၏။ ။သဟဇာတာဓိပတိ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာရှစ်ခု။ ကေန်ရသော မဟဂ္ဂုတ်ကြိယာကိုးခု။ ဖိုလ်လေးခု။စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါး,လေးပါးတို့တွင် တပါးပါးသည် သမ္ပယုတ္တခန္ဓာ, သာဓိပတိ စိတ္တဇရုပ်တို့အား။၏။

### အာရမ္မဏာဓိပတိ

**အာရမ္မဏာဓိပတိ** ဖြစ်အံ့။ အဗျာကတော **ကတ္တားကား** အလေးအမြတ်ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ် လေးခုအား တပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တဖိုလ, နိဗ္ဗာန်။ ဖိုလ်လေးခုအား တပ်သော နိဗ္ဗာန် ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု။ ဖိုလ်

လေးခု။ စေတသိက်ဆတ္တိံသ။ ပစ္စယုပ္ပန်။၏။ (အပ္ပမညာ ကြဉ်သည်)။ ။ **ကရိုဏ်းကား** အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ သုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိ။ပ။၏။

["အရဟာ ဖလံ။ပ။ ပစ္စဝေက္ခတိ" ဟူ၍ဟော။ပ။ ပါဠ်၌ "ဖလံ" ၏ အရကို အရဟတ္တဖိုလ်ယူ၍ "အရဟာ ပစ္စဝေက္ခတိ"၏ အရကို ရဟန္တာသန္တာန်၌ ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု ယူ၍ အာရမ္မဏနည်းကိုမှီ၍ ဆိုလေ။ ။ဝိထိချလေ]။

## သဟဇာတာဓိပတိ

**သဟဇာတာဓိပတိ ဖြစ်အံ့။ ကတ္တားကား** သမ္ပယုတ္တခန္ဓာ, သာဓိပတိ စိတ္တဇရုပ်အား တပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာချစ်ခု။ ကေန် ရသော မဟဂ္ဂုတ်ကြိယာကိုးခု၊ ဖိုလ်လေးခု။ စေတသိက်အဋ္ဌတိံသ။ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါး, လေးပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သမ္ပယုတ္တခန္ဓာ,သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက်ယထာရဟ တပ်ကောင်းသော အဓိပတိ, ဟေတု, သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤတဆဲ့သုံးပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။[အနုဝါဒ ဆိုမြဲ]။

## အဗျာကတော ကုသလဿ

အဗျာကတော ကုသလဿ၌ **ကတ္တားကား** အလေးအမြတ်ပြုတတ်သော မဟာကုသိုလ ဉာဏသမ္ပယုတ်လေးခုအား တပ်သော အောက်ဖိုလ်သုံးခု, နိဗ္ဗာန်။ မဂ်လေးခုအား တပ်သော နိဗ္ဗာန် ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု၊ မဂ်လေးခု ပစ္စယုပ္ပန်။ ၏။ ။**ကရိုဏ်းကား** အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ သုံးပစ္စယ။ပ။ အာရမ္မဏာဓိပတိ သတ္တိဝိသေသ ရ၏။

"သေက္ခာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ"။ပ။ ပါဠ်၌ "ဖလံ"၏ အရကို အောက်ဖိုလ်သုံးခုယူ၍ "သေက္ခာ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ"၏ အရကို အလေး အမြတ်ပြု၍ ဆင်ခြင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု ယူ၍။ပ။ ၏။

(**ပစ္စည်းတပ်ဟန်ကား** သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်လိုလတ်သော် ဤသို့ အစရှိသည်ဖြင့် ပစ္စဝေက္ခဏာ ဝီထိကို အာရမ္မဏအတိုင်း ချလေ။ ။"နိဗ္ဗာန်" အရကို နိဗ္ဗာန်ယူ၍ "ဂေါတြ

ဘုဿ" အရကို ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေး ယူ၍"ဝေါဒါနဿ" ယူမြဲ။ ။"မဂ္ဂဿ"၏ အရကို မဂ်လေးခု ယူ၍ ဆိုမြဲ။ ဝီထိကို မဂ္ဂဝီထိ ချလေ)။

## အဗျာကတော အကုသလဿ

အဗျာကတော အကုသလဿဌ် (အနက်လွယ်ပြီ။ ။အဓိပ္ပါယ်ကိုလည်း ဆိုမြဲ)။ ။**ကတ္တာ းကား** အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဈာန်ဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ။ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သော လောကီဝိပါက် စေတိံသ။ ကြိယာဝီသ။ စေတသိက် ပဉ္စတိံသ။ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** လောဘမူရှစ်ခု၊ စေတသိက် ဗာဝီသ။ ပစ္စယုပ္ပန်။ပ။၏။ ။**ကရိုဏ်းကား** အာရမ္မဏ, အာရမ္မဏာဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိ။ပ။ ရ၏။

"စက္ခုံ ဂရုံကတွာ အဿာဒေတိ" အစရှိသည်ဖြင့် ဟောတော်။ပ။ ပါဠ်၌ "စက္ခုံ"၏ အရကို အလေးအမြတ် ပြုအပ်သော ဈာန်ဖြစ်သော စက္ခုပသာဒ ယူ၍ "ဂရုံကတွာ အဿာဒေတိ"၏ အရကို အလေးအမြတ် ပြုတတ်သော လောဘမူ သောမနဿသဟဂုတ် ယူ၍ "အဘိနန္ဒတိ"၏ အရကို အလေးအမြတ်ပြုတတ်သော သပ္ပီတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ်ယူ၍ "ရာဂေါ ဥပ္ပဇ္ဇတိ"၏ အရကို အလေးအမြတ် ပြုတတ်သော ရာဂပြဋ္ဌာန်းသော လောဘမူယူ၍ "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ"၏ အရကို အလေးအမြတ် ပြုတတ်သော ဒိဋ္ဌိဂတသမ္ပယုတ်လေးခုကိုယူ၍ အလေးအမြတ် ပြုအပ်သော ဈာန်ဖြစ်သော စက္ခုပသာဒသည် အလေးအမြတ် ပြုတတ်သော လောဘမူအား ။ပ။၏။ ["သောတံ" အစရှိသည်၌လည်း နည်းတူယူလေ။ အရကောက်ကို နှလုံးသွင်း၍ အနုဝါဒဆို]။

အဓိပတိ ပြီး၏။

---

## အနန္တရ ပစ္စည်း

### ကုသလော ကုသလဿ

အဓိပတိပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်၏။ (စစ်မြဲ)။ ။**ဟောဟန်ကား** "ကုသလော ဓမ္မော ကုသလဿ။ပ။ အနန္တရပစ္စယေန ပစ္စယော" ဟူသည် တည်း။ ။ကုသလော၊ သော။ ဓမ္မော၊ သည်။ ကုသလဿ၊ သော။ ဓမ္မဿ၊ အား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော။ပ။ ၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌

ဖြစ်ကုန်သော။ ကုသလာ၊ ကုန်သော။ ခန္ဓာ၊ အဆုံးဇောကြဉ်သော လောကီကုသိုလ်သတ္တရသ နာမက္ခန္ဓာ တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုန်သော။ ကုသလာနံ၊ ကုန်သော။ ခန္ဓာနံ၊ ပဌမဇောကြဉ်သော ကုသိုလ် ကေဝိသ နာမက္ခန္ဓာတို့အား။ အနန္တရပစ္စယေန၊ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ။ အနုလောမံ၊ သင်္ခါရတရားလျှင် အာရုံရှိသော အနုလုံကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေး သည်။ ဂေါတြဘုဿ၊ နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးအား။ အနုလောမံ၊ သင်္ခါရတရားလျှင် အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးသည်။ ဝေါဒါနဿ၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးအား။ ဂေါတြဘု၊ နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးသည်။ မဂ္ဂဿ၊ သောတာပတ္တိမဂ်အား။ ဝေါဒါနံ၊ နိဗ္ဗာန်လျှင် အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးသည်။ မဂ္ဂဿ၊ အထက်မဂ်သုံးခုအား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊၏။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အနန္တရ။၏။ အဘယ်....ကား အဆုံးဇောကြဉ်သော ရှေးရှေးသောလောကီကုသိုလ် သတ္တရသသည် ပဌမဇောကြဉ်သော နောက်နောက်သော ကုသိုလ် ကေဝိသအား အနန္တရ။ပ။၏။

**ကတ္တားကား** အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ။ ပစ္စည်း။၏။ ။**သမ္ပဒါန်ကား** ပဌမဇောကြဉ်သော နောက်နောက်သော ကုသိုလ် ကေဝိသ။ ပစ္စယုပ္ပန်။၏။

**တနည်းကား—**

**ကတ္တားကား** မဟာကုသိုလ် ဒုတိယဇောအား တပ်သော ပဌမဇော။ပ။ သတ္တမဇောအားတပ်သော ဆဋ္ဌဇော။ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် လေးခု၊ မဂ်သောမနဿသဟဂုတ် တဆဲ့ခြောက်ခုအား တပ်သော ဂေါတြဘု, ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး။ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ငါးခု၊ မဂ်ဥပေက္ခာသဟဂုတ် လေးခုအား တပ်သော ဂေါတြဘု, ဝေါဒါန် ကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး။ သမာပဇ္ဇနဝီထိ၌နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်အား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကုသိုလ် ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** မဟာကုသိုလ် ဒုတိယာဒိဇော။ မဟဂ္ဂုတ်ကုသိုလ် ကိုးခု။ မဂ်လေးခု ပစ္စယုပ္ပန်။၏။

**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အနန္တရ, **သမနန္တ** ရ,ဥပနိဿယ,အာသေဝန, နတ္ထိ, ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် **အနန္တရ** သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ"။ပ။ ပါဌ်၌ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ဟူသောပါဌ်၏အရကို မဟာကုသိုလ် ဒုတိယ ဇောအား တပ်သော ပဌမဇော။ပ။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော။ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်လေးခု။ မဂ်သောမနဿသဟဂုတ် **တဆဲ့** ခြောက်ခုအားတပ်သော ဂေါတြဘု,ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်**ပဌမ** ဒွေး။ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ငါးခု။ မဂ်ဥပေက္ခာသဟဂုတ် လေးခုအားတပ်သော ဂေါတြဘု,ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် **တတိယ** ဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ် ကုသိုလ်အား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ်ယူ၍ "ပစ္ဆိမာနံ"။ပ။ ပါဌ်၏အရကို မဟာကုသိုလ် ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် ကိုးခု **မဂ်** လေးခုယူ၍ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တ**ရသ** သည် ပဌမဇောကြဉ်သော နောက်နောက်သော ကုသိုလ်ကောဋ္ဌာသအား အနန္တရ။၏။

"အနုလောမံ ဂေါတြဘုဿ"။ပ။ ပါဌ်၌ "အနုလောမံ" ၏ အရကို သန်္ဂါရ တရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သောမဟာကုသိုလ် ပဌမဒွေး တတိယ ဒွေးယူ၍ "ဂေါတြဘုဿ"၏ အရကို နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး,တတိယဒွေး ယူ၍ အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး တတိယဒွေးသည် ဂေါတြဘုကိစ္စတပ်သော မဟာ ကုသိုလ် ပဌမဒွေး, တတိယဒွေးအား အနန္တရ။၏။

"အနုလောမံ ဝေါဒါနဿ"ဟူ၍။ပ။ ပါဌ်၌ "အနုလောမံ"၏ အရကို သန်္ခါရ လျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေး ယူ၍ "ဝေါဒါနဿ"၏ အရကို နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးယူ၍။ **အနုလုံကိစ္စတပ်သော**။ပ။ **အား**။ အနန္တရ သတ္တိ။၏။

"ဂေါတြဘု မဂ္ဂဿ"ဟူ၍၊ပ။ပါဌ်၌"ဂေါတြဘု"၏အရကိုနိဗ္ဗာန်လျှင် အာရုံရှိ သော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေး ယူ၍ "**မဂ္ဂဿ**"၏ အရကို သောတာပတ္တိမဂ် ယူ၍ ဂေါတြဘုကိစ္စ တပ်သော။ပ။၏။

“ဝေါဒါနံ မဂ္ဂဿ” ဟူ၍။ပ။ ပါဌ်၌ “ဝေါဒါန”၏ အရကို နိဗ္ဗာန်လျှင် အာရုံရှိသော ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေး ယူ၍ “မဂ္ဂဿ”၏ အရကို အထက်မဂ်သုံးခု ယူ၍ ဝေါဒါန်ကိစ္စ တပ်သော။ပ။၏။

[ဤ“ကုသလော ကုသလဿ”၌ “ပုရိမာပုရိမာ”အစရှိသော ပါဌ်ကိုကား ဘုံတူ, ဘုံပြား ဖြစ်ကုန်သော ကုသိုလ်နာမက္ခန္ဓာတို့ကို တပေါင်းတည်းပြု၍ ဟောတော်မူသည်။ ထိုသို့ဟောတော်မူလျှင် ကုသိုလ်သည် ကုသိုလ်ချင်းအား အနန္တရသတ္တိဖြင့်ကျေးဇူးပြုသောတရားသည် ကုန်ပြီးလျက် “အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ”ဟု ဟောတော်မူပြန်သည်ကား ဘုံတူချင်းပင် ဖြစ်သော်လည်း နာနာရမ္မဏ ဖြစ်သောတရားသည် နာနာရမ္မဏတရားအား ကျေးဇူးပြုရာသလော, မပြုရာသလော ဟူသော ယုံမှားသက်ာကို နှစ်စေခြင်းငှါ ဟောတော်မူသည်။ ။“ဂေါတြဘု မဂ္ဂဿ, ဝေါဒါနံ မဂ္ဂဿ” တို့ကိုကား နာနာဘုမ္မိအားဖြင့် ဟောတော်မူသည်]။

## ကုသလော အဗျာကတဿ

“ကုသလော အဗျာကတဿ”၌ ကုသလံ၊ လောကီကုသိုလ် သတ္တရသ အဆုံးဇောသည်။ ဝုဋ္ဌာနဿ၊ တဒါရုံ, ဘဝင်အား။ မဂ္ဂေါ၊ မဂ်လေးခုသည်။ ဖလဿ၊ ဖိုလ်လေးခုအား။ အနုလောမံ၊ သင်္ခါရတရားလျှင် အာရုံရှိသော အနုလုံကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေးသည်။သေက္ခာယ၊ သေက္ခဖြစ်သော။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ နိရောဓာ၊ နိရောဓ သမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသောအနာဂါမ်ပုဂ္ဂိုလ်၏။ နေဝသညာနာသညာ ယတနကုသလံ၊ သည်။ ဖလသမာပတ္တိယာ၊ အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ်အား။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အနန္တရ။၏။ အဘယ်သို့....ကား လောကီကုသိုလ်သတ္တရသ အဆုံးဇောသည် တဒါရုံ, ဘဝင်အား...မဂ်လေးခုသည် ဖိုလ်လေးခုအား....နိရောဓသမာပတ်မှထသောအခါ နေဝသညာနာသညာယတနကုသိုလ်သည် အနာဂါမိဖိုလ်အား....အနန္တရ။ပ။၏။

**ကတ္တားပုဒ်၏အရကား** လောကီကုသိုလ်သတ္တရသ အဆုံးဇော၊ မဂ်လေးခု ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သန္တီရဏသုံးခု။ မဟာဝိပါက်ရှစ်ခု။ မဟဂ္ဂုတ်ဝိပါက်ကိုးခု။ ဖိုလ်လေးခု။ ပစ္စယုပ္ပန်။၏။

တနည်းကား—

မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ တဒါရုံကောဒသ။ မကျသည်ဖြစ်အံ့၊ ဘဝင်ကျေနုဝီသအား တပ်သော မဟာကုသိုလ် အဆုံးဇော။ အောက်ဖိုလ် သောမနဿသဟဂုတ် တဆဲ့နှစ်ခုအားတပ်သော အနုလုံကိစ္စ တပ်သော မဟာကုသိုလ်ပဌမဒွေး၊ အောက်ဖိုလ် ဥပေက္ခာသဟဂုတ် သုံးခုအား တပ်သော အနုလုံကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး။ ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုအားတပ်သော ရူပါဝစရ ကုသိုလ်အဆုံးဇော။ ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု။ အာကာသာနဉ္စာယတန ဘဝင်အား တပ်သော အာကာသာနဉ္စာယတနကုသိုလ် အဆုံးဇော။ပ။ တိဟိတ်ဘဝင်တေရသ။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်အား တပ်သော နေဝသညာနာသညာယတနကုသိုလ် အဆုံးဇော။ သောတာပတ္တိဖိုလ်အား တပ်သော သောတာပတ္တိမဂ်။ပ။ အရဟတ္တဖိုလ်အားတပ်သော အရဟတ္တမဂ် ပစ္စည်းတရား ရ၏။ (သမ္ဗန္ဓ်ကောက်မြဲ)။

ကရိုဏ်းကား တပြိုင်နက် ယထာရဟတပ်ကောင်းသော အနန္တရ, သမနန္တရ, ဥပနိဿယ, ကမ္မ, နတ္ထိ, ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိ။ပ။ ရ၏။

"ကုသလံ ဝုဋ္ဌာနဿ"။ပ။ ပါဌ်၌ "ကုသလံ"၏ အရကို လောကီကုသိုလ် သတ္တရသ၊ အဆုံးဇောယူ၍ "ဝုဋ္ဌာနဿ"၏ အရကို သန္တီရဏသုံးခု၊ မဟာဝိပါက် ရှစ်ခု၊ မဟဂ္ဂုတ်ဝိပါက်ကိုးခုယူ၍ လောကီကုသိုလ် သတ္တရသ အဆုံးဇောသည် တဒါရုံ, ဘဝင်အား အနန္တရ၏။ ။"မဂ္ဂေါ ဖလဿ" ဟူ၍။ပ။ ပါဌ်၌ "မဂ္ဂေါ"၏ အရကို မဂ်လေးခု ယူ၍ "ဖလဿ"၏ အရကို ဖိုလ်လေးခု ယူ၍ မဂ်လေးခုသည် ဖိုလ်လေးခုအား။၏။ ။"အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ"။ပ။ ၌ "အနုလောမံ"၏ အရကို သခ်ါရတရားလျှင် အာရုံရှိသော အနုလုံကိစ္စ တပ်သော မဟာကုသိုလ် ပဌမဒွေး, တတိယဒွေး ယူ၍ "ဖလသမာပတ္တိယာ"၏ အရကို အောက်ဖိုလ်သုံးခု ယူ၍ အနုလုံကိစ္စတပ်သော။ပ။ အောက်ဖိုလ်သုံးခုအား အနန္တရ။၏။ ။"နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ" ဟူ၍။ပ။ ပါဌ်၌ "နေဝသညာနာသညာယတနကုသလံ" ၏ အရကို နိရောဓသမာပတ်မှ ထသောအခါ နေဝသညာနာသညာယတနကုသိုလ် ယူ၍ "ဖလသမာပတ္တိယာ"၏ အရကို အနာဂါမိဖိုလ်ဟု ဆိုအပ်သော ဖလသမာပတ် ယူ၍ နေဝသညာနာသညာယတနကုသိုလ်သည် အနာဂါမိဖိုလ်အား။ ၏။

## အကုသလော အကုသလဿ

"အကုသလော ဓမ္မော အကုသလဿ။ပ။ အနန္တရ ပစ္စယေန ပစ္စယော" (အနက်လွယ်ပြီ)။ ။

**အဓိပ္ပါယ်ကား—**

အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား။ အနန္တ။ပ။၏။ အဘယ်သို့....ကား အကုသိုလ်ဒွါဒသ ပဌမဇောသည် ဒုတိယဇောအား။ပ။ ဆဌဇောသည် သတ္တမ ဇောအား အနန္တရ။ပ။၏။ ။

**ကတ္တားကား** အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ပဌမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရား ရ၏။

**တနည်းကား—**

အကုသိုလ် ဒုတိယဇောအား တပ်သော ပဌမဇော။ပ။ သတ္တမဇောအား တပ်သော ဆဌဇော။ ပစ္စည်းတရားရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော ပစ္စယုပ္ပန်တရားရ၏။ ။**ကရိုဏ်းပါဌ်ကား** တပြိုင်နက် တပ်ကောင်းသော အနန္တရ, သမနန္တရ, ဉပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ ဤခြောက် ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။အနုဝါဒပါဌ်၌ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ"ဟူသောပါဌ်၏အရကို အဆုံးဇော ကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသယူ၍ "ပစ္ဆိမာနံ။ပ။ ဓမ္မာနံ" အရကို ပဌမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသယူ၍ ရှေးရှေးသော။ပ။၏။

## အကုသလော အဗျာကတဿ

"အကုသလော အဗျာကတဿ"၌ အကုသလံ၊ အကုသိုလ်ဒွါဒသ အဆုံးဇောသည်။ ဝုဋ္ဌာနဿ၊ တဒါရုံ, ဘဝင်အား။

**အဓိပ္ပါယ်ကား—**

အကုသိုလ်ဓမ္မသည် အဗျာကတ ဓမ္မအား။ပ။ ၏။ အဘယ်သို့....ကား လောဘမူ၊ မောဟမူဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့၊ အဆုံးဇောသည် တဒါရုံကောဒသအား....မကျသည်ဖြစ်အံ့၊ ဘဝင်ကျေနုဝိသအား....ဒေါသမူဇော နောင် တဒါရုံကျသည်ဖြစ်အံ့၊ အဆုံးဇောသည် ဉပေက္ခာတဒါရုံခြောက်ခုအား.... မကျသည်ဖြစ်အံ့၊ ကာမဉပေက္ခာဘဝင် ခြောက်ခုအား....အနန္တရ။၏။ ။

**ကတ္တားကား** အကုသိုလ်ဒွါဒသ အဆုံးဇောပစ္စည်းတရား ရ၏။ **။သမ္ပဒါန်ကား** သန္တိရဏသုံးခု။ မဟာဝိပါက်ရှစ်ခု၊ မဟဂ္ဂုတ်ဝိပါက်ကိုးခု၊ ပဋ္ဌယုပ္ပန်။၏။

**တနည်းကား—**

**ကတ္တားကား** လောဘမူ, မောဟမူဇောနှောင် တဒါရုံကျသည် ဖြစ်အံ့၊ တဒါရုံကာဒသ။ မကျသည်ဖြစ်အံ့၊ ဘဝင်ကျနုဝီသအားတပ်သောလောဘမူ, မောဟမူအဆုံးဇော။ ဒေါသမူဇောနှောင် တဒါရုံကျသည်ဖြစ်အံ့၊ ဥပေက္ခာဘာ ဒါရုံခြောက်ခု။ မကျသည်ဖြစ်အံ့ ကာမဘဝင် ဥပေက္ခာခြောက်ခုအားဘပ်သော ဒေါသမူ အဆုံးဇောပစ္စည်းတရား ရ၏ (သမ္ပဒါန်ကောက်မြဲ)။

**ကရိုဏ်းကား** တပြိုင်နက်တပ်ကောင်းသော အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင်။ပ။သ ရ၏။

## အဗျာကတော အဗျာကတဿ

"အဗျာကတော အဗျာကတဿ"၌ ဘဝင်္ဂ၊ ဘဝင်သည်။ အာဝဇ္ဇနာယ၊ အာဝဇ္ဇန်းဒွေးအား။ ကြိယံ၊ ကြိယာအဋ္ဌာရသအဆုံးဇော, ဒုတိယဝုဋ္ဌောသည်။ ဝုဋ္ဌာနဿ၊ တဒါရုံ, ဘဝင်အား။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်၏။ အနုလောမံ၊ အနုလုံသည်။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ နိရောဓာ၊ နိရောဓ သမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ထသောပုဂ္ဂိုလ်၏။ နေဝသညာနာသညာယတနကြိယံ၊ နေဝသညာနာသညာယတန ကြိယာသည်။ ဖလသမာပတ္တိယာ၊ အရဟတ္တဖိုလ် အား။ အနန္တရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊၏။

**အဓိပ္ပါယ်ကား—**

အဗျာကတဓမ္မသည် အဗျာကတဓမ္မအား ။ပ။ ၏။ အဘယ်သို့....ကား ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော ဝိပါက်, ကြိယာ နာမက္ခန္ဓာတို့သည် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိပါက်, ကြိယာ နာမက္ခန္ဓာအား.... ပဉ္စဝေါကာရ ဘဝင်္ဂုပစ္ဆေဒ တဆဲ့ငါးခုသည် အာဝဇ္ဇန်းဒွေးအား....အရူပဘဝင်္ဂု ပစ္ဆေဒ လေးခုသည် မနောဒွါရာဝဇ္ဇန်းအား....ကြိယာအဋ္ဌာရသ အဆုံးဇော ဒုတိယဝုဋ္ဌောသည် တဒါရုံ, ဘဝင်အား....အနုလုံကိစ္စတပ်သော မဟာကြိယာ ပဌမဒွေး, တတိယဒွေးသည် အရဟတ္တဖိုလ်အား....နိရောဓသမာပတ်မှ ထသော အခါ နေဝသညာနာသညာယတနကြိယာ အဆုံးဇောသည် အရဟတ္တဖိုလ် အား။၏။

**ကတ္တားကား** ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ရဟန္တာတို့စုတိနှင့်တကွ နောက် နောက်သော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ ပစ္စယုပ္ပန်။၏။

တနည်းကား—

**ကတ္တားကား** ပဌမဘဝင်နာမက္ခန္ဓာအားတပ်သော ပဋိသန္ဓေနာမက္ခန္ဓာ။ ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာအားတပ်သော ပဌမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာ။ အာဝဇ္ဇန်းဒွေးအားတပ်သော ပဉ္စဝေါကာရဘဝင်ပစ္ဆေဒဝဿဆဲ့ငါးခု။ မနောဒွါရာဝဇ္ဇန်းအားတပ်သော အရူပဘဝင်ပစ္ဆေဒလေးခု။ ပဉ္စဝိညာဉ်အားတပ်သော ပဉ္စဒွါရာဝဇ္ဇန်း။ သမ္ပဋိစ္ဆိုင်းအား တပ်သော ပဉ္စဝိညာဉ်။ သန္တီရဏအား တပ်သော သမ္ပဋိစ္ဆိုင်း။ ဝုဋ္ဌောအားတပ်သော သန္တီရဏ...ပရိတ္တာရုံ ဝီထိဖြစ်အံ့၊ ဒုတိယဝုဋ္ဌောအား တပ်သော ပဌမဝုဋ္ဌော။ ပဉ္စဝေါကာရဘဝင် တဆဲ့ငါးခုအားတပ်သော ဒုတိယဝုဋ္ဌော။ အတိမဟန္တာရုံ,မဟန္တာရုံ,ဝိဘူတာရုံ,အဝိဘူတာရုံဝီထိဖြစ်အံ့၊ ဟသိတုပ္ပါဒ်မဟာကြိယာ ပဌမဇောအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း။ ဒုတိယဇောအား တပ်သော ပဌမဇော။ပ။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော၊ ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ သောမနဿတဒါရုံ ငါးခု။ မကျသည်ဖြစ်အံ့၊ပဉ္စဝေါကာရတိဟိတ် ဘဝင်ကိုးခုအားတပ်သော ဟသိတုပ္ပါဒ် အဆုံးဇော။မဟာကြိယာ သောမနဿသဟဂုတ် ဇောနောင်တဒါရုံကျသည်ဖြစ်အံ့၊သောမနဿတဒါရုံငါးခု။ မကျသည်ဖြစ်အံ့၊ တိဟိတ်ဘဝင်တေရသအားတပ်သော မဟာကြိယာသောမနဿသဟဂုတ်အဆုံးဇော။ မဟာကြိယာ ဥပေက္ခာသဟဂုတ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ ဥပေက္ခာတဒါရုံခြောက်ခု။မကျသည်ဖြစ်အံ့၊ တိဟိတ်ဘဝင် တေရသအားတပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ်အဆုံးဇော။ ဒုတိယတဒါရုံအားတပ်သော ပဌမတဒါရုံ။ ကာမဘဝင်တဆယ်အားတပ်သော ဒုတိယတဒါရုံ။မဟာဂ္ဂုတ်ကြိယာသောမနဿသဟဂုတ် လေးခု,အရဟတ္တဖိုလ်သောမနဿသဟဂုတ် လေးခုအားတပ်သော ဂေါတြဘု, အနုလုံကိစ္စတပ်သော မဟာကြိယာ ပဌမဒွေး။ မဟာဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ငါးခု, အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ် တခုအားတပ်သော ဂေါတြဘု, အနုလုံကိစ္စတပ်သော မဟာကြိယာ တတိယဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာအား တပ်သော ရှေးရှေးသော ဇောတူမဟဂ္ဂုတ်ကြိယာ။ ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခုအားတပ်သော ရူပါဝစရကြိယာ အဆုံးဇော။ ပဉ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု, အာကာသာနဉ္စာယတနဘဝင်အားတပ်သော အာကာသာနဉ္စာယတနကြိယာ အဆုံးဇော။ပ။ တိဟိတ်ဘဝင်တေရသ, နိရောဓသမာပတ်မှ ထသောအခါ အရဟတ္တဖိုလ်အားတပ်သော နေဝသညာနာသညာယတနကြိယာ အဆုံးဇော။ နောက်နောက်သော ဖိုလ်လေးခုအားတပ်သော ရှေးရှေးသောဇောတူ ဖိုလ်လေးခု။ တိဟိတ်ဘဝင် တေရသအား တပ်သော ဖိုလ်လေးခု အဆုံးဇော။ မရဏာသန္နအခါ တဒါရုံနောင်စုတိ ဖြစ်အံ့။ ကာမစုတိ

တဆယ်အား တပ်သောဒုတိယတဒါရုံ။ ဇောနောင် စုတိဖြစ်အံ့၊ တိဟိတ်စုတိ တေရသအားတပ်သော မဟာကြိယာ ပဥ္စမဇော။ (**မရဏာသန္နအခါ မဟဂ္ဂုတ်ဇော, ဟသိတုပ္ပါဒ်ဇောတို့ကို မရသင့်**)။ ဘဝင်နောင် စုတိဖြစ်အံ့၊ စုတိ ကျေနုဝီသအားတပ်သော ဘဝင်ကျေနုဝီသ။ ကာမပဋိသန္ဓေ တဆယ်အား တပ်သော ဒွိဟိတ်, အဟိတ်စုတိ။ ပဋိသန္ဓေကျေနုဝီသအားတပ်သော ကာမ တိဟိတ်စုတိ လေးခု။ သဟိတ်ပဋိသန္ဓေ သတ္တရသအားတပ်သော ရူပစုတိငါးခု။ **ကာမတိဟိတ်** ပဋိသန္ဓေလေးခု, အရူပ ပဋိသန္ဓေလေးခုအားတပ်သော အာကာသာနဉ္စာယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေလေးခု, အာကာသာ နဉ္စာယတန ကြဉ်သော အရူပ ပဋိသန္ဓေသုံးခုအားတပ်သော ဝိညာဏဉ္စာ ယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေလေးခု, အာကိဉ္စညာယတန, နေဝသညာ နာသညာယတန ပဋိသန္ဓေအားတပ်သော အာကိဉ္စညာယတနစုတိ။ ကာမ တိဟိတ်ပဋိသန္ဓေ လေးခု,နေဝသညာနာသညာယတန ပဋိသန္ဓေအားတပ်သော နေဝသညာနာသညာယတနစုတိ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ရဟန္တာ တို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသကြိယာဝီသ ပစ္စယုပ္ပန် တရား ရ၏။

**ကရိုဏ်းကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် အနန္တရ သတ္တိ။ ၏။

"ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာ ဗျာကတာနံ"။ပ။ ပါဠိ၌ "ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ခန္ဓာ"၏ အရကို ရဟန္တာတို့ စုတိ,ဘဝင်ုပစ္ဆေဒ ကြဉ်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာယူ၍ "ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ"၏ အရကို ရဟန္တာ တို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာ ယူ၍ ရှေးရှေးသော ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာသည်။ပ။ ၏။

"ပုရိမာ ပုရိမာ ကြိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာက တာနံ ခန္ဓာနံ"။ပ။ ပါဠိ၌ "ပုရိမာပုရိမာ ကြိယာဗျာကတာ ခန္ဓာ"၏ အရကို အဆုံးဇော၊ ဒုတိယဝုဋ္ဌော ပဥ္စဒွါရာဝဇ္ဇန်း ကြဉ်သော ကြိယာ ကျေနုဝီသ ယူ၍ "ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ခန္ဓာနံ"၏ အရကို ပဌမဇော။ ပဌမ ဝုဋ္ဌော၊ ပဥ္စဒွါရာဝဇ္ဇန်း ကြဉ်သော ကြိယာ ကျေနုဝီသယူ၍ ရှေးရှေးသော **ကြိယာသည် နောက်နောက်သော ကြိယာအား**။ပ။ ၏။

"ဘဝင်္ဂံ အာဝဇ္ဇနာယ"ပါဌ်၌ "ဘဝင်္ဂံ"၏ အရကို ဘဝင်ုပစ္ဆေဒ တဆဲ့ကိုးခု ယူ၍ "အာဝဇ္ဇနာယ"၏ အရကို အာဝဇ္ဇန်းဒွေး ယူ၍။ပ။၏။ ။"ကြိယံ ဝုဋ္ဌာနဿ"။ပ။ ပါဌ်၌ "ကြိယံ" အရကို ကြိယာအဋ္ဌာရသ အဆုံးဇော၊ ဒုတိယ ဝုဋ္ဌော၊ ပဥ္စဒွါရာဝဇ္ဇန်း ယူ၍ "ဝုဋ္ဌာနဿ"၏ အရကို သန္တီရဏ သုံးခု။ မဟာ ဝိပါက်ရှစ်ခု။ မဟဂ္ဂုတ်ဝိပါက် ကိုးခု။ ဒွေပဥ္စဝိညာဉ်တဆယ် ယူ၍။ပ။ ၏။ ။"အရဟတော အနုလောမံ ဖလသမာပတ္တိယာ"။ပ။ ပါဌ်၌ "အနုလောမံ"၏ အရကို အနုလုံကိစ္စ တပ်သော မဟာကြိယာ ပဌမဒွေး, တတိယဒွေး ယူ၍ "ဖလသမာပတ္တိယာ"၏ အရကို အရဟတ္တဖိုလ် သမာပတ်ယူ၍။ပ။၏။ ။"နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကြိယံ ဖလသမာပတ္တိယာ"။ပ။ ပါဌ်၌ "နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကြိယံ"၏ အရကို နိရောဓသမာပတ်မှ ထသောအခါ နေဝသညာနာသညာယတန ကြိယာ ယူ၍ "ဖလသမာပတ္တိယာ"၏ အရကို အရဟတ္တဖိုလ်ဖလသမာပတ်ယူ၍။ပ။၏။

[အဗျာကတော အဗျာကတဿ၌ ဝိပါက်သည် ဝိပါက်ချင်းအား၊ ကြိယာသည် ကြိယာချင်းအား၊ ဝိပါက်သည် ကြိယာအား၊ ကြိယာသည် ဝိပါက်အား ကျေးဇူးပြုသည်ကို ပြတော်မူ၏။ ။ထို့ကြောင့် အဋ္ဌကထာ (၄၃၇)၌ "ဝိပါကာဗျာကတာ ကြိယာဗျာကတာတိ ဒွေ ဝိပါကာဗျာကတာ ဝိပါကာဗျာကတာနညေဝ ကြိယာဗျာကတာ ကြိယာဗျာကတာနညေဝ ဝေဒိတဗ္ဗာ။ ဘဝင်္ဂံ အာဝဇ္ဇနာယာတိအာဒိ ဝေါမိဿကဝသေန ဝုတ္တံ"ဟု မိန့်အပ်ပြီ]။

## အဗျာကတော ကုသလဿ

"အဗျာကတော ကုသလဿ"၌ အာဝဇ္ဇနာ၊ ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်းသည်။ ကုသလာနံ၊ သော။ ခန္ဓာနံ၊ မဟာကုသိုလ်ပဌမဇော နာမက္ခန္ဓာတို့အား။ပ။၏။

**အဓိပ္ပါယ်ကား—**

အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား။ ၏။ အဘယ်သို့....ကား ဝုဋ္ဌော,မနောဒွါရာဝဇ္ဇန်းသည် မဟာကုသိုလ် ပဌမဇောအား။ ၏။

**ကတ္တားကား** ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** မဟာကုသိုလ် ပဌမဇော ပစ္စယုပ္ပန် တရားရ၏။ ။**ကရိယာကား** တပြိုင်နက် တပ်ကောင်းသော အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ,ဝိဂတ ဤငါးပစ္စယ။ပ။ အနန္တရ သတ္တိ ဝိသေသ ရ၏။ ။"အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ" အစရှိသော ပါဌ်၌ "အာဝဇ္ဇနာ"ဟူသော ပါဌ်၏ အရကို ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းယူ၍ 'ကုသလာနံ ခန္ဓာနံ"၏ အရကို မဟာကုသိုလ်ပဌမဇောယူ၍။ပ။ ၏။

("အဗျာကတော အကုသလဿ"၌ အနက်, အဓိပ္ပါယ်, အရကောက်, အနုဝါဒအတူတူ။ အကုသိုလ်ဒွါဒသ ပဌမဇော နာမက္ခန္ဓာ ယူသည်သာထူးသည်။ သမနန္တရ တူပြီ။)

သမနန္တရ ပြီးပြီ။

---

**သဟဇာတပစ္စည်း**

**ကုသလော ကုသလဿ**

သမနန္တရပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သဟဇာတပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူ၏။ (စစ်မြဲ) ကုသလော ကုသလဿ၌ (အနက်လွယ်ပြီ)။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့....ကား ကုသိုလ်ကေဝီသ။ စေတသိက် အဋ္ဌတိံသ။ နာမက္ခန္ဓာ လေးပါးတို့တွင် တပါး, တပါးသော နာမက္ခန္ဓာသည် သုံးပါး, သုံးပါးသော နာမက္ခန္ဓာအား။ သုံးပါး, သုံးပါးသော နာမက္ခန္ဓာသည် တပါး, တပါးသော နာမက္ခန္ဓာအား။ နှစ်ပါး,နှစ်ပါးသော နာမက္ခန္ဓာသည် နှစ်ပါး, နှစ်ပါးသော နာမက္ခန္ဓာအား။ သဟဇာတ။ ၏။

"ကုသလော" **ကတ္တားကား** အချင်းချင်းအားတပ်သော ကုသိုလ်ကေဝီသ။ စေတသိက် အဋ္ဌတိံသ။ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ကုသိုလ်ကေဝီသ။ စေတသိက် အဋ္ဌတိံသ။အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက်တပ်ကောင်းသော သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ ။ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။ ။(ခန္ဓာဝါရကား တဆဲ့လေးဝါရ ဖြစ်သတည်း။ ။ပဋိစ္စဝါရက လှည့်သည်အတိုင်း လှည့်လေ။ ပဋိစ္စဝါရမှာ ကံ, ကတ္တား။ ဤ၌ ကတ္တား, သမ္ပဒါန်။ ဤမျှသာ ထူးသည်)။

**ကုသလော အဗျာကတဿ**

"ကုသလော အဗျာကတဿ"၌ ကုသလာ၊ ကုန်သော။ ခန္ဓာ၊ အစိတ်အပေါင်း နာမက္ခန္ဓာတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင်ဖြစ်ကြောင်း ရှိကုန်သော။ ရူပါနံ၊ တို့အား။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား။ပ။၏။ ။အဘယ်သို့....ကား ကုသိုလ် ကေဝီသ။ စေတသိက် အဋ္ဌတိံသ။ နာမက္ခန္ဓာလေးပါးတို့တွင်တပါး, တပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား။ သုံးပါး, သုံးပါးသောနာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား။ နှစ်ပါး, နှစ်ပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား လေးပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား သဟဇာတ။ ၏။

"ကုသလော" **ကတ္တားကား** စိတ္တဇရုပ်အားတပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝီသ။ စေတသိက်အဋ္ဌတိံသ။ အစိတ်အပေါင်း နာမက္ခန္ဓာပစ္စည်းတရား ၏။ ။**သမ္ပဒါန်ကား** စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ၏။ ။ **ကရိုဏ်းကား** တပြိုင်နက် တပ်ကောင်းသော သဟဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤငါးပစ္စယ သတ္တိတို့တွင် သဟဇာတသတ္တိ။ ၏။ ။(ခန္ဓာဝါရကား နှစ်ရာ့နှစ်ဆဲ့ငါးဝါရ။ ။ပဋိစ္စဝါရ အတိုင်းလှည့်လေ)။

## ကုသလော ကုသလာဗျာကတဿ

"ကုသလော ကုသလာဗျာကတဿ"၌ (အနက်,အဓိပ္ပါယ် လွယ်ပြီ)။ ။ **ကတ္တားကား** အချင်းချင်း နာမက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝီသ။ စေတသိက်အဋ္ဌတိံသ။ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရား ၏။ ။**သမ္ပဒါန်ကား** ကုသိုလ်ကေဝီသ။ စေတသိက် အဋ္ဌတိံသ။ အစိတ်အစိတ် နာမက္ခန္ဓာ၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ၏။ ။**ကရိုဏ်းကား** တပြိုင်နက်တပ်ကောင်းသော သဟဇာတ,နိဿယ,အတ္ထိ, အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင်။ပ။သ ၏။ ။(အကုသလပဒ သုံးချက်လည်း နည်းတူပြီ။ ကုသလပဒကို မှီ၍ကောက်)။

## အဗျာကတော အဗျာကတဿ

"အဗျာကတော အဗျာကတဿ"၌(အနက် အဓိပ္ပါယ်လွယ်ပြီ)။ ။**ပဝတ္တိအခါ ကတ္တားကား** အချင်းချင်းအားဒုင်း,အချင်းချင်း နာမက္ခန္ဓာစိတ္တဇရုပ်တို့အားဒုင်း တပ်သော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ။စေတသိက် အဋ္ဌတိံသ။ အစိတ်အစိတ်,အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရား ၏။ **သမ္ပဒါန်ကား** ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။စေတသိက်အဋ္ဌတိံသ။ ။အစိတ်အစိတ်နာမက္ခန္ဓာ စိတ္တဇရုပ်,ပစ္စယုပ္ပန်တရား ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ,အညမည,နိဿယ,ဝိပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ.

အဝိဂတ ဤရှစ်ပစ္စယ သတ္တိတို့တွင် သဟဇာတ။ပ။ရ၏။ ။ခန္ဓာဝါရ နှစ်ရာ့ တဆယ်]။ ။

**ပဋိသန္ဓေအခါ ကတ္တားကား** အချင်းချင်းအားရင်း, အချင်းချင်း နာမက္ခန္ဓာ ကဋတ္တာရုပ်တို့အားရင်း တပ်သော ပဋိသန္ဓေစိတ်ကျေနုဝိသ၊စေတသိက်ပဥ္စတိံသ၊ အစိတ်အစိတ်,အစိတ်အပေါင်း နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ပဋိသန္ဓေစိတ်ကျေနုဝိသ၊စေတသိက်ပဥ္စတိံသ၊အစိတ်အစိတ်,အစိတ် အပေါင်း နာမက္ခန္ဓာ,ကဋတ္တာရုပ် ပစ္စယုပ္ပန် တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင် နက် ယထာရဟ တပ်ကောင်းသော သဟဇာတ,အညမည,နိဿယ,ဝိပါက,သမ္ပ ယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဝိသေသ ရ၏။ ။(ခန္ဓာဝါရကား နှစ်ရာ့လေးဆယ်ဖြစ်သတည်း)။

**ရုပ်သက်သက်၌ ကတ္တားကား** အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်း တပ်သော စိတ္တဇမဟာဘုတ်, ပဋိသန္ဓေ ကမ္မဇမဟာဘုတ်, ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်,အသညသတ်ကမ္မဇမဟာဘုတ်, ပဝတ္တိ ကမ္မဇမဟာဘုတ် ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဘုတ်နှင့်တကွသောစိတ္တဇ ဥပါဒါ,ပဋိသန္ဓေကမ္မဇဥပါဒါ,ဗာဟိရဥပါဒါ,အာဟာရဇဥပါဒါ,ဥတုဇဥပါဒါ,အသ ညသတ်ကမ္မဇဥပါဒါ,ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ,အညမည,နိဿယ,အတ္ထိ, အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင်။ပ။သ ရ၏။ ခန္ဓာဝါရကား တရာ့ငါးဝါရဖြစ် သတည်း။ ။[ပဋိစ္စဝါရက အတိုင်း လှည့်လေ]။

## ကုသလာဗျာကတော အဗျာကတဿ

"ကုသလာဗျာကတော အဗျာကတဿ"၌ ကုသလော၊သော။ဓမ္မောစ၊ငင်း။ အဗျာကတော၊သော။ဓမ္မောစ၊ငင်း။ဧတေ ဓမ္မာ၊တို့သည်။ပ။ကုသလာ၊ကုန်သော။ ခန္ဓာစ၊ အစိတ်အပေါင်း နာမက္ခန္ဓာတို့သည်ငင်း။ မဟာဘူတာစ၊ အစိတ် အပေါင်း မဟာဘုတ်တို့သည်ငင်း။ ။(အဓိပ္ပါယ် လွယ်ပြီ)။

**ကတ္တားကား** စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော**အခါ** ကုသိုလ်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ၊ အစိတ်အပေါင်း နာမက္ခန္ဓာ,အစိတ် အပေါင်းမဟာဘုတ် ပစ္စည်းတရားရ၏။ ။**သမ္ပဒါန်ကား** စိတ္တဇရုပ်ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် တပ်ကောင်းသော သဟဇာတ,နိဿယ,အတ္ထိ, အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဝိသေသရ၏။ခန္ဓာဝါရကား နှစ်ရာ့နှစ်ဆယ့်ငါး ဝါရဖြစ်တည်း]။ ။("အကုသလာဗျာကတော အဗျာကတဿ" ၌လည်း နည်းတူ)။ ။သဟဇာတပြီးပြီ။ ။

## အညမညပစ္စည်း

### အဗျာကတော အဗျာကတဿ

(အညမည၌ ကုသလပဒ၊အကုသလဒပ၊ အနက်,အဓိပ္ပါယ်,အရကောက်,ခန္ဓာဝါရ အားလုံးပင် သဟဇာတနှင့် တူပြီ)။ ။

အဗျာကတ၌ **ပဝတ္တိအခါ** "အဗျာကတော ဓမ္မော" ဟူသော **ကတ္တားကား** အချင်းချင်းအားတပ်သော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ၊ စေတသိက်အဋ္ဌတိံသ၊အစိတ်အစိတ်,အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ၊ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။**ကရိုဏ်းကား** အချင်းချင်းအားတပ်သော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ၊ စေတသိက်အဋ္ဌတိံသ၊ အစိတ်အစိတ် နာမက္ခန္ဓာဖြစ်အံ့။ တပြိုင်နက် ယထာရဟတပ်ကောင်းသော သဟဇာတ,အညမည,နိဿယ,ဝိပါက, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ် ပစ္စယသတ္တိတို့တွင် အညမညသတ္တိ။ပ။ရ၏။ ။ [ခန္ဓာဝါရကား တဆဲ့လေးဝါရ ဖြစ်သတည်း]။

**ပဋိသန္ဓေအခါ ကတ္တားကား** အချင်းချင်း နာမက္ခန္ဓာ,ဟဒယဝတ္ထုအားတပ်သော ပဋိသန္ဓေစိတ် ကျေ့ုနဝီသ၊ စေတသိက်ပဉ္စတိံသ။ အစိတ်အစိတ်, အစိတ်အပေါင်းနာမက္ခန္ဓာ,ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ပဋိသန္ဓေစိတ် ကျေ့ုနဝီသ၊စေတသိက်ပဉ္စတိံသ အစိတ်အစိတ်,အစိတ်အပေါင်းနာမက္ခန္ဓာ,ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ,အညမည,နိဿယ,ဝိပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် အညမညသတ္တိဝိသေသ ရ၏။ ။

> [ဤ၌ ဝိပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ ဤသုံးပစ္စည်းကို အကုန်မရ။ အစိတ်မျှဝင်သောကြောင့် ယထာရဟ တပ်ကောင်းသော ဟူ၍ ဝိသေသနလောင်းရသည်။ ဤနည်းကိုမှီ၍ ယထာရဟ ဝိသေသန ရသင့်, မရသင့်ကို နှုလုံးသွင်း၍ ဆိုလေ]။

**ရုပ်သက်သက်၌ ကတ္တားကား** အချင်းချင်းအားတပ်သော စိတ္တဇမဟာဘုတ်, ပဋိသန္ဓေကမ္မဇမဟာဘုတ်, ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အသညသတ်ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ် ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ခုနစ်ခုသော မဟာဘုတ်ရင်း ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် တပ်ကောင်းသော သဟဇာတ, အညမည, နိဿယ အတ္ထိ, အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အညမညသတ္တိ၊

ဝိသေသ ရ၏။ ။[ခန္ဓာဝါရကား ကိုးဆဲ့ရှစ်ဝါရ ဖြစ်သတည်း]။ ။(ပဋိစ္စ ဝါရက အတိုင်းလှည့်လေ)။ ။အညမည ပြီး၏။

---

## နိဿယပစ္စည်း

### အဗျာကတော အဗျာကတဿ

(နိဿယ၌ ကုသလပဒသုံးချက်။ အကုသလပဒသုံးချက်။ ။သဟဇာတက အတိုင်း ဟောလေ။ ။အဗျာကတပဒ၌ အနက်,အဓိပ္ပါယ်လွယ်ပြီ။ ။နိဿယ သည် သဟဇာတနိဿယ, ပုရေဇာတနိဿယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို.... တွင် သဟဇာတနိဿယသည် သဟဇာတနှင့် တူပြီ)။

**ပုရေဇာတနိဿယဖြစ်အံ့။** "အဗျာကတော" **ကတ္တားကား** စက္ခုဝိညာဉ်ဒွေး အားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဉပါဒ်ပြိုင်သော စက္ခု ဝတ္ထု။ပ။ ကာယဝိညာဉ်ဒွေးအားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် နှင့် ဉပါဒ်ပြိုင်သော ကာယဝတ္ထု။ ပဋိစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ကြဉ်သော ပဋ္ဌမဘဝင် အစရှိသော နောက် နောက်သော ဝိပါက်ဗာဝီသ၊ ကြိယာဝီသအားတပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အားတပ်သော ရှေးစိတ္တက္ခဏ တချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ ပဉ္စဝေါကာရ ဘဝင် တဆဲ့ငါးခု။ အာဝဇ္ဇန်းဒွေး။ သမ္ပဋိစ္ဆိုင်းဒွေး။ သန္တီရဏသုံးခု။ ဝုဋ္ဌော။ မရဏာသန္နဇောငါးချက်။ တဒါရုံ၊ စုတိအားတပ်သော စုတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော ပဋ္ဌမဘဝင် အစရှိသော နောက်နောက်သော ဝိပါက် ဗာတ္တိံသ။ ကြိယာဝီသ။ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော နိဿယ, အာရမ္မဏ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စယ သတ္တိတို့တွင် နိဿယသတ္တိ ဝိသေသ ရ၏။

ခန္ဓာဝါရကား ကိုးဆယ်ဖြစ်သတည်း။ ကိုးဆယ် ဟူသော်ကား စက္ခာယတန တဆဲ့ငါးဝါရ။ပ။ ဟဒယဝတ္ထု၌ တဆဲ့ငါးဝါရ။ ဤသို့အားဖြင့် ကိုးဆယ် ဖြစ်သတည်း။

### အဗျာကတော ကုသလဿ

“အဗျာကတော ကုသလဿ”၌ (အနက်, အဓိပ္ပါယ်လွယ်ပြီ)။ ။**ကတ္တား ကား** ပဋိသန္ဓေ ဝါကာရဘုံ၌ ဖြစ်သောအခါ **နောက်နောက်သော** ကုသိုလ်ကေဝိသ အားတပ်သော ဝုဋ္ဌော,'မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နကုသိုလ်ဇော ငါးချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ ။**သမ္ဘဒါန်ကား** ပဋ္ဌဝေါ ကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်ကေဝိသ ပစ္စယုပ္ပန်။၏။ ။ **ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော နိဿယ, အာရမ္မဏ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် နိဿယ သတ္တိ ဝိသေသ ရ၏။ ။ခန္ဓာဝါရကား တဆဲ့ငါးဝါရ ဖြစ်သတည်း။

### အဗျာကတော အကုသလဿ

“အဗျာကတော အကုသလဿ”၌ [အနက်, အဓိပ္ပါယ် လွယ်ပြီ]။ ။ **ကတ္တားကား** ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္န အကုသိုလ်ဇော ငါးချက် အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ ။**သမ္ဘဒါန်ကား** နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်။၏။ ။**ကရိုဏ်းကား** တပြိုင် နက် ယထာရဟ တပ်ကောင်းသော နိဿယ, အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိ တို့တွင် နိဿယသတ္တိဝိသေသ ရ၏။

### ကုသလာဗျာကတော ကုသလဿ

“ကုသလာဗျာကတော ကုသလဿ”၌ [အနက် အဓိပ္ပါယ်လွယ်ပြီ]။ **ကတ္တားကား** အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝိသ၊ စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထု ပစ္စည်းတရား **ရ၏**။ ။**သမ္ဘဒါန်ကား** ကုသိုလ်ကေဝိသ၊ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် တပ်ကောင်းသော **နိဿယ, အတ္ထိ**, အဝိဂတ ဤသုံးပစ္စယသတ္တိ၊

တို့တွင် နိဿယ။ပ။ ၏။ ။("အကုသလာဗျာကတော အကုသလဿ"၌လည်း နည်းတူ ဟောလေ)။

နိဿယ ပြီး၏။

---

## ဥပနိဿယပစ္စည်း

### ကုသလော ကုသလဿ

ဥပနိဿယ၌။ ။အာရမ္မဏူပနိ ဿယောစ၊ ငင်း။ အနန္တရူပနိဿယောစ၊ ငင်း။ ပကတူပနိဿယောစ၊ ငင်း။ ဣတိ၊ ဤသို့။ ဥပနိဿယော၊ ဥပနိဿယသည်။ တိဝိဓော၊ ၏။ တေသု၊ ထိုသုံးပါးတို့တွင်။ အာရမ္မဏူပနိဿယော၊ ကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ ၏။ ဒါနံ-ဒေယျဓမ္မံ၊ ကို။ [အာရမ္မဏာဓိပတိက အတိုင်း အနက်ပေးလေ။] အနန္တရူပနိဿယော၊ ကို။ ဧဝံ၊ သို့။ ဒဋ္ဌဗ္ဗော။ ၏။ ။ [အနန္တရက အတိုင်းပေးလေ]။

ပကတူပနိဿယော၊ ကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ ၏။ သဒ္ဓံ၊ သဒ္ဓါခြင်းကို။ (တနည်းကား) ကံ, ကံ၏ အကျိုး၊ ဤပစ္စုပ္ပန်လောက, တမလွန်လောက အစ ရှိသည်တို့၌ ယုံကြည်ခြင်းကို။ ဥပနိဿာယ-ဥပနိဿယံကတွာ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေး၏။ သီလံ၊ သီလကို။ သမာဒိယတိ။ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်နေ့၌ ဆောက်တည်အပ်သော အင်္ဂါဥပုသ်ကို။ ကရောတိ၊ ဆောက်တည်၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ၏။ ဝိပဿနံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ မဂ္ဂံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ အဘိညံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ သမာပတ္တိံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ သီလံ၊ သီလကို။ ဥပနိဿာယ၊၍။ပ။ သမာပတ္တိံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ သုတံ၊ အကြားအမြင်ကို။ ဥပနိဿာယ၊ ၍။ပ။ သမာပတ္တိံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ စာဂံ၊ စွန့်ကြဲခြင်းကို။ ဥပနိဿာယ၊ ၍။ပ။ သမာပတ္တိံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ ပညံ၊ ပညာကို။ ဥပနိဿာယ၊၍။ပ။ သမာပတ္တိံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ သဒ္ဓါ၊ သဒ္ဓါသည်။ သဒ္ဓါယ၊ သဒ္ဓါအား။ သီလဿ၊ အား။ သုတဿ၊ ဗဟုဿုတပညာ အား။ စာဂဿ၊ စွန့်ကြဲခြင်းအား။ ပညာယ၊ ပညာအား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ သီလံ၊ သည်။ပ။ သုတံ၊ သည်။ပ။ စာဂေါ၊ သည်။ပ။ ပညာ၊ သည်။ပ။ ပညာယ၊ အား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ပဌမဿ၊ သော။ ဈာနဿ၊ ၏။ ပရိကမ္မံ၊ ပုဗ္ဗဘာဂ ပရိကံသည်။ ပဌမဿ၊ သော။ ဈာနဿ၊ အား။ပ။ ပဌမံ၊ သော။ ဈာနံ၊သည်။ ဒုတိယဿ၊ ဒုတိယဖြစ်သော။ ဈာနဿ၊ အား။ပ။ ဒိဗ္ဗဿ၊ နတ်၌ဖြစ်သော။ စက္ခုဿ၊ ပညာစက္ခု၏။ ပရိကမ္မံ၊ ပုဗ္ဗဘာဂ ပရိကံသည်။

ဒိဗ္ဗဿ၊ သော။ စက္ခုဿ၊ အား။ (အကြွင်းသည် လွယ်ပြီ)။ သေက္ခာ၊ သေက္ခဟု ဆိုအပ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ မဂ္ဂံ၊ မိမိရအပ်သော မဂ်ကို။ ဥပနိဿာယ၊ ၍။ အနုပ္ပန္နံ၊ မဖြစ်သေးသော။ တနည်းကား။ ခဏတ္တယသို့ မရောက်သေးသော။ သမာပတ္တိံ၊ ကို။ ဥပ္ပါဒေန္တိ၊ ကုန်၏။ (တနည်းကား) ခဏတ္တယသို့ ရောက်စေကုန်၏။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော သမာပတ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားကုန်၏။ သင်္ခါရေ၊ သင်္ခါရတရား တို့ကို။ပ။ ဝိပဿန္တိ၊ ကုန်၏။ မဂ္ဂေါ၊ အောက်မဂ်သုံးခုသည်။ သေက္ခာနံ၊ တို့အား။ အတ္ထပ္ပဋိသမ္ဘိဒါယ၊ ပါဠိတော်၏ အနက်ကို သိသော အတ္ထပ္ပဋိသမ္ဘိဒါ ဉာဏ်အား။ ဓမ္မပ္ပဋိသမ္ဘိဒါယ၊ မာဂဓဘာသာ ပါဠိဟူသော သဒ္ဒါကိုသိသော ဓမ္မပ္ပဋိသမ္ဘိဒါ ဉာဏ်အား။ နိရုတ္တိပ္ပဋိသမ္ဘိဒါယ၊ အရပ်သူတို့၏ ဘာသာဟူသော သဒ္ဒါကို သိသော နိရုတ္တိပ္ပဋိသမ္ဘိဒါ ဉာဏ်အား။ ပဋိဘာနပ္ပဋိသမ္ဘိဒါယ၊ အနက်သဒ္ဒါ ဘာသာသုံးပါးကို သိသော ပဋိဘာနပ္ပဋိသမ္ဘိဒါဉာဏ်အား။ ဌာနာဌာန ကောသလ္လဿ၊ အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဌာနာဌာန ကောသလ္လဉာဏ်အား။ပ။ ၏။ ။[အဓိပ္ပါယ်ကား ပါဠိလျှောက်ဆို]။

ပကတူပနိဿယ ဖြစ်အံ့။ **ကတ္တားကား** ဗလဝဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။ စေတသိက်အဋ္ဌတိံသ။ ပစ္စည်းတရားရ၏။ ။ **သမ္ပဒါန်ကား** ကုသိုလ်ကေဝီသ။ စေတသိက်အဋ္ဌတိံသ။ ပစ္စယုပ္ပန်တရား ရ၏။ ။ **ကရိုဏ်းကား** ပကတူပနိဿယသတ္တိ ရ၏။

အနုဝါဒ၌ "သဒ္ဓံ"၏ အရကို ကံ,ကံ၏ အကျိုး၊ ပစ္စုပ္ပန်ဘဝ,တမလွန်ဘဝ အစရှိသည်တို့၌ ယုံကြည်သော သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ် ရှစ်ခု စိတ္တုပ္ပါဒ်ယူ၍ "ဒါနံ"၏ အရကို အန္န, ပါန, ဃရ, ဝတ္ထ အစရှိသော ဒါနဝတ္ထု, ဒါနစေတနာယူ၍ "ဥပနိဿာယ ဒါနံ ဒေတိ"၏ အရကို ဒါနစေတနာ ပြဋ္ဌာန်းသော နောက်ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ် ယူ၍ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ပုံကား—**

ရေကိုအလိုရှိသော ယောကျ်ားသည် ဤမြေထည်း၌ ရေသည် စင်စစ်လျှင်ရှိ၏ဟု ယုံကြည်သည်ဖြစ်၍ မြေကိုတူးသကဲ့သို့ ဣဋ္ဌာရုံကို ခံစားခြင်းကို အလိုရှိသောသူသည် ဣဋ္ဌာရုံသည်ကား အလှူပေးခြင်း စေတနာ၏ အကျိုးလျှင်တည်းဟု အကျိုးရင်းအကျိုးဆက်ကို ယုံကြည်သည်ဖြစ်၍ အလှူပေးလိုလတ်သော် ဘဝဂ်စလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အန္န, ပါန, ဃရ, ဝတ္ထ

အစရှိသော ဒါနဝတ္ထုကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံ ဝိထိဖြစ်အံ့၊ တဒါရုံနှစ်ကြိမ်။ ထို့နောင် ဘဝင်။ အဝိဘူတာရုံ ဝီထိဖြစ်အံ့။ ပဋ္ဌဝေါကာရဘဝင်။ (ဃဋီကာရဗြဟ္မာ၊ သဟမ္ပတိဗြဟ္မာတို့ကိုထောက်၍ ရူပါဝစရ ရသင့်၍ ပဋ္ဌဝေါကာရ ဘဝင်ချသည်။ ထို့နောင် ပစ္စဝေက္ခဏာချမြဲ။ ထိုသို့ဖြစ်သောအခါ ဆိုမြဲ)။

"သဒ္ဓံ ဥပနိဿာယ သီလံ သမာဒိယတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "သဒ္ဓံ"၏ အရကို ကံ, ကံ၏အကျိုး၊ ပစ္စုပ္ပန်ဘဝ, တမလွန်ဘဝ အစရှိသည်တို့၌ ယုံကြည်သော သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ်ရှစ်ခု စိတ္တုပ္ပါဒ်ယူ၍ "ဥပနိဿာယ သီလံ သမာဒိယတိ"၏ အရကို ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ဥပေါသထကမ္မံ ကရောတိ"၏ အရကို အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ဈာနံ ဥပ္ပါဒေတိ"၏ အရကို မဟဂ္ဂုတ်ကုသိုလ်ဈာန်ကိုးခုယူ၍ "ဝိပဿနံ ဥပ္ပါဒေတိ"၏ အရကို ဝိပဿနာပြုသော ကာမကုသိုလ်ယူ၍ "မဂ္ဂံ ဥပ္ပါဒေတိ"၏ အရကို မဂ်လေးခု စိတ္တုပ္ပါဒ်ယူ၍ "အဘိညံ ဥပ္ပါဒေတိ"၏ အရကို ကုသိုလ် အဘိညာဉ်ငါးပါး ယူ၍ "သမာပတ္တိံ ဥပ္ပါဒေတိ"၏ အရကို ကုသိုလ် သမာပတ်ရှစ်ပါးယူ၍ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် သီလ, အဋ္ဌင်္ဂဥပေါသထ, ဈာန, ဝိပဿနာ, မဂ်, အဘိညာဉ်, သမာပတ်အား ပကတူပနိဿယ။ပ။ ၏။ ။(ဒါနံ ဒေတိကဲ့သို့ အသီးအသီးသော်လည်းဆို။ ဝီထိကိုလည်း ရှေးနည်းကိုမှီ၍ချလေ)။

"သီလံ ဥပနိဿာယ ဒါနံ ဒေတိ" အစရှိသည်ဖြင့်။ပ။ ပါဌ်၌ "သီလံ"၏ အရကို ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ဒါနံ ဒေတိ"၏ အရကို ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍.... ("သီလံ သမာဒိယတိ" အစရှိသည်တို့၌ယူမြဲ)။ "သုတံ"၏ အရကို သုတမယဉာဏ်ပြဋ္ဌာန်းသော ကာမကုသိုလ် ဉာဏသမ္ပယုတ်ယူ၍ "စာဂံ"၏ အရကို အလောဘ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ပညံ"၏ အရကို ပညာပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ယူ၍။ ။("ဒါနံ ဒေတိ" အစရှိသည်တို့၏ အရကိုယူမြဲ။ ။သဒ္ဓါ, သီလံ, သုတံ အစရှိသည်တို့၌လည်း စက်လှည့်၍ဆိုမြဲ)။

"ပဌမဿ ဈာနဿ ပရိကမ္မံ"။ပ။ ပါဌ်၌"ပဌမဿ ဈာနဿ ပရိကမ္မံ"၏ အရကို ပဌမဈာန်ကို ရစိမ့်သောငှါ။ ပထဝီ, ပထဝီ အစရှိသည်ဖြင့် စီးဖြန်းသော ပရိကံဇောကိစ္စတပ်သော ကာမကုသိုလ်ယူ၍....။

[ထို့ကြောင့် အဋ္ဌကထာ (၄၄၃)၌ "ပရိကမ္မန္တိ အနန္တရံ အဂ္ဂ ဟေတွာ ပုဗ္ဗဘာဂေ ပရိကမ္မံ ဂဟေတဗ္ဗံ"ဟု မိန့်အပ်၏။ ။ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတွင် ပရိကံကို မယူသင့် ဆိုလိုသည်]။

"ပဌမဿ ဈာနဿ"၏ အရကို ပဌမဈာန် ယူ၍ ပဌမဈာန်၏ပရိကံဇော ကိစ္စတပ်သော ကာမကုသိုလ်သည် ပဌမဈာန်အား။ပ။၏။ (အကြွင်းလွယ်ပြီ။ နည်းတူဆို)။ ။"ပဌမော မဂ္ဂေါ"၏ အရကို သောတာပတ္တိမဂ်ယူ၍ "ဒုတိယဿ မဂ္ဂဿ"၏ အရကို သကဒါဂါမိမဂ်ယူ၍ (အကြွင်းနည်းတူ)။

"သေက္ခာ မဂ္ဂံ"။ပ။ ပါဠ်၌ "မဂ္ဂံ"၏ အရကို အောက်မဂ်သုံးခုယူ၍ "သေက္ခာ"၏ အရကို အောက်ဖလဋ္ဌာန်သုံးယောက်ယူ၍ "ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ"၏ အရကို အနုပ္ပန္နသမာပတ်ယူ၍ "ဥပ္ပန္နံ သမာပဇ္ဇန္တိ"၏ အရကို ဥပ္ပန္နသမာပတ်ရှစ်ပါးယူ၍ အောက်မဂ်သုံးခုသည် သမာပတ်အား။ (သေက္ခာ မဂ္ဂံ ယူမြဲ)။ "သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"၏ အရကို သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်ယူ၍။ ။"မဂ္ဂေါ သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠ်၌ "မဂ္ဂေါ"၏ အရကို အောက်မဂ်သုံးခုယူ၍ "သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ"၏ အရကို အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား ပါဠိတော်၏ အနက်ကိုသိသော အတ္ထပ္ပဋိသမ္ဘိဒါဉာဏ်ယူ၍ "ဓမ္မပ္ပဋိသမ္ဘိဒါယ"၏ အရကို မာဂဓဘာသာပါဠိ ဟူသော သဒ္ဒါကိုသိသော ဓမ္မပ္ပဋိသမ္ဘိဒါဉာဏ်ယူ၍ "နိရုတ္တိပ္ပဋိသမ္ဘိဒါယ"၏ အရကို အရပ်သူတို့၏ ဘာသာဟူသော သဒ္ဒါကိုသိသော နိရုတ္တိပ္ပဋိသမ္ဘိဒါ ဉာဏ်ကိုယူ၍ "ပဋိဘာနပ္ပဋိသမ္ဘိဒါယ"၏ အရကို အနက်,သဒ္ဒါ,ဘာသာ သုံးပါးကိုသိသော ပဋိဘာနပ္ပဋိသမ္ဘိဒါဉာဏ်ယူ၍ "ဌာနာဌာနကောသလ္လဿ"၏ အရကို အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဌာနာဌာနကောသလ္လ ဉာဏ်ယူ၍ အောက်မဂ်သုံးခုသည် ပဋိသမ္ဘိဒါလေးပါး၊ ဌာနာဌာနကောသလ္လ ဉာဏ်အား။ပ။ ၏။ ။(ပဋိသမ္ဘိဒါဉာဏ် အရကား မဂ်ဉာဏ်, ကာမာဝစရ ကုသိုလ်ဉာဏ်တည်း)။

### ကုသလော အကုသလဿ

"ကုသလော အကုသလဿ"၌ မာနံ၊ မာန်ကို။ ဇပ္ပေတိ-ပဝတ္တေတိ၊ ဖြစ်စေ၏။ ဒိဋ္ဌိံ၊ မှားသော အယူကို။ ဂဏှာတိ၊ ယူ၏။ ။သဒ္ဓါ၊ သည်။ ရာဂဿ၊ အား။ပ။ ပတ္ထနာယ၊ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိကို တောင့်တသော လောဘ အား။ပ။၏။

အဓိပ္ပါယ်ကား—

ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား။ပ။ ၏။ ။အဘယ်သို့....ကား သဒ္ဓါ ခြင်းကို အမှီပြု၍ "ငါသာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံသော သူတည်း"ဟု မိမိ ကိုယ်ကို ထောင်လွှားသောသူအား မာနဖြစ်၏။ ထိုထိုသို့သော စကားတို့၌ ယုံကြည်တတ်သော အားဖြင့် အနက်အဓိပ္ပါယ်ကို မစုံစမ်း မဆင်ခြင်မူ၍ မှားသောအယူရှိသောသူအား ဒိဋ္ဌိဖြစ်၏။ သီလ, သုတ, စာဂ, ပညာတရားကို အမှီပြု၍ "ငါသာလျှင် သီလ, သုတ, စာဂ, ပညာနှင့် ပြည့်စုံသောသူတည်း"ဟု မိမိကိုယ်ကို ထောင်လွှားသောသူအား မာနဖြစ်၏။ မှားသောအယူရှိသော သူအား ဒိဋ္ဌိဖြစ်၏။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဤတရားတို့သည် ဤတရား ငါးပါးနှင့် ပြည့်စုံသည်ဟူ၍ မိမိကိုယ်ကို ချီးမြှောက်သောအခါ၌ ရာဂအား.... သုတပါးကို နှိပ်စက်သောအခါ၌ ဒေါသအား.... ရာဂ,ဒေါသနှင့် ယှဉ်သော အခါ၌ မောဟအား.... သဒ္ဓါအစရှိသည်တို့နှင့် ပြည့်စုံခြင်းကို အမှီပြု၍ ဘဝ သမ္ပတ္တိ, ဘောဂသမ္ပတ္တိကို တောင့်တသောအခါ၌ ပတ္ထနာအား.... ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ကတ္တားပုဒ်၏ အရကား** ဗလဝဖြစ်သော လောကီကုသိုလ်သတ္တရသ ပစ္စည်း တရား ရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ်ဒွါဒသ။ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန် တရား ရ၏။ ။**ကရိုဏ်းကား** ပကတူပနိဿယသတ္တိ ရ၏။

[သန္တ,ပဏီတ,ဥတ္တမဖြစ်သော လောကုတ္တရာတရားသည် အကုသိုလ် ကို ဖျက်ဆီးသည်။ အကုသိုလ်ကို မဖြစ်စေ။ ထို့ကြောင့် အဋ္ဌကထာ (၄၄၄)၌"ဝေမေတ္တ လောကိယကုသလဥ္စေဝ ဒဿိတံ။လောကုတ္တရံ ပန သန္တံ ပဏီတံ ဥတ္တမံ အကုသလဝိဒ္ဓံသနံ။ တသ္မာ စန္ဒော၀ိယ အန္ဓကာရ တမာနံ န အကုသလဿ ဥပနိဿယော ဟောတီတိ နဂဟိတံ"ဟု မိန့်အပ်၏]။

"သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ" အစရှိသည်ဖြင့်။ပ။ ပါဠိ၌ "သဒ္ဓံ"၏ အရကို သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "မာနံ ဇပ္ပေတိ"၏ အရကို ငါသာလျှင် သဒ္ဓါတရားနှင့်ပြည့်စုံသော သူတည်းဟု မိမိကိုယ်ကို ထောင်လွှား သောအခါ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု စိတ္တုပ္ပါဒ်ယူ၍ "ဒိဋ္ဌိံ ဂဏှာတိ"၏ အရကို ထိုထိုသို့သော စကားတို့၌ ယုံကြည်တတ်သောအားဖြင့် အနက်အဓိပ္ပါယ် မစုံစမ်း မဆင်ခြင်မူ၍ မှားသောအယူရှိသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ် ယူ၍ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် လောဘမူအား။ပ။ ၏။ ။(သီလံ၊ သုတံ၊ စာဂံ၊ ပညံ၊ အရကို ယူမြဲ။ မာနံ ဇပ္ပေတိ။ ဒိဋ္ဌိံ ဂဏှာတိ။ ယူမြဲ)။ ။

"သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊ ရာဂဿ"။ပ။ ပါဠ်၌ "သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ"၏ အရကို သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ပြဋ္ဌာန်းသော လောကီကုသိုလ်ယူ၍ "ရာဂဿ"၏ အရကို ဤတရားငါးပါးနှင့် ပြည့်စုံသည် ဟူ၍ မိမိကိုယ်ကို ချီးမြှောက်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ် ယူ၍ "ဒေါသဿ"၏ အရကို သူတပါးကို နှိပ်စက်သောအခါ ဒေါသမူစိတ္တုပ္ပါဒ် ယူ၍ "မောဟဿ"၏ အရကို အတ္တုက္ကံသန, ပရဝမ္ဘန မိမိကိုယ်ကို ချီးမြှောက်ခြင်း၊ သူတပါးကို နှိပ်စက်ခြင်း နှစ်ပါး ဖြစ်သောအခါ မောဟပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ယူ၍ လောကီ ကုသိုလ်သည် အကုသိုလ်အား။ ပကတူပ။ပ။ ၏။

## ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿ၌။ ။အတ္တာနံ၊ မိမိကိုယ်ကို။အာတာပေတိ၊ ပူပန်စေ၏။ ပရိတာပေတိ၊ ထက်ဝန်းကျင်မှ ပူပန်စေ၏။ ပရိယိဋ္ဌိမူလကံ၊ ရှာမှီးခြင်း လျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ ပစ္စနုဘောတိ၊ ခံစား၏။ပ။ ကာယိကဿ၊ ကာယ၌မှီသော။ သုခဿ၊ သုခဝေဒနာအား။ ကာယိကဿ၊ သော။ ဒုက္ခဿ၊ ဒုက္ခဝေဒနာအား။ ဖလသမာပတ္တိယာ၊ အား။ပ။ ကုသလံ၊ သော။ ကမ္မံ၊ သည်။ ဝိပါကဿ၊ ကုသလဝိပါက် ကျေနတိံသအား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ပ။

**အဓိပ္ပါယ်ကား—**

ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား။ပ။ ၏။ အဘယ်သို့....ကား သဒ္ဓါ တရားနှင့် ပြည့်စုံသောသူသည် သဒ္ဓါခြင်းကို အမှီပြု၍ အလွန်ချမ်းသည်၊ အလွန်ပူသည်ဟု မဆုတ်မူ၍ အထူးထူး အပြားပြားသော အမူသစ် အမူကြီးငယ် အစရှိသည်တို့ကို ပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ ဥစ္စာ စည်းစိမ်တို့ကို ဖြစ်စေ၍ အလှူကောင်းမှုတို့ကို ပြုအံ့ဟု ဥစ္စာစည်းစိမ်တို့ကို ရှာမှီးခြင်း အရင်းရှိသော ဆင်းရဲကို ခံစား၏။ ။သီလနှင့်ပြည့်စုံသော သူသည်လည်း သီလကို စောင့်ရှောက်အံ့သောငှါ လွင်တီးခေါင်၌ နေခြင်းအစရှိသော အစွမ်းဖြင့် မိမိကိုယ်ကို ပူပန်စေ၏။ ပိဏ္ဍပါတ် ဆောက်တည်သော အစွမ်းဖြင့် ဆွမ်းကိုရှာမှီးခြင်း အရင်းရှိသော ဆင်းရဲကို ခံစား၏။ ။အကြားအမြင်နှင့် ပြည့်စုံသော သူသည်လည်း အကြားအမြင် များသည်နှင့်လျော်စွာ ကျင့်အံ့ဟူ၍ အလွန်ချမ်းသည် အလွန်ပူသည် ဟူ၍ မဆုတ်မူ၍ အထူးထူး အပြားပြားသော အမူသစ် အမူကြီးငယ် စသည်တို့ကို ပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ ။ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ဆွမ်းကိုရှာမှီး ခြင်း အရင်းရှိသော ဆင်းရဲကို ခံစား၏။ ။စွန့်ကြဲခြင်းနှင့် ပြည့်စုံသော သူသည်လည်း လွတ်လွတ်စွန့်ကြဲခြင်း ရှိသည်၏ အဖြစ်ကြောင့် မိမိ, မျှတ

**လောက်**ရှိသော ဝတ္ထုပစ္စည်းတို့ကို မချင်းမူ၍ စွန့်ကြဲသော်၎င်း၊ ခြေလက်စသော အင်္ဂါကြီးငယ်ကို စွန့်ကြဲသော်၎င်း မိမိကိုယ်ကို ပူပန်စေ၏။ စွန့်ကြဲအပ်သော ဝတ္ထုကို ဖြစ်စိမ့်သော၄ါ ပစ္စည်းဝတ္ထုကို ရှာမှီးခြင်းလျှင် အရင်းရှိသော ဆင်းရဲကို ခံစား၏။ ။ပညာနှင့်ပြည့်စုံသော သူသည်လည်း အဆင့်ဆင့် ပညာကို ပွါးစေအံ့ဟု ပညာရှိသောအဖြစ်ကို အမှီပြု၍အချမ်းအပူအစရှိသည်တို့ကို မရေတွက်မူ၍ သရဇ္ဈာယ်ခြင်း နှလုံးသွင်းခြင်းတို့၌ လုံ့လကိုပြုသည်ရှိသော် မိမိကိုယ်ကိုပူပန်စေ၏။ မိစ္ဆာဇီဝ၌ အပြစ်,သမ္မာဇီဝ၌ အကျိုးကိုမြင်၍ မိစ္ဆာဇီဝကို ပယ်၍စင်ကြယ်သောသမ္မာဇီဝဖြင့် အသက်မွေးခြင်းကို ရှာမှီးသည်ရှိသော် ရှာမှီးခြင်းလျှင် အရင်းရှိသော ဆင်းရဲကိုခံစား၏။ ။သဒ္ဓါအစရှိသောတရားနှင့်ပြည့်စုံခြင်းကို အမှီပြု၍ နှလုံးသာယာခြင်းလျှင် အရင်းရှိသော ပီတိပါမောဇ္ဇကြောင့်ဖြစ်သော ရုပ်ဖြင့်တွေ့သော ကိုယ်ရှိသောသူအား၊ ကာယိကသုခအား။ ဆိုခဲ့ပြီးသောနည်းဖြင့်ဆင်းရဲသောအခါ ကာယိက ဒုက္ခအား။ ဖိုလ်ဝင်စားသောအခါ ဖလသမာပတ်အား။ဗလဝဖြစ်သော ကုသိုလ်ကေဝီသ စေတနာသည် ကုသလဝိပါက် ကျေနတိံသအား....(အကြွင်းပါ၄်လျှောက်ဆိုလေ။ ။"သာ ပန ဗလဝ စေတနာဝ လဗ္ဘတိ န ဒုဗ္ဗလာ"အဋ္ဌကထာ-၄၄၄)။

**ကတ္တားကား** ဗလဝဖြစ်သော ကုသိုလ်ကေဝီသ။ စေတသိက် အဋ္ဌတိံသ ပစ္စည်းတရားရ၏။ ။**သမ္ပဒါန်ကား** ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ စေတ**သိက်** အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ပကတူပနိဿယသတ္တိ ရ၏။

"သဒ္ဓံ ဥပနိဿာယ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါ၄်၌ "သဒ္ဓံ"၏ အရကိုသဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍"အတ္တာနံ အာတာပေတိ။ပ။ ဒုက္ခံ ပစ္စနုဘောတိ"၏ အရကို ဒုက္ခသဟဂုတ် ကာယဝိညာဉ်ယူ၍ သဒ္ဓါပြဋ္ဌာန်းသောကာမကုသိုလ်သည် ဒုက္ခသဟဂုတ်ကာယဝိညာဉ်အား။ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။(သီလံ၊ သုတံ၊ စာဂံ၊ ပညံ၏ အရကိုယူမြဲ။အတ္တာနံ အာတာပေတိအစရှိသည်၏အရကိုယူမြဲ)။ ။"ကာယိကဿ သုခဿ"၏ အရကို သုခသဟဂုတ် ကာယဝိညာဉ်ယူ၍"ကာယိကဿ ဒုက္ခဿ"၏ အရကို ဒုက္ခသဟဂုတ်ကာယဝိညာဉ်ယူ၍ "ဖလသမာပတ္တိယာ"၏ အရကို ဖလသမာပတ်ယူ၍။ "ကုသလံ ကမ္မံ"၏ အရကို ဗလဝဖြစ်သော ကုသိုလ်ကေဝီသစေတနာယူ၍။"ဝိပါကဿ"အရကို ကုသလဝိပါက် ကျေနတိံသ ယူ၍။ပ။၏။

"အရဟာမဂ္ဂံ။ပ။ပါ၄်၌။ မဂ္ဂံ၏အရကို အရဟတ္တမဂ်ယူ၍။ ။အကြွင်းနည်းတူ။"မဂ္ဂေါ အရဟတော"၌လည်း မဂ္ဂေ၊၏အရကိုအရဟတ္တမဂ်ယူ၍ "ဖလသမာပတ္တိယာ"၏ အရကို ဖိုလ်လေးခု သမာပတ်ယူ၍။ပ။၏။ ။

## အကုသလော အကုသလဿ

အကုသလော အကုသလဿဝ်၊ ။ရာဂံ၊ရာဂကို။ ဥပနိဿာယ၊ ၍။ ပါဏံ၊ သူ၏အသက်ကို။ဟနတိ၊ သတ်၏။အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူ၏ဥစ္စာကို။အာဒိယတိ၊ယူ၏။ မုသာ၊ချွတ်လွဲသောစကားကို။ဘဏတိ၊ ဆို၏။ ပိသုဏံ၊ချောပြစ်သောစကားကို။ဘဏတိ၊၏။ဖရုသံ၊ ကြမ်းကြုတ်သောစကားကို။ ဘဏတိ၊ ၏။ သမ္ဖံ-နိရတ္ထကံ၊ အကျိုးမရှိ ပြိန်ဖျင်းသော စကားကို။ ပလပတိ၊ ပြောဟော၏။ သန္ဓိံ၊ အိမ်ခြံစပ်ကို။ ဆိန္ဒတိ၊ ဖြတ်၏။ နိလ္လောပံ-နိလီယိတွာ၊ ပုန်း၍။ဟရတိ၊ဆောင်၏။ ဧကာဂါရိကံ၊တအိမ်ထည်းခြံရံသည်ကို။ ကရောတိ၊၏။ ပရိပန္ထေ၊ ခရီးလမ်း၌။ တိဋ္ဌတိ၊ ရပ်၏။ ပရဒါရံ၊သူ့ မယားသို့။ ဂစ္ဆတိ၊ သွား၏။ ဂါမဃာတံ၊ ရွာဖျက်ခြင်းကို။ ကရောတိ၊ ၏။ နိဂမဃာတံ၊ နိဂုံးဖျက်ခြင်းကို။ ကရောတိ၊၏။မာတရံ၊အမိကို။ ဇီဝိတာ၊အသက်မှ။ ဝေါရောပေတိ ချ၏။ပိတရံ၊ ကို။ဇီဝိတာ၊မှ။ဝေါရောပေတိ၊၏။ အရဟန္တံ၊ကို။ဇီဝိတာ၊မှ။ ဝေါရောပေတိ၊၏။ ဒုဋ္ဌေန၊ပြစ်မှားလိုသော။ စိတ္တေန၊ စိတ်ဖြင့်၊ တထာဂတဿ၊၏။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေတိ၊ ၏။ သံဃံ၊ သံဃာကို။ဘိန္ဒတိ၊ခွဲ၏။ဒေါသံ၊ကို။ မောဟံ၊ကို။ မာနံ၊ကို။ဒိဋ္ဌိံ၊ ကို။ ပတ္ထနံ၊ တောင့်တခြင်းကို။ ။(အကြွင်းလွယ်ပြီ)။ ။ ပါဏာတိပါတော၊ ပါဏာတိပါတသည်။ ပါဏာတိပါတဿ၊ အား။ပ။ မိစ္ဆာဒဋ္ဌိယာ၊အား။အဒိန္နာဒါနံ၊ သည်။အဒိန္နာဒါနဿ၊အား။ပ။ မိစ္ဆာဒိဋ္ဌိယာ၊အား။ ပါဏာတိပါတဿ၊အား။ပ။၏။ ။ကာမေသု၊ ကာမတို့၌။မိစ္ဆာစာရော၊ မိစ္ဆာစာရသည်။ ကာမေသု၊ တို့၌။ မိစ္ဆာစာရဿ၊ အား။ပ။ မိစ္ဆာဒိဋ္ဌိယာ၊ အား။ ပါဏာတိပါတဿ၊ အား။အဒိန္နာဒါနဿ၊ အား။(ဤနည်းအတူ မိစ္ဆာဒိဋ္ဌိတိုင်အောင် ဆိုပြီးမှပါဏာတိပါတစသည်ကိုလည်၍ စက်လှည့်။ဗဒ္ဓစက်တည်း)။ ။ မိစ္ဆာဒိဋ္ဌိ၊သည်။ မိစ္ဆာဒဋ္ဌိယာ၊အား။ ပါဏာတိပါတဿ၊ အား။ပ" ဗျာပါဒဿ၊ အား။ပ။၏။ ။မာတုဃာတိကမ္မံ၊ မာတုဃာတိကံသည်။မာတုဃာတိကမ္မဿ၊ အား။ပိတုဃာတိကမ္မဿ၊အား။ပ။နိယတမိစ္ဆာဒိဋ္ဌိယာ၊အား။ ။

**အဓိပ္ပါယကား—**

အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား။ပ။၏။အဘယ်သို့... ကား တပ်ခြင်းရာဂနှင့်ပြည့်စုံသော သူသည် ရာဂကို အမှီပြု၍ သူ၏ အသက်ကို သတ်၏။ (ပါဠ်လျှောက်ဆို)။ ။ဒေါသနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ငါ၏ အကျိုးမဲ့ကို ကျင့်လေပြီ၊ အစရှိသည်ဖြစ်သော ဒေါသကိုအမှီပြု၍ သူ၏အသက်ကို သတ်၏။ပ။ (ပါဠ်လျှောက်ဆို)။ ။မောဟနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပါဏာတိပါတ အစရှိသည်တို့၌ အပြစ်ကို ဖုံးလွှမ်းတတ်သော မောဟကို အမှီပြု၍ သူ၏အသက်ကို သတ်၏။ပ။ (ပါဠ်လျှောက်ဆို)။ ။မာနနှင့်

ပြည့်စုံသော ပုဂ္ဂိုလ်သည် ငါသည် သတ်အံ့သောငှါ မတတ်နိုင်သတတ်၊ ယူအံ့သောငှါ မတတ်နိုင်သတတ်ဟု ယုတ်သော မာန်ကို အမှီပြု၍ သူ၏အသက်ကို သတ်၏။ပ။ ။မိစ္ဆာဒိဋ္ဌိနှင့်ပြည့်စုံသောသူသည် ယဇ်ပူဇော်ခြင်းအစရှိသည်တို့၌ ပုဏ္ဏားအစရှိသော သူတို့ကဲ့သို့ မိစ္ဆာဒိဋ္ဌိကိုအမှီပြု၍ သူ၏ အသက်ကိုသတ်၏။ပ။ ။တောင့်တခြင်းနှင့် ပြည့်စုံသောသူသည် ငါ့အား ဤမည်သော အကျိုးသည် ပြည့်စုံလတ္တံ့။ ထိုသို့ပြည့်စုံသည်ရှိသော် ဤမည်သော ပူဇော်သက္ကာရ ဗလိကမ္မကို ပြုအံ့ဟူ၍ နတ်တို့အား တောင်းပန်ခြင်း အစရှိသည်ဟု ဆိုအပ်သော ပတ္ထနာကို အမှီပြု၍ သူ၏အသက်ကို သတ်၏။ (အကြွင်းပါဠိလျှောက်ဆိုလေ။ သိသာပြီ)။

**ကတ္တားကား** ဗလဝ ဒုဗ္ဗလဖြစ်သော အကုသိုလ်ဒွါဒသ။ စေတသိက်သတ္တဝီသ ပစ္စည်းတရား ရ၏။ ။(သမ္ပဒါန်လည်း အတူ)။ ။**ကရိုဏ်းကား** ပကတူပနိဿယ သတ္တိ ရ၏။

> ["ဗလဝံ ဒုဗ္ဗလဿ ဒုဗ္ဗလဥ္စ ဗလဝဿာပိ ဉပနိဿယော ဟောတိ ယေဝ။ ယံ ပန ပစ္စယဝိဘင်္ဂေ ဉဒ္ဒေသဝဏ္ဏနာယံ ဝုတ္တံ။ ဗလဝကာရဏဋ္ဌေန ဉပနိဿယော ဟောတီတိ။ တံ ကာရဏဘာဝဿေဝ ဗလဝတာယ ဝုတ္တံ။ န ဉပနိဿယပစ္စယမ္မွာနံ၊ကမ္မကိလေသာဟိ ဗလဝဋ္ဌေပိ ဒုဗ္ဗလာပိ ဗလဝကာရဏံ ဟောန္တိယေဝ" အဋ္ဌကထာ-၄၄၆ ]။

"ရာဂံ ဉပနိဿာယ ပါဏံ ဟနတိ" အစရှိသည်ဖြင့်။ပ။ ပါဠိ၌"ရာဂံ"၏အရကို ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ယူ၍ "ပါဏံ ဟနတိ"၏ အရကို ပါဏာတိပါတဖြစ်သော ဒေါသမူ, မောဟမူ စိတ္တုပ္ပါဒ်ယူ၍ "အဒိန္နံ အာဒိယတိ"၏ အရကို အဒိန္နာဒါန်ဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍ "မုသာ ဘဏတိ"၏ အရကို မုသာဝါဒဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ယူ၍ "ပိသုဏံ ဘဏတိ" ၏ အရကို ပိသုဏဝါစာဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍ "ဖရုသံ ဘဏတိ"၏ အရကို ဖရုသဝါစာ ဖြစ်သော ဒေါသမူ, မောဟမူ စိတ္တုပ္ပါဒ်ယူ၍ "သမ္ဖံ ပလပတိ"၏ အရကို သမ္ဖပ္ပလာပ ဖြစ်သော အကုသိုလ်ဒွါဒသ ယူ၍ "သန္ဓိံ ဆိန္ဒတိ။ နိလ္လောပံ ဟရတိ။ ဧကာဂါရိကံ ကရောတိ။ ပရိပန္ထေတိဋ္ဌတိ။ ဂါမဃာတံ ကရောတိ။ နိဂမဃာတံ ကရောတိ"၏ အရကို အဒိန္နာဒါန်ဖြစ်သော အကုသိုလ် ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍ "ပရဒါရံ ဂစ္ဆတိ"၏ အရကို ကာမေသုမိစ္ဆာစာရဖြစ်သော လောဘမူ,မောဟမူ စိတ္တုပ္ပါဒ်ယူ၍ "မာတရံ ဇီဝိတာ ဝေါရောပေတိ"၏ အရကို မာတုဃာတက ဖြစ်သော ဒေါသမူ စိတ္တုပ္ပါဒ်ယူ၍ "ပိတရံ ဇီဝိတာ ဝေါရောပေတိ"၏ အရကို ပိတုဃာတက ဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍ "အရဟန္တံ ဇီဝိတာ ဝေါရောပေတိ"၏ အရကို အရဟန္တဃာတကဖြစ်သော

ဒေါသမူ စိတ္တုပ္ပါဒ်ယူ၍ "ဒုဋ္ဌေန။ပ။ ဥပ္ပါဒေတိ"၏ အရကို လောဟိတုပ္ပါဒက ဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍ "သံဃံ ဘိန္ဒတိ"၏ အရကို သံဃဘေဒက ဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍ ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် အကုသိုလ်ဒွါဒသအား။ပ။ ၏။

"ဒေါသံ"၏ အရကို ဒေါသပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်ယူ၍ "မောဟံ"၏ အရကို မောဟပြဋ္ဌာန်းသော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍ "မာနံ"၏ အရကို မာနပြဋ္ဌာန်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်ယူ၍ "ဒိဋ္ဌိံ"၏ အရကို ဒိဋ္ဌိပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်ယူ၍။ "ပတ္ထနံ"၏ အရကို ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိကို တောင့်တသော လောဘမူ စိတ္တုပ္ပါဒ်ကိုယူ၍.... (ပါဏံ ဟနတိ စသည်ကို ယူမြဲ။ ။"ရာဂေါ, ဒေါသော" အစရှိသည်ကိုလည်း ယူမြဲ)။

"ပါဏာတိပါတော"၏ အရကို ပါဏာတိပါတဖြစ်သော ဒေါသမူ, မောဟမူ စိတ္တုပ္ပါဒ်ယူ၍ "ပါဏာတိပါတဿ"၏ အရကို ပါဏာတိပါတ ဖြစ်သော ဒေါသမူ, မောဟမူ စိတ္တုပ္ပါဒ်ယူ၍။ "အဒိန္နာဒါနဿ"၏ အရကို အဒိန္နာဒါန် ဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍။ "ကာမေသု မိစ္ဆာစာရဿ"၏ အရကို ကာမေသုမိစ္ဆာစာရဖြစ်သော လောဘမူ, မောဟမူ စိတ္တုပ္ပါဒ်ယူ၍ "မုသာဝါဒဿ"၏ အရကို မုသာဝါဒဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍ "ပိသုဏာယ ဝါစာယ"၏ အရကို ပိသုဏဝါစာ ဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍ "ဖရုသာယ ဝါစာယ"၏ အရကို ဖရုသဝါစာ ဖြစ်သော ဒေါသမူ, မောဟမူ စိတ္တုပ္ပါဒ်ယူ၍ "သမ္ဖပ္ပလာပဿ"၏ အရကို သမ္ဖပ္ပလာပဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍။"အဘိဇ္ဈာယ"၏ အရကို အဘိဇ္ဈာဖြစ်သော လောဘမူ စိတ္တုပ္ပါဒ်ယူ၍ "ဗျာပါဒဿ"၏ အရကို ဗျာပါဒဖြစ်သော ဒေါသမူ စိတ္တုပ္ပါဒ်ယူ၍ "မိစ္ဆာဒိဋ္ဌိယာ"၏ အရကို မိစ္ဆာဒိဋ္ဌိဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်ယူ၍။ပ။၏။ (လှည့်၍ ဆိုလေ)။ ။

["တေသု ပါဏာတိပါတော ဖရုသဝါစာ" စသော အဘိဓမ္မတ္ထသင်္ဂြိုဟ် ပါဌ်ကို နှလုံးသွင်း၍ ဆိုလေ]။

"မာတုဃာတိကမ္မံ" ၏ အရကို ဒြဗ်ပြား, သဏ္ဌာန်ပြားသော မာတုဃာတက ကံ, ရှေးဘဝသတ်ခဲ့ဘူးသော မာတုဃာတက ကံ, ဤဘဝတွင် အဖန်တလဲလဲစေ၍သတ်စေသော မာတုဃာတက ကံ,နှစ်ကြိမ်ရိုက်ဆော်၍ သတ်သော မာတုဃာတက ကံယူ၍ "မာတုဃာတိကမ္မဿ"၏ အရကို ဖြစ်ဆဲသော မာတုဃာတက ကံ ယူ၍ "ပိတုဃာတိကမ္မံ"၏ အရကို ပိတုဃာတက ဖြစ်သော ဒေါသမူဒွေး သတ္တမဇော စိတ္တုပ္ပါဒ် ယူ၍ "ပိတုဃာတိကမ္မဿ"၏ အရကို

ပိတုဃာတကဖြစ်သော ဒေါသမူဒွေး သတ္တမဇော စိတ္တုပ္ပါဒ် ယူ၍။ပ။ (သံဃဘေဒကကံတိုင်အောင် နည်းတူ)။ ။"နိယတမိစ္ဆာဒိဋ္ဌိယာ"၏ အရကို နိယတမိစ္ဆာဒိဋ္ဌိဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်လေးခု သတ္တမဇော စိတ္တုပ္ပါဒ် ယူ၍။

["နိယတမိစ္ဆာဒိဋ္ဌိယာ နာမ အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒေသု အညတရာ"။ ။(အဋ္ဌသာလိနီ)။ ။"နတ္ထိဒိန္နံ နတ္ထိ ယိဋ္ဌံ" အစရှိသည်ဖြင့် ပေးအပ်သော အလှူ၏အကျိုးသည် မရှိ။ သုံးအပ်သော သီတင်းအကျိုး မရှိဟု အယူရှိသော နတ္ထိက ဝါဒ အစရှိသော သုံးပါးကို နိယတမိစ္ဆာဒိဋ္ဌိဆိုသည်။ ။"မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿာတိ အညံ မာတရံ ဟနန္တံ ဒိသွာ 'ဝဋ္ဋတိ ဧဝံ ကာတု'န္တိ။ အတ္တနော မာတရံ ဟနန္တဿပိ, ကေသုဉ္စိ ဘဝေ ဟန္တွာ, အပရသ္မိမ္ပိ ဟနန ဝသေနဝါ, ကေသုဉ္စိယေဝ ဘဝေ 'ဂဏှ ဧမ မာတရံ ဟနာဟီ'တိ ပုနပ္ပုနံ အာဏာပန ဝသေနဝါ, ဒွိဟိ ပဟာရေဟိ နိယတမရဏာယ ဒုတိယပဟာရဒါန ဝသေန ဝါ မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယော ဟောတိ"။ ။အဋ္ဌကထာ-၄၄၆]။

**အကုသလော ကုသလဿ**

အကုသလော ကုသလဿ၌။ ။ရာဂံ၊ တပ်ခြင်းရာဂကို။ ဥပနိဿာယ၊ ၍။ပ။ **ပါဏံ**၊ သူ၏အသက်ကို။ ဝါ၊ ရုပ်ဇီဝိတိန္ဒြေကို။ ဟန္တွာ၊ ၍။ ဝါ၊ သတ်မိသော **ကြောင့်**။ တဿ၊ ထိုပါဏာတိပါတ စေတနာ၏။ (ဗလဿ၊ အစွမ်းကို။ ဝိပါ**ကဿ**၊ အကျိုးကို)။ ပဋိဃာတတ္ထာယ၊ ဖျောက်ခြင်းငှါ။ပ။ သမာပတ္တိံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ အဖိုးနည်း အရှင်မပေးသော သူ၏ဥစ္စာကို။ အာဒိယိတွာ၊ ယူ၍။ ဝါ၊ ကြောင့်။ မုသာ၊ ချွတ်လွဲသောစကားကို။ ဘဏိတွာ၊ ဆို၍။ ဝါ၊ ကြောင့်။ (မုသာကား နိပါတ်ပုဒ်တည်း။ ထို့ကြောင့် ဒုတိယာ ဝိဘတ်ကြေ၍ မုသာဟု အာကာရန္တနှင့် ရှိသည်)။ ။ပိသုဏံ၊ ချောပြစ်သောစကားကို၊ ဘဏိတွာ၊ ၍။ ဖရုသံ၊ ကြမ်းကြုတ်သောစကားကို။ ဘဏိတွာ၊ ၍။ သမ္ဖံ၊ ပြိန်ဖျင်းသော စကားကို။ ပလပိတွာ၊ ပြော၍။ သန္ဓိံ၊ ခြံစပ်ကို။ ဆိန္ဒိတွာ၊ ဖျက်၍။ နိလ္လောပံ-နိလီယိတွာ၊ ပုန်း၍။ ဟရိတွာ၊ ဆောင်၍။ ကောဂါရိကံ၊ တအိမ်တည်းခြံရံသည်ကို။ကရိတွာ၊ ၍။ ပရိပန္ထေ၊ ခရီးဆုံ၌။ ဌတွာ၊ ၍။ ပရဒါရံ၊ သူ၏မယားကို။ ဂန္တွာ၊ ၍။ ဂါမဃာတံ၊ ရွာဖျက်ခြင်းကို။ ကရိတွာ၊ ၍။ နိဂမဃာတံ၊ နိဂုံးဖျက်ခြင်းကို။ ကရိတွာ၊ ၍။ တဿ၊ ထိုနိဂမဃာတစေတနာ၏။ (ဗလဿ၊ အစွမ်းကို။ ဝိပါကဿ၊ အကျိုးကို)။ ပဋိဃာတတ္ထာယ၊ ဖျောက်ခြင်းငှါ။ ဒါနံ၊ ကို။ ဒေတိ၊ ၏။ပ။ သမာပတ္တိံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ မာတရံ၊ အမိကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတွာ၊ ချ၍။ ဝါ၊ ကြောင့်။ ဒါနံ၊ ကို။ ဒေတိ၊ ၏။ပ။ ဥပေါသထကမ္မံ၊ ကို။ ကရောတိ၊ ၏။ (လွယ်ပြီ)။

**အစိပ္ပါယ်ကား—**

အကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား။ပ။၏။ ။**အဘယ်သို့...ကား** သုဂတိဘဝစည်းစိမ်ချမ်းသာ၌ တပ်သော သူသည် တပ်ခြင်းရာဂကို အမှီပြု၍ အလှူပေး၏။ သီလသီဘင်း ဆောက်တည်၏။ (ပါဠိလျှောက်ဆို)။

**ကတ္တာ: ကား** အကုသိုလ်ဒွါဒသ။စေတသိက် သတ္တဝီသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ်ကေဝီသ။ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ပကတူပနိဿယသတ္တိ ရ၏။

"ရာဂံ ဥပနိဿာယ" အစရှိသည်ဖြင့်။ပ။ ပါဠိ၌ ရာဂံ၏အရကို ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ် ယူ၍ "ဥပနိဿာယ ဒါနံ ဒေတိ"၏ အရကို ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ် ယူ၍။ (အကြွင်းယူမြဲ)။ပ။ "ပါဏံ ဟန္တွာ ဟသ ပဋိဃာဘတ္တာယ ဒါနံ ဒေတိ" အစရှိသည်ဖြင့်။ပ။ ပါဠိ၌ "ပါဏံ ဟန္တွာ တဿ"၏ အရကို ပါဏာတိပါတစေတနာ ပြဋ္ဌာန်းသော ဒေါသမူ စိတ္တုပ္ပါဒ် ယူ၍"ပဋိဃာတတ္ထာယ ဒါနံ ဒေတိ"၏ အရကို ဒါနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ် ယူ၍ (အကြွင်းယူမြဲ)။ ။("အဒိန္နံ အာဒိယိတွာ" အစရှိသည်ကိုလည်း အကုသလော အကုသလဿကို မှီ၍ယူလေ)။

## အကုသလော အဗျာကတဿ

အကုသလော အဗျာကတဿ၌။ ။ရာဂံ၊ ကို။ ဥပနိဿာယ၊ ၍။ အတ္တာနံ၊ ကိုယ်ကို။ အာတာပေတိ၊ ပူပန်စေ၏။ (တူပြီ။ အစိပ္ပါယ်ကား ပါဠိလျှောက်ဆို)။

**ကတ္တာ:ကား** အကုသိုလ်ဒွါဒသ။ စေတသိက် သတ္တဝီသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ပကတူပနိဿယသတ္တိ။၏။

"ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ" အစရှိသည်ဖြင့် ဟောတော်။ ပ။ ပါဠိ၌ "ရာဂံ"၏ အရကို ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ် ယူ၍ "အတ္တာနံ အာတာပေတိ"။ပ။ ပစ္စနုဘောတိ"၏ အရကို ဒုက္ခသဟဂုတ် ကာယဝိညာဉ် ယူ၍ (အကြွင်းယူမြဲ)။ ။"အကုသလံ ကမ္မံ"၏ အရကို ဗလဝ ဖြစ်သော အကုသိုလ်ဒွါဒသ စေတနာ ယူ၍"ဝိပါကဿ"၏ အရကို အကုသလ ဝိပါက် ခုနစ်ခု ယူ၍။

## အဗျာကတော အဗျာကတဿ

အဗျာကတော အဗျာကတဿ၌ (အနက်လွယ်ပြီ။ အစိပ္ပါယ်လည်း ပါဠိလျှောက်)။ ။**ကတ္တာ:ကား** ဝိပါက်ဆတ္တိံသ ကြိယာဝီသ၊ စေတသိက် အဋ္ဌတိံသ။ ရုပ်အဋ္ဌဝီသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဝိပါက်ဆတ္တိံသ။

ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ပကတူပနိဿယသတ္တိ ရ၏။

"ကာယိကံ သုခံ"၏ အရကို သုခသဟဂုတ် ကာယဝိညာဉ်စိတ္တုပ္ပါဒ် ယူ၍ ("ကာယိကဿ သုခဿ"၏ အရကိုလည်း။ ၎င်းယူ။ ။"ပုရိမံ ပစ္ဆိမဿ ဉပ နိဿယော ဟောတိ"။ ။**အဋ္ဌကထာ**-၄၄၇)။ ။"ကာယိကဿ ဒုက္ခဿ"၏ အရကို ဒုက္ခသဟဂုတ် ကာယဝိညာဉ် စိတ္တုပ္ပါဒ်ယူ၍။ ။("သီတာဒီသု ပန အဂ္ဂိသန္တာပနာဒီနိ အတိသေဝန္တဿ ပုဗ္ဗဘာဂေ သုခံ အပရဘာဂေ ဒုက္ခဿ" **၎င်းအဋ္ဌကထာ**-၄၄၇)။ ။ဥတု၏အရကို လျော်ကပ်သော အချမ်းအပူဟူသော ဥတုယူ၍။ ("ကာယိကဿ သုခဿ"၏ အရကို ယူမြဲ။ ။ဥတု၏ အရကို မလျော်ကပ်သော အချမ်းအပူဟူသော ဥတုယူ၍ "ကာယိကဿ ဒုက္ခဿ"၏ အရကို ယူမြဲ။ ။"ဘောဇနံ"၏ အရကို လျော်ကပ်သော ဘောဇဉ်ယူ၍ "ကာယိကဿ သုခဿ"၏ အရကို ယူမြဲ။ ။"ဘောဇနံ"၏ အရကို မလျော်ကပ်သော ဘောဇဉ်ယူ၍။ "ကာယိကဿ ဒုက္ခဿ"၏ အရကို ယူမြဲ။ ။"သေနာသနံ"၏ အရကို လျော်ကပ်သော ကျောင်းအစရှိသော အိပ်ရာနေရာ ယူ၍ "ကာယိကဿ သုခဿ"၏ အရကို ယူမြဲ။ ။"သေနာသနံ"၏ အရကို မလျော်ကပ်သော ကျောင်းအစရှိသော အိပ်ရာနေရာယူ၍ "ကာယိကဿ ဒုက္ခဿ"၏ အရကို ယူမြဲ။ ။ဖလသမာပတ်မှာ လျော်ကပ်သော ဥတု, ဘောဇဉ် စသည်ကိုယူ။ ။အကြွင်းလွယ်ပြီ။ ရှေးနည်းကိုမှီး၍ ဆိုလေ)။

### အဗျာကတော ကုသလဿ

အဗျာကတော ကုသလဿဌ်။ ။ကာယိကံ၊ သော။ သုခံ၊ ကို။ ဥပနိဿာယ၊ ၍။ဒါနံ၊ကို။ဒေတိ၊၏။ (အနက်လွယ်ပြီ)။

**အဓိပ္ပါယ်ကား—**

အဗျာကတ ဓမ္မသည် ကုသိုလ်ဓမ္မအား။ပ။၏။ ။အဘယ်သို့....ကား စည်းစိမ် ချမ်းသာ ရှိသည်ဖြစ်၍ ကာယိကသုခနှင့် ပြည့်စုံသောသူသည် ဤစည်းစိမ်ချမ်း သာတို့သည် မယုတ်စေသတည်း ဟူ၍ ၎င်း၊ နောင်အခါ၌ ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာသို့ ရောက်စေသတည်း ဟူ၍၎င်း အလှူပေး၏။ သီလဆောက် တည်၏။ (အကြွင်းဆိုမြဲ)။ ။စည်းစိမ်ချမ်းသာ မရှိသည်ဖြစ်၍ ကာယိကဒုက္ခနှင့် ပြည့်စုံသော သူသည် ဆင်းရဲခြင်းတို့သည် မဖြစ်စေသတည်း ဟူ၍၎င်း။ နောင် အခါ၌ ဤသို့ သဘောရှိသော ဆင်းရဲတို့သို့ မရောက်စေသတည်း ဟူ၍၎င်း အလှူပေး၏။ သီလဆောက်တည်၏။ (အကြွင်းဆိုမြဲ။ ပါဠိလျော်)။

အဗျာကတော **ကတ္တားကား** အရဟတ္တဖိုလ် ကြဉ်သော ဝိပါက်ပဉ္စတိံသ။ ကြိယာဝီသ။ရုပ်အဋ္ဌဝီသပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ် **ကောဝီသ**။

စေတသိက်အဋ္ဌတိံသ ပစ္ဆာဇာတ် ပုရေဇာတ်ပွန်တရား ရ၏။ ။**ကရိုဏ်းကား** ပကတူပနိဿယသတ္တိ ရ၏။

"ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ" အစရှိသည်ဖြင့်။ပ။ ပါဠိ၌ "ကာယိကံ သုခံ"၏ အရကို သုခသဟဂုတ် ကာယဝိညာဉ်စိတ္တုပ္ပါဒ် ယူ၍ "ဒါနံ ဒေတိ"အစရှိသည်တို့၏ အရကို ယူမြဲ။ ။(အကြွင်းလွယ်ပြီ)။

**အဗျာကတော အကုသလဿ**

အဗျာကတော အကုသလဿ ၌။ ။ကာယိကံ၊ သော။ သုခံ၊ ကို။ ဥပနိဿာယ၊ ၍။ ပါဏံ၊ ကို။ ဟနတိ၊ ၏။ ။(အကြွင်းလွယ်ပြီ။ ။အဓိပ္ပါယ်ကို ပါဠိ၌လျှောက်ဆို)။

**ကတ္တားကား** လောကီဝိပါက် ဗာတ္တိံသ။ ကြိယာဝီသ။ ရုပ်အဋ္ဌဝီသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ်ဒွါဒသ။ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ပကတူပနိဿယသတ္တိ ရ၏။ (အနုဝါဒကိုလည်း ယူမြဲ။ လွယ်ပြီ)။

[ဤဥပနိဿယဘာဇနိယ၌ "ကုသလော ကုသလဿ"၌ သုံးပါး။ "ကုသလော အကုသလဿ"၌ နှစ်ပါး။"ကုသလော အဗျာကတဿ"၌ သုံးပါး။ "အကုသလော အကုသလဿ"၌ သုံးပါး။ "အကုသလော ကုသလဿ"၌ တပါး။ "အကုသလော အဗျာကတဿ"၌ နှစ်ပါး။ "အဗျာကတော အဗျာကတဿ"၌ သုံးပါး။ "အဗျာကတော ကုသလဿ"၌ သုံးပါး။ "အဗျာကတော အကုသလဿ"၌ သုံးပါး။ ။ "တေဝီသတိဝိဓေန ဥပနိဿယော ဘာဇိတော" အဋ္ဌကထာ-၄၄၉]။ ။

ဥပနိဿယ ပြီး၏။

---

**ပုရေဇာတပစ္စည်း**

**အဗျာကတော အဗျာကတဿ**

အဗျာကတော အဗျာကတဿ၌။ ။ပုရေဇာတံ၊ သည်။ အာရမ္မဏပုရေဇာတံ၊ ၎င်း။ဝတ္ထုပုရေဇာတံ၊၎င်း။ဣတိ၊ သို့။ဒုဝိဓံ၊ နှစ်ပါးအပြား ရှိ၏။ တေသု၊ ထိုနှစ်ပါးတို့တွင်။ အာရမ္မဏပုရေဇာတံ၊ ကို။ ဝေ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ အရဟာ၊ သည်။ စက္ခုံ၊ စက္ခုပသာဒကို။ (အနက်လွယ်ပြီ။ အဓိပ္ပါယ်လည်း လွယ်ပြီ)။

အဗျာကတော အဗျာကတဿ၌ ပုရေဇာတသည် အာရမ္မဏပုရေဇာတ, ဝတ္ထုပုရေဇာတ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို...တွင် အာရမ္မဏပုရေဇာတ

ဖြစ်အံ့၊ **ကတ္တားကား** စက္ခုဝိညာဉ်ဒွေးအား တပ်သော ပစ္စုပ္ပန်ရူပါရုံ။ပ။ ကာယဝိညာဉ်ဒွေးအား တပ်သော ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ။ မနောဓာတ် သုံးခုအား တပ်သော ပစ္စုပ္ပန်ပဉ္စာရုံ။ မနောဒွါရာဝဇ္ဇန်း။ကာမကြိယာဇော ကိုးခု၊ တဒါရုံ ကောဒသအား တပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဒိဗ္ဗစက္ခု ကြိယာ အဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ပစ္စုပ္ပန်ရူပါရုံ။ ဒိဗ္ဗသောတ ကြိယာ အဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကာမဝိပါက် ဘေဝီသ။ ကာမကြိယာ ကောဒသ၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ ကြိယာအဘိညာဉ်။ ဝိရတိ, အပ္ပမညာ ကြဉ်သော စေတသိက် ဘေတ္တိံသ။ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏ, နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် ပုရေဇာတသတ္တိ ဝိသေသ ရ၏။ ။(အနုဝါဒကို အာရမ္မဏကိုမှီ၍ဆို။ နည်းတူ။ ။ဝတ္ထုပုရေဇာတ ဖြစ်အံ့။ ပုရေဇာတ နိဿယအတိုင်း ကောက်လေ)။

[ ပုရေဇာတ၌ "စက္ခုံ အနိစ္စတော" အစရှိသည်တို့ကို ရှန့်ရင်းသော ဩဠာရိကရုပ် အစွမ်းဖြင့် သိလွယ်စေခြင်းငှါ ဟောတော်မူအပ်ကုန်၏။ အာပေါ အစရှိသော သုခုမရုပ်သည်လည်း ပုရေဇာတပစ္စည်းတပ်ကုန် ၏။ ။ထိုကြောင့် **အဋ္ဌကထာ-၄၄၉** ၌ "ပုရေဇာတေ စက္ခာဒီနိ ဩဠာ ရိကဝသေန ဝုတ္တာနိ။ အာပေါဓာတုအာဒီနိပိ ပန ပုရေဇာတာ ရမ္မဏာနိ ဟောန္တိ ယေဝ"ဟု မိန့်အပ်ပြီ ]။

### အဗျာကတော ကုသလဿ

အဗျာကတော ကုသလဿ ၌ (အနက်, အဓိပ္ပါယ်လွယ်ပြီ)။ ။

**အာရမ္မဏပုရေဇာတဖြစ်အံ့**—

**ကတ္တားကား** မဟာကုသိုလ်ရှစ်ခုအားတပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဒိဗ္ဗစက္ခုကုသိုလ် အဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန် ရူပါရုံ။ ဒိဗ္ဗသောတ ကုသိုလ် အဘိညာဉ်အားတပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ,ပစ္စုပ္ပန် သဒ္ဒါရုံပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** မဟာကုသိုလ်ရှစ်ခု၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်, အပ္ပမညာကြဉ်သော စေတသိက် ဆတ္တိံသ။ ပစ္စယုပ္ပန်တရား ရ၏။ ။(အပ္ပမညာကို ပညတ္တာရမ္မဏကေန်ဖြစ်၍ ကြဉ်သည်)။ ။**ကရိုဏ်းပါဌ်၏အရကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏ, နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စယ

သတ္တိတို့တွင် ပုရေဇာတ သတ္တိဝိသေသ ရ၏။ ။(ဝတ္ထုပုရေဇာတကို ဝတ္ထုပုရေ ဇာတ နိဿယအတိုင်း ကောက်လေ။ အနုဝါဒကိုလည်း ယူမြဲ)။

**အဗျာကတော အကုသလဿ**

အဗျာကတော အကုသလဿ (အနက်, အဓိပ္ပါယ် လွယ်ပြီ)။ ။

**အာရမ္မဏပုရေဇာတဖြစ်အံ့—**

**ကတ္တားကား** ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ် ၁၂ ဒါသ။ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိယာကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမ္မဏချို း ရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏ ပုရေဇာတ သတ္တိဝိသေသ ရ၏။ ။(ဝတ္ထုပုရေဇာတကို ပုရေဇာတ နိဿယအတိုင်း ကောက်လေ)။ ။

ပုရေဇာတ ပြီး၏။

---

**ပစ္ဆာဇာတပစ္စည်း**

**ကုသလော အဗျာကတဿ**

ပစ္ဆာဇာတ၌။ ။ကုသလော အဗျာကတဿ၌ (အနက်, အဓိပ္ပါယ်လွယ်ပြီ) **ကတ္တားကား** ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးဖြစ်သော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ငြိသို့ရောက်သော တိဇ, စတုဇကာယအား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ။ ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ဝုဋ္ဌော, မနော ဒွါရာဝဇ္ဇန်း အစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြိသို့ ရောက်သော တိဇ, စတုဇကာယ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိယာကား** တပြိုင်နက် တပ်ကောင်းသော ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤလေးပစ္စယ သတ္တိ တို့တွင် ပစ္ဆာဇာတသတ္တိဝိသေသ ရ၏။ ။(**အကုသလော အဗျာကတဿ** လည်း နည်းတူ)။

**အဗျာကတော အဗျာကတဿ**

အဗျာကတော အဗျာကတဿ၌(အနက်,အဓိပ္ပါယ်လွယ်ပြီ)။ ။**ကတ္တားကား** ပဋိသန္ဓေ အစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်ငြိသို့ရောက်သော ကေဇ, ဒွိဇ, တိဇ, စတုဇကာယအား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက်လေးခု ကြဉ်သော ပဉ္စမဘဝင် အစရှိသော နောက်ဖြစ်သော ဝိပါက်ဗာဝီသ။ ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသ။ ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ငြိသို့ရောက်သော ကေဇ, ဒွိဇ, တိဇ, စတုဇကာယ ပစ္စယုပ္ပန်တရား ရ၏။

**ကရိုဏ်းကား** တပြိုင်နက် တပ်ကောင်းသော ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤလေးပစ္စယ သတ္တိတို့တွင် ပစ္ဆာဇာတ သတ္တိဝိသေသ ရ၏။

[ ဤပစ္ဆာဇာတ သတ္တိကား ဥပတ္ထမ္ဘက သတ္တိတည်း။ ။ထို့ကြောင့် အဋ္ဌကထာ-၄၄၉ ၌ "ဥပတ္ထမ္ဘနဝသေန ပစ္ဆာဇာတော ဟုတွာ ပစ္စယော ဥပတ္ထမ္ဘကဋ္ဌေန ပစ္စယတ္တာယေဝ ဟောသ ပစ္ဆာဇာတပစ္စယော"ဟု မိန့်အပ်ပြီ ]။ ။

ပစ္ဆာဇာတ ပြီး၏။

---

## အာသေဝနပစ္စည်း
### အဗျာကတော အဗျာကတဿ

အာသေဝနဉ္စ။ ။(ကုသလော ကုသလဿ, အကုသလော အကုသလဿ၌ ဤနှစ်ချက်သည် အနန္တရနှင့် အလုံးတူ)။

အဗျာကတော အဗျာကတဿ၌ **ကတ္တားကား** နောက်နောက်သော ကြိယာဇော အဋ္ဌာရသအား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော အဋ္ဌာရသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ပုဒ်၏အရကား** ပဌမဇော ကြဉ်သော နောက်နောက်သော ကြိယာဇော အဋ္ဌာရသ ပစ္စယုပ္ပန်တရား ရ၏။

**တနည်းကား –**

**ကတ္တားကား** ဟသိတုပ္ပါဒ်မဟာကြိယာ ဒုတိယာဇောအား တပ်သော ပဌမ ဇော။ပ။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော။ မဟဂ္ဂုတ်ကြိယာ သောမနဿ သဟဂုတ်လေးခုအား တပ်သော ဂေါတြဘုကိစ္စတပ်သော မဟာကြိယာ ပဌမ ဒွေး။ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ်ငါးခုအားတပ်သော ဂေါတြဘုကိစ္စ တပ်သော မဟာကြိယာ တတိယဒွေး။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာအား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ ပစ္စည်းတရားရ၏။ ။**သမ္ပဒါန်ကား** ဟသိတုပ္ပါဒ်, မဟာကြိယာဒုတိယာဒိဇော။ မဟဂ္ဂုတ်ကြိယာကိုးခု ပစ္စယုပ္ပန်တရားရ၏။ ။**ကရိုဏ်းကား** တပြိုင်နက်တပ် ကောင်းသော အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အာသေဝနသတ္တိ ဝိသေသ ရ၏။ ။

အာသေဝနပြီး၏။

---

## ကမ္မပစ္စည်း
### ကုသလော ကုသလဿ

ကမ္မဉ္စ။ ။ကုသလော ကုသလဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်ကေဝီသဉ္စ၌ရှိသော စေတနာပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား**

ကုသိုလ်ကေဝီသ၊ စေတနာကြဉ်သော စေတသိက်သတ္တတိံသ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ၀ပြိုင်နက်တပ်ကောင်းသော သဟဇာတ, အညမည, နိဿယ,ကမ္မ, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိ။ပ။ ၏။

## ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿ **သဟဇာတဖြစ်အံ့။ ကတ္တားကား** စိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝီသ၌ရှိသော စေတနာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန် တရားရ၏။ ။**ကရိုဏ်းကား** တပြိုင်နက်တပ်ကောင်းသော သဟဇာတ,နိဿယ, ကမ္မ, အာဟာရ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် **ကမ္မသတ္တိ**။ ၏။

**နာနာက္ခဏိကကမ္မဖြစ်အံ့**။ **ကတ္တားကား** ကုသလဝိပါက် ကျေသနတိံသ နာမက္ခန္ဓာ, ကဋတ္တာရုပ်အား တပ်သော အတိတ်ဖြစ်သော ကုသိုလ်ကေဝီသ၌ ရှိသောစေတနာ ပစ္စည်းတရား ရ၏။

**တနည်းကား—**

အဟိတ်ကုသလဝိပါက်ရှစ်ခု၊ မဟာဝိပါက်ရှစ်ခုနာမက္ခန္ဓာ, ကဋတ္တာရုပ်အား တပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ။ အဟိတ်ကုသလဝိပါက်ရှစ်ခု၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခု နာမက္ခန္ဓာ, ကဋတ္တာရုပ်အား တပ်သော တိဟိတ်ဩမက၊ ဒွိဟိတ်ဥက္ကဋ္ဌမဟာကုသိုလ်စေတနာ။ အဟိတ်ကုသလဝိပါက် ရှစ်ခု နာမက္ခန္ဓာ, ကဋတ္တာရုပ်အား တပ်သော ဒွိဟိတ်ဩမက မဟာကုသိုလ် စေတနာ။ ပဌမဈာန်ဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်အား တပ်သာ ပဌမဈာန် ကုသိုလ်စေတနာ။ပ။ ပဉ္စမဈာန်ဝိပါက် နာမက္ခန္ဓာ,ကဋတ္တာရုပ်အား တပ်သော ပဉ္စမဈာန် ကုသိုလ်စေတနာ။ အာကာသာနဉ္စာယတန ဝိပါက်နာမက္ခန္ဓာအား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်စေတနာ။ပ။ နေဝသညာနာသညာ ယတန ဝိပါက်နာမက္ခန္ဓာအား တပ်သော နေဝသညာနာသညာယတန ကုသိုလ် စေတနာ။ သောတာပတ္တိဖိုလ်အား တပ်သော သောတာပတ္တိမဂ်စေတနာ။ပ။ အရဟတ္တဖိုလ်အားတပ်သော အရဟတ္တမဂ်စေတနာ ပစ္စည်းတရား ရ၏။

**သမ္ပဒါန်ကား** ကုသလဝိပါက်ကျေနတိံသ နာမက္ခန္ဓာ,ကဋတ္တာရုပ် ပစ္စယုပ္ပန် တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော ကမ္မ, အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် နာနာက္ခဏိက ကမ္မသတ္တိ ရ၏။

## ကုသလော ကုသလာဗျာကတဿ

ကုသလော ကုသလာဗျာကတဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇ ရုပ်အားတပ်သော ပဠမဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စေတီသဉ်ရှိသော စေတနာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်ပစ္စယုပ္ပန် တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် တပ်ကောင်းသော သဟဇာတ, နိဿယ, ကမ္မ, အာဟာရ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိဝိသေသ ရ၏။

## အကုသလော အကုသလဿ

အကုသလော အကုသလဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ်ဒွါဒသဉ်ရှိသော စေတနာပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ်ဒွါဒသ၊ စေတနာကြဉ်သော စေတသိက်ဆဗ္ဗိသ။ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက်တပ်ကောင်းသော သဟဇာတ, အညမည, နိဿယ, ကမ္မ, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိ ရ၏။

## အကုသလော အဗျာကတဿ

အကုသလော အဗျာကတဿ၌ **သဟဇာတကမ္မဖြစ်အံ့။ ကတ္တားကား** စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသဉ် ရှိသော စေတနာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ် ကား** တပြိုင်နက် တပ်ကောင်းသော သဟဇာတ, နိဿယ, ကမ္မ, အာဟာရ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စယသတ္တိ တို့တွင် သဟဇာတကမ္မသတ္တိ ရ၏။ ။

**နာနာက္ခဏိကကမ္မဖြစ်အံ့။ ကတ္တားကား** အကုသလဝိပါက် ခုနစ်ခု နာမက္ခန္ဓာ, ကဋတ္တာရုပ်အား တပ်သော အကုသိုလ်ဒွါဒသ စေတနာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အကုသလဝိပါက်ခုနစ်ခု နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော ကမ္မ, ဥပနိဿယ ဤနှစ်ပစ္စယ သတ္တိတို့တွင် နာနာက္ခဏိကကမ္မသတ္တိဝိသေသ ရ၏။ ။

## အကုသလော အကုသလာဗျာကတဿ

အကုသလော အကုသလာဗျာကတဿ၌ **ကတ္တာကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇ ရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသဉ် ရှိသော စေတနာပစ္စည်း တရားရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ်ဒွါဒသ၊ စေတနာ

ကြည်သော စေတသိက် ဆဗ္ဗီသ သမ္ပယုတ္တခန္ဓာ,စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် တပ်ကောင်းသော သဟဇာတ, နိဿယ,ကမ္မ,အာဟာရ,အတ္ထိ,အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် သဟဇာတကမ္မသတ္တိ ရ၏။

## အဗျာကတော အဗျာကတဿ

အဗျာကတော အဗျာကတဿ၌ **ပဝတ္တိအခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရင်း၊သမ္ပယုတ္တခန္ဓာ,စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ၌ ရှိသော စေတနာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ စေတနာကြဉ်သော စေတသိက် သတ္တတိံသ သမ္ပယုတ္တခန္ဓာ,စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ,စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ စေတနာဖြစ်အံ့၊ တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ, အညမည, နိဿယ, ကမ္မ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤဆယ်ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိ ရ၏။ ။

**ပဋိသန္ဓေအခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ,ကဋတ္တာရုပ်အားရင်း တပ်သော ပဋိသန္ဓေ ဧကူနဝီသ၌ရှိသော စေတနာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ပဋိသန္ဓေဧကူနဝီသ၊ စေတနာ ကြဉ်သော **စေတ**သိက်စတုတ္တိံသ သမ္ပယုတ္တခန္ဓာ,ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော သဟဇာတ,အညမည,နိဿယ, ကမ္မ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤဆယ်ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိ ရ၏။ ။

> [“ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ” ဟု ဟောတော်မူရာ၌ ဝတ္ထုလည်း ကဋတ္တာရုပ်ပင် ဖြစ်သောကြောင့် ပြီးကောင်းလျက် “စေတနာ ဝတ္ထုဿ”ဟူ၍ အထူးဟောပြန်ခြင်းသည်ကား ပဋိသန္ဓေအခါ ဟဒယဝတ္ထုသည် နာမ်တရားတို့အား သဟဇာတစသော ပစ္စည်းတပ်၏။ ထိုသို့ပင်တပ်သော်လည်း စေတနာသည်လည်း ဟဒယဝတ္ထုအား ပစ္စည်းတပ်သော အဖြစ်ကို သိစေခြင်းငှါ ဟောတော်မူပြန်သည်။ ။ထို့ကြောင့် အဋ္ဌကထာ-၄၄၉ ၌ “စေတနာ ဝတ္ထုဿာတိ ကိဉ္စာပိ ပဋိသန္ဓိက္ခဏေ ဝတ္ထု ပတိဋ္ဌိတာ၊ အရူပဓမ္မာ ဝတ္ထုပစ္စယာ ဝတ္တန္တိ။ စေတနာ ပန ဝတ္ထုဿာပိ ပစ္စယောတိ ဒဿေတုံ ဝုတ္တံ” ဟု မိန့်အပ်ပြီ]။ ။

ကမ္မပြီး၏။

## ဝိပါကပစ္စည်း

### အဗျာကတော အဗျာကတဿ

ဝိပါကဥ္စ။ ။**ပဝတ္တိအခါ ကတ္တားကား** အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ, စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်ဆတ္တိံသ။ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဝိပါက်ဆတ္တိံသ။ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိဏ်းကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် ဝိပါကသတ္တိ ရ၏။

**ပဋိသန္ဓေအခါ ကတ္တားကား** အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာ, ကဋတ္တာရုပ်အားရင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ။ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ပဋိသန္ဓေစိတ်ဧကူနဝီသ။ စေတသိက်ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိဏ်းကား** တပြိုင်နက် ယထာရဟတပ်ကောင်းသော သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် ဝိပါကသတ္တိ ရ၏။ ။

ဝိပါကပြီး၏။

---

## အာဟာရပစ္စည်း

### ကုသလော ကုသလဿ

အာဟာရဥ္စ။ ။ကုသလော ကုသလဿဥ္စ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်ဧကဝီသ။ စေတသိက် အဋ္ဌတိံသဥ္စ ရှိသော ဖဿ, စေတနာ, ဝိညာဉ် နာမ်အာဟာရ သုံးပါး ပစ္စည်း တရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ် ဧကဝီသ။ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။ **ကရိဏ်းကား** သမ္ပယုတ္တခန္ဓာအား တပ်သော နာမ်အာဟာရ သုံးပါးဖြစ်အံ့၊ တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ, သဟဇာတ, အညမည, နိဿယ, ကမ္မ, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤဆယ်ပစ္စယသတ္တိ တို့တွင် အာဟာရသတ္တိ ရ၏။

### ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿဥ္စ **ကတ္တားကား** စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဧကဝီသ။ စေတသိက် အဋ္ဌတိံသဥ္စရှိသော

ရုပ်**အာဟာရဖြစ်အံ့**။ **ကတ္တားကား** ကလာပ်တူ, ကလာပ်ပြား ဖြစ်သော **စတု**သမုဋ္ဌာနိကရုပ်အား တပ်သော ဩဇာပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ **ကရိုဏ်းကား** တပြိုင်နက် တပ်ကောင်းသော အာဟာရ, အတ္ထိ, အဝိဂတ ဤသုံးပစ္စယသတ္တိတို့တွင် အာဟာရသတ္တိ ရ၏။

[ဤရုပ်အာဟာရ၌ ကဗဠီကာရ အာဟာရသည် အာဟာရဇရုပ်အား ဇနကသတ္တိ။ ကြွင်းသော တိဇကာယအား ဥပတ္ထမ္ဘကသတ္တိ တပ်သည်။ ။ထို့ကြောင့် အဋ္ဌကထာ-၄၄၉ ၌ "အာဟာရပစ္စယေ ဣမဿ ကာယဿာတိ ဣမဿိံ စတုသန္တတိဝသေန ပဝတ္တေ စာတုမဟာဘူတိကကာယေ အာဟာရသမုဋ္ဌာနဿ ဇနကဝသေန, သေသဿ ဥပတ္ထမ္ဘကဝသေန အာဟာရပစ္စယေန ပစ္စယော" ဟု မိန့်အပ်ပြီ]။

အာဟာရ ပြီး၏။

---

## ဣန္ဒြိယပစ္စည်း

### ကုသလော ကုသလဿ

ဣန္ဒြိယ၌။ ။ကုသလော ကုသလဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်ကေဝသဉ်၌ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ကုသိုလ်စိတ် ကေဝီသ။ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု, အဓိပတိ,သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤတဆဲ့နှစ်ပစ္စယ သတ္တိတို့တွင် ဣန္ဒြိယ သတ္တိ ရ၏။

### ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿ၌ **ကတ္တားကား** စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ကေဝီသ စေတသိက် အဋ္ဌတိံသ၌ ရှိသော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ယခင် တဆဲ့နှစ် ပစ္စည်းတွင် အညမည, သမ္ပယုတ္တကိုပယ်၊ ဝိပ္ပယုတ္တကိုသွင်း၍ တဆဲ့တပစ္စယ သတ္တိ တို့တွင် ဣန္ဒြိယသတ္တိ ရ၏။

## ကုသလော ကုသလာဗျာကတဿ

ကုသလော ကုသလာဗျာကတဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇ ရုပ်အား တပ်သော ကုသိုလ် ဇေတီသ၊ စေတသိက် အဌတိသဉ်၌ ရှိသော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** (ယခင် တဆဲ့နှစ် ပစ္စည်းတွင် အညမညနှင့် သမ္ပယုတ္တ ပစ္စည်းကိုချန်၍) ဆယ်ပစ္စယသတ္တိတို့တွင် ဣန္ဒြိယ သတ္တိ ရ၏။

## အကုသလော အကုသလဿ

အကုသလော အကုသလဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာ အား တပ်သော အကုသိုလ် ဒွါဒသဉ်၌ ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။ **ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤတဆဲ့တပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိ ရ၏။

## အကုသလော အဗျာကတဿ

အကုသလော အဗျာကတဿ၌ **ကတ္တားကား** စိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသဉ်၌ ရှိသော နာမ်ဣန္ဒြေငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အကုသိုလ် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** (ယခင် တဆဲ့တပစ္စည်းတွင် အညမည, သမ္ပယုတ္တပယ်၊ ဝိပ္ပယုတ္တ သွင်း၍) ဆယ်ပစ္စယ သတ္တိတို့တွင် ဣန္ဒြိယသတ္တိ ရ၏။

## အကုသလော အကုသလာဗျာကတဿ

အကုသလော အကုသလာဗျာကတဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်အား တပ်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသဉ် ရှိသော နာမ်ဣန္ဒြေငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇ ရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** (ယခင် တဆဲ့တပစ္စည်းတွင် အညမည, သမ္ပယုတ္တပစ္စည်းကို ချန်၍) ကိုးပစ္စယ သတ္တိတို့တွင် ဣန္ဒြိယသတ္တိ ရ၏။

### အဗျာကတော အဗျာကတဿ

အဗျာကတော အဗျာကတဿ၌ **နာမ်ဣန္ဒြေဖြစ်အံ့**။ ။**ပဝတ္တိအခါ ကတ္တာ းကား** သမ္ပယုတ္တခန္ဓာအားရှင်း၊ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် အားရှင်း တပ်သော ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသ၌ရှိသော နာမ်ဣန္ဒြေ ရှစ်ပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဝိပါက် ဆတ္တိံသ။ ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ **ကရိုဏ်ကား** (ယခင် တဆဲ့နှစ်ပစ္စည်းတွင် ဝိပါက, ဝိပ္ပယုတ္တ ထည့်၍)တဆဲ့လေး ပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိ ရ၏။

**ပဋိသန္ဓေအခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရှင်း၊ သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ်အားရှင်း တပ်သော ပဋိသန္ဓေစိတ် ကျေနုဝီသ၊ စေတသိက် ပဉ္စတိံသ၌ ရှိသော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ပဋိသန္ဓေစိတ် ကျေနုဝီသ၊ စေတသိက် ပဉ္စတိံသ သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** (ပဝတ္တိ တဆဲ့လေး ပစ္စည်းတွင် အဓိပတိကို ချန်၍) တဆဲ့သုံး ပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိ ရ၏။

**ပုရေဇာတိန္ဒြိယဖြစ်အံ့**။ ။**ကတ္တားကား** စက္ခုဝိညာဉ်ဒွေးအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ။ပ။ ကာယိန္ဒြေ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဒွေပဉ္စဝိညာဉ် တဆယ်၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် တပ် ကောင်းသော နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ဤခြောက်ပစ္စယ သတ္တိတို့တွင် ပုရေဇာတိန္ဒြိယသတ္တိ ရ၏။

**ရူပဇီဝိတိန္ဒြိယဖြစ်အံ့**။ ။**ကတ္တားကား** ကလာပ်တူ ကမ္မဇရုပ် ကိုးခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** ဣန္ဒြိယ, အတ္ထိ, အဝိဂတ ဤသုံးပစ္စယ သတ္တိတို့တွင် ဣန္ဒြိယသတ္တိ ရ၏။

[ရုပ်ဇီဝိတိန္ဒြေသည် မိမိကလာပ်တူ ကမ္မဇရုပ်အား ပါလနသတ္တိ တပ်သတည်း]။ ။

ဣန္ဒြိယ ပြီး၏။

---

### ဈာနပစ္စည်း

### ကုသလော ကုသလဿ

ဈာန၌။ ။ကုသလော ကုသလဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်ကေဝီသ။ စေတသိက် အဋ္ဌတိံသ၌ရှိသော ဝိတက်,

ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ ဟု ဆိုအပ်သော ဈာနင်တရားကိုယ်ငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပယုတ်ဒါန်ကား** ကုသိုလ် ဧကဝီသ။ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ,အညမည,နိဿယ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤကိုးပစ္စယ သတ္တိတို့တွင် ဈာနသတ္တိ ရ၏။

### ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿဠ် **ကတ္တာကား** စိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ **ကုသိုလ်ဧကဝီသ**။ စေတသိက် အဋ္ဌတိံသဠ် ရှိသော ဈာနင်တရားကိုယ်ငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပယုတ်ဒါန်ကား** ကုသိုလ် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ, နိဿယ, ဣန္ဒြိယ, ဈာန, မဂ္ဂ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် ဈာနသတ္တိ ရ၏။

### ကုသလော ကုသလာဗျာကတဿ

ကုသလော ကုသလာဗျာကတဿဠ် **ကတ္တားကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝီသ။ စေတသိက် အဋ္ဌတိံသဠ်ရှိသော ဈာနင်တရားကိုယ်ငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ် ဧကဝီသ။ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ, နိဿယ, ဣန္ဒြိယ, ဈာန, မဂ္ဂ, အတ္ထိ, အဝိဂတ ဤခုနစ် ပစ္စယသတ္တိတို့တွင် ဈာနသတ္တိ ရ၏။ ။(အကုသလပဒ သုံးချက် လည်း တူပြီ)။

### အဗျာကတော အဗျာကတဿ

အဗျာကတဠ် **ပဝတ္တိအခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တ ခန္ဓာ, စိတ္တဇရုပ်အားရင်း တပ်သော ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ဝိပါက် ဆဗ္ဗိသ။ ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသဠ် ရှိသော ဈာနင်တရားကိုယ် ငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ဝိပါက် ဆဗ္ဗိသ။ ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်း သော သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, ဈာန, မဂ္ဂ သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤတဆဲ့တပစ္စယ သတ္တိတို့တွင် ဈာနသတ္တိ ရ၏။

**ပဋိသန္ဓေအခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ်အားရင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ။ စေတသိက်

ပစ္ဆတိ သဥ္ဇရှိသော ဈာနင်တရားကိုယ် ငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ပဋိသန္ဓေကျေနဝိသ။ စေတသိက် ပစ္ဆတိ သ သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။(**ကရိုဏ်းကား** ပဝတ္တိနှင့် နည်းတူ)။ ။

ဈာနပြီး၏။

---

## မဂ္ဂပစ္စည်း

### ကုသလော ကုသလဿ

မဂ္ဂ၌။ ။ကုသလော ကုသလဿ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအား တပ်သော ပညာ, ဝိတက်, ဝိရတိသုံးခု, ဝီရိယ, သတိ, ဧကဂ္ဂတာဟူသော မဂ္ဂင်တရားကိုယ်ရှစ်ပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ်စေဝီသ။ စေတသိက် အဋ္ဌတိ သ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** သမ္ပယုတ္တခန္ဓာအား တပ်သော မဂ္ဂင်ရှစ်ပါးဖြစ်အံ့။ တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ,ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤတဆဲ့တပစ္စယသတ္တိတို့တွင် မဂ္ဂသတ္တိ ရ၏။

### ကုသလော အဗျာကတဿ

ကုသလော အဗျာကတဿ၌ စိတ္တဇရုပ်အား တပ်သော မဂ္ဂင်ရှစ်ပါး ကောက်မြဲ။ ။**သမ္ပဒါန်ကား** စိတ္တဇရုပ်။ ။**ကရိုဏ်းကား** ယခင်တဆဲ့တပစ္စည်းတွင် အညမည, သမ္ပယုတ္တကိုပယ်၍ ဝိပ္ပယုတ္တထည့်။ ဆယ်ပစ္စည်း။ ။

### ကုသလော ကုသလာဗျာကတဿ

ကုသလော ကုသလာဗျာကတဿ၌ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်အား တပ်သော မဂ္ဂင်ရှစ်ပါးကိုကောက်။ ။**သမ္ပဒါန်ကား** သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်ကို ကောက်။ ။**ကရိုဏ်းကား** ယခင်တဆဲ့တပစ္စည်းတို့တွင် အညမည, သမ္ပယုတ္တ ပယ်။ ကိုးပစ္စည်း။

(အကုသလပဒ သုံးချက်၌ ကတ္တားကို ဝိတက်, ဝီရိယ, ဧကဂ္ဂတာ, ဒိဋ္ဌိ၊ မဂ္ဂင်တရားကိုယ် လေးပါးကိုကောက်။ ။ကရိုဏ်းကို ယခင်တဆဲ့တပစ္စည်းတွင် ဟေတုချန်၍ ယထာရဟ ကောက်)။ ။

### အဗျာကတော အဗျာကတဿ

အဗျာကတော အဗျာကတဿ၌ **ပဝတ္တိအခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်အားရင်း တပ်သော သဟိတ်ဝိပါက်

**ကေဝီသ**။ သဟိတ်ကြိယာ သတ္တရသ၌ ရှိသော မဂ္ဂင်ရှစ်ပါး ပစ္စည်းတရား **ရ၏**။ ။**သမ္ပဒါန်ကား** သဟိတ်ဝိပါက် ကေဝီသ။ သဟိတ်ကြိယာသတ္တရသ။ စေတသိက်အဠတိံသ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ **ကရိုဏ်းကား** ယခင် တဆဲ့တပစ္စည်းတွင် ဝိပါက, ဝိပ္ပယုတ္တထည့်၍ တဆဲ့သုံး ပစ္စည်း။

**ပဋိသန္ဓေအခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ်အားရင်း တပ်သော သဟိတ်ပဋိသန္ဓေ သတ္တရသ၌ရှိသော ပညာ, ဝိတက်, ဝီရိယ,သတိ,ကေဂ္ဂတာ ဟူသော မဂ္ဂင်တရားကိုယ်ငါးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သဟိတ်ပဋိသန္ဓေ သတ္တရသ။ စေတသိက် ပဉ္စတိံသ သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင် မဂ္ဂသတ္တိ ရ၏။ ။

မဂ္ဂပြီး၏။

---

## သမ္ပယုတ္တပစ္စည်း

### အဗျာကတော အဗျာကတဿ

သမ္ပယုတ္တ၌။ ။(ကုသလော ကုသလဿ, အကုသလော အကုသလဿ သဟဇာတအတိုင်း ကောက်လေ)။ ။အဗျာကတော အဗျာကတဿ၌ **ပဝတ္တိအခါ ကတ္တားကား** အချင်းချင်းအားတပ်သော ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ စေတသိက်အဠတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ဝိပါက်ဆတ္တိံသ။ ကြိယာဝီသ။ စေတသိက်အဠတိံသ။ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တသတ္တိ ရ၏။

(ပဋိသန္ဓေအခါ၌လည်း နည်းတူ။ ပဋိသန္ဓေ ကျေနဝီသကို ကောက်)။ ။

သမ္ပယုတ္တ ပြီး၏။

---

## ဝိပ္ပယုတ္တပစ္စည်း

### အဗျာကတော အဗျာကတဿ

ဝိပ္ပယုတ္တ၌။ ။(ကုသလော အဗျာကတဿ၌ သဟဇာတ, ပစ္ဆာဇာတ အားဖြင့် နှစ်ပါးတို့တွင် သဟဇာတ ဝိပ္ပယုတ်ကို သဟဇာတအတိုင်းကောက်။ ။

ပစ္ဆာဇာတဝိပ္ပယုတ်ကို ပစ္ဆာဇာတအတိုင်း ကောက်။ ။အကုသလော အဗျာကတလည်း နည်းတူ)။

အဗျာကတော အဗျာကတဿ သဟဇာတ, ပုရေဇာတ, ပစ္ဆာဇာတ အားဖြင့် သုံးပါးအပြားရှိ၏။ ထို…တွင်။ ။**သဟဇာတဖြစ်အံ့**။ ။**ပဝတ္တိအခါ ကတ္တားကား** စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု။ ဒွေပဉ္စဝိညာဉ်တဆယ်။ ရဟန္တာတို့ စုတိကြည်သော ဝိပါက်ဗျာဝီသ။ ကြိယာဝီသ။ စေတသိက် အဋ္ဌတိံသ အစိတ် အပေါင်းနာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဝိပါက်, ကြိယာပြုအပ်**သော** စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပ္ပိုင်နက် ယထာ**ရဟ** တပ်ကောင်းသော သဟဇာတ, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိ ရ၏။

**ပဋိသန္ဓေအခါ** **ကတ္တားကား** ကဋတ္တာရုပ်အား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ။ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်းနာမက္ခန္ဓာ။ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသ။ စေတသိက် ပဉ္စတိံသ။ အစိတ်အပေါင်းနာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသ၊ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** တပ္ပိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ, အညမည, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စယ သတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိ ရ၏။

(ပုရေဇာတဝိပ္ပယုတ်ကို ပုရေဇာတအတိုင်းကောက်လေ။ ။ပစ္ဆာဇာတ ဝိပ္ပယုတ်ကို ပစ္ဆာဇာတအတိုင်း ကောက်လေ။ အဗျာကတော ကုသလဿ, အဗျာကတော အကုသလဿ ဤနှစ်ချက်ကို ပုရေဇာတနိဿယ အတိုင်း ကောက်လေ)။ ။

ဝိပ္ပယုတ္တပြီးပြီ။

---

## အတ္ထိပစ္စည်းစသည်

အတ္ထိ၌။ ။(ကုသလပဒ သုံးချက်, အကုသလပဒသုံးချက်။ ဤခြောက်ချက်ကို သဟဇာတ အတိုင်းကောက်လေ။ ။အဗျာကတော အဗျာကတဿ သဟဇာတတ္ထိကို သဟဇာတအတိုင်းကောက်။ ပုရေဇာတတ္ထိကို ပုရေဇာတ အတိုင်းကောက်။ ပစ္ဆာဇာတတ္ထိကို ပစ္ဆာဇာတအတိုင်း ကောက်လေ။ အာဟာရတ္ထိကို ရုပ်အာဟာရ အတိုင်း ကောက်။ ဣန္ဒြိယတ္ထိကို ရုပ်ဇီဝိတိန္ဒြေ အတိုင်း ကောက်။ ။အဗျာကတော ကုသလဿကို ပုရေဇာတ အတိုင်းကောက်။ ။

အဗျာကတော အကုသလဿကိုလည်း ပုရေဇာတ အတိုင်းကောက်။ ။ "ကုသလာဗျာကတော ကုသလဿ"ကို သဟဇာတပုရေဇာတမိဿက နိဿယက အတိုင်းကောက်)။

## ကုသလာဗျာကတော အဗျာကတဿ

ကုသလာဗျာကတော အဗျာကတဿ၌ သဟဇာတ, ပစ္ဆာဇာတ အာဟာရမိဿက, ပစ္ဆာဇာတဣန္ဒြိယမိဿက ဟူ၍ သုံးပါး။ ထို...တွင် (သဟဇာတကို သဟဇာတ အတိုင်းကောက်)။

**ပစ္ဆာဇာတအာဟာရမိဿက ဖြစ်အံ့။** **ကတ္တားကား** ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ ငြိသို့ရောက်သော **တိဇ**, စတုဇကာယအား ကာလတူ တပြိုင်နက် တပ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ်စေတနာ။ စေတသိက် အဋ္ဌတိံသ။ အစိတ်အပေါင်းနာမက္ခန္ဓာ။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ ငြိသို့ရောက်သော ဩဇာ ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ငြိသို့ရောက်သော တိဇ, စတုဇကာယ ပစ္စယုပ္ပန်တရား ရ၏။

**ပစ္ဆာဇာတ ဣန္ဒြိယမိဿကဖြစ်အံ့။** ကတ္တားကား ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ငြိသို့ရောက်သော ကမ္မဇကာယအား ကာလတူ တပြိုင်နက် တပ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ နောက်ဖြစ်သော ကုသိုလ်စေတနာ၊ စေတသိက် အဋ္ဌတိံသ၊ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ငြိသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရား ရ၏။ ။ **သမ္ပဒါန်ကား** ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ငြိသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇကာယ ပစ္စယုပ္ပန်တရား ရ၏။ ။ **ကရိယာကား** တပြိုင်နက် တပ်ကောင်းသော အတ္ထိ, အဝိဂတ ဤနှစ်ပစ္စယတွင် အတ္ထိ။ သ။ ၏။ ။(အကုသလာဗျာကတပဒ လည်း နည်းတူ)။

အတ္ထိပြီး၏။

နတ္ထိ, ဝိဂတ ဤနှစ်ပစ္စည်းတို့သည် အနန္တရနှင့် အားလုံးတူ ကုန်၏။ ။ အဝိဂတသည် အတ္ထိနှင့် တူ၏)။

ဝိဘင်္ဂဝါရ ပြီး၏။

## သုဒ္ဓသင်္ချာဝါရ

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ချာဝါရကို **ဟောတော်မူ၏**။ ထိုသင်္ချာဝါရ၌တုံသော်လည်း သုဒ္ဓသင်္ချာဝါရ, မိဿကသင်္ချာဝါရအားဖြင့် နှစ်ပါး အပြားရှိ၏။ ထို....တွင် သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုသုဒ္ဓသင်္ချာဝါရ၌ တုံသော်လည်း ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ, အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထို....တွင် ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။

## ဟေတုသုဒ္ဓ

ထိုဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍ငင်း, ဝါရသို့လိုက်၍ငင်း, တိက်ပုဒ်၏ အရသို့လိုက်၍ငင်း, ကတ္တား သမ္ပဒါန်နေဟန်သို့ လိုက်၍ငင်း "ဟေတုယာ သတ္တ"ဟု သင်္ချာတပ်၍ဟောအပ်ကုန်၏။ ။ဟေတုယာ-ဟေတုပစ္စယေ၊ ဟေတုပစ္စည်း၌။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဝိဿဇ္ဇနာနိ၊ အဖြေတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ။သတ္တ ဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။

ကုသလော ကုသလဿ ၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအားတပ်သော ကုသိုလ် ဇေဝီသ။ **စေတသိက်** အဋ္ဌတိံသ။ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ် ဖြစ်အံ့၊ အလောဘ, အဒေါသ။ တိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ, အမောဟ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ်ဇေဝီသ။ **စေတသိက်** အဋ္ဌတိံသ၊ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။(**ကရိဏ်းကား** ကောက်မြဲ)။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဓိ ဝိဘင်းကို "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော"ဟု ဟောအပ်၏။ ။(ဤကဲ့သို့ ဝိဘင်္ဂဝါရက အတိုင်းကောက်၍ ဝိဘင်းဟောလေ)။

## အာရမ္မဏသုဒ္ဓ

**အာရမ္မဏသုဒ္ဓသင်္ချာဝါရ၌** ကာမစိတ် စတုပညာသ။ ဝိညာဏဉ္စာယတန စိတ်သုံးခု၊ နေဝသညာနာသညာယတနစိတ်သုံးခု၊ အဘိညာဉ်ဒွေး၊ လောကုတ္တရာစိတ် ရှစ်ခုအားတပ်သော စိတ်တခုယုတ်ကိုးဆယ်။ စေတသိက် ဒွေပညာသ။ ရုပ်အဋ္ဌဝီသ။ နိဗ္ဗာန်။ ဤတရားတို့သည် အာရမ္မဏပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် **ထိုတရားတို့ကို** ဤအနုလုံ၌။ပ။ "အာရမ္မဏေ

**နဝ**"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။အာရမ္မဏေ၊ အာရမ္မဏပစ္စည်း၌။ နဝ၊ ကိုးပါးကုန်သော။ ဝိဿဇ္ဇနာနိ၊ တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ။နဝဟူသော်ကား "ကုသလော ကုသလဿ"အစရှိသည်တည်း။

ကုသလော ကုသလဿ၌ **ကတ္တားကား** အရဟတ္တမဂ် ကြဉ်သောကုသိုလ် **ဝီသ** ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** မဟာကုသိုလ်ရှစ်ခု။ ဝိညာဏဉ္စာယတန ကုသိုလ်။ နေဝသညာနာသညာယတန ကုသိုလ်။ ဌပေတွာ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသကုသိုလ် အဘိညာဉ်။ ဝိရ**တိ**, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ပစ္စယုပ္ပန်။ ၏။ ။**ကရိုဏ်းကား** **အာ**ရမ္မဏသတ္တိ ရ၏။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို "ကုသလော ဓမ္မော ကုသလဿ။ပ။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ။ပ။ အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဟောအပ်၏။(ဤကဲ့သို့ကောက်၍ ဝိဘင်း စေ့အောင် ဟောလေ)။

## အဓိပတိသုဒ္ဓ

**အဓိပတိသုဒ္ဓသင်္ချာဝါရ၌** အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခု။ မဟာကုသိုလ်ရှစ်ခု။ မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု။ လောကုတ္တရာစိတ်ရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဒေါသမူဒွေး။ မောဟမူဒွေး။ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သောစိတ်ရှစ်ဆဲ့လေးခု။ ဒေါသ, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု။ နိဗ္ဗာန် ဟုဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ, သာဓိပတိစိတ္တဇရုပ်အားတပ်သော အဓိပတိတရားကိုယ်သုံးပါး, လေးပါးတို့တွင် တပါးပါးဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ ဤပစ္စည်း တရားနှစ်ပါးတို့သည် အဓိပတိပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍ရင်း။ပ။ "အဓိပတိယာ ဒသ"။၏။ ။"ဒသ" ဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။

ကုသလော ကုသလဿ၌ အဓိပတိသည် အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို....တွင်။

**အရမ္မဏာဓိပတိဖြစ်အံ့—**

ကုသလော **ကတ္တားကား** အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်လေးခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောကီ ကုသိုလ် သတ္တရသ။ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအားတပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်ကြဉ်**သော** ကုသိုလ်ဝီသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အလေးအမြတ်ပြုတတ်သော

မဟာကုသိုလ်ရှစ်ခု၊ ပစ္စယုပ္ပန်တရားရ၏။ ။**ကရိုဏ်းကား** အာရမ္မဏာဓိပတိသတ္တိ ရ၏။

**သဟဇာတာဓိပတိဖြစ်အံ့—**

**ကတ္တားကား** သမ္ပယုတ္တခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု။ ကျန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု။ မဂ်လေးခု။ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ်သုံးပါး, လေးပါးတို့တွင် တပါးပါးပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အဓိပတိတရားကိုယ် ကြဉ်သော သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** သဟဇာတာဓိပတိ သတ္တိ ရ၏။ ။ထို့ကြောင့် ထိုတရားတို့၏။ ဝိဓိဝိဘင်းကို "ကုသလော ဓမ္မော။ပ။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။ ။အာရမ္မဏာဓိပတိ၊ ဒါနံ ဒတွာ။ပ။ အဓိပတိပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူအပ်၏။ ။(ဤကဲ့သို့ ချည်း ဝိဘင်္ဂဝါရက အတိုင်းကောက်၍ ဝိဘင်းအကုန်ဟောလေ)။

### အနန္တရသုဒ္ဓ

အနန္တရသုဒ္ဓသချ်ာဝါရ၌ ရဟန္တာတို့ စုတိစိတ်နှင့်ကကွ နောက်နောက်သော နာမက္ခန္ဓာအားတပ်သော ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်။ စေတသိက် ဒွေပညာသ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် အနန္တရပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌။ပ။ "အနန္တရေ သတ္တ"။၏။ ။သတ္တ ဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။

ကုသလော ကုသလဿ၌ **ကတ္တားကား** ပဋ္ဌမဇော ကြဉ်သော နောက်နောက်သောကုသိုလ်ကောဝ်သအား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ပဋ္ဌမဇော ကြဉ်သော နောက်နောက်သော ကုသိုလ်ကောဝ်သ ပစ္စယုပ္ပန်တရား ရ၏။ ။ **ကရိုဏ်းကား** အနန္တရသတ္တိ ရ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ။ပ။ အနန္တရပစ္စယေန ပစ္စယော" ဟု ဟောအပ်၏။ (ဤကဲ့သို့ ဝိဘင်္ဂဝါရက ကောက်မြဲတိုင်းကောက်၍ ဝိဘင်း စေ့အောင် ဟောလေ။ ။သမနန္တရ တူပြီ)။

### သဟဇာတသုဒ္ဓ

**သဟဇာတသုဒ္ဓသချ်ာဝါရ၌** အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အားရင်း တပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ

**နာမက္ခန္ဓာလေးပါး**။ အချင်းချင်းအားဥပနိဿယ။ ဥပါဒါရုပ်အားဥပနိဿယ တပ်သော စိတ္တဇ, **ပဋိသန္ဓေကမ္မဇ**, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ **အားဖြင့်** မဟာဘုတ်လေးပါး။ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိ **သန္ဓေ** နာမက္ခန္ဓာ, ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌။ပ။ "သဟဇာတေ **နဝ**"။၏။ ။နဝ ဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။

ကုသလော ကုသလဿ၌ **ကတ္တားကား** အချင်းချင်းအားတပ်သော ကုသိုလ်ဇေဝီသ။စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ကုသိုလ်ဇေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။**ကရိုဏ်းကား** သဟဇာတသတ္တိ ရ၏။ ။(ကရိုဏ်း နောက်က အကျယ်ဆိုခဲ့ပြီ)။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဂ္ဂဝိဘင်း ကို "ကုသလော။ပ။ သဟဇာတပစ္စယေန ပစ္စယော"ဟု ဟောအပ်၏။ ။(ဤကဲ့သို့ချည်း ဝိဘင်္ဂဝါရက အတိုင်းကောက်၍ ဝိဘင်းဟောလေ)။

**အညမညသုဒ္ဓ၌** အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတပ်သော မဟာဘုတ်လေးပါး။ အချင်း ချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု။ ဤတရား တို့သည် အညမညပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရား တို့ကို ဤအနုလုံ၌။ပ။ "အညမညေ တိဏိ"။ ၏။ ။တိဏိ ဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်းရွက်မြဲ)။

**နိဿယသုဒ္ဓ၌** (သဟဇာတနိဿယကို သဟဇာတအတိုင်းဆို)။ ပဉ္စဝေါ ကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ် အား တပ်သော ဆဝတ္ထုဟု ဆိုအပ်သော ပုရေဇာတနိဿယပစ္စည်း။ ဤတရား တို့သည် နိဿယပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရား တို့ကို ဤအနုလုံ၌။ပ။ "နိဿယေ တေရသ"။ပ။၏။ ။တေရသ ဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။ ။(ဝိဘင်္ဂဝါရ အတိုင်းကောက်၍ ဝိဘင်းဟောလေ)။

**ဥပနိဿယသုဒ္ဓ၌** (အာရမ္မဏူပနိဿယကို အာရမ္မဏာဓိပတိ အတိုင်းဆို။ အနန္တရူပနိဿယကို အနန္တရ အတိုင်းဆို)။ ။စိတ်တခုယုတ်ကိုးဆယ်။ **စေတသိက်** ဒွေပညာသအားတပ်သော ဗလဝဖြစ်သော စိတ်တခုယုတ်ကိုး **ဆယ်**။ စေတသိက် ဒွေပညာသ။ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ပကတူပနိဿယ **ပစ္စည်း**။ ဤပစ္စည်းတရားတို့သည် ဥပနိဿယပစ္စည်းတပ်သော တရားမည်ကုန်၏။ **ထို့**ကြောင့် ထိုတရားတို့ကို။ပ။ "ဥပနိဿယေ နဝ"။၏။ ။နဝ ဟူသော်ကား

"ကုသလော ကုသလဿ" အစရှိသည်တည်း။ (ဝိဘင်္ဂဝါရက အတိုင်းကောက်၍ ဝိဘင်းရှက်လေ)။

**ပုရေဇာတသုဒ္ဓ၌** ကာမစိတ် စတုပညာသ။ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်အားတပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆဝတ္ထုဟုဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်း။ ဤတရားတို့သည် ပုရေဇာတပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌။ပ။ "ပုရေဇာတေ တီဏိ"။၏။ ။တီဏိ ဟူသော်ကား "အဗျာကတော အဗျာကတဿ" အစရှိသည်တည်း။ ။(ဝိဘင်္ဂဝါရအတိုင်းကောက်။ ဝိဘင်းရှတ်)။

**ပစ္ဆာဇာတသုဒ္ဓ၌** ပဋ္ဌိသန္ဓေ အစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇ,ဒွိဇ,တိဇ, စတုဇကာယအားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို။ ပ။"ပစ္ဆာဇာတေ တီဏိ"။၏။

**အာသေဝနသုဒ္ဓ၌** ပဌမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောကေပညာသအားတပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇောသတ္တစတ္တာလီသ။ဤတရားတို့သည်။ပ။ အာသေဝနပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ထို့ ကြောင့် ထိုတရားတို့ကို။ပ။ "အာသေဝနေ တီဏိ"။၏။ ။တီဏိ ဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။(ဝိဘင်္ဂဝါရက အတိုင်းကောက်မြဲ။ဝိဘင်းရှတ်မြဲ)။

**ကမ္မသုဒ္ဓ၌** သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်အား တပ်သော စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာဟု ဆိုအပ်သော သဟဇာတကမ္မပစ္စည်း။ ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာ, ကဋတ္တာရုပ်အားတပ်သော အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာဟု ဆိုအပ်သော နာနာက္ခဏိက ကမ္မပစ္စည်း။ ဤတရားတို့သည် ကမ္မပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌။ပ။ "ကမ္မေ သတ္တ"။၏။ ။သတ္တဟူသော်ကား "ကုသလော ကုသလဿ"အစရှိသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်းရှတ်မြဲ)။

**ဝိပါကသုဒ္ဓ၌** အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာစိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ,ပဋ္ဌိသန္ဓေ

နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တပ်သော ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ဝိပါကပစ္စည်းတပ်သော တရားမည် ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို။ပ။ "ဝိပါကေ ဧကံ"။၏။ ။ဧကံဟူ သော်ကား "အဗျာကတော အဗျာကတဿ" ဟူသည်တည်း။ (ကောက်မြဲ။ ဝိဘင်းရွတ်မြဲ)။

**အာဟာရသုဒ္ဓ၌** သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ် သော ဖဿ,စေတနာ,ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရပစ္စည်း။ ကလာပ် တူ,ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အားတပ်သော ဩဇာဟု ဆို အပ်သော ရုပ်အာဟာရပစ္စည်း။ ဤတရားတို့သည် အာဟာရပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌။ပ။ "အာဟာရေ သတ္တ"။၏။ ။သတ္တဟူသော်ကား "ကုသလော ကုသလဿ" စသည်တည်း။ (ကောက်မြဲ။ ဝိဘင်းရွတ်မြဲ)။

**ဣန္ဒြိယသုဒ္ဓ၌** သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော နာမ်ဣန္ဒြေရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ပဉ္စဝိညာဉ်အားတပ် သော ပဉ္စဝတ္ထုဟု ဆိုအပ်သော ပုရေဇာတိန္ဒြိယပစ္စည်း။ ရုပ်ဇီဝိတိန္ဒြေကြဉ် သော ကလာပ်တူကမ္မဇရုပ်ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤတရားတို့သည် ဣန္ဒြိယပစ္စည်းတပ်သော တရားမည် ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို။ပ။ "ဣန္ဒြိယေ သတ္တ" ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။သတ္တဟူသော်ကား "ကုသလော ကုသလဿ"အစရှိသည် တည်း။ (ကောက်မြဲ။ဝိဘင်းရွတ်မြဲ)။

**ဈာနသုဒ္ဓ၌** သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိတက်, ဝိစာရ, ပီတိ,ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါး။ ဤတရားတို့သည် ဈာနပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ ကြောင့် ထိုတရားတို့ကို။ပ။ "ဈာနေ သတ္တ"။၏။ ။သတ္တဟူသော်ကား "ကုသလော ကုသလဿ"စသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်းရွတ်မြဲ)။

**မဂ္ဂသုဒ္ဓ၌** သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အားတပ်သော ပညာ, ဝိတက်, ဝိရတီသုံးခု, ဝီရိယ,သတိ,ဧကဂ္ဂတာ,ဒိဋ္ဌိ ဟု ဆိုအပ်သော မဂ္ဂတရားကိုယ်ကိုးပါး။ ဤတရားတို့သည် မဂ္ဂပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို။ပ။ "မဂ္ဂေ သတ္တ"။၏။ ။သတ္တ ဟူသော်ကား"ကုသလော ကုသလဿ"စသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်း ရွတ်မြဲ)။

**သမ္ပယုတ္တသုဒ္ဓ၌** အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို။ပ။ "သမ္ပယုတ္တေ တိဏ္ဏံ"။၏။ ။တိဏ္ဏံ ဟူသော်ကား "ကုသလော ကုသလဿ" စသည်တည်း။ ။(ကောက်မြဲ။ ဝိဘင်းရွတ်မြဲ)။

**ဝိပ္ပယုတ္တသုဒ္ဓ၌** စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု။ ဒွေပဉ္စဝိညာဉ်တဆယ်။ ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်း အားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတဝိပ္ပယုတ္တပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆဝတ္ထုဟုဆိုအပ်သော ပုရေဇာတဝိပ္ပယုတ္တပစ္စည်း။ ။(ပစ္ဆာဇာတဝိပ္ပယုတ္တကို ပစ္ဆာဇာတ အတိုင်း ဆိုလေ)။ ။ဤတရားတို့သည် ဝိပ္ပယုတ္တပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို။ပ။ "ဝိပ္ပယုတ္တေ ပဉ္စ"။ ၏။ ။ပဉ္စဟူသော်ကား "ကုသလော အဗျာကတဿ" စသည်တည်း။ (ကောက်မြဲ။ ဝိဘင်းရွတ်မြဲ)။

**အတ္ထိသုဒ္ဓ၌** (သဟဇာတတ္ထိကို သဟဇာတအတိုင်းဆို။ ပုရေဇာတတ္ထိကို ပုရေဇာတအတိုင်းဆို။ ပစ္ဆာဇာတတ္ထိကို ပစ္ဆာဇာတအတိုင်းဆို။ အာဟာရတ္ထိကို ရုပ်အာဟာရအတိုင်းဆို။ ဣန္ဒြိယတ္ထိကို ရူပဇီဝိတိန္ဒြိယအတိုင်းဆို)။ ဤတရား ငါးပါးသည် အတ္ထိပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရား တို့ကို။ပ။ "အတ္ထိယာ တေရသ"ဟု သင်္ချာတပ်၍ ဟောအပ်၏။ ။တေရသ ဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။ (ကောက်မြဲ။ ဝိဘင်းဟောမြဲ။ ။နတ္ထိ၊ ဝိဂတသည် အနန္တရနှင့် တူ၏။ အဝိဂတသည် အတ္ထိနှင့် တူ၏)။ ။

သုဒ္ဓသင်္ချာဝါရ ပြီး၏။

---

## မိဿကသင်္ချာဝါရ

### ဟေတုသဘာဂ (၁၁)

သုဒ္ဓသင်္ချာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ မိဿကသင်္ချာဝါရကို ဟောတော်မူ၏။ ထို မိဿကသင်္ချာဝါရ၌ တုံသော်လည်း ဟေတုပစ္စည်း၏ **မိဿ ကသင်္ချာဝါရ** အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါး အပြားရှိ၏။ ထို....တွင် ဟေတုပစ္စည်း၏ မိဿကသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း သဘာဂ, ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို....တွင် သဘာဂ

ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသဘာဂ၌ တုံသော်လည်း ဟေတုမူ အဓိပတိ သဘာဂ, ဟေတုမူ သဟဇာတသဘာဂ, အညမညသဘာဂ, နိဿယသဘာဂ, ဝိပါက သဘာဂ, ဣန္ဒြိယသဘာဂ, မဂ္ဂသဘာဂ, သမ္ပယုတ္တသဘာဂ, ဝိပ္ပယုတ္တသဘာဂ, အတ္ထိသဘာဂ, အဝိဂတသဘာဂ အားဖြင့် တဆဲ့ဘပါး အပြားရှိ၏။ ထို....တွင် ဟေတုမူ အဓိပတိသဘာဂကို ရှေးဦးစွာ ဟောတော်မူ၏။

## ဟေတုမူ အဓိပတိသဘာဂ

ထိုဟေတုမူ အဓိပတိသဘာဂ၌—

(၁) အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု။ မဟာကုသိုလ်ရှစ်ခု။ မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု။ လောကုတ္တရာ စိတ်ရှစ်ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ။ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် လေးဆဲ့ခုနစ်ခု။ နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ၊ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိမှတပါး အဓိပတိတရားကိုယ် သုံးပါး တို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ ဤတရားတို့သည် အဓိပတိပစ္စည်းသာတပ်၍ ဟေတုပစ္စည်းမတပ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ "နဟေတု ပစ္စယာ အဓိပတိယာ ဒသ" ဟုသင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။(ဒသဟူသော် ကား အဓိပတိက အတိုင်းဟောလေ)။

(၂) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝီမံသာဓိပတိမှတပါး ဟိတ်ခြောက်ပါး။ (အဓိပတိပစ္စည်း မတပ်ခိုက် အမောဟကိုယူ၍ ခြောက်ပါးရသည်)။ ။ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ အဓိပတိပစ္စည်း မတပ်သောကြောင့် အဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာဓိပတိယာ သတ္တ" ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။သတ္တဟူသော်ကား (ဟောပြ။ ဝီမံ သာဓိပတိကို ကြဉ်၍ကောက်လေ)။

(၃) အလေးအမြတ် မပြုတတ်သော ကာမစိတ်စတုပညာသ။ ဝိညာဏဉ္စာ ယတန စိတ်သုံးခု။ နေဝသညာနာသညာယတန စိတ်သုံးခု။ အဘိညာဉ်ဒွေးအား တပ်သော အလေးအမြတ် မပြုအပ်သော စိတ်တခုယုတ်ကိုးဆယ်။ စေတသိက် ဒွေပညာသ။ ရုပ်အဋ္ဌဝီသ။ နိဗ္ဗာန်ဟုဆိုအပ်သောအာရမ္မဏပစ္စည်း။ [လောကုတ္တရာ

စိတ် အာရမ္မဏာဓိပတိ ဧကံ ပစ္စယုပ္ပန်]။ ။အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော ဟိတ်ခြောက်ပါး။ အဓိပတိတရားကိုယ် လေးပါးမှ တပါး အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအားတပ်သော ပဋိသန္ဓေ ဟိတ်သုံးခုမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ပစ္စည်း။ ။ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား တပ်သော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော စိတ်,စေတသိက် နာမက္ခန္ဓာ ဟု ဆိုအပ်သော အနန္တရူပနိဿယပစ္စည်း။ စိတ်တခုယုတ်ကိုးဆယ်။ စေတသိက် ဒွေပဉ္စာသအားတပ်သော ဗလဝဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပဉ္စာသ။ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ပကတူပနိဿယပစ္စည်း။ ။(ဤ နှစ်ပါးကို တပေါင်းတည်း ဥပနိဿယပစ္စည်းယူ)။ ။ပဉ္စဝေါကာရဘုံ၌ အရူပ ဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆဝတ္ထုဟု ဆိုအပ် သော ဝတ္ထုပုရေဇာတပစ္စည်း။ ။ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇ, ဒွိဇ, တိဇ, စတုဇကာယအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပဌမ ဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါးဟု ဆိုအပ်သော ပစ္ဆာ ဇာတပစ္စည်း။ ။ဝိပါက်ဆတ္တိံသ၊ စေတသိက်အဋ္ဌတိံသနာမက္ခန္ဓာ, ကဋတ္တာ ရုပ်တို့အားတပ်သော နာနာက္ခဏိက စေတနာဟု ဆိုအပ်သော ကမ္မပစ္စည်း။ ။ ကလာပ်တူ ကလာပ်ပြားဖြစ်သော အဇ္ဈတ္တ စတုသမုဋ္ဌာနိကရုပ်အားတပ်သော အဇ္ဈတ္တ, ဗဟိဒ္ဓသြဇာဟု ဆိုအပ်သော ရုပ်အာဟာရပစ္စည်း။ ။ကလာပ်တူ ကမ္မဇရုပ် ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယ ပစ္စည်း။ ။ဤပစ္စည်းတရား ရှစ်ပါးတို့သည် ဟေတု,အဓိပတိပစ္စည်း နှစ်ပါးမတပ် ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ "နဟေတုပစ္စယာ နာဓိပတိယာ ပန္နရသ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။(ပန္နရသ သရုပ်အရကောက်ကို ပစ္စယုဒ္ဓါရ ပစ္စနိက်ကို ဟောသောအခါမှ မြင်နိုင်မည်။ ပစ္စယုဒ္ဓါရ ပစ္စနိက်မှာမှ ဆိုလတ္တံ့)။

(၄) သမ္ပယုတ္တခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဝီမံသာဓိပတိ ပစ္စည်း။ ဤတရားတို့သည် ဟေတု,အဓိပတိပစ္စည်းနှစ်ပါးတပ်သော တရားမည် ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍ရင်း၊ ဝါရသို့ လိုက်၍ရင်း၊ တိကပုဒ်၏ အရသို့လိုက်၍ရင်း၊ ကတ္တား, သမ္ပဒါန် နေဟန်သို့ လိုက်၍ရင်း၊ "ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ"ဟု သင်္ချာတပ်၍ ဟောအပ် ကုန်၏။ စတ္တာရိဟူသော်ကား "ကုသလော ကုသလဿ, ကုသလော အဗျာ

ကတဿ, ကုသလော ကုသလာဗျာကတဿ, အဗျာကတော အဗျာကတဿ” ဟူသည်တည်း။

“ကုသလော ကုသလဿ”၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု။ ကြောင်း ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု။ မဂ်လေးခု၌ရှိသော ဝီမံသာဓိပတိ ပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို “ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ အဓိပတိပစ္စယေန ပစ္စယော။ ကုသလာ ဝီမံသာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ အဓိပတိပစ္စယေန ပစ္စယော”ဟု ဟောအပ်၏။ ။(အဋ္ဌကထာ၌ ဤဝိဘင်း **ထုတ်**နည်းကိုဆို၏)။

“ကုသလော အဗျာကတဿ”၌ **ကတ္တားကား** သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု။ ကြောင်းရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု။ မဂ်လေးခု၌ ရှိသော ဝီမံသာဓိပတိပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏၊ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို“ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ အဓိပတိပစ္စယေန ပစ္စယော။ ကုသလာ ဝီမံသာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ အဓိပတိပစ္စယေန ပစ္စယော”ဟု ဟောအပ်၏။

“ကုသလော ကုသလာဗျာကတဿ”၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာ၊ **သာ**ဓိပတိ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ [ကောက်မြဲ]။ ။“ကုသလာ ဝီမံသာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ အဓိပတိပစ္စယေန ပစ္စယော” ဟု ဟောအပ်၏။

“အဗျာကတော အဗျာကတဿ”၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာ**အား** ၎င်း၊ သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်အား၎င်း တပ်သော အဓိပတိပစ္စည်းကို ရသော အခါ မဟာကြိယာဉာဏသမ္ပယုတ်လေးခု။ ကြောင်းရသော မဟဂ္ဂုတ်ကြိယာ ကိုးခု။ ဖိုလ်လေးခု၌ရှိသော ဝီမံသာဓိပတိပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** သမ္ပယုတ္တခန္ဓာ၊ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။ထို့ကြောင့် “အဗျာကတော။ပ။ ဝိပါကာဗျာကတာ ကြိယာဗျာကတာ **ဝီမံသာဓိပတိ**

သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ အဓိပတိပစ္စယေန ပစ္စယော”ဟု ဟောအပ်၏။ ။

## ဟေတုမူ သဟဇာတသဘာဂ

(၁) ဟေတုမူ သဟဇာတသဘာဂ၌ အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော **ဟိတ်** ခြောက်ပါးမှ တပါး အလုံးစုံသောပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အချင်းချင်းအားရင်း။ ဥပါဒါရုပ်အားရင်း တပ်သောမဟာဘုတ်လေးပါး။ အချင်းချင်းအားတပ်သော ပဋိသန္ဓေဟိတ်မှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ ဤတရားတို့သည် သဟဇာတ ပစ္စည်းသာတပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ “နဟေတုပစ္စယာ သဟဇာတေ နဝ”။၏။ (နဝသရုပ်အရကောက် ဝိဘင်းကို သဟဇာတ အတိုင်း ဟိတ်ခြောက်ပါးကို ကြည့်၍ ကောက်လေ)။

(၂) ဟေတုပစ္စည်းသာတပ်၍ သဟဇာတပစ္စည်း မတပ်သော တရားကား မရှိ။ ထို့ကြောင့် အနုလောမပစ္စနိက်၌ “ဟေတုပစ္စယာ န သဟဇာတေ” အစ ရှိသည်ဖြင့် မဟောရသတည်း။

(၃) ကာမစိတ် စတုပညာသ။ အဘိညာဉ်ဒွေး။ ဝိညာဏဉ္စာယတနစိတ် သုံးခု။ နေဝသညာနာသညာယတနစိတ်သုံးခု။ လောကုတ္တရာစိတ် ရှစ်ခုအား တပ်သော စိတ်တခုယုတ်ကိုးဆယ်။ စေတသိက်ဒွေပညာသ။ ရုပ်အဋ္ဌဝီသ။ နိဗ္ဗာန် **ဟု** ဆိုအပ်သော အာရမ္မဏပစ္စည်း။ အနန္တရူပ, ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိကကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရုပ်ဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ခုနစ်ပါးတို့သည် ဟေတု, သဟဇာတ ပစ္စည်းတရားနှစ်ပါး မတပ်ကုန်။ ထို့ကြောင့် ပစ္စနိက်၌ “နဟေတုပစ္စယာ နသဟဇာတေ ကောဒသ”။၏။ ။(ကောဒသ သရုပ်အရ ကောက်ကို ပစ္စယုဒ္ဒါရပစ္စနိက်၌ ဟောမှ သိနိုင်မည်)။

(၄) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု သဟဇာတပစ္စည်း နှစ်ပါးတပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ “ဟေတုပစ္စယာ သဟဇာတေ သတ္တ”။၏။ ။(သတ္တဟူသော်ကား ဟေတု **အတိုင်းပင် ကောက်၍ ဟောလေ)**။

## ဟေတုမူ အညမညသဘာဂ

(၁) ဟေတုမူ အညမညသဘာဂ၌။ အချင်းချင်းအား တပ်သော ဟိတ်ခြောက်ပါးမှတပါး အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအားတပ်သော မဟာဘုတ်လေးပါး၊ အချင်းချင်းအားတပ်သော ပဋိသန္ဓေဟိတ်မှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု။ ဤတရားတို့သည် အညမညပစ္စည်းသာ တပ်၍ ဟေတုပစ္စည်းမတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ အညမညေ တီဏိ"။၏။ ။(အညမညအကောက် အတိုင်း မှာ ဟိတ်ခြောက်ပါးကိုနုတ်)။

(၂) သဟိတ် စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး သဟိတ် ပဋိသန္ဓေကမ္မဇ ရုပ်အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ အညမညပစ္စည်းမတပ်သောကြောင့် အညမညပစ္စည်းတွန်း၍ စင်ကုန် ၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နအညမညေ တီဏိ" ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။တီဏိ ဟူသော်ကား "ကုသလော အဗျာကတဿ, အကုသလော အဗျာကတဿ, အဗျာကတော အဗျာကတဿ" ဟူသည်တည်း။ ။(အကျယ်ဆိုပြီ)။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း။ စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဟိတ်ခြောက်ပါးမှတပါး အလုံးစုံသော ပဉ္စဝေါကာရပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ ဥပါဒါရုပ်အားတပ်သော မဟာဘုတ်လေးပါးဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူပ, ပကတူပ နိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရုပ်ဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ရှစ်ပါးတို့သည် ဟေတု, အညမည ပစ္စည်းနှစ်ပါး မတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ "နဟေတုပစ္စယာ နအညမညေ ကောဒသ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

(၄) သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအားတပ်သော ဟိတ် ခြောက်ပါး။ ဤတရားတို့သည် ဟေတု, အညမညပစ္စည်းနှစ်ပါးတပ်သော တရားပည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတုပစ္စယာ အညမညေ တီဏိ"။ ၏။ ။တီဏိဟူသော်ကား "ကုသလော ကုသလဿ, အကုသလော အကုသလဿ,

အဗျာကတော အဗျာကတဿ” ဟူသည်တည်း။ ။“ကုသလော ကုသလဿ၊ အကုသလော အကုသလဿ”၌။ (ဟေတုဝိဘင်္ဂဝါရအတိုင်း)။

“အဗျာကတော အဗျာကတဿ”၌ (ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာအား တပ်သော ဝိပါက်, ကြိယာ ဟိတ်သုံးပါးကိုကောက်)။ ။ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ၊ ဟဒယဝတ္ထုအားတပ်သော သဟိတ်ပဋိသန္ဓေ သတ္တရသ၌ ရှိသော ဟိတ်သုံးပါး ပစ္စည်းတရား ရ၏။ ။သမ္ပဒါန်ကား သမ္ပယုတ္တခန္ဓာ၊ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား ရ၏။ ။ထို့ကြောင့် “ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။အညမညပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဝတ္ထုဿစ ဟေတုပစ္စယေန ပစ္စယော၊ အညမညပစ္စယေန ပစ္စယော” ဟု ဟောအပ်၏။

## ဟေတုမူ နိဿယသဘာဂ

(၁) ဟေတုမူ နိဿယသဘာဂ၌ ဟိတ်ခြောက်ပါးမှတပါး သဟဇာတ နိဿယပစ္စည်း။ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တပ်သော ဆဝတ္ထုဟုဆိုအပ်သော ပုရေဇာတနိဿယပစ္စည်း။ ဤတရားတို့သည် နိဿယပစ္စည်းသာ တပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနီယာနုလော်မ၌ “နဟေတု ပစ္စယာ နိဿယေ တေရသ”။၏။

(၂) ဟေတုပစ္စည်းသာတပ်၍ နိဿယပစ္စည်း မတပ်သောတရားကားမရှိ။ ထို့ကြောင့် အနုလောမပစ္စနိက်၌“ဟေတုပစ္စယာ န နိဿယေ” အစရှိသည်ဖြင့် မဟောရသတည်း။

(၃) ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အနန္တရူပ, ပကတူပနိဿယပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရုပ်ဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ခြောက်ပါးတို့သည် ဟေတု, နိဿယပစ္စည်းနှစ်ပါး မတပ်ကုန်။ ထို့ကြောင့် ပစ္စနိက်၌ “န ဟေတု ပစ္စယာ န နိဿယေ ကောဒသ”ဟု သချာတပ်၍ ဟောအပ်ကုန်၏။

(၄) သမ္ပယုတ္တခန္ဓာ၊ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု, နိဿယ ပစ္စည်းနှစ်ပါး တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ “ဟေတု ပစ္စယာ နိဿယေ သတ္တ”။၏။ ။(ဟေတု အတိုင်း)။

## ဟေတုမူ ဝိပါကသဘာဂ

(၁) ဟေတုမူ ဝိပါကသဘာဂ၌ အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ, ဝိပါက်ပြုအပ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော ဝိပါက်ဟိတ် သုံးခုမှတပါး အလုံးစုံသော ဝိပါက်ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ ဟဒယဝတ္ထုအား တပ်သော ပဋိသန္ဓေဟိတ်သုံးပါးမှတပါး ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ဝိပါကပစ္စည်းသာ တပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ ဝိပါကေ ကေ"။ ၏။

(၂) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တရုပ်အားတပ်သော ကုသိုလ်,အကုသိုလ်, ကြိယာ ဟိတ်ခြောက်ပါး။ ဤတရားတိသည် ဟေတုပစ္စည်းသာတပ်၍ ဝိပါက ပစ္စည်း မတပ်သောကြောင့် ဝိပါကပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ န ဝိပါကေ သတ္တ"။၏။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ, စိတ္တဇရုပ်အားရင်း တပ်သော ဟိတ်ခြောက်ပါးမှတပါး ကုသိုလ်, အကုသိုလ်, ကြိယာ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အား ရင်း တပ်သော မဟာဘုတ်လေးပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ (သဟဇာတတွင် ဟေတုနှင့် ဝိပါက နှစ်ပစ္စည်းကို နုတ်သည်။)။ ။အနန္တရူပ, ပကတူပနိဿယ ပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မ ပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရုပ်ဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ရှစ်ပါး တို့သည် ဟေတု, ဝိပါက ပစ္စည်းနှစ်ပါး မတပ်ကုန်။ ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ န ဝိပါကေ ပန္နရသ"။၏။

(၄) သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတု, ဝိပါက ပစ္စည်းနှစ်ပါး တပ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတုပစ္စယာ ဝိပါကေ ကေ"။၏။ ။ကေ ဟူသော်ကား "အဗျာကတော အဗျာကတဿ"ဟူသည် တည်း။

**ပဝတ္တိအခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်အား တပ်သော သဟိတ်ဝိပါက် ကေဝိသဉ္ဇိရှိသော ဟိတ်သုံးပါး ပစ္စည်းတရား ရ၏။ ။

**သမ္ပဒါန်ကာ း** သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်။ ၏။ **။ပဋိသန္ဓေ အခါ ကတ္တားကား** သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ်အားတပ်သော သဟိတ် ပဋိသန္ဓေ သတ္တရသဉ်ရှိသော ဟိတ်သုံးပါး ပစ္စည်းတရား ရ၏။ **။သမ္ပဒါန်ကာ း** သမ္ပယုတ္တခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်။ ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိမိ ဝိဘင်းကို "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ဝိပါကပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ဝိပါကပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ဝိပါကပစ္စယေန ပစ္စယော" ဟု ဟောအပ်၏။

## ဟေတုမူ ဣန္ဒြိယသဘာဂ

(၁) ဟေတုမူ ဣန္ဒြိယသဘာဂဉ်။ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇ ရုပ်အားတပ်သော ပညာမှ တပါး နာမ်ဣန္ဒြေ ခုနစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ပဉ္စဝိညာဏဓာတ်အားတပ်သော ပဉ္စဝတ္ထုဟုဆိုအပ်သော ပုရေဇာတိန္ဒြိယပစ္စည်း။ ကလာပ်တူကမ္မဇရုပ် ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤတရားတို့သည် ဣန္ဒြိယပစ္စည်းသာ တပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ "န ဟေတုပစ္စယာ ဣန္ဒြိယေ သတ္တ" ။၏။

(၂) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော အမောဟမှတပါး ဟိတ်ငါးပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ ဣန္ဒြိယပစ္စည်းမတပ်သောကြောင့် ဣန္ဒြိယပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ န ဣန္ဒြိယေ သတ္တ" ။၏။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အားရင်း တပ်သော ဟိတ် ခြောက်ပါး။ နာမ်ဣန္ဒြေ ရှစ်ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တပ်သောဟိတ်သုံးပါး, နာမ်ဣန္ဒြေရှစ် ပါးမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူပ, ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိကကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ဤပစ္စည်း

တရား ခုနစ်ပါးတို့သည် ဟေတု, ဣန္ဒြိယပစ္စည်း နှစ်ပါး မတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "န ဟေတုပစ္စယာ နဣန္ဒြိယေ ပန္နရသ"။၏။

(၄) သမ္ပယုတ္တခန္ဓာ၊ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော အမောဟ။ ဤတရားတို့သည် ဟေတု, ဣန္ဒြိယပစ္စည်းနှစ်ပါး တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတုပစ္စယာ ဣန္ဒြိယေ စတ္တာရိ"။၏။ ။စတ္တာရိ ဟူသော်ကား "ကုသလော ကုသလဿ, ကုသလော အဗျာကတဿ, ကုသလော ကုသလာဗျာကတဿ, အဗျာကတော အဗျာကတဿ" ဟူသည်တည်း။

"ကုသလော ကုသလဿ"၌ **ကတ္တားကား** သမ္ပယုတ္တခန္ဓာအားတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု။ မဟဂ္ဂုတ် ကုသိုလ်ကိုးခု။ မဂ်လေးခု။ စိတ္တက္ခဏတခုတခု၌ရှိသော အမောဟ ပစ္စည်းတရား ရ၏။ ။သမ္ပဒါန်**ကား** သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို "ကုသလော။ပ။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ဣန္ဒြိယပစ္စယေန ပစ္စယော"ဟု ဟောတော်မူအပ်၏။ ။(အကြွင်း သုံးချက်ကိုလည်း နည်းတူကောက်၍ ဟောလေ)။

## ဟေတုမူ မဂ္ဂသဘာဂ

(၁) ဟေတုမူ မဂ္ဂသဘာဂ၌ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော အမောဟမှတပါး မဂ္ဂင်ရှစ်ပါး။ ဤတရား တို့သည် မဂ္ဂပစ္စည်းသာ တပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတု ပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ မဂ္ဂေ သတ္တ"။၏။

(၂) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော အမောဟမှတပါး ဟိတ်ငါးပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ မဂ္ဂပစ္စည်း မတပ်သောကြောင့် မဂ္ဂပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ န မဂ္ဂေ သတ္တ"။၏။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအားရင်း၊ အချင်း ချင်း နာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော ဟိတ် ခြောက်ပါး, မဂ္ဂင်ကိုးပါးမှတပါး အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ

လေးပါး။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တပ်သော ပဋိသန္ဓေ ဟိတ်သုံးပါး၊ မဂ္ဂင်ငါးပါးမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း၊ အနန္တရုပ, ပကတူပနိဿယပစ္စည်း။ ဝတ္ထု ပုရေဇာတ ပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ရှစ်ပါးတို့သည် ဟေတု, မဂ္ဂပစ္စည်း တရားနှစ်ပါး မတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "နဟေတု ပစ္စယာ န မဂ္ဂေ ပန္နရသ"။၏။

(၄) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော အမောဟ။ ဤတရားတို့သည် ဟေတု,မဂ္ဂပစ္စည်းနှစ်ပါး တပ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတုပစ္စယာ မဂ္ဂေ စတ္တာရိ"။၏။ ။ (စတ္တာရိကား ဆိုမြဲ)။

**ဟေတုမူ သမ္ပယုတ္တသဘာဂ**

(၁) ဟေတုမူ သမ္ပယုတ္တသဘာဂ၌ အချင်းချင်းအား တပ်သော ဟိတ် ခြောက်ပါးမှတပါး အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤ တရားတို့သည် သမ္ပယုတ္တပစ္စည်းသာ တပ်၍၊ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာ နုလောမ၌ "နဟေတုပစ္စယာ သမ္ပယုတ္တေ တီဏိ"။ ၏။

(၂) သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ သမ္ပယုတ္တ ပစ္စည်း မတပ်သောကြောင့် သမ္ပယုတ္တပစ္စည်း တွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ န သမ္ပယုတ္တေ တီဏိ"။၏။

(၃) အလုံးစုံသော အာရမ္မဏပစ္စည်း။ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးမှတပါး ပဉ္စဝေါကာရ ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တပ်သော ပဋိသန္ဓေ ဟိတ်သုံးပါးမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ပစ္စည်း။ အနန္တရုပ, ပကတူပနိဿယပစ္စည်း။ ဝတ္ထုပုရေဇာတပစ္စည်း။ ပစ္ဆာဇာတပစ္စည်း။ နာနာက္ခဏိက ကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ရှစ်ပါးတို့သည် ဟေတု, သမ္ပယုတ္တပစ္စည်း

နှစ်ပါး မဟပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "နဟေတုပစ္စယာ န သမ္ပယုတ္တေ ကောဒသ"။၏။

(၄) သမ္ပယုတ္တခန္ဓာအား သာတပ်သော ဟိတ်ခြောက်ပါး ဤတရားတို့သည် ဟေတု,သမ္ပယုတ္တပစ္စည်း နှစ်ပါးတပ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတုပစ္စယာ သမ္ပယုတ္တေ တီဏိ"။၏။ ။တီဏိဟူသော်ကား "ကုသလော ကုသလဿ, အကုသလော အကုသလဿ, အဗျာကတော အဗျာကတဿ"ဟူသည်တည်း။ ။(ကောက်မြဲ)။

## ဟေတုမူ ဝိပ္ပယုတ္တသဘာဂ

(၁) ဟေတုမူ ဝိပ္ပယုတ္တသဘာဂ၌ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးမှတပါး ပဉ္စဝေါကာရ ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အချင်းချင်းအားတပ်သော ပဋိသန္ဓေဟိတ်သုံးပါးမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုဟုဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အားတပ်သော ဆဝတ္ထုဟုဆိုအပ်သော ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် ဝိပ္ပယုတ္တပစ္စည်းသာတပ်၍ ဟေတုပစ္စည်းမတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိယာနုလောမ၌ "နဟေတုပစ္စယာ ဝိပ္ပယုတ္တေ ပဥ္စ"။၏။

(၂) သမ္ပယုတ္တခန္ဓာအားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတုပစ္စည်းသာတပ်၍ ဝိပ္ပယုတ္တပစ္စည်းမတပ်သောကြောင့် ဝိပ္ပယုတ္တပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နဝိပ္ပယုတ္တေ တီဏိ"။၏။

(၃) ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအားတပ်သော ဟိတ်ခြောက်ပါးမှတပါး အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရှင်း၊ ဥပါဒါရုပ်အားရှင်း တပ်သော မဟာဘုတ်လေးပါးဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူပ, ပကတူပနိဿယပစ္စည်း။ နာနာက္ခဏိကကမ္မပစ္စည်း။ ရုပ်အာဟာရပစ္စည်း။ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤပစ္စည်းတရား ခြောက်ပါးတို့သည် ဟေတု, ဝိပ္ပယုတ္တပစ္စည်း နှစ်ပါးမတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "နဟေတုပစ္စယာ နဝိပ္ပယုတ္တေ နဝ"။၏။

(၄) သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု, ဝိပ္ပယုတ္တ ပစ္စည်းနှစ်ပါး တပ်ကုန်၏။

ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတုပစ္စယာ ဝိပ္ပယုတ္တေ တီဏိ"။၏။ ။ တီဏိဟူသော်ကား "ကုသလော အဗျာကတဿ,အကုသလော အဗျာကတဿ, အဗျာကတော အဗျာကတဿ"ဟူသည်တည်း။ ။(ကောက်မြဲ)။

## ဟေတုမူ အတ္ထိသဘာဂ

(၁) ဟေတုမူ အတ္ထိသသာဂ၌ ဟိတ်ခြောက်ပါးမှတပါး သဟဇာတတ္ထိပစ္စည်း။ ပုရေဇာတတ္ထိပစ္စည်း။ ပစ္ဆာဇာတတ္ထိ။ အာဟာရတ္ထိ။ ဣန္ဒြိယတ္ထိပစ္စည်း။ ဤတရားတို့သည် အတ္ထိပစ္စည်းသာတပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ အတ္ထိယာ တေရသ"။၏။

(၂) ဟေတုပစ္စည်းသာတပ်၍ အတ္ထိပစ္စည်းမတပ်သော တရားကားမရှိ။ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နော နတ္ထိယာ" အစ ရှိသည်ဖြင့် မဟောရသတည်း။

(၃) အာရမ္မဏပုရေဇာတမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အနန္တရ, ပကတူပနိဿယပစ္စည်း။ နာနာက္ခဏိကကမ္မပစ္စည်း။ဤပစ္စည်းတရားသုံးပါးသည် ဟေတု, အတ္ထိပစ္စည်းနှစ်ပါးမတပ်ကုန်။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ "နဟေတုပစ္စယာ နောအတ္ထိယာ နဝ"။၏။

(၄) သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု,အတ္ထိပစ္စည်းနှစ်ပါးတပ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတုပစ္စယာ အတ္ထိယာ သတ္တ"။၏။ ဟေတုအတိုင်း။ ။[အဝိဂတလည်း အတ္ထိသဘာဂနှင့် တူပြီ]။

---

## ဟေတုဃဋနာ (၂၄)

## သာမညအဝိပါက (၄)ချက်

သဘာဂကို ဟောတော်မူသည်၏ အခြားမဲ့၌ ဃဋနာကို ဟောတော်မူ၏။ ထို ဃဋနာ၌ တံသော်လည်း သာမညဃဋနာ, သဣန္ဒြိယမဂ္ဂဃဋနာ, သာဓိပတိ ဣန္ဒြိယမဂ္ဂဃဋနာအားဖြင့် သုံးပါးအပြားရှိ၏။ ထို....တွင် သာမညဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို... ၌ တံသော်လည်း အဝိပါက ဃဋနာ, သဝိပါက ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို....တွင် အဝိပါကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တံသော်လည်း သဗ္ဗဋ္ဌာနိကဃဋနာ, သအညမည

ဃင္ဃနာ, သအညမညသမ္ပယုတ္တဃင္ဃနာ, သဝိပ္ပယုတ္တဃင္ဃနာအားဖြင့် လေးပါး အပြားရှိ၏။ ထို....တွင် သဗ္ဗဋ္ဌာနိကဃင္ဃနာကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထိုသဗ္ဗဋ္ဌာနိကဃင္ဃနာ၌ သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ဤငါးပစ္စည်းတပ်သော တရားမည်ကုန် ၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ သတ္တ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ။ပ။ ဟူ၍။ တေသု၊ ထိုငါးပါးသောပစ္စည်းတို့ကို။ ဃဋိတေသု၊ ပေါင်းအပ်ကုန်သည်ရှိသော်။ဟေတုပစ္စယေ၊ ၌။ဝုတ္တာနိ၊ ကုန်သော။ သတ္တဝေ၊ ကုန်သော။ ဝိဿဇ္ဇနာနိ၊ တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ။(သတ္တဟူသော် ကား ဟေတုက အတိုင်းကောက်လေ)။

(၂) သဗ္ဗဋ္ဌာနိကဃင္ဃနာကို ဟောတော်မူသည်၏ အခြားမဲ့၌ သအညမည ဃင္ဃနာကို ဟောတော်မူ၏။ ထိုသအညမညဃင္ဃနာ၌ သမ္ပယုတ္တခန္ဓာ၊ ဟဒယ ဝတ္ထုအား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စည်းတပ်သော တရားမည် ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတန္တိ တီဏိ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။ (သအညမညမှာ "အညမညေ" အာခါရထည့်လေ။ ။တီဏိ ဟူသော်ကား အညမညသဘာဂ အတိုင်း)။

(၃) ထို့နောင် သအညမညသမ္ပယုတ္တဃင္ဃနာကို ဟောတော်မူ၏။ ထိုသ အညမညသမ္ပယုတ္တဃင္ဃနာ၌ သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဟိတ်ခြောက် ပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။(တီဏ ဟူသော် ကား သမ္ပယုတ္တသဘာဂအတိုင်း ဟောလေ)။

(၄) ထို့နောင် သဝိပ္ပယုတ္တဃင္ဃနာကို ဟောတော်မူ၏။ ထိုသဝိပ္ပယုတ္တ ဃင္ဃနာ၌ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ

အဝိဂတန္တိ တီဏိ"။ ၏။ ။(တီဏိ ဟူသော်ကား ဝိပ္ပယုတ္တသဘာဂအတိုင်း ဟောလေ)။ ။အဝိပါက လေးချက်။

## သာမညသဝိပါက (၅) ချက်

(၁) အဝိပါကဃဋနာကို ဟောတော်မူသည်၏ အခြားမဲ့၌ သဝိပါကဃဋနာကို ဟောတော်မူ၏။ ထို....၌ တုံသော်လည်း သဗ္ဗဋ္ဌာနိကဃဋနာ, သအညမညဃဋနာ, သအညမညသမ္ပယုတ္တဃဋနာ, သဝိပ္ပယုတ္တဃဋနာ, သအညမညဝိပ္ပယုတ္တဃဋနာ အားဖြင့် ငါးပါးအပြား ရှိ၏။ ထို....တွင် သဗ္ဗဋ္ဌာနိကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသဗ္ဗဋ္ဌာနိကဃဋနာ၌ သမ္ပယုတ္တခန္ဓာ၊ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ် သုံးပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, နိဿယ, ဝိပါက, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတန္တိ ဧကံ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။(ဧကံ ဟူသော်ကား ဝိပါက သဘာဂ အတိုင်း)။

(၂) ထို့နောင် သအညမညဃဋနာကို ဟောတော်မူ၏။ ထိုသအညမည ဃဋနာ၌ သမ္ပယုတ္တခန္ဓာ၊ ဟဒယဝတ္ထုအား တပ်သော ဝိပါက်ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, အညမည, နိဿယ, ဝိပါက, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရား တို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ အညမည နိဿယ ဝိပါက အတ္ထိ အဝိဂ တန္တိ ဧကံ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။ဧကံ ဟူသော်ကား "အဗျာ ကတော အဗျာကတဿ" ဟူသည်တည်း။

(၃) ထို့နောင် သအညမညသမ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထိုသ အညမညသမ္ပယုတ္တဃဋနာ၌ သမ္ပယုတ္တခန္ဓာအား တပ်သော ဝိပါက်ဟိတ် သုံးပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤရှစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"။ ၏။

(၄) ထို့နောင် သဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထိုသဝိပ္ပယုတ္တ ဃဋနာ၌ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, နိဿယ, ဝိပါက,

ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"။ ၏။

(၇) ထို့နောင် သအညမည ဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထိုသအညမညဝိပ္ပယုတ္တဃဋနာ၌ ဟဒယဝတ္ထုအား တပ်သော ပဋိသန္ဓေဟိတ်သုံးပါး။ ဤတရားတို့သည် ဟေတု, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ဤရှစ်ပစ္စည်း တပ်သော တရားမည်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"။ ၏။ ။"ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ ဝတ္ထုဿ။ပ။ အဝိဂတပစ္စယေန ပစ္စယော"ဟု ဟောအပ်၏။ ။

သာမညဃဋနာ ကိုးချက်ပြီး၏။

## သဣန္ဒြိယမဂ္ဂဃဋနာ (၉)

## အဝိပါက (၄) ချက်

သာမညဃဋနာကို ဟောတော်မူသည်၏ အခြားမဲ့၌ သဣန္ဒြိယ မဂ္ဂဃဋနာကို ဟောတော်မူ၏။ ထိုသဣန္ဒြိယမဂ္ဂဃဋနာ၌ တုံသော်လည်း အဝိပါကဃဋနာ, သဝိပါကဃဋနာ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထို....တွင် အဝိပါကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအဝိပါကဃဋနာ၌ တုံသော်လည်း သဗ္ဗဋ္ဌာနိက ဃဋနာ, သအညမညဃဋနာ, သအညမည သမ္ပယုတ္တဃဋနာ, သဝိပ္ပယုတ္တဃဋနာ အားဖြင့် လေးပါးအပြား ရှိ၏။ ထို....တွင် သဗ္ဗဋ္ဌာနိကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထို....၌ သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇ ရုပ်အား တပ်သော အမောဟ။ ဤတရားတို့သည် ဟေတု,သဟဇာတ,နိဿယ, ဣန္ဒြိယ,မဂ္ဂ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စည်းတပ်သော တရားမည်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌"ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ စတ္တာရိ"ဟုသင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။(စတ္တာရိဟူသော်ကား ဣန္ဒြိယသဘာဂအတိုင်း)။

(၂) ထို့နောင် သအညမညဃဋနာကို ဟောတော်မူ၏။ ထိုသအညမည ဃဋနာ၌ သမ္ပယုတ္တခန္ဓာ၊ ဟဒယဝတ္ထုအား တပ်သော အမောဟ။ ဤတရား တို့သည် ဟေတု, သဟဇာတ,အညမည,နိဿယ, ဣန္ဒြိယ,မဂ္ဂ, အတ္ထိ,အဝိဂတ ဤရှစ်ပစ္စည်းတပ်သော တရားမည်ကုန်၏။ ထို့ကြောင့်ထိုတရားတို့ကို "ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ ဒွေ"။၏။ ။ဒွေ

ဟူသော်ကား "ကုသလော ကုသလဿ, အဗျာကတော အဗျာကတဿ"ဟူ သည်တည်း။

(၃) ထို့နောင်သအညမညသမ္ပယုတ္တဃဋ္ဋနာကို ဟောတော်မူ၏။ ထို....၌ သမ္ပယုတ္တခန္ဓာအားတပ်သော အမောဟ။ ဤတရားတို့သည်။ပ။ "ဟေတု သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဒွေ"။၏။

(၄) ထို့နောင် သဝိပ္ပယုတ္တဃဋ္ဋနာကို ဟောတော်မူ၏။ ထိုသဝိပ္ပယုတ္တ ဃဋ္ဋနာ၌ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော အမောဟ။ဤတရားတို့သည်။ပ။"ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဒွေ"။ ၏။ ။ဒွေဟူသော်ကား" ကုသလော အဗျာကတဿ,အဗျာကတော အဗျာကတဿ"ဟူသည်တည်း။ ။

## သဝိပါက (၅)ချက်

(၁) ထို့နောင် သဝိပါကဃဋ္ဋနာကို ဟောတော်မူ၏။ထိုသဝိပါကဃဋ္ဋနာ၌ တုံသော်လည်း သဗ္ဗဋ္ဌာနိကဃဋ္ဋနာ,သအညမညဃဋ္ဋနာ, သအညမညသမ္ပယုတ္တ ဃဋ္ဋနာ, သဝိပ္ပယုတ္တဃဋ္ဋနာ, သအညမညဝိပ္ပယုတ္တဃဋ္ဋနာ, အားဖြင့် ငါးပါး အပြားရှိ၏။ ထို....တွင်သဗ္ဗဋ္ဌာနိကဃဋ္ဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို သဗ္ဗဋ္ဌာနိကဃဋ္ဋနာ၌ သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မ ဇရုပ်အားတပ်သောဝိပါက်၌ ရှိသော အမောဟ။ဤတရားတို့သည်။ပ။"ဟေတု သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ ဧကံ"။၏။ ။ ဧကံ ဟူသော်ကား "အဗျာကတော အဗျာကတဿ" ဟူသည်တည်း။

(၂) ထို့နောင် သအညမညဃဋ္ဋနာကို ဟောတော်မူ၏။ ထို....၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအားတပ်သောဝိပါက်၌ ရှိသော အမောဟ။ပ။ "ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ ဧကံ"။ ၏။

(၃) ထို့နောင် သအညမညသမ္ပယုတ္တဃဋ္ဋနာကို ဟောတော်မူ၏။ ထို....၌ သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဝိပါက်၌ရှိသော အမောဟ။ပ။ "ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"။၏။

(၄) ထို့နောင် သဝိပ္ပယုတ္တဃဋ္ဋနာကို ဟောတော်မူ၏။ ထိုသဝိပ္ပယုတ္တဃဋ္ဋ နာ၌ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဝိပါက်၌

ရှိသော အမောဟ။ပ။ "ဟေတု သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"။၏။

(၅) ထို့နောင် သအညမညဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ထိုသအညမညဝိပ္ပယုတ္တဃဋနာ၌ ဟဒယဝတ္ထုအား တပ်သော ပဋိသန္ဓေ၌ ရှိသော အမောဟ။ဤတရားတို့သည်။ပ။"ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"။၏။ ။ဧကံ ဟူသော်ကား "အဗျာကတော အဗျာကတဿ" ဟူသည်တည်း။ ။**ကတ္တားကား** ဟဒယဝတ္ထုအား တပ်သော တိဟိတ်ပဋိသန္ဓေဝါကာရ ပဋိသန္ဓေကိုးခု၌ရှိသော အမောဟပစ္စည်းတရား ရ၏။ ။**သမ္ပဒါန်ကား** ဟဒယဝတ္ထု။၏။ထို့ကြောင့်။ပ။ "ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ ဟေတူ ဝတ္ထုဿ ဟေတုပစ္စယေန ပစ္စယော။ပ။ အဝိဂတပစ္စယေန ပစ္စယော"။ ၏။ ။သဣန္ဒြိယမဂ္ဂ ဃဋနာ ပြီး၏။

## သာဓိပတိဣန္ဒြိယမဂ္ဂ ဃဋနာ (၆)

သဣန္ဒြိယမဂ္ဂဃဋနာကို ဟောတော်မူသည်၏အခြားမဲ့၌ သာဓိပတိဣန္ဒြိယ မဂ္ဂဃဋနာကိုဟောတော်မူ၏။ထို...၌တုံသော်လည်း အဝိပါကဃဋနာ,သဝိပါက ဃဋနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို....တွင် အဝိပါကဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ တုံသော်လည်း သဗ္ဗဋ္ဌာနိကဃဋနာ, သအညမည သမ္ပယုတ္တဃဋနာ, သဝိပ္ပယုတ္တဃဋနာအားဖြင့် သုံးပါး အပြားရှိ၏။ ထို....တွင် သဗ္ဗဋ္ဌာနိက ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထို....၌ သမ္ပယုတ္တခန္ဓာ၊သာဓိပတိစိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိ။ဤတရားတို့သည်။ပ။"ဟေတု အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ စတ္တာရိ"။၏။

(၂) ထို့နောင် သအညမညသမ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ ထို....၌ သမ္ပယုတ္တခန္ဓာအား တပ်သော ဝီမံသာဓိပတိ။ ဤတရားတို့သည်။ပ။ "ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဒွေ"။၏။

(၃) ထို့နောင် သဝိပ္ပယုတ္တဃဋနာကို ဟောတော်မူ၏။ထို....၌ သာဓိပတိ စိတ္တဇရုပ်အားတပ်သော ဝီမံသာဓိပတိ။ ဤတရားတို့သည်။ပ။ "ဟေတု အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဒွေ"။၏။

(၄) ထို့နောင် သဝိပါကဃဋနာကို ဟောတော်မူ၏။ထို..၌ တုံသော်လည်း သဗ္ဗဋ္ဌာနိကဃဋနာ, သအညမညသမ္ပယုတ္တဃဋနာ, သဝိပ္ပယုတ္တဃဋနာ အားဖြင့်

သုံးပါး အပြားရှိ၏။ ထို....တွင် သဗ္ဗဋ္ဌာနိက ဿဋ္ဌနာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို....၌ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဖိုလ်လေးခု၌ရှိသော ဝီမံသာဓိပတိ။ ဤတရားတို့သည် ဟေတု, အဓိပတိ, သဟဇာတ,နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, အတ္ထိ, အဝိဂတ ဤကိုးပစ္စည်းတပ်သော တရားမည်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို။ပ။ "ဟေတု အဓိပတိ သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ ကော်"။၏။

(၅) ထို့နောင် သအညမညသမ္ပယုတ္တဿဋ္ဌနာကို ဟောတော်မူ၏။ထို....၌ သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဖိုလ်လေးခု၌ ရှိသော ငီမံသာဓိပတိ။ပ။ "ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကော်"။ ၏။

(၆) ထို့နောင် သဝိပ္ပယုတ္တဿဋ္ဌနာကို ဟောတော်မူ၏။ ထို....၌ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဖိုလ်လေးခု၌ရှိသော ဝီမံသာဓိပတိ။ ဤတရားတို့သည်။ပ။ "ဟေတု အဓိပတိ သဟဇာတ နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ကော်"။ ၏။ ။"ဝိပါကာဗျာကတာ ဝီမံသာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ပ။ အဝိဂတပစ္စယေန ပစ္စယော" ဟု ဟောတော်မူအပ်၏။ ။ဟေတုသဘာဂတဆဲ့တပါး။ ဿဋ္ဌနာ နှစ်ဆဲ့လေးပါး။

ဟေတုပြီး၏။

---

**အာရမ္မဏ သဘာဂ (၇)**

ဟေတုမိဿကကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏမိဿကကို ဟောတော်မူ၏။ ထိုအာရမ္မဏမိဿက၌ တံသော်လည်း သဘာဂ, ဿဋ္ဌနာ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထို....တွင် သဘာဂကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသဘာဂ၌ တံသော်လည်း အာရမ္မဏမူ အဓိပတိသဘာဂ, နိဿယသဘာဂ, ဥပနိဿယသဘာဂ, ပုရေဇာတသဘာဂ, ဝိပ္ပယုတ္တသဘာဂ, အတ္ထိသဘာဂ, အဝိဂတသဘာဂ အားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထို....တွင် အဓိပတိသဘာဂကို ရှေးဦးစွာ ဟောတော်မူ၏။

(၁) ထို....၌ အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခု။မဟာကုသိုလ်ရှစ်ခု။ မဟာကြိယာ ဉာဏသမ္ပယုတ်လေးခု။ လောကုတ္တရာစိတ် ရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြာ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်လေးဆဲ့ခုနစ်ခု။ နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း။ ဤတရား

တို့သည် အာရမ္မဏ, အာရမ္မဏာဓိပတိ ပစ္စည်းနှစ်ပါး တပ်သော တရားမည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌။ပ။ "အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ"။၏။ ။သတ္တဟူသော်ကား "ကုသလော ကုသလဿ" အစရှိသည်တည်း။ ဝိဘင်္ဂဝါရမှ အာရမ္မဏာဓိပတိကို ကြည့်၍ ဟောလေ။

(၂) **နိဿယ သဘာဂ၌** မနောဒွါရာဝဇ္ဇန်း၊မရဏာသန္နဇော ငါးချက်၊ တဒါရုံအားတပ်သော စုတိစိတ်မှပြန်၍ရေသော် ကဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ, နိဿယပစ္စည်း နှစ်ပါးတပ်ကုန်၏။ ထို့ကြောင့်။ပ။ "အာရမ္မဏပစ္စယာ နိဿယေ တီဏိ"။ ၏။ ။တီဏိ ဟူသော်ကား အဗျာကတော အဗျာကတဿ, အဗျာကတော ကုသလဿ, အဗျာကတော အကုသလဿ။ ဟူသည်တည်း။ "အဗျာကတော အဗျာကတဿ"၌ **ကတ္တားကား** မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နကြိယာဇောငါးချက်၊ တဒါရုံအား တပ်သော စုတိစိတ်မှပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း။၏။ ။**သမ္ပဒါန်ကား** မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နကြိယာဇောငါးချက်၊ တဒါရုံ၊ ပစ္စယုပ္ပန်တရား ရ၏။ ။ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ။ အာရမ္မဏ။ပ။ ပစ္စယော"ဟု ဟောအပ်၏။ ။အဗျာကတောကုသလဿ၌ မရဏာသန္နကုသိုလ်ဇော ငါးချက်အား တပ်သော စုတိ။ပ။ ဝတ္ထု။၏။ ။အဗျာကတော အကုသလဿ၌ မရဏာသန္နအကုသိုလ်ဇော ငါးချက်အား တပ်သော။ပ။ ဝတ္ထုကိုကောက်။ ။ဝိဘင်းကို "ဝတ္ထု ကုသလာနံ၊ ဝတ္ထု အကုသလာနံ။ ခန္ဓာနံ"ဟု ဟောလေ။

(၃) ဥပနိဿယ သဘာဂသည် အဓိပတိသဘာဂနှင့် အလုံးတူပြီ။

(၄) **ပုရေဇာတ သဘာဂ၌** ကာမစိတ် စတုပညာသ၊ အဘိညာဥ်ဒွေးအား တပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏပုရေဇာတ ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ, ပုရေဇာတ ပစ္စည်းနှစ်ပါးတပ်သော တရားမည်ကုန်၏။ ထို့ကြောင့်။ပ။ "အာရမ္မဏပစ္စယာ ပုရေဇာတေ တီဏိ"။ ၏။ ။တီဏိ ဟူသော်ကား အဗျာကတော အဗျာကတဿ, အဗျာကတော ကုသလဿ, အဗျာကတော အကုသလဿ။ဟူသည်တည်း။ ။(အရကောက် ဝိဘင်းကို ပုရေဇာတမှာ အာရမ္မဏပုရေဇာတ အကောက် ဝိဘင်း အဝိုင်း ဟောလေ)။

(၅) **အာရမ္မဏဝိပ္ပယုတ္တသဘာဂဉ်** မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ငါးချက်၊ တဒါရုံအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် **အာ**ရမ္မဏ, ဝိပ္ပယုတ္တပစ္စည်းနှစ်ပါး တပ်ကုန်၏။ ထို့ကြောင့်။ပ။ "အာရမ္မဏပစ္စယာ ဝိပ္ပယုတ္တေ တီဏိ"။၏။ ။ (နိဿယသဘာဂနှင့် အတူကောက်လေ)။

(၆-၇) အတ္ထိသဘာဂ, အဝိဂတသဘာဂ။ ဤနှစ်ပါး ပုရေဇာတသဘာဂနှင့် တူပြီ)။ ။

[ပစ္စည်းတွန်းကိုဟောတုသဘာဂ ပစ္စည်းတွန်းကို နည်းမှီ၍ ရသင့်သည့်အလျောက် တွန်းလေ။ ။သဟဇာတမျိုးဖြစ်လျှင် သဟဇာတအလျောက်၊ အာရမ္မဏမျိုးဖြစ်လျှင် အာရမ္မဏအလျောက်၊ အနုလုံကို နှလုံးသွင်းထား၍ တွန်းလေ]။

## အာရမ္မဏ ဃဋနာ (၅)

(၅၇) သင်္ခါရဖျား၊ ဝိညာဏ်ကြား၊ စပ်ငြားတသန္ဓိ။
(၅၈) ဝေဒနာဖျား၊ တဏှာကြား၊ တပါးခြောက်သန္ဓိ။
(၅၉) ဘဝအဖျား၊ ဇာတိကြား၊ မခြားစပ်လေဘိ။
(၆၀) အစပ်သုံးဖြာ၊ မှတ်အပ်စွာ၊ ကျမ်းလာသည်တိုင်းရှိ။
(၆၁) ဟေတုဖလ၊ သမ္ဗန္ဓ၊ အစဆုံးသန္ဓိ။
(၆၂) ဖလဟေတု၊ စပ်သမှု၊ တခုလယ်သန္ဓိ။

[ငယ်ဘွဲ့တော် ဦးဇမ္ဗုဓဇ။ ပဌမတံဆိပ်တော် စက္ကာဘိဓဇမဟာဓမ္မရာဇဂုရု။ ဒုတိယတံဆိပ်တော် စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။ ၎င်းတံဆိပ်နာမံတော် ၂-ထပ်ကို။ ရတနာပုရ စတုတ္ထမြို့တည် နန်းတည်။ ဘကြီးတော် မင်းတရားကြီး လက်ထက်တော်အခါက။ ဆက်ကပ် လှူဒါန်းခံရသော။ **ဒုတိယ အုဋ္ဌကျောင်းဆရာတော်ကြီး** ဟူ၍၎င်း **ညောင်ကန်ဆရာတော်ဘုရားကြီး** ဟူ၍၎င်း။ **ဆရာတော်-ဦးဗုဓ်** ဟူ၍၎င်း။ ကျော်စောတော်မူသော မဟာထေရ်ပုဂ္ဂိုလ် အရှင်သူမြတ်သည်။ စီရင်တော်မူခဲ့သော ကျမ်းပေါင်း ၄၀-ကျော်တို့တွင်။ သက္ကရာဇ် ၁၁၈၃-ခုနယုန်လဆန်း ၈-ရက် အင်္ဂါနေ့နံနက် ၅-ဘဝါးပြည့်ချိန် ပီးရင်ပြီး။ ၁၀-ကြောင်းပေ။ ဒီ-အစ။ ဓာ-ဒုဆုံး။ ရွှေပိန်းချ။ **ပစ္စယာကာရဒီပနီကျမ်း** မှ၊ ၎င်းဆရာတော်ဘုရားကြီး၏။ မျက်မှောက် တပည့်ရင်း။ ညောင်ကန်တိုက်နေ။ **ဘုန်းတော်ကြီး ဦးရွှေတောင်** သည်။ ထုတ်နုတ်မှတ်ထားသည့် **သံပေါက်** များ ဖြစ်သည်။ ။

၎င်းသံပေါက်တို့၏ အဓိပ္ပါယ်ကိုပစ္စယာကာရဒီပနီကျမ်း၌၎င်း။ ဂိသုဒ္ဓိမဂ် အဋ္ဌကထာ ပညာဘူမိနိဒ္ဒေသ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒဝိဘင်း စသည်တို့၌၎င်း ယူကြပါကုန်]။

# ပဋ္ဌာန်း အနုဂဏ္ဍီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သဃ်ဇယော်ဟိ သောဘဏ္ဍော၊ တာရေတံ မုနိနာဝိကော။
ဘာသတော ဘိမမ္မဏ္ဍာဝံ၊ ပဋ္ဌာနဿ နုဂဏ္ဍိယံ။

ပဋ္ဌာန်းအရကောက်ကျမ်း အမှာစကားရပ်စု၌။ တိမ်မြုပ်ကွယ်ဝှက်သော အနက်အဓိပ္ပါယ်တို့ကို ပေါ်လွင် ထင်ရှားစေလျက် ကိုးကားသော သာဓကပါဠိ တို့ကိုလည်း အနက်မြန်မာပြန်၍ စာသင်သားတို့နှင့် လျော်ရုံ အဓိပ္ပါယ်အမေး အဖြေတို့ဖြင့် တန်ဆာဆင်လျက် **ရန်ကုန်မြို့၊ သုဓမ္မဝတီပိဋကတ်ပုံနှိပ်တိုက်၊ ပဌမ ကျော် ဦးကြီးဖေသည်** ပဋ္ဌာန်း အနုဂဏ္ဍိကို ရေးသား စီရင်အပ်သတည်း။

**မေး။** ။အဘယ်ကြောင့် ပဋ္ဌာန်းမည်သနည်း။

**ဖြေ။** ။အထူးထူးအပြားပြားရှိသော ပစ္စည်းရှိသောကြောင့်။(တနည်း)အထူး ထူးအပြားပြားရှိသော ဟေတုစသောပစ္စည်းတို့၏ အစွမ်းဖြင့်ဟောတော် မူအပ်သောကြောင့် ပဋ္ဌာန်းမည်ပါသည်။

**တနည်း** ကုသိုလ်အစရှိသော တရားတို့ကိုဟေတုပစ္စည်းအစရှိသည်တို့၏ အစွမ်း ဖြင့်ဝေဘန်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်ပါသည်။

**တနည်း** ဟေတုပစ္စည်းစသည်ပြားကုန်သော ကုသိုလ်စသောတရားတို့၌ ခဲ့ဘို ရာနည်းကို ရခြင်းကြောင့် ငြိစွမ်းခြင်းမရှိ သဗ္ဗညုတဉာဏ်၏ဖြစ်ရာဖြစ် သောကြောင့် ပဋ္ဌာန်းမည်ပါသည်။

ကေနဋ္ဌေန ပဋ္ဌာနန္တိ။ နာနပ္ပကာရ ပစ္စယဋ္ဌေန။ အပရော နယော ကေနဋ္ဌေန ပဋ္ဌာနန္တိ။ ဝိဘဇနတ္ထေန။ ။အပရော နယော ကေနဋ္ဌေန ပဋ္ဌာနန္တိ။ ပဋ္ဌိတတ္ထေန။ ဂမနတ္ထေနာတိ အတ္ထော။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၄၃**။

ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းမည်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ နာနပ္ပကာရပစ္စယဋ္ဌေန၊ အထူးထူးအပြားပြားရှိသော ပစ္စည်းရှိသော အနက်ကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းမည်၏။ ဣတိ၊ ဤကားအဖြေ တည်း။ ။အပရော၊ တပါးသော။ နယော၊ နည်းကို။ [မယာ ဝုစ္စတေ] (နောက် အပရော နယော ကေနဋ္ဌေန စသည်အနက်နည်းတူ) ဝိဘဇနတ္ထေန၊ ဝေဘန်ရာဖြစ်သော အနက်ကြောင့်။ ။ပဋ္ဌိတတ္ထေန၊ ဖြစ်ရာဖြစ်သောအနက်

ကြောင့်။ ဂမနတ္တေန၊ ဖြစ်ရာဖြစ်သောအနက်ကြောင့်။ ဣတိ အယံ၊ကား။ အတ္တော။ အနက်တည်း။

**မေး။** ။ပဋ္ဌာန်းနှစ်ဆဲ့လေးကျမ်းရှိ၏ဟု ဆိုရာ၊ ၎င်းနှစ်ဆဲ့လေးကျမ်းကိုရေတွက်၍ပြပါ။

**ဖြေ။** ။အနုလောမ၌ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်းအားဖြင့်ခြောက်ကျမ်း။ ထိုအတူပစ္စနီယ၌ ခြောက်ကျမ်း။ အနုလောမပစ္စနီယ၌ ခြောက်ကျမ်း။ ပစ္စနီယာနုလောမ၌ ခြောက်ကျမ်းစီရှိသဖြင့် နှစ်ဆဲ့လေးကျမ်းဖြစ်ပါသည်။

ဧဝံ အနုလောမေ ဆ ပဋ္ဌာနာနိ ဝိဒိတ္ဝာ ပစ္စနီယာဒီသုပိ ဣမိနာ ဝုပါယေန ဝေဒိတဗ္ဗာနိ။ ယသ္မာ ပနေတာနိ အနုလောမေ ပစ္စနီယေ အနုလောမပစ္စနီယေ ပစ္စနီယာနုလောမေတိ သမန္တာ ဆ ဆ ဟုတ္ဝာ စတုဝီသတိ ဟောန္တိ၊ တသ္မာ စတုဝီသတိ သမန္တပဋ္ဌာနာနီတိ ဝုစ္စတိ။ ။

**ပဋ္ဌာန်းအဋ္ဌကထာ-၃၄၃**

ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အနုလောမေ၊ အနုလောမ၌။ဆ၊ခြောက်ပါးကုန်သော။ ပဋ္ဌာနာနိ၊ ပဋ္ဌာန်းတို့ကို။ ဝိဒိတ္ဝာ၊သိကုန်၍။ ပစ္စနီယာဒီသုပိ၊ ပစ္စနီယစသည်တို့၌လည်း။ ဣမိနာဝ-ဥပါယေန၊ ဤအနုလောမ၌ဆိုအပ်ပြီးသော ဥပါယ်နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ပန၊ ဝိသေသသညာမှတပါး သာမညသညာကိုဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တောနိ၊ ဤပဋ္ဌာန်းကျမ်းတို့သည်။ အနုလောမေ၊၌၎င်း။ ပစ္စနီယေ၊၌၎င်း။ အနုလောမပစ္စနီယေ၊၌၎င်း။ပစ္စနီယာနုလောမေ၊၌၎င်း။ ဣတိ၊ သို့။ သမန္တာ၊အလုံးစုံသောအဘို့တို့ဖြင့်။ ဆ ဆ၊ ခြောက်ပါးခြောက်ပါးတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ စတုဝီသတိ၊ နှစ်ဆဲ့လေးပါးတို့သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ထိုကြောင့်။ စတုဝီသတိသမန္တပဋ္ဌာနာနီတိ၊ ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

---

## ဟေတုပစ္စည်း

**မေး။** ။ဟေတုသမ္ပယုတ္တကာနံ ဟူ၍သာ ဟောတော်မမူဘဲ အဘယ်ကြောင့် ဟေတူ ဟေတုသမ္ပယုတ္တကာနံဟု ဟောတော်မူသနည်း။

**ဖြေ။** ။ဟေတူဖြင့် ဟိတ်ခြောက်ပါးကားပစ္စည်း။ ဟေတုသမ္ပယုတ္တကာနံဖြင့် ဟိတ်ခြောက်ပါးနှင့် ယှဉ်သောတရား စသည်တို့ကား ပစ္စယုပ္ပန်။ ဤသို့ ပစ္စည်းနှင့် ပစ္စယုပ္ပန်ကို ပိုင်းခြားမှတ်သားစေလို၍ ဟေတုသမ္ပယုတ္တကာနံ သာမဟောဘဲ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဟု ဟောတော်မူပါသည်။

**တနည်း**—အဟိတ်စိတ္တုပ္ပါဒ်တို့ကိုလည်း၊ သမ္ပယုတ္တပစ္စည်း သာမညဖြစ်ရကား။ ဟေတုသမ္ပယုတ္တ အဖြစ်ကိုယူခဲ့ရာ၏။ ထိုသို့မယူရ။ ၎င်းတို့ကိုစင်စေလို၍ ဟေတုသမ္ပယုတ္တကာနံ သာ ဟောတော်မမူဘဲ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဟု ဟောတော်မူပါသည်။

ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ ဧတ္ထ ဟေတုသမ္ပယုတ္တကာနန္တိ အဝတ္ဝာ ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ ကသ္မာ ဝုတ္တန္တိ။ ပစ္စယဿ စေဝ ပစ္စယုပ္ပန္နာနဉ္စ ဝဝတ္ထာပနတော။ဟေတုသမ္ပယုတ္တကာနန္တိ ဟိ ဝုတ္တေ ဟေတုနာ သမ္ပယုတ္တကာနံ ဟေတုပစ္စယေန ပစ္စယောတိ အတ္ထော ဘဝေယျ။ ဧဝံ သန္တေ အသုကော နာမ ဓမ္မော ဟေတုပစ္စယေန ပစ္စယောတိ ပစ္စယ ဝဝတ္ထာနံ န ပညာယေယျ။

အထာပိ ဟေတုနာ သမ္ပယုတ္တကာနံ ဟေတုသမ္ပယုတ္တကာနန္တိ အတ္ထံ အဂ္ဂဟေတွာဝ ယေသံ ကေသဉ္စိ သမ္ပယုတ္တကာနံ ဟေတူ ဟေတုပစ္စယေန ပစ္စယောတိ အတ္ထော ဘဝေယျ။ ဧဝံ သန္တေ ဟေတုနာ ဝိပ္ပယုတ္တာ။ပ။ ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ အာဟ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၅၄**။

ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ ဧတ္ထ၊ ဟူသော ဝါကျ၌။ ဟေတုသမ္ပယုတ္တကာနန္တိ၊ ဟူ၍။ အဝတ္ဝာ၊ မဟောမူ၍။ ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ၊ ဟူ၍။ ကသ္မာ၊အဘယ်ကြောင့်။ ဝုတ္တံ၊ဟောအပ်သနည်း။ ဣတိ၊ဤသို့ မေးမြန်းအံ့။ ။ ပစ္စယဿ စေဝ၊ပစ္စည်းကိုရင်း။ပစ္စယုပ္ပန္နာနဉ္စ၊ပစ္စယုပ္ပန်တို့ကိုရင်း။ဝဝတ္ထာပနတော၊ ပိုင်းခြားမှတ်သား လိုသောကြောင့်။ (ဝုတ္တံ) ဟိ၊ အကျယ်ကိုဆိုဦးအံ့။ ဟေတုသမ္ပယုတ္တကာနန္တိ၊ဟူ၍။ ဝုတ္တေ၊ ဟောအပ်သည်ရှိသော်။ ဟေတုနာ၊ ဟိတ်နှင့်။ သမ္ပယုတ္တကာနံ၊သမ္ပယုတ်ဖြစ်ကုန်သော တရားတို့အား။ ဟေတုပစ္စယေန၊ဟေတုပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ ဣတိ အတ္ထော၊ဤသို့သော အနက်သည်။ဘဝေယျ၊ဖြစ်ခဲ့ရာ၏။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ အသုကော နာမ၊ ဤမည်သော။ ဓမ္မော၊ တရားသည်။ ဟေတုပစ္စယေန၊ဟေတုပစ္စယသတ္တိဖြင့်။ပစ္စယော-ဥပကာရကော၊သည်။ ဟောတိ၊၏။ ဣတိ၊ သို့။ပစ္စယဝဝတ္ထာနံ၊ပစ္စည်းကိုပိုင်းခြားမှတ်သားခြင်းသည်။န ပညာယေယျ၊ မထင်ရှားရာ။

ဟေတုနာ၊ နှင့်။ သမ္ပယုတ္တကာနံ၊ ယှဉ်ကုန်သည်တို့တည်း။ ဟေတု သမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သည်တို့။ ဣတိ အတ္ထံ၊ ဤသို့သော အနက်ကို။ အဂ္ဂဟေတွာဝ၊ မယူမူ၍သာလျှင်။ ယေသံ ကေသဉ္စိ၊အမှတ်မရှိကုန်သော။ သမ္ပယုတ္တကာနံ၊တို့အား။ ဟေတူ၊ ဟိတ်တို့သည်။ ဟေတုပစ္စယေန။ ဖြင့်၊ ပစ္စယော - ဥပကာရကော၊သည်။ ဟောတိ၊၏။ဣတိ အတ္ထော၊သည်။အထာပိ ဘဝေယျ၊အကယ်

ရှိလည်း ဖြစ်ငြားအံ့။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ ဟေတုနာ၊ နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်သော။ပ။ ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ၊ ဟူ၍။ အာဟ၊၏။

[မှတ်ချက်။ ။ဤဟေတုပစ္စည်း ပစ္စယနိဒ္ဒေသ အမှာဋ္ဌကြွင်းသောအဓိပ္ပါယ်နှင့် အကိုးသာဓကတို့မှာ ကျယ်ဝန်းသောကြောင့်ရင်း။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် တို့၏ အကြောင်းကို ကျွန်ုပ်တို့ ရေးသားအပ်သော ယမိုက် အနုဂဏ္ဌိ၌ ပါပြီးဖြစ်၍ရင်း လုံ့စ်လျှုရှုအပ်ပါသည် ]။

---

## အာရမ္မဏပစ္စည်း

မေး။ ။အာရမ္မဏပစ္စည်း ကျေးဇူးပြုပုံကို အကျဉ်းပြဆိုပါ။

ဖြေ။ ။တောင်ဝှေးကြိုးတန်းတို့သည် အားနည်းသော ယောကျ်ားကို ထနိုင် ရပ် တည် နိုင်အောင် ကျေးဇူး ပြုသကဲ့သို့။ ထို့ အတူ အာရုံ ခြောက်ပါးတို့ သည်။ အာရမ္မဏိက ဖြစ်သော စိတ်စေတသိက်တရားတို့ကို ဖြစ်နိုင် ရပ် တည်နိုင်အောင် ကျေးဇူးပြုကြပါသည်။

[ မှတ်ချက်။ ။ပါဠိအနေအထား ကံ ကတ္တား စသည်သို့ မလိုက်ဘဲ အဓိပ္ပါယ် ဖြောင့်အောင် နှလုံးသွင်း၍ ရေးသားခြင်း ဖြစ်သည် ]။

ယထာ ဟိ ဒုဗ္ဗလော ပုရိသော ဒဏ္ဍံ ဝါ ရဇ္ဇုံ ဝါ အာလမ္ဗိတွာ ဥဋ္ဌဟတိ စေဝ တိဋ္ဌတိ စ၊ ဧဝံ စိတ္တစေတသိကာ ဓမ္မာ ရူပါဒိအာရမ္မဏံ အာရဗ္ဘေဝ ဥပ္ပဇ္ဇန္တိ စေဝ တိဋ္ဌန္တိ စ။ **။ပဋ္ဌာန်း အဋ္ဌကထာ-၃၄၅။**

ဟိ၊ ဥပမာဖြင့် ထင်စွာပြဦးအံ့။ ဒုဗ္ဗလော၊ အားနည်းသော။ ပုရိသော၊ ယောကျ်ားသည်။ ဒဏ္ဍံ ဝါ၊ တောင်ဝှေးကိုရင်း။ ရဇ္ဇုံ ဝါ၊ ကြိုးတန်းကိုရင်း။ အာလမ္ဗိတွာ၊ ထောက်ဆွဲ၍သာလျှင်။ဥဋ္ဌဟတိ ယထာ စေဝ၊ထနိုင်သကဲ့သို့ရင်း။ တိဋ္ဌတိ ယထာ စ၊ ရပ်တည်နိုင်သကဲ့သို့ရင်း။ ဧဝံ တထာ၊ တူ။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ အာရမ္မဏိကတရားတို့သည်။ ရူပါဒိ အာရမ္မဏံ၊ ရူပါရုံအစရှိသော အာရုံကို။ အာရဗ္ဘေဝ၊ အာရုံပြု၍သာလျှင်။ ဥပ္ပဇ္ဇန္တိ စေဝ၊ဖြစ်လည်း ဖြစ်နိုင်ကုန်၏။တိဋ္ဌန္တိ စ၊ ရပ်လည်း ရပ်တည်နိုင်ကုန်၏။

မေး။ ။ရူပါယတနမှစ၍ သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ။ပ။ တိုင်အောင် ပါဌ်တို့ဖြင့် အာရုံအာရမ္မဏိကအဖြစ် ပြီးပြီးလျက်။ အဘယ်ကြောင့် ယံယံ ဓမ္မံ စသောပါဌ်ကိုထပ်၍ ဟောတော်မူသနည်း။

ဖြေ။ ။ရူပါယတနံ။ပ။ စသော ပါဌ်ဖြင့် အာရုံ အာရမ္မဏိက အဖြစ်ပြီးသည် ကား မှန်၏။ သို့သော်လည်း အာရုံပြုသောခဏ၌သာ အာရုံခြောက်ပါး

တို့သည် သတ္တဝိညာဏခေတ်တို့အား အာရမ္မဏပစ္စည်း ဖြစ်ကြသည်။ သို့ဖြစ်ရာတွင်လည်း အတူတကွ မဖြစ်ကြကုန်။ သူ့ အာရမ္မဏိကတရား နှင့် သူ့အာရုံတရားတို့ အသီးသီးဖြစ်ကြသည်ကို ပြတော်မူခြင်းငှါ ယံ ယံ ဓမ္မံ စသော ပါဌ်ကို ထပ်၍ဟောပါသည်။

ယံ ယံ ဓမ္မံ အာရဗ္ဘာတိ ဣမိနာ ယေ ယေ တေ တေ တာသံ သတ္တန္နံ ဝိညာဏ ဓာတူနံ အာရမ္မဏဓမ္မာ ဝုတ္တာ၊ တေ တာသံ ဓာတူနံ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇနကဓမ္မာနံယေဝ အာရမ္မဏပစ္စယာ ဟောန္တီတိ ဒီပေတိ။ ဧဝံ ဟောန္တာပိ စ န ကေတော ဟောန္တိ၊ ယံ ယံ အာရဗ္ဘ ယေ ယေ ဥပ္ပဇ္ဇန္တိ၊ တေသံ တေသံ တေ တေ ဝိသုံ ဝိသုံ အာရမ္မဏပစ္စယာ ဟောန္တီတိပိ ဒီပေတိ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၅၈။**

ယံ ယံ ဓမ္မံ အာရဗ္ဘာတိ ဣမိနာ၊ ဤပါဌ်ဖြင့်။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ ဝိညာဏဓာတူနံ၊ ဝိညာဏဓာတ်တို့၏။ ယေ တေ အာရမ္မဏဓမ္မာ၊ အကြင် ဆိုအပ်ပြီးသော သဘောရှိသော အာရုံတရားတို့ကို။ ဝုတ္တာ၊ ကုန်၏။ တေ အာရမ္မဏဓမ္မာ၊ တို့သည်။ တာသံ ဓာတူနံ၊ ထိုခုနစ်ပါးသော ဓာတ်တို့အား။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဥပ္ပဇ္ဇနကဓမ္မာနံယေဝ၊ ဖြစ်ဆဲသောခဏ၌သာလျှင်။ အာရမ္မဏပစ္စယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့သော အနက်ကို။ ဒီပေတိ၊ ပြတော်မူ၏။ စ၊ ထိုမှတပါး။ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသော အခြင်းအရာ ဖြင့်၊ အာရမ္မဏပစ္စယာ၊ တို့သည်။ ဟောန္တာပိ၊ ဖြစ်ကုန်သော်လည်း။ ကေတော၊ တကွနက်။ န ဟောန္တိ၊ မဖြစ်ကုန်။ ယံ ယံ၊ အကြင်အကြင် အာရုံတရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ ယေ ယေ၊ အကြင်အကြင် အာရမ္မဏိကတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တေသံ တေသံ၊ ထိုအာရမ္မဏိကတရားတို့အား။ တေ တေ၊ ထိုထိုအာရုံတရားတို့သည်။ ဝိသုံ ဝိသုံ၊ အသီးအသီး။ အာရမ္မဏပစ္စယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိပိ၊ ဤသို့သော အနက်ကိုလည်း။ ဒီပေတိ၊ ပြတော်မူ၏။

## အဓိပတိပစ္စည်း

**မေး။** ။ဟေတု ဟေတုသမ္ပယုတ္တကာနံဟုဟောတော်မူသကဲ့သို့အဓိပတိ အဓိပတိ သမ္ပယုတ္တကာနံ ဟု ဟောတော်မမူဘဲ အဘယ်ကြောင့် ဆန္ဒာဓိပတိ ဆန္ဒ သမ္ပယုတ္တကာနံ စသည်ဖြင့် ဟောတော်မူသနည်း။

**ဖြေ။** ။ဟိတ်တရားတို့ကား တပြိုင်နက် တခဏတည်း၌၊ ဟိတ်နှစ်ပါး သုံးပါး စသည် ပစ္စည်းတပ်သကဲ့သို့။ အဓိပတိတရားတို့ကား မတပ်ကုန်။ ပြိုင်ဘက်မရှိ အသီးအသီးသာ ပစ္စည်းတပ်ကြသောကြောင့် အဓိပတိ

အဓိပတိသမ္ပယုတ္တကာနံ စသည်ဖြင့် မဟောဘဲ ဆန္ဒာဓိပတိ စသည်ဖြင့် အသီးသီး ဟောပါသည်။

ကသ္မာ ပန ယထာ ဟေတုပစ္စယနိဒ္ဒေသေ ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ ဝုတ္တံ၊ ဧဝမိဓ အဓိပတိ အဓိပတိသမ္ပယုတ္တကာနန္တိ အဝတွာ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနန္တိအာဒိနာ နယေန ဒေသနာ ကတာတိ။ ကေကွဏာ အဘာဝတော။ ။ **ပဋ္ဌာန်း အဋ္ဌကထာ-၃၆၀။**

ဟေတုပစ္စယနိဒ္ဒေသေ၊ ၌။ ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိ၊ ၍။ ဝုတ္တံ ယထာ၊ ဟောသကဲ့သို့။ ဧဝံ တူ။ ဣဓ၊ ဤအဓိပတိပစ္စယနိဒ္ဒေသ၌။ အဓိပတိ အဓိပတိသမ္ပယုတ္တကာနန္တိ၊ ဟူ၍။ အဝတွာ၊ မဟောမူ၍။ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနန္တိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့် ဒေသနာ၊ ဒေသနာတော်ကို။ ကတာ၊ ပြုအပ်သနည်း။ ဣတိ၊ ဤသို့ မေးခြားအံ့။ ကေကွဏာ၊ တပြိုင်နက်ထည်းသော ခဏာ၌။ တေသံ၊ ထိုအဓိပတိတို့၏။ အဘာဝတော၊ မဖြစ်ခြင်းကြောင့်တည်း။ (ဣတိ ဝိသဇ္ဇေတဗ္ဗော)။

---

## အနန္တရပစ္စည်း

မေး။ ။စက္ခုဝိညာဏဓာတု စသော ပါဠ်ဖြင့် စက္ခုဝိညာဉ်သည် သမ္ပဋိစ္ဆိုင်းအား သမ္ပဋိစ္ဆိုင်းသည် သန္တီရဏအား ကျေးဇူးပြုပုံကို ပြသကဲ့သို့ သန္တီရဏသည် ဝုဋ္ဌောအား စသည်ဖြင့် ဘဝင်တိုင်အောင် အဘယ်ကြောင့် အစဉ်အတိုင်း မပြသနည်း။

ဖြေ။ ။အစဉ်အတိုင်း ပြသင့်၏။ သို့သော်လည်း နောက်က ပြအပ်ပြီးသော နည်းဖြင့် သိလောက်ပြီဖြစ်၍ ဒေသနာတော်ကို အကျဉ်းချုံး၍ ထားသောကြောင့်ရင်း။ (တနည်း) နောက်၌ ပြလတ္တံ့သော ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ စသော ပါဠ်ဖြင့် သင်္ဂြိုဟ်အပ်သောကြောင့်ရင်း မပြပါ။

တတော ပရံ ပန ဝေါဋ္ဌဗ္ဗနဇဝနတဒါရမ္မဏဘဝင်္ဂကိစ္စာ မနောဝိညာဏဓာတုယော ဝတ္တဗ္ဗာ သိယုံ။ တာ အဝုတ္တာပိ ဣမိနာဝ နယေန ဝေဒိတဗ္ဗာတိ နယံ ဒဿေတွာ ဒေသနာ သံခိတ္တာ။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာတိ အာဒိကေ စ ဆင်္ဂနယေ တာ သင်္ဂဟိတာတိပိ ဣမာ န ဝုတ္တာတိ ဝေဒိတဗ္ဗာ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၆၂။**

ပန၊ အဘို့တပါးကိုဆိုဦးအံ့။ တတော၊ ထိုသန္တီရဏစိတ်မှ။ ပရံ၊ နောက်၌။ ပဝတ္တာ၊ ကုန်သော။ ဝေါဋ္ဌဗ္ဗနဇဝနတဒါရမ္မဏ ဘဝင်္ဂကိစ္စာ။ ဝုဋ္ဌော,ဇော,တဒါရုံ, ဘဝင်ကိစ္စ တပ်ကုန်သော။ မနောဝိညာဏဓာတုယော၊ မနောဝိညာဏဓာတ်

တို့ကို။ ဝတ္တဗ္ဗာ၊ ဟောအပ်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ တာ၊ တို့ကို။ အဝုတ္တာပိ၊ တိုက်ရိုက် မဟောအပ်ကုန်သော်လည်း။ ဣမိနာဝ နယေန၊ ဤဟောအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဣတိ-တသ္မာ၊ ကြောင့်။ နယံ၊ သိလောက်သောနည်းကို။ ဒဿေတွာ၊ ပြပြီး၍။ ဒေသနာ၊ ကို။ သံခိတ္တာ၊ ချုံးအပ်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ပုရိမာ ပုရိမာတိ အာဒိကေ၊ သော။ ဆဋ္ဌနယေ၊ ဆဋ္ဌနည်း၌။ တာ၊ ထိုဝုဋ္ဌော, ဇော, တဒါရုံ, ဘဝင်ကိစ္စ တပ်သော မနောဝိညာဏဓာတ်တို့ကို။ သင်္ဂဟိတာ၊ ပေါင်း၍ ယူအပ်ကုန်၏။ ဣတိ-တသ္မာပိ၊ ကြောင့်လည်း။ ဣဓ၊ ဤပဌမနယ၌။ န ဝုတ္တာ၊ ကုန်။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ·

**မေး**။ ။စက္ခုဝိညာဏဓာတု စသောပါဌ်ဖြင့် ပစ္စည်း ပစ္စယုပ္ပန်အဖြစ် ပြီးပြီးလျက်။ အဘယ်ကြောင့် ယေသံ ယေသံ အစရှိသောပါဌ်ကို ထပ်၍ ဟောတော်မူသနည်း။

**ဖြေ**။ ။ပြီးပြီးဖြစ်သော်လည်း။ အနန္တရပစ္စည်း ပစ္စယုပ္ပန် တရားတို့၏။ အကျဉ်း လက္ခဏာကိုပြလို၍ ယေသံ ယေသံ စသောပါဌ်ကို ထပ်၍ ဟောပါသည်။

ယေသံ ယေသန္တိ ဣဒံ သဗ္ဗေသမ္ပိ အနန္တရပစ္စယဓမ္မာနံ သင်္ခေပ လက္ခဏန္တိ အယံ တာဝေတ္ထ ပါဠိဝဏ္ဏနာ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၆၃**။

ယေသံ ယေသန္တိ ဣဒံ၊ ယေသံ ယေသံ ဟူသော ဤပုဒ်သည်။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အနန္တရပစ္စယဓမ္မာနံ၊ အနန္တရပစ္စည်း တပ်သော တရားတို့၏။ သင်္ခေပလက္ခဏံ၊ အကျဉ်းအားဖြင့် မှတ်ကြောင်း လက္ခဏာတည်း။ ဣတိ အယံ၊ ကား။ တာဝ၊ စွာ။ ဧတ္ထ၊ ဤအနန္တရပစ္စယနိဒ္ဒေသ၌။ ပါဠိဝဏ္ဏနာ၊ ပါဠိတော်အဖွင့်တည်း။

---

## သမနန္တရ ပစ္စည်း

**မေး**။ ။အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် တူသလော ထူးခြားသလော ရှင်းလင်း၍ပြပါ။

**ဖြေ**။ ။အနန္တရပစ္စည်းနှင့်သမနန္တရပစ္စည်းတို့ကား ဥပစယနှင့် သန္တတိကဲ့သို့ရင်း။ အဓိဝစနဒုက်နှင့် နိရုတ္တိဒုက် စသည်တို့ကဲ့သို့ရင်း။ အနက်အားဖြင့် အထူး အပြားမရှိပါ။ သဒ္ဒါမျှသာ ထူးပါသည်။

ယော အနန္တရပစ္စယော၊ သွေဝ သမနန္တရပစ္စယော။ ဗျဉ္ဇနမတ္တမေဝေတ္ထ နာနံ၊ ဥပစယသန္တတိအာဒီသု ဝိယ အဓိဝစန နိရုတ္တိဒုကာဒီသု ဝိယ စ၊ အတ္ထတော ပန နာနံ နတ္ထိ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၄၆**။

ယော၊ အကြင်တရားသည်။ အနန္တရပစ္စယော၊ အနန္တရပစ္စည်းမည်၏။ သော၀၊ ထိုတရားသည်ပင်လျှင်။ သမနန္တရပစ္စယော၊ သမနန္တရပစ္စည်း မည်၏။ ဟိသစ္စံ၊ မှန်၏။ ဧတ္ထေ၊ ဤအနန္တရပစ္စည်း သမနန္တရပစ္စည်း တို့၌။ ဗျဉ္ဇနမတ္တမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူး၏။ ကေသုဝိယ၊ ကား။ ဥပစယသန္တတိအာဒီသုဝိယ စ၊ ဥပစယသန္တတိအစရှိသည် တို့၌ ကဲ့သို့ငှင်း။အဓိဝစနနိရုတ္တိဒုကာဒီသုဝိယ စ၊ အဓိဝစနဒုက် နိရုတ္တိဒုက် အစရှိသည် တို့၌ ကဲ့သို့ငှင်းတည်း။ ပန၊ ပါး။ အတ္ထတော၊ အနက်အားဖြင့်။ နာနံ၊ အထူး သည်။ နတ္ထိ၊ မရှိ။

---

## သဟဇာတပစ္စည်း

**မေး။** ။ရူပိနော ဓမ္မာ။ပ။ယော၊စသော စကားကိုအဘယ်ကို ရည်၍ ဟောတော် မူသနည်း။

**ဖြေ။** ။ဟဒယဝတ္ထုကို ရည်၍ ဟောပါသည်။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ပ။ဟဒယဝတ္ထုမေဝ သန္ဓာယ ဝုတ္တံ။ ။**ပဋ္ဌာန်းအဋ္ဌကထာ-၃၄၇။**

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန် သော။ ဓမ္မာနံ၊ တို့အား။ ကိဉ္စိကာလံ၊ ပဋိသန္ဓေအခါ၌။ သဟဇာတပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ပ။ ဣဒံ ဝစနံ၊ ဤစကားကို။ ဟဒယဝတ္ထု မေဝ၊ ဟဒယဝတ္ထုကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အပ်၏။

[**မှတ်ချက်။** ။အညမည နိဿယတို့၌ အဘိဓမ္မာနှင့် စပ်ဆိုင်သော စကား အထူးမပါ]။

---

## ဥပနိဿယပစ္စည်း

**မေး။** ။ကုသိုလ်သည် အကုသိုလ်အားကျေးဇူးပြုရာ၌ ကေသဉ္စိဟူသော ပါဠ်ကို အဘယ်ကြောင့် ထည့်၍ ဟောသနည်း။

**ဖြေ။** ။ကေသဉ္စိပါဌ်ဖြင့် အနန္တရူပနိဿယကို စင်စေလိုသောကြောင့် ထည့်၍ ဟောပါသည်။

ကုသလေန ပန အကုသလေ သမနန္တရာတီတာ န လဗ္ဘန္တိ။တေနေဝ ဝုတ္တံ"အကုသလာနံ ဓမ္မာနံ ကေသဉ္စိဥပနိဿယပစ္စယေန ပစ္စယော"တိ။ ။ **ပဋ္ဌာန်း အဋ္ဌကထာ- ၃၆၈။**

ပန၊ ထိုမှတပါး။ ကုသလေန အကုသလေ၊ ကုသလေန အကုသလပဒဥ္စ။ သမနန္တရာတိ တာ။ ကောင်းစွာ အခြားမဲ့ဖြစ်၍ လွန်ကုန်ပြီးသော တရားတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယောတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောအပ်၏။

မေး။ ။ဥတုဘောဇန သေနာသန ပုဂ္ဂလတို့ကို ပရမတ် ပညတ်ခွဲ၍။ ပုဂ္ဂလောပိ သေနာသနမ္ပိတို့ဥ္စ ပိသဒ္ဒါ၏ အနက်ကိုလည်း ညွှန်းပြပါ။

ဖြေ။ ။ဥတုဘောဇန သေနာသနတို့ကား ပရမတ်။ ပုဂ္ဂလကား ပညတ်ဖြစ်ပါသည်။ ပုဂ္ဂလောပိ သေနာသနမ္ပိ ဥ္စ ပိသဒ္ဒါကား သင်္ကန်း တောင် တောချုံ စသော ပကတူပနိဿယ တပ်ကောင်းသမျှကို ပေါင်း၍ ယူခြင်း အနက်ရှိပါသည်။

မေး။ ။အရည ပဗ္ဗတ စသည်ကို ဦးတည်၍ မဟောဘဲ အဘယ်ကြောင့် ပုဂ္ဂလ, သေနာသန နှစ်ပါးကိုသာ ဦးတည်၍ ဟောသနည်း။

ဖြေ။ ။ပုဂ္ဂလ, သေနာသန နှစ်ပါးကား ကုသိုလ် အကုသိုလ်ဖြစ်ခြင်း၌ အားကြီးသော အကြောင်းဖြစ်သောကြောင့်။ ၎င်းနှစ်ပါးကိုသာ ဦးတည်၍ ဟောပါသည်။

ပုဂ္ဂလောပိ သေနာသနမ္ပိတိ ဣဒံ ဒွယံ ပကတူပနိဿယဝသေန ဝုတ္တံ။ ဣဒဥ္စ ဒွယံ ကုသလာကုသလပဝတ္တိယာ ဗလဝပစ္စယော ဟောတိ။ ။**ပဋ္ဌာန်း အဋ္ဌကထာ- ၃၆၉။**

ပုဂ္ဂလောပိ သေနာသနမ္ပိတိ ဣဒံ ဒွယံ၊ ဤပုဒ်နှစ်ခုတို့၏ အပေါင်းကို။ ပကတူပနိဿယဝသေန၊ ပကတူပနိဿယ၏ အစွမ်းဖြင့်၊ ဝုတ္တံ၊ ၏။ ဟိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ ဣဒံ ဒွယံ၊ သည်။ ကုသလာကုသလပဝတ္တိယာ၊ ကုသိုလ် အကုသိုလ်ဖြစ်ခြင်း၏။ ဗလဝပစ္စယော၊ အားကြီးသော အကြောင်းသည်။ ဟောတိ၊ ၏။

မေး။ ။ပဋ္ဌာဝါရ၌ ပဋ္ဌမဈာနဿ ပရိကမ္မံ၏ အရကို ပဋ္ဌမဈာန်၏ အနန္တရ ပရိကံကို ယူရမည်လော။ သို့မဟုတ် ပုဗ္ဗဘာဂ ပရိကံကို ယူရမည်လော ရှင်းလင်း၍ပြပါ။

ဖြေ။ ။ပဋ္ဌမဈာန်၏ အနန္တရပရိကံကို မယူရပါ။ပထဝီပထဝီစသည်ဖြင့် စီးဖြန်းသော ကာမာဝစရ ကုသိုလ်ဇောဟု ဆိုအပ်သော ပုဗ္ဗဘာဂ ပရိကံကို ယူရပါသည်။

ပရိကမ္မန္တိ အနန္တရံ အဂ္ဂဟေတွာ ပုဗ္ဗဘာဂေ ပရိကမ္မံ ဂဟေတဗ္ဗံ။ ။ **ပဋ္ဌာန်း အဋ္ဌကထာ-၄၄၃။**

ပရိကမ္မန္တိ၊ ကား။ အနန္တရံ၊ စျာန်၏ အခြားမဲ့၌ ဖြစ်သော ပရိကံကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ပုဗ္ဗဘာဂေ၊ စျာန်၏ရှေးအဘို့၌။ ပဝတ္တံ၊ ဖြစ်သော။ ပရိကမ္မံ၊ ပရိကံကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

**မေး**။ ။ကုသိုလ်သည် အကုသိုလ်အား ပကတူပနိဿယဖြင့် ကျေးဇူးပြုရာ၌ လောကီ လောကုတ္တရာနှစ်မျိုးရှိရာ အဘယ်ကုသိုလ်ကို ယူရမည်နည်း။

**ဖြေ**။ ။သန္တ ပဏီတ ဥတ္တမ ဖြစ်သော လောကုတ္တရာကုသိုလ်ကား အကုသိုလ်ကို ဖျက်ဆီးတတ်သည်။ လ-သည် အမိုက်တိုက်အား အထောက်အပံ့မဖြစ်သကဲ့သို့ အကုသိုလ်အား အထောက်အပံ့ မဖြစ်စေနိုင်သောကြောင့် လောကုတ္တရာကုသိုလ်ကို မယူရပါ။ လောကီကုသိုလ်ကိုသာ ယူရပါသည်။

ဧဝမေတ္ထ လောကိယကုသလဉ္စေဝ ဒဿိတံ။ လောကုတ္တရံ ပန သန္တံ ပဏီတံ ဥတ္တမံ အကုသလဝိဒ္ဓံသနံ။ တသ္မာ စန္ဒောဝိယ အန္ဓကာရတမာနံ န အကုသလဿ ဥပနိဿယော ဟောတီတိ န ဂဟိတံ။ ။ **ပဋ္ဌာန်း အဋ္ဌကထာ-၄၄၄**။

ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဧတ္ထ၊ ဤကုသလော အကုသလဿဟူ၍လာသောပါဠိ၌။ လောကိယကုသလဉ္စေဝ၊ လောကီကုသိုလ်ကိုသာလျှင်။ ဒဿိတံ၊ ပြတော်မူအပ်၏။ ပန၊ ထိုမှတပါး။ လောကုတ္တရံ၊ လောကုတ္တရာကုသိုလ်သည်။ သန္တံ၊ ငြိမ်သက်၏။ ပဏီတံ၊ မွန်မြတ်၏။ ဥတ္တမံ၊ လွန်ကဲ၏။ အကုသလဝိဒ္ဓံသနံ၊ အကုသိုလ်ကို ဖျက်ဆီးတတ်၏။ တသ္မာ၊ ကြောင့်။ စန္ဒော၊ လ-သည်။ အန္ဓကာရတမာနံ၊ အမိုက်တိုက်တို့အား။ ဥပနိဿယော၊ အထောက်အပံ့သည်။ န ဟောတိဝိယ၊ သို့။ အကုသလဿ၊ အား။ ဥပနိဿယော၊ သည်။ န ဟောတိ၊ မဖြစ်။ ဣတိ တသ္မာ၊ ကြောင့်။ န ဂဟိတံ၊ မယူအပ်။

**မေး**။ ။ကုသိုလ်စေတနာသည် ဝိပါက်အား ကျေးဇူးပြုရာ၌ အဘယ်စေတနာကို ယူရမည်နည်း။

**ဖြေ**။ ။ဗလဝစေတနာ ဒုဗ္ဗလစေတနာ နှစ်မျိုးရှိရာ ဗလဝစေတနာကို**သာ** ယူရပါသည်။

သာ ပန ဗလဝစေတနာဝ လဗ္ဘတိ၊ နဒုဗ္ဗလာ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၄၄၄**။

ပန၊ ဆက်၍ဆိုဦးအံ့။ သာ၊ ထိုကုသိုလ် စေတနာကို။ ဗလဝစေတနာဝ၊ အားကြီးသော စေတနာကိုသာလျှင်။ လဗ္ဘတိ၊ ရအပ်၏။ ဒုဗ္ဗလာ၊ ဒုဗ္ဗလစေတနာကို။ န လဗ္ဘတိ၊ မရအပ်။

**မေး**။ ။အကုသိုလ်သည် အကုသိုလ်အားပကတူပနိဿယဖြင့် ကျေးဇူးပြုရာဝယ် ဗလဝသည်ဒုဗ္ဗလအား။ဒုဗ္ဗလသည် ဗလဝအား ကျေးဇူးပြုနိုင်ပါသလော။

ဖြေ။ ။ဗလဝသည် ဒုဗ္ဗလအား။ဒုဗ္ဗလသည် ဗလဝအား။ကျေးဇူးပြုနိုင်ပါသည်။

တသ္မာ ဗလဝံ ဒုဗ္ဗလဿ ဒုဗ္ဗလဉ္စ ဗလဝဿာပိ ဥပနိဿယော ဟောတိ-ယေဝ။ ယံ ပန ပစ္စယဝိဘင်္ဂေ ဥဒ္ဒေသဝဏ္ဏနာယံ ဝုတ္တံ ဗလဝကာရဏ-ဋ္ဌေန ဥပနိဿယော ဟောတီတိ၊ တံ ကာရဏဘာဝသေဝ။ဗလဝတာယ ဝုတ္တံ န ဥပနိဿယမတ္တာနံ။ ကမ္မကိလေသာဟိ ဗလဝန္တောပိ ဒုဗ္ဗလာပိ ဗလဝကာရဏံ ဟောန္တိယေဝ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၄၄၆**။

တသ္မာ၊ ကြောင့်။ ဗလဝံ၊ အားကြီးသော အကုသိုလ်သည်။ ဒုဗ္ဗလဿာပိ၊ အားနည်းသော အကုသိုလ်အားလည်း။ ဒုဗ္ဗလံ၊ သည်။ ဗလဝဿာပိ၊ အားလည်း။ ဥပနိဿယော၊ သည်။ ဟောတိယေဝ၊ သာလျှင်တည်း။ ပန၊ ပါး။ ပစ္စယဝိဘင်္ဂေ၊ ပစ္စယဝိဘင်္ဂဝါရ၏။ ဥဒ္ဒေသဝဏ္ဏနာယံ၊ ဥဒ္ဒေသအဖွင့်၌။ ဗလဝကာရဏဋ္ဌေန၊ အားကြီးသော အကြောင်း၏ အဖြစ်တည်းဟူသော အနက်သဘောဖြင့်။ ဥပနိဿယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ယံ၊ အကြောင်းစကားကို။ ဝုတ္တံ၊ ၏။ တံ၊ ကို။ ကာရဏဘာဝသေဝ၊ အကြောင်း၏ အဖြစ်၏ သာလျှင်။ ဗလဝတာယ၊ အားကြီးသည်မည်သည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ ၏။ ဥပနိဿယမတ္တာနံ၊ ဥပနိဿယပစ္စည်း တပ်သောတရားတို့၏။ ဗလဝတာယ၊ ဖြင့်။ န ဝုတ္တံ၊ ဆိုအပ်သည်မဟုတ်။ ဟိ၊ မှန်၏။ ကမ္မကိလေသာ၊ ကံကိလေသာတို့သည်။ ဗလဝန္တောပိ၊ ကုန်သော်ငြား။ ဒုဗ္ဗလာပိ၊ ကုန်သော်ငြား။ ဗလဝကာရဏံ၊ အားကြီးသော အကြောင်းသည်။ ဟောန္တိယေဝ၊ ဖြစ်ကုန်သည်သာလျှင်တည်း။

မေး။ ။နိယတ မိစ္ဆာဒိဋ္ဌိဟုဆိုရာ အဘယ်ဒိဋ္ဌိကိုယူရမည်နည်း။

ဖြေ။ ။အဟေတုကဒိဋ္ဌိ အကြိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ ၎င်းသုံးပါးကို ယူရပါသည်။

နိယတမိစ္ဆာဒိဋ္ဌိ နာမ အဟေတုကဝါဒ အကြိယဝါဒ နတ္ထိကဝါဒေသု အညတရာ။ ။**ဓမ္မသင်္ဂဏီ အဋ္ဌကထာ**။

နိယတမိစ္ဆာဒိဋ္ဌိနာမ၊ မည်သည်ကား။ အဟေတုကဝါဒအကြိယဝါဒနတ္ထိကဝါဒေသု၊ အဟေတုကအယူ အကြိယအယူ နတ္ထိကအယူတို့တွင်။ အညတရာ၊ တပါးပါးသောအယူတည်း။

မေး။ ။မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဟူရာဝယ် မာတုဃာတကကံ တခုသာ ဖြစ်လျက် အဘယ်သို့ကျေးဇူးပြုနိုင်သနည်း။

ဖြေ။ ။သူတပါးအမိသတ်သည်ကို မြင်၍ မိမိအမိကို သတ်သောသူ၏ အစွမ်းဖြင့် ၎င်း တပါးသောဘဝ၌ အမိသတ်ခဲ့၍ နောက်ဘဝ၌ အမိကိုသတ်သူ၏ အစွမ်းဖြင့်၎င်း။ အမိကိုသတ်ဟု အဖန်တလဲလဲ စေခိုင်းသောသူ၏

အစွမ်းဖြင့်ရင်း။ နှစ်ကြိမ်သတ်က မုချသေမည့်အမိကို နှစ်ကြိမ်သတ်သူ၏ အစွမ်းဖြင့်ရင်း၊ မာတုဃာတကကံသည် မာတုဃာတကကံအား ကျေးဇူး ပြုနိုင်ပါသည်။

မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿာတိ အညံ မာတရံ ဟနန္တံ ဒိသွာ ဝဋ္ဋတိ ဧဝံ ကာတုန္တိ အတ္တနော မာတရံ ဟနန္တဿ ဝါ ကေသ္မိံ ဘဝေ ဟန္တွာ အပရသ္မိမ္ပိ ဟနနဝသေန ဝါ ကေသ္မိံယေဝ ဘဝေ ဂန္တွာ မေ မာတရံ ဟနာဟီတိ ပုနပ္ပုနံ အာဏာပနဝသေန ဝါ ဒွိဟိ ပဟာရေဟိ နိယတမရဏာယ ဒုတိယပဟာရဒါနဝသေန ဝါ မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယော ဟောတိ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၄၄၆**။

မာတုဃာတိကမ္မံ။ပ။တိ၊ ကား။ အညံ၊ တပါးသောသူကို။ မာတရံ၊အမိကို။ ဟနန္တံ၊ သတ်သည်ကို။ ဒိသွာ၊ မြင်၍။ ဧဝံ၊ ဤသို့ အမိကိုသတ်ခြင်းကို။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ အတ္တနော၊ မိမိ၏။ မာတရံ၊ ကို။ ဟနန္တဿ၊ သတ်သောသူ၏။ ဝသေန ဝါ၊ အစွမ်းဖြင့်ရင်း။ ကေသ္မိံဘဝေ။ တခု သောဘဝ၌။ ဟန္တွာ၊ သတ်၍။ အပရသ္မိမ္ပိ၊ တပါးသော ဘဝ၌လည်း။ ဟနန- ဝသေန ဝါ၊ သတ်ခြင်း၏ အစွမ်းဖြင့်ရင်း။ ကေသ္မိံယေဝ ဘဝေ၊ ၌သာလျှင်။ ဂန္တွာ၊ သွားလေ။ မေ၊ ၏။ မာတရံ၊ ကို။ ဟနာဟိ၊ သတ်လော့။ ဣတိ၊ သို့။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အာဏာပနဝသေန ဝါ၊ စေခိုင်းခြင်း၏ အစွမ်းဖြင့်ရင်း။ ဒွိဟိ ပဟာရေဟိ၊ နှစ်ကြိမ်ပုတ်ခတ်ခြင်းတို့ကြောင့်။ နိယတမရဏာယ၊ မြဲသော သေခြင်းရှိသောအမိအား။ ဒုတိယပဟာရဒါနဝသေန ဝါ၊ နှစ်ကြိမ်မြောက် ပုတ် ခတ်ခြင်းကိုပေးခြင်း၏ အစွမ်းဖြင့်ရင်း။ မာတုဃာတိကမ္မံ၊ သည်။ မာတုဃာတိ ကမ္မဿ၊ အား။ ဥပနိဿယော၊ သည်။ ဟောတိ၊ ၏။

**မေး**။ ။ကာယိကံ သုခံ ကာယိကဿ ဒုက္ခဿ-ဟူရာဝယ် သုခသည် ဒုက္ခအား အဘယ်သို့ ကျေးဇူးပြုသနည်း။

**ဖြေ**။ ။ချမ်း၍ အတိုင်းအရှည်မရှိ မီးလှုံသောသူတို့အား ရှေးဦးစွာဖြစ်သော သုခသည် နောက်ဖြစ်သော ဒုက္ခစသည်တို့အား ကျေးဇူးပြုနိုင်ပါသည်။

သီတာဒီသု ပန အဂ္ဂိသန္တာပနာဒီနိ အတိသေဝန္တဿ ပုဗ္ဗဘာဂေ သုခံ အပရဘာဂေ ဒုက္ခဿ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၄၄၇**။

ပန၊ ပါး။ သီတာဒီသု၊ အချမ်းအစရှိသည်တို့ကြောင့်။ အဂ္ဂိသန္တာပနာဒီနိ၊ မီးလှုံခြင်းအစရှိသည်တို့ကို။ အတိသေဝန္တဿ၊ အတိုင်းအရှည်မရှိ မှီဝဲသောသူ၏။ ပုဗ္ဗဘာဂေ၊ ရှေးအဘို့၌။ ပဝတ္တံ၊ ဖြစ်သော။ သုခံ၊ သုခသည်။ အပရဘာဂေ၊ နောက်အဘို့၌။ ပဝတ္တဿ၊ သော။ ဒုက္ခဿ၊ အား။ (ဥပနိဿယော၊ ဟောတိ)။

## ပုရေဇာတ ပစ္စည်း

**မေး။** ။ပစ္စယနိဒ္ဒေသ၌ ပုရေဇာတကို ပဉ္စဒွါရ၌သာပြခဲ့၏။ ပဉ္စာဝါရ၌ကား စက္ခုံ အနိစ္စတောစသည်ဖြင့် ဟောတော်မူသောကြောင့် မနောဒွါရ၌ လည်း ရသင့်သည်မဟုတ်ပါလော။ အဘယ်ကြောင့် မပြသနည်း။

**ဖြေ။** ။ရသင့်၏။ အကြွင်းအကျန်နှင့်တကွ သာဝသေသအားဖြင့် ဟောတော် မူသော ဒေသနာဖြစ်၍ မပြပါ။

**မေး။** ။အဘယ်ကြောင့် အကြွင်းအကျန်နှင့်တကွ သာဝသေသအားဖြင့် ဟော တော်မူသနည်း။

**ဖြေ။** ။ပစ္စယနိဒ္ဒေသ၏ မကျဉ်းမကျယ်သော ဒေသနာဖြစ်၍ သာဝသေသအား ဖြင့် ဟောပါသည်။

ပဉ္စာဝါရေ ပန။ပ။ မနောဒွါရေပိ အာရမ္မဏပုရေဇာတံ လဗ္ဘတေဝ။ ဣဓ ပန သာဝသေသဝသေန ဒေသနာ ကတာတိ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၇၁**။

(ပဉ္စာဝါရေ ပန။ပ။) မနောဒွါရေပိ၊ မနောဒွါရ၌လည်း။ အာရမ္မဏ ပုရေဇာတံ၊ အာရမ္မဏပုရေဇာတပစ္စည်းကို။ လဗ္ဘတေဝ။ ရအပ်သည်သာ တည်း။ ပန၊ ထိုသို့ပင် ရအပ်သော်လည်း။ ဣဓ၊ ဤပစ္စယနိဒ္ဒေသ၌။ သာဝ- သေသဝသေန၊ အကြွင်းအကျန်ရှိသည်၏ အစွမ်းအားဖြင့်။ ဒေသနာ၊ ဒေသနာ ကို။ ကတာ၊ ပြုတော်မူအပ်၏။ ဣတိ၊ အပြီးတည်း။

**မေး။** ။ပဋိစ္စဝါရ၌ ဝတ္ထုံ ပုရေဇာတပစ္စယာဟု ဝတ္ထုပုရေဇာတကိုသာ ဟော၍ အဘယ်ကြောင့် အာရမ္မဏပုရေဇာတကို မဟောသနည်း။

**ဖြေ။** ။ပဉ္စာရုံတို့သည် ပဉ္စဝိညာဏဓာတ်အား ပစ္စုပ္ပန်ဖြစ်၍ အာရမ္မဏ ပုရေဇာတပစ္စည်း ဖြစ်ကုန်၏။ မနောဝိညာဏ်တို့ကား မနောဝိညာဏ ဓာတ်အား အတိတ် အနာဂတ်လည်းဖြစ်၍ အမြဲပုရေဇာတပစ္စည်း မဖြစ်ကုန်။ ထိုသို့ပုရေဇာတပစ္စည်း အဖြစ် မမြဲသောကြောင့် အာရမ္မဏ ပုရေဇာတကို မဟောပါ။

အာရမ္မဏံ ပန နိယမတော ပုရေဇာတပစ္စယဘာဝံ န လဘတိ။ ရူပါယတနာဒီနိ ဟိ စက္ခုဝိညာဏာဒီနံယေဝ ပုရေဇာတပစ္စယတံ သာဓေန္တိ။ မနောဝိညာဏဓာတုယာ အတီတာနာဂတာနိပိ အာရမ္မဏံ ဟောန္တိယေဝ။ တသ္မာ ဣဓ န ဂဟိတံ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၄၁၅**။

ပန၊ ပါး။ အာရမ္မဏံ၊ အာရုံဖြစ်သော တရားသည်။ နိယမတော၊ မြဲသော အားဖြင့်။ ပုရေဇာတပစ္စယဘာဝံ၊ အာရမ္မဏပုရေဇာတပစ္စည်း၏ အဖြစ်ကို။ န လဘတိ၊ မရ။ ဟိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ ရူပါယတနာဒီနိ၊ ရူပါရုံ အစရှိသည်တို့သည်။ စက္ခုဝိညာဏာဒီနံယေဝ၊ စက္ခုဝိညာဏ်အစရှိသည်တို့အား သာလျှင်။ ပုရေဇာတပစ္စယတံ၊ ကို။ သာဓေန္တိ၊ ပြီးစေကုန်၏။ မနောဝိညာဏ ဓာတုယာ၊ အား။ အတီတာနာဂတာနိပိ၊ အတိတ် အနာဂတ် ဖြစ်ကုန်သော် လည်း။ ရူပါယတနာဒီနိ၊ တို့သည်။ အာရမ္မဏံ၊ သည်။ ဟောန္တိယေဝ၊ သာတည်း။ တသ္မာ၊ ကြောင့်။ဣဓ၊ ဤပုရေဇာတပစ္စည်း၌။ တံ၊ ထိုအာရမ္မဏ ပုရေဇာတပစ္စည်းကို။ န ဂဟိတံ၊ မယူအပ်။

**မေး။** ။အာပေါ အစရှိသည်တို့လည်း ပုရေဇာတပစ္စည်းဖြစ်လျက် မဟောမူ၍ အဘယ်ကြောင့် ပဋ္ဌာဝါရ၌ စက္ခုံ အနိစ္စတော ဟူ၍သာ ဟောတော်မူသနည်း။

**ဖြေ။** ။အာပေါ စသည်တို့ကား နူးညံ့သိမ်မွေ့သော သုခုမရုပ်ဖြစ်၍ မသိလွယ်။ ရုန့်ရင်းကြမ်းတန်းသော စက္ခုစသော ဩဠာရိကရုပ်တို့ဖြင့်သာ သိလွယ် သောကြောင့် စက္ခုံ အနိစ္စတော ဟူ၍ ဟောတော်မူပါသည်။

ပုရေဇာတေ စက္ခာဒီနို ဩဠာရိကဝသေန ဝုတ္တာနိ။ အာပေါဓာတု- အာဒီနိပိ ပန ပုရေဇာတာရမ္မဏာနိ ဟောန္တိယေဝ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၄၄၉။**

ပုရေဇာတေ၊ ပုရေဇာတပစ္စည်း၌။ စက္ခာဒီနိ၊ စက္ခာယတန အစရှိသည်တို့ကို။ ဩဠာရိကဝသေန၊ ဩဠာရိကရုပ်၏ အစွမ်းဖြင့်။ ဝုတ္တာနိ၊ ကုန်၏။ ပန၊ စက္ခာယတန စသည်တို့ကိုသာ သရုပ်ထုတ်၍ ဟောအပ် သော်လည်း။ အာပေါဓာတု အာဒီနိပိ၊အာပေါဓာတ် အစရှိသည် တို့သည်လည်း။ပုရေဇာတာရမ္မဏာနိ၊ ပုရေဇာတဖြစ်သောအာရုံတို့သည်။ဟောန္တိယေဝ။ ဖြစ်ကုန်သည်သာလျှင်တည်း။

---

## ပစ္ဆာဇာတပစ္စည်း

**မေး။** ။ဥပါဒ်,ဌီ,ဘင်ဟု ခဏသုံးပါးရှိရာ။ ပစ္ဆာဇာတ ပစ္စည်းသည် အဘယ် ခဏ၌ ကျေးဇူးပြုသနည်း။

**ဖြေ။** ။ဥပါဒ်ခဏ, ဘင်ခဏ၌ ကျေးဇူးမပြုပါ၊ ဌီခဏ၌သာ ကျေးဇူးပြုပါသည်။

ပုရေဇာတဿာတိ တေသံ ဥပ္ပါဒတော ပဌမတရံ ဇာတဿ ဇာတိက္ခဏံ အတိက္ကမိတွာ ဌိတိပ္ပတ္တဿ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၇၂။**

ပုရေဇာတဿာတိ၊ ကား။ တေသံ၊ ထိုပစ္စည်းတရားတို့သည်။ ဥပ္ပါဒတော၊ မှ။ ပဌမတရံ၊ ရှေးဦးစွာ။ ဇာတဿ၊သော။ ဇာတိက္ခဏံ၊ ဥပါဒ်ခဏကို။

အတိက္ကမိတွာ၊ လွန်၍။ ဌိတိပ္ပတ္တဿ၊ ရုပ်၏ ဋီသို့ရောက်သော။ (ဣမဿ ကာယဿ)။

**မေး။** ။ဆဝါရ၌ ပစ္ဆာဇာတပစ္စည်းကို အဘယ်ကြောင့် မဟောသနည်း။

**ဖြေ။** ။ပစ္ဆာဇာတပစ္စည်းသည် ပစ္စုပ္ပန်တရားတို့အား ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြုသည်။ ဇနကသတ္တိဖြင့် ကျေးဇူးမပြုသောကြောင့် ဟောတော်မမူပါ။

**တနည်း**....ပစ္စယုပ္ပန် ရုပ်၏ ဥပါဒ်ဆဲခဏ၌ ကျေးဇူးမပြု။ ရုပ်၏ ဌီခဏ၌သာ ကျေးဇူးပြုသဖြင့် ဥပ္ပဇ္ဇတိ ကြိယာနှင့် မတန်သောကြောင့် ဟောတော်မမူပါ။

ပစ္ဆာဇာတော ကုသလာကုသလာနံ ပစ္စယော န ဟောတိ။ အဗျာကတဿပိ ဥပတ္ထမ္ဘကောဝ။ နဇနကော တသ္မာ "ဥပ္ပဇ္ဇတိ ပစ္ဆာဇာတ ပစ္စယာ"တိ ဧဝံ ဝတ္တဗ္ဗော ကောစိ ဓမ္မောပိ နတ္ထီတိ ပစ္ဆာဇာတပစ္စယဝသေန ဝိဿဇ္ဇနံ န ကတံ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၄၁၅။**

ပစ္ဆာဇာတော၊ သည်။ ကုသလာနံ၊ ကုသိုလ်တရားတို့အား။ ပစ္စယော၊ ကျေးဇူးပြုသည်။ န ဟောတိ၊ မဖြစ်။ အဗျာကတဿပိ၊ အဗျာကတအားလည်း။ ဥပတ္ထမ္ဘကောဝ၊ အထောက်အပံ့သည်သာလျှင်။ ဟောတိ၊ ၏။ ဇနကော၊ ဖြစ်စေတတ်သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ပစ္ဆာဇာတ ပစ္စယာတိ၊ ဟူ၍။ ဧဝံ၊ ဤသို့။ ဝတ္တဗ္ဗော၊ သော။ ကောစိ ဓမ္မောပိ၊ သည်လည်း။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ ပစ္ဆာဇာတပစ္စယဝသေန၊ ဖြင့်။ ဝိဿဇ္ဇနံ၊ ကို။ န ကတံ၊ အပ်။

---

## အာသေဝနပစ္စည်း

**မေး။** ။ကုသိုလ် အကုသိုလ်သည် ဝိပါက်ကြိယာအား အဘယ်ကြောင့် အာသေဝနပစ္စည်း မတပ်သနည်း။

**ဖြေ။** ။ပြားသောဇာတ်ရှိသော ဝိပါက်ကြိယာတို့မှာ အဘန်တလဲလဲ မှီဝဲအပ်ထုံအပ်သော အာသေဝနဂုဏ် ကင်းသဖြင့် ကုသိုလ်သဘော အကုသိုလ်သဘောကို ယူစေခြင်းငှါ မစွမ်းနိုင်သောကြောင့် အာသေဝနပစ္စည်း မတပ်နိုင်ပါ။

အတ္တနော ဂတိံ ဂါဟာပေတုံ အသမတ္ထတာယ။ ဘိန္နဇာတိကာဟိ ဘိန္နဇာတိကာနံ အရူပဓမ္မာနံ အာသေဝနဂုဏေန ပဂုဏဗလဝဘာဝံ သာဓယမာနာ အတ္တနော ကုသလာဒိဘာဝသင်္ခါတံ ဂတိံ ဂါဟာပေတုံ န သက္ကောန္တိ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၃၇၃။**

အတ္တနော၊ မိမိ၏။ ဂတိံ၊ သဘောကို။ ဂါဟာပေတုံ၊ ယူစေခြင်းငှါ။ အသမတ္ထတာယ၊ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ အကျယ်ကို ဆိုဦးအံ့။ ဘိန္နဇာတိကာ၊ ပြားသော ဇာတ်ရှိကုန်သော တရားတို့သည်။ ဘိန္နဇာတိကာနံ၊ ကုန်သော။ အရူပဓမ္မာနံ၊ နာမ်တရားတို့အား။ အာသေဝနဂုဏေန၊ အဘန်တလဲလဲမှီဝဲခြင်း ထုံခြင်းတည်းဟူသော ကျေးဇူးဖြင့်။ ပဂုဏဗလဝ ဘာဝံ၊ လေ့လာသည်၏အဖြစ် အားကြီးသည်၏ အဖြစ်ကို။ သာဓယမာနာ၊ ပြီးစေကုန်လျက်။ အတ္တနော၊၏။ ကုသလာဒိဘာဝသင်္ခါတံ၊ ကုသိုလ်စသည်၏အဖြစ်ဟု ဆိုအပ်သော။ ဂတိံ၊ သဘောကို။ ဂါဟာပေတုံ၊ ယူစေခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကုန်။

မေး။ ။ဝိပါက်သည် ဝိပါက်အား။ အဘယ်ကြောင့် အာသေဝန ပစ္စည်းမတပ်သနည်း။

ဖြေ။ ။ဝိပါက်ကား၊ ကံ၏အကျိုးမျှသာဖြစ်၍ အားနည်းသဖြင့် အဖန်တလဲလဲ မှီဝဲအပ် ထုံအပ်သော သဘောမရှိ၊ တပါးသော ဝိပါက်ကို မဖြစ်စေနိုင်သောကြောင့် အာသေဝန ပစ္စည်းမတပ်နိုင်ပါ။

> အထ ဝိပါကာဗျာကတံ ကသ္မာ န ဂဟိတန္တိ။ အာသေဝနာဘာဝေန ဝိပါကဉှိ ကမ္မဝသေန ဝိပါကဘာဝပ္ပတ္တံ ကမ္မပရိဏာမိတံ ဟုတွာ ပဝတ္တတိ နိရုဿာဟံ ဒုဗ္ဗလန္တိ အာသေဝနဂုဏေန အတ္တနော သဘာဂံ ဂါဟာပေတွာ ပရိဘာဝေတွာ နေဝ အညံ ဝိပါကံ ဥပ္ပါဒေတုံ သက္ကောတိ။ န ပုရိမဝိပါကာနုဘာဝံ ဂဟေတွာ ဥပ္ပဇ္ဇတိတန္တိ။ ကမ္မဝေဂက္ခိတ္တံ ပန ပတိတံ-ဝိယ ဟုတွာ ဥပ္ပဇ္ဇတီတိ သဗ္ဗထာပိ ဝိပါကေ အာသေဝနံ နတ္ထီတိ အာသေဝနာဘာဝေန ဝိပါကံ န ဂဟိတံ။ ။ပဋ္ဌာန်း အဋ္ဌကထာ-၃၇၃။

အထ၊ လျှင်။ ဝိပါကာဗျာကတံ၊ ဝိပါက်အဗျာကတကို။ ကသ္မာ၊ ကြောင့်။ န ဂဟိတံ၊ မယူအပ်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ အာသေဝနာဘာဝေန၊ အဖန်တလဲလဲမှီဝဲအပ် ထုံအပ်သော အဖြစ်မရှိသောကြောင့်။ (န-ဂဟိတံ) ဟိ၊ အကျယ်ကိုဆိုဦးအံ့။ ဝိပါကံ၊ သည်။ ကမ္မဝသေန၊ ဖြင့်။ ဝါ၊ ကြောင့်။ ဝိပါကဘာဝပ္ပတ္တံ၊ ဝိပါက်၏အဖြစ်သို့ ရောက်သည်။ ကမ္မပရိဏာမိတံ၊ ကံသည် စီရင်စေအပ်သည်။ ဟုတွာ၊၍။ ပဝတ္တတိ၊ ၏။ ဣတိ၊ ကြောင့်။ နိရုဿာဟံ၊ အားထုတ်ခြင်းကင်းသည်။ ဒုဗ္ဗလံ၊ အားနည်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ အာသေဝနဂုဏေန၊ အဖန်တလဲလဲ မှီဝဲခြင်းထုံခြင်း ကျေးဇူးဖြင့်။ အတ္တနော၊၏။ သဘာဂံ၊ သဘောကို။ ဂါဟာပေတွာ၊ ယူစေ၍။ ပရိဘာဝေတွာ။ အဖန်တလဲလဲပွါးစေ၍။ အညံ၊ သော။ ဝိပါကံ။ ဝိပါက်ကို။ ဥပ္ပါဒေတုံ၊ ငှါ။ နေဝ သက္ကောတိ၊ မစွမ်းနိုင်။ ပုရိမဝိပါကာနုဘာဝံ၊ ရှေးဖြစ်သော ဝိပါက်၏

အစွမ်းကို။ ဂဟေတွာ၊ ၍။ ဥပ္ပဇ္ဇိတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။ ပန၊ စင်စစ်သော်ကား။ ကမ္မဝေဂက္ခိတ္တံ၊ ကံအဟုန်သည် ပစ်လွှတ်အပ်သည်ဖြစ်၍။ ပတိတံဝိယ၊ ကျသကဲ့သို့။ ဥပ္ပဇ္ဇဟိ၊၏။ ဣတိ၊ကြောင့်။ သမ္ဗန္ဓာပိ၊ ဖြင့်လည်း။ ဝိပါကော၊ ၌။ အာသေဝနံ၊သည်။ နတ္ထိ၊ မရှိ။ ဣတိအာသေဝနာဘာဝေန၊ ကြောင့်။ဝိပါကံ၊ကို။ န ဂဟိတံ၊ အပ်။ (ဣတိဝိဿဇ္ဇနာ)။

---

## ကမ္မပစ္စည်း

မေး။ ။နာနာက္ခဏိက ကမ္မသည် အဘယ်အခါ၌ အကျိုးပေးသနည်း။ ဖြစ်ဆဲခဏ၌ပင် အကျိုးပေးသလော။

ဖြေ။ ။နာနာက္ခဏိက ကမ္မသည် ဖြစ်ဆဲခဏ၌ အကျိုးမပေးနိုင်။ ချုပ်ပြီးသော နောက်ကာလ၌သာ အကျိုးပေးပါသည်။

ကမ္မပစ္စယေနာတိ အနေကာနမ္ပိ ကပ္ပကောဋီနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိကကမ္မပစ္စယေနာတိ အတ္ထော။ ကုသလာကုသလဉှိ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ န ဒေတိ။ ယဒိ ဒဒေယျ၊ ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ။ တဿာနုဘာဝေန တသ္မိံယေဝ ခဏေ ဒေဝေါ ဘဝေယျ၊ ယသ္မိံ ပန ခဏေ တံ ကတံ တတော အညသ္မိံ ခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေဝ ဓမ္မေ ဥပပဇ္ဇေ ဝါ အပရေ ဝါ ပရိယာယေ အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ။ နိရုဒ္ဓါပိ ပုရိမသိပ္ပါဒိကြိယာ ဝိယ ကာလန္တရေ ပစ္ဆိမသိပ္ပါဒိကြိယာယ။ တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ။ ။ ပဋ္ဌာန်း အဋ္ဌကထာ-၃၇၄။

ကမ္မပစ္စယေနာတိ၊ ကား။ အနေကာနံ၊ များစွာကုန်သော။ ကပ္ပကောဋီနံ၊ ကမ္ဘာကုဋေတို့၏။ မတ္ထကေပိ၊ အထက်၌လည်း။ အတ္တနော၊ ၏။ ဖလံ၊ ကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှါ။ သမတ္ထေန၊စွမ်းနိုင်သော။နာနာက္ခဏိကကမ္မပစ္စယေန၊ ဖြင့်။ ဣတိ၊ ဤကား။ အတ္ထော၊ တည်း။ဟိ၊ ထင်စွာပြဦးအံ့။ ကုသလာကုသလံ၊ ကုသိုလ် အကုသိုလ်ဖြစ်သော။ ကမ္မံ၊ သည်။ အတ္တနော၊ ၏။ ပဝတ္တိက္ခဏေ၊ဖြစ်ဆဲခဏ၌။ ဖလံ၊ ကို။ န ဒေတိ၊ မပေး။ ယဒိ ဒဒေယျ၊ အကယ်၍ပေးငြားအံ့။ ဇေ၊ ဤသို့ပေးသည်ရှိသော်။ မနုဿော၊ လူသည်။ ဒေဝလောကူပဂံ၊ နတ်ပြည်သို့လားစေတတ်သော။ ယံ ကုသလကမ္မံ၊ ကို။ ကရောတိ၊ ပြု၏။ တဿ၊ ထိုကုသိုလ်ကံ၏။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ တသ္မိံယေဝ ခဏေ၊ ထိုကုသိုလ်ကံပြုသောခဏ၌ပင်လျှင်။ ဒေဝေါ၊ နတ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ပန၊ ထိုသို့မဟုတ်။ ယသ္မိံ ခဏေ၊ ၌။ တံ၊ ထိုကံကို။ ကတံ၊ ပြုအပ်၏။ တတော၊

ကံပြုသော အခါ၌။ အညသ္မိံ ခဏေ၊ တပါးသော ခဏ၌။ အဝိဇ္ဇမာနမ္ပိ၊ ထင်ရှားမရှိသော်လည်း။ ကေဝလံ၊ သက်သက်။ ကဋတ္တာယဝ၊ ပြုအပ်ပြီး သည်၏ အဖြစ်ကြောင့်သာလျှင်။ ဒိဋ္ဌေဝဓမ္မေ ဝါ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌၎င်း။ ဥပပဇ္ဇေ ဝါ၊ အခြားမဲ့သော ဘဝ၌၎င်း။ အပရေ ဝ၊ ပရိယာယေ၊ အဆက်ဆက်သောဘဝ၌၎င်း။ အဝသေသပစ္စယသမာယောဂေ၊ ကံမှကြွင်းသော အကြောင်း၏ ညီညွတ် စည်းဝေးခြင်းသည်။ သတိ၊ သော်။ ဖလံ၊ ကို။ ဥပ္ပါဒေတိ၊ ၏။ ကိံ ဝိယ၊ ကား။ နိရုဒ္ဓါပိ၊ ချုပ်ပြီးသော်လည်း။ ပုရိမသိပ္ပါဒိကြိယာ၊ ရှေး၌ဖြစ်သော အတတ်အစရှိသည်ကို ပြုခြင်းသည်။ ကာလန္တရေ၊ ကာလ တပါး၌။ ပစ္ဆိမသိပ္ပ၊ဒိကြိယာယ၊ နောက်၌ ဖြစ်သော အတတ် အစရှိသည်ကို ပြုခြင်းအား။ ပစ္စယော၊ အထောက်ပံ့သည်။ ယောတိဝိယ၊ ကဲ့သို့တည်း။ တသ္မာ၊ ကြောင့်။ နာနာက္ခဏိကကမ္မပစ္စယောတိ၊ ဟူ၍။ ဝုစ္စတိ။၏။

မေး။ ။ပဥ္စာဝါရ၌ ပဋိသန္ဓေအခါ ကဋတ္တာ စ ရူပါနံ ဟု ဟောရာဝယ်။ ဟဒယ-ဝတ္ထုလည်း ကဋတ္တာရုပ်ဖြစ်၍ ပြီးကောင်းလျက် စေတနာဝတ္ထုဿ ဟု အဘယ့်ကြောင့်အထူးပြု၍ ဟောပြန်သနည်း။

ဖြေ။ ။ပဋိသန္ဓေအခါ ဟဒယဝတ္ထုသည် နာမ်တရားတို့အား သဟဇာတ စသောပစ္စည်းတပ်၏။ ထိုသို့ပင်တပ်သော်လည်း စေတနာသည်လည်း ဟဒယဝတ္ထုအား ပစ္စည်းတပ်သည်၏ အဖြစ်ကို သိစေလိုသောကြောင့် အထူးပြု၍ဟောပါသည်။

စေတနာဝတ္ထုဿာတိ ကိဥ္စာပိ ပဋိသန္ဓိက္ခဏေ ဝတ္ထု ပတိဋ္ဌိတာ အရူပဓမ္မာ ဝတ္ထုပစ္စယာ ဝတ္တန္တိ။ စေတနာ ပန ဝတ္ထုဿာပိ ပစ္စယောတိ ဒဿေတုံ ဝုတ္တံ။ ။**ပဋ္ဌာန်း အဋ္ဌကထာ-၄၄၉။**

စေတနာဝတ္ထုဿာတိ၊ ကား။ ပဋိသန္ဓိက္ခဏေ၊ ၌။ ဝတ္ထုပတိဋ္ဌိတာ၊ ဟဒယ-ဝတ္ထုကို မှီကုန်သော။ အရူပဓမ္မာ၊ ပဋိသန္ဓေ နာမက္ခန္ဓာဟု ဆိုအပ်သော နာမ်တရားတို့သည်။ ဝတ္ထုပစ္စယာ။ ဟဒယဝတ္ထုဟု ဆိုအပ်သော အကြောင်း ကြောင့်။ ကိဥ္စာပိ ဝတ္တန္တိ၊ အကယ်၍ကား ဖြစ်ကုန်၏ရှင့်။ ပန၊ သော်လည်း။ စေတနာ၊ သည်။ ဝတ္ထုဿာပိ၊ ဟဒယဝတ္ထုအားလည်း။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့သောအနက်ကို။ ဒဿေတုံ၊ ငှါ၊ ဝုတ္တံ၊ ၏။

## ဝိပါကပစ္စည်း

မေး။ ။ပဥ္စာဝါရဝယ် ဝိပါက် အဗျာကတသည် ရုပ်အား ကျေးဇူးပြုသည်ကို ဟောပါလျက်။ ပစ္စယနိဒ္ဒေသဝယ် အဘယ်ကြောင့် ဟောတော်မမူပါ သနည်း။

ဖြေ။ ။အကြောင်း ထား၍ ဟောအပ်သော သာဝသေသဒေသနာဖြစ်၍ ဟောတော်မမူပါ။

ပဥ္စာဝါရေပန။ ပ။ ရူပါနမ္ပိ ဝိပါကပစ္စယော လဗ္ဘတိ။ ကြမ ပန သာဝသေသဝသေန ဒေသနာ ကတာတိ။ ။ပဋ္ဌာန်းအဋ္ဌကထာ-၃၇၆။

ပန၊ပါး။ ပဥ္စာဝါရေ၌။ ပ။ ရူပါနမ္ပိ၊တို့၏လည်း။ဝိပါကပစ္စယော၊ကို။ လဗ္ဘတိ၊ ၏။ ပန၊ ထိုသို့ပင် ရအပ်သော်လည်း။ကြမ၊ ဤပစ္စယနိဒ္ဒေသ၌။ သာဝသေသဝသေန၊ အကြွင်းရှိသည်၏ အစွမ်းဖြင့်။ ဒေသနာ၊ ကို။ ကတာ၊ ပြုတော်မူအပ်၏။

---

## အာဟာရပစ္စည်း

မေး။ ။ကဗဠီကာရော အာဟာရောဟူ၍ ဟောရာ၌ ဩဇာအရ အဘယ်ဩဇာကို ယူရသနည်း။

ဖြေ။ ။ဗဟိဒ္ဓဖြစ်သော ဥတုဇဩဇာကိုသာ မယူရပါ။ စတုသမုဋ္ဌာနိက ဩဇာကို ယူရပါသည်။

ကဗဠီကာရော အာဟာရောတိစတုသန္တတိ သမုဋ္ဌာနေ ရူပေ ဩဇာ အာဟာရော နာမ။ သော ပန ယသ္မာ ကဗဠံ ကရိတွာ အဇ္ဈောဟရိတောဝ အာဟာရကိစ္စံ ကရောတိ။ န ဗဟိ ဌိတော။ တသ္မာ အာဟာရောတိ အဝတွာ ကဗဠီကာရော အာဟာရောတိ ဝုတ္တံ။ ။ပဋ္ဌာန်းအဋ္ဌကထာ-၃၇၇။

ကဗဠီကာရော အာဟာရောတိ၊ ကား။ စတုသန္တတိသမုဋ္ဌာနေ၊ လေးပါးသော အကြောင်းအစဉ်လျှင် ဖြစ်ကြောင်းရှိသော။ ရူပေ၊ ၌။ ဩဇာ။ ဩဇာသည်။ အာဟာရော နာမ၊ မည်၏။ ပန၊ ဆက်။ သော၊ ထို အာဟာရသည်။ ယသ္မာ၊ကြောင့်။ ကဗဠံ၊အလုပ်အလွေ့ကို။ ကရိတွာ၊ပြု၍။ အဇ္ဈောဟရိတောဝ၊ မျိုအပ်သော်သာလျှင်။ အာဟာရကိစ္စံ၊ အာဟာရကိစ္စကို။ ကရောတိ၊၏။ ဗဟိ၊ အပ၌။ ဌိတော၊ တည်သည်ရှိသော်။ အာဟာရကိစ္စံ၊ ကို။ န ကရောတိ၊ မပြု။ တသ္မာ၊ ကြောင့်။ အာဟာရောတိ၊ ဟူ၍သာလျှင်။ အဝတွာ၊ သာမညအားဖြင့် မဟောမူ၍။ ကဗဠီကာရော အာဟာရောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

မေး။ ။ဩဇာသည် စတုဇရုပ်အား ဇနက ဥပတ္ထမ္ဘကသတ္တိ နှစ်ပါး ဖြင့် ကျေးဇူးပြုရာ၊ အဘယ်ရုပ်အား အဘယ်သတ္တိဖြင့် ကျေးဇူးပြုသနည်း။

ဖြေ။ ။ဗဟိဒ္ဓသန္တာန်၌ ဥတုဇဩဇာသည် အာဟာရဇရုပ်အား ဇနက၊ ကြွင်းသော တိဇရုပ်အား ဥပတ္ထမ္ဘက။ တိဇဩဇာသည် စတုသမုဋ္ဌာနိက ရုပ်

အား ဥပတ္ထမ္ဘက။ (တနည်း) ကလာပ်တူ ရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အာဟာရပစ္စယေ ဣမဿ ကာယဿာတိ ဣမဿိံ စတုသန္တတိဝသေန ပဝတ္တေ စာတုမဟာဘူတိကကာယေ အာဟာရသမုဋ္ဌာနဿ ဇနကဝသေန၊ သေသဿ ဥပတ္ထမ္ဘကဝသေန အာဟာရပစ္စယေန ပစ္စယော။ ။**ပဋ္ဌာန်းအဋ္ဌကထာ-၄၄၉**။

အာဟာရပစ္စယေ၊ ၌။ ဣမဿ ကာယဿာတိ၊ ကား။ စတုသန္တတိဝသေန၊ လေးပါးသော ရုပ်အစဉ်တို့၏ အစွမ်းဖြင့်။ ဝါ၊ လေးပါးသော အကြောင်းအစဉ် အစွမ်းဖြင့်။ ပဝတ္တေ၊ သော။ ဣမဿိံ စာတုမဟာဘူတိကကာယေ၊ ဤလေးပါးသော မဟာဘုတ်ကို မှီ၍ဖြစ်သော ရူပကာယတွင်။ အာဟာရသမုဋ္ဌာနဿ၊ အာဟာရကြောင့် ဖြစ်သော ရူပကာယအား။ ဇနကဝသေန၊ ဖြစ်စေသည်၏ အစွမ်းဖြင့်။သေသဿ၊ အာဟာရသမုဋ္ဌာန်မှကြွင်းသော သုံးပါးသောအကြောင်း . ကြောင့်ဖြစ်သော ရူပကာယအား။ ဥပတ္ထမ္ဘကဝသေန၊ တောက်ပံ့သည်၏အစွမ်းဖြင့်။ အာဟာရပစ္စယေန၊ ဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

---

## ဣန္ဒြိယပစ္စည်း

**မေး**။ ။ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေတို့သည်ဣန္ဒြေပင်ဖြစ်လျက် အဘယ်ကြောင့် ဣန္ဒြိယပစ္စည်းမတပ်သနည်း။

**ဖြေ**။ ။ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ တို့ကား ကလလအခါ စသည်တို့၌ရှိကုန်သော်လည်း ဣတ္ထိလိင်,ပုရိသလိင်စသည်တို့ မရှိသောကြောင့် ဣန္ဒြိယပစ္စည်းမတပ်ပါ။

ဣတ္ထိန္ဒြိယပုရိသိန္ဒြိယာနိ ဟိ ကိဉ္စာပိ ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ ဗီဇဘူတာနိ။ ကလလာဒိကာလေ ပန ဝိဇ္ဇမာနေသုပိ တေသု ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ အဘာဝါ တာနိ နေဝ တေသံ၊နအညေသံ ဣန္ဒြိယပစ္စယတံ ဖရန္တိ။ ဣန္ဒြိယပစ္စယော ဟိ အတ္တနော ဝိဇ္ဇမာနက္ခဏေ အဝိနိဗ္ဘုတ္တဓမ္မာနံ ဣန္ဒြိယပစ္စယတံ အဖရန္တော နာမ နတ္ထိ။ တသ္မာ တာနိ ဣန္ဒြိယပစ္စယာ န ဟောန္တိ။ ။**ပဋ္ဌာန်းအဋ္ဌကထာ-၃၇၈**။

ဟိ၊ ထိုစကားကို ထင်စွာပြဦးအံ့။ ဣတ္ထိန္ဒြိယပုရိသိန္ဒြိယာနိ၊ တို့သည်။ ဣတ္ထိလိင်္ဂပုရိသလိင်္ဂါဒီနံ၊ ဣတ္ထိလိင် ပုရိသလိင် အစရှိသည်တို့၏။ ဗီဇဘူတာနိ၊ အကြောင်းဖြစ်၍ ဖြစ်ကုန်သည်။ကိဉ္စာပိ ဟောန္တိ၊အကယ်၍ဖြစ်ကုန်၏ရှင့်။ ပန၊ သော်လည်း။ ကလလာဒိကာလေ၊ ကလလရေကြည် ဖြစ်သောအခါ စသည်၌။ တေသု၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည်။ ဝိဇ္ဇမာနေသုပိ၊ ထင်ရှားရှိကုန်သော်

လည်း။ ဣတ္ထိလိင် ပုရိသလိင်ါဒီနံ၊ တို့၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ တာနိ၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည်။ တေသံ၊ ထိုဣတ္ထိလိင် ပုရိသလိင် စသည်ဟိုအား။ ဣန္ဒြိယပစ္စယတ်၊ ဣန္ဒြိယပစ္စည်း၏အဖြစ်ကို။ နေဝ ဖရန္တိ၊ မပြီးစေနိုင်ကုန်သည် သာလျှင်တည်း။ အညေသံ၊ ဣတ္ထိလိင် ပုရိသလိင်မှ တပါးကုန်သော မိမိနှင့် သဟဇာတ်ဖြစ်သော တရားတို့အား။ ဣန္ဒြိယပစ္စယတ်၊ ကို။ န ဖရန္တိ၊ ကုန်။ ဟိ ယသ္မာ၊ ကြောင့်။ ဣန္ဒြိယပစ္စယော၊ သည်။ အတ္တနော ၏။ ဝိဇ္ဇမာနက္ခဏေ၊ ထင်ရှားရှိသော ခဏ၌။ အဝိနိဗ္ဘုတ္တာဓမ္မာနံ၊ အသီးမဝေဘန် အပ်သော ရုပ်နာမ် တရားတို့အား။ ဣန္ဒြိယပစ္စယတ်၊ ကို။ အဖရန္တော နာမ၊ မပြီးစေနိုင်သော မည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ တာနိ၊ တို့သည်။ ဣန္ဒြိယပစ္စယာ၊ တို့သည်။ န ဟောန္တိ၊ ကုန်။

---

## ဈာနပစ္စည်း

မေး။ ။ဒွေပဉ္စဝိညာဏ်တဆယ်၌ သုခ ဒုက္ခ ဥပေက္ခာဝေဒနာ တို့သည် အဘယ်ကြောင့် ဈာနပစ္စည်း မတပ်သနည်း။

ဖြေ။ ။ဒွေပဉ္စဝိညာဏ်တဆယ်၌ သုခ ဒုက္ခ ဥပေက္ခာဝေဒနာ တို့ကား အာရုံသို့ ကပ်၍ ရှုခြင်းသဘောမရှိ။ အာရုံ၌ ကျကာမတ္တသဘောသာ ဖြစ်သော ကြောင့် ဈာနပစ္စည်း မတပ်နိုင်ပါ။

ပဉ္စန္နံ ပန ဝိညာဏကာယာနံ အဘိနိပါတမတ္တတ္တာ တေသု ဝိဇ္ဇ-မာနာနိပိ ဥပေက္ခာသုခဒုက္ခာနိ ဥပနိဇ္ဈာနာကာရဿ အဘာဝတော ဈာနင်္ဂါနီတိ န ဥဒ္ဓဋာနိ။ တတ္ထ ပစ္စိန္နတ္တာ ပန သေသာ ဟေတုကေသုပိ ဈာနင်္ဂံ န ဥဒ္ဓဋမေဝ။ ။ပဋ္ဌာန်းအဋ္ဌကထာ ၃၇၉။

ပန၊ ဆက်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဝိညာဏကာယာနံ၊ ဝိညာဏ်အပေါင်း တို့အား။ အဘိနိပါတမတ္တတ္တာ၊ အာရုံသို့ ရှေးရှုကျခြင်းမျှ ဖြစ်သောကြောင့်။ တေသု၊ ထိုငါးပါးသော ဝိညာဏ်အပေါင်းတို့၌။ ဝိဇ္ဇမာနာပိ၊ ထင်ရှားရှိကုန် သော်လည်း။ ဥပေက္ခာသုခဒုက္ခာနိ၊ ဥပေက္ခာသုခဒုက္ခတို့ကို။ ဥပနိဇ္ဈာန-ကာရဿ၊ အာရုံသို့ကပ်၍ ရှုခြင်း ကြံခြင်းဟူသော အခြင်းအရာ၏။ အဘာဝတော၊ ကြောင့်။ ဈာနင်္ဂါနီတိ၊ ဟူ၍။ န ဥဒ္ဓဋာနိ၊ ထုတ်တော်မမူအပ်ကုန်။ ပန၊ ဆက်။ တတ္ထ၊ ထို ဒွေပဉ္စဝိညာဏ်တဆယ်တို့၌။ ပစ္စိန္နတ္တာ၊ ဈာန်အင်္ဂါကို ထုတ်ခြင်း အစဉ်ပြတ်ပြီးသည်၏ အဖြစ်ကြောင့်။ သေသာဟေတုကေသုပိ၊ ကြွင်းသော အဟိတ်စိတ်တို့၌လည်း။ ဈာနင်္ဂံ၊ ကို။ န ဥဒ္ဓဋမေဝ၊ တည်း။

## မဂ္ဂပစ္စည်း

**မေး။** ။အဟိတ်စိတ်၌ မဂ္ဂင်တို့သည် အဘယ့်ကြောင့် မဂ္ဂပစ္စည်း မတပ်သနည်း။

**ဖြေ။** ။အဟိတ်စိတ်၌ မဂ္ဂင်တို့ကား နောက်လိုက် ဟိတ်ကင်းရကား အားနည်းသောကြောင့် မဂ္ဂပစ္စည်း မတပ်နိုင်ပါ။

မဂ္ဂဿ ပန ဟေတုပစ္စိမကတ္တာ အဟေတုကစိတ္တေသု မဂ္ဂင်္ဂါနိ န ဥဒ္ဓဋ္ဌာနိ။ ။**ပဋ္ဌာန်းအဋ္ဌကထာ- ၃၇၀**။

ပန၊ **ဆက်**။ မဂ္ဂဿ၊ မဂ်၏။ ဟေတုပစ္စိမကတ္တာ၊ ဟိတ်လျှင် နောက်လိုက် ရှိသည်**၏**အဖြစ်ကြောင့်။ **အဟေတုကစိတ္တေသု**၊ တို့၌။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့ကို။ နဥဒ္ဓဋ္ဌာနိ၊ မထုတ်ဆောင်အပ်ကုန်။

[**မှတ်ချက်**....သမ္ပယုတ္တ၌ အထူးမဆို]။

---

## ဝိပ္ပယုတ္တပစ္စည်း

**မေး။** ။ရူပါရုံ စသည်တို့ကို အာရမ္မဏိက နာမ်တရားတို့နှင့် ဝိပ္ပယုတ်ဖြစ်ကုန်လျက် အဘယ်ကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ မဟောသနည်း။

**ဖြေ။** ။ရူပါရုံ စသည်တို့ကား အာရမ္မဏိက နာမ်တရားတို့နှင့် ဝိပ္ပယုတ် ကေန် ဖြစ်ကုန်၏။ သမ္ပယုတ်လောဟု ယုံမှားဘွယ် မရှိသောကြောင့် မဟောအပ်ပါ။

**မေး။** ။စက္ခုဝတ္ထု စသည်တို့နှင့် နာမ်တရားတို့ကို ဝိပ္ပယုတ္တ ပစ္စည်း၌ အဘယ်ကြောင့် ဟောသနည်း။

**ဖြေ။** ။နာမ်တရားတို့ကား စက္ခုစသော ဝတ္ထုတို့ကိုမှီရကား။ ၎င်းဝတ္ထုအတွင်းမှ ထွက်လာ ကုန်သကဲ့သို့ ဖြစ်ကုန်၍ ဝိပ္ပယုတ်လော သမ္ပယုတ်လောဟု ယုံမှားဘွယ် ရှိသောကြောင့် ထိုယုံမှားကို ပယ်လျက် သမ္ပယုတ်မဟုတ်၊ ဝိပ္ပယုတ်ဖြစ်ကြောင်းကို ပြလို၍ ဟောပါသည်။

ရူပါယတနာဒယော ပန အာရမ္မဏဓမ္မာ ကိဉ္စာပိ ဝိပ္ပယုတ္တဓမ္မာ။ ဝိပ္ပယုတ္တပစ္စယာ ပန န ဟောန္တိ။ ကိံ ကာရဏာ၊ သမ္ပယောဂါသင်္ကာယ အဘာဝတော။ အရူပိနော ဟိ ခန္ဓာ စက္ခာဒီနံ ဝတ္ထုနံ အဗ္ဘန္တရတော နိက္ခမန္တာ ဝိယ ဥပ္ပဇ္ဇန္တိ။ တတ္ထ အာသင်္ကာ ဟောတိ ကိန္နုခေါ် ဧတေ ဧတေဟိ သမ္ပယုတ္တာ ဥဒါဟု ဝိပ္ပယုတ္တာတိ။ အာရမ္မဏဓမ္မာ ပန ဝတ္ထု- နိဿယေန ဥပ္ပဇ္ဇမာနာနံ အာရမ္မဏမတ္တာ ဟောန္တီတိ နတ္ထိဟေတု-

သမ္ပယောဂါသက်ာ။ ဣတိ သမ္ပယောဂါသက်ာယ အဘာ၀တော န
တော ၀ိပ္ပယုတ္တပစ္စယာ။ ဟာဒယ၀တ္ထုအာဒိသု ဧ၀ ပနာယံ ၀ိပ္ပယုတ္တ-
ပစ္စယတာ ၀ေဒိတဗ္ဗာ။ ။**ပဋ္ဌာန်းအဋ္ဌကထာ- ၃၈၁**။

ပန၊ ပါး။ ရူပါယတနာဒယော၊ ကုန်သော။ အာရမ္မဏဓမ္မာ၊ အာရုံတရား
တို့သည်။ ၀ိပ္ပယုတ္တဓမ္မာ၊ ၀ိပ္ပယုတ်တရားတို့သည်။ ကိဉ္စာပိ ဟောန္တိ၊ ကုန်၏ ရှင့်။
တထာပိ၊သော်လည်း။၀ိပ္ပယုတ္တပစ္စယာ၊ ၀ိပ္ပယုတ္တပစ္စည်းတို့သည်။ န ဇဟောန္တိ၊ကုန်။
ကိံကာရဏာ၊ ကြောင့်။ ၀ိပ္ပယုတ္တပစ္စယာ၊ တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်
သနည်း။ သမ္ပယောဂါသက်ာယ၊ ယှဉ်ခြင်း၌ တွေးတောယုံမှားခြင်း၏။ အဘာ၀
တော၊ မရှိသည်၏ အဖြစ်ကြောင့်။ ၀ိပ္ပယုတ္တပစ္စယာ၊ တို့သည်။ န ဟောန္တိ၊
ကုန်။ ဟိ။ ချဲ့ဦးအံ့။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ တို့သည်။ စက္ခာဒီနံ၊
စက္ခုအစရှိကုန်သော။ ၀တ္ထူနံ၊တို့၏။ အဗ္ဘန္တရတော၊ အတွင်းမှ။ နိက္ခမန္တာ၀ိယ၊
ထွက်ကုန်သကဲ့သို့။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တတ္ထ၊ ထိုခြောက် ါးသော ၀တ္ထုတို့၌။
အာသက်ာ၊ တွေးတောယုံမှားခြင်းသည်။ ဟောတိ၊ ၏။ ဂါထံ ဟောတိ၊ ကား။
ဧတေ၊ထိုခြောက်ပါးသော၀တ္ထုတို့သည်။ဧတေဟိ၊ထိုနာမက္ခန္ဓာတို့နှင့်။သမ္ပယုတ္တာ
ယှဉ်ကုန်သည်။ ဟောန္တိ ကိန္နုခေါ၊ လော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ၀ိပ္ပယုတ္တာ၊
မယှဉ်ကုန်သည်။ ဟောန္တိ ကိန္နုခေါ၊ လော။ ဣတိ၊ သို့။ အာသက်ာ၊ သည်။
ဟောတိ၊၏။ ပန၊အထူး။ အာရမ္မဏဓမ္မာ၊ တို့သည်။၀တ္ထုနိဿယေန၊စက္ခုစသော
၀တ္ထုဟူသောမှီရာဖြင့်။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သော နာမ်တရားတို့၏။အာရမ္မဏ
မတ္တာ၊ တို့သည်။ ဟောန္တိ၊ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေသု၊ထိုတရားတို့၌။
သမ္ပယောဂါသက်ာ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိသမ္ပယောဂါသက်ာယ၊၏။ အဘာ၀
တော၊ကြောင့်။တော၊ထိုအာရုံတရားတို့သည်။၀ိပ္ပယုတ္တပစ္စယာ၊တို့သည်။န ဟောန္တိ၊
ကုန်။ပန၊စင်စစ်သော်ကား။ဟာဒယ၀တ္ထုအာဒိသု ဧ၀၊ဟာဒယ၀တ္ထုအစရှိသည်တို့၌
သာလျှင်။ အယံ ၀ိပ္ပယုတ္တပစ္စယတာ၊ ဤ၀ိပ္ပယုတ္တပစ္စည်း၏ အဖြစ်ကို။ ၀ေဒိ
တဗ္ဗာ၊၏။

[**မှတ်ချက်**....အတ္ထိပစ္စည်းစသည်တို့၌ အထူးမဆို]။

---

**သဟဇာတ၀ါရ**

**မေး**။ ။ပဋိစ္စ၀ါရနှင့်သဟဇာတ၀ါရသည်အဘယ်သို့ထူးသနည်း။

**ဖြေ**။ ။အထူးမရှိပါ။အချင်းချင်းအနက်ကိုမှတ်ခြင်းငှါဟောပါသည်။

**တနည်း**....သစ္စာလေးပါးကို သိခြင်းငှါထိုက်ကုန်သော ဝေနေယျတို့၏ အလို
အားဖြင့်ရင်း။ ဒေသနာတော်ကို တန်ဆာဆင်ခြင်း၏ အစွမ်းဖြင့်ရင်း။
နိရုတ္တိပဋိသမ္ဘိဒါ အပြားကို သိခြင်း၏ အစွမ်းဖြင့်ရင်း ဟောပါသည်။

အဝသာနေ ပနဿ ပဋိစ္စတ္တံ နာမ သဟဇာတတ္တံ သဟဇာတတ္တံ နာမ
ပဋိစ္စတ္တန္တိ ဣဒံ ဉဘိန္နမ္ပိ တေသံ ဝါရာနံ အတ္ထတော နိန္နာနာကရဏဘာဝ-
ဒဿနတ္ထံ ဝုတ္တံ၊အတ္ထတော ဟိ တေ ဒွေပိ နိန္နာနာကရဏာ။ဝေံ သန္တေပိ
အညမညဿ အတ္ထနိယာမနတ္ထံ ဝုတ္တာ။ စက္ခုဉ္စ ပဋိစ္စ ရူပေစာတိအာဒီသု
ဟိ သဟဇာတာပိ ပဋိစ္စ ဉပ္ပဇ္ဇတီတိ ဝုစ္စတိ သဟဇာတမ္ပိ စ ဉပါဒါရူပံ
ဘူတရူပဿ ပစ္စယော န ဟောတိ။ ဣတိ ပဋိစ္စဝါရေန သဟဇာတပစ္စယ-
ဘာဝံ သဟဇာတဝါရေန စ ပဋိစ္စာတိ ဝုတ္တဿ သဟဇာတဘာဝံ
နိယာမေတုံ ဉဘောပေတေ ဝုတ္တာ။ အပိစ တထာ ဗုဇ္ဈနကာနံ အဇ္ဈာ-
သယဝသေန ဒေသနာဝိလာသေန နိရုတ္တိပဋိသမ္ဘိဒါဇာနနဝသေန စာတိ
ဧတေ ဉဘောပိ ဝုတ္တာတိ။ ။**ပဋ္ဌာန်းအဋ္ဌကထာ-၄၂၆**။

ပန၊ ဒါထူး။ အဿ၊ထိုသဟဇာတဝါရ၏။ အဝသာနေ၊ အဆုံး၌။ ပဋိစ္စတ္တံ
**နာမ**။လ။ ပဋိစ္စတ္တန္တိ၊ ဟူသော။ဣဒံ၊ ဤစကားကို။ ဉဘိန္နမ္ပိ၊နှစ်ပါးလည်းဖြစ်
ကုန်သော။ တေသံ ဝါရာနံ၊ ထိုပဋိစ္စဝါရ သဟဇာတဝါရတို့၏။ အတ္ထတော၊
အားဖြင့်။ နိန္နာနာကရဏဘာဝဒဿနတ္ထံ၊ အထူးမရှိသည်၏ အဖြစ်ကိုပြခြင်း
ငှါ။ဝုတ္တံ၊၏။ ဟိ၊မှန်။အတ္ထတော၊ အားဖြင့်။ ဒွေပိ၊ ကုန်သော။ တေ၊ ထိုပဋိစ္စ
ဝါရ သဟဇာတဝါရတို့သည်။ နိန္နာနာကရဏာ၊ အထူးမရှိသည်ကိုပြုကုန်သည်။
ဟောန္တိ၊ ကုန်၏။ ဝေံသန္တေပိ၊ ကုန်သော်လည်း။ အညမညဿ၊ ၏။ အတ္ထ-
**နိယာမနတ္ထံ**၊ အနက်ကိုမှတ်ခြင်းငှါ။ ဝုတ္တာ၊ ကုန်၏။ ဟိ၊ ထင်စွာ။ စက္ခုဉ္စ
ပဋိစ္စ ရူပေ စာတိအာဒီသု၊ တို့၌။ အသဟဇာတမ္ပိ၊ သဟဇာတမဟုတ်သော
စက္ခာယတနရူပါရုံကိုလည်း။ ပဋိစ္စ၊ စွဲ၍။ ဉပ္ပဇ္ဇတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။
သဟဇာတမ္ပိ၊ သဟဇာတဖြစ်သော်လည်း။ ဉပါဒါရူပံ၊ သည်။ ဘူတရူပဿ၊
**အား**။ ပစ္စယော၊ ပဋိစ္စကိစ္စကိုပြီးစေသည်။ န ဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊
ကြောင့်။ ပဋိစ္စဝါရေန၊ ဖြင့်။ သဟဇာတဿ၊ သဟဇာတ်ဖြစ်သော တရား၏။
ပစ္စယဘာဝံ၊ ပဋိစ္စကိစ္စကို ပြီးစေတတ်သော ပစ္စည်းအဖြစ်ကိုရင်း။ သဟဇာတ-
ဝါရေန၊ ဖြင့်။ ပဋိစ္စာတိဝုတ္တဿ၊ ပဋိစ္စဟူ၍ ဟောတော်မူအပ်သော တရား၏။
သဟဇာတဘာဝဥ္စ၊ သဟဇာတ၏ အဖြစ်ကိုရင်း။ နိယာမေတုံ၊ မှတ်ခြင်းငှါ။
ဉဘောပိ၊ ကုန်သော။ ဧတေ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။ အပိစ၊ ကား။ တထာ၊
ထိုသို့သောအခြင်းအရာဖြင့်။ ဗုဇ္ဈနကာနံ၊ သိခြင်းငှါ ထိုက်ကုန်သော ဝေနေယျ
တို့၏။ အဇ္ဈာသယဝသေန စ၊ အလို၏ အစွမ်းဖြင့်ရင်း။ ဒေသနာဝိလာသေန စ၊
ဒေသနာကိုတန်ဆာဆင်ခြင်းဖြင့်ရင်း။ နိရုတ္တိပဋိသမ္ဘိဒါပဘေဒဇာနနဝသေန စ၊

နိရုတ္တိပဋိသမ္ဘိဒါအပြားကိုသိတော်မူခြင်း၏ အစွမ်းဖြင့်ငှင်း။ ဣတိ၊ ဤသို့သော အကြောင်းတို့ဖြင့်။ ဥဘောပိ၊ ကုန်သော။ ဧတေ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။ ဣတိ၊ ဤကားအပြီးတည်း။

---

## ပစ္စယဝါရနှင့် နိဿယဝါရ

**မေး။** ။ပစ္စယဝါရ နိဿယဝါရတို့ကို အဘယ်ကြောင့် ဟောသနည်း။

**ဖြေ။** ။သဟဇာတနိဿယ ပုရေဇာတနိဿယ နှစ်ပါးရကောင်းသည်ကို ရည်၍ ဟောပါသည်။

[**မှတ်ချက်**....ပစ္စယဝါရနှင့် နိဿယဝါရအတူတူပင် ဟောကြောင်းကို ပဋိစ္စဝါရနှင့် သဟဇာတဝါရအတိုင်း သိကြပါကုန်]။

အဝသာနေ ပနဿ ပစ္စယတ္တံ နာမ နိဿယတ္တံ နိဿယတ္တံ နာမ ပစ္စယတ္တန္တိ ဣဒံ ဉဘိန္နမ္ပိ ဧတေသံ ဝါရာနံ အတ္ထတော နိန္နာနာ-ကရဏဘာဝဒဿနတ္ထံ ဝုတ္တံ၊ အတ္ထတော ဟိ ဧတေပိ ပဋိစ္စ သဟဇာတာ ဝိယ နိန္နာနာကရဏာ။ ဝေါဟာရေပိ အညမညဿ အတ္ထနိယာမနတ္ထံ ဝုတ္တာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိအာဒီသု ဟိ အနိဿာယ ဝတ္တမာနံ နာနာက္ခဏိကမ္ပိ ပစ္စယာ ဥပ္ပဇ္ဇတီတိ ဝုတ္တံ၊ အညမညံ အလ္လီယိတွာ ဌိတ-ကဋ္ဌာဒီသု စ ကောစိ ကေဿ နိဿယပစ္စယော နဟောတိ၊ တထာ ဥပါဒါ-ရူပံ မဟာဘူတဿ နိဿယပစ္စယော န ဟောတိယေဝ၊ ဣတိ ပစ္စယ-ဝါရေန နိဿယပစ္စယဘာဝံ နိဿယဝါရေန စ ပစ္စယာတိဝုတ္တဿ သဟ-ဇာတပုရေဇာတဘာဝံ နိယာမေတုံ ဥဘောပေတေ ဝုတ္တာ။ အပိစ။ပ။ ဧတေ ဥဘောပိ ဝုတ္တာတိ။ ။**ပဋ္ဌာန်းအဋ္ဌကထာ-၄၃၁။**

ပန၊ အထူး။ အဿ၊ ထိုနိဿယဝါရ၏။ အဝသာနေ၊ ၌။ ပစ္စယတ္တံ နာမ။ပ" ပစ္စယတ္တန္တိ၊ ဟူ၍။ပ။ ဥဘောပိ၊ ကုန်သော။ ဧတေ၊ ထိုပစ္စယဝါရ နိဿ... တို့ကို။ ဝုတ္တာ၊ ကုန်၏။ ဣတိ၊ အပြီးတည်း။ ။(အကြွင်းအနက်လ...)။

[သမ္ပယုတ္တဝါရနှင့် သံသဋ္ဌဝါရလည်း အတူတူပင်။ ၎င်းတို့ ...ကြောင်းကို ယခင်နည်းအတိုင်း သိကြပါကုန်]။

ပဌမကျော် ဦးကြီးဖေတိ၊ ရာဇဒတ္တိ... ...နာ။
ရစိတာ အနုဂဏ္ဌောသာ၊ ခ,ခ,ဓေ...မှ နိဋ္ဌိတာ။
ပဋ္ဌာန်းအန...ပြီး၏။

---

ပ-မ-သ-စ—၁၈၀—၃၀-၆-၇၃—၂၀၀၀ (လစ်သို)

# အလိမ္မာ စာမှာရှိသည်
# လူတော်လူကောင်းဖြစ်အောင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့မှ

မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ

ပိဋကတ်ပါဠိတော် ၅၂-ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ

## မြန်မာပြန်ကျမ်းများ

| | | | |
|---|---|---|---|
| ၁။ ဒီဃနိကာယ် (သုတ္တန်) | ပါ၊ ဒု၊ တ | (၃-ကျမ်း) | ၃-အုပ် |
| ၂။ မဇ္ဈိမနိကာယ် (သုတ္တန်) | ။ | (၃-ကျမ်း) | ၃-အုပ် |
| ၃။ သံယုတ္တနိကာယ် (သုတ္တန်) | ။ | (၅-ကျမ်း) | ၃-အုပ် |
| ၄။ အင်္ဂုတ္တရနိကာယ် (သုတ္တန်) | ။ | (၁၁-ကျမ်း) | ၃-အုပ် |
| ၅။ ခုဒ္ဒကနိကာယ် (ကျမ်း-၃၀) မှ | | ဝိနည်း (၅-ကျမ်း) | ၅-အုပ် |
| | | အဘိဓမ္မာ (၄-ကျမ်း) | ၅-အုပ် |
| | | အခြားသုတ္တန် (၁၄-ကျမ်း) | ၇-အုပ် |

**တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီး**

၇-တွဲ ထွက်ပြီ

**မဟာဗုဒ္ဓဝင်**

ပဌမတွဲမှ ဆဋ္ဌမတွဲအထိ ၆-တွဲ ၈-အုပ် အပြည့်အစုံ ထွက်ပြီ။